www.burmeseclassic.com

# လရောင်ကျေးရှင်

ဇ္ဇသိတ်အညွန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

[redacted] ပြိုကွဲရေး ဒို့အရေး
[redacted] ညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
[redacted] တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
[redacted]ဖွားအားလုံး၏ ဝတ္တရားကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် |
| | | အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၁၃ ခုနှစ်၊ မတ်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရှင်
ချွေသိတ်အညွှန်း လရောင်ကျူးရှင်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၃၉၂– စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ချွေသိတ်အညွှန်း




## အခန်း (၁)

BURMESE CLASSIC .com

"စိတ်မရှိပါနဲ့ရှင် .. လူနာက မတွေ့ချင်ဘူးဆိုတော့ .. ကျွန်မတို့လည်း မတတ်နိုင်ပါဘူး"

"ဟား!..."

ချာန်း စိတ်ညစ်သွားမိသည်။ ရှုံ့မဲ့သွားသည့်မျက်နှာကို နဖူးပွတ်ဆိုက် .. ပါးကုတ်လိုက်နှင့် ချက်ချင်းပဲ နာရီ ငုံ့ကြည့်မိပြန်၏။

"ကျွတ်!..."

'ဒီနေ့လွဲလို့ မဖြစ်ဘူး' လို့ တစ်ယောက်တည်း ရေရွတ်ရင်း နောက်ဆပ် စိတ်ပျက်သံဖြစ်ရင်း အနားမှာရှိသည့် ထိုင်ခုံမှာပဲ နွမ်းလျစွာ ထိုင်ချဆိုက်မိ၏။

သူ့အဖြစ်က ဝါသနာကိုလည်း မစွန့်လွှတ်နိုင် ..၊ ဇနီးကိုလည်း ခံထားရက် ...။

ဆောင်း ကို သူ ချစ်သည်။ ဒါပေမယ့် ဝါသနာပါသည့် အနုပညာကိုလည်း ဆထက်ထမ်းပိုး ကြိုးစားချင်၏။ ဒါတွေကို ဘယ်လိုလုပ်ရမလဲ...။

ဒီလောက်ထိ ဖြစ်လာမည်လို့ ဘယ်တုန်းကမှ တွေးမထားခဲ့သည့် အခြေအနေက နှစ်ခုထဲက တစ်ခုကိုပဲ ရွေးချယ်ဖို့ ခိုင်းစေလာခဲ့ပြီဖြစ်ရာ...



www.burmeseclassic.com

www.burmeseclassic.com



"သား .."

"ချာန်း ရေ .. မင်းညီမ သတိရပြီလား .."

လှေကားထိပ်ကနေ ဒီဘက်ကို ခပ်သော့သော့ခြေလှမ်းတို့ဖြင့် လာနေကြသည့် မာမီရယ် .. ဆောင်း ရဲ့အဒေါ်ရယ် ..၊ ပြီးတော့ လိုအပ်သော စားစရာနဲ့ ပစ္စည်းတွေပါသည့် ဆွဲခြင်းနှစ်လုံးနှင့် အိမ်က အကူမိန်းကလေးနှစ်ယောက် လိုက်နေရရှာတာ အမောတကော ..။

ဆောင်း မှာ အမေ မရှိတော့ပါ။ ဒါပေမယ့် ဆောင်း ရဲ့အမေနဲ့ရော အဒေါ်ကပါ မာမီနဲ့ ငယ်သူငယ်ချင်းတွေ ဖြစ်ကြသည်။ ထို့အတူ –

ဆောင်း နဲ့ သူကလည်း သူငယ်ချင်းတွေ ဆက်လက်ဖြစ်တည်ပြီး မှ လက်ထပ်ခဲ့ကြတာမို့ လူကြီးတွေ ပါးစပ်ထဲမှာ 'မင်းညီမ်လေး – သမီးရဲ့အစ်ကို' ဆိုတာတွေလည်း ဆက်လက် တည်တံ့နေဆဲရှိကာ –

"မျက်နှာကြီးကလည်း သုန်မှုန်လို့ပါလား..၊ ပြောပါဦး.. အောက်မှာ မေးတော့ သတိရနေပြီဆို ..၊ အကြီးအကျယ် ထိခိုက်မှု မရှိဘူးဆို.."

"မရှိပေမယ့် .. လုံး၀ အတွေ့မခံဘူး"

"ဟင်!..."

"သမီးကတော့ လုပ်ပြီကွယ် .."

အမေနှစ်ယောက်၏ ညည်းတွားသံကို အထဲမှာ ငုတ်တုတ်လေး ထိုင်နေသည့် ဆောင်း ဒီတိုင်း ကြားနေရသည်။ ခုချိန်မှာ သူမ ချာန်း ကိုရော .. တီလေးတို့ကိုရော ဘယ်သူနဲ့မှ မတွေ့ချင် ..။

ရင်ဆိုင်ခဲ့ရသမျှ ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်ရပ်တွေတိုင်းမှာ ကိုယ် ဘာပြောပြော ဘယ်သူ အလေးထားခဲ့သလဲ ..။

ကိုယ့်အတွက် ဘယ်သူ စဉ်းစားပေးခဲ့သလဲ ..၊ နာကျင်ရဆုံးဟာ ချာန်း ရဲ့လှောင်ရယ်နေတတ်သည့် မျက်နှာစပ်ဖြဲဖြဲကြီးပဲ ဖြစ်သည်။

ထုတ်လုပ်သူ ရုပ်ရှင်ဗီဒီယိုဒါရိုက်တာ 'ချာန်း' ..၊

ကျောင်းသားလေးတည်းက ချာန်း ဆိုသည့်နာမည်နှင့် ပေါ်ပြူလာ





ဖြစ်ခဲ့သလောက် အင်ဂျင်နီယာဘွဲ့ရဖြစ်ပြီး အနုပညာမျိုးရိုးလည်း မဟုတ်ခဲ့ဘဲ သူ့ကျမှ နာမည်ကျော် ဒါရိုက်တာ ဖြစ်လာခဲ့သည်။

ချောချောမောမော လူငယ်ဒါရိုက်တာမို့ ဂုဏ်သတင်းက ကျယ်ပြန့်သည်။ လူကလည်း သဘောကောင်း မနောကောင်းလေးဆိုတော့ မင်းသမီးတွေ .. မော်ဒယ်လ်လှလှလေးတွေလည်း ဝိုင်းဝိုင်းလည်ပါ။

'ဒါပေါ့ .. ရှင်ကြီး က သဘောကောင်း မနောကောင်းလေးကိုး..၊ ချစ်ကြရှာတာပေါ့' လို့များ ဆောင်း က ထေ့ငေါ့ပြောမိလျှင် သူ့မှာ သဘောကျလွန်းလို့ ဖြဲထားသည့်ပါးစပ်ကြီးက မစေ့ချင် ..၊ ကျောင်းမှာ တည်းက ချာန်း က ချစ်သူ ဝိုင်းဝိုင်းလည် ..။

သူကတော့ တွဲမှာပဲ ကဲမှာပဲဆိုတာမျိုး မဟုတ်ပါ။ ဒါပေမယ့် တွဲနေတာထက် ကြည့်ရဆိုးသည်။

"နေပါဦး .. ချောချောလှလှ မိန်းကလေးမှန်သမျှ လာထားချည်းပဲလား .."

လို့ စိတ်တိုလွန်းလို့ မေးခဲ့ဖူးသေးသည်။ ချာန်း က ဘာပြောပြော လှမ်းထားသည့်ခြေလှမ်းကို ဘယ်တော့မှ ရုပ်ဖို့ စိတ်မကူးခဲ့သူပါ။

"ရိုးရိုးသားသား ခင်ကြတာတွေကွာ ..၊ သူတို့က ကူညီပေးပါ၊ ဒါလေးတော့ ကျေးဇူးပါနဲ့ ပြောလာတာကို မင်းပဲ အမြင်ကပ်နေတာ ဘယ်လိုလုပ်ပေးရမလဲ" တဲ့ ..။

ဘယ်သူနဲ့တွဲလွန်းသည်လို့ ပြောရခက်လောက်အောင် မိန်းကလေးတွေ အကူအညီတောင်းနည်းမျိုးစုံကို ထောင့်စေ့အောင် ကူညီပေးဖို့ အသင့်ဖြစ်နေတာလည်း ချာန်း ပဲ ဖြစ်၏။

တစ်ခုရှိတာက ချာန်း ဘယ်လိုနေနေ .. ဘာတွေလုပ်လုပ် တီလေး ဆီ့ ဘယ်တုန်းကမှ မကောင်းပြောခဲ့တာ မရှိသလို၊ မကောင်းမြင်ခဲ့ဖူးတာလည်း မရှိ ..။

"ချာန်း က အားနာတတ်တယ်၊ အစအနောက် သန်တယ်.. သမီး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



က တလေးဆန်တော့ နှစ်ယောက်စလုံး ချစ်ဖို့ကောင်းတာပေါ့" လို့ ပြောခဲ့တာလည်း တကယ့်ကို ချစ်စနိုးအပြုံးတွေနှင့် ...။

အားလုံးဟာ ဟိုအရင်တုန်း အချိန်ကတော့ ပျော်စရာများထဲမှာ ပေါ့ပါးစွာ ဖြတ်သန်းကျန်ရစ်ခဲ့သည့် နေ့စွဲတွေပါ ...။

နောက်ပိုင်းမှာ ဆောင်း ခံစားလာရသမျှ အုံ့ဖွဲ့ ပူလောင်ခြင်းတွေကျတော့ ချစ်စနိုး နားလည်ပေးမယ့်လူလည်း မရှိ ...၊ ဂရုစိုက် အားပေးမယ့် တိုးတိုးဖော်ဆိုတာလည်း တစ်ယောက်တလေမှ မရှိခဲ့ပေ ...။

ငှက်တုတ်လေးကနေ ခုတင်ပေါ်မှာ အသာလေး ပြန်လှဲလိုက်ရင်း ခေါင်းအုံးအစွန်းကို နာကြည်းစွာ ဖိညှစ် ဆုပ်ချေလိုက်မိသည်။

အပျော်လွန်ရင် ငိုရတတ်တယ်ဆိုတာ ဒါမျိုးလား ...၊ ဒါမှမဟုတ် အစမကောင်းလို့ အနှောင်း မသေချာခဲ့တာလား ...။

ရျာန်း နဲ့ ဆောင်း သူငယ်ချင်းမက ချစ်သူမကျ အခြေအနေတွေမှာပဲ လက်ထပ်ဖြစ်ခဲ့ကြသည်။

စူးနင့်ခိုင်မြဲသော သစ္စာပန်းကွက်တွေ စိုက်ထူ ကတိပြုကြဖို့ထိလည်း ကြင်နာရမှန်း မသိကြတော့ ဆောင်း က နည်းနည်း တားဆီး မေးမြန်းမိပြီဆို ...

"ကိုယ်ထင်ရာ ကိုယ်လုပ်.. မချုပ်ချယ်ကြေး" လို့ ရျာန်း က မရှိ မချဉ်မျက်နှာနှင့် ကန့်သတ်၏။

ဒီတိုင်းနေလာခဲ့ကြတော့ တစ်ယောက်ရင်ထဲကို တစ်ယောက်က မြင်နိုင်အောင်ကြည့်ဖို့ထိ စိတ်မဝင်စားခဲ့ကြတာ ဘယ်သူ့အပြစ်လဲ ...

ဆောင်း နှုတ်ခမ်းသားလေးတွေ ဆတ်ဆတ်တုန်ရင်း မျက်ရည်ပူ တွေ တလိမ့်လိမ့် ဆင်းလာသည်။ ထို့နောက် မျက်ရည်တို့သည် ဆံဝင် တွေထဲကိုမဟုတ်ဘဲ ဖြူနုသည့် ခေါင်းအုံးထက်သို့ တိုက်ရိုက် သက် ဆင်းလေသည်။

မိန်းကလေးတွေနဲ့ ရှုပ်နေသည်လို့ ထင်လောက်စရာ ပေါ်ပြူလာ





ဖြစ်နေတာတွေက ဆောင်း အတွက် ပြဿနာကြီးတစ်ခု မဟုတ်ပါ။ ငယ်ငယ်တည်းက အတူဆော့ ကြီးပြင်းလာခဲ့တဲ့ သူငယ်ချင်းမို့ ရျာန်း စည်းကမ်းရှိတယ်ဆိုတာ သူမ ယုံကြည်သည်။

အမြင်မတော်လို့ ခဏခဏ ပြောမိရင်း ရန်ဖြစ်နေရတတ်ပေမယ့် သူနဲ့ ဆောင်း လင်မယား ရန်ဖြစ်နေကြတာနဲ့လည်း မတူ၊ ဘယ်သူမှာ မှလည်း ကြီးမားသည့်ဒေါသ မပါကြပေ ...။

တကယ် ကြီးမားသည့် ဆောင်း အတွက် နာကြည်းစရာတွေဟာ ရျာန်း လုပ်နေတဲ့အလုပ် ...၊

"ဒါရိုက်တာ လုပ်ချင်ရင်လည်း သူများနည်းတူ ကားတွေပဲ ရိုက်ပါလား၊ ရှင် အခု လုပ်နေတာတွေက စုန်းတွေ၊ ကဝေတွေ၊ သရဲတစ္ဆေတွေ.."

"ပြောပြန်ပြီကွာ .. သူများနည်းတူလုပ်ရင် ငါ ဘယ်လိုလုပ် ထွင်းဖောက် အောင်မြင်လာမှာလဲ ...၊ လူဆိုတာ ကိုယ်ကျွမ်းကျင်ပိုင်နိုင်တာ ဘယ်ပညာမဆို အဲဒါကို သူမတူအောင် လုပ်ပြနိုင်ရတယ်၊ ဒါမှ သူမတူ တဲ့အောင်မြင်မှုကို ရတာ .."

"အောင်မြင်ချင်တယ်ဆိုတာ ငွေကြောင့်ပဲ ရျာန်း ရဲ့ .. ရှင့်အတွက် အဲဒီလောက် လိုအပ်နေလို့လား .."

ဖြစ်ကြပြီဆို ဝါသနာတွေ၊ အနစ်နာတွေ စုံအောင် ပါလာပြီး ရျာန်း က အနိုင်နဲ့ပိုင်းသည်။ ဆောင်း အမြဲတမ်းပဲ မျက်ရည်ဝဲ့လျက် ကျန်ရစ်၏။

ဒါတွေကိုမှ မနှစ်သက်စွာ တားမြစ်နေရတာက ဆောင်း အရမ်း ကြောက်တတ်လို့ပါ။ အစတုန်းကတော့ ကြောက်နေတာကို ကြောက် လို့ပါလို့ မပြောချင်သဖြင့် ရန်ဖြစ်ရတဲ့အထိ တားဆီးနေမိပေမယ့် မျို သိပ်ခဲ့ရသည်။

ဘယ်လိုမှ မျိုသိပ်မရအောင် သွေးပျက်ခဲ့ရတဲ့ ညတွေကို ဆန္ဒ ဆူးချင်လာတော့ ရျာန်း ကို ဝန်ခံရင်း တောင်းပန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း ကြောက်လို့ပါ ဈာန်း ရယ်.. နော် ...၊ အဲဒါတွေ မလုပ်ပါနဲ့တော့ .. ရှင် လုပ်နေတာတွေက သူများတွေလို မဟုတ်ဘူး၊ အလုပ်လုပ်ဖို့အတွက် ရှင် ပြင်ဆင်နေသမျှ အဲဒါတွေက ဆောင်း ဆီကို တကယ် လာတာ .."

"ဟုတ်လား .. အဲဒီတကယ်တွေကိုသာ ရိုက်ယူထားနိုင်ရင် ဈာန်းတို့ ဟောလီးဝုဒ်ထိ ဝင်တိုးလို့ ရပြီ .."

ရယ်ချလိုက်ပြီး ပြောသည့်စကားတွေဟာ အားကိုးမဲ့စွာ ပူလောင်သွားခဲ့သည့် ဆောင်း ရဲ့ရင်ထဲကို နောက်ထပ် နေဆယ်စင်း အပြိုင်လင်းနိုင်းလိုက်တဲ့အတိုင်း ...၊

တစ်ယောက်တည်း အင့်ခနဲ ရှိုက်ငိုရင်း မျက်လုံးတွေကို မှိတ်လိုက်သည်။ တံခါးအပြင်မှာ အထဲဝင်ခွင့်မရလို့ တီလေးတို့ ယောက်ယက်ခတ်နေကြသည့် စကားသံတွေကို ကြားနေရသည်။

ဈာန်း ရဲ့အသံကို တစ်ချက်တစ်ချက် တံခါးထုသံ ခပ်မွှမွှနှင့် တွဲလျက် ကြားရသေးသည်။

တော်ပါပြီ ဈာန်း ...၊

အချစ်မသိခဲ့ပေမယ့် အပြစ်တော့ ဆောင်း သိခဲ့ပါပြီ ...။

အဲဒါ ရှင်နဲ့ကျွန်မ အချစ်မရှိဘဲ လက်ထပ်မိလို့ မှားခဲ့တဲ့အပြစ်ပဲ။ ကိုယ့်ကို နားလည်မှုမပေးနိုင်ခဲ့တဲ့ ရှင့်ကို ဆောင်း ဘယ်တော့မှ ပြန်လက်ခံဖို့ မကြိုးစားဘူး ...၊

မြင်လွှာတွေကို မှိတ်၍ ရှိုက်ငိုနေမိသည်။ ဒါပေမယ့် အာရုံထဲမှာတော့ အားလုံးကို ပြန်လည် မြင်ယောင်နေခဲ့လေသည်။

အေးတချို့ .. ပူတချို့နှင့် ဖြတ်သန်းရင်း အရည်ပျော်မတတ် လောင်မြိုက်လာခဲ့သော နေ့ရက်ရှည်တို့၏ ဟိုးအစက ...၊





# အခန်း (၂)

"မွေးနေ့ရှင်က အထဲမှာ သမီးရေ .. သူ့ပွဲကို စိတ်ဝင်စားလွန်းလို့ ထွက်ကိုလာတာ မတွေ့ဘူး ...၊ သမီး သွားလေ .."

"ဟုတ် .."

ကိုယ်ကတော့ မွေးနေ့အတွက် ပြင်ဆင်နေရင်း ဒီညတော့ ဈာန်း ညဥ့်နက်အောင် နေရတော့မှာလို့ တွက်ကာ လက်ဖက်ကို သူ့အကြိုက် ချဉ်ချဉ်စပ်စပ်လေး သုတ်ခိုင်းပြီး ယူလာခဲ့ရသည်။

လက်စသတ်တော့ လူကြီးတွေပဲ ပင်ပန်းနေရတာပါလား ...၊

တွေ့တာနဲ့ ပြောချလိုက်ဖို့ ပါးစပ်ပြင်လာပေမယ့် ဧည့်ခန်းထဲမှာ ဘွားခနဲ မြင်လိုက်ရသည့် တီဗွီဖန်သားပြင်ပေါ်က ပုံရိပ်တွေကြောင့် ...၊

"အမလေး!..."

"ခွမ်း .."

ကျောခိုင်းထားနေသည့် ဈာန်း ထခုန်မတတ် ဖြစ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ .."

ပြူးပြူးပြဲပြဲလေး တောင့်မတ်နေသည့် ဆောင်း နှင့် ကြမ်းပြင်ပေါ်မှာ ကျကွဲ ဖိတ်စင်နေတာတွေကို မြင်မှ ကိုင်ထားသည့် ရီမုတ်ထိန်းနှင့် တီဗွီကိုပိတ်၍ ...

"သရဲကား ကြည့်နေတာ မြင်လို့မို့လား .. ဘာမှန်း မသိဘူး"

စိုးရိမ်သွားသည့်မျက်နှာမှာ စိတ်မရှည်ပုံတွေ ချက်ချင်းဖြစ်လျက်...

"တမင်ကြောက်အောင် လုပ်ပြနေတာကို သိရဲ့သားနဲ့ .."

ပွစိပွစိ ရေရွတ်ရင်း ပြန်ထိုင်၏။

"ဘာဖြစ်တာလဲ သမီး .."

ထမင်းချက် ဒေါ်ညို က ကမန်းကတန်း ထွက်လာ၏။ ထိုအခါကျမှ ဆောင်း ပြောဖော်ရသွားကာ ...

"ဒီမှာလေ .. အရှင်လတ်လတ် သရဲဖြစ်မယ့်ပုဂ္ဂိုလ် .."

"အမ်မာ .."

"ဘာ အံမာလဲ ..၊ မြင်လိုက်ရရင် နင့်မှာ ဒါတွေပဲ၊ တမင်ကြောက်အောင် လုပ်ပြနေမှန်းသိရင် နင်ရော ငပေါအဖြစ်ခံပြီး ဘာလို့ထိုင်ကြည့်နေလဲ .."

"ကြည့်စရာမို့ ကြည့်တာ .. ငပေါ ဖြစ်စရာလား .."

တီဗွီကိုပြန်ဖွင့်ရင်း လှည့်မကြည့်ဘဲ ဈာန် က ရန်ဆက်ဖြစ်သည်။

"ရတယ် .. သမီး သွားထိုင် .. သွား .."

ဖိတ်စင်ကွဲရှနေတာတွေကို ဒေါ်ညို ရှင်းလင်းနေတော့ ဆောင်း ဝင်ပါမလို့ ပြင်သည်။ ပြီးမှ ဈာန်း ရှိရာ ဆိုးဆိုးဆတ်ဆတ် သွား၍ ရီမုတ်ထိန်းကို ဆွဲယူလိုက်ပြီး ပိတ်ပစ်၏။

"မကြည့်နဲ့တော့ .."

"ဟာ!... ကြည့်စမ်း .."

"မကြည့်ချင်ဘူး"





"နင့်ကို ကြည့်ခိုင်းနေတာ မဟုတ်ဘူး၊ ပြန်ပေး ရီမုတ်ထိန်း .."

ဈာန်း က ဖျတ်ခနဲ ထရပ်ပြီး ရီမုတ်ထိန်းကို ပြန်လုသည်။ လုလို့မရတော့ တီဗွီဆီ လျှောက်သွားလျှင် ...

"မဖွင့်ရဘူးဆိုမှ .."

"ဆောင်း .."

ရီမုတ်ထိန်းနဲ့ပဲ ချန်နယ်တွေ ရွှေ့ပစ်လိုက်ပြီး အောက်စက်ကြည့်မရအောင် ဆောင်း က လုပ်ပစ်၏။

"နင် တော်တော် ညစ်ပါလား .."

"ညစ်မလို့ မဟုတ်ဘူး .. ငါက ကူညီဖို့လာတာ .."

"ဘာ!..."

"ဖြုန်းခနဲ .. ဘွားခနဲ မြင်လိုက်ရင် လန့်သွားတတ်တာပဲ ရှိတာနော် ..၊ ငါ ဒီလောက် အသည်းမငယ်ဘူး၊ အခုက ဗီဒီယိုကြည့်နေရမယ့်အချိန်မှ မဟုတ်တာ၊ အပြင်မှာ လူကြီးတွေက အလုပ်လုပ်လို့ .."

"အဲ့ဒါ ဘာဖြစ်လဲ .."

"သွားကူရမယ်လေ .. နင့်အတွက် အမောပြေ .. အိပ်ချင်ပြေအောင် ငါက လက်ဖက်သုပ် လာပို့တာ .."

"အခု မရှိတော့ဘူးမို့လား .. ပါးစပ်ကလည်း မကြောက်ပါဘူးပြောနေတယ်၊ ဘောင်းဘီမှာ အီးပေလို့ဆိုတာ နင်ပဲ .."

"ဘာ!... ပြောတယ်"

"ဟုတ်တယ်လေ.. ကြောက်ချေးပါနေတာ၊ ကိုင်ထားတဲ့ ပန်းကန်အောင် လွှတ်ကျရတယ်လို့ .."

"ဖြန်းခနဲဆို လန့်တတ်တယ်လို့ ငါ ဝန်ခံသားပဲ"

"ဖြန်းခနဲဆို လန့်တယ် .. အကြာကြီးဆို အသက်ပါထွက်မှာ..ပြည့်စုံအောင် ပြော .."

ဆောင်း နှုတ်ခမ်းလေး စူသွားသည်။ ဈာန်း က ပခုံးတွန့်ပြီးရင်း



www.burmeseclassic.com

www.burmeseclassic.com



လှောင်၏။

ချာန်း နဲ့ ဆောင်း ဒီတိုင်းပဲ ဖြစ်သည်။ ဝုန်းဒိုင်းကြဲဖြစ်တော့မလို စကားတွေများပြီး ငြင်းခုံကြသည်။

ပြီးတော့လည်း ဘာမှဟုတ်တာ မဟုတ် ..။

ဘာမှမဟုတ်သည့်ထဲမှာ အမြဲတမ်း အနိုင်နဲ့ပိုင်းတတ်သည့် ချာန်း ၏ ရယ်သံတွေကို ဥပေက္ခာထားနေခဲ့ရတာလည်း ဆောင်း ရဲ့ဒုက္ခတစ်ခု ပဲ ဖြစ်သည်။

"ငါ့ကို ဘာလက်ဆောင်ပေးမှာလဲ .."

"ဘာလက်ဆောင် ပေးရ ပေးရ .. စေတနာ လုံးဝ မပါမှာတော့ သေချာတယ်"

"စေတနာက ဝါးစားလို့ မရပါဘူး .."

"နင်က ဝါးစားချင်တာလား"

"ဆောင်း .."

"ဘာလဲ .."

"ငါ နင်နဲ့ ရန်မဖြစ်ချင်ဘူး"

"ငါကတော့ ဖြစ်ချင်တယ် .."

"အဲဒီ ငါဆိုတာကြီးကို ပြင်ဖို့ ကောင်းနေပြီ၊ ငါ နင့်ထက် သုံးလ ကြီးတယ် .."

"ဟွန်း .."

ဆောင်း က ဘောင်းဘီခါးစပ်မှာ လက်'မ'လေးနှစ်ဖက် ချိတ်၍ ချာန်း နဲ့ပခုံးချင်းထိအောင် ဘေးတိုက်ယှဉ်ရပ်သည်။ ပြီးတော့ ပခုံးတွန့်၍ လူကို ခပ်စူးစူးပြန်ကြည့်ကာ ...

"တွေ့လား အတူတူပဲ .."

"နင့် ခေါက်မြင့်ဖိနပ်ကြီး ချွတ်လိုက်စမ်းပါ"

"ဘာလို့ ချွတ်ရမှာလဲ .."





"ဟား .. ဟား .. သေးသေးလေးဆိုတော့ ဘယ်ချွတ်ရဲပါ့မလဲ"

"ဟယ် .. ကြည့်စမ်း .. ခွေးစုတ် .. ခွေးဝဲစား .."

"ဖိနပ်လေ ..၊ ဖိနပ်ချွတ်ခိုင်းနေတာ .. နင် ချွတ်လို့လား .."

ချာန်း က ရှေ့ကပြေးလျှင် ဆောင်း က ပြေးလိုက်ရင်း လမ်းတစ်လျှောက်မှာ လက်နဲ့နီးသမျှ ပစ္စည်းနှင့် ဆွဲယူပစ်ပေါက်သွားတာ ဧည့်ခန်းတစ်ခန်းလုံး ပလူပျံကုန်၏။

"ဟဲ့ .. ဟဲ့ .. ဘာတွေ ဖြစ်ကုန်ကြတာတုံး .. အမလေးနော် ..၊ ရှေ့မှာ ရှင်းလို့မနိုင်သေးဘူး .. ချစ်ဖူး ရေ .. လာပါဦး .. ဒီမှာ .."

ဒေါ်ပပလွင် အသံကြောင့် ဒေါ်ချစ်ဖူး သာမကဘဲ ခြံထဲမှာရှိနေသမျှ ခွေမျိုးတွေရော .. ဝိုင်းကူလုပ်ကိုင်ပေးနေကြသူတွေပါ အထဲထိပြေးလာတဲ့သူက လာ ..၊ ခေါင်းပြူချောင်းတဲ့သူက ချောင်း ..။

ထိုအချိန်မှာ ချာန်း ကို ဖမ်းမိထားပြီဖြစ်ကာ ဆောင်း က ကိုင်ထားသည့် ဧည့်ခန်းမှာ အလှရိုက်ထားသော တယောနဲ့ အကျအနရွယ်ထားလျက် ...

"သမီး ဆောင်း နော် .. မလုပ်နဲ့ ..၊ ခု ချထားလိုက်စမ်း .."

"တီလေး ဘာသိလို့လဲ ..၊ သူများကို မဟုတ်သုတ်ခတွေပြောပြီး ဒေါသထွက်အောင် လုပ်ပြနေတဲ့ မျက်နှာကြီးက .."

"တော်ကီက လန်းသားပဲ .. မဟုတ်သုတ်ခ တဲ့ ..၊ ဟား .. ဟား .. မကြားဖူးဘူး .."

ခေါင်းကို ကာကွယ်နေသည့် လက်နှစ်ဖက်အောက်က ချာန်း မျက်နှာကိုမြင်လျှင် ဒေါ်ပပလွင် စိတ်ညစ်သွားမိ၏။ ဆောင်း ဒေါသဖြစ်နေတာလည်း ဖြစ်ချင်စရာ ..။

ပြီးတော့ ကြည့်နေတုန်းမှာပဲ ဖျတ်ခနဲ လှုပ်ရှားလိုက်သဖြင့် ...

"အား!..."

"ဒုန်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ကြည့်စမ်း .."

လူကို မြွေလိမ်သလို ကပ်ရှောင်ထွက်ကာ ဆောင်း လက်လေးကို အသာလေး ဆွဲလိမ်ချုပ်ပစ်လိုက်လျှင် ဆောင်း ကိုင်ထားသည့် တယော က ကြမ်းပေါ် ဒုန်းခနဲ ..။

ထို့ပြင် ဆောင်း ရဲ့ တစ်ကိုယ်လုံးကို နောက်ကနေ သိမ်းဖက်ထား လိုက်ပြီး ...

"ဘယ်လိုနေလဲ .. အခု .."

"နာနေပြီနော် ရှာန်း ..၊ လွှတ် .. အ!..."

"ခေါင်းက ပန်းနုံ့လေးပါလား .. ဘာခေါင်းလျှော်ရည် သုံးတာ လဲ .."

"ရှာန်း နော် .. နင့်မျက်နှာကြီး ခုနေ ငါ့ရှေ့ လာထိုးရင် ပါးရိုက် ပြီးသားပဲ .."

"ဟား .. ဟား .."

ဒုက္ခပါပဲနော် ..၊

ကိုယ့်သား လုပ်နေပုံကြောင့် ဒေါ်ချစ်ဖူး ကိုရော .. လူတွေ အများ ကြီးရှိနေတာကိုပါ မျက်နှာတွေ ပူနေမိသည်။

ဆောင်း ခါလေးကော့နေအောင် ချုပ်ထားပြီး ပြန်ဖက်ထားသေး သည်။

ပြီးတော့ နောက်ကနေ စကားပြောနေတာ မြင်ရတဲ့လူတွေဆိုက လည်ပင်းကို နမ်းလိုက်သလိုလို .. ပါးကို လေနဲ့မှုတ်နေတာလိုလို ..၊

ဆောင်း ဒေါသဖြစ် ကျိန်ဆဲနေတာ သီသာပေမယ့် စပ်ဖြဲဖြဲ သင်း ရဲ့မျက်နှာက ဘာလဲ ..၊

ကိုယ့်သားကိုပဲ ပြေးရိုက်ချင်တော့သည်။

ဒီအရွယ်နဲ့ ဒီအရွယ် ကလေး ပိစိကွေးတုန်းကလို ဘာပြောပြော ဘယ်လိုနေနေ မသင့်တော်တော့ဘူးဆိုတာကို နားမလည်တာလား ..





ဒါမှမဟုတ် ဆောင်း ကိုများ ဟိုလိုဒီလိုစိတ်တွေနဲ့ ..၊

ဒေါ်ပပလွင် ကိုယ့်အတွေးနဲ့ကိုယ် ခုကျမှ သတိထားလိုက်မိသည့် အဖြစ်အတွက် အထိတ်တလန့် ဖြစ်သွားခဲ့သည်။

လွှယ်လွှယ်လေးကို ဘာဖြစ်လို့များ တွေးပူနေမိတာလဲ ..။

မျက်ဝန်းတို့သည် ဒေါ်ချစ်ဖူး ထံ တန်းရောက်သွားကာ လက်ကို ပါ အသာလှမ်းဆွဲလိုက်ရင်း ...

"လာ .. လိုက်ခဲ့ဦး .."

လူကြီးနှစ်ယောက်က စိတ်တူကိုယ်တူရှိနေကြတာ အစတည်း က ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"မပြီးသေးဘူးလားဟာ .. ကျွတ်!..."

"ခဏလေးပဲ .."

ဆံပင်တွေ ဖွ ..၊ စုတ်သပ်တာ အခါခါဖြစ်ခဲ့ရင်း ရှုံ့မဲ့နေခဲ့သည့် မျက်နှာက ပြန်ပြီး ပြေပြေပြစ်ပြစ် ရှိပါတော့မလားတောင် မသိ ..

စာကျက်လိုက် .. ချရေးလိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ် နေခဲ့တာ ဘေးမှာ ငုတ်တုတ်ထိုင်စောင့်နေရတဲ့သူကို 'ခဏလေး'လို့ ပြောရုံတစ်ခုပဲ တာဝန်ကျေသည်။

ချာန်း ဘယ်လိုမှ စိတ်ရှည်လို့ မရသည့်အဆုံး ..၊

"သွားမယ် .. ထ .."

"ဟာ!..."

"မဟာနဲ့ .. မရတော့ဘူး .. သွားမယ်"

"ချာန်း .."

"ဘာလဲ .."

ရေးမှတ်နေတဲ့ စာရွက်တွေကို ဆွဲယူပစ်လိုက်တော့ ဆောင်း ငါ ထရပ်ပြီးသား ဖြစ်ကာ ...





"ငါ မလိုက်တော့ဘူး .. ပြန်ပေး .."

"ဘာ!... မလိုက်ဘူး .. ဟုတ်လား .."

"ဟုတ်တယ် .. နင်က သွားဖို့ အရေးကြီးနေတယ်လေ ..၊ ငါက သည်း ဒီလက်ဆင်နဲ့ကို ရမှ ဖြစ်မှာ .. အဲဒါကြောင့် ပြန်ပေး .."

"ပြန်တော့မပေးဘူး .. မီးရှို့ပစ်မှာ .."

ပြောပြီးတာနှင့် မီးခြစ်ဆောင်ထားတတ်သည့် သူ့ဘောင်းဘီ အိတ်ထဲက အနီရောင်ဂတ်စ်မီးခြစ်လေးတစ်လုံး ထွက်လာသည်။ ပြီး တော့ စာရွက်ကို ထောင်ကိုင်ထားပြီး မီးခြစ်ပေါ် လက်တင်၏။

"ချာန်း .. .."

"ပြော .. နောက်ဆုံး ပြောခွင့်ရှိသေးတယ် .."

"နင် တော်တော် ဆိုးဝါးလား..ဟင် .. ကိုယ် သွားမယ့်ဆီ ကိုယ့် ဘာကိုယ် မသွားဘူး .."

"နင်ကရော.. တရုတ်ဘာသာစကား သင်နေတာ ဆယ်တန်းစာမေး ပွဲ ဖြေရတော့မှာလို အသည်းအသန်ကြီး ကြိုးစားနေတာ .. ဘာလဲ.."

"ဟဲ့ .. ငါ တတ်ချင်လို့ ငါ ကြိုးစားတာပေါ့"

"ဒါဆိုလည်း နောက်မှ ကြိုးစား .. အခု လိုက်ခဲ့ .."

"ငါ မလိုက်တော့ ဘာဖြစ်သွားနိုင်လို့လဲ .."

"နင် ပါလာရင် ကြိုက်သလို ခြေဆန့်လို့ ရတယ်လေ .."

စကားပြောနေတုန်း ဆောင်း က သူ့လက်ထဲက စာရွက်ကို ဖျတ်ခနဲ ဆွဲလုလိုက်သည်။ အိတ်ထဲ သေချာထည့်သိမ်းပြီးမှ ...

"သိသားပဲ .. လူကြီးတွေ မသိတာကို လုပ်ပြီး ငါ့ကိုပါ ကူဖော် လောင်ဖက်ဖြစ်အောင် ဆွဲထည့်ချင်တာ .."

"ဆွဲထည့်ထည့် မထည့်ထည့်.. နင်က ငါ့အတွက် ပါရမီဖြည့်ဖက် ဖြစ်လာရမှာပဲ .."

"အံမာ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ခုတည်းက လိုက်လျှောတာတွေ၊ နားလည်တာတွေ ရှိနေကြရင် မကောင်းဘူးလား .."

"ချာန်း နော် .. စကားပြောတာ ကြားကောင်းအောင် ပြော .."

"မပြောတတ်ဘူး .. လိုချင်တဲ့ ဒါရိုက်ရှင်ကို တည့်တည့်ပဲ၊ နင် မသိဘူးလား .. လူကြီးတွေက အချိန်တန်ရင် ငါတို့ကို လက်ထပ်ပေး ကြမှာပဲ .."

"ဘာ!..."

ပြောချလိုက်တာ ကြည့် ..၊

လူကြီးတွေက သူတို့ချင်းလည်း သူငယ်ချင်းတွေဖြစ်သလို ဆောင်း တို့ကလည်း ငယ်ငယ်တည်းက အတူဆော့ ကြီးပြင်းလာကြတော့ ဘယ် သူဆိုးဆိုး ဘယ်သူလွန်လွန် ဘယ်မိဘဘက်ကမှ ငါ့ကလေးကို နိုင် လွန်းသည်၊ နင့်ကလေးက ဆိုးလွန်းသည်ဆိုတာမျိုး မရှိခဲ့ ..။

ဒါတွေဟာ ခင်မင်ရင်းနှီးကြတဲ့ သံယောဇဉ်တွေပဲ မဟုတ်ဘူး လား ..၊ ဘယ်မိဘကမှ ဒီလိုဆက်နွယ်ပတ်သက်ဖို့ စကားတွေ စခဲ့ကြ တာ မဟုတ်ဘဲ ..၊

"ငါ့ဟာငါ အထင်နဲ့ပြောတာလို့များ နင်က ထင်နေလို့လား .."

"ဘယ်လိုမှ ထင်တာ မဟုတ်ဘူး ချာန်း .. နင် စကားပြောတာကို က ဘယ်လောက် ကြီးမားတဲ့ကိစ္စဖြစ်ဖြစ် ပြောချင်ရင် လွှတ်ခနဲ .."

"ပြောချင်တာကို ငါက ဘာကြောက်ပြီး ပါးစပ်ပိတ် မျိုသိပ်နေရ မှာလဲ .."

ချာန်း က မီးခြစ်ကို ဆောင်းဘီအိတ်ထဲ ပြန်ထည့်ပြီး ဆိုဖာပေါ်မှာ ပက်ခနဲ ထိုင်ချလိုက်၏။

ဆံပင်သည် ဝါတာလည်း မဟုတ် .. နီတာလည်း မဟုတ်ဘဲ ဝါချင်သည့် ဖြူဖပ်ဖပ်အရောင်ဖြစ်ကာ ပါးလည်း ပါးသည်။ ပျော့လည်း ပျော့သည်။





မျက်နှာက ပြားချင်သလိုရှိပေမယ့် မျက်ခုံးအရောင်ဖျော့၍ နှာတံ ပေါ်တာမို့ ကြည့်ကောင်း၏။

ချာန်း ရဲ့မျက်နှာ တစ်ခုလုံးမှာ ဖြူနုသည့်အသားရောင်နှင့် ထောင့် ညီသော မထူမပါးနှုတ်ခမ်းအစုံကြောင့် ချောသည်လို့ ဆိုနိုင်တာ ဖြစ်သည်။

ထို့ပြင် ပိန်သည့်ဘက်ကို ပိုနေသည့် ကိုယ်က အရပ်မြင့်တော့ နည်းနည်းတော့ အလှပျက်ချင်၏။

ဒါကလည်း လမ်းလျှောက်သည့်ပုံကြောင့် ကြည့်မကောင်းဘူးလို့ တော့ ပြောလို့မရဘဲ ရှိလေသည်။ တခြားမိန်းကလေးတွေကလည်း ချာန်း ကို မြင်တိုင်း သဘောတွေ ကျ၊ ခင်မင်ဖို့ ကြိုးစားကြတာတွေ များကြီးပါ။ ဒါပေမယ့် ...

ဆောင်း ကတော့ ချာန်း ကို ဘယ်နေရာမှာမှ အထင်ကြီး မက်မော လောက်ဖွယ်ရှိသည်လို့ မမြင် ..။

ရှင်းရှင်းနှိုင်းရလျှင် 'ရွာနားက မြက် ရွာနွားမစား' ဆိုတာမျိုးလား သိ ..။

သူ ပြောသလို ဘာလိုညာလို တခြားပုံစံမျိုးနဲ့ ပတ်သက်ကြဖို့ ဆိုတာ အဝေးကြီးပင် ..။ ဟိုး ငယ်ငယ်တည်းက ချာန်း နဲ့ မတည့် အတူနေ ကြီးပြင်းခဲ့ကြသည့်စိတ်ဟာ ခုထိ ဒီတိုင်း ..။

"စကားတွေရှည်ပြီး လိုရင်းက ပျောက်ကုန်ပြီ"

သူပဲ ပြန်စပြီး ချက်ချင်း ပြန်ထရပ်ကာ ...

"သွားမယ် .. ကိုယ်က ချိန်းထားပြီး သူတို့က ပြန်စောင့်နေရရင် ကောင်းဘူး .."

"ဘယ်သူက လိုက်မယ်ပြောလို့လဲ .."

"ဟား!..."

ချာန်း မျက်နှာ စိတ်မရှည်ခြင်းတွေနှင့် ဒေါသရောင်တွေ တက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

"စိတ်တိုတိုနဲ့ မွေ့ခေါ်သွားရရင် ကျော်မကောင်း ကြားမကောင်း ဖြစ်ဦးမယ် ..၊ မိဆောင်း .. နင် ငါ့ကို ဘယ်တော့ဖြစ်ဖြစ် အမြဲတမ်း ကန့်လန့်တိုက်ချင်တာတွေ ပြင်နော် .."

"အံမယ် .. ဘာလို့ ပြင်ရမှာလဲ ..၊ ငါက အေးဆေး .. ကိုယ် ဝါသနာပါတာလေးကို ကြိုးစား သင်ယူသွားချင်တာ .."

"ငါကတော့ ဘာတွေ လုပ်နေလို့လဲ .."

"ဗီဒီယိုဒါရိုက်တာ လုပ်ချင်တာလေ .."

"ဩော် .. နင့်ကျတော့ အကောင်း ..၊ ငါ ဝါသနာပါတာကတော့ မကောင်းဘူး .. ဟုတ်လား .."

ဆောင်း က 'မပြောချင်တော့ဘူး'ဆိုသည့် မျက်နှာလေး ရှုံ့တွတွ နှင့် စားပွဲခုံဘက် ပြန်လှည့်သွားရင်း ...

"ဝါသနာချင်းက မတူဘူးလေ .. ငါတို့က ကျက်မှတ် သင်ယူနိုင် ရင် ကိုယ့်ဝါသနာကို ထိန်းကျောင်းသွားလို့ ရတယ်၊ နင့်ဝါသနာက.."

"ပြောပါဦး .. ဘာတွေဖြစ်နေလို့လဲ .."

"မသိဘူး .. တခြားစီပဲဆိုတာတော့ ငါ ပြောနိုင်တယ်၊ ရုပ်ရှင် ဗီဒီယို သီချင်း ဘာတွေဖြစ်ဖြစ် အဲဒါတွေက အနုပညာတွေ မဟုတ်ဘူး လား ..၊ အနုပညာဝါသနာပါတာ ငါတို့မှာရှိတဲ့ ဝါသနာနဲ့ တူသလား"

"တူတယ်လို့ပဲ မှတ်ပြီး ငါ့ကို အကူအညီပေးဖို့ စဉ်းစား ..၊ ထ.."

ပြောနေရင်း လက်ကိုဆွဲ၍ အပြင်ကို တစ်ခါတည်း ဆွဲထုတ်လာ သည်။

"ဘယ်လိုဖြစ်နေတာလဲ ..၊ ငါ အင်္ကျီတောင် မလဲရသေးဘူး - ဖယ် .. လွှတ် .."

"အင်္ကျီလဲမယ်ဆိုလည်း ပြောပါလား .. လိုက်ချင်သလို မလိုက် ချင်သလို လူကို အထာကိုင်နေပြီးတော့၊ သွားလဲ မြန်မြန် .."





လွှတ်တာတောင် လက်ကို ဆောင့်လွှတ်သည်။ ဆောင်း က မျက် စောင်းထိုးပြီးမှ ပြန်လှည့်ဝင်၏။

"ဘာဖြစ်နေတာလဲ သား .."

ထွက်လာပြီးသည့်အတိုင်း သူ ဒီဘက်က ကူးလာတာနဲ့ မာမီ့ အသံ နောက်က ပါလာပြီ ..။

"သင်တန်းသွားမလို့ဆို .. မသွားရသေးဘူးလား .."

"သွားမလို့လေ .. ဟိုမှာ မပြီးသေးဘူး ဆောင်းမင်းသမီးက .."

ဆောင်းမင်းသမီး လို့ သူ အမြဲ ရွဲ့ပြီး ခေါ်နေကျမို့ ဒေါ်ပပလွှင် က အိမ်ထဲကို လှမ်းကြည့်ကာ ...

"ဒီနေ့ သား သင်တန်းက သမီးနဲ့ မတူဘူးမို့လား .."

"မတူဘူးလေ .. ဒီနေ့ ဆောင်း က သင်တန်းမှမရှိတာ .."

အသံက သူ ပြောတာ မဟုတ် ..။

လှည့်ကြည့်လိုက်တော့ အင်္ကျီလဲမည်ဆိုပြီး အိမ်နေရင်း စကာက် ရှည်နဲ့ ဂျင်းဘောင်းဘီရှည် လဲပတ်လာပြီး အင်္ကျီက အဖြူနဲ့အပြာ တီရှပ်မွမွလေးက ဒီတိုင်း ..။

ဆောင်း မျက်နှာ ကော့မော့ မာကျောနေတာကို မြင်လိုက်တာနှင့် မှာန်း က အခြေအနေမဟန်တာကို ရိပ်မိကာ ...

"သူ့ကို ပလာဇာ လိုက်ပို့ပါဆိုလို့လေ ..၊ ကျွန်တော် သင်တန်း ကြက်ပြီး စောင့်နေရတာ၊ ပြီးပြီလား .. သွားမယ်၊ စိတ်က သိပ်ရှည်တာ မဟုတ်ဘူး .."

မယ်မင်းကြီးမ ဖော်ကောင်မလုပ်ခင် လက်ကို အပိုင်အနိုင်ဆွဲ၍ ထွက်သည်။ သို့သော် ...

"နေပါဦး .. နေပါဦး .. သမီးက ပလာဇာသွားမှာ ဆိုပြီး အိတ် လေးက ပြားလို့ပါလား ..၊ ဝယ်မှာခြမ်းမှာ မဟုတ်ဘူးလား .."

"ဆောင်း က .."



www.burmeseclassic.com

www.burmeseclassic.com



"သူ လိုသလောက်ပဲ ယူမှာပေါ့ မာမီရာ .."

ကြာကြာမနေချင်သည်မို့ ထွက်ဖို့ချည်း ပြင်ပေမယ့် ဒေါ်ပပလင်းကလည်း အမျှင်မပြတ်နိုင် ..။

"မဟုတ်ပါဘူး .. ချစ်ဖွး ပြန်မလာသေးဘူးမို့လား ..၊ သမီး ရှိတာနဲ့ပဲ ထွက်လာရတာလားလို့ .."

"အန်တီလွင် ရယ် .. ဒီမှာလေ .."

"လုပ်မနေနဲ့ .. ငါ့မှာ ပါတယ်"

"ဟဲ့ .. ခြောက် ..."

ဒေါ်ပပလွင် ပါးစပ်ပြင် .. လက်ပြင်နှင့် တံခါးဝမှာပဲ ကျန်ရစ်၏။

မြင်ရတဲ့အတိုင်းဆို ဒီလောက် ပျာယီပျာယာဖြစ်သွားတာ မသက်ာဖွယ်ပါ။

ကိုယ့်သားအကြောင်း သိနေသဖြင့် နေရာတကာ မှားယွင်းမှုတွေ ဖြစ်လာလျှင် ချစ်ဖွး တို့ စိတ်ကွက်သွားမှာကို စိုးရိမ်သည်။

ပြောစရာရှိတာတွေကို လိုရင်းတိုရှင်းပဲ ပြောတော့မှ ဖြစ်မှာပါ။





## အခန်း (၄)

"လိုရင်းတိုရှင်းပဲ ပြောမယ် .. ဒီဆင်းနိတစ်ခုလုံးမှာ ဖွဲ့နွဲ့ပြောရမယ့် နိုင်ယာလော့ မပါဘူး"

သရုပ်ဆောင်တွေကို သင်ပြပေးနေတာ တကယ့် ဆရာကြီးတိုင်လိ ..။

"ဒီနေရာရောက်လာတိုင်း ဒီအသံ ကြားရတယ်ဆိုတာကို နှစ်ယောက်တွဲတစ်တွဲက ပြောသွားပြီး တခြားလူတွေ ဖြတ်သွားရင်း ပြောရင်းနဲ့ အပြေးတစ်ပိုင်း သွားနေကြတဲ့ပုံကို စကားသံဖျောက်မှာ .."

ရိုက်ကူး လှုပ်ရှားနေကြတာကို ထိုင်ကြည့်ရင်း နာရီကြည့်လိုက်တော့ ညနေ ငါးနာရီဆယ်ငါး ..၊

ကင်မရာသမားကတော့ အချိန်ကို ရွေးတာ ဘယ်လိုမှန်သည်မသိလို တော်သည်နဲ့ ရာန်း ကို ချီးမွမ်းနေသံ ကြားရသည်။

စိတ်ညစ်နေတာက ဆောင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာ နေညိချိန်ဆိုတဲ့သရုပ် သိပ်မပေါ်သေးဘဲ ရိုက်ကူးရေးလုပ်နေကြသည့် ညှောင်ပင်အိုကြီးက အုပ်ခဲ ကြီးမားနေသဖြင့် ထိုအောက်တစ်ခွင်မှာ မှောင်ရိပ်သမ်းနေပြီ ဖြစ်သည်။

ဆောင်း ခပ်လှမ်းလှမ်းကနေ နားအေးပါးအေး သွားစောင့်နေရင်း ဟိုမော့ကြည့် .. ဒီလှည့်ကြည့်နှင့် ရှေ့ထပ်တိုးသည်။ ပြီးတော့ ထပ်တိုးရင်းနှင့် သူတို့နဲ့ မလှမ်းမကမ်းကိုပဲ ရောက်သွားခဲ့၏။

ရှာနာမည်ကို ပြောပေမယ့် ဆောင်း မမှတ်မိတော့ပါ။ ဒါပေမယ့် ဒီညှောင်ပင်နဲ့ ရွာက နည်းနည်း အလှမ်းဝေးသည်။ လမ်းတစ်လျှောက်မှာ ကိုင်းတောတွေ တစ်ဖက်သတ်ရှိနေပြီး ဒီဘက်တစ်ခြမ်းလုံး ခြောက်သွေ့နေသည့် လယ်ကွက်တွေပဲ ဖြစ်၏။

ထို့ပြင် ရန်ကုန်နဲ့ဆို ပဲခူးနီးပါးလောက် သွားရပြန်ရတာ ဖြစ်သည်။ ဒီမှာပဲ မိုးချုပ်သွားလျှင် ခက်ပြီ ..။

"နိုက်ဆင်းန် နှစ်ခုရှိတာ ဆက်ရိုက်လိုက်မလား ဈာန်း ..၊ ရွာထဲမှာ အိမ်လည်း ပြောငြီးသားဆိုတော့ .."

ဈာန်း က ခေါင်းခါလိုက်ကာ ...

"ကျွန်တော်တို့ထက် ပိုဝေးဝေး ပြန်ရမယ့်လူတွေ ရှိသေးတယ်၊ တော်ပါပြီ ဆရာရယ် .."

လှည့်ကြည့်လိုက်တော့လည်း ဆောင်း တစ်ယောက် ပြန်ချင်လို့ သူ့ကို မျှော်ကြည့်နေတာ သစ်ကုလားအုပ် ဖြစ်နေပြီ။ ပြန်မယ့် သရုပ်ဆောင်တွေအတွက် အားလုံးကို စီစဉ်ပေးပြီး ကားတွေ ထွက်လာကြတည်းက မိုးချုပ်စပြုပြီ ဖြစ်၏။

"ဆောရီးဟာ .. နင် ဗိုက်ဆာနေပြီလား .."

"မေးမနေပါနဲ့ .. အရှိန်လေးနည်းနည်း ထပ်တင် .. ဗိုက်ဆာတာ နင့်မျက်နှာ မြင်နေတာနဲ့ ဝမှာ မဟုတ်ဘူး၊ အိမ်ပြန်ရောက်မှ ဝမှာ.."

"ငါ့မျက်နှာက ထမင်းပွဲကြီးမှ မဟုတ်တာ ဝမလား ..၊ အရမ်း





ဆာနေရင် မြို့ထဲဝင်ရင် တစ်ခုခု ဝင်ကျွေးမလို့ .."

ရှေ့ကို ကြည့်နေပြီး လူဆီမရောက်ဘဲ နှုတ်ခမ်းလေးမှဲ့ မျက်စောင်းချိတ်၏။

"ဘယ်မှ ထပ်မဝင်ဘူး အိမ်ကိုပဲ မောင်း ..၊ နင်နဲ့ ကြာကြာနေလေ အန္တရာယ်များလေ .."

"အံမာ .."

"ဟုတ်တယ် .. ထိုင်ချလိုက်တာ အကောင်း .. တော်ကြာ ချက်ချင်း ဟိုခဏလိုက်ခဲ့ပါဦး၊ ဒီခဏ လိုက်စောင့်ပါဦး .. ထဖြစ်တာ .."

"ဒီနေ့အဖို့ ပြီးပြီ .. ဘယ်မှ မခေါ်တော့ဘူး၊ ငါလည်း ဗိုက်ဆာနေလို့ ဘယ်ဆိုင်ဝင်မလဲ .."

ဆောင်း မဖြေရသေးခင် အိမ်က ဖုန်းဆက်လာသဖြင့် ဈာန်း က ပခုံးတွန့်လိုက်ပြီး နားကျပ်တပ်သည်။

"ဟလို .."

"... ... ..."

"ပြန်လာပြီ တီလေး .. ဆောင်း ရှိတယ် .."

"... ... ..."

"ဟုတ်တယ် .. သွားလာရင်း သူငယ်ချင်းတစ်ယောက် သူ့အိမ်နဲ့ ပြဿနာတက်နေတယ်ကြားလို့ သွားရှင်းပေးနေတာနဲ့ .."

"... ... ..."

"ကျွန်တော့်သူငယ်ချင်းပါ .. အဟွန်း .. ကျွန်တော်နဲ့ သက်ဆိုင်တဲ့ကိစ္စမို့လို့ပါ"

"... ... ..."

"သူနဲ့ ပြောမနေနဲ့တော့ တီလေး .."

ဈာန်း က ပြောနေရင်း သူ့ဘေးမှာ ဆောင်း က လွယ်အိတ်ထဲက ခုန်းထုတ်လိုက်တာ မြင်သည့်နှင့် ဖျတ်ခနဲ ဆွဲလုကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တီလေး သမီး့က ဗိုက်ဆာလို့ ခုပဲ ပြဿနာရှာနေတာ .. တီဒေလး ကို မဟုတ်ကဟုတ်ကတွေ တိုင်မှာ နားထောင်မနေနဲ့ .."

"အံမာ .."

နားထောင်နေရသည့် ဆောင်း ဒေါ်သတွေ အပြွတ်လိုက်ထွက်ကာ ထင်သလို ဆွဲလွဲလုပြောချင်ပေမယ့် သူက ကားမောင်းနေတာမို့ ထိန်း နေရသည်။ သူ ပြောလို့ပြီးမှ ...

"ငါ့ကို ဖုန်းပြန်ပေး .. တော်တော်ကို ပိပိရိရိ လိမ်လည်း လိမ်နိုင် တယ်၊ ဟွန်း .. ငါ့ဖုန်းကိုတောင် စက်ပိတ်ထားလိုက်သေးတယ်၊ ပြန် ရောက်သွားတော့ရော ပြောပြလို့ မရတော့ဘူးတဲ့လား .. ဒီပါးစပ်က.."

"ဟား .. ဟား .. ဟား ..."

ရျာန်း က ရယ်လိုက်ပြီး ဖုန်းကို ရင်ခွင်ထဲ လှမ်းပစ်လိုက်ကာ...

"ကိုယ့်သူငယ်ချင်းလေး ဒီလောက်တော့ မလုပ်ရက်ဘူးဆိုတာ သိပြီးသား .."

"သေလိုက် .."

"မသေနိုင်းနဲ့ .. ခင်ဗျားကို တစ်သက်လုံး စောင့်ရှောက်သွားမယ့် ကောင် .."

"ငါ့ကို မစောင့်ရှောက်နဲ့ .. နင် အရမ်းကို စိတ်ဝင်စားတဲ့ သရဲ တွေ .. တစ္ဆေတွေနဲ့ နေတတ်အောင် နေ .."

လုံးဝ မှောင်မိုက်သွားပြီဖြစ်သည့် လမ်းမကြီးက ကားမီးရောင်မှ အပ တခြားအလင်းရောင် မရှိတော့ပေ ..။

ဒါပေမယ့် နောက်မှာ ရိုက်ကူးရေးအဖွဲ့ကား ပါသေးတာမို့ စိုးရိမ် စရာတော့ မရှိပါ။

"ရျာန်း.. နင် ဒါရိုက်တာလုပ်ဖို့ဝါသနာ ငါ မပြောပါဘူး၊ ဘာဖြစ် လို့ ဂမ္ဘီရဆန်ဆန်ဇာတ်လမ်းတွေ .. သရဲတွေကိုမှ စိတ်ဝင်စားရတာလဲ"

"နင်ကရော .. အဲဒါကိုပဲ နေ့ရှိသမျှ ပြဿနာရှာနေတာ မမော





သေးဘူးလား .."

"မောပါတယ်ဆိုပြီး ထိုင်နေခဲ့လို့မှ မရဘဲ .. နင် သွားသမျှ ငါက ပါနေရတာလေ .."

"နင် ကူညီမှ ဖြစ်မှာမို့လို့လို့ ပြောထားတာပဲ၊ ဘာလဲ .. ခဏခဏ ကျေးဇူးတင် ခံချင်လို့လား .."

"မဟုတ်ကဟုတ်ကတွေ ဖွဲဖောက်မလာနဲ့ .. အဲဒါတွေလုပ်ဖို့ နင် စုဆောင်းထားရတဲ့ ပစ္စည်းတွေကို မြင်ရတိုင်း ကြောက်သလိုလို အန်ချင်သလိုလိုတွေ ဖြစ်လွန်းလို့ .."

"မကြည့်နဲ့ပေါ့ .."

"နင် သွားလေရာ ယူနေတဲ့ ပစ္စည်းတွေကို နင်သွားတိုင်း ပါနေ ရတဲ့ငါက မကြည့်ချင် မြင်လျက်သားလေ .."

"ဟား!..."

ကားမောင်းနေရင်း ရျာန်း က ကျွတ်ခနဲ ဖြစ်သွားကာ ...

"မာမီတောင် ဒါတွေ သိသွားလည်း နင့်လောက်တော့ ပေါက် ဆိုက်ဖောက်မှာ မဟုတ်ဘူး၊ တကယ် ပွားတယ်ဟာ .."

"ဒါဆိုလည်း အန်တီလွင့် ကို ဖွင့်ပြောပြီး အဲဒါတွေကို ဖောက်ချ လုပ်တော့ပေါ့၊ ဘယ်အချိန်သွားသွား .. ဘယ်အချိန်ပြန်ပြန် ကြိုက်တဲ့ သူနဲ့ သွားလို့ရပြီ .."

"ဆောင်း .."

"ဘာလဲ .."

"ငါ တောင်းပန်ထားတာနော် .."

"အဲ့ဒါ ဘာဖြစ်လဲ .."

"ငါ့ကို ကြိုက်သလောက် ပွား ..၊ ငါ ဖွင့်မပြောရသေးဘဲနဲ့ မာမီ့ ကို နင် လုံးဝ သွားမဖွနဲ့ .."

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း က နှုတ်ခမ်းမဲ့သည်။ မဲ့မဲ့ရွဲ့ရွဲ့ ဆောင်း ဘာမှ မတုံ့ပြန်တော့တာကိုပဲ ရျာန်း ကလည်း ကျေနပ်သွား၏။ သူ မကြိုက်တာ ဆောင်း ဘယ်တော့မှ ဖွတ်မလုပ်ဘူးဆိုတာ သိပြီးသား ...။

"ငါ ဒီနေ့ တော်တော်ကုန်သွားတယ် ..၊ ဒါတောင် ဇာတ်က တစ်ဝက်မကျိုးသေးဘူး"

"နင်ပြောတော့ အောက်ကားတွေရိုက်တာ သိပ်မကုန်ပါဘူးဆို.."

"ဟုတ်တယ်လေ .. ကုန်သွားရင်လည်း ငါ မနမြောပါဘူး၊ ဒါပေမယ့် အခုက ပရော်ဖက်ရှင်နယ်အဆင့် မဟုတ်သေးဘဲ ဝါသနာအရ ခိုးချောင်ခိုးဝှက် လုပ်ရတာဆိုတော့ ဆယ့်လေးငါးသိန်း ကုန်သွားတာ ပြဿနာရှိတာပေါ့၊ ရှေ့ဆက်လည်း ကုန်ရဦးမှာ .."

ဒါကျတော့လည်း ဆောင်း စိတ်မကောင်းပါ။ ကားမောင်းနေသည့် ရျာန်း ကို လှည့်ကြည့်လိုက်မိရင်း ...

"ငါ နင့်ကို အတည်ပြောရမလား .."

"ဘာလဲ .."

"ငါတို့တွေ ကျောင်းလည်းပြီးကြပြီဥစ္စာ .. နင်လုပ်မှာကလည်း စီးပွားရေးလုပ်ငန်းတစ်ခုပဲလေ ..၊ အန်တီလွင် ကို ဖွင့်ပြောပြီး နာမည်ကြီး သရုပ်ဆောင်တွေနဲ့ အကောင်းဆုံး ဇာတ်လမ်းကောင်းတွေ ဖြစ်အောင် လုပ်ပါလား .."

ရျာန်း က ချက်ချင်း ခေါင်းခါသည်။

"မာမီ ခွင့်ပြုမှာ မဟုတ်ဘူး .. ငါ သိတယ် .."

"ဘာဖြစ်လို့လဲ .."

"မာမီ့စိတ်ကို သိနေလို့ပေါ့ ..၊ အနုပညာသမားတွေရဲ့ အောင်မြင်မှုက ဆုပ်ဖမ်းထားလို့မရတဲ့ အတက်အကျမျိုးလို့ ခဏခဏ ပြောတယ်"

"ဒါကတော့ ဘာဖြစ်ဖြစ် မမြဲသောသဘောတရားပေါ်မှာ အခြေခံနေကြတာပဲ၊ အနုပညာဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒီတိုင်းပါပဲ"





စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်တာကို ရျာန်း က လှည့်ကြည့်ပြီး အကောင်းအတိုင်းကနေ ထရယ်သည်။

"ဘာဖြစ်တာလဲ .. သရဲ ကလိထိုးလိုက်လို့လား .."

"ဟား .. ဟား .. ဟား ... ဟုတ်တယ် .. ကလိထိုးခံလိုက်ရသလိုပဲ၊ နင့်ကို လှောင်တာ မဟုတ်ဘူးနော် .. ဝမ်းသာသွားတာ .."

"အံမာ .."

"ဟုတ်တယ် .. တကယ်တမ်းကျတော့ နင် ငါ့ကို နားလည်နေတာပဲ .. ဟုတ်တယ်မို့လား ..၊ သရဲကြောက်လို့ အကြောင်းတွေပြပြီး ရစ်နေတာ .."

"အရူး .."

စိတ်တိုတိုနဲ့ ပြောပစ်ကာ တစ်ဖက်လှည့်နေလိုက်မိသည်။

ကြိုက်သလို တွေး .. ကမ္ဘာကြီး ငြိမ်းချမ်းတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ညက ဘယ်အချိန် ပြန်လာကြတာလဲ .."

"ဟာ!... တီလေးကလည်း မိုးချုပ်ကာစပဲ ရှိသေးတာ၊ ဘာဖြ လို့လဲ .."

"ည ရှစ်နာရီထိုးတော့မှာကို .. မိုးချုပ်စ ဟုတ်လား .."

"ဟင်!... ဟုတ်လို့လား .."

ကိုယ် ပြန်ရောက်တဲ့အချိန် ဘယ်အချိန်မှန်းတောင် မသိလိုက် လား ...။

တစ်ဆက်တည်း တီလေးကို ကြည့်မိကာ ...

"တီလေး သိနေသားနဲ့ ဘာလို့ မေးနေတာလဲ .."

"ဩော် .. ဖြစ်ရလေ 'သည်နှစ်ဆောင်း'ရယ် .."

ဆောင်း နာမည် အစအဆုံးကို ဤသို့သော အငေါ်တူးခြင်းများမှ တီလေးထံမှ ကြားရတတ်လေသည်။





"ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာရော သတိရရဲ့လား ...၊ ပေါ်မှာ ရှိနေတာ .. သွားတာ ပြန်တာတွေ .."

"ချာန်း ရှိနေတာပဲ တီလေးကလည်း .."

"ချာန်း က ညည်းအစ်ကိုမှ မဟုတ်တာ ဆောင်း ရဲ့ .."

"သူပဲ လာလာခေါ်တာ .. တီလေး အမြင်ပဲဟာ .."

"တီလေး ပြောချင်တာက သမီးတို့နှစ်ယောက်က ငယ်တော့တဲ့ တ်အရွယ်တွေ မဟုတ်တော့ဘူး .."

"ကျောင်းပြီးတာဖြင့် နှစ်မကူးသေးဘူး"

"အမလေး .. ဆယ်တန်းနဲ့ လိုက်ပြေး .. ပထမနှစ်နဲ့ မိဘက း၊ အမျိုးမျိုးသောနည်းတွေနဲ့ အိမ်ထောင်ကျကုန်ကြတာ အများ ပါအေ .."

"ဒါဆိုလည်း မပူနဲ့ တီလေး .. ဆောင်း တို့က လုံးဝ ရိုးသားကြ သူငယ်ချင်းတွေ .."

"ရိုးသားတဲ့ သူငယ်ချင်းဖြစ်ဖြစ် .. ဆန်းဆန်းပြားပြားဖြစ်ဖြစ် သားမတော်စပ်တဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ ရေရှည် တွဲသွား လာ မလုပ်သင့်တော့ဘူးလေ .."

ဆောင်း က ကုန်ခါနီး ဆီးထုပ်ကို သေချာ ခြစ်ကုတ်စားဖို့ အား နေရင်း လှည့်ကြည့်ကာ ...

"အဲဒါ တီလေးတို့ ချာန်း ကိုပဲ တား ...၊ ဆောင်း က သူ့ ခေါ်လွှန်း ဟိုပါဒီပါ ပါနေရတာ၊ ဘာမှန်းမသိဘူး .. ဖွတ်ဆွဲ ဖွတ်ခေါ်နဲ့ .. ဘယ်လောက် စိတ်ညစ်နေရလဲ မသိဘူး .."

တစ်ဖက်က ဆီးထုပ်နှင့် လက်တစ်ဖက်က စာကြည့်စားပွဲပေါ်က ပ်တွေကို ဟိုရွှေ့ ဒီရွှေ့ ...။ ပြီးတော့ စားပွဲမှာ ထိုင်ချလိုက်၏။

ခေါ်ချစ်ဖူး ကပဲ သူမ ထိုင်လိုက်သည့်ဘောဘထိ လိုက်ပြီး ခုံဆွဲထိုင် ယ်ရကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရျာန်း ကို ပြောလို့ မရဘူးလေ ..၊ မိဘချင်းက မွေးချင်းတွေလို နှစ်အိမ်တစ်အိမ် နေနေကြတာ၊ သမီးတို့ ရန်ဖြစ်နေနေ .. ဖက်ကိုက် လုံးထွေးနေနေ ဘယ်တုန်းကမှ ဆိုးသည်ကောင်းသည် ပြောခဲ့ကြတာ မဟုတ်ဘူး .."

"ဟင် .. ဒါဆို ဆောင်း ကသာ ဆင်ခြင်သင့်တဲ့လူပေါ့၊ ဆောင်း က အနေအထိုင်မတတ်တာလို့ တီလေး ပြောတာလား .."

"မဟုတ်ပါဘူး .."

"မဟုတ်ရင် ဘာလဲ တီလေး ရယ် .. သူ့သား လွန်ရင် သူ့အမေ ပြောမှာပေါ့၊ ဆောင်း ကဖြင့် ရျာန်း နဲ့ သွားလမ်းလာလမ်းတွေ ရှောင် လေ ခြေညောင်းသက်သာလေပဲ .."

"သမီးကို တီလေးက ရျာန်း နဲ့ အဆက်အသွယ်ဖြတ်ဖို့ ပြောချင် တာ မဟုတ်ဘူး .. တည့်တည့်ပြောမှ သိမယ်ဆိုရင်လည်း ပြောတော့ မယ် ..၊ သမီးတို့နှစ်ယောက်ကို လက်ထပ်ပေးတော့မယ်လို့ .."

"ဘာ!... ဘယ်လို .."

"ဟဲ့ .. သြော် ... လန့်လိုက်တာ သည်နှစ်ဆောင်း .. ထမျှားခုန် လိုက်သလား မှတ်ရတယ် .."

"ခုန်စရာတောင် မလိုဘူး တီလေး .. မိုးကြိုးပစ်ချလိုက်သလိုပဲ၊ ဆံပင်တွေတောင် ထောင်ကုန်ပြီလား မသိဘူး"

ဆောင်း ဖင်ရွှေ့ထိုင်လိုက်သဖြင့် ဒေါ်ချစ်ဖူး ဘက်ကို တည့်တည့် မျက်နှာချင်းဆိုင်ပြီးသား ဖြစ်နေကာ ...

"ဘာတွေပြောလိုက်တာလဲ .. ဟင် .. ဆောင်း နားကြားမှားသွား တာမို့လား .."

ဒေါ်ချစ်ဖူး လန့်ဖျန့်သွားရခြင်းအတွက် စိတ်က တိုနေပြီဖြစ် လျက် ...

"ဒီလောက် တည့်တည့်ကြီး ပြောလိုက်တာကို မှားစရာလား





ဆောင်း ..၊ တီလေးနဲ့ ပပ ဆွေးနွေးပြီးကြတာ ကြာပြီ .. နှစ်ဖက်သဘော တူပြီးပြီဆိုတော့ .."

"တီလေးတို့ချင်း သဘောတူနေကြတာက တီလေးတို့နှစ်ယောက် လက်ထပ်ရမှာမှ မဟုတ်ဘဲ .."

"အလိုတော် .."

"ဟာ!... မလိုချင်ဘူး .. ရျာန်း နဲ့ လုံးဝ မဖြစ်ဘူး တီလေး .."

"ဘာလဲ .. သူ့မှာ ချစ်သူတွေဘာတွေ ရှိနေလို့လား .."

"မရှိ .. ဟာ .. ဘယ်လိုလုပ် သိမှာလဲ ..၊ ဆောင်း ကိုပဲ မေးပါဦး.. ဒါတုမလေးမှာ ချစ်သူရှိနေမလားလို့ .."

"အို .. ဘာမေးစရာ လိုလို့လဲ .. ကိုယ့်သမီးအကြောင်း ကိုယ်သိ ပြီးသား .."

ဆောင်း မျက်နှာလေး မဲ့သွားသည်။ ဒီလိုနည်းနဲ့ အကြောင်းသိ လိုက်ရတာ ဂုဏ်ယူစရာမို့လို့လား ..။

"သမီးတို့နှစ်ယောက် ဒီအရွယ်အထိ တစ်ယောက်နဲ့တစ်ယောက်.."

"ရန်ပဲဖြစ်နေရတာ .. ဘယ်တုန်းကများ တီလေးတို့ နားအေးပါး အေး ရှိခဲ့ဖူးလို့လဲ .."

"ပြောတာကိုဖြင့် ဆုံးအောင် နားမထောင်ဘူး .. ဘယ်လိုဖြစ်နေ ဘာလဲ .."

"တီလေးက လက်ထပ်ပေးဖို့ထိ ပြောနေတာပါ့ရော .."

"ဟုတ်တယ်လေ .. ညည်းတို့ ဒီလောက် တွဲခဲ့ကြတာကို သူက အရေးမကြီးပေမယ့် မိန်းကလေးအတွက်က .."

"အဲဒါလည်း တီလေးတို့ပဲ အရမ်းရင်းနှီးခဲ့လို့ ဆောင်း တို့က ညည်းဘဲ အတူနေခဲ့ရတာ .."

"သြော် .. ဒီက ပြီးအောင် ပြောပါရစေဦး .. သူချည်းပဲ ဘယ်နှယ် လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း .. ဈာန်း ကို မယူနိုင်ပါဘူး၊ တီလေးတို့က လက်ထပ်ပေးဖို့အကြောင်းတွေ ဖြစ်လာအောင် တမင် ဆွဲယူနေသလိုပဲ .."

"ကြည့်စမ်း .."

"ဈာန်း ဆိုတဲ့ သတ္တဝါ အကျင့်ကောင်းတာ မဟုတ်ဘူး၊ ဘာဖြစ်ဖြစ် ပေါ့ပျက်ပျက် မချိုမချဉ်နဲ့ .. ကြည့်လို့ကို မရဘူး၊ မသိဘူး .. လုံးဝ မယူဘူးနော် .. တီလေး ဇွတ်မစီစဉ်နဲ့ .."

စားပွဲမှာ အကျအနထိုင်ပြီးတဲ့လူက ချက်ချင်းကြီး ဆံပင်တွေဝါအောင် ခါယမ်း ခုန်ပေါက်ထွက်သွားလိုက်တာ ..၊

ဒေါ်ချစ်ဖူး ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်လေသည်။

ဒုက္ခ ..၊





## အခန်း (၆)

"မုန့်ဖိုးတွေ ထုတ်လှချေလား မှတ်တယ် .. လက်စသတ်တော့ မင်းက ဒါတွေ လုပ်နေတာကိုး .."

"ဟုတ်တော့ ဟုတ်ပါတယ် .. ဒါပေမယ့် လူငယ်သဘာဝ ဟိုစပ်စပ် ဒီစပ်စပ် လက်တည့်စမ်းတာမျိုးတော့ မဟုတ်ဘူး မာမီ၊ ကျွန်တော် က တကယ့်ပရော်ဖက်ရှင်နယ်အဆင့်ထိ ကြိုးစားမှာ .."

"မာမီကတော့ ဘယ်အဆင့်ကိုမှ အားမပေးဘူး သား .. ဒီအလုပ် ကို .."

"သိတယ် ..၊ သိလို့ ကျွန်တော် ခုချိန်ထိ ဘာမှမဖြစ်မြောက်ဘဲ ချောင်ခိုးဝှက် ပြေးလွှားနေရတာ၊ မာမီ့ကို ခုရော ဒါတွေ ဘယ်သူပြော တာလဲ .. ဆောင်း လား .."

"ထင်တယ် .. ဆောင်း ကိုပဲ မင်း ဥပဒ်တော့မယ်ဆိုတာ .."

"သူပဲ ရှိတယ် .. ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ရျာန်း က နှုတ်ခမ်းတွန့်၍ အိပ်ရာပေါ်မှာ ခေါင်းအုံးတွေဆင့်ပြီး လှဲလိုက်သည်။ ဒေါ်ပပလွင် က စာကြည့်စားပွဲမှ ရှုပ်ပွနေတာတွေ စီရီ ထပ်သိမ်းနေရင်း ...

"သူပြောတာ မဟုတ်ဘူး .. မင်း လုပ်နေတာတွေ မာမီကလွဲရင် အားလုံး သိကြတယ်၊ သူတစ်ယောက်ပဲ ပြန်ပြောမယ့်သူ ရှိတယ် မှတ်လို့လား .."

"မှတ်တာပေါ့ .. ဆောင်း ကလည်း မာမီ့လိုပဲ ကျွန်တော် ဘာလုပ်လုပ် ဝေဖန်ထောက်ရှုစရာ ရှာဖွေနေတဲ့မျက်လုံးကြီး တဝင်းဝင်းကြီးနဲ့လေ .."

"အံမယ် .. မာမီက ဒီတိုင်းပဲ ဟုတ်လား .."

"မဟုတ်ဘူး .. မဟုတ်ဘူး ကန်တော့ .. ကျွန်တော်က ဆောင်းကို ပြောချင်တာ၊ မာမီ့လိုပဲ ပွစိပွစိ ပြော .. အဲ့ .."

ပြောတိုင်း မာမီနဲ့ပဲ သွားငြိနေသဖြင့် ပါးစပ်ပြန်ပိတ်ရင်း ရျာန်း ခေါင်းကုတ်မိ၏။ ဒေါ်ပပလွင် က သားဖြစ်သူကို ဒေါသမပါသည့် မျက်စောင်းတစ်ချက်နှင့် ...

"ပြောသာ ပြောလိုက်ပါတော့ .. ဘယ်တုန်းတည်းက ဒီမအေ နားငြီးလှတယ်လို့ တွေးနေလဲမှ မသိတာ"

"မဟုတ်ပါဘူး မာမီရာ .. ပြဿနာပဲ၊ အဲ့ဒီကောင်မလေးကို ပြော ချင်တာ .. မာမီ မသိလို့၊ သူ့ကို ဘယ်ခေါ်သွားသွား ပါတော့ ပါလာ တယ်၊ အမြဲတမ်း ပွစိပွစိနဲ့ မြည်တွန် တောက်တီးနေတာ .."

"အဲဒီတော့ မခေါ်ဘဲ သွားပေါ့၊ မင်းက သူ့ခိုး သေဖော်ညှိနေရ တော့ အမှီသဟဲလေးမှ မရှိရင် နေမရတဲ့သူကိုး .. အဲဒါကြောင့် ဆောင်း မှ မပါရင် .."

"မဟုတ်ပါဘူး မာမီရာ .. ပြောချလိုက်တာလည်း ဒီမှာ မာမီ့သား ယောက်ျားနော် .."





"သိတယ်လေ .. အဲဒီတော့ ဘာဖြစ်လဲ .."

"သူ့ခိုး သေဖော်ညှိနေရလို့လည်း မဟုတ်ဘူး .. ဟိုအရင်တည်းက ဒီလိုပဲ အတူတူ သွား .. အတူတူ ကြံနေကျ၊ ခုကျမှ ဒီသရဲကားတွေရိုက် ရလား ..၊ ဒီစုန်းကားမျိုး မရိုက်ပါနဲ့ .. ရှုပ်နေတာပဲ"

"ရှုပ်နေတာက မင်း မဟုတ်ဘူးလား .."

ဒေါ်ပပလွင် က ရျာန်း ရဲ့ အိပ်ရာဘေးမှာ တင်ပါးလွှဲဝင်ထိုင်၍...

"မင်း သွားလေရာ ဆောင်း ပါမှ သွားချင်တာ အကျင့်တစ်ခုလို ဖြစ်နေပြီ .."

"ဟုတ်တယ် .. အဲဒါကို ကျွန်တော် ဝန်ခံတယ်"

"သူ့ကိုလည်း ဝန်ခံလိုက်ပေါ့"

"ဘာကို ဝန်ခံရမှာလဲ မာမီ .. အဲဒါမျိုးချည်းပဲလည်း မဟုတ်ဘူး လေ၊ ဆောင်း ပါမှ အပြင်ထွက်ဖို့ မာမီ ရှောရှောရှူရှူ ခွင့်ပြုတာတွေ ရော မရှိလို့လား ..၊ ဆောင်း က ခုတစ်လောကျမှကိုပဲ ပိုပြီး ဂျစ်တီး ဂျစ်ကန် လုပ်လာတာ .. သရဲကားရိုက်နေတာ သူ ကြောက်တယ်၊ ကြောက်လို့လားဆိုတော့လည်း ဝန်မခံဘူး .."

"ကြောက်လို့ပါဆိုတော့ မင်းက မခေါ်ဘဲ နေမှာလား ..၊ ဒါတွေ ကို မရိုက်တော့ဘူးလား .."

သားအမိ မျက်လုံးချင်းဆုံသွားသည်။ ရျာန်း က ဆံပင်တစ်ချက် သပ်ရင်း မျက်နှာလွှဲကာ ...

"သူ့ကြောင့် ဝါသနာကို စွန့်လွှတ်စရာလား မာမီ၊ ကျွန်တော်က မာမီ မကြိုက်မှန်းသိနေလို့ ရှောင်ရှားရင်းနဲ့ သူ့အကူအညီ ယူရတာ.."

"ဒီလိုဆိုတော့ မာမီ ပြောစရာရှိတာ ပြောလို့ရပြီ .."

"ဟင်!..."

"မာမီ လုံးဝ ခွင့်မပြုဘူး သား ..၊ မာမီ မင်းကို ပညာတွေသင် ပေးထားတာ ခုလို အနုပညာလောကထဲမှာ ဝင်ဆုံအောင် မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မာမီ မနှစ်သက်ဆုံးအလုပ်ဟာ အဲဒီ အနုပညာပဲ ..”

“ဘာဖြစ်လို့လဲ မာမီ .. အနုပညာနဲ့ပတ်သက်တဲ့ ဒဏ်ရာဒဏ်ချက်မျိုးနဲ့ မာမီ့မှာ စိတ်အနာတရဖြစ်ခဲ့ဖူးတာလည်း မရှိဘဲနဲ့ ..”

“ဟုတ်တယ် .. ဒါကို ဝါသနာရှင်တွေအဖြစ်နဲ့ အထင်ကြီးပေးလို့ရတယ်၊ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်တော့ မာမီ ခွင့်မပြုနိုင်ဘူး။ မာမီ့သားက ဒါရိုက်တာအဖြစ် ရှိနေမှာဆိုတော့ ပိုဆိုးသွားတာပေါ့”

“မာမီရာ ..”

ချာန်း မျက်နှာ ရှုံ့မဲ့သွားတာကို ကြည့်ရင်း ဒေါ်ပပလွင် နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ အခန်းဝဆီ လျှောက်သွားရင်း ...

“ပြောဆိုမရတော့ရင် ပြင်ဦးလွင်က မင့်ဦးလေးဆီ ပို့မယ် ..”

“မာမီ့ .. မာမီ နေပါဦး ..”

ချာန်း က အိပ်ရာပေါ်ကနေ ဖြစ်သလို ပြေးလွှားဆင်းလာကာ ဒေါ်ပပလွင် နားကို သွား၍ ...

“မာမီ .. လာမယ့် ကျွန်တော့်မွေးနေ့မှာ အမွေတွေ လွှဲပေးမှာဆို..”

“အံမာ .. မင်းက ..”

“မဟုတ်ပါဘူး .. မေးကြည့်တာပါ”

“မေးမကြည့်နဲ့ .. မင်းနဲ့ မာမီ သားအမိနှစ်ယောက်ပဲ ရှိတာ၊ မာမီ သေတာနဲ့ မင်း အားလုံး ပိုင်ရမှာတွေ၊ မိဘမသေသေးဘဲနဲ့များ အမွေတောင်းရတယ်လို့ .. ဟွန်း ..”

ချာန်း ဘာကြောင့် ပြောတာမှန်း သိနေသဖြင့် ဒေါ်ပပလွင် တစ်ဖက်လှည့်ပြီး မဲ့သည်။

ချွေးကောင်လေး ..၊

“မာမီ့ ..”

“ဘာတုံး ..”

“ကျွန်တော် မိန်းမယူလိုက်ရင် ဘယ်လိုလုပ်မလဲ ..၊ တော်ကြာ





မာမီက ငါ့သဘောမတူတဲ့မိန်းမ ယူရလားဆိုပြီး အမွေဖြတ်လိုက်ရင်မောပြီ ..”

“ချာန်း ..”

“ဗျာ ..”

“မင်းကို မာမီ မေးချင်လာပြီနော် ..”

“မာမီကလည်း .. ကျွန်တော် အလုပ်လုပ်မှာကို ..၊ ဖြုန်းပစ်မှာ ကျနေတာပဲ ..”

“အလုပ်လုပ်ဖို့ကိုများ မင်းက အမွေပေးဖို့ မအေကို လည်ပင်းညှစ်နေတယ်ပေါ့ ..”

“ဘယ်မှာ ညှစ်ရသေးလို့လဲ ..”

“အံမလေးလေး .. မညှစ်ရသေးဘူးဆိုတော့ မပေးရင် ညှစ်မယ်ပေါ့”

“ဟား!... ရှုပ်ကုန်ပြီ”

ချာန်း နဖူးပွတ် ဆံပင်တွေ ဖွကာ အိပ်ရာပေါ်မှာ ဆောင့်ခနဲနောက် ပြန်သွားထိုင်သည်။ ဒေါ်ပပလွင် က ပြန်လှည့်လာ၍ ...

“အခု အမွေတင်မကဘူး .. မိန်းမပါ လိုချင်နေပြန်ပြီပေါ့”

“မလိုချင်ပေမယ့် ကိုယ့်စီးပွားနဲ့ကိုယ် ရပ်တည်ခွင့်ရပြီလေ ..၊ အဲဒီကျရင် ..”

“မာမီက ဘာမှမပြောနိုင်တော့ဘူးလို့ ထင်တာလား ..”

စိတ်ပျက်သည့်မျက်နှာကြီးနဲ့ မော့ကြည့်လာတော့ ကိုယ့်သားအဖြစ်ကို ဒေါ်ပပလွင် ရယ်ချင်နေမိသည်။ တားချင်လွန်းလို့လည်း မဟုတ်၊ စိတ်တိုနေတာလည်း မဟုတ်ပါ။

ဒါပေမယ့် ဒီသားကို နားဝင်လက်ခံအောင် ပြောဖို့ကိစ္စတစ်ခုက ရှိနေသေးသည်။

“ပြောစမ်းပါဦး .. မင်းရဲ့ချစ်သူက ဘယ်သူလဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ ချစ်သူရှိရမှာလဲ .."

"ဒါဆို မိန်းမယူဖို့ စကားက ဘယ်က အစရပြီး ပါလာတာလဲ"

"ဘာပဲဖြစ်ဖြစ် ကိုယ့်စီးပွားနဲ့ကိုယ် ဖြစ်ပြီးရင်တော့ ကျွန်တော်လည်း အိမ်ထောင်ဦးစီးဖြစ်ပြီဥစ္စာ .."

"သြော် .. လူကြီးစာရင်းဝင်သွားပြီဆိုတော့ မအေက ဆရာ မလုပ်နဲ့တော့ပေါ့၊ ကောင်းပြီလေ .. ပြောလက်စနဲ့ ပြောလိုက်တာ ကောင်းပါတယ် .."

ဒေါ်ပပလွင် က မွေ့ရာခြေရင်းလောက်မှာ လက်ပိုက်ရပ်လိုက်ကာ ...

"မင်းမှာ ချစ်သူမရှိသေးဘူးဆိုတော့ မာမီက သဘောတူထားတာကို ပြောမယ် ..၊ လက်မခံနိုင်ရင်လည်း ရတယ်၊ ဒါပေမယ့် မင်း တခြားမိန်းကလေးကို ရွေးမှာပဲဆိုရင် မာမီ့စိတ်တိုင်းကျ ရှာပေါ့မယ်လို့ ကတိပေးမှ ဖြစ်မယ် .."

"မာမီက ကျွန်တော့်ကို ဆောင်း နဲ့ လက်ထပ်ပေးမှာမို့လား .."

ဒေါ်ဝပလွင် အံ့သြသွားမိသည်။ သား ဘာဖြစ်လို့ သိသွားတာလဲလို့ တွေးမိကာ မျက်နှာကို အကဲခတ်ရင်း ငြင်းလိုက်မှာလည်း စိုးရိမ်သွား၏။

မိဘဆိုတဲ့ ပါဝါတွေသုံးပြီး သား သဘောမကျတာကို မစီစဉ်ချင်။ ချာန်း လိုလူမျိုးက ချုပ်ကိုင်ရလွယ်မယ့်သူလည်း မဟုတ်လို့ သူမမှာ ဒီစကားကိုရောက်ဖို့ သိုင်းဝိုင်းပတ်ခွေနေရတာ ဖြစ်သည်။

"မာမီ ပြောလေ .."

ဒေါ်ပပလွင် က စိုးရိမ်သွားသည့်မျက်နှာကို မသိသာအောင် ပြင်လိုက်ပြီး ...

"အဲဒီလိုမျိုး အလွယ်တကူ စီစဉ်ပေးလိုက်လို့ရရင် မင်းကို မာမီ ဒီလောက်ထိ ကြည့်မနေဘူး ..၊ ပေးစားမယ်လို့ ပြောပြီးသားပဲ"





"ဒါဆို မာမီက ဘယ်သူနဲ့ သဘောတူနေတာလဲ .."

"အင်း .. မာမီ စိန်ထည်တွေ သွားသွားဝယ်နေတဲ့ ရတနာဆိုင် ပိုင်ရှင်ရဲ့ သမီးပါ၊ သူတို့ကို တီးခေါက်ကြည့်တော့ လက်ခံနိုင်မယ့်ပုံ ပေါ်တာနဲ့ .."

"ဟာ!... သူတို့ လက်ခံတာနဲ့ ကျွန်တော်က ကခုန်ပေါက် ယူစရာလား ..၊ မာမီ့သား သဘောကိုလည်း နည်းနည်းပါးပါး မေးပါဦး"

"ဘာပြောတယ် ချာန်း .. ပြောတော့ မင်းမှာ ချစ်သူမရှိဘူးဆို.."

"ချစ်သူမရှိသေးတဲ့ ရင်ဘတ်က ဘယ်သူ့ဖြစ်ဖြစ် လာထားဆိုပြီး ဟင်းလင်းပွင့်နေတာမှ မဟုတ်ကာ၊ ဘယ်ကမှန်း မသိ၊ ဘယ်သူမှန်း မသိ .."

"မင်းပဲ ကိုယ့်စီးပွားနဲ့ကိုယ် ဖြစ်သွားရင် ဒါရိုက်တာလုပ်လို့ ရပြီဆို .. အိမ်ထောင်ပြုလိုက်ရင် အမွေရပြီ၊ ဒါပဲ အဓိကလိုလို .."

"မဟုတ်တာ မာမီရာ .. အဲဒါတွေက ကျွန်တော့်ကို မာမီ ဆောင်းနဲ့ပဲ သဘောတူမှာလို့ ထင်လို့ .."

"ဒါဖြင့် ဆောင်း ကိုတော့ မင်း လက်ခံနိုင်တယ်ပေါ့ .."

"ကျွန်တော်တို့က အစတည်းက သံယောဇဉ်ရှိကြပြီးသား .."

ပထမတစ်ထစ် အလုံးကြီးတော့ ပြုတ်ကျသွား၏။ ဒါပေမယ့် သား ရင်ထဲမှာ လိုအင်ဆန္ဒတွေက ရောထွေးနေသေးသည်။ ကိုယ် လိုချင်တာဟာ ဘာလဲဆိုတာ မသေချာဘဲ အိမ်ထောင်ရေးကိုတော့ မြေစမ်းခရမ်းမပျိုးသင့်ပေ ..။

ထို့ပြင် ဘဝတစ်လျှောက်လုံး ဒီကလေးနှစ်ယောက် စိတ်ဆင်းရဲမှုတွေနဲ့ မောင်းနှင်ရတော့မှာကို အဖြစ်မခံနိုင် ..။ ကိုယ်က သားရှင်ဆိုပေမယ့် ဆောင်း ဆိုတဲ့ ကောင်မလေးက ကိုယ့်သမီးလေးလို ချစ်ခဲ့ရတဲ့ မိန်းကလေး ..။

"သံယောဇဉ်ရှိကြရုံနဲ့တော့ အိမ်ထောင်ဖက် မဖြစ်ထိုက်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



သား ..”

တည်ငြိမ်သည့် စကားလုံးတွေက အစချီလိုက်ပြီး ...

“ငယ်သူငယ်ချင်းဖြစ်တိုင်း အိမ်ထောင်ဘက်လို့မျိုး ကြင်နာနိုင်ဖို့ မလွယ်ဘူး ...၊ ပြီးတော့ မင်းမှာ ဖြစ်ချင်တာတွေက များနေတယ်၊ ခုချက်ချင်း အိမ်ထောင်ပြုလိုက်တော့မယ်လို့ ထဖြစ်တာက အိမ်သူဇနီး မယား လို့အပ်လာတာ မဟုတ်ဘဲ မင်းရဲ့ဝါသနာကို အကောင်အထည် ဖော်ခွင့်အတွက်ဆိုရင် ..”

“ပတ်သက်နေပေမယ့် အဲဒီလောက်တော့ မဟုတ်ပါဘူး မာမီရာ..၊ ဒါကြောင့် ကိုယ် လက်မခံနိုင်လောက်တဲ့ မိန်းမကိုတော့ ကျွန်တော် မယူနိုင်ဘူး ..”

“မင်း လက်ခံနိုင်မယ် ထင်ပေမယ့် ဆောင်း က ချစ်သူရှိတယ်လို့ ပြောပြီး ငြင်းထားတယ် ..”

“ဘာ!...”

အံ့ဩသည့်စိတ်မှာ မခံချင်ဖြစ်သွားတာလည်း ပါနိုင်၏။ ထို့ကြောင့် လေသံမာသွားပြီးမှ မာမီ့ကို တောင်းပန်သလို ခေါင်းငုံ့လိုက်ကာ ...

“အံ့ဩလို့ပါ .. အဲဒါ တမင်ပြောတာ မာမီ .. ဆောင်း မှာ ချစ်သူ မပြောနဲ့ ကျွန်တော့်လိုတောင် ဟိုလိုဒီလို ထင်လောက်စရာ ယောကျ်ား လေး မရှိဘူး ..”

ဒေါ်ပပလွင် က သားဖြစ်သူကို စူးစိုက် အကဲခတ်သည်။ ချာန်း က တစ်ယောက်တည်း တွေးမရဖြစ်နေသည့်မျက်နှာနှင့် ဆတ်ခနဲ ပြန် ထရပ်သည်။

“ဘာဖြစ်သွားတာလဲ ..”

“ဆောင်း က ငြင်းထားတယ်ဆို ..”

“ဟုတ်တယ်လေ .. ဒါ သူ့အခွင့်အရေးပဲ”





“အခွင့်အရေးရှိပေမယ့် သူ ဒီလောက်ပြတ်သားပြဖို့မှ မလိုတာ”

“ဒါလည်း သူ့အခွင့်အရေးပဲလေ .. မင်းကို မာမီ အခု ပြောနေတာ ရှုဆိုင်က ..”

“ကျွန်တော် စိတ်ဝင်စားလို့ကို မရဘူး မာမီ .. ဒီကိစ္စ အခု သွား ရှင်းမှ ဖြစ်မယ်”

“သား .. ဟဲ့ .. ချာန်း .. နေဦး ..”

ခြေလှမ်းတွေက ထင်တာထက် ပိုကျဲနေသဖြင့် ဒေါ်ပပလွင် အသည်းအသန် လိုက်ဆွဲထားရကာ ...

“ရှင်းရအောင် ဘာမှ ရှုပ်ထားတာမရှိဘဲနဲ့ ပြဿနာမရှာနဲ့လေ၊ ဆောင်း ကလည်း မင်း ပြောသမျှကို ခေါင်းငုံ့ခံနေမှာမို့လို့လား.. ပြန် ဆိုင်စမ်း ..”

ချာန်း က ဒေါ်ပပလွင် လက်ကိုဖယ်ချ၍ ပုတ်သိုးနေသည့်မျက်နှာ ကြီး ဟိုလှဲဒီလှဲနှင့် ...

“ဟိုတုန်းတည်းက တစ်ချိန် ဆောင်း နဲ့ပဲ လက်ထပ်မှာလို့ ကျွန် တော် ဆုံးဖြတ်ပြီးသား ..”

ဘုရားရေ!...

ဒေါ်ပပလွင် မျက်လုံးပြူးသွားတာ ဟန်ဆောင်ဖို့ မေ့၏။

“အဲဒါ သူ့ကိုလည်း ပြောပြီးသား ..”

ကြည့်စမ်း ...၊ မထင်ရပါလား ...။

ဒီလိုမှန်းသာ ကြိုသိခဲ့လျှင် မင်းနဲ့ ဆောင်း ကို လက်ထပ်ပေးမှာ သို့ တစ်ခါတည်း တည့်တည့်ပဲ ပြောလိုက်မိမှာပါ။ ခုတော့ ...

“ကျွန်တော် ဆောင်း ကို သွားမေးမယ် ..”

“ဟဲ့ .. နေဦး ..”

ဒီတစ်ခါ ချာန်း က ခြေလှမ်းရပ်မည့်ပုံ မပေါ်သဖြင့် ဒေါ်ပပလွင် နှမ်းဆီကို တန်းပြေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ဖူး လားဟင် .. အိမ်မှာလား .."

"... ... ... ..."

"ဒုက္ခပါပဲ .. ဒါဆိုရင်တော့ အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်တော့မှာပဲ .. ငါက .."

ဒေါ်ပပလွင် က ဒီမှာ ပြောဆိုပြီးသမျှကို ခလုတ်တိုက်မတတ် ရှင်းပြ၏။ အပြင်ရောက်နေပါသည်ဆိုသည့် ဒေါ်ချစ်ဖူး ကလည်း သူ့သမီးနဲ့ ဆွေးနွေးပြီးခဲ့သည့်အကြောင်းတွေကို ပြောပြလျှင် ...

"ဟင်!... ဟုတ်လား .. ငါ့ကိုတော့ မပြောဘူး ချစ်ဖူး ရယ် .. ဒါဆို ငါက တမင်ထွင်ပြီးပြောလိုက်တာ နိမိတ်ပြေးသလို ဖြစ်နေတာပေါ့၊ ကလေးတွေကို ရန်တိုက်ပေးသလိုတော့ ဖြစ်ကုန်ပြီ ချစ်ဖူး ရယ်.."

"... ... ... ..."

"ဟုတ်ပါတယ်ဆိုမှ သမီးက ငြင်းထားတာ ငါ တကယ် မသိဘဲနဲ့ ရမ်းတုတ်လိုက်တာလေ ...၊ သဘောတူထားတာလည်း မရှိဘဲနဲ့ ပြောမိလိုမိ .."

လူကြီးတွေ ဖုန်းထဲမှာ မီးတောက်နေသလို ...၊ ရှာန်း ရဲ့ခြေလှမ်းတွေကလည်း ဟိုဘက်ခြံကို ကူးသွားလိုက်တာ ခဏလေး ...။ အထဲဝင်သွားတည်းက ထမင်းချက်ကောင်မလေးတွေကိုပဲ တွေ့ကာ ဆောင်းကို ဘယ်မှာမှ မတွေ့ ...။

"ဟဲ့ .. ဆောင်း အပြင်ထွက်သွားသလား .."

"မထွက်ပါဘူး .. ညနေကျမှ သင်တန်းသွားရမှာ .. ရေချိုးနေလား မသိဘူး .."

ရေချိုးခန်းဆီကို သူ တောက်လျှောက်ဝင်သွားတော့ ကောင်မလေးနှစ်ယောက် မျက်လုံးတွေ အဝိုင်းသားနှင့် ကျန်ရစ်၏။

ဒါပေမယ့် ရေချိုးခန်းတံခါးက ပွင့်နေသည်ဖြစ်ကာ ဆောင်းလည်း မရှိပါ ...။





"နင် ဘာကို လိုက်ရှာနေတာလဲ .."

သူ အပေါ်ထပ်တက်ပြီး ရေချိုးခန်းထပ်ဖွင့်မှ နောက်ကအသံကြားရသည်။ လှမ်းကြည့်လိုက်တော့ စတက်ဆံပင်ပျော့ပျော့လေးတွေက ရေသုတ်ထားစ မဖြီးသင်ရသေးသည့်ပုံစံနှင့် မျက်နှာလေးက ပြောင်ဆင်းတင်းလေး ခပ်တည်တည် ...။

"ငါ့ကို ရှာနေတာလား .."

"ဟုတ်တယ် .."

ဆောင်း က ဆံပင်လေးတွေ ဖွာခနဲ လှုပ်ခါသွားအောင် လှည့်ထွက်သွားကာ ...

"ဘာကိစ္စရှိလို့လဲ .."

"အံမာ .. မေးပုံက .."

"သြော် .. နေ့လယ်ခင်းကြီးဆို နင် အပြင်ရောက်နေတာပဲ များဘာလေ၊ အဲဒါကြောင့် မေးတာ ဘာဖြစ်သွားလို့လဲ .."

"ဒီမှာ ဆောင်း .."

နောက်က နှစ်လှမ်း သုံးလှမ်း ပါလာပြီးမှ ရှေ့ကသွားရင်း စကားပြောသွားနေတာကို စိတ်မရှည်ဖြစ်လာကာ လက်မောင်းကို ဆွဲလှည့်ပစ်လိုက်၏။ ဆောင်း ကိုယ်လေး ယိမ်းယိုင်လျက် သူ့ရင်ဘတ်နဲ့ ပစ်တိုက်သွားတာ အင့်ခနဲ ...။

"ဘာလုပ်လိုက်တာလဲ .. ဒီမှာ မူးသွားတာပဲ .. ဖယ် .."

"မေးစရာရှိလို့ လာတာ .. နင်ကချည်းပဲ မေးခွန်းတွေ ထုတ်နေတာ စိတ်တိုလို့လေ .. ပြောစမ်းပါ၊ လူကြီးတွေက စီစဉ်တာကို နင်က ငြင်းတယ်ဆို .."

သူ့ရင်ဘတ်ကို တွန်းထားရင်း ရုန်းနေတာတွေ ခဏတဖြုတ်ဆိုင်းတန့်သွားသည်။ မျက်လုံးချင်းဆုံပြီး ငေးခနဲ ဖြစ်သွားတာလည်း အသက်တစ်အောင့်တော့ ကြာလေသည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်စမ်းပါ .."

လက်ချင်းဖိ၍ အတင်းတွန်းတိုက်ချပစ်လိုက်ပြီး ရှန်းကာ ...

"ငြင်းတာ ဘာဖြစ်လို့လဲ ..၊ ငါ ကြိုက်မှ ငါ လက်ထပ်မှာပေါ့၊ ဟွန်း .. မေးပုံက ပိုင်စိုးပိုင်နင်း .."

ဆောင်း က တွန့်ရွံ့သွားသည့် စပို့ရှပ်အင်္ကျီလေးကို ဆွဲဆန့်ပြုပြင်ပြီး လှည့်ထွက်သွား၏။ ရှာန်း က ဘေးကနေ ပူးကပ် လျှောက်လိုက်နေရင်း ...

"ပိုင်စိုးပိုင်နင်း မေးတာ မဟုတ်ဘူးလေ ..၊ ငါ နင့်ကို မပြောဖူးဘူးလား .. လူကြီးတွေ ဒီတိုင်း စီစဉ်ကြမှာပဲလို့ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ဖြစ်လာရင် ကျေကျေနပ်နပ် လက်ခံနိုင်အောင် ငါက ပြင်ဆင်ထားပြီးသား .."

"ငါက စိတ်ကူးထဲမှာကို မရှိဘူး .."

"ဆောင်း .."

"ဘာလဲ .."

ရှာန်း က ဆောင်း ရှေ့က ပိတ်ရပ်ထားလိုက်ကာ ...

"နင် ငါ့ဘက်ကို ပြန်ကြည့်ဦး .."

"ဘာဖြစ်လို့ ကြည့်ရမှာလဲ .."

"ငါက အချိန်တန်ရင် ငါတို့နှစ်ယောက်ပဲဆိုပြီး ဘယ်မိန်းကလေးကိုမှ ထိပါးကျူးလွန်ဖို့ စဉ်းစားခဲ့တာ မဟုတ်ဘူး၊ ရန်ဖြစ်ကြ ပြန်တည့်ကြ .. ဘယ်လိုနေနေ ဘာတွေဖြစ်ဖြစ် ငါတို့ချင်း ဘာပြဿနာဖြစ်ဖို့ရှိသလဲ .."

"နင် မရှိပေမယ့် ငါ ရှိတယ် ရှာန်း .."

ဆောင်း က ရှာန်း ရင်ဘတ်ကို ဆောင့်တွန်းပြီး အော်သည်။ ပြီးတော့ ပွနေသည့်ဆံပင်တွေကို ဖိသပ်ချပြီး မျက်နှာကို စူးစူးရဲရဲ မော့





ကြည့်ကာ ...

"လက်ထပ်ကြမှာကို နင်က ကလေးကစားစရာများ မှတ်နေသလား .."

"ကလေးကစားစရာ မှတ်ရအောင် ငါကရော ငပေါလား .."

"အဲဒါတော့ မသိဘူး .. သူငယ်ချင်းဖြစ်နေတိုင်း လက်ထပ်လို့ရမယ်လို့ နင် ထင်ချင် ထင် ..၊ ငါ မထင်ဘူး"

"မဟုတ်ဘူးလေ .. အခု မာမီက ငါ့ကို အိမ်ထောင်ချပေးမှာ.."

"ယူလိုက်ပေါ့ .."

"ဟုတ်ပြီ .. နင့်ကို အိမ်ထောင်ပြုရမယ်ဆိုရင်ရော .."

ဆောင်း အသံတိတ်သွားသည်။ ရှာန်း က ခပ်မဲ့မဲ့ပြုံးကာ ဘောင်းဘီအိတ်ထဲ လက်တွေထည့်ထားလိုက်ပြီး ...

"ငါတို့မှာ ချစ်သူတွေမှ မရှိကြသေးတာ .. လက်ထပ်မယ်၊ ပြီးရင် ကလေးတွေဖို့ ကြိုးစားမယ် .. အဲဒါမှာ ကြီးမားတဲ့ အခက်အခဲ ဘာရှိသလဲ၊ ချစ်တဲ့လူကို ယူပြီး အဲဒီမျက်နှာကို နေ့ညမြင်နေတိုင်း ကြင်နာလို့ရ ..၊ တစ်ယောက်ကို တစ်ယောက် အားနာ .."

"လင်မယားဖြစ်သွားကြရင် အားနာတာတွေ.. ရှက်တာတွေ မရှိတော့ဘူးတဲ့ .."

"ဘယ်သူက ပြောတာလဲ .."

ဆောင်း ပါးပြင်လေးတွေ ဖျန်းခနဲ ရဲသွားသည်။ တီလေးပြောတာပေမယ့် သူ့ကို မရှင်းချင်သည်မို့ ...

"ဘယ်သူပြောပြောပေါ့ .. ငါက နင့်အတွက် အကြံကောင်းပေးတာ၊ အထူးသဖြင့်တော့ ယောကျ်ားလေးတွေက ပိုပြီး အားနာတတ်ပါတယ် .."

ဖြစ်သွားတဲ့ ဆောင်း မျက်နှာက မေးဖျားလေး ပင့်မော့ကာ ... သလိုလို ငေါ့သလိုလို ချက်ချင်း ..။



www.burmeseclassic.com

www.burmeseclassic.com



ချာန်း အသည်းယားသွားသည်။

"ဟုတ်တယ်လေ .. မချစ်ဘဲနဲ့ ယူရတာပါဆိုပြီး အချိန်တန်တော လည်း ကလေးတွေ မွေးကြ၊ ကြင်နာကြနဲ့ ဖြစ်ကုန်ကြတာပဲ၊ သဘာ မကျတာတော့ မရှိပါဘူး၊ ယောကျ်ားဆိုတာ မိန်းမတွေအပေါ် အား စာနာဖို့ ဝတ္တရားထူးနဲ့ သဘောထားကြီးစွာ စောင့်ရှောက် ကြင်နာ တဲ့ မဟာကရုဏာရှင်ကြီးတွေကိုး၊ သူတို့ခမျာ သမိုင်းပေးတာဝန်အ ပါ .."

"ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ .. ရုပ်က .."

"သဘောပေါက်သွားပြီ .."

"ဘာ!..."

"ငါ မကြင်နာမှာစိုးလို့ စကားတွေ ခေါ်နေရှာတာ .."

"အဲဒီနားမှာ ဂျွမ်းသုံးပတ်လောက်ထိုးပြီး လဲသေလိုက် .."

ဆောင်း က ချာန်း ရဲ့ပခုံးကို ဆောင့်တွန်းပြီး ဘောက်ဆတ်ဆ လေး လျှောက်သွား၏။ ချာန်း က အရယ်မပျက်နှင့် လိုက်ပါလာရင် သူ တွေးနေတာက မာမီ ပြောလိုက်တဲ့ ချစ်သူရှိတဲ့ ကိစ္စ ..။

ဒီတိုင်းပဲ လက်ထပ်ကြဖို့ စည်းရုံးမလား ..၊ ချစ်သူဆိုတာ ဘယ်သူ လဲလို့ ဖွင့်မေးရမလား ..။

မမေးဘဲ နေလိုက်တာ အကောင်း .. မေးမိကာမှ မဟုတ်ဘဲနဲ့ ချော်လဲရောထိုင် ပြောလိုက်ဖို့လည်း ရှိသေးသည်။

နှစ်ယောက်သား အတွေးချင်း တိုက်ဆိုင်စွာ တူနေကာ ဆောင်း တွေးတာက သူ့ကို ငြင်းလက်စနဲ့ ဆက်ငြင်းလိုက်ဖို့ ဖြစ်သည်။

ချာန်း ဒီကို ဘာဖြစ်လို့ ဒေါသ မောဟတွေနဲ့ ရောက်လာတာလဲ.. ကိုယ် လက်မခံနိုင်ဘူးဆိုတာလည်း ပြောပြီးပြီမို့ ...

"ငါ့မှာ ချစ်သူရှိတယ် .."





"ဘာ!..."

သူ ဒါပဲ တွေးနေတုန်း ဆောင်း က ပြောလိုက်တော့ နားထဲမှာ ...တ်ကွဲသံတစ်ခုခုပါ ရောပါလာသလို အူထွက်သွားသည်။

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ .."

"ဘာဖြစ်လို့ မရှိရမှာလဲ .."

"နင်နဲ့ငါ အတူ အမြဲတမ်း ရှိနေကြတာ .. ပြောရရင် နင် မပါဘဲ ...ဘာသာ သွားလာနေတာတွေ ရှိရင်ရှိမယ်၊ ငါမပါဘဲ နင် သွားလာခဲ့ ... မရှိဘူး၊ ငါ့မှာ ရည်းစားရှိတယ်ဆိုရင်တောင် သဘာဝကျသေးတယ်"

"ငါက ရည်းစားရှိနေပါပြီလို့ ကြေညာနေစရာလား ချာန်း ရဲ့.."

"လျှောက်ပြောမနေနဲ့ .. အပိုတွေ .."

"ချာန်း .."

"ဘာလဲ .."

"ငါပြောတဲ့စကားကို အပိုတွေလို့ အပြောခံရတာလောက် ခံရ ...ဆ်တာ မရှိဘူး .."

"ခံရခက်နေရင် ထဘီခေါင်းစွပ်ပြီး ထခုန်ပါလား .."

"ကြည့်စမ်း .. အစုတ်ပလုတ်ကောင် .."

"ကဲပါ .. မဟုတ်ကဟုတ်ကပြောပြီး အချိန်ကုန်ခံနေမယ့်အစား ...ဂ်လာကိစ္စ ငါတို့ ဆွေးနွေးရအောင် .."

"တကယ်ကို အတည်ကြီးပါလား ချာန်း .. ငါ့မျက်နှာမှာ နင့်ကို ...သိုချင်ရက်နဲ့ ဟန်ဆောင်နေရတဲ့ပုံများ ပေါက်နေလို့လား .."

"မပေါက်ဘူးလေ .. အဲဒါကြောင့် အတည်အတံ့ ဆွေးနွေးကြဖို့ ...လာခဲ့တာပေါ့၊ ငါတို့နှစ်ယောက် လက်ထပ်ပြီးရင် မာမီ့ဆီက လုပ်ငန်း ...ရင်းနှီးဖို့ တောင်းမယ်၊ ငါက ရုပ်ရှင်ဗီဒီယို ထုတ်လုပ်ဖြန့်ချီရေး ထောင် ...မယ်၊ နင်လည်း နင် ဝါသနာပါတာ တစ်ခုခု လုပ် ..၊ ငါတို့ချင်း...ရင် သူ့ဝါသနာ ကိုယ့်ဝါသနာ ဘယ်လိုခွဲခြမ်း ဝေငှယူယူ ပြဿနာဖြစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး ..”

သူ ပြောသမျှ ဆောင်း ငြိမ်သက် စူးစိုက်နေတာကို ရျာန်း ကတော့ ဟုတ်လှပြီ ထင်နေဟာ ...

“ငါတို့ မချစ်မနှစ်သက်တာကြီးနဲ့ လက်ထပ်ပြီး တစ်နေ့ အခါ ရှုစ်ဆယ်လောက် စိတ်ပျက် ငြိုငြင်နေရမယ့်ဒုက္ခလည်း မရှိတော့ဘူး..”

“ဘယ်သူ ပြောတာလဲ ..”

“ငါ ပြောတာ ..”

ပြောင်ပြောင်မေးလိုက်တော့ ရျာန်း ကလည်း ပြောင်ပြောင်ပဲ ဖြေ သည်။ နှစ်ယောက်အတူတူ လှေကားက ဆင်းလာကြရင်း ဆောင်း ရဲ့ပခုံးပေါ်က ခေါင်းရေသုတ်ထားသည့် တဘက်စောင်ပိုင်းလေးကို ရျာန်း က ယူလိုက်ပြီး လက်ထဲမှာ ဖြန့်ပြီးမှ ဆောင်း ရဲ့ခေါင်းပေါ် ပြန်လွှားတင်၏။

ဆောင်း က ဆောင့်အောင့်ဆွဲချပစ်လိုက်လျှင် ဆံပင်တွေပါ ပွကျ လျက် ...

“ငါ့မှာ ချစ်သူရှိတယ် ..၊ နင်လည်း ရုပ်ရှင်ထုတ်လုပ်ရေး ထော ချင်လို့ မိန်းမယူချင်တာဆိုရင် နင့်ဝါသနာနဲ့ အဆင်ပြေမယ့်တစ်ယော ယောက်ကို ရှာ ..”

“နင်ကလွဲပြီး တခြားတစ်ယောက် မရှိနိုင်ဘူး၊ အဲဒါကြောင့် ပြော နေတာ ..”

“အံမာ .. ငါကတော့ နင့်အလုပ်ကို နားလည် အဆင်ပြေမယ့်သူ ပေါ့ .. ဟုတ်လား၊ မိန်းမယူမယ့် ရည်ရွယ်ချက်က ကြီးမားလှချေလား”

လှည့်ရန်တွေ့တာနှင့် ရျာန်း က ဆောင်း ရဲ့ပခုံးလေးကို ဆွဲ လှေကားလက်ရန်းမှာ ကပ်ထားလိုက်၏။ ပြီးတော့ ဒီဘက်ကနေ လက် တစ်ဖက် တင်လိုက်တာနှင့် ဆောင်း က လက်ရန်းမှာ ကျောကပ်လျက် သားလေး သူ့ရင်ခွင်ထဲမှာ ..။





“ဆောင်း ကလည်းကွာ .. နင် တမင် ဂျစ်ကန်ကန်လုပ်နေတာ၊ နင် ငါ့ကို လက်ခံနိုင်လာအောင် ငါ့ဘက်က ကြိုးစားမှာပါ၊ အခု ငါ့ ဝါသနာနဲ့ရော .. ငါ လက်ခံနိုင်မယ့်သူကို ငါ ရွေးလိုက်တာ အဆင်ဆိုး ချင် ဆိုးသွားမယ် .. အဲဒါ တခြား ဘယ်မိန်းမကိုမှ လက်မထပ်နိုင်တဲ့ ဆုံးဖြတ်ချက်ကြောင့်ပါ၊ ငါတို့ လက်ထပ်ရအောင်နော် ..”

“မထပ်ဘူးကွာ ..”

“ဘာဖြစ်လို့လဲ ..”

“ငါ့မှာ ချစ်သူရှိတယ် ..”

“ဒါဆို ပြော .. ဘယ်ကလဲ ..၊ ဘယ်သူလဲ ..”

ယုံလို့မေးတာ မဟုတ်သည့် မျက်နှာက ‘ယုတ္တိရှိအောင် ဖြေ၊ ဖြေနိုင်ရင်တော့ တွေ့မယ်’လို့ လှောင်ရယ်ဖို့ အသင့်ပြင်ထားတာမျိုး..။

“ငါ တကယ်ပြောနေတာ ရျာန်း..၊ သူနဲ့ငါ အွန်လိုင်းမှာတွေ့တာ”

ရျာန်း မျက်ခုံးတွေ တွန့်သွားသည်။ ဆောင်း ဝမ်းသာအားရ ဖြစ် သွားတာကို ဖုံးဖိကာ ...

“သူက မလေးမှာ အလုပ်လုပ်နေတာဟ ..”

“ဟား .. ဟား .. ဟား ...”

“ဘာရယ်တာလဲ ..”

“ရယ်စရာမို့လို့ပေါ့”

“ဘာမှ ရယ်စရာမပါဘူး .. ချစ်သူတွေဖြစ်ကြတာ မြင်တွေ့ ထိကပ်နေရမှ မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် စကားပြောရင်း နားလည်မှုတွေ ညီညွတ်သွားကြရင် သံယောဇဉ်ဆိုတာ ဖြစ်လာကြတာ ပဲ၊ သူနဲ့ငါ တွေ့ကြတာ ခြောက်လကျော်ပဲ ရှိသေးတယ်၊ ဒါပေမယ့် သံယောဇဉ်ကတော့ မသေးဘူး .. အဲဒါ သေချာတယ် ..”

“ဘယ်သူလဲ .. နာမည်က ..”

“ရတုအောင် ..”



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း မျက်နှာလေးကို စိုက်ကြည့်ကာ ရျာန်း ယုံရမလို .. မယုံ မလို မျက်နှာတစ်ပြင်လုံး ညိုမှောင်လာ၏။

ကိုယ့်စိတ်ကူးတွေ ပျက်ရတော့မှာကို စိတ်တိုမိတာလား...၊ ဆောင်း မှာ ချစ်သူရှိနေတာကို သိလိုက်ရလို့ တစ်မျိုးတစ်မည် ဖြစ်သွားတာ လား ...၊ ကိုယ့်ရင်ထဲကို နားမလည်နိုင် ...။

သေချာနေတာကတော့ စိတ်တိုနေပြီ ဖြစ်လေသည်။

"နေစမ်းပါဦး .. နင် ဘယ်တုန်းက အွန်လိုင်း ထိုင်တတ်သွား တာလဲ .."

"ငါ့ဖုန်းနဲ့ ငါ ထိုင်တာပဲ .. အားတဲ့နေ့ဆိုရင် ကွန်ပျူတာနဲ့ .."

"အဲဒီကောင်နဲ့ ငါ စကားပြောမယ်"

"ဘာ!... ဟာ.."

"ငါမှ မယုံတာ .."

"ယုံချင်ယုံ မယုံချင် နေ .. ငါ ပုံပြောနေတာ မဟုတ်ဘူး၊ သူ ပို့ပေးတဲ့ မွေးနေ့လက်ဆောင်တောင် ရှိသေးတယ်"

ရျာန်း မျက်နှာ အနီရောင်သမ်း၏။ သတိရလိုက်တော့ စိတ်ထဲမှာ ပို၍ ထိရှသွားခဲ့သည်။ ဒီနှစ်မှာ ဆောင်း ရဲ့မွေးနေ့တုန်းက သူ မရှိ

ဆောင်း ဘက်က ဤကဲ့သို့သော တိုက်ဆိုင် လွဲမှားမှုမျိုး ရှိခဲ့လျှင် ရောက်သည့်အရပ်ကနေ လက်ဆောင်တစ်ခုခုကို မပျက်မကွက် ပို့ပေး တတ်ပေမယ့် သူ ဒီနှစ် ပျက်ကွက်ခဲ့၏။

"ငါကတော့ သူက အဝေးကြီးမှာဆိုတော့ သူ့ဆီက လက်ဆောင် လာမယ်လို့လဲ မထင်ပါဘူး .. နင့်ဆီက လာမှာကိုပဲ မျှော်ခဲ့တာပါ ဒါပေမယ့် သူ ပို့ပေးလိုက်တာ ဘာလေးမှန်းတောင် မသိသေးဘူး ပါကင်ထုပ်ထားတာလေးက အရမ်းလှလို့ ငါ ဖွင့်တောင် မကြည့်ရက် လို့ မကြည့်ခဲ့ရဘူး၊ နင့်ကို ပြမယ် .."

"မပြနဲ့ .."





သရုပ်ဆောင်တာ သဘာဝလွန်နေပြီလားတောင် မသိ။ သူ့လက် ဖြုတ်ချလိုက်ပြီး လက်ဆောင် သွားယူပြမယ်လုပ်တော့ ရျာန်း က ဆွဲထား၏။

ဆောင်း သဘောတွေကျနေခဲ့သလောက် ရျာန်း မျက်နှာက သုန်မှုန် င်းမာနေခဲ့သည်။ ပြီးတော့ ဆောင်း ရဲ့လက်ကို လွှတ်လိုက်ပြီး သူ့ တ်တွေကို ဘောင်းဘီခါးစပ်မှာ ချိတ်၍ ...

"ဆောင်း .."

မျက်နှာကို စူးစိုက်ကြည့်၏။

"ရည်းစားရှိတယ်ဆိုတာနဲ့ အဲဒီမိန်းကလေးက တခြား ဘယ်သူ နဲ့ လက်ထပ်ခွင့် မရှိတော့ဘူးဆိုတာ မဟုတ်ဘူးနော် .. အဲဒီတော့ တ်ထား ...၊ နင် လက်ထပ်ရမှာက ငါပဲဆိုတာ .."

အနိုင်နဲ့ပိုင်း၍ လှည့်ထွက်သွားသည်။

သွားပေါ့ ...၊

ဆောင်း ကတော့ သဘာဝကျအောင် လိမ်ပြောလိုက်နိုင်တာကို မ်းသာလွန်းလို့ လက်ခုပ်လေးတောင် တီးလိုက်သေးသည်။

မချစ်နိုင်ဘဲနဲ့ ယူစရာလား ...၊

နင့်ကို မက်မောကြတဲ့ မိန်းကလေးတွေထဲမှာ သွားရှာလိုက်ဦး.. ချိုက်တာကြီး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ညည့်ခံပွဲထဲမှာ ပန်းအိုးအနီရောင်တွေ တင်ထားတာ ရိုက်ကူး
အဖွဲ့ကလူတွေ ထိုင်တဲ့ စားပွဲနော် .."

ကင်မရာနဲ့ မီးထိုးသမားတွေကို သေချာမှာရင်း မင်းသမီး ထိုင်
မယ့်နေရာကို ဈာန်း က သေချာပြသည်။

"မင်းသမီးစိတ်ထဲမှာ ဒီမှာရှိနေတဲ့ ညည့်ပရိသတ်က တစ်ဖ
ဆေးရုံတင်လိုက်ရတဲ့ အဖေက တစ်ဖက် .. သောကနဲ့ သာယာမှု
ဒွန်တွဲခံစားနေရတဲ့ပုံ ပေါ်လွင်နေရမယ်၊ နောက်ဆုံးမှာ သောကစိ
တွေ ဖုံးဖိမရအောင် ဖြစ်လာပြီး မျက်ရည်တွေ ဝေ့တက်လာမ
ကင်မရာက အဲဒါကို အမိအရ ရိုက်နေမှာနော်၊ အသံမပါတဲ့အတွ
အော်ဒီယို မလိုသေးဘူး .."

ဘေးကနေ ထိုင်ကြည့်နေလျှင် ဈာန်း ရိုက်နေတဲ့ ဇာတ်လမ်း
ဘာဆက်ဖြစ်မှာလဲဆိုတာကို သိချင်စိတ်ဖြစ်အောင် နှိုးဆွနိုင်စွမ်းရှိ
တော့ အမှန်ပင် ..။





ခမ်းနားစည်ကားသည့် မင်္ဂလာညည့်ခံပွဲကြီးတစ်ခုမှာ ရိုက်ကူးရေး
ဝင်ယူလို့ရအောင်တော့ ဒါရိုက်တာသင်တန်းတက်တုန်းက ဆရာကပဲ
ဆက်သွယ် ကူညီပေးခဲ့တာ ဖြစ်သည်။

ဒီပွဲပြီးသွားရင်တော့ သူ့ ဆက်လုပ်ရဦးမှာတွေ မနည်းမနောပါ..။

"ဘယ်လိုလဲ ဈာန်း .. ဇွဲကောင်းလှချေလား ..၊ ချစ်လွှမ်း တို့တော့
လက်လျှော့ပြီး တောပြန်သွားကြပြီနော် .."

ဈာန်း ဒါရိုက်တာသင်တန်း တက်နေတာရော ..၊ နေရာတကာမှာ
လှုပ်ရှားနေသမျှကိုပါ မြင်နေသည့် ဇာတ်ညွှန်းဆရာတစ်ယောက်က
အနားမှာ လာရပ်ပြီး စကားစမြည် ပြောသည်။

"သတို့သားနဲ့ သိတာလား .."

"ဆရာ ကူညီလို့ပါ"

"အင်း .. လုပ်တော့လုပ်ကွ .. ဒါပေမယ့် ကိုယ့်အရည်အချင်း
ကိုယ်သိနေရုံနဲ့ ကျေနပ်မနေနဲ့၊ မင်းက ချစ်လွှမ်း တို့လိုမှ မဟုတ်တာ၊
မြို့ကြီးမှာနေတဲ့လူ .. ပြီးတော့ ငွေကြေး တတ်နိုင်တယ်၊ သရဲကားဆိုပြီး
သရုပ်ဆောင်အသစ်တွေနဲ့ချည်းပဲ သက်သက်သာသာ ရိုက်မနေနဲ့လေ၊
တကယ်က အသစ်တွေကို သင်ရတာ ပိုပင်ပန်းတယ်၊ ရင်းနှီးသမျှ
ဝလုံမယ်၊ ဘာမှ အကျိုးအမြတ် မရှိဘူး"

ပြောတော့ ပြောကြတာပါပဲ။ ဒါပေမယ့် မာမိက သူ့ကို ဒီလုပ်ငန်း
အတွက်ဆို တစ်ပြားတစ်ချပ်မှ ထုတ်မသုံးရလို့ အမိန့်ထုတ်ထားသည်။

"မင်းရဲ့ဇာတ်ညွှန်း ကောင်းတယ်၊ ဒီဇာတ်ဆိုရင် နာမည်ကြီးတွေ
နဲ့ ရိုက်ရမှာ၊ အချိန်အခါကလည်း သရဲကားအချိန် ဖြစ်နေတာလေ.."

"ဟုတ်ကဲ့ ဆရာမြင့် .. ကျွန်တော် သိပါတယ်၊ အခုကတော့
စီးပွားရေးဘောင် မဝင်သေးရင်တောင် ကိုယ့်ရဲ့ဝါသနာအရည်အချင်း
မှတ်တမ်းပေါ့ .."

"မင်း အိမ်ထောင်ပြုလိုက်တာတော့ မဟုတ်ပါဘူးနော် .."



www.burmeseclassic.com

www.burmeseclassic.com



ဆရာမြင့် က ဆောင်း ဟိုမတ်တာဝ် .. ဒီမတ်တတ်လေး လုပ်၍ လိုက်ကြည့်နေတာကို မျက်လုံးနဲ့ ပြ၍ မေးသည်။ ဈာန်း က လှမ်းကြည့်ပြီး ရယ်လိုက်ကာ ...

"မပြုရသေးပါဘူး .. သူက ကျွန်တော့်သူငယ်ချင်း .."

"မင်း သင်တန်းတက်နေတုန်းကလည်း ခဏခဏ ပါလာတယ်မို့လား ..၊ တွေ့မိသလားလို့"

"ဟုတ်ကဲ့ .. လူကြီးချင်း သဘောတူထားတာ"

"ဒီလိုလား .."

ဆရာမြင့် က ပြုံး၍ ခေါင်းညိတ်သည်။ ရောင်စုံမီးတွေနှင့် လှနေသည့် မြက်ခင်းစိမ်းစိမ်းနှင့် ညှော်ခံပွဲထဲမှာ ကျောက်စိမ်းရောင် အပြောင်သား လက်ပြတ်ခါးရှည် ဂါဝန်လေးနှင့် ဆောင်း ပုံစံလေးက ထင်းနေသည်။

အဝေးကကြည့်တော့ တစောင်းမြင်နေရသည့် မျက်နှာဖွေးဖွေးလေးနှင့် ပြည့်ဝန်းသွယ်လျသည့် ဆင်စွယ်လို လက်မောင်းသားလေးတွေ ဖွေးနေတာပဲ သိသာစွာ ရှိနေ၏။

လက်ဝတ်လက်စားလည်း ဘာမှ တန်ဖိုးကြီးတာ ဝတ်မထားပေ။ အစိမ်းနဲ့အနက် ရစ်ထားသည့် ဒေါက်မြင့်ဖိနပ်နှင့် နားကွင်းဝိုင်းလေးရော၊ လည်ပင်းက ကပ်ကြိုးပြားလေးနဲ့ပါ အားလုံးက တစ်ရောင်တည်း ဖြစ်ကာ ဂါဝန်ပုံလေးက ရိုးရိုးလေးပေမယ့် မြင်ရတာ ဆန်းနေ၏။

ထို့ပြင် ဆောင်း က ချောကလက်စားနေတာ ဖြစ်သောကြောင့် မင်္ဂလာပွဲကြီးနဲ့ မလှမ်းမကမ်းမှာ ချောကလက်စားရင်း ငေးနေသည့် ကောင်မလေးတစ်ယောက်က ချစ်ဖို့ကောင်းနေသည်။

ဆရာမြင့် က ပြုံးသဲ့သဲ့ဖြစ်သွားသောကြောင့် နောက်ထပ် မေးခွန်းထွက်မလာခင် ဈာန်း က စီးကရက်မီးညှိရင်း ရှေ့ကို ခြေလှမ်းတိုးလိုက်ကာ ...





"ဒါပြီးရင် ဓာတ်သိမ်းခန်းပဲ .. ဆရာမြင့် လိုက်ကြည့်ဦးမလား"

"အင်း .. မင်းရဲ့ဓာတ်က စိတ်ဝင်စားဖို့ကောင်းတော့ လိုက်တော့ ကြည့်ချင်ပါတယ် .. ဒါပေမယ့် ငါက အလုပ်ကိစ္စ အပြန်ဝင်ရဦးမှာ၊ ဓာတ် ဘယ်လိုသိမ်းမှာလဲ .. နည်းနည်းပါးပါး ပြောပါဦး"

"မင်းသမီးက ဒီမှာ မင်္ဂလာပွဲလုပ်နေတုန်း သူ့အဖေက အက်ဆီးဒင့်နဲ့ ဆေးရုံရောက်နေတယ်လေ၊ စိုးရိမ်ရတယ်ဆိုတာ သိထားပေမယ့် သေလားရှင်လားတော့ မသိဘူးပေါ့ .."

"အင်း .."

"တကယ်က သေသွားပြီ .. မင်းသမီး ဒီကအပြန်လမ်းမှာ သူ့အဖေက အိမ်ကထွက်သွားတဲ့ကားနဲ့ပဲ သူ့ကားဘေးကနေ ကပ်ဖြတ်သွားမယ် .."

"သိပြီ .. အင်း .."

"အဲဒါနဲ့ အရမ်းစိုးရိမ်ပြီး မင်းသမီးက အပြန်လမ်းလည်း သင့်တော့ သူ့အဖေအိမ်ကို သတင်းမေး ဝင်မှာလေ၊ အဲဒီမှာ သူ့အဖေကိုယ်တိုင် ထွက်တွေ့မှာ .."

"ဟား .. ကောင်းလှချေလား ..၊ မင့်ဟာ .."

ဈာန်း သဘောတွေ ကျသွားသည်။ အနုပညာသမားတစ်ယောက်က ကိုယ့်အနုပညာကို ပရိသတ်ထဲက ချီးမွမ်းဂုဏ်ပြုလိုက်ပြီဆို စားစရာမလိုဘဲ ပြည့်ဝစေတဲ့ အာဟာရစားပွဲတစ်ခုကို စားသုံးလိုက်ရသလိုပါ။

"မင်းကွာ .. အဲဒါ အထက်တန်း ဖြစ်ရမှာကို .."

ဆရာမြင့် က မချင့်မရဲ ပြောသွားသေးသည်။ နောက်တစ်ဆင်းနဲ့အတွက် ရှေ့ပြောင်းဖို့ပြင်နေတုန်း ဆောင်း ရောက်လာကာ ...

"အချိန်မရှိတော့ဘူးနော် ဈာန်း .."

"အင်းပါ .. ငါ မာမီ့ကို ဖုန်းဆက်ပြီးပါပြီ"

"ငါ့ကိုတော့ အိမ်ပြန်ရင် တီလေး ဆူမှာ သေချာတယ် အဲလိုလို



www.burmeseclassic.com

www.burmeseclassic.com



ကမှ ..”

ဒီလို မိုးချုပ်နေဝင် သွားလာနေတာတွေကြောင့် မသင့်တော်တာတွေ ဖြစ်မှာစိုးလို့ ချာန်း နဲ့ပဲ လက်ထပ်ရမယ်လို့ ပြောထားခဲ့တာ ကိုယ့်ဘာသာ ပြန်တွေးရင်း ပါးစပ်ပိတ်ထားမိ၏။

ချာန်း က မအားတဲ့ကြားက ဆောင်း ကိုလည်း ပြေးချော့သေးသည်။ ပြီးတော့ ...

“ဆောင်း .. နင် အရမ်းလှနေပါလား၊ နောက်ရိုက်မယ့်ကားမှာ မင်းသမီး လုပ်ပေးစမ်းပါ၊ နာမည်ကြီးမင်းသမီးတွေအတိုင်း အနုပညာကြေး ပေးမယ် ..”

“အဲဒီ ဒါရိုက်တာရန် ကြောက်လို့ မင်းသမီး မဖြစ်လည်း နေပါစေတော့ ..”

ချာန်း က တဟားဟားရယ်ကာ ဆောင်း ရဲ့ပါးလေးကို လက်ခုံနဲ့ ကပ်တွန်းပြီး ထွက်သွားသည်။

နောက်ထပ်ရိုက်မယ့် ဆင်းန်က လမ်းမလယ်ခေါင်မှာဖြစ်ကာ အားလုံးကို မှောင်ချ၍ ကားတွေကိုပဲ လိုက်တင်ပေးထားသည်။

“အန်ကယ်လ်က ဒရိုင်ဘာရဲ့နောက်မှာ ခပ်တောင့်တောင့် ထိုင်မယ် .. မျက်တောင်မခတ်ဘူး၊ မျက်လုံးကို ရှေ့မှာ စူးစိုက်ပြီး ငြိမ်ထားမယ်၊ ကားက နှစ်စီးကပ်ရှောင်တဲ့အချိန်မှာ စလိုးနဲ့သွားမှာ.. အန်ကယ့်လ်မျက်နှာကို ခရမ်းပြာလိုက်တင် ဖြတ်တဲ့အချိန် ခဏလေးမှာ မင်းသမီးရဲ့စိတ်ကို အကြီးအကျယ် ဒုက္ခပေးသွားနိုင်တဲ့ မု(ထ်)နော် ..”

ဆောင်း စိတ်ဝင်စားနေပြီ ဖြစ်သည်။ ဆေးရုံတင်လိုက်ရသည့် မင်းသမီးရဲ့အဖေက အဖြူရောင်အင်္ကျီနှင့်ဖြစ်ကာ ကားက အနက်ရောင် သူတစ်ယောက်တည်းပဲ ထင်နေသည်။

ရိုက်ကူးရေးကားပေါ်မှာပဲ ဆောင်း က ရှိနေတာဖြစ်လျက် သရုပ်ဆောင်အားလုံးကို သူမ စိတ်ဝင်တစား ကြည့်နေခဲ့မိသည်။





“ကိုချာန်း .. ကားတိုက်ခံရတာ မိဘနှစ်ပါးစလုံး မဟုတ်ဘူးလား၊ နောက်ခန်းမှာ အဖေရော .. အမေရော ရှိရမှာလေ ..”

တစ်ယောက်က မေးတော့ ချာန်း က ခေါင်းခါ၍ ...

“အဖေတစ်ယောက်ပဲ သေရမှာ .. အဲဒါကြောင့် ကားပေါ်မှာလည်း တစ်ယောက်ပဲ ..”

ချာန်း ဖြေလိုက်တာကို ဆောင်း လည်း သေချာကြားသည်။ ဒါပေမယ့် ကားတွေ စထွက်တော့ အဖေဆိုသည့်လူကြီးရဲ့ဘေးမှာ နောက်ထပ်လူကြီးတစ်ယောက်ကို ဆောင်း မြင်လိုက်၏။

ဘယ်လိုကြီးလဲ ..၊

အင်္ကျီအဖြူနဲ့ချည်းပဲ နှစ်ယောက် ဖြစ်နေတော့ ရိုက်ချက်တွေ ချွတ်ယွင်းကုန်မှာပေါ့ ..။

ချာန်း ကို ပြောမလို့ လက်မောင်းကို ကိုင်လိုက်တော့ ချာန်း က လှည့်ကြည့်ဖော်တောင်မရဘဲ သူ့အလုပ်မှာ စူးစိုက်ရင်း ကျေနပ်အားရနေသေးသည်။

“အိုခေ .. ကဒ် ..”

ကဒ် .. ဆိုတာလည်း ဆောင်း သတိမထားမိဘဲ အဖေဆိုသူ၏ဘေး ရပ်သွားတဲ့ဆီ ဆောင်း သေချာကြည့်နေမိသည်။

“ဘယ်လိုလဲ .. ဒါရိုက်တာကြီး ကျေနပ်ပါရဲ့လား ..”

“ကောင်းတယ် .. အားလုံး ကောင်းတယ် ..”

“မု(ထ်)သွင်းရတာ ဘာမှ မခက်ဘူး ကိုချာန်း ရဲ့ ..”

မင်္ဂလာဝတ်စုံနှင့် မင်းသမီးကလည်း ဆင်းလာပြီး အားပါးတရ ပြောသည်။

“ပတ်ဝန်းကျင်က အရမ်းမှောင်နေတော့ မျက်နှာခပ်ပြာပြာနဲ့ မြင်လိုက်ရတဲ့အဖေကို ကြောက်သွားတာရော.. စိုးရိမ်သွားတာရော တကယ်ကြီး ခံစားလိုက်ရတာ ..”



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကျေနပ်ဝမ်းမြောက်နေကြတဲ့အချိန်မှာ ဆောင်း လမ်းပေါ်မှာ တစ်လှမ်းချင်း တိုးသွားနေပြီ ဖြစ်သည်။ ဒရိုင်ဘာနှင့် အဖေဆိုသူ ဆင်းလာပြီး စောင့်ကြည့်နေပေမယ့် နောက်ထပ် ကားပေါ်ကနေ ဘယ်သူမှ ဆင်းမလာသဖြင့် ကိုယ့်အမြင်အာရုံကို သေချာချင်သည်။

ကားပေါ်တက်သွားတဲ့အထိ အားလုံးရှေ့မှာ ဖြစ်သလို အဖေဆိုသူ အပြင် ဘေးမှာ လူပိုပါရမှာ မဟုတ်ဘူးဆိုတာ ဓာတ်လမ်းအရ သေချာနေ၏။

မသေချာတာက ကိုယ့်မျက်လုံးပဲ ဖြစ်နေသည်ဆိုလျှင် ဒါဟာ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးရတော့မယ့်အပိုင်း ဖြစ်၏။ နက်ဈေးနေသည့် မာစီးဒီး၏အရောင်က အလင်းရောင်ကျသည့် အစွန်းအဖျားလေးတွေမှာ လက်ခနဲ ပြက်ခနဲ ဖြစ်သွားသည်မှလွဲ၍ ညအမှောင်မှာ ပျောက်နေ၏။

ရယ်သံတွေကို ကျောခိုင်းကာ ဆောင်း ရှေ့ကို ထပ်တိုးသည်။ ထိုအခါကျမှ မှန်ချထားသည့်တံခါးဘောင်ပေါ်မှာ တင်ထားသည့် လက်တစ်ဖက်ကို မြင်လိုက်၏။

ညအမှောင်မှာတောင် ရုပ်အကျီအဖြူလက်ရှည်၏ အနားစ အတိုင်း ဖြူဖွေးနေသည့် လက်က ထင်းနေသည်။ ဒီလူက ကားပေါ်က ဆင်းမလာတာပဲ ..။

သူ့ကို လာချောင်းသည် ထင်မှာစိုးသဖြင့် ဆောင်း နေရာမှာတင် တုံ့ခနဲ ရပ်၍ ကိုယ်ရှိန်သတ်ရသည်။

"ဆောင်း .. လာလေ .. နောက်ကျမှာစိုးတယ် ဆိုပြီးတော့ -"

ရှာန်း က လှမ်းခေါ်ပြီး နာရီကြည့်လိုက်သဖြင့် ဒရိုင်ဘာကလည်း ကားဆီ ခပ်သုတ်သုတ် ပြေးလာသည်။

"ညီမတို့က ဒီကားနဲ့ လိုက်ရမှာ မဟုတ်ဘူး .."

"ဟုတ်ကဲ့ .. သိပါတယ် .."

ဆောင်း ပြန်လျှောက်လာခဲ့စဉ် ကားက ဘက်ခ်ဆုတ်ပြီး ပြန်လှည့်သွား၏။

"ကားက ဟိုအိမ်မှာပဲ ထိုးထားရမှာနော် .."

"ဟုတ်တယ် ကိုဝင်းဦး ..ခင်ဗျား အရင်သွားပြီး စောင့်နေနှင့်၊ အဲဒီအိမ်မှာ ကားကိုဒေါင်ထားတယ်၊ ဒီကားကို ဖင်တစ်ပိုင်းပေါ်အောင် ဆုတ်ပေးထား .."

"အိုခေ .."

ကား ပြန်ရောက်လာသည်နှင့် ဆောင်း မျက်လုံးပြူးသွား၏။ လူတွေအားလုံးရဲ့ရှေ့ကို ကား ခဏရပ်လိုက်လို့ ငုံ့ကြည့်မိလျှင် နောက်ခန်းထဲမှာ ဘယ်သူမှ မပါ ..။

ဒါ.. ဒါ ဘယ်လိုဖြစ်တာလဲ ..။

မျက်လုံးသည် ခုနက ကားရပ်ခဲ့သည့်နေရာဆီ အလန့်တကြား ရောက်သွား၏။ အဖြူရိပ်လည်း မမြင်၊ ဘာအရိပ်မှလည်း ရှိမနေပါ။

ရှိနေရင်လည်း ဟိုအဝေးကြီးထိ ထွက်ပြေးနေပါစေ မမြင်ရစရာ အကြောင်းမှ မရှိဘဲ ..။ ဒီနေရာနဲ့ ခုနကနေရာ ..၊

ဝါးနှစ်ပြန်လောက်ပဲ ဝေးသည်။ ကားက ဒီက လင်းနေသည့် အလင်းရောင်တွေနှင့် လုံးဝ လွတ်ကင်းရာကို သွားရပ်ထားတာလည်း မဟုတ် ..။

"ဆောင်း .."

"ဟင်!..."

"ဘာဖြစ်နေတာလဲ .. ကားပေါ်တက်လေ .."

"ရှာန်း .."

"ဟင် .."

လူကို လက်ပြန်လေး ဆုပ်ကိုင်ကာ ရင်ခွင်ထဲမှာ ကျောလေးကပ်လာသဖြင့် တစ်ခုခုကို ထိတ်လန့်နေသည်မှန်း ရှာန်း သိလိုက်သည်။ ညက အရမ်းမှောင်နေလို့ ဆောင်း ကြောက်တယ်ပဲထင်တာ ...







www.burmeseclassic.com

www.burmeseclassic.com



"ကြောက်နေတာလား ..၊ နောက် တစ်ဆင်းန်က အိမ်ထဲမှာပါ လမ်းပေါ်မှာ မဟုတ်တော့ဘူး .."

ပခုံးလေးကို ဖက်လိုက်တော့ ဆောင်း က ဖယ်ချုပစ်လိုက်ပြီး ခေါင်းခါသည်။ ပြီးတော့ သူ့ဘက်ကို မျက်နှာချင်းဆိုင် လှည့်လိုက်ကာ..

"ငါ့ကို အိမ်ပြန်ပို့ပေးပါ .."

"အေးပါ .. ဒီည အပြီးရိုက်ချင်လို့ပါ ဆောင်း ရာ .. ဂျီမကျစမ်းပါနဲ့ .."

"ဟင့်အင်း .. ဟင့်အင်း .. ဒါဆို ငါ့ဘာသာ ကားမောင်းပြန်မယ်"

"ပြန်ရဲလို့လား ..၊ ဒီမှာ လူတွေ အများကြီး ရှိနေတာတောင် နင် ကြောက်နေသေးတာ .."

"ဟုတ်တယ် .. အဲဒါ နင့်ကြောင့် ..၊ နောက် ဘယ်တော့မှ မလိုက်ဘူး၊ ပေး .. ကားသော့ .. ငါ့ဟာငါ သရဲကိုက်လို့ပဲ သေသေ .. နင့် အလုပ်နင် ပြီးအောင် လုပ် ..၊ ငါ ပြန်မယ် .."

"ကျွတ်!..."

ဆောင်း ကို သူ ဒီတိုင်း ပြန်မလွှတ်လိုက်နိုင်ဘဲ အားလုံးကို ဒီည ဒီမှာပဲ ရပ်ထားလိုက်ဖို့ ပြောရတော့သည်။

ဘယ်သူမှ မကြည်လင်ကြပေမယ့် သူ့မှာလည်း မဖြစ်သာခဲ့သည် ရှိရာ ..၊





## အခန်း (၈)

နောက်ထပ် ဆောင်း ကို ပြန်စည်းရုံးရတာ တော်တော်ကို ခဲယဉ်းသည်။ ပိုဆိုးသည်က ဇာတ်ကားက ပြီးသွားပေမယ့် ကုန်ကျစရိတ်တွေက ရှင်းလို့မပြီးသေး ..။

"မာမီက တစ်မျိုး .. နင်က တစ်မျိုး ..၊ ငါတော့ ရူးချင်နေပြီကွာ.. ယ်ပဲ .."

"မှားနေပြီ ဈာန်း .. နင် အဲဒါတွေ ဆက်လုပ်နေရင် နင် မရူးဘူး၊ ရူးမှာ .."

ဆောင်း က 'နန်းသီတာ'ထဲ ဝင်သွားပြီး ညှိုကြိုမိန်းကလေးကို း ဘာတစ်ခွန်းမှ ပြန်မဖြေဘဲ လွတ်နေသည့်စားပွဲမှာပဲ ဆောင့်ခနဲ ချလိုက်သည်။

"နှစ်ယောက်တည်းပဲ .. ဘဲကင်နဲ့ ရေခူသုပ် အချဉ်လျှော့ပေး၊ ထုန်းဆောင်နဲ့နော် .."

သူပဲ မှာကာ ဆောင်း နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်၍ ...

"ဘာမှာဦးမလဲ .."

"ငါးမန်းတောင်ဟင်းချိုရယ် .. ငါးလိပ်ကျောက်ချဉ်စပ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!..."

မှတ်တဲ့လူက မှတ်သွားပြီဖြစ်ကာ ချာန်း ပါးစပ်အပြဲသား ကျ...
ရစ်၏။

"ဆောင်း .."

"ဘာလဲ .."

"ရေရှုသုပ် မှာထားတယ်လေ .."

"ဘာဖြစ်လဲ .. ငါ စားချင်တာ ငါ မမှာရဘူးလား .."

"ငါးမန်းတောင်ဟင်းချိုကြီးက ဘာလုပ်ဖို့လဲ .. ဒီလောက် ...
ဟောက်နေတာ ရွံစရာကြီး .."

"နင် ရွံပေမယ့် ငါ မရွံဘူး .."

"ငါးလိပ်ကျော်ချဉ်စပ် တဲ့ .."

"ဘာဖြစ်လဲ .."

"သေချာတယ် .. နင် နူတော့မှာ .."

"နူပေ့စေ .. အဲဒီတော့ လက်ထပ်ဖို့ အကြောင်းပြပြီး အမြတ်ထုတ်...
ချင်တဲ့ စီးပွားရေးသမားတွေရန်က အေးတာပေါ့"

"မအေးဘူး .. နူရုံမကလို့ တစ်စစီ ပြတ်ကျနေပစေ ရအောင်...
ယူဦးမှာ .."

"ဟွန်း .."

"ရုပ်လေး သနားကမားနဲ့ သိပ်အကျင့်ပုတ်တဲ့မိန်းမ .."

နှစ်ယောက်ပြိုင်တူ မျက်စောင်းထိုးမိရင်း ချာန်း က စားပွဲပေါ်...
ပန်းကန်တွေ ဟိုမွှေဒီမွှေ အသံပေးကာ ပါးစပ်က တလှုပ်လှုပ် ...။

"လူကို သားပြော မယားပြောမနေနဲ့..၊ နူမှာစိုးတာလား .. ပိုက်...
ကုန်မှာ စိုးတာလား၊ သူများပေးရမယ့် ပိုက်ဆံတွေ လိုနေသေး...
လည်ပင်းအစ်နေတော့ .."

"ဩော် .. သိရဲ့သားနဲ့ တမင် ညစ်တာပေါ့"





"တစ်ခုပြောမယ်.. အဲဒါသဘောတူရင် နင် အခု လိုနေတဲ့ ပိုက်ဆံ
... အလကားပေးမယ်"

ချာန်း က မျက်မှောင်ကုတ်သွားပြီး တော်တော်နဲ့ မဖြေ ..။

ဆောင်း ကလည်း တစ်သျှူးစလေးထုတ်၍ မျက်ခုံးလေးပင့်၍
...သေချာချာခေါက်နေကာ 'ဘယ်လိုလဲ' ဆိုသည့်အကြည့်လေး မကြာ
... ခဏ၏။

ချာန်း က တော်တော်ကြာမှ သက်ပြင်းချ၍ လက်နှစ်ဖက်ကွေး၍
...ပွဲပေါ်တင်ကာ ...

"မပြောနဲ့ .. လုံးဝ သဘောမတူဘူး၊ ခင်ဗျားကိုပဲ ရအောင်ယူမှာ"

"ဟင်!..."

အပိုင်အနိုင် စောင့်နေသည့် ဆောင်း မျက်နှာလေး ပျာယီပျာယာ
...သွားသဖြင့် ချာန်း က ဟက်ခနဲ ရယ်သည်။

"ချာန်း .. နင်က ငါပြောမှာကို သိတယ် .."

"သိတယ် .. အဲဒီလောက်ဖြစ်နေတဲ့ မိန်းမကို ရအောင်ယူပြီး
...နေ့ အခါတစ်ရာလောက် ဖိုက်နိပ်ပြီး အော်ရယ်နေဦးမှာ .."

"ရယ်ရင်းနဲ့ အူတက်သေသွားပါစေ .. ဟွန်း .."

"အဲဒီလိုမေတ္တာပို့လေ ကျန်းမာလေနော် .. မုန်းခိုင်းလေ ပိုချစ်လေ
..."

"ရုပ်ကြီးကိုက .."

"နင့်ကို ငါ ဒါရိုက်တာလုပ်ချင်လို့ မာမီ့အကြိုက် ရွေးတယ်လို့
... ထင်နေတာလား .."

"တော်ပြီ .. တော်ပြီ .. မပြောတော့ဘူး"

ဒါတွေ ဆက်ပြောလာမှာစိုးကာ ဆောင်း က စကားပြတ်ဖို့ ကြိုး...
...ည်။ ထိုစဉ် ဆိုင်ထဲဝင်လာကြသည့် ယောကျာ်းလေး လူသိုက်ကြီး...
...ည်းတာ မဟုတ် ...။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တာနှင့် စီးပွားရေးလုပ်ငန်းရှင်တွေမှန်း သိသာ ခပ်ငယ်ငယ် လူရွယ်နှစ်ယောက်ပဲ ပါ၏။ ဈာန်း က တစ်ချက်လှ ကြည့်လိုက်ပြီး ဒီဘက် ပြန်လှည့်၍ စကားပြောဖို့ပြင်လျှင် ...

"ရတုအောင် .. ဒီတစ်ခါတော့ မင်း ငါ ညစ်သမျှ ခံရတော့ နော် .."

"လုပ်ပါ .. လုပ်စမ်းပါ .. ရတုအောင် က ဘာဖြစ်ဖြစ် အောင် ခဲ့တာချည်းပဲ .. မရှုံးခဲ့ဖူးဘူး .."

"ဘာဖြစ်လို့လဲ .. ကိုစိုး .."

"ဘာဖြစ်ရမလဲ .. ရတု ဆိုတဲ့ကောင် ညစ်လိုက်တာလေ၊ မ မှာ ကံကောင်းလို့ လင်မယားကွဲတော့မလို့ .. ဒီကောင် တကယ် ရုပ်တည်ကြီးနဲ့ အဟုတ်ကို နောက်တတ်တာ .."

"ရတုအောင် က ဒီလိုလား .."

"ဟုတ်ပ .."

ဘုရား!...

ကျောပေးထိုင်နေရင်း ဆောင်း ကိုယ်လေး တောင့်သွားသ အော်တိုမစ်တစ် ပြူးထွက်သွားသည့်မျက်လုံးက ဈာန်း နဲ့ ဆုံက ချဉ်းဖို့ချဲ့ဖို့ သတိရ၏။

ရတုအောင် ဆိုတဲ့ နာမည်ကိုရော အသံကပါ ကျောနောက် ရောက်နေပြီ ..။ အွန်လိုင်းမှာ တစ်ခါ စကားပြောဖူးသည်။ လူချင်း မြင်လည်း မမြင်ဘူး၊ ဘာအဆင့်မှလည်း မရောက်ခဲ့ပါ။

ဈာန်း ကို ညာချင်တာနှင့် ပါးစပ်ထဲတွေ့ရာ ပြောချလိုက် ထိုလူက ကိုယ့်ရည်းစား ...၊

သွားပြီ .. လုံးဝ သွားပြီ ဖြစ်၏။

ဘယ်လိုလုပ်ရမလဲ ...၊ အတည်ပေါက်ကြီး စိတ်တိုသွားသ ဈာန်း မျက်နှာက အနီရောင်သမ်းနေပြီ ဖြစ်၏။





နောက်က တဝါးဝါး တဟားဟားသံတွေက လူကို ကျောပြင် တင်နေတဲ့အတိုင်း ..။

"နင် .. ဒီမှာ ချိန်းထားတာတော့ မဟုတ်ပါဘူးနော် .."

ဒီမှာပဲ စားမယ်လို့ ပြောခဲ့တာက ပိုက်ဆံမရှိမှန်း သိနေသည့် န်း ကို နှိပ်စက်ဖို့ပါ။

မလေးမှာ နေတဲ့လူက မိုးပေါ်က ကျလာသလို ချက်ချင်း ကျော တ် ရောက်လာမယ်လို့ ထင်မလား ...၊ ခေါင်းလေးခါပြရင်း ဆောင်း ယ်နှာလေး ငယ်ကျသွားပုံက သနားဖွယ်ဖြစ်လျက် ...၊

"ပြန်ရအောင် .."

"ဟုတ်တယ် .. မပြန်ချင်ဘူးဆိုလည်း ဂုတ်ကနေ ဆွဲ'မ'ခေါ်သွား ဦ့ စိတ်ကူးပြီးသား .."

တကယ် ဒေါကန်နေသည့် ဈာန်း က ဆောင်း လက်လေးကို ဲတာ ထိုစားပွဲဆီ မျက်နှာမလှည့်နိုင်အောင် စားပွဲတွေကြားထဲ ကွေ့ ာက်ပတ်သွားရင်း အပြင်ခေါ်ထုတ်လာ၏။

ကားထဲကို တွန်းထည့်ပစ်ခဲ့ပြီးမှ စားစရာတွေကို ပါဆယ်လုပ်ပေး တစ်ခါ ပြန်ပြောရ၏။ သူ ဒေါကန်နေသလောက် ဆောင်း ခုမှ က်ဝဝရှူနိုင်ကာ ...၊ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း ...။

သူများနောက်မှာ ကျောချင်းကပ် လာထိုင်ရသလား ...။

ရတုအောင် ဆိုတဲ့လူ ...၊

စီးကရက်သောက်ရင်း ချောင်းဆိုးပါစေ ...၊

ဘီယာသောက်ရင်း သီးပါစေ ...၊

ဟွန်း .. ဒီလောက်ပဲ တိုက်တိုက်ဆိုင်ဆိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"မလိုက်ပါဘူးဆိုတာကို ဘာဖြစ်လို့ သင်တန်းရှေ့ကနေ လာ စောင့်ခေါ်ရတာလဲ .."

"မရမက ခေါ်မှာမို့လို့ပေါ့ .. ဘာတွေ ထူးဆန်းနေလို့လဲ .."

"ဟွန်း .."

ချာန်း က ကားမောင်းနေရင်း ဖုန်းပြောသေးသည်။ ဒီမှာပြောတာ မပြီးသေးဘဲ ဖုန်းကောက်ပြောလိုက်သဖြင့် ဆောင်း ဒေါသတွေနဲ့ ခိုးလု ခုလု ဖြစ်ကျန်ရစ်၏။

"ဟို မာစီးဒီးလား .."

"... ... ... ..."

"မယူတော့ဘူး အောင်မင်း ရေ .. အဲဒီကား ယူရင်လည်း ညပိုင်း တော့ မယူရဲမှာ ကျိန်းသေတယ်၊ နေ့ဘက် ငါ ယူမယ့်နေ့ ကြိုပြောမ လေ .."

"... ... ... ..."





"သူတို့ကားက ဒီလောက်ကောင်းတာကို လုံးဝ မသုံးတော့ဘဲ ရှင် စီဒီယိုရိုက်ဖို့ပဲ ငှားစားတာ .. စိတ်ဝင်စားဖို့ ကောင်းနေတာကိုး .."

"... ... ... ..."

"အဲဒီကားအကြောင်း ငါသာ မသိတာ ..၊ ရိုက်ကူးရေးအဖွဲ့တွေ တော်တော်များများ သိတယ်လေ၊ အဲဒါကြောင့် အဲ့ဒီညက-သူမောင်း ခဲ့မောင်းနဲ့ ဒရိုင်ဘာ မနည်းရှာလိုက်ရတယ် .."

"... ... ... ..."

"အေး .. ညဘက် မယူဘူး .. လုံးဝ သေချာတယ် .. ပြောလိုက်"

ချာန်း ဖုန်းချလိုက်တော့ သူ့ကို ကြည့်နေသည့် ဆောင်း ရဲ့ ပြူး ယိုင်းစက်သော မျက်လုံးတွေကြောင့် မျက်မှောင်ကုတ်သွားကာ...

"ဘာဖြစ်လို့လဲ .."

"ချာန်း .. နင် ပြောတာ ဟိုညက မာစီးဒီးအနက်ရောင်ကားလား"

"ဟုတ်တယ် .. ဘာဖြစ်လို့လဲ .."

"အဲဒီကားက ဘာဖြစ်လို့လဲဟင် .. နင်တို့ အခု ပြောနေကြတာ တွေ ငါ့ကို ပြောပြစမ်းပါ .."

"ဩော် .. ဩော် ... သရဲကားတွေ ရိုက်တာကျတော့ ရှုံ့မဲ့နေပြီး ကျမှ စိတ်ဝင်စားတယ်ပေါ့ .."

ဆောင်း က ချာန်း မေးတာကို မဖြေဘဲ ကူရှင်မှာ ပခုံးတစ်ဖက် ၍ ချာန်း ဘက်ကို တည့်တည့်လှည့်ကာ ...

"အဲဒီ မာစီးဒီးက ဘာဖြစ်လို့လဲဟင် .. ပိုင်ရှင်တွေက ဘာဖြစ်လို့ သုံးတော့တာလဲ .."

"ပိုင်ရှင်က ဆောက်လုပ်ရေးကန်ထရိုက်တာလေ .. အဲဒီကားကို တော်ဆုံးကန်ထရိုက်တာဆုအဖြစ် သူဌေးက ပေးလိုက်တာ၊ ပေ ည့် ကားရတဲ့ညမှာပဲ ကားပေါ်မှာ သူ ဆုံးသွားတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!... ဘယ်လို .."

ဆောင်း အလောသုံးဆယ် မေးမိပြီးမှ လက်ကာ၍ ...

"ကားတိုက်မိတာလား ..၊ ကားပေါ်မှာ ဆုံးသွားတယ်ဆို... ဘာလဲ .."

"ကားတိုက်မိတာ မဟုတ်ဘူး .. သူ့အောင်မြင်မှုအတွက် မိတ်ဆွေ... တွေကို ဖိတ်ပြီး အကြီးအကျယ် စားသောက်ပွဲလုပ်ကြတာတဲ့၊ အပြန်... မိုးကြီးလွန်းလို့ လူကလည်း မူးနေတာနဲ့ ကားရပ်ပြီး စောင့်နေတာ... အဲဒါ တစ်ညလုံး ပြန်ရောက်မလာလို့ မနက်ကျမှ လိုက်ရှာကြတော့... ကားပေါ်မှာ သေနေတာ တွေ့တယ်တဲ့ .."

"ဒါနဲ့ပဲ အရက်သောက်လို့ ရှော့ခ်ရပြီး သေတယ် ဖြစ်ရောလား..."

"ကားရပ်ထားတဲ့နေရာနဲ့ ကားကိုစစ်တော့ တိုက်မိခိုက်မိလက္ခဏာ... မရှိဘူးလေ ..၊ အရက်တွေ အရမ်းသောက်ထားတာရယ် .. မှန်ချပ်... သူကိုယ်တိုင်က မိုးစိုခံထားပုံ ရှိတာရယ် အခြေအနေတွေကို စစ်ဆေးပြီ... သက်ဆိုင်ရာ တာဝန်ရှိသူတွေက ဒီတိုင်း ဆုံးဖြတ်ခဲ့တာ .."

"ဒါဆိုရင် .."

ဆောင်း မျက်လုံးထဲမှာ ကားပြေးနေတဲ့ လမ်းမပေါ်က တဖျပ်ဖျပ်... ကျန်ရစ်သည့် မြင်ကွင်းတွေအားလုံး ပျောက်ကုန်သည်။ မှောင်မိုက်နေ... သည့် ညအမှောင်ရယ် .. ကားပြတင်းဘောင်ပေါ်မှာ တင်ထားသော... ဖြူဖွေးသည့် လက်တစ်လက်ရယ် ...။

"ဆောင်း .."

"ဟင် .."

"ဘာဖြစ်သွားတာလဲ .. ဆက်ပြောလေ .."

ငုတ်တုတ်ထိုင်လျက်သား မြင်လိုက်သည့် ရုပ်အကျီအဖြူနဲ့... ယောကျ်ားကြီးရဲ့ဘေးတစောင်း မျက်နှာရယ် ..၊ လက်တစ်ဖက်ရယ်...

သေချာ မြင်လိုက်တာကို ပြောရင် ဈာန်း ယုံပါ့မလား ...။





"အဲဒီလူကြီးကို ငါ မြင်ဖူးတယ် .."

ပြောချင်လာသည့်အတိုင်း ပြောလိုက်တော့ ဈာန်း က မျက်မှောင်တုတ်သွားပြီးမှ ရယ်သည်။

"နင်ရော မြင်ဖူးလား ဈာန်း .."

"မမြင်ဖူးပါဘူး ..၊ ဒီလူကြီးက ရန်ကုန်ကမှ မဟုတ်တာ၊ သေမယ့်ရက်ပိုင်းလေးကမှ ဘန်ကောက်ကနေ ရန်ကုန်မြို့ပေါ်ကို ရောက်လာတာ .. အရမ်းချမ်းသာချင်လို့ အမျိုးမျိုး စွန့်စားပြီး စီးပွားရှာတာလေ၊ သနားဖို့ ကောင်းပါတယ် .. သူ့အတွက် မျှော်လင့်ချက်တွေ ဖြစ်လာကာမှ ဆုံးသွားရတယ်၊ အဲဒါကြောင့် ဒီကားမှာ စွဲကပ်နေတယ်လို့ ပြောကြတာပေါ့ .. ညဘက်ဆို သူ့ကားကို ဘယ်သူမှ မမောင်းရဲဘူးတဲ့ .."

"ဘာဖြစ်လို့လဲ .."

"မသိဘူးလေ .. သရဲခြောက်မှာစိုးလို့ ဖြစ်မှာပေါ့၊ သူ့အိမ်ကလူဆွေတောင် စီးမှ မစီးကြတာ၊ ကားငှားမယ့်လူတောင် မရှိမှာစိုးလို့ အရမ်းခြောက်ပေမယ့် ဖုံးဖိထားကြတာလည်း ဖြစ်နိုင်တာပဲ၊ နေပါဦး.. နင်က ဒီကားပိုင်ရှင် ဒီလူပါလို့ ဓာတ်ပုံတောင် မမြင်ဖူးဘဲနဲ့ ငါ မြင်ဖူးတယ်လို့ ဘာလို့ ပြောတာလဲ .."

ဆောင်း က မှန်မှန်ပြေးနေသည့် ကားရှေ့မြင်ကွင်းကို စိတ်ဝင်စားတာမဟုတ်ဘဲ ငေးကြည့်နေလျက် ...

"အဲဒီညကပဲ ကားပေါ်မှာပဲ မြင်လိုက်တာ .."

"ဟမ်!..."

ဈာန်း ကားမောင်းရင်း ဖျတ်ခနဲ လှည့်ကြည့်သည်။ ဒီမျက်နှာဖြစ်သွားမယ်ဆိုတာ သိပြီးသားဆိုသည့်အကြည့်နှင့် ဆောင်း က စိတ်မည... သလို ...။

"မင်းသမီးရဲ့အဖေကို တင်ခေါ်သွားတဲ့ကားထဲမှာ အဲ့ဒီအဖေရဲ့



www.burmeseclassic.com

www.burmeseclassic.com



သေားမှာပဲ ပါသွားတာ .. ရှပ်အင်္ကျီအဖြူနဲ့ ..''

''အေးလေ .. တမင်တကာ ဝိညာဉ်ဆန်ဆန် အဖြူရောင်ဝတ်ခိုင်းတာပဲ .. ဦးထင်ပေါ် ရဲ့အင်္ကျီကလည်း အဖြူပဲဟာ ..''

''ဦးထင်ပေါ် မဟုတ်ဘူးလို့ ပြောနေမှ ..''

ဆောင်း က ဒေါသသံလေးနှင့် အော်ပစ်လိုက်ကာ ...

''နင် သရဲကားတွေရိုက်ပြီး တကယ်တမ်း ဝိညာဉ်လောကတွေအကြောင်း တစ်စွန်းတစ်စ ကြားလိုက်ရတာကျတော့ နည်းနည်းလေးမှ စိတ်ဝင်စားမှု မရှိပါလား ဈာန်း ..''

ကားလေးသည် လမ်းဘေးကို ဖဲ့ဆင်းသွားကာ စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှာ နေရာယူပြီး ရပ်၏။

''နင်နဲ့ငါ အေးဆေးပြောဖို့ လိုပြီ ဆောင်း ..၊ အဲဒီတော့ ခဏဆင်း .. ဒီမှာ ညစာ တစ်ခါတည်းစားပြီးမှ ..''

''ဟာ .. မစားချင်ပါဘူး၊ စားမှာနဲ့ နင့်ကိစ္စ သွားရမှာနဲ့ .. ဘယ်အချိန် အိမ်ပြန်ရောက်မှာလဲ ..''

''မိုးချုပ်မှ အိမ်ပြန်ရောက်တာ ဘာများဆန်းလို့လဲ ..''

''အစက မဆန်းပေမယ့် အခု ဆန်းတယ် .. အိမ်မှာ ဘုရားဖူးလာကြတဲ့ နယ်ကဧည့်သည်တွေနဲ့ ..''

''ဧည့်သည်တွေက ဧည့်သည်တွေဘာသာ နေကြတာပါ၊ ကဲ .. လာပါဟာ .. နင်တို့နဲ့ ငါတို့အိမ်မှာ ဘယ်သူ့ဧည့်သည်ဆိုတာ မရှိဘူး။ နင့်တီလေး တစ်ယောက်တည်း အလုပ်ရှုပ်မှာ မဟုတ်ပါဘူး၊ မာမီတစ်ယောက်လုံး ရှိသေးတယ် ..''

လက်ကို ဆွဲချသွားသဖြင့် ဆောင်း ကားထဲမှာ မနေနိုင်တော့ဘဲ ဆိုင်ထဲ ရောက်သွားခဲ့၏။

''နင်ပဲ သာစည်သွားရဦးမှာဆို .. ညစာက အစောကြီး ရှိသေးတာကို ..''





''စောပစေဟာ .. လမ်းမှာ ဝယ်စားရတာတွေ ငါ မကြိုက်လို့ဆိုပါ .. စားလိုက်ပါ ..''

သူပဲ စားပွဲခုံရွေးပြီး ဝင်ထိုင်ကာ ထမင်းတွေဟင်းတွေ မှာလိုက်၏။

''နင်ဆာရင် စားပေါ့ .. ငါ့အတွက် ဘာလို့ မှာရတာလဲ၊ အအေးသေးဘာလေးဆို ပြီးတာပဲ၊ ဒါနဲ့ နင် ပြောတော့ သာစည်က ပဲခူးနားတင်ပဲဆို .. အသွားအပြန် တစ်နာရီသာသာပဲ ဆို ..''

''ဟုတ်ပါတယ် ဆို .. အဲဒါတွေ ထားလိုက်စမ်းပါ၊ ခုနက ပြောတာတွေ ဆက်ရအောင် ..''

''ဘာလဲ .. စိတ်မပါတော့ဘူး''

''မပါလည်း နည်းနည်းတော့ ပြောပါ၊ နင် ဘယ်လိုကြီး မြင်လိုက်တာလဲ .. တကယ်ပြောနေတာလား ..''

''ဟုတ်တယ် ..''

စိတ်က ထိုညကဆီ ပြန်ရောက်သွားကာ ဆောင်း မြင်သမျှကို သေချာ ပြောပြနေမိသည်။

ဈာန်း သည် စိတ်ဝင်တစား ရှုံးစိုက် နားထောင်နေသလိုနှင့် အားလုံးပြောပြပြီးမှ ခေါင်းတညိတ်ညိတ်နှင့် မျက်နှာက ပြုံးယောင် သမ်းလာ၏။

ပြီးတော့ ပခုံးတွေ လှုပ်အောင် ရယ်ကာ ...

''နင်နဲ့ငါ နေရာချင်းလဲမှ ထင်တယ် ..''

''ဘာ!...''

''ဟုတ်တယ် .. နင် မြင်သလို ငါ မြင်ရင် .. အဲလေ .. နင် မြင်နေတာတွေကိုသာ ရိုက်ယူနိုင်ရင် ငါ့ဇာတ်လမ်း ဘယ်လောက် ..''

''ဈာန်း ..''

''ဟင် ..''

''နင်က ငါ့ကို လှောင်လိုက်တာလား ..''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး .. ဆောင်း ရာ .."

"ဟုတ်တယ် .. ငါ့ကို နင် ဒီလောက် အထင်သေးသားနဲ့၊ ငါပါမှ အလုပ်လုပ်ချင်တာတွေ .. ငါ မလိုက်ရင် မသွားချင်ပါဘူးဆိုတာတွေ.. အဲဒါတွေက ငါ့ကို ခိုင်းလို့ကောင်းလို့ ခိုင်းနေတာတွေပေါ့ .."

"သွားပြီ .."

"အစတည်းက သွားနေတာပဲ .. ငါက ငတုံးမို့ မသိတာ .."

"ဆောင်း .."

"ခေါ်မနေနဲ့ .. ငါ ပန်းကန်လုံးနဲ့ ကောက်ထုမိလိမ့်မယ် .."

"မဟုတ်ပါဘူးဆိုမှ .. တောင်းပန်မှ ဖြောင်းဆန်နေရလား.. နင် မြင်လိုက်တာကို မဟုတ်ဘူးလို့လည်း ငါတစ်ခွန်းမှ မပြောရသေးဘူး၊ ဒါပေမယ့် နင် မြင်တာကို ဘယ်သူမှမှ မမြင်တာ၊ ငါက ယုံပါတယ် ပြောတော့ရော နင် ကျေနပ်သွားမှာလား၊ ဒီသရဲကားတွေ ရိုက်နေတာ က ယုံကြည်တာတွေ မယုံကြည်တာတွေနဲ့ ဘာမှမဆိုင်ဘူး၊ ငါကိုက သည်းထိတ်ရင်ဖို စွန့်စွန့်စားစားတွေကို ဝါသနာပါနေတာ ..၊ သရဲ တကယ်ရှိမရှိ တင်ပြနေတာလည်း မဟုတ်ဘူးလေ .."

"ငါကလည်း တကယ်ရှိနေတာကို လူတွေ ယုံကြည်အောင် သက်သေပြနေတာမှ မဟုတ်တာ .."

"မဟုတ်ပေမယ့် ငါ မယုံရကောင်းလားဆိုပြီး ခုပဲ ဒေါသတွေ ထွက်နေပြီ .."

"ကျွတ်!... အဲဒါ မယုံလို့ မဟုတ်ဘူး၊ နင် ငါ့ကို လှောင်လို့ .. ငါ တကယ်မြင်လိုက်တာ၊ အဲဒီ မျက်နှာတစောင်းကိုရော .. ပုံစံကိုပါ မှတ်မိနေတာ၊ နင် နောက်ထပ် မပြုးမိခင် အဲဒီကားပိုင်ရှင်ရဲ့ဓာတ်ပုံနဲ့ တခြားပုံတွေ ရောပြီး ငါ့ကို ပြလေ .. သူ့ပုံကို ငါ ဆွဲထုတ်ပြမယ် .."

ရျာန်း ကြောင်တောင်တောင် ပြန်ကြည့်ပြီး ငြိမ်သွားသည်။ ပြီး တော့ ဆံပင်တွေသပ်လိုက်ပြီး သက်ပြင်းချ၏။





ဆောင်း နဲ့သူ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပါပြီ ..။

ဒါပေမယ့် ငယ်စဉ်တည်းက မသင့်မြတ်ခဲ့ကြတာ ဒီနေ့ထိ ..။

မလွယ်တာကတော့ တော်တော် မလွယ်တာပါ။

"ဟုတ်ပြီ .. နင် ပြောသလို ငါတို့ လုပ်ကြည့်မယ်၊ နင့်ကို မယုံလို့ မဟုတ်ဘူး .. ငါ ယုံကြည်သွားပြီဆိုတာကိုလည်း ခိုင်မာချင်တယ်လေ၊ ဒါပေမယ့် အခု အဲဒီဒေါသတွေကို ဖယ်ထားပြီး ထမင်းစားမယ်၊ သွားစရာရှိတာ သွားမယ်၊ ဒီည အချိန်မရှိတော့ရင်လည်း မနက်ဖြန် အဲဒီလူ နဲ့ ကားကိစ္စ လုပ်ကြတာပေါ့ .."

မယ်မင်းကြီးမက ဒေါသကို ဓားမကြီးတစ်ချောင်းလို ကိုင်ထား ချင်ပုံ ရှိ၏။ နှုတ်ခမ်းလေး စူပွပွနှင့် မတုန်မလှုပ် ..။

ရျာန်း က မသိမသာ ပြုံးလိုက်ပြီး စိတ်ထဲမှာ ပြော၏။

နင့်ရဲ့ မနက်ဖြန်တွေကို နင် မသိသေးဘူး ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

"မဟုတ်ဘူး တီလေး .. အန်တီလွင် .. အဲဒါ မဟုတ်ဘူးနော်-ချာန်း .. နင် ရှင်းပြဦးလေ .."

တစ်ယောက်တည်း အရူးလို ဟိုမျက်နှာ ဒီမျက်နှာ စုံအောင် လှည့်ကြည့် ရှင်းပြနေရတာ အမြုပ်ထွက်မတတ် ..။

"ဆောင်း တို့ အလုပ်ကိစ္စနဲ့သွားတာပါ၊ အဲ့ဒါကို ဘာလို့လက်မခံတာလဲ ..၊ ချာန်း .. နင့်အလုပ်ကိစ္စတွေ နင် ပြောပြလိုက်လေ၊ ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ .."

လူတွေ ဧည့်ခန်းတစ်ခုလုံးမှာ ထိုင်စရာရှိသမျှ ပြည့်အောင် ထိုင်နေကြ၏။

အန်တီလွင် နဲ့ တီလေးနဲ့သာဆို ဒီကိစ္စကို ဘယ်လိုအနေအထား ရောက်သွားသွား ဒီလောက် ရှင်းပြမနေဘဲ ပြေးထွက်သွားမိမှာ သေချာသည်။

ခုတော့ ရောက်နေကြသည့် ဧည့်သည်တွေက နည်းတာမဟုတ်-





ညက ဆောင်း တို့ ညဥ့်နက်မှ ပြန်ရောက်လာလို့ တီလေး ဆူနေတတည်းက အလျှိုအလျှို ထွက်လာကြပြီး ဖျန်ဖြေသလိုလို ငြိမ်းချမ်းရေးလိုလိုနှင့် စပ်စုထားခဲ့ကြတော့ အားလုံးကို သိနေကြ၏။

ထို့ကြောင့် ဒေါ်ချစ်ဖူး ကလည်း မသင့်တော်ပါဘူးဆိုတာကိုမှ 'ဟင့်အင်း' ငြင်းနေသည့် ကိုယ့်တူမကိုပဲ ထုရိုက် ဒဏ်ခတ်ချင်လာ၏။

"ဘာဖြစ်လို့ ချာန်း ကိုပဲ သက်သေဆွဲထည့်နေရတာလဲ ဆောင်း..၊ ဘယ်သူ့မှာပဲ အပြစ်ရှိရှိ ညည်းတို့နှစ်ယောက် အတူသွား၊ အတူပြန်ခဲ့ကြတာ ဘယ်သူ့အပြစ်က ပိုပါတယ် ပြောချင်လို့လဲ ..၊ ငါ သတိထားဖို့ ပြောနေတာ ကြာပြီ၊ လွင် တစ်မျိုးမြင်သွားရင် မကောင်းတတ်လို့ တိုးတိုးတိတ်တိတ်ပဲ ပြောနေရတာ .."

"ငါကလည်း နားလည်ပါတယ် ချစ်ဖူး ရယ် .. ရင်းနှီးကြတာက သစ်သစ် .. ယဉ်ကျေးမှုဓလေ့ထုံးစံဆိုတာကို မေ့ထားဖို့ မဖြစ်နိုင်တာက သစ်သစ်လေ၊ ဒါပေမယ့် နင်ပဲ စဉ်းစားကြည့် .. ငါက သားရှင်ဖြစ်နေတော့ ငါ့ဘက်က ဘာပြောပြော နင်တို့ဘက်က ကြည့်ရင် အဆင်ဆိုးမှာပဲ .."

"ဟုတ်တာပေါ့ .. မပပ ပြောတာလည်း မှန်တာပဲ"

"ဟုတ်တယ်လေ .. ယောကျ်ားလေးရှင်မို့ ပြောတယ်ဆိုတယ်ဆိုတာတွေ ဖြစ်လာမှာပေါ့"

ဧည့်သည်တွေကလည်း ပါးစပ်ကသာမက ဝင်မပြောတဲ့လူတွေကပါ ခေါင်းတညိတ်ညိတ်နှင့် ..၊

"ဖြစ်သင့်နေတာကတော့ ကြာပါပြီ၊ သမီး ဆောင်း နဲ့ဆိုရင် သဘောတူပြီးသားမို့လို့ အမြင်တော်တာဖြစ်ဖြစ် .. မတော်တာဖြစ်ဖြစ် ဘာမှ မပြောမဆိုဘဲ နေခဲ့တာ၊ ခုက သန်းခေါင်ကျော်မှ ပြန်ရောက်လာကြတာ အဆင်ဆိုးတယ်လေ .."

"ဘယ်မှာ သန်းခေါင်ကလို့လဲ .. သုံးနာရီပဲ ထိုးတော့မှာကို"



www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်တွေထဲကပဲ အသံထွက်လာ၏။ တစ်သက်လုံးက ဒီ
အတိုင်း ရင်းနှီးစေခဲ့ပြီးမှ ခုကျမှ ဘယ်ကထွက်လာတဲ့ ထုံးစံ ကာလနား
တွေလဲ ..။

ကားပျက်နေပါတယ်ဆိုတာလည်း အကျိုးမဝင် ..၊ အလုပ်ကိစ္စမှာ
ပါဝင်ကြတဲ့လူတွေကို ဖုန်းဆက်မေးပါ ပြောတော့လည်း လက်မခံ ..

ဖြစ်စဉ်ကို ကြည့်ရမှာ မဟုတ် ..၊ ယဉ်ကျေးမှု စည်းကမ်းနဲ့ ဆုံး
ဖြတ်ရမှာလို့ ဆိုသည်။

ချာန်း ဆိုတဲ့ ကိုယ်တော်ကတော့ ခေါင်းငိုက်စိုက်ချထားပြီး ဆံပင်
တွေ သပ်လိုက်၊ နှာမည်ခေါ်လျှင် မော့ပြီး ထူး .. မေးတာ ဖြေ.. ဒါပဲ။

များများသလဲ ရှင်းပြတာ မရှိ။ အကျိုးအကြောင်း ခိုင်လုံနေတာတွေ
ရှိလျက်နှင့် သက်သေမထူ ..။ ဆောင်း ဒေါသတွေထွက်ကာ လူတွေ
ကွယ်တာနှင့် သူ့ရင်ဘတ်ကြီးကို လက်နှစ်ဖက်နဲ့ အားကုန်တွန်းချပစ်
လိုက်သည်။

နောက်ဖေးနံရံမှာ ပက်ခနဲ လန်ကျသွားပြီးမှ သူကပဲ ဒေါသတွေ
ဖောင်းပွလို့ ..။

"ငါက ဘာတွေ သက်သေထူရမှာလဲ ..၊ ဘာလဲ .. နင့်ကို မယူနိုင်
ပါဘူး၊ ကိစ္စရှိလို့ ခေါ်သွားတာပါ ဆိုတာတွေ လူတွေရှေ့မှာ ပြော
မှာလား .."

သူ ပြန်အော်လိုက်တော့ ဆောင်း တစ်ချက် ငိုင်သွား၏။ ချာန်း
က ဒါကို နင်း၍ ...

"လက်ထပ်ပေးဖို့ပဲ ပြောနေတာကို ဒီကိစ္စကြီးကို မရမက ရှင်း
ဖို့ ကြိုးစားရင် တီလေးကရော ဘယ်လို ထင်သွားမလဲ .."

"ခုကျမှ လူတတ်ကြီး လုပ်မနေစမ်းပါနဲ့၊ ဟိုငှဲ့သလိုလို .. ဒီ
သလိုလို .. ဟွန်း .. နင် ဒီလိုဖြစ်အောင် တမင်လုပ်လိုက်တာ ဟုတ်
သလား .. မဟုတ်ဘူးလား ..၊ အဲဒါ ဖြေ .."





"လုပ်စရာလား .."

"ချာန်း .."

ချာန်း က ခပ်တည်တည်ဖြေပြီး လှည့်ထွက်သွားသဖြင့် ဆောင်း
ပြန်ဆွဲထားကာ မျက်နှာကို သေချာကြည့်၏။

"ကားပျက်သွားတာ တကယ်မှန်း ငါ သိတယ်၊ ဒါပေမယ့် အဲဒီလို
အောင်လုပ်ထားတာမို့လား .."

"ဟား!..."

"ဘာ ဟား .. လဲ .. နင် ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေး အရမ်းကို
လုပ်ဆောင်ချင်နေတာလေ ..၊ တခြား စိမ်းသက်နေတဲ့ မိန်းမနဲ့လည်း
လက်မထပ်ချင်ဘူး .."

"အဲဒီလို အစီအစဉ်တွေ ရှိခဲ့တာ ဟုတ်တယ်လေ .. ဒါပေမယ့်
လူကြီးတွေနဲ့ပြောပြီး လက်ထပ်ဖို့ကြိုးစားရင် ရတာပဲ၊ ဒီလို လုပ်စရာ
လိုလို့လား .."

ဆောင်း က မဲ့လိုက်ပြီး ကိုင်ထားသည့်လက်ကို လွှတ်ချ၍ ...

"နင့်လုပ်ကွက်တွေ .. အမှုအရာတွေက ဈေးဈေးတွေးရင် ရေးရေး
ပေါ်တယ် .. မျက်နှာကြီးကို ခုလို အကဲခတ်လိုက်တော့ လုံးဝ ပေါ်သွား
.. ဒါ တမင်လုပ်ထားတာ .."

"လုပ်တယ်ဆိုတော့ရော .. ဘာဖြစ်သွားနိုင်လဲ .."

ချာန်း ရဲ့ ဇာတိရုပ် ပေါ်လာပါပြီ။ ပြိုင်လာပြီဆို စကားနိုင်လုကြ
အောင် အရှုံးနဲ့ နုတ်ထွက်ချင်သူ မဟုတ်။ ဆောင်း ကရော ရှုံးခဲ့
.. တန်အောင်တော့ ပြန်ယူတတ်တာ သင်းက မေ့နေသလား ..။

"ဘာမှ ဖြစ်မဖြစ် သိချင်ရင် လုပ်လေ ..၊ နင် ရုပ်ရှင်ဒါရိုက်တာ
အလွယ်တကူ ဖြစ်ခွင့် ရ .. မရ .."

"ဆောင်း .."

"ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ပတ်သက်ရင် ငါက အလျှော့ပေးမှာ မဟုတ်ဘူးနော်"

"ဟား!... ဒီလိုအလုံးကိုများ ကြောက်တတ်နေခဲ့ရင် ဈာန်း ဆိုတဲ့ စိတ္တဇသတ္တဝါကို အပေါင်းအသင်း မလုပ်သေးဘူး .."

"အေး .. ငါက စိတ္တဇဆန်တာကို သဘောကျတဲ့လူ ..၊ နင်က တော့ လောလောဆယ် မရှိတာတွေကို မြင်၊ သူများ မသိတာတွေကို သိနေတာနော် .. ဘယ်သူက အရူးလဲ .. စောင့်ကြည့်လိုက်ဦး .."

"နင် ရူးမှာက သေချာပြီးသားပါ၊ ဒါရိုက်တာ ဖြစ်ခွင့် မရလို့- ဒီတစ်ခါ ဆောင်း ကို နိုင်အောင် မပြောလိုက်နိုင်ရင်လည်း ရူးေ တော့ ..။

လက်ထပ်ကြဖို့ပြဿနာကို ဆောင်း ခေါင်းထဲ ထည့်လိုက်ပြီး တာ သေချာသွားသဖြင့် သူ ပျော်သွားခဲ့သည်။

ကိုယ့်ဝါသနာကိုလည်း အကောင်အထည်ဖော်ခွင့် ရတော့မည် ပြီးတော့ ဆောင်း နဲ့အတူတူ နေကြရမှာကိုလည်း ကျေနပ်၏။

အချစ်ဆိုတာကတော့ ..၊





## အခန်း (၁၁)

"အမလေး .. ခုမှပဲ ပေါ့သွားတော့တယ် .. ပခုံးပေါ်က အထုပ် ကြီး ဘုတ်ခနဲ ပြုတ်ကျသွားသလိုပဲ .."

"ဟုတ်ပ လွင် ရယ် .. ဒီနှစ်ယောက် မညားရင်ဖြင့် ငါတို့တွေ ါပြီဆိုပြီး ရင်ပူလိုက်ရတာ .."

အကျီအဝတ်အစားတွေ လဲပြီး မင်္ဂလာပွဲမှာ ဘာမှ မျိုမကျသမျှ မျိုချမလို့ မားစရာတွေနဲ့ ညည့်ခန်းကို ထွက်မလို့ ..။

တီလေးနဲ့ အန်တီလွင့် အသံတွေကြောင့် ဆောင်း ကွယ်ရပ်လေး ခြေလှမ်းတွေ ရပ်သွား၏။

"ညည့်သည်တွေ ရောက်နေတုန်းဆိုတော့ ပိုအဆင်ပြေသွားတာ မဟုတ်ရင် ရွှေမင်းသမီးက ငြင်းနေဦးမှာ .."

"ငါ သိသားပဲ .. သမီးက အိမ်ထောင်ရေးကို စိတ်ကို မဝင်စား တာ၊ တကယ်ဆို သူတို့နှစ်ယောက် ညမိုးချုပ်တဲ့အထိ သွားလာနေ ည်းက မသင့်တော်တာ သိလား..၊ ငါက အစောတည်းက ေးစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တာ၊ အချိန်တန်ရင်လည်း လက်ထပ်ပေးမှာပဲ ဒီတိုင်းနဲ့ပဲ ရင်းနှီးပါစေဆိုလို့ နင်ပြောတဲ့အတိုင်း ကြည့်နေရတာ .. တော်သေးတာ ပေါ့ ..''

''ဟုတ်ပါတယ် လွင် ရယ် .. နင် မှန်ပါတယ် .. ငါ မှားပါတယ် မတော်လို့များ တခြားလူတွေနဲ့ ညားကုန်ကြရင် ခက်သား၊ နင်ထ သားဆိုတော့ တော်ဦးမယ်၊ ငါ့သမီးလေးက အမည်းစက်ဖြစ်မှာ ..''

''ဖြစ်စရာလား ချစ်ဖူး ရယ် .. ငါက မြန်မြန်လက်ထပ်ပေးချင်လို့ တခြားမိန်းမနဲ့ လက်ထပ်ပေးတော့မယ်လို့တောင် ဖိအားပေးထားခဲ့တာ အဲဒီမှာ ဆောင်း ကိုပဲ လက်ထပ်ချင်ပါတယ် ဖြစ်သွားတာလေ၊ ခုထိ တိုက်ဆိုင် ဆုံစည်းကုန်တာကတော့ သူတို့ကိုက ဖူးစာပါတာ ..''

''ငါဖြင့် အဲဒီညမှာ ညှိသည်တွေ စုံနေတာကိုပဲ ကျေးဇူးတင် မလိုပါပဲဟယ် ..၊ ဒါက အရှက်ကွဲစရာအဖြစ်မျိုးပေမယ့် ငါတို့ထ တခြားလူတွေလည်း မဟုတ်ဘူး .. ပြီးတော့ ဒီတိုင်းပဲ ဖြစ်စေချင်ကြတာ လေ၊ ခုတော့ သူတို့အိမ်ထောင်ရေး အဆင်ပြေပါစေလို့ပဲ ဆုတောင်း တော့မယ် ..''

''ငါတို့တွေ ရှိနေတာပဲဟာ .. ဘာတွေ ပူနေတာလဲ၊ ကိုယ့်သား အကြောင်းလည်း သိပြီးသားပါ .. ဆောင်း ကို သူ ချစ်ပါတယ်''

''ဟုတ်ပါပြီ .. နင်လည်း အကျီတွေ သွားလဲပြီး နားတော့လေ ကျဉ်းကျပ်ပါဘိသနဲ့ ..''

''ကျဉ်းကျပ်တာ အသာထားပါဦး .. ကလေးတွေ နေရေးထိုင်ရေး ကိစ္စ ပြောရအောင် ..''

''အံမယ် ..''

''အဟွန်း.. ဟွန်း .. ဒါလေးတစ်ခုတော့ ခွင့်လွှတ်လေ .. ကိုယ့် သမီးလိုချင်လို့ ရူးနေတာနော် ..''

''ဒီကလည်း ဒီသမီးလေးပဲ ရှိတာကို ..''





လူကြီးတွေစကား နားထောင်ကာ အသာလေးပဲ ပြန်ဆုတ်လာခဲ့ ရသည်။ ပြဿနာသေးသေးလေးကို တမင်တကာ အုန်းခနဲ ထဖြစ် အောင် ပုံကြီးချဲ့ပြီး ဒီလက်ထပ်ပွဲကို ဖြစ်အောင် စီစဉ်လိုက်တာပဲ ..။

သဘောတူနေကြမှန်း သိတော့သိခဲ့သည်။ ဒါပေမယ့် ခုလို ပေးစား ဖြစ်သွားတာကတော့ ကိုယ် အနေအထိုင်မတတ်ခဲ့လို့ပဲ ထင်ခဲ့မိသည်။

ဘာပဲဖြစ်ဖြစ် တရားခံက ရျာန်း ပဲ ဖြစ်၏။။ စိတ်ညစ်တိုင်း အစားပျက်ခဲ့တာ မရှိသည့်အကျင့်ကြောင့် ဒေါသမောဟတွေနဲ့ အဖြစ် သနစ်ကို တူးဆွတွေးယူရင်း မျက်နှာသာ မဲ့ခနဲ တွန့်ခနဲ ဖြစ်သွားသည်။ ချိုချနေတာကို မရပ် ..၊

သိပ်မကြာလိုက်ခင်မှာ ထမင်းစားခန်းထဲကို ရျာန်း ဝင်လာ၏။ ဆိုး ဘယ်တော့မှမဝတ်တတ်သည့်အတိုင်း အိပ်ခန်းထဲ မဝင်ခင်အချိန် ဆိ သူ့ကိုယ်ပေါ်မှာ စတိုင်လ်ဘောင်းဘီတွေ အရောင်အမျိုးမျိုးက မချ..။

ဘေးမှာ ခုံဆွဲပြီး ဝင်ထိုင်လိုက်တော့ ရေမွှေးနံ့လို့ ထင်ရပေမယ့် ဒါ အရက်နံ့မှန်း နှာခေါင်းထဲ ဝင်လာတာနဲ့ ဆောင်း သိသည်။

ခိုပြာရောင် ဘောင်းဘီရှည်.. ရှပ်လက်တို ကြည်ပြာရောင်ပွပွနှင့်..၊ မျက်နှာကတော့ ရေချိုးထားသည့်ပုံပေမယ့် ...

''ချိုချလာတာတွေ သိပ်တော့ မများဘူးထင်တယ် .. ရေချိုးထား ဘာတောင် ဆပ်ပြာနံ့ကလည်း မဖုံးနိုင် ..၊ ရေပူရေအေးနဲ့ ချွတ်လည်း မပျောက် ..''

''ဘာလဲ ..''

''နင့်ကိုယ်မှာ ဘာနံ့ ထွက်နေလဲ မသိဘူးလား ..''

''ဒီလိုပဲလေ .. ဒီလိုညမျိုးမှာတော့ ရှောင်လို့ ရမလား၊ ဒါပေမယ့် ဒါ မမူးပါဘူး ..''

''ဟုတ်မှာပေါ့ .. ကြွက်တွင်းဆိုတော့ ..''

''ဆောင်း နော် .. လူကို မူးနေပြီဆိုပြီး လာကာစ်နေတယ်၊ ကြွက်



www.burmeseclassic.com

www.burmeseclassic.com



တွင်းမို့ မမူးတာ မဟုတ်ဘူး .. မူးလောက်အောင်ကို မသောက်တာ

ဆောင်း က လက်စသတ်မှာ စားဖို့ထားသည့် ရေခဲမုန့်ခွက်လေး ကို ဆွဲယူလိုက်ရင်း မဲ့သည်။

"ဟုတ်တယ် .. မာမီက သဘောကောင်းမလို ရှိပေမယ့် အရက် သောက်တာ လုံးဝ မကြိုက်ဘူး၊ ကဲ .. မြန်မြန်စားဟာ .. သွားမယ်.."

"ဘာ!..."

"နင့်ကို လာခေါ်တာလေ .. မာမီနဲ့ တီလေးတို့ သဘောတူထား တယ်တဲ့၊ ငါတို့နှစ်ယောက်ကို တစ်အိမ်မှာ ငါးလစီ တစ်လှည့်စီ နေရ..

"ဟာ!... အဓိပ္ပာယ်မရှိတာ .. အိမ်ချင်းကပ်နေတာပဲ ဘယ်မှာ နေ အတူတူပဲ .."

"ဒါဆို နင်လည်း လိုက်ခဲ့လေ ..၊ ဘယ်မှာနေနေ ဘာဖြစ်လဲ"

"အေးလေ .. ဘာမှမဖြစ်တာမို့လို့ မလိုက်ချင်တာပေါ့၊ ဒီ.. ရှာန်း .. နင်လည်း အရင်အတိုင်းနေ .. ငါလည်း ဒီတိုင်းပဲ၊ လက်ထ.. လိုက်ခြင်းအားဖြင့် နင်နဲ့ငါ ဘာမှပြောင်းလဲကြဖို့ မလိုဘူး၊ ငါတို့မိဘ.. စု နှစ်စုကြားမှာ အဆင်ပြေအောင် လက်ထပ်ပွဲလုပ်ထားလိုက်တယ် ဒါပဲ .."

"ဘယ်သူကရော ဒါဘဲတော့ မကျေနပ်နိုင်ပါဘူး ပြောနေလို့.. ဒီမှာ .. ငါ လာခေါ်နေတာ ဟိုလိုဒီလိုတွေ တွေးပြီး ရင်ခုန်သံ မြန်.. နဲ့၊ မာမီက အသည်းအသန် ဖြစ်နေလို့ .."

"အသည်းအသန်ဖြစ်ရင် OSC ကို ပို့ပေးလိုက်၊ ငါကတော့.. ကနေ ဘယ်မှမသွားဘူး .."

"ပြီးရော .."

"ပြီးတယ် .."

"အဲဒါတွေ အကုန်လုံး မျိုချ .. ပန်းကန်ပါ မကျန်စေနဲ့ .."

"ရတယ် .. မနက်ကျရင် နင်များ လာဆေးမလားလို့ ပန်း..





တော့ ချန်လိုက်ဦးမယ် .."

ရှာန်း က တံခါးဝထိ လက်သီးလက်မောင်းတန်း၍ လျှောက်သွား ပြီးမှ ပြန်လှည့်ကြည့်ကာ ...

"အရှုံးမ .."

"ဒါရိုက်တာရှုံးနဲ့ လက်ထပ်ရတဲ့ညက စရှုံးသွားတာ .."

"တောက် .."

တစ်ခွန်းမှ နောက်မကျန်ခဲ့အောင် အခန်းပြင်ရောက်တာတောင် အသံကုန် ပို့လွှတ် အော်သေးသည်။

ခပ်ကြိတ်ကြိတ် တက်ခေါက်ရင်း သူ ထွက်လာတော့ မာမီ ဒီဘက်ကူးလာတာနှင့် မျက်နှာချင်းဆိုင်မိ၏။

"သမီးလေးရော .."

"မလိုက်ဘူးတဲ့ .."

"ဟဲ့ .. သား .."

မျက်နှာကြီးကို အကဲခတ်နေခြင်းအားဖြင့် ဘာဖြစ်လာကြပြီမှန်း သိကာ လက်ကို အမိအရ ပြန်ဆွဲထားလိုက်ရင်း ...

"မင်္ဂလာဦးညဆိုတာ ခွဲမအိပ်ကောင်းဘူး သားရဲ့ .. သမီးကို ရ အောင် သွားခေါ်လေ၊ ဒီအချိန်မှာ မာမီ သွားခေါ်တာ ဘယ်ကောင်း မလဲ .."

"မာမီရာ .. ဟိုဘက်နဲ့ ဒီဘက် ကပ်နေတာကို ထားလိုက်ပါ ..၊ ဘာလုပ်ဖို့လဲ .."

"ဩော် .. ဘာမှမလုပ်ရင် မခေါ်ရတော့ဘူးလား .."

ခေါ်ပပလွှင် လွှတ်ခနဲ ပြောမိပြီးမှ ပါးစပ်ပိတ်ကာ ...

"မဟုတ်ဘူး .. မာမီ ပြောတာက သားတို့တွေ ဘယ်လိုသဘော ထားထား ... လင်နဲ့မယား ဖြစ်နေပြီ၊ သျှောင်နောက်ဆံထုံး ပါရမှာပဲ၊ မာမီမှာ ချစ်ဖူး ကို ဘယ်လောက် ပြောဆို ညှိနှိုင်းထားရလဲ သိရဲ့လား.."



www.burmeseclassic.com

www.burmeseclassic.com



"မာမီတို့ပဲ နှစ်အိမ့်တစ်အိမ့်လို နေလာကြတာဆိုပြီးတော့ .. ခု[...] မှ ဘာဖြစ်လို့ သူ့ဘက်ကိုယ့်ဘက် ခွဲနေရတာလဲ၊ ကျွန်တော်တို့ချ[...] လည်း ဟိုလိုဒီလိုစကားတွေ တစ်ခါမှ ပြောဆိုဖူးဟာ မဟုတ်ဘူး၊ ထ[...] လိုက်ပါတော့ .."

"အို .. မထားနိုင်ဘူး .. မထားနိုင်ဘူး၊ ဒီနေ့မှ မခေါ်နိုင်[...] နောက်နေ့တွေဆို ပိုပြီး ပြောရဆိုရ ကျပ်သွားမှာ .."

မာမီ ကလေးဆန်နေတာကို သူ ခုမှပဲ မြင်ဖူးတော့သည်။ ဆော[...] ကို သမီးလေးလို ချစ်ခဲ့တာလည်း သိပေမယ့် လက်ထပ်တဲ့ပွဲတွေ[...] တည်းက 'သမီးလေး ..'ဆိုတာ ပါးစပ်က မချတော့ပေ ..။

ဘယ်တုန်းတည်းကများ သူများသမီးကို အပိုင်လိုချင်နေသ[...] မသိ ..။ ထို့ကြောင့် စိတ်ပျက်မိကာ ...

"မာမီရာ .. အဲဒီလောက် သမီးလိုချင်နေတာများ အစတည်း[...] သားမမွေးဘဲ သမီးလေး မွေးလိုက်ပါလား .."

"အို.. သားလည်း လိုချင်တယ်..သမီးလည်း လိုချင်တာပဲ၊ နော[...] ဆို ချစ်ဖူး နဲ့ မာမီ မြေးလုရတဲ့ဒုက္ခတွေ ရင်ဆိုင်ရဦးမှာ .."

မြတ်စွာဘုရား!...

ကိုယ့်နဖူးကို ဖတ်ခနဲ ရိုက်မိပြီးကာမှ မာမီက လှည့်ကြည့်တော[...] နဖူးပွတ်သလိုနှင့် တွန့်မဲ့သွားသည့်မျက်နှာကိုပါ လွှဲပစ်ရသည်။

စိတ်ကူးတွေက တစ်ယောက်တစ်မျိုး မရိုးပါလား ..။

ဒီပြဿနာ ပေါ့လို့တော့ မဖြစ် ..။





## အခန်း (၁၂)

"ဘုန်း .."

"ဟား!... လန့်သွားတာပဲကွာ .."

"သေလိုက် .."

ပါလာသမျှ အထုပ်တွေကို လိုရာရောက်အောင် မယူဘဲ ကြမ်းပေါ်မှာ ရှုပ်ပွနေအောင် ဖြန့်ခင်းပြီး တစ်ယောက်တည်း အလုပ်ရှုပ်နေသည့် သူ့ဘေးမှာပဲ တမင်တကာ ချလိုက်သည်။

စာရွက်တချို့ ပလူပျံသွားကာ သူ လန့်သွားသည့်စကားပါ ပလူပျံတဲ့ထဲ ပါလာမှ ကျေနပ်သွားရလျက် ...

"အန်တီလွင် က ဘာဖြစ်နေတာလဲ .."

"သွားမေးပါလား .."

သူက စာရွက်တွေကို ပြန်ကောက်၍ မကြည့်သည့်မျက်နှာနှင့် မော့လည်း မကြည့် ..။

"တစ်ပတ်လောက်ကြာမှ ပြောင်းမယ်ပြောလည်း မရဘူး၊ ခုန်း.."

"ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နင် အတင်းကပ်တွန်းနေတာတော့ မဟုတ်ပါဘူးနော် .."

"ဟား .. ဟား .. ဟား ..."

ရယ်ချလိုက်တာ ကြည့်စမ်း ...၊

လက်ပ်တော့ပ်ကိုတောင် ပိတ်ပြီး သိမ်းလိုက်သေးသည်။ ဖြတ်ထား သည့် ပါးစပ်ကြီးကို မစေ့နိုင် ...။

"ဘာလဲ .. သရဲ ကလိထိုးပြန်ပြီလား .."

"ဟုတ်တယ် .. အဲ့ဒီထက်တောင် ရယ်ရသေးတယ်၊ ဟား .. ဟား .. ဟား ... နင့်ကို ဒီမှာ ခေါ်ထားဖို့မျှား ငါက မာမီ့ကို ကပ်တွန်း နေရတယ်ပေါ့ .."

"ပြောလို့ ရမလား .. နင်က လူထက် ခေါင်းက ကြီးတယ်လေ ဘာတွေ နောက်ထပ် ကြံစည်နေမလဲ မပြောနိုင်ဘူးဆိုတော့ .."

ခုတင်ပေါ်မှာ နောက်ပြန်ထိုင်၍ မဲ့နေသည့် မျက်နှာလေးကို ဈာန် က မော့ကြည့်ပြီး ရယ်နေ၏။

ဘာပြောပြော ဟားတိုက်ရယ်ပစ်လိုက်ရတာ တမင်တကာပါ။ ဆောင်း ကလည်း အသည်းယားလောက်အောင် ချစ်ဖို့ကောင်းသည်။

သူမဘက်က ဘယ်လိုနည်းနဲ့မှ ပုံစံမပြောင်းနိုင်ပါဘူးလို့ အတိ အလင်း ပြောထားလို့သာ ကိုယ်ရှိန်သတ်နေရပေမယ့် သူ့ဘက်ကတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် နွေးထွေးဖို့ အဆင်သင့်ပဲ ဖြစ်သည်။

ဒါက အချစ်စစ်လား .. မစစ်ဘူးလား ...၊ ဒါကိုတော့ မသိ ..။

လက်ထပ်တဲ့ညက သူ ပျော်နေတာတော့ အမှန်ပါ။ မိတ်ဆွေ သူငယ်ချင်းတွေ စနောက်ကြတိုင်း ဆောင်း မျက်နှာလေး မကြည်လင် ပေမယ့် သူကတော့ ကျေနပ်နေခဲ့၏။

တစ်ခု ဝန်ခံရမှာက သူငယ်ချင်းလို နေကြတုန်းကလည်း သင့် မြတ်ခဲ့တာ မဟုတ်။ မသင့်မြတ်တဲ့အပြင် တစ်ဖက်သား စိတ်ကိုစရာ တွေပဲ မခံချင်အောင်ပြော၍ ဘာဖြစ်ဖြစ် အနိုင်နဲ့ပိုင်းခဲ့တာ သူပဲဖြစ်သည်။





ထို့ကြောင့် စပြီး ချော့ချော့မော့မော့ စည်းရုံးကြည့်ဖို့ကို ရှက်သလို လို၊ အောက်ကျို့မခံနိုင်တာလိုလို ...၊ ဒါမှမဟုတ်လျှင် ဆောင်း ခါးခါး သီးသီး ထဖြစ်မှာကို ကြောက်နေတာလည်း ဖြစ်နိုင်၏။

ညဝတ်ဘောင်းဘီရှည် .. အကျႌလက်ရှည်ပွပွ ပန်းနုရောင်လေးနှင့် ဖန်းရောင် ဝင်းမွတ်နေသည့်မျက်နှာလေးကို ငေးခနဲ ကြည့်မိရင်း ရယ် နေသည့် ဈာန် ရဲ့မျက်နှာက ဟိုမရောက် ဒီမရောက်နှင့် အသံတိတ် သွားသည်။

ဆောင်း ကတော့ သတိမထားမိ ...။

"ဈာန် .."

"ဘာလဲ .."

သူမက ပြန်ငုံ့ကြည့်ပြီး ခေါ်လိုက်မှ မျက်နှာလွှဲ၍ ပစ္စည်းတွေကို ကောက်ကပ် သိမ်းရသည်။

"ငါတို့နှစ်ယောက် သဘောတူညီမှုတော့ လိုတယ် သိလား .."

"ဘာလဲ .."

"ဒီလိုဟာ.. ငါတို့ချင်း လင်မယားလို အထာကျသွားဖို့က မလွယ် ဘူးလေ၊ အဲဒါက ဘယ်တုန်းကမှ တွေးတော ပြင်ဆင်ထားခဲ့တာ မရှိ လို့ပဲ .."

ဈာန် က ပစ္စည်းတွေကို စုထပ်ကိုင်၍ မတ်တတ်ရပ်လိုက်ပေမယ့် လှည့်မကြည့်ဘဲ နားစွင့်ထားခဲ့၏။

"ကဲ .. အဲဒါတွေ စားပွဲပေါ် သွားတင်ထားလိုက်စမ်းပါ၊ ဒီမှာ စကားပြောရတာ ဖီလင်အောက်လိုက်တာ .."

ဆောင်း က သူ့ကိုတောင် လှမ်းပြီး အမိန့်ပေးလိုက်သေးသည်။ ပြီးတော့ ...

"ငါ အခု စိတ်ဝင်စားလာတာ တစ်ခု ရှိတယ် သိလား .."

စားပွဲပေါ်မှာ ဖိုင်နဲ့ လက်ပ်တော့ပ်ကို တင်လိုက်ပြီးမှ သူ့လှုပ်ရှားမှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ရုပ်တန့်ကုန်သည်။

"နှင်ဖြစ်ဖြစ်.. ငါဖြစ်ဖြစ်ဟာ.. တစ်ယောက်တစ်လှည့်စီ ရည်းစား ထားကြည့်မယ် .."

"ဘာ!..."

ည ကိုးနာရီဆိုသည့် ညဉ့်နက်သံမှာ 'ဘာ ..'သံကြီးက နည်းနည်း နောနော ကျယ်တာမဟုတ် ..။ ဖျတ်ခနဲ လှည့်လာသည့် မျက်နှာကို 'ဘာဖြစ်တာလဲ'ဆိုသော အလိုမကျသည့်အကြည့်နှင့် ...

"သဝန်တိုတာ ချစ်လို့တဲ့ ..၊ ငါဖြစ်ဖြစ် နှင်ဖြစ်ဖြစ် တစ်ယောက် ယောက်နဲ့တွဲနေရင် တစ်ယောက်က သဝန်တိုလာရမယ်၊ ဘယ်သူက ဘယ်သူ့ကိုမှ သဝန်မတိုဘူး .. မခံစားရဘူးဆိုရင် ရေ့လျှောက်လည်း ချစ်ကြဖို့ဆိုတာ လုံးဝ မလွယ်တော့ဘူးလေ .."

"မလွယ်တော့ဘူးဆိုတာ သိရင် ဘာလုပ်မှာလဲ .."

"ဒါက အဲဒီကျမှ .."

"ဟ!... ဖြစ်မလား၊ အခု လက်ထပ်ထားကြတာ တစ်ပတ်ပြည့် တော့မယ်၊ နှင် အဲဒီစိတ်ကူး ထွက်လာတာ နောက်တောင်ကျနေပြီ.."

"နောက် ကျ နေ ပြီ .."

ဆောင်း သံယောင်လိုက် ရွတ်ပုံက တကယ် နောက်ကျသွားပြီ လား .. လို့ တွေးမိပြီး နောင်တရသွားတာမျိုး ..။ ဈာန်း အသည်းယား ယားနှင့် ကျွတ်ခနဲ ကြိတ်ဖြစ်ရင်း မျက်နှာလွှဲနေရသည်။

"နောက်ကျတာ ဘာဖြစ်လဲ..၊ ခုပဲ လက်ထပ် ခုပြန်ကွဲလို့မှ မရ တာ .."

'ဒါကျတော့ သိလား'လို့ လှိမ့်ကန်ပစ်ချင်၏။ ဆောင်း ကတော့ ဘာမှမသိ ..။

"ပြောပုံက ငါတို့ ပြန်ကွဲကြမှာ သေချာတယ်ပေါ့ .. ဒီလိုလား"

"ဟုတ်ပေမယ့် မဟုတ်ဘူးလေ .. တီလေးတို့က ငါတို့ကို နောက်





တော့လည်း ချစ်သွားကြမှာပဲလို့ သဘောပိုက်ပြီး လက်ထပ်ပေးလိုက် တာကို .. မဖြစ်နိုင်ဘူးဆိုတာ ငါတို့ သက်သေပြရမှာပေါ့ .."

"ဖြစ်နိုင်စရာအကြောင်းတွေ ရှိလာရင်ရော .."

ငုံ့ကြည့်လာသည့် မျက်ဝန်းတစ်စုံနှင့် ဆောင်း မျက်ဝန်းလေးတွေ ငြိတွယ်သွားခဲ့သည်။ ဒါပေမယ့် ဆောင်း ချက်ချင်း ပြန်လွှဲ၍ ...

"နှင်တော့ မသိဘူး .. ဒီပွဲ ဖြစ်သွားတာ ငါတို့ရဲ့ မှားယွင်းမှုပေါ် မှာ တီလေး တို့က တမင်နိုပ်ကွပ်ပစ်လိုက်တာပဲ၊ ငါတို့ ရည်ရွယ်တာ တွေ ဘာမှလည်း မဖြစ်ရသေးဘူး .. လွတ်လပ်ပေါ့ပါးမှုဆိုတာလည်း ဘာမှ မခံစားရသေးဘူး၊ ချက်ချင်းကြီး အိမ်ထောင်သည်တွေ ဖြစ်ကုန်ပြီ ကြည့်ဦး .."

"နှင်က လူကြီးတွေကို ရွဲ့ချင်တယ်ပေါ့"

"ဟုတ်သလား မသိဘူး ..၊ ငါ ဒီတိုင်းကို မဖြစ်ချင်တာ .."

"လူကြီးတွေမှာပဲ အပြစ်ရှိတာ မဟုတ်ဘူးလေ .. ငါ တစ်ကိုယ် တောင်းဆန်ခဲ့တာပါလို့ ဝန်ခံထားတာပဲ၊ နှင်နဲ့ငါကြားမှာ ဒီလောက်ထိ ရှုပ်ထွေးမှုတွေ ဖြစ်လာမယ်လို့ ထင်ကို ထင်မထားဘူး၊ ငါ့မျက်လုံးထဲမှာ နှင် တမင် ပြဿနာရှာနေတာပဲ .."

"ဈာန်း .."

"ဘာလဲ .."

"နှင် လုပ်တာတွေတော့ အားလုံး မှန်နေသလား .."

"မမှန်လို့ ငါ ဝန်ခံလိုက်တယ်လေ .. ဟိုနေ့က သူငယ်ချင်း .. အခု လင်မယားဖြစ်သွားတယ်၊ မြန်မြန်ဆန်ဆန် ဖြစ်ခဲ့တာပဲ ရှိတယ်၊ နောက်မှ စီစဉ်ပေးရင်လည်း ငါတို့ လက်ခံကြရမှာပဲ .. ဘာတွေ ဒီ လောက် ကွာခြားသွားလို့လဲ .."

"နှင်ကတော့ ကိုယ့်အကြံနဲ့ကိုယ်ကိုး .. နှင့်အကြံထဲမှာ ငါက နှင့်မိန်းမ ဖြစ်သွားရတဲ့အဖြစ်လေးက သွားကြားညပ်သလောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကသိကအောက် ဖြစ်သွားရဲ့လား .."

"ဘာလို့ မရှိရမှာလဲ .. နင့်စိတ်ကြိုက် ဘာမဆို လုပ်လို့ရတယ်၊ ငါ တတ်နိုင်သမျှ အလျှော့ပေးသွားဖို့ ဆုံးဖြတ်ထားပြီးသား .."

"ငါကတော့ .."

"ရည်းစားထားကြည့်မှုကို ဖြစ်လား ..၊ လုပ်လေ ငါကတော့ ငါ့အလုပ် ငါ လုပ်ရဦးမှာ၊ ရည်းစားထားဖို့ မလုံးပမ်းနိုင်ဘူး၊ နင့်လို လည်း အနားမှာ အရုံသင့် မရှိတော့ .."

"ဘာ!..."

ထွက်သွားမလို့ ခြေလှမ်းပြင်ပြီးမှ ပြန်ရပ်၍ ဈာန်း က လှည့်ကြည့်ကာ ...

"ရတုအောင် က မြန်မာပြည် ပြန်ရောက်နေပြီလေ .. မဟုတ်ဘူးလား .."

မျက်နှာက မချိုမချဉ်နှင့် မျက်ခုံးတွေတောင် ပင့်ပြနေသေးသည်။ သေချာပါသည်။ ဒီပုံစံက လူကို လှောင်နေတာမှန်း ..၊ ဒါဆို ရတုအောင် နဲ့ သူမ တကယ်မဟုတ်ဘူးဆိုတာ သူ သိသွားပြီလား ..၊

"ဒီက မင်္ဂလာကိစ္စကို သိသွားလို့ ပြန်ဆက်ရ ခက်နေတာဆိုရင်လည်း ဖုန်းနံပါတ် ပေးလေ .. ငါ ကြားထဲကပဲ ကွန်တက်တ် လုပ်လိုက်မယ် .."

"လိုအပ်ရင်လည်း နင် လုပ်ပေးဖို့ မလိုဘူး ဈာန်း .."

"ဘာလဲ .. ကိုယ့်ဟာကိုယ်ပဲ စကားလိုက်ပြောတော့မှာလား .."

"ဘာ!..."

"ဟား .. ဟား .. ဟား ..."

စိတ်တိုနေသည့် မျက်နှာလေးရှေ့မှာ ဈာန်း က သူ့မျက်နှာ ဖြူးဖြိုးဖြိုးကို ထိကပ်မတတ် ငုံ့၍ ...

"မရှင်းတတ်ဘဲ မရှုပ်ရဘူး မှတ်ထား ..၊ တော်ကြာ ရတုအောင်





သူ့နာမည် အလွဲသုံးစားမှုနဲ့ တရားစွဲကာမှ ပြေးပေါက်မှားဦးမယ်၊ ား .. ဟား ..."

"ဈာန်း ..."

"ဟာ!... ဖြည်းဖြည်းအော်လေ .. ညနက်နေပြီ .."

"နတ်ပစေ .. နင့်ပါးစပ်ကြီးကို အခု ပြန်ပိတ် .."

"ဒါဆို ရည်းစားထားကြမယ်ပြောတဲ့ နင့်ပါးစပ်ကိုပါ ပိတ်မှဖြစ်မှာ ..၊ အဓိပ္ပာယ်မရှိတာတွေ စိတ်ကူးယဉ်ပြီး အချိန်ကုန်တယ် .."

"နေပါဦး .. ရတုအောင် နဲ့ ငါ ညာခဲ့တဲ့ကိစ္စကို ဘယ်တုန်းက သိလိုက်တာလဲ ..၊ နင် မသိဘဲနဲ့ ရမ်းသမ်းအစ်အောက်လိုက်တာတော့ ဟုတ်ပါဘူးနော် .."

ကိုင်ထားသည့် ကိုယ်ကို ဆတ်ခနဲ ပြန်မတ်ကာ ဈာန်း က အထင်အမြင်သေးသလို ပခုံးတွန့်မဲ့သည်။

"ကိုယ့်ကိုယ်ကိုယ်များ သဘာဝကျအောင် သရုပ်ဆောင်နိုင်ပြီ ထင်လို့လား .."

"နန်းသိတာထဲမှာ နင် မရိုပ်မိခဲ့ပါဘူး .."

"ဟုတ်တယ် .. ကားထဲ ပြန်ဝင်ကြတော့ နင် ပြုံးပျော်နေတာ မြင်မှ ငါ တော်းပါလားဆိုတာ သိတာ၊ ဒီလောက် ကြွားချင်နေတဲ့သူက ဘတ်ဝင်းကြီးတိုးတာကို မိတ်ဆက်မပေးဘဲနဲ့ မျက်စိမျက်နှာတွေ ပျက်ပြီး ငါ ဆွဲခေါ်တော့လဲ ကုပ်ချောင်းချောင်းလေး ပါလာတာလေ၊ အမှတ်တမဲ့ ပြန်လိုက်လာရရင်တောင် အနည်းဆုံး ကားပေါ်မှာ နင်နဲ့ငါ ရန်ဖြစ်နေပြီ .."

"ဒါနဲ့ပဲ သိရောလား .."

"ဘာလိုသေးလို့လဲ .."

ဈာန်း က စကားပြောရင် မွှေ့ရာစွန်းမှာပဲ ဝင်ထိုင်လိုက်တော့ ောင်း ရဲ့ လက်တစ်ကမ်းလောက်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ .. သိပ်မကျေနပ်သေးပေမယ့် နင် ပြောသလို ငါ တကယ် ညှံ့သွားတာပါ .."

သူမ သိပ်တော့ မညှံ့ဘူး ထင်ပါသည်။ တကယ်တမ်းက ရတုအောင် နဲ့ကိစ္စက တကယ်မဟုတ်သည်ဖြစ်စေ .. ကြွားခဲ့တာဖြစ်စေ ရတုအောင် မြန်မာပြည် ပြန်ရောက်လာပြီဆိုတော့ ဒါက ပေါ့ဆလို့ မဖြစ်သည့်ကိစ္စ ဖြစ်လာသည်။ ရတုအောင် ဆိုတဲ့နာမည် ဆောင်း ပါးစပ်ထဲ ရောက်လာတည်းက အနည်းနဲ့အများ ပတ်သက်မှုရှိခဲ့ကြတာတော့ သေချာသည်မို့ ဆောင်း ကို မပေးလိုက်နိုင်သည့် သဝန်တိုစိတ်တွေ ရှိလာခဲ့၏။

အချစ်စိတ်ဆိုတာကို တွေးတောင် မကြည့်ခဲ့ဘူးပဲ သူဟာ ဆောင်းရဲ့ ပိုင်ရှင်တစ်ယောက် ဖြစ်နေသလိုမျိုး ခံယူထားခဲ့သည့်စိတ်က ခိုင်မာသည်။ ရည်ရွယ်တာတွေ အများကြီးထဲမှာ လက်ထပ်ခဲ့ခြင်းအကြောင်းက ထိပ်ဆုံးနေရာ ဖြစ်သွားခဲ့တာကတော့ ...

"ဒီတစ်ခု မဖြစ်နိုင်ဘူးဆိုရင်လဲ နောက်တစ်နည်း ရှိသေးတယ်"

ဆောင်း အသံပဲ ထပ်ထွက်လာသည်။ ပြီးတော့ နေရာမှ ထရပ်ကာ ခပ်ဖြည်းဖြည်းလျှောက်ရင်း လက်လေးပိုက်လိုက်တော့ ဆရာမကြီးစတိုင်လ် ..။

ခြေလှမ်းသွားနေတဲ့အတိုင်း တစ်ကိုယ်လုံးကို စုန်ချီဆန်ချီ ကြည့်ရင်း ရျာန်း ပြုံးမိသည်။ ဆောင်း နဲ့ပတ်သက်သော ခံစားချက်တိုင်းမှာ အမြင်ကတ်သွားပြီးမှ ရယ်မိတာတွေ ..။

စိတ်တွေတိုနေရင်းနဲ့ပဲ အသည်းတွေယားသလိုလို ချစ်စနိုးကြည့်မိတာတွေ ဖြစ်လိုဖြစ် ..၊ လုံးဝ သေချာနေတာက သူမကို သူ ဘယ်တော့မှ ကြာရှည် ဒေါသထွက်လို့ မရခြင်းပင် ..။

"ရျာန်း .."

သူ့ရှေ့တည့်တည့်မှာပဲ ခြေစုံရပ်လိုက်ပြီး မျက်နှာကို ငုံ့ကြည့်ကာ–





"လူကြီးတွေကို ကန်တော့ကြတုန်းက တစ်ယောက် မကျေနပ်ဘာကို တစ်ယောက်က မလုပ်ရဘူး .. စီးပွားရေး ဘာရေးညာရေးအားလုံးပဲ၊ တစ်ယောက်က ကန့်ကွက်ရင် တစ်ယောက်က နောက်ဆုတ်မယ်ဆိုတာ .."

"အဲ့ဒါ ဘာဖြစ်လဲ .."

"မပြီးသေးဘူးလေ .. ငါတို့ကို မိဘတွေက ဘယ်မိဘကမှ အမွေခွဲပေးသေးတာ မဟုတ်တော့ .."

"မာမီ သက်သက်ညစ်တာ .. အိမ်ထောင်ကျသွားရင် စီးပွားခွဲရယ်လို့ ပြောခဲ့တာ သူပဲ .."

"ရှင်းနေတာပဲ .. နင် ဘာလုပ်မယ်ဆိုတာ သူ မကြိုက်လို့ပေါ့၊ ဘယ့်နှယ်လဲ ကိုယ်ပိုင်ဝါသနာပါတဲ့အလုပ်လေး ချဲ့ထွင်ရမလားလို့ ဘလိမ်ကကျစ်နည်းတွေသုံးပြီး အိမ်ထောင်ပြုလိုက်တာလေ .."

"ဆောင်း .."

"ဘာလဲ .."

"စကားကို ခန့်ခန့်ညားညား ပြောနော် ..၊ နင့်စကားက နင့်ကို ပြန်ထိနေတာ သိလား .."

"အို .. ဘယ်သူ့ကိုထိထိ ငါတို့က ချစ်ကြတာမှ မဟုတ်တာ၊ ကိုယ့်လိုအင်ပြည့်ဖို့ ဘယ်လိုနည်းသုံးသုံး ဘယ်သူကမှ နာကျင်ဆွေးမြေ့နေဖို့ မလိုပါဘူး၊ ငါလည်း နောက်ဆိုရင် .."

"လုံးဝ မရဘူး .."

ပြောချလိုက်ပုံက ပြောနေတဲ့ ပါးစပ်ကို ဖြတ်ရိုက်ပစ်လိုက်တဲ့အတိုင်း စိမ်းညို့သည့် မျက်ခုံးတန်းတို့က အလိုမကျစွာ တွန့်ကုတ်နေခဲ့ပြီး ...

"ချစ်ချစ်မချစ်ချစ် ထိထိမထိထိ နင် လက်ခံနိုင်တာတွေကို ငါ့ဘက်က လက်ခံဖို့ မသေချာဘူး၊ အဲ့ဒါ ဟန်ဒရက်ဒ်ပါစန့်နော် .. မယုံ



www.burmeseclassic.com

www.burmeseclassic.com



မရှိနဲ့ ..၊ ပြောစရာရှိတာ ဆက်ပြော .. မဟုတ်ကဟုတ်က လုပ်ဖို့ရေ
မပါစေနဲ့ ..''

ပြောပုံက ခုမှ လက်ထပ်ပြီးတာ သုံးလေးရက်ပဲ ရှိသေးသည့်
တကယ့်အိမ်ထောင်ဦးစီး လင်ယောက်ျားတစ်ယောက် လေသံမျိုးနဲ့ ..

''မဟုတ်ကဟုတ်ကတွေ နင်က အရင်လုပ်ပြတာလေ ..၊ အဲ့ဒါကြ
ငါက အခု သဘောထားကြီးစွာ ထားခဲ့လိုက်ရတာ ..''

''မထားခဲ့လည်း နင် ငါ့ဇနီးဖြစ်သွားရတာပဲ .. ပြန်ပြင်လို့မှ မရ
တော့တာ ..''

''အဲ့ဒါ ထည့်ထည့်မပြောစမ်းပါနဲ့ .. ငါ အခု နင့်ကိုပြောမှာ အဲ့ဒါ
ကို မကြားချင်တဲ့အကြောင်းပဲ ..''

''ဘာလဲ.. လင်မယားဖြစ်ခဲ့ကြတာကို မဖြစ်သေးပါဘူးလို့ ကြော်ငြာ
ရေးပေးရမလား ..''

''ကြော်ငြာရေးဖို့ မလိုပါဘူး ..၊ ဘယ်သူတွေမှလည်း သိဖို့ မလို
ဘူး၊ နင်နဲ့ငါ တစ်ယောက်နဲ့တစ်ယောက် စည်းကမ်းရှိရှိ နေကြမယ်..''

မျက်မှောင်ကုတ်သွားပြီးမှ ဈာန်း က မဲ့သည်။

''ဆက်ပြော ..''

''ခုနက စကားကို ဆက်ပြောရရင် ငါက သဘောမတူဘဲ နင်
ဘာလုပ်ဖို့မှ ငွေထုတ်လို့ရမှာ မဟုတ်ဘူး ..''

ဆောင်း ဘာပြောချင်တာကို ဈာန်း နားလည်သွားသည်။

''အဲဒီတော့ ငါ အလုပ်လုပ်ဖို့အတွက် နင် သဘောတူအောင်
ဘာလုပ်ပေးရမလဲ .. ပြော ..''

''အဟွန်း .. ဒီတစ်ခါ အကွက်မြင်သွားပုံကတော့ ချစ်ဖို့ကောင်း
သားပဲ ..''

ကလေးဆန်စွာ ပြုံးလိုက်သည့် ဆောင်း မျက်နှာလေးကို ကြည့်ရင်း
ဈာန်း ရယ်လိုက်မိသည်။ ထိုအခါ အပြင်းအထန် အငြင်းပွားရတော့မည်





ခြေအနေကနေ ကျေလည် ငြိမ်းချမ်းသည့်အသွင် ချက်ချင်းဖြစ်သွား
တာ ...

''ငါတို့နှစ်ယောက် အရင်လိုပဲ ရိုးရိုးသားသား နေကြမယ် ..''

''ဘယ်သူက မရိုးသားနိုင်ပါဘူး ပြောနေလို့လဲ ..''

''မပြီးသေးဘူးလေ .. ဘာဖြစ်လို့ ဖြတ်ဖြတ်ပြောတာလဲ ..''

ဆောင်း က သူ့ရှေ့မှာပဲ ဆရာကြီးစတိုင်လ်နှင့် လက်ပိုက် စဉ်းစား
သလိုလေး ရပ်တာ ...

''လူကြီးတွေ .. ပတ်ဝန်းကျင်တွေ ရှေ့မှာ ဘယ်မှာဖြစ်ဖြစ် လိုအပ်
ပြီးချွန်းရှောင်ထွက်ရတာမျိုးတွေ ရှိလာရင်လည်း ငါတို့ အတူတူ
ဆောင်ရွက်မယ် .. အဲဒါကို နင် သဘောတူလား ..''

''မတူဘူး ..''

''ဘာရယ် ..''

''ဟုတ်တယ် .. နင် ကြိုက်နေတဲ့ ယောက်ျားတစ်ယောက်ရှေ့မှာ
နင်မလို သရုပ်ဆောင်ပြရမယ်ဆိုရင်တော့ ဆောရီးပဲ မယ်မင်းကြီးမ၊
သူ့ကို သဝန်မတိုပေမယ့် ဒီလောက်ထိတော့ မလုပ်နိုင်ဘူး၊ အရှုံးမ
ပေးတာ ..''

''ဈာန်း ..''

ဆောင်း က သူ့ဘေးမှာ တင်ပါးလွှဲလေး ထိုင်ချလိုက်ကာ မျက်နှာ
သေချာ လိုက်မော့ကြည့်၍ ...

''နင် ငါ့ကို ကိုယ်ချင်းစာကြည့်ပါဦး၊ စိတ်ထဲမှာ ချစ်မှုကြိုက်မှု
ဘာမှကို မရှိခဲ့ဘဲနဲ့ ဘယ်တုန်းကမှ ခေါင်းထဲ မထည့်ခဲ့တဲ့ နင့်ကို
ချင်းကြီး ယူလိုက်ရတာ ..''

''အဲဒီအတွက် စဉ်းစားရမှာက ငါ မဟုတ်ဘူး .. နင် လိုချင်တဲ့
အရေးမျိုးကို ငါကသာ တောင်းရမှာ နားလည်ရဲ့လား ..''

''ဘာ!...''



www.burmeseclassic.com

www.burmeseclassic.com



"မရှင်းဘူး ထင်တယ် .."

"အမေ့!..."

ချာန်း က ဆောင်း ကိုယ်လေးကိုသိမ်းဖက်ကာ အိပ်ရာထဲကို အ
လှဲအိပ်ပစ်လိုက်၏။ အိပ်ရာက နှစ်ယောက်အိပ် မင်္ဂလာမွေ့ရာကြီး

ဒါပေမယ့် ဆောင်း ကိုယ့်ကိုယ်ကိုယ် မီးပုံကြီးထဲ ခုန်ချလိုက်
သလို မွေ့ရာမှာ ကျောကပ်လိုက်မိတာနှင့် အသည်းအသန် ရုန်း
အော်ဟစ်၏။

"လွှတ် .. လွှတ်နော် .. မယုတ်မာနဲ့ ချာန်း ..၊ ဟင့်အင်း .."

"ယုတ်မာလိုက်မယ်ဆိုရင် ဘာဖြစ်သွားမလဲ နားလည်ပြီလား"

"ဟင့်အင်း .. ဖယ်ပေး .. အယုတ်တမာကောင် .."

ချာန်း ဘယ်လိုအမိပ္ပာယ်ကို ပေါ်လွင်စေချင်တာမှန်း သိသာ
မယ့် ဆောင်း သတိမထားနိုင်တော့ဘဲ ရင်ဘတ်ချင်း ဖိထပ်၍ အ
ချုပ်ထားသဖြင့် မွေ့ရာနဲ့ ကပ်ဖိထားသည့်လက်တွေကိုလည်း ရုန်း
တစ်ကိုယ်လုံးကလည်း လှုပ်မရသဖြင့် သတိလစ်မတတ် ထိတ်
နေ၏။

ထို့ကြောင့် အချိန်တွေ၊ ပတ်ဝန်းကျင်တွေကိုလည်း သတိ
သူ ဘာလုပ်လိုက်တာလဲ ..၊ ဘာပြောချင်လို့လဲဆိုတာလည်း ဂရုမစိုက်

"ဒေါက် .. ဒေါက် .."

"သားရေ .. ချာန်း .."

မာမီ့အသံ ကြားတာနှင့် ဆောင်း ရဲ့ပါးစပ်လေးကို လက်နဲ့ အ
ကပ်ဖိထားလိုက်ကာ ...

"ဘာမှမဟုတ်ဘူး မာမီ.. အဲဒီကောင်မလေး အငြင်းသန်နေလို့"

မာမီက သိပ်ယုံပုံမပေါ်ဘဲ ခဏတော့ အသံတိတ်သွား၏။

"သားနော် .. ဒီနေ့မှ အတူတူနေတယ် .. ဘာသံမှ မကြား
ရစေနဲ့ .."





"ဟုတ် .."

ချာန်း အာရုံတွေ ပျံ့လွင့်သွားစဉ် ဆောင်း ရဲ့ဒေါသက တစ်စခန်း
ထ၏။

"ဘုန်း .."

"အား!... သေပြီ .."

လူတစ်ကိုယ်လုံး ကြမ်းပြင်ပေါ် ပြုတ်ကျသွားတာ ဒလိမ့်ခေါက်
ကွေး ..၊

"မိဆောင်း .. နင် .. သေပါပြီကွာ .. ခါးကျိုးပြီ ထင်တယ်"

"သေပေါ့ .."

"နင် .. တောက်!..."

ထထိုင်လိုက်တော့ တကယ်ကို နာကျင်သွားတာ ဖြစ်သည်။ အိပ်
ခန်းတွန်းဆိုရင်တောင် စောင်တွေဘာတွေနဲ့ ရစ်ပတ်ပြီး ခံရ သက်သာ
မည်။

"တော်တော် ရက်စက်တဲ့မိန်းမ .."

"အံမာ .. လာသေးတယ် .."

"လုပ်ထားလေ .. နင် ဒီတစ်ခါပဲ နိုင်မှာပါ၊ နောက်တစ်ခါဆို
အလွှတ်ပေးမယ် မထင်နဲ့ .."

ဟင်!...

ဆောင်း မျက်လုံးလေး ဝိုင်းသွား၏။ အိပ်ရာပေါ်က ကမန်းကတန်း
ဆင်းလိုက်ရင်း ပြုကျလာသည့် ဆံပင်တစ်ဖက်ကို နားနောက်မှာ သိမ်း
ညှပ်လိုက်၏။ ပြီးတော့ သူ့ဘေးမှာ ဖျတ်ခနဲ ထိုင်ချလိုက်တော့ ...

"နင် ဘာပြောလိုက်တာလဲ .."

"နင့်ကို မဟားတရား စော်ကားဖို့ ရှေ့လျှောက် ကြိုးစားတော့
မယ့်အကြောင်း ကြေညာလိုက်တာ၊ ရှောင်နိုင်ရင် ရှောင် .. တောက်.."

ပြောနေရင်း ရှုံ့မဲ့ တက်ခေါက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုးမှန်းမသိ လူကောင်းမှန်း မသိ .. နင့်ကို ငါ ဘာလုပ်ရ
လို့လဲ၊ လူမှန်းသူမှန်းမသိ စွတ်ရှုတ်အော်နေတာကို ကံကောင်းလို့
သိမသွားတာ .."

"အန့်တီလွင် ကရော .. ဒီလောက် ညဥ့်နက်နေတာတောင်
ဘဲ ဘာလုပ်နေတာလဲ .."

"ခင်ဗျားတောင် ညဥ့်နက်မှ ခွေးအော်ဝက်အော် အော်သေးတာ
အား!... သေပါပြီ .."

"တော်တော် နာသွားလားဟင် .. ငါ .. ငါ ထူပေးမယ်နော် ..

ဒီလိုကျတော့လည်း လက်တစ်ဖက်ကို ပခုံးပေါ်ထမ်းတင်
ခေါင်းလေး လျှို့ဝင်ပြီး ကျကျနန ဖက်၍ တွဲပေးရှာ၏။

ဒေါသတို့က ဝိန်းကြာဖက်ပေါ်က လျှောကျသည့်ရေထက်တော
မြန်ဦးမည်။ ဆောင်း ရဲ့ကိုယ်လေးကို ပြန်ဖက်ထားပြီး ထရပ်ရ
မျက်နှာမှာ အပြုံးရိပ်တွေ ချက်ချင်းဖြစ်၏။

"နှုတ်ခမ်းကု ဘာဖြစ်တာလဲ .."

သူ မေ့ရာပေါ်နောက် ပြန်ထိုင်ချလိုက်ကာမှ ဆောင်း နှုတ်ခ
သားလေးမှာ သွေးစလေးတွေ ရှိနေတာကို မြင်သည်။ ဆောင်း
လက်ခုံလေးနဲ့ ကပ်ထိ၍ ပြန်ကြည့်ပြီး သူ့ကို မျက်စောင်းထိုးကာ

"နင့်ကြောင့်လေ .. ပါးစပ်ကို လက်ဖျံကြီးနဲ့ အတင်းကပ်ထိထား
တော့ ပေါက်သွားတာပေါ့ .. ဟွန်း .. သူများအသားကို မစာမနာ ..

"ဆောရီးဟာ .. တကယ်ပါ .. တော်တော်များလား .. ကြည့်
အောင် .."

"မများပါဘူး ..၊ များများ မများများ နေပစေ .."

ဆောင်း က ကြမ်းပေါ်မှာ ပစ်ချထားခဲ့သည့်ပစ္စည်းတွေကို ပြ
ကောက်ကာ ...

"ငါ့အိပ်ရာခင်းပြီးရင် နင့်ကို ဆေးလိမ်းပေးမယ် .."





"မလိမ်းနဲ့ ဘာမှမဖြစ်ဘူး .. အခု နင်က ဘာလုပ်တာလဲ .."

"ငါ့ဘာသာ ကြမ်းပေါ်မှာပဲ အိပ်မယ် .. နင် အဲ့ဒီမှာ အိပ် .."

"ဘာ!..."

"ခုနက ငါ ပြောပြီးပြီလေ .. အဲဒီလို နေကြမယ်ဆိုတာ .."

"နင်ပြောတာ လိုချင်တာတွေ သိမ်းထားလိုက် ..၊ ဒီမှာ .. ငါ
ချင်တာကို အရင်နားထောင် .."

အိပ်ရာခင်းတွေကို အခန်းတစ်ဖက်ခြမ်းမှာ ပစ်ချထားလိုက်ပြီး
ောင်း ကြည့်သည့်မျက်ဝန်းတွေက စိုးရိမ်မကင်း ..၊

"သူငယ်ချင်းလိုပဲ ဆက်လက်ရိုးသားနေချင်တယ်ဆိုရင် ငါ
လုပ်လုပ်သမျှ ဆိုးဆိုးကောင်းကောင်း .. ရှုံးရှုံးမြတ်မြတ် တစ်ခွန်းမှ
မပြောရဘူး .. မတားရဘူး၊ တစ်ခုခု ဝင်ပါလာတဲ့နေ့ .."

"တော်ပြီ .. ရပြီ .."

ဒေါသတွေ အလိပ်လိုက် တက်လာပေမယ့် ဒီတစ်ခါ ဆောင်း
လည်သွားပြီ ဖြစ်၏။

ဒါက သူ့အလှည့်ပဲ .. ထားလိုက်တော့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

မနက် ကော်ဖီဝိုင်းမှာ မိဘနှစ်ပါးစလုံး ရှိနေသဖြင့် တစ်ယောက် ထွက်လာသည့် ဆောင်း တို့ကို နှစ်ယောက်စလုံးက စူးစိုက်ကြည့်ကာ

"ဘယ်လိုဖြစ်တာလဲ .. တစ်ယောက်က ခါးကုန်းလို့ .."

"အေးလေ .. ဟိုတစ်ယောက်က နှုတ်ခမ်းမှာ ဘာလဲ .."

"ဟင်!..."

"မာမီကလည်းဗျာ .."

ထိုင်မယ်မကြံသေးဘူး .. ခါးနာတာက တစ်မျိုး၊ မျက်နှာပူ က တစ်မျိုး ...။ ဒီကြားထဲ သည်နှစ်ဆောင်း ၏ မအူမလည်ပြောပုံ နောက်တစ်မျိုး ...၊

"ညကလေ အန်တီလွင့် သား .. ဟွန်း .."

"ဟာ!... ဆောင်း .."

"နင်လုပ်တာလေ .."

"ဟား!..."

"တော်ပြီ .. တော်ပြီ .. ခြော် ... ငါ့နယ် .."





"ခစ် .. ခစ် .. ခစ် ..."

တီလေး ရှက်ကိုးရှက်ကန်းပုံစံ ဖြစ်သွားလျက် အန်တီလွင် မျက်နှာ ငုံ့ပြီး ရယ်လိုက်တာကို ဆောင်း သဘောမပေါက်သေး ...၊ ငုတ်တုတ် ထိုင်ပြီးနေမှ ရျာန်း အဖြစ်က ထပြေးရတော့မလိုလို၊ ဆောင်း ကိုပဲ ဗိတ်ထုပစ်ရမလိုလို ...။

သေချာတာကတော့ ခါးက အဆမတန် နာလာခဲ့၏။

ဒေါ်ပပလွင် က သားရှင်ဝီပီ ပွင့်လင်းခွင့် ရနေသည့်အတိုင်း ရယ်မောမပျက်နှင့် ...

"သူတို့ကိစ္စနဲ့ သူတို့ ဝင်မပါနဲ့ ချစ်ဖူး ရေ.. သိပ်မကြာခင် ဒီအမေ ဒီအဒေါ်တွေ ကျေးဇူးကြီးလှပါဘိဆိုပြီး ပြေးရှိခိုးဦးမှာ .. အဟွန်း .."

"အန်တီလွင် တို့က ဘာတွေ ပြောနေတာလဲ .. ဆောင်း က.."

"ရပြီ .. မယ်မင်းကြီးမ .."

ဆောင်း ဘာမှမပြောခင် လက်ကိုလှမ်းဆွဲကာ စိတ်လိုက်မာန်ပါ ထရပ်လိုက်ပေမယ့် ...

"အား!..."

ဆောင်း လက်ကို ဆွဲထားလျက်နှင့် ကုန်းကွ ပြန်ထိုင်ရလေသည်။

"ကဲ .. ရှက်မနေကြပါနဲ့ .. မာမီတို့လည်း လင်မယား ကြင်နာ တာကို အပြစ်တင်ကြမှာမှ မဟုတ်တာ .."

"မဟုတ်ပါဘူး မာမီရာ .. အဲဒီကောင်မလေး ညက အတင်းအော် လို့ .."

"အမလေးတော် .."

"ဟာ!... မဟုတ်ဘူး တီလေး .. ကျွန်တော် ပြောတာက .."

"ဟုတ်ပါတယ် တီလေးရဲ့ .. ရျာန်း နဲ့ ဆောင်းနဲ့ ညကလေ .."

"အမလေး .. ဒုက္ခပါပဲနော် .. လွင် ရေ .. ငါတော့ မကြားချင် တော့ဘူး၊ ပြန်ပြီနော် .."



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီတစ်ဝက်မကျိုးသေးဘဲ ဒေါ်ချစ်ဖူး ထပြေးသွား၏။

ဒေါ်ပပလွင် ရယ်နေရင်း ထလိုက်သွားမှ …

"ဈာန်း .. တီလေးတို့က ဘာဖြစ်သွားတာလဲဟင် .."

"ဘာမှမဖြစ်ဘူး .. အိမ်သာတက်မလာမိလို့တဲ့ .."

"မဟုတ်ဘဲနဲ့ .."

"ဟုတ်တယ်.. မာမီကလည်း ဝိုင်းကူပေးမလို့ ထလိုက်သွားတာ"

"ဈာန်း နော် .."

ဒီလောက်ထိ ရွှံ့နေလည်း ဆောင်း တို့ သဘောမပေါက်သေး… ပါးပြင်လေးတွေ နီမြန်းမြန်းဖြစ်လာတာက မဖွယ်ရာတာတွေ ထင်သွားကြတာမှန်းတော့ တွေးမိပုံပေါ်ကာ ဘာကြောင့် ထင်ရတာလဲလို့ နား မလည်နိုင်ဘဲ ဖြစ်နေတာမျိုး …။

ဒဏ်ရာထင်နေသည့် နှုတ်ခမ်းသားလေးကို လက်ဖျားလေးနဲ့ စမ်းရင်း မျက်မှောင်ကုတ် တွေးနေဆဲ …။

ဖနောင့်နဲ့ ထပေါက်ပစ်ရမလား …၊ သနားရမှာလားတော့ မသိ…

ကျွတ် .. ခနဲ ခေါင်းခါရင်း ဈာန်း နှုတ်ခမ်းတွေ ပြုံးယောင်သမ်းသွားသည်။

ပြောပြန်ရင်လည်း မကောင်း …၊





## အခန်း (၁၄)

"ဟင်!… အဟုတ်ပဲလား .."

"ခက်ပါလား ဆောင်း ရယ် .."

"မဟုတ်ဘူးလေ .. လင်နဲ့မယား နှစ်ယောက်ကို ဒီလို အနာတရဖြစ်ကြတာမြင်တိုင်း လိုရာ ဆွဲတွေးရလား …၊ အခု ငါတို့ တကယ် ဒဏ်ရာတွေ ဖြစ်ကုန်တာပါရော .."

"ဒါကတော့ ရှင်ပဲ သွားရှင်းပြလေ .."

"တော်ပါတော့ မယ်ဆောင်း ရယ် .. နင် ဒါကိုပဲ ဘာဖြစ်လို့ ပြီးနိုင် ဖြစ်နေရတာလဲ .."

"ဘယ်လိုလုပ် ပြီးနိုင်မှာလဲ …၊ တီလေးတို့ ငါ့ကို ရယ်ကြတာ အားဦး .. ဈာန်း ငါ့ကို ဘာပြောတယ် မှတ်လဲ .."

"ဟုတ်လား .. ဘာပြောလို့လဲ .."

"ငတုံးမ တဲ့ .."

"ဟား .. ဟား .. ဟား …"



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ ရယ်ချလိုက်ကာမှ ပိုဆိုးသွားသည်။ ကျောင်းပြီးတည်းက မဆုံဖြစ်ခဲ့ကြသည့် သူငယ်ချင်းနှစ်ယောက်ကို ခုမှ ကံကောင်းပြီး နှစ်ယောက်စလုံးနဲ့ ပြန်ဆုံဖြစ်ဖို့ အကြောင်းဖန်လာတာ ဖြစ်သည်။

သူတို့က တစ်ယောက်တစ်နေရာဆီကနေ အကြောင်းတစ်မျိုးစီနဲ့ ရောက်လာကြတာပေမယ့် တစ်ရက်တည်းမှာ အတူတူ ရောက်လာကာ အလည်လာမည့်အကြောင်း ဖုန်းဆက်လာကြတာလည်း တစ်နေ့တည်း။

မို့မို့အောင် က ကော့သောင်းကဖြစ်ကာ ဆည်းဆာ ကတော့ ရန်ကုန်နဲ့ သိပ်မဝေးသော နယ်မြို့တစ်မြို့က ဖြစ်သည်။

နှစ်ယောက်စလုံးသည် အရယ်သန်သလောက် ရယ်စရာအကွက်တွေ့သွားပြီဆို လက်ခုပ်နှစ်ဖက် အရင်တီးပြီး ရယ်အားဖြည့်တတ်သေးသည်။ နောက်တော့မှ ထွက်လာပြီဆို ခွက်ထိုးခွက်လန် ရယ်သံတွေ..

"ဟဲ့.. ရယ်ချင်တာကို ဟန်ကြီးပန်ကြီး လုပ်နေရမှာလား၊ 'ကျယ်' ခြင်းငါးမျိုးတွေဘာတွေ မသိဘူး၊ ငါတို့ကတော့ လူများများနဲ့ ရယ်ရလေ ကြိုက်လေပဲ .."

လို့ မို့မို့ က ပြောလျှင် ...

"ဟုတ်တယ် .. ရယ်ဖော်ရှိမှ ရယ်လို့ ပိုကောင်းတာ" ဖြည့်စွက်တတ်၏။

အဲဒီလို သူငယ်ချင်းတွေမို့ ဆောင်း ခွင့်လွှတ်ထားရပေမယ့် စိတ်ကတော့ ဆိုးနေပြီမို့ ...

"ရယ်ကြ .. သေအောင် ရယ် .."

"ရယ်တာပေါ့ .. ဟား .. ဟား .. ဟား .. နင်က ငတုံးမ ခေါင်းရတာကို မကျေမချမ်း ဖြစ်နေတာကိုး .."

"ဟား .. ဟား .. ဆောင်း ရယ် .."

"ငတုံးမ ခေါ်တာ မကြိုက်ရင် ငချွန်မလေးဖြစ်အောင်လို့ ဘာဖြစ်ဖြစ် သိနေအောင် သင်ပေါလား..၊ ရှာန်း က သင်ပေးလိမ့်မယ် .. ကိုယ်စီ





ချင်ဖိ .."

"အယ် .. ကြည့်စမ်း .."

"မလုပ်နဲ့ .. မလုပ်နဲ့နော် .."

ဆောင်း မျက်စိရှေ့မှာရှိသည့် ပစ္စည်းတစ်ခုနှင့် ပေါက်မလို့ ရွယ်လိုက်သည်နှင့် နှစ်ယောက်စလုံး အရယ်မရပ်ဘဲ လက်တွေ ကာလိုက်ကြရင်း ...

"မိဆောင်း နော် .. ကိုယ့်အိမ်လာတဲ့ ဧည့်သည်တွေကို .."

"အေးလေ .. ရှက်ရမ်းရမ်းနေတာ .."

"တော်တော့နော် .. မဟုတ်ရင် ပေါက်ပြီးသားပဲ"

ရယ်လက်စတွေ သိမ်းပြီး ပြုံးစိစိ မျက်နှာတွေနှင့် ဒဏ်ရာသေးသေးလေး ကျန်နေသေးသည့် နှုတ်ခမ်းဆီကိုလည်း ကြည့်လျက် ...

"ဆည်းဆာ ရယ် .. ပြောတဲ့လူက လွန်သလား ကြည့်ပါဦး .. ဒဏ်ရာဖြစ်ထားတာက .."

ပြန်စလာပြန်တော့ ဆောင်း ကိုယ့်နှုတ်ခမ်းလေးကို ပြန်ကိုင်ကြည့်မိ၏။

"ဆောင်း .. ငါ အတည်မေးတာပါ၊ ဒဏ်ရာက လက်နဲ့ ဖိမိတာလား .."

"နင်တို့ ဘယ်လိုဖြစ်နေကြတာလဲ ..၊ ငါ ဒိုချင်လာပြီနော် .."

"ဩော် .. ရယ်မလို့ မဟုတ်ပါဘူး၊ ကတိပေးတယ် .. တကယ်.. ငါက အိမ်ထောင်သည်အစ်မတွေနဲ့နေလာတာဆိုတော့ နင့်လို ရည်းစားထည်း မထားဖူး .. တစ်ဦးတည်းသောသမီးလည်း ဖြစ်တဲ့သူထက် အများကြီး ကြားဖူးနားဝ ရှိတယ်၊ နင်တို့က ချစ်စခင်စမှာ ရုပ်ပျက်ဆင်းပျက်တွေဖြစ်တော့ .."

"ကော့သောင်း .."

မို့မို့အောင် ကို စိတ်တိုပြီဆို အားလုံးက ကော့သောင်းလို့ပဲ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာစ်ကျယ် ကင်ပွန်းတပ်ကြ၏။ ဆောင်း ဒီတိုင်းပဲ အော်ပစ်လိုက်မိ ကာ ...

"နင်တို့ကို ငါ ပြောပြီးပြီမို့လား .. စကားနိုင်လုရင်းနဲ့ ရန်းရင်း ဆန်ခတ်ဖြစ်နေကြတာကို ကိုယ့်ဟာကိုယ် ပြန်ကိုက်မိတာလား၊ သူ့ လက်ဖျံနဲ့ အရှိန်လွန်ဖိမိပြီး ပေါက်သွားတာလား ...၊ ငါလည်း ဘယ်လို လုပ် သိမှာလဲ .. ဟွန်း .. ချစ်ဖို့ခင်ဖို့ နေနေသာသာ .. အဲဒီကောင်နဲ့ ရန်ဖြစ်နေရတာ .. မိုးလင်းခါနီးထိ ကောင်းကောင်းတောင် အိပ်လို့ မပျော်ဘူး၊ တကယ်ကို တတ်လည်းတတ်နိုင်တဲ့လူ .."

"ဟင်!..."

"ခစ် .. ခစ် .. ခစ် ..."

ရယ်သံ ထွက်လာပြန်ပြီ ...၊ သူတို့ရယ်လိုက်တာနှင့် ကိုယ် စကား မှားပြန်ပြီကို ဆောင်း သိလိုက်သည်။

ဖြစ်ရလေ ...၊

အိမ်ထောင်သည်ဘဝ ရောက်သွားတာနဲ့ပဲ အိမ်ထောင်ရေး ဗဟု သုတ စွယ်စုံကျမ်းပဲ ပြေးလေ့လာထားရမလိုလို ...၊ သူတို့ကတော့ ဘာမဆို သိနေပြီး ကိုယ့်ကျမှ ထူပြိန်းပြိန်း ဖြစ်နေတာရော ဘာတွေ ကွာခြားနေလို့လဲ ...။

"ကဲ .. နင်လည်း ပါးစပ်ပိတ်တော့ ဆည်းဆာ .. ဟိုမှာ ဖုန်းလာ နေပြီ"

ဖုန်းမြည်နေတဲ့အသံကိုတောင် သူတို့က သတိထားမိပြီး ကိုယ်က မကြားလိုက်မိတဲ့အဖြစ် ...၊

"ဟလို .."

"ဆောင်း .."

"ဟင်!..."

နံပါတ်မကြည့်ဘဲ ကောက်ကိုင်မိပြီး ရှာန်း အသံကြားမှ ဖုန်းကို





ပြန်ကြည့်ကာ ...

"ရှာန်း .. နင် .. နင် အပြင်ထွက်သွားတယ် ဟုတ်လား ..၊ ငါ သချာပြောထားတာကို ဂရုစိုက်စမ်း .. ငါတောင် ဘယ်မှမသွားဘူး၊ နင်က ဘာထွက်လုပ်တာလဲ .. ဒါနဲ့ ဒီရက်ပိုင်းတွေမှာ ရိုက်ကူးရေးတွေ ဘာမှမလုပ်ဘူး၊ လုပ်ငန်းအတွက်ပဲ ရှိတာဆို .."

"ဆောင်း .. ဟား!... နားထဲမှာ စက်သေနတ်ပစ်နေတာ ကျနေ တာပဲကွာ .. အဝေးကြီး မဟုတ်ပါဘူး၊ ကင်မရာဆရာနဲ့ ဖုန်းထဲက ပြောရတာ အဆင်မပြေလို့ .. အခု သုံးဆယ့်ငါးလမ်းမှာ .."

"အဆင်မပြေရင် ဆရာကို အိမ်ခေါ်ပြောလို့ မရဘူးလား .."

ဆောင်း ဒေါသတွေထွက်နေတာကို ကြည့်ရင်း မို့မို့ တို့ မျက်နှာ တွေ ရွှံ့မဲ့နေကြ၏။

"အခု ခါးကြီးတကုန်းကုန်းနဲ့ ဟိုလိုဒီလိုတွေ မေးခံရပြီး သူများ ရယ်အောင် လျှောက်ပြနေတာလား .."

"ဘယ်မှာ ခါးကုန်းတော့လို့လဲ .. သက်သာနေလို့ သွားတာပေါ့၊ မှာ ငါ မှာစရာရှိလို့ .."

"မမှာနဲ့ .. နင် အခု ပြန်လာခဲ့ .. ဒါပဲ .."

ဆောင်း ဖုန်းကို မလိုအပ်ဘဲ ဆောင့်ချလိုက်သဖြင့် ကြည့်နေသည့် ဆည်းဆာ ကိုယ်လေးပါ တွန့်ခနဲဖြစ်ကာ ...

"ကုန်ပါပြီဟယ် .. သွားပါပြီ .. ဒီဖုန်းတော့ .."

မကြားတကြား ရေရွတ်ရင်း ရွှံ့မဲ့နေ၏။

"ဟော .."

"ပြန်ခေါ်နေပြီ .. ကောင်းကောင်းမွန်မွန် ပြောစမ်းပါဟယ် .. ဒါ နင့်ယောကျာ်းနော် .. သူငယ်ချင်း မဟုတ်ဘူး .."

ပြောတာကိုလည်း ကျေနပ်ပုံမရဘဲ ဆောင်း က ဆည်းဆာကို သာနေစမ်းပါ'ဆိုသည့် မျက်လုံးတစ်ချက် ပြူးပြလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ပြော .."

"ငါ့ကို ခတ်ပုံပို့ထားတယ်တဲ့ .. အဲဒါ နင် အခု အိမ်မှာမို့လာ
သူငယ်ချင်းတွေလာလည်ကြတော့ ဟိုဟိုဒီဒီ ထသွားချင်စိတ် ပေါ်လာ
ရင် ပါသွားမှာစိုးလို့ .."

"အံမာ .."

"လုပ်ပါဟာ .. အဲဒီ ပါဆယ်ထုပ်လေးတော့ စောင့်ယူပေးစမ်းပါ
ပြီးမှ သွားချင်လာချင်တာတွေရှိရင် သွားပါ .. နော်၊ လိမ္မာတယ် ကလေး
က .."

ဒါပဲပြောပြီး သူ ဖုန်းချသွား၏။ ဆောင်း က ဖုန်းချလိုက်ပြီး
မို့မို့ ကို ကြည့်ကာ ...

"ပါဆယ်ထုပ်တဲ့ .. အဲဒါ စောင့်ယူပေးပါတဲ့၊ သူ့ကျတော့ သွား
ချင်ရာသွားပြီး ငါ့ကို အဲဒါယူပြီးမှ သွားပါတဲ့၊ ဟွန်း.. ဒီလောက် အိုင်
ခေတ်ကြီးမှာ စာတိုက်ကနေ ခတ်ပုံပို့တယ်တဲ့ ..၊ တုံးပေါ့ .."

ဆောင်း ပြောတဲ့စကားကို မို့မို့ က ခပ်တည်တည် မျက်နှာလေး
နှင့် ခေါင်းညိတ်၏။

"အေးပေါ့ .. အဲဒါ နင့်လိုလူ ဖြစ်မယ် .."

"ကြည့်စမ်း .."

"ဟား .. ဟား .. ဟား ... တမင်တကာ အတည်နောက်တာ
ဆည်းဆာ တို့ မပြန်ခင် ပါဆယ်ထုပ်လေး ရောက်လာသည်
ဒါပေမယ့် ဆောင်း စိတ်မဝင်စားခဲ့ပါ ..။

ကံကြမ္မာလေကြောင်းက ရာသီလေလို အလှည့်ကျ ပြောင်းထဲ
တာမဟုတ်တော့ နိမိတ်ပုံကို မဖတ်တတ်ခဲ့ပေ ..။

မုန်တိုင်းသံလား .. မိုးသံလား ..။





## အခန်း (၁၅)

"သမီးရေ .. နင့်အစ်ကို ပြန်မလာသေးဘူးလား .."

"မလာသေးဘူး .. အန်တီလွင် .."

"မိုးတောင် ချုပ်နေပြီ .."

"ဟုတ်တယ် .. ဆောင်း ကိုလည်း ဘာမှမပြောပြဘူး၊ ငါးနာရီခွဲ
နှုန်းက သူ့ဖုန်း ပိုက်ဆံကုန်နေပြီလို့ မက်ဆေ့ချ်လေးတစ်ခု ပို့လိုက်
တယ်၊ အဲဒါနဲ့ပဲ စက်ပါ ပိတ်ထားတယ် သိလား ..၊ အန်တီလွင့် သား
လုပ်စရာရှိရင် ဒီတိုင်းပဲ .."

ဆောင်း က ဒေါ်ပပလွင် အတွက် ထမင်းပြင်ပေးနေရင်း ပြောနေ
တာကိုလည်း တစ်ချက်မှ မရပ် ..။

ဒေါ်ပပလွင် ကတော့ အရိပ်တကြည့်ကြည့် ချစ်လာရတဲ့ မိန်း
ကလေးတစ်ယောက်ကနေ ကိုယ့်ချွေးမလေးအဖြစ် အပိုင်ရလိုက်တာကို
ကျေနပ်လို့မဆုံးသည့် အကြည့်တွေနှင့် ဆောင်း မျက်နှာလေးကို ငေး
နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ဆိုသည့် မိန်းမငယ်လေးဟာ သူ့မိဘအိမ်မှာနေတည်းက ထမင်းစားချိန်ဆို လူကြီးအတွက်ရော ကိုယ့်အတွက်ပါ ကိုယ်တိုင် ခူး ပြင်ဆင်ပေးတတ်သည့် အကျင့်ကောင်းလေး ရှိသည်။

ထို့ပြင် မနက်စောစော ဆွမ်းထချက်ပေးဟာလေတာလည်း ချစ်စ ကောင်း၏။ ဘုရားရှိခိုး ဆွမ်းတော်ကပ်ဖို့ကျတော့ လူကြီးကို ပြေး ကာ သူမ နောက်တစ်ကျော့ အိပ်ရာထဲ ပြန်ဝင်ခွေတာလေးကလည်း ကလေးဆန်သော ချစ်စဖွယ်အကျင့်လေးတစ်ခုပဲ ဖြစ်သည်။

"သမီးက ကိုယ်တိုင် အပင်ပန်းခံ ထချက်ပြီး ဘာဖြစ်လို့ ဆွမ်း တော် မကပ်တာလဲ .."

"တီလေး ဆွမ်းတော်ကပ်ဖြစ်အောင်လို့လေ ..၊ ဆောင်း က ဘုရားရှိခိုးရင်း အိပ်ငိုက်တတ်တယ်လို့များ ထင်လို့လား .."

လို့ ပြန်မေးလိုက်တုန်းကများ အဲဒီလောက် ချစ်ဖို့ကောင်းတဲ့သမီး လေးတစ်ယောက် ထပ်မွေးခဲ့မိရင် အကောင်းသားလို့ တွေးကာ ဆောင်း နေ ကြည့်ရင်း အသည်းယားမိရတဲ့အဖြစ် ..။

"သမီး မစားသေးဘူးလား .. ရှာန်း ကို စောင့်မလို့ဆိုရင် အဆာ လွန်သွားဦးမယ်"

"မစောင့်ပါဘူး.. သူ့ကို စောင့်ဖို့များ စိတ်ကူးထဲမှာကို မရှိဖူးဘူး"

ဒီသားရဲ့မအေရှေ့မှာ အတင်းတုပ်နေတာလည်း မညှာမတာပါ။ ဒေါ်ပပလွင် ကတော့ အပြုံးမပျက် ..။

"ဒါဆို မဆာသေးလို့လား .."

"ဟုတ်တယ် အန်တီလွင် ရဲ့ ..၊ ညနေက တုတ်တိုးတွေ ထွက်စား လိုက်တာ များသွားလို့၊ သူငယ်ချင်းတွေနဲ့ အပြိုင်အဆိုင် လုကောက် ရင်းဆိုတော့ ဝလို့ဝမှန်း မသိ အတင်းမျိုချနေမိတာ .. အဟွန်း .."

တစ်ယောက်စာပဲ ပြင်လိုက်သည့် ထမင်းဝိုင်းလေးမှာ ဒေါ်ပပလွင် က ဝင်ထိုင်လိုက်တော့ ...





"မာမီလို့ပဲ ခေါ်ပါလား သမီးရယ်.. မာမီကဖြင့် သမီးလေး အပိုင် ဆိုပြီး ဝမ်းသာနေလိုက်ရတာ၊ ပြီးတော့လေ သမီးအစ်ကိုနဲ့ ထမင်း ဖြစ်တဲ့နေ့တွေမှာ မာမီနဲ့ စားပါလား၊ ရှိတာမှ လူလေး သုံးယောက် ည်းကို .. တစ်ယောက်တခြားစီ စားရတာ ခြောက်ကပ်ကပ်ကြီး.."

ဆောင်း က အားနာသွားသလိုလေး ရယ်ကာ ဘာပြောရမှန်းမသိ နေ၏။ ဒေါ်ပပလွင် ကတော့ ခံစားချက်အပြည့်နှင့် ပြောနေဆဲ..၊

"နောက်ပြီး သားအမိနှစ်ယောက်တည်းကနေ အခု သုံးယောက် လာတာကို မာမီ အရမ်း ပျော်နေတာ သိလား ..၊ ဟိုအရင်တည်းက ဘူး နဲ့ မာမီတို့က သားအမိနှစ်ယောက်စီ ဘက်ညီညီပါပဲ .. ဒါပေ သမီးလေးရှိထားတဲ့မိခင်နဲ့ သားမွေးထားတဲ့မိခင် နည်းနည်းတော့ ပါလားဆိုတာ ခုလို နှစ်ဦးနှစ်ဖက် ရှိလာကာမှ ပိုခံစားမိလာတာ.."

ဆောင်း က စိတ်မဝင်စားစွာ နားထောင်လိုက်မိရင်း စိတ်ဝင်စား ည့်အပိုင်း ရောက်လာတော့ ဒေါ်ပပလွင် ဘေးမှာပဲ ခုံဆွဲထိုင်လိုက် ည်။

ပြီးတော့ အတူတူစားကြသလိုပဲ ဟင်းတွေ ခပ်ထည့်ပေးတော့ ပပလွင် က ပြုံး၍ ...

"အဲဒီ ခံစားချက်တွေက ဘာလဲ .. သိလား .."

သူမပဲ မေးပြီး သူမဘာသာ ရှေ့ဆက်ပြောသွား၏။

"သမီးလေး ရထားတဲ့ အမေက တွတ်တီးတွတ်တာသံလေးတွေနဲ့ ိုပြေနေလို့လေ .. သားလေးကျတော့ သမီးလို စပ်စပ်စုစု ဆိုးတာ ာလေးတွေ မရှိဘူး၊ နေရာတကာ ကြံဖန် ပူပန်ပေးတာတွေလည်း ဘူး၊ သားရဲ့သဘာဝကိုက ဘာသိဘာသာ နေတတ်တဲ့အမျိုး .."

"အဲဒီလို တကယ် ကွာတာလား အန်တီလွင် .."

"ကွာတာပေါ့ သမီးရယ် .. သားသမီးတွေ ကြီးပြင်းလာတဲ့အခါ အတွက် ထရံတစ်ချပ်လို အကာအကွယ်တစ်ခု ဖြစ်ခဲ့ရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



သမီးက အတွင်းထရံ၊ သားကကော့ အပြင်ထရံပဲ၊ သာသနာ့အ ဆက်ဆံခွင့်ရတဲ့အကျိုးထူးကိုတော့ ခံစားရတာပေါ့လေ၊ အဲဒါကြော မာမီက သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် သားဆိုး သမီးဆိုးတွေ ရှိတတ်တ ကိုလည်း ယှဉ်မပြောပါဘူး၊ အဲဒီလို နည်းနည်းလေးရှိနေတဲ့ ကွာဟချ လေးတွေကိုပဲ ထောက်ပြတာ .."

"တချို့ကျတော့ တွတ်တီးတွတ်တာဆို နားပူတယ်လို့ ပြော တာနော် .."

"မာမီကတော့ နားပူခံချင်နေတဲ့ အမေမျိုးပေါ့ သမီးရယ် .. အဲ ကြောင့် သမီးတို့ လင်မယားချင်း လွတ်လပ်သလို ပြော .. လွတ်လ လပ်လပ် နေ.. မာမီ့ကိုလည်း အမေရင်းလိုပဲ ဆိုးစမ်းပါ၊ မာမီက သ ကို ချစ်နေတော့ ဆိုးလွန်းလို့ စိတ်ညစ်လှပါပြီလို့ ညည်းရတဲ့အထိပေါ့-"

ဆောင်း က ဆံပင်လေးတစ်ဖက် သိမ်းပြီး ရယ်တော့ ဒေါ်ပပလ က ငုံ့ကြည့်နေကာ ...

"သမီးကို ပြောချင်တာ ရှိသေးတယ် .."

လို့ စကားစလိုက်ပြီး ထမင်းစားခြင်းကို စတင်၏။ ပါးစပ်ထဲ ထမင်းတွေကို မျိုချလိုက်ပြီးမှ ...

"ဟိုတစ်ညက သမီးတို့ စကားများနေကြတာ မာမီ ကြားတယ်"

"ဟင် .. ဘယ်ညကလဲ .."

"သမီး ဒီမှာ လာအိပ်တဲ့ နောက်တစ်ည .."

ဘာအကြောင်းတွေ ပြောမိကြလဲဆိုတာ တွေးမိသွားကာ ဆော မျက်နှာ ပူသွား၏။

"အိမ်ထောင်ရေးကို ကလေးဆန်ဆန်တော့ မတွေးပါနဲ့ သ ရယ် .. မာမီတို့စိတ်ထဲမှာ ကလေးလို့ထင်ပြီး ချစ်နေကြပေမယ့် သ တို့က အရွယ်ရောက်နေကြပြီ၊ နေရာတကာ ကလေးမဆန်သင့်တေ ဘူး၊ မာမီနဲ့ ချစ်ဖူး တို့ကလေ .. အထူးသဖြင့် တစ်ဦးတည်းသော





သားသမီးလေးတွေ မွေးထားတဲ့ မိဘတိုင်း ဒီလိုပဲ ထင်တယ်၊ ကိုယ့် သားသမီး အိမ်ထောင်ကျသွားပြီဆိုတာနဲ့ မြေးလေးတွေ ရတော့မယ်ဆို ပြီး စိတ်ကူးယဉ်ကြတဲ့အလုပ်ကို တာဝန်တစ်ရပ်လို ဝမ်းပမ်းတသာ သမ်းဆောင်ကြတော့တာ .."

ရန်ဖြစ်ဖြစ်မနေကြနဲ့လို့ ဆူတော့မည်ပဲ မှတ်ခဲ့တာမို့ ကလေးကိစ္စ ရောက်လာတော့ ဆောင်း လန့်ဖျန့်သွားသည်။

ဒေါ်ပပလွင် ကလည်း ဆောင်း မျက်နှာကိုပဲ မလွတ်တမ်း အကဲ ခတ်နေကာ ...

"သမီးတို့ အခြေအနေကို သိလိုက်ရတော့ မာမီ အရမ်းပဲ စိတ် ကောင်းဖြစ်မိတယ် သမီးရယ် .. သဘာဝအတိုင်း မသွေမဖယ် စီးမျော သွားကြရင်း ရင်သွေးရတနာရဖို့ကံ ပါမလာကြတာဆိုရင် တက်မျိုးလေ.. လိုကြီးဆိုတော့ .."

"အန်တီလွင် ရယ် .. အဲ့ဒါကတော့လေ .. ဟို .."

"ဟာ!... ထမင်းဝိုင်းနဲ့ တန်းတိုးတယ် .. အတော်ပဲ .."

ဒီအချိန်မှာ ရှာန်း ရဲ့အသံ ကြားလိုက်ရတာလောက် နားဝင်ချို တာ မရှိနိုင် ...၊

ဆောင်း ဝမ်းသာအားရ ထရပ်လိုက်မိ၏။

"ရေချိုးဦးမှာမို့လား .. သွားပြင်လိုက်မယ်လေ .."

"ဘာ!... ဘာကို ပြင်မှာလဲ .. ထူးထူးဆန်းဆန်း .."

ဆောင်း အယောင်ယောင်အမှားမှား ဖြစ်နေတာကို အလိုက်တသိ ရှာလိုက်မသွားဘဲ ရှာန်း က ဖော်ကောင်လုပ်၏။

"ငါ ရေချိုးနေတုန်း ထမင်းစားဖို့ နင် ပြင်ထားရမှာလေ .."

"ဩော် .. ထမင်းက ပန်းကန်ထဲ ထည့်ရုံပဲရှိတာကို၊ ရေချိုးဖို့ ယူပေးရမှာပေါ့"

ဒါ သဘာဝမကျဘူးဆိုတာ ရှာန်း က တန်းခနဲ တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ခပ်ပျာပျာလေး ထွက်သွားတာကို ကြည့်နေပြီးမှ ဒီဘက် ပြန်ကြည့်တော့ မာမီကလည်း ပြုံးလို့ ..။

"မင်းညီမ ထွက်ပြေးတာ တမင် .."

"ဟုတ်လား .. ဘာဖြစ်လို့လဲ .."

"မာမီက မေးလိုချင်တယ် ပြောလိုက်လို့ .."

ဟမ်!...

ရှာန်း မျက်နှာကြီး မအီမလည်ဖြစ်သွားကာ နှာခေါင်းတစ်ချက် ပွတ်ရင်း မသိမသာ ကျောခိုင်း၏။

နောက်တစ်ယောက်လည်း ပြေးပြန်ပြီလို့ တွေးရင်း ဒေါ်ပပလှ အသံထွက်အောင် ရယ်မိသည်။

နေပစေ .. သစ်ငုတ်တိုတွေတောင် တိုက်ပါများလာရင် လှုပ်သေး တာ ..၊ သင်းတို့က ဘာမို့လဲ ..၊

နေ့တိုင်းကို ပြောပေးနေဖို့ ဆုံးဖြတ်ထားတာ ..၊





အခန်း (၁၆)

စာကြည့်စားပွဲပေါ်က စာရွက်တွေ တဖျပ်ဖျပ် အသံမြည်ပြီး လွင့် ကုန်ကြ၏။ ရှာန်း အပြင်သွားနေတုန်း နှစ်ယောက်အိပ် မွေ့ရာကြီး ပေါ်မှာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လှဲရင်း လူမှုဆက်ဆံ ရေးစာအုပ်ကို ဖတ်နေခဲ့တာ ဖြစ်သည်။

အပြင်မှာ လေထန်တာလည်း မဟုတ် ..၊ အထဲမှာလည်း လေ တိုက်သွားသည့် အငွေ့အသက်မျိုး မခံစားလိုက်ရဘဲ စာရွက်တွေ လွင့်ပျံ သွားပုံက ရုတ်တရက် ပန်ကာဖွင့်လိုက်တဲ့အတိုင်း ..၊

ဆောင်း စာအုပ်ကို ကိုင်ရင်း မော့ကြည့်လိုက်မိစဉ် ...

"ဂျိုင်း .."

"ဟော့တော် .. မှန်များ ကွဲပြီလား မသိဘူး .."

ပြတင်းတံခါးတစ်ချပ်က အရှိန်နှင့် ပြေးရိုက်ပြီးတော့လည်း ငြိမ် ..။ စာအုပ်ကို ချထားလိုက်ကာ ဆောင်း လှဲနေရာမှ ထလိုက် သည်။ ပြတင်းတံခါးပွင့်သွားသည်နှင့် လေပြင်းတစ်ချက် တိုးဝင်လာ ကြမ်းပေါ် ကျကုန်သည့် စာရွက်တွေကို နောက်ထပ် မြောက်တက် ပြီးဝါးသွားစေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ .. လေကလည်း .."

ဆောင်း မကျေမနပ်လေးပြောကာ ပြတင်းတံခါးပေါက်ကို ပိတ် သွား၏။ သို့သော် လေအဟုန်နှင့် တဖျပ်ဖျပ် လွင့်နေသော ခန်းဆီး လေးက ဆောင်း မျက်နှာကို ပြေးကပ်သွားသဖြင့် တံခါးဆီ လက်လှ ပြီးမှ ပြန်ဆုတ်ရသည်။

"ကျွတ်!..."

လေနဲ့ကပ်နေတာကို လက်က ဆွဲခွာတာတောင် အလွယ်တ မရသောကြောင့် စိတ်တိုသွားမိသည်။ ခွာချလိုက်တော့လည်း မျက်လုံးရှေ့မှာ မှန်တံခါးက ပိတ်လျက်သား ..၊

ဆောင်း အံ့သြသွား၏။ ဒီလောက်ကြမ်းတဲ့ လေ ..၊ အရှိန်ပြင် လှုပ်ခါနေတဲ့ တံခါး ..။

ဘာဖြစ်လို့ ဘာသံမှ မကြားလိုက်ရဘဲ တိတ်ဆိတ်စွာ ပိတ်သွ တာလဲ ..၊ ကြည့်လိုက်တော့ ဂျက်တောင် ကျနေလိုက်သေးသည်။

ဆောင်း မကျေနပ်ပါ။ တံခါးကို ဂျက်ပြန်ဖြုတ်၍ ပြန်ဖွင့်ကြ သည်။ ထိုအခါ အပြင်လောကတစ်ခုလုံးမှာ လေပြင်းတိုက်ဖို့ မပြော လေနုအေးလေးတစ်ချက်လောက် သုတ်ဖျန်းဖော်တောင် မရ ..။

စိတ်ထဲမှာ မသိုးမသန့် ဖြစ်လာကာ နံရံကပ်နာရီဆီ လှမ်းကြ လိုက်မိသည်။ ခုမှ ည ခုနစ်နာရီတောင် မခွဲသေးပေ ..။

အန်တီလွင့် အလုပ်ကိစ္စကြောင့် ဈာန်း က လိုက်ပို့ရတာ သည်။ ညရှစ်နာရီလောက်မှ ပြန်ရောက်မှာကို ပြောသွားပြီးသား ..

"အဟမ်း .."

တစ်ယောက်တည်းဆိုသည့် အသိနှင့် ကိုယ့်ကိုယ်ကိုယ် အား သလို ချောင်းဟန့်လိုက်မိသည်။ ပြီးတော့ ပင့်သက်လေးရှိုက်၍ လှည့်လာစဉ် လွင့်ပျံ့ကျနေသည့်စာရွက်တွေဆီ မျက်လုံးရောက်သွား

ဒီအချိန်မှာ အလုပ်တစ်ခုလုပ်ဖို့ တွေ့လိုက်တာက တော်





အဆင်ပြေ၏။ စာရွက်တွေကို တစ်ရွက်စီ လိုက်စုကာ စားပွဲပေါ်မှာ ပြန်ထားလျှင် ...

"ဒါ ဘာလဲ .."

အိမ်တစ်လုံးဆိုတာ သိလိုက်ကာ စက္ကူအိတ်ထဲနေ ထွက်ကျနေသည့် ဓာတ်ပုံတွေကို အထပ်လိုက် ဆွဲထုတ်ကြည့်လိုက်သည်။

ရှေးကျသော အဆောက်အအုံကြီးတစ်ခုလို မြင်လိုက်ရပေမယ့် အခမ်းတနားတော့မဟုတ်ဘဲ အိုဟောင်းနေတာကြီးက ကြည့်ရဆိုး၏။

အိမ်တစ်လုံးလုံးကို နေ့နဲ့ည မြင်ကွင်းနှစ်မျိုးနဲ့ ရိုက်ယူထားတာ ဖြစ်ကာ ညဘက် မြင်ရသည်ကတော့ မှောင်မည်းမည်းထဲမှာ အချွန် အတက် ခေါင်မိုးစွန်းတို့နှင့် နောက်ခံသစ်ပင်ရိပ်တို့က ကျောချမ်းစရာ ကြီး ဖြစ်သည်။

ပတ်ဝန်းကျင်မှာလည်း အိမ်နီးချင်း မတွေ့ဘဲ သစ်ပင်ကြီးတွေသာ ရှိလျက် ..၊ အိမ်ရဲ့နောက်ခြမ်းလို့ စာရေးပြထားသည့်ပုံမှာ အိမ်နံရံကို မမြင်ရဘဲ သစ်ပင်ချုံနွယ်တွေချည်း ထူထပ်စွာ ရစ်ပတ်တက်နေ၏။

ဒါကြီးကို ဘာလုပ်ဖို့ ဓာတ်ပုံရိုက်ယူထားတာလဲ ..။

ဟိုနေ့က ဓာတ်ပုံတွေ ပို့လိုက်သည်ဆိုတာကို တွေးမိကာ ဒါပဲဆို တာ သိလိုက်၏။

နောက်ထပ်ပုံတွေက အိမ်ကြီးထဲက အဆောင်ဆောင်အခန်းခန်း တွေဖြစ်ကာ လူမနေတာကြာပြီမှန်း ပြောဖို့မလိုအောင် ဖော်ပြနေတာက င့်ကူအိမ်တွေပဲ ဖြစ်လေသည်။

ဒါ ဘယ်အရပ်မှာ ရှိနေတဲ့ အိမ်လဲ ..၊

ဒီအိမ်ကို ဓာတ်ပုံရိုက်ယူထားသည့် ရည်ရွယ်ချက်က ဘာလဲဆို တာ ဆောင်း တွေးမိပါသည်။ ဒါပေမယ့် ခုချိန်ထိ ရိုက်ကူးရေး ပြန်စ သော့မည်ဆိုတာ ဈာန်း မပြောခဲ့သေးပေ ..။

ကိုယ်ပိုင်ထုတ်လုပ်ရေး ထူထောင်ဖို့ ပြင်ဆင်နေတုန်းလို့ပဲ သူမ



www.burmeseclassic.com

www.burmeseclassic.com



သိထားခဲ့တာမို့ ကိုယ် ဘာမှမသိရဘဲ လုပ်နေတာကိုတော့ မကျေနပ်ချင် ..။

ဈာန် ရဲ့အလုပ်တွေကို မကျေနပ်ခဲ့တာလည်း ဈာန် အဲဒီလို သူများနဲ့မတူအောင် လုပ်ချင်တာတွေကြောင့်ပဲ ဖြစ်၏။ သရဲကားရိုက်မယ်ဆိုလည်း ရိုက်ပေါ့ .. တခြားသူတွေအတိုင်း ..။

သူ့ကျမှ လိုကေးရှင်းရှင်းအတွက်နှင့် လူလည်း ပင်ပန်းခံသည်။ ငွေတွေလည်း တအားသုံးသည်၊ ထို့ပြင် မျက်နှာမှာ မိတ်ကပ်တွေနဲ့ ဆံပင်တွေကို ရုပ်ဆိုးအောင် ပြင်မလား .. သရဲပုံစံ ချယ်မလား၊ သူများတွေ ဒီလိုပဲလုပ်တာကို သူကတော့ မျက်နှာဖုံးတွေ လုပ်သည်။

လူ့အသားအရေအတိုင်း တူအောင် ဖန်တီးဖို့ ကြိုးစား၏။ တခြားလိုအပ်သည့်ပစ္စည်းတွေ စုဆောင်းထားတာလည်း ဆောင်း မပြောချင်လို့ ကြည့်နေတာပါ။

သူ့ဟာသူ ဘာလုပ်လုပ် မမြင်ချင်ရင် မကြည့်ဘဲ နေလိုက်ရုံပဲလို့ သဘောထားခဲ့၏။ ခုချိန်မှာ သူနဲ့ကိုယ်က တစ်သက်တာ လက်တွဲဖော် ဖြစ်နေခဲ့ပြီ ..၊ ဘာတွေဖြစ်ဖြစ် မမြင်ချင်လည်း မြင်ရမည်၊ မကြားချင်လည်း ကြားရတော့မှာ ဖြစ်သည်။

ဓာတ်ပုံထဲက အခန်းပုံစံတွေကို ကြည့်နေရင်း ဆောင်း ရဲ့ရင်ထဲမှာ စိတ်ပျက်ခြင်းတွေသာ ကြီးစိုးနေခဲ့၏။ ဓာတ်ပုံတွေကို ပြန်ထားလိုက်ကာ အိပ်ရာထဲမှာ ပြန်လှဲလိုက်မိသည်။

"သမီးရေ .. မာမီတို့ ပြန်ရောက်ပြီဟေ့ .."

"ရှင် .. ဟုတ် .."

ဆောင်း လှဲနေရာက ပြန်ထလိုက်လျှင် အခန်းထဲကို ဈာန် ဝင်လာ၏။ အဖြူရောင် ဟာဝေယံရှပ်ပေါ်မှာ ထပ်ဝတ်သွားသည့် ကုတ်အင်္ကျီနက်က ပခုံးပေါ်မှာ တင်လျက်သားဖြစ်ကာ ဘောင်းဘီနက်မှာ ကပ်ချိတ်ထားသည့် ချိန်းကွင်းတို့က ခပ်ရိုင်းရိုင်းပေမယ့် ကြည့်ကောင်း





နေ၏။

အထူးသဖြင့် လမ်းလျှောက်ပုံကျမှ ပိုကြည့်ကောင်းသော ဈာန်ရဲ့ကိုယ်ပေါ်မှာ ခေတ်မီ အပြင်အဆင်တွေ ဘယ်လိုလုပ်ထားထား .. ခြားယောကျ်ားလေးတွေထက် ပေါ်လွင်သည်။

မျက်နှာကလည်း ချောမွေ့ပြေပြစ်သည်ရှိရာ ရိုက်ကွင်းမှာဆို မင်းသမီးအဖြစ် သရုပ်ဆောင်ရမည့် မော်ဒယ်လ်မိန်းကလေးတွေရဲ့ စိတ်ဝင်စားမှု ခံရဆုံး ..၊

"ဘာကြည့်နေတာလဲ .. ထမင်းစားရအောင်လေ .."

"အပြန် ညစ်ခံပွဲဝင်ရမှာဆို .. မစားခဲ့ကြဘူးလား .."

ဈာန် က ရှုံ့မဲ့သွားကာ အင်္ကျီကို မွေ့ရာပေါ် ပစ်တင်လိုက်၏။

"ညစ်ခံပွဲတွေမှာ ဘာစားစား ဗိုက်ပြည့်အောင် စားလို့ကောင်းတာ ရှိလို့လဲ၊ မာမီကလည်း ဧည့်သည်တွေနဲ့သာ စကားပြောနေတာ.. ခိမ်မှာ နင်တစ်ယောက်တည်း ကျန်ခဲ့လို့ ပြန်ဖို့ချည်း ပြင်နေတာ .."

"ဒါဆို ငါ ဟင်းတွေ နွှေးလိုက်ဦးမယ် ..၊ နင့်အလုပ်ကိစ္စကရော.."

ဆောင်း က ဈာန် ပစ်တင်လိုက်သည့်ကုတ်အင်္ကျီကို ပြန်ကောက်ကာ အင်္ကျီချိတ်လေးမှာ သေချာချိတ်၍ နေရာတကျ သွားထားသည်။ ဈာန် က လိုက်ကြည့်နေပြီးမှ စာကြည့်စားပွဲခုံမှာ ဝင်ထိုင်လိုက်ကာ...

"'ထနောင်းတန္တေ'ရိုက်တုန်းက ပါတဲ့ မော်ဒယ်လ်လေ .. သူတို့နဲ့ စကားပြောရမှာ၊ မာမီ့ရှေ့မှာ ပြောရင် အဆင်ပြေမှာ မဟုတ်ဘူး – ချာတိတ်မလေးတွေက အရမ်းပွင့်လင်းတာ .."

ဆောင်း ကြည့်လိုက်တော့ ပြောနေရင်း မျက်စိထဲမှာ ပြန်မြင်နေသား မသိ ..၊ နှုတ်ခမ်းအစုံက ပြုံးတုံ့တုံ့ ..။

"ဒါပေါ့.. ဒါရိုက်တာက မင်းသားထက် ချောနေတော့ ဒီဒါရိုက်တာနဲ့သာ ရိုက်ရမယ်ဆိုရင် ဘယ်မှာရိုက်ရိုက် ဘာတွေဖြစ်ဖြစ် .."

"ဟား .. ဟား .. ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် .. သဘောကျရှာတယ်"

"ဟား .. ဟား .. ဟား ..."

ဆောင်း က ပြောလေ သူက ရယ်လေ ..။

"ရုပ်ကြီးကလည်း သိသာလိုက်တာဟယ် .."

"ဘာလဲ .. ဘာသိသာတာလဲ .."

"ဒီအလုပ်ကို ဘာဖြစ်လို့ ဖွဲ့နဘဲနဲ့ ထူထောင်ချင်နေတာလဲ ဆိုတာ လေ .."

"ဟာ!... ဟေ့ .. လျှောက်မပြောနဲ့နော် .."

"ဘာ .. လျှောက်မပြောနဲ့လဲ .. ဒါရိုက်တာဆိုတာ ရိုက်ကွင်း တစ်ခုလုံးမှာ ဆရာကြီးလေ၊ ဆရာဆိုတည်းက တစ်ဝက် သေချာ သားပဲ၊ ရှင်က ပြီတီတီနေတတ်တဲ့အကျင့်လေးလည်းရှိတော့ တစ်ခုခု သေချာချင်ကြတာ .."

"ဆောင်း နော်.. မာမီ ကြားသွားလို့ ငါ အလုပ်လုပ်ခါနီးမှ ကျိုး ရှာနေဦးမယ် ..၊ ဘာလဲ .. သဝန်တိုနေတာလား .."

"စိတ်ကို မဝင်စားဘူး .."

"အင်း .. မဝင်စားတာပဲ ကောင်းပါတယ်၊ ဒါပေမယ့် မှတ်ထား ဦး .. ငါ အခုလုပ်မှာ ဟိုအရင်ကလို ဒါရိုက်တာသင်တန်း ခိုးတက် ကားတိုလေးတွေ ပြေးလွှားရိုက်နေတဲ့ ချာန်း မဟုတ်တော့ဘူး၊ ခုကစပြီး ပရော်ဖက်ရှင်နယ်ဒါရိုက်တာ ချာန်း ဖြစ်သွားပြီ .."

"ဟွန်း .. အတိအလင်း ဝါးစားခွင့်ရသွားတာပေါ့"

"လာပြန်ပြီ .."

ချာန်း က စိတ်မရှည်သလိုပြောကာ နေရာမှပြန်ထဖို့ လက်ထောက် လိုက်လျှင် လက်အောက်မှာ ဓာတ်ပုံတွေကို သတိထားမိသွား၏။

"ပုံတွေ နင် ကြည့်ထားတာလား .."

"ဟုတ်တယ် .. ကျက်သရေ တစ်စက်မှမရှိတဲ့ ပုံတွေ .."





"အေးပေါ့ .. ကိုယ့်ယာက်ျားအလုပ်အပေါ်မှာ အဲဒီလို အားကြိုး မာန်တက် တွေးခေါ် အကြံပေးတာ ကောင်းပါတယ် .."

"ဘာလို့ အကြံပေးရမှာလဲ .. စိတ်ကို မဝင်စားဘူး .."

"စိတ်မဝင်စားပေမယ့် ငါတို့ ဟန်းနီးမွန်းထွက်ကြရင် အဲဒီကို ကြည့်ဝင်မှာ .."

"ဘာ!..."

"ကားရိုက်ရင်လည်း အဲဒီမှာ ပြောင်းနေကြမှာ .."

"အံမာ .. ဘယ်သူက လိုက်နေမယ် ပြောလို့လဲ .."

ချာန်း က ယတိပြတ် ဆုံးဖြတ်ထားပြီးသည့်မျက်နှာနှင့် နေရာမှ ထ လိုက်ကာ ...

"မလိုက်ချင်ဘူးဆိုရင် ကြိုးတုပ်ခေါ်ဖို့ စဉ်းစားပြီးသား .."

"ချာန်း .."

"ဘာလဲ .."

"နင့်အတွက် အရင်းအနှီးတွေ လိုသလောက် ရနေပြီဥစ္စာ ..၊ ဘာဖြစ်လို့ ငါ့ကိုချည်း ဆွဲထည့်နေတာလဲ .."

"မထားခဲ့ချင်လို့ပေါ့ .."

"မလိုက်ဘူး .."

"ခု မပြောနဲ့ဦး .. စောသေးတယ်"

"ချာန်း .."

ရှုံ့ကနေ ဖြတ်လျှောက်သွားတော့ ဆောင်း က သူ့လက်မောင်းကို ဆွဲ လိုက်ကာ ...

"ငါ့ကို အတင်းခေါ်ကြည့် ..၊ တီလေးနဲ့ ငါ သွားနေမှာ .."

"နင့်ကို သွားလေရာ ခေါ်ရမယ်လို့ အဲဒီနှစ်ယောက်လုံးက သတ်မှတ် လိုက်တာ .. အားကိုးရှာမနေနဲ့ .."

ဆောင်း စိတ်ညစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တီလေးကတော့ မနေ့ကမှ ပြောတာပါ။

'ကိုယ့်ယောက်ျားကို ဒီအရွယ် ဒီအလုပ်အကိုင်မျိုးနဲ့ ထင်သလို သွားလာခွင့် မပေးရဘူး' တဲ့ …။

မနေ့ကလည်း ဆည်းဆာ တို့ ပြောသွားသေးသည်။

'နင့်ယောက်ျားကို ဒီအလုပ်နဲ့ ကြာကြာပစ်ထားလို့ကတော့ နင် မလွယ်ဘူးနော် …၊ သတိထား' တဲ့ …။

သူတို့ ဘာကို စိုးရိမ်နေကြမှန်း သိပေမယ့် ကိုယ့်စိတ်ထဲမှာ အဲ လို မရှိခဲ့ပေ …။

ထို့ကြောင့် သူ့အလုပ် သူလုပ်ပြီဆိုတာနှင့် ကိုယ်လည်း ဟိုအရင် လိုပဲ သင်တန်းတွေ တက် …၊ အလုပ်တစ်ခုခု လုပ်ချင် လုပ် …၊

ဘာမှ အဆင်မပြေစရာ မရှိတော့ဘူး ထင်ခဲ့၏။

ခုတော့ သူ အလုပ်လုပ်နိုင်အောင် အနက်တီလွှင့် ကို ဝိုင်းပြော ကူညီပေးခဲ့မိတာ မှားသွားပါပြီ …။

ဖြစ်ကြဖို့ ရှိသေးတာက .. ရန်ပွဲတွေ …။





အခန်း (၁၇)

"ဒီထဲမှာ ငါတို့ နေရမှာလား .."

"အင်းလေ .. အထဲမှာ နေဖို့ အခန်းတွေကို သန့်ရှင်းထားပြီးပြီ၊ ပ်တဲ့အခန်းတွေပဲ ရိုက်ကူးရေးအတွက် သုံးဖို့ ဒီတိုင်းထားတာ.."

နောက်ကားတွေလည်း ပါမလာသေးပေ …။ ချာန်း ရယ် .. သူမ .. ဒရိုင်တာရယ်ပဲ ဖြစ်ကာ ချာန်း က ကားပေါ်ကဆင်းတာနှင့် င်ပိုင်းကိုရောက်သွားကာ ဒရိုင်တာနဲ့အတူ ပစ္စည်းတွေ ကူသယ် ၊

ဆောင်း က ကားပေါ်ကမဆင်းဘဲ အိမ်ကြီးကို မမှိတ်မသုန်ကြည့် ၊

ဒိုက်ခံ တစ်ထပ်ပျဉ်ထောင်အိမ်ဖြစ်ကာ အင်္ဂတေတွေ မရှိတော့ င် ကွာကျနေသည့်နံရံဝို့မှာ အုတ်နီတွေချည်းပဲ မြင်နေရ၏။ ပြီးတော့ နှစ်ဆောင်ပြိုင်ပုံစံ အပေါ်ပိုင်း ပျဉ်ထောင်အိမ်ကြီးမှာ ာ်ခြမ်း ခေါင်းရင်းပိုင်းက အိမ်၏ သုံးချိုးတစ်ချိုးသာသာကို ယူ



www.burmeseclassic.com

www.burmeseclassic.com



ထားကာ အလယ်နှင့် ခြေရင်း အဆောင်ဖြိုင်က နည်းနည်းတိုသည်၊ သို့သော် ထောင့်မှန်ကျပုံစံ ပတ်ခွေနေသည့် ဝရန်တာက မျက်နှာ သုံးဖက်စလုံးမှာ အပြည့် …၊

ဒါက အောက်ကနေ မော့ကြည့်လျှင် မြင်ရသည့် မြင်ကွင်းပေမယ့် တကယ် မြင်နေရတာက အိမ်ခေါင်းမိုးထိ တက်နေသော နွယ်ပင်တွေ ဖြစ်၏။

ဓာတ်ပုံထဲကအတိုင်း အတူတူပါပဲ …။

မတူတာက .. ဆောင်း ကြည့်နေတုန်းမှာပဲ အပေါ်ဝရန်တာမှာ လူကြီးတစ်ဦး ပေါ်လာခြင်း ဖြစ်သည်။

အသက်ငါးဆယ်လောက် ရှိမလား မသိ။ အရပ်ထောင်ထော လူပုံက ခပ်တောင့်တောင့်ဖြစ်လျက် မြင်လိုက်တာနှင့် ဒီအိမ်ရဲ့အိမ် ဆိုတာ သိသာစေသည့် ဥပဓိရုပ်မျိုး…။

ဒီအိမ်ငှားဖို့ ပြောဆိုထားခဲ့တာကို ချာန်း က ပြောပြထားသည် ဒါကြောင့် ဒီနေ့ ဧည့်သည်တွေ ပြောင်းလာမှာဆိုပြီး အိမ်ရှင် လာ နေတာလည်း ဖြစ်နိုင်၏။

ပြီးတော့ လူကြီး၏နောက်က ဝရန်တာတံခါးဝမှာ ထပ်ပေါ် တာ အမျိုးသမီးကြီးတစ်ယောက် …၊ မော့ကြည့်နေမိတုန်း အောက် က အဝင်ဝတံခါးမကြီးရှေ့မှာ ဆံပင်ကျစ်ဆံမြီးနှစ်ဖက်နှင့် အမျိုး ငယ် တစ်ယောက် …၊

သူမကတော့ ဆောင်း တို့ထက် နှစ်နှစ် သုံးနှစ်လောက်ပဲ ရှိ မည် ထင်သည်။

“ဟင်!…”

ပြီးတော့ နောက်ဖေးက အပေါ်အင်္ကျီမပါသည့် ကိုယ်ဗလ ပုဆိုးတိုတိုဝတ်ထားသည့် လူရွယ်တစ်ယောက် …၊ သူ့လက်ထဲမှာ က တစ်ဖက် .. ဂေါ်ပြားက တစ်လက်နှင့် …။





လူတွေ အများကြီးပါလား …၊

ရောင်းဝယ်ငှားရမ်းဖို့အတွက် စောင့်နေတာနှင့်မတူဘဲ ကိုယ့်အိမ် မှာ ကိုယ်နေကြသည့် မိသားစုတွေနဲ့ တူနေ၏။ လူတွေနေနေတဲ့အိမ် ဆိုရင် ဘာဖြစ်လို့ ဒီလောက်ထိ ချုံနွယ်တွေ ရစ်တက်နေတာကို မရှင်း ခင်းဘဲ ထားရတာလဲ …။

ဒီလောက် မိသားစုတွေ ရှိနေရက်နဲ့ ရိုက်ကူးရေးတစ်ဖွဲ့လုံးကို ...ပြီး ဘယ်လိုနေကြမှာလဲ …၊

“ချာန်း ..”

“ဟင် .. နင် ဆင်းခဲ့လေ ..”

ချာန်း ကို လှမ်းခေါ်မိပြီးမှ ဆောင်း ကားပေါ်က ဆင်းဖို့ သတိရ ...ည်။ ထို့ကြောင့် တံခါးဖွင့်၍ ချက်ချင်း ဆင်းသွားလိုက်ကာ …

“ချာန်း .. ငါတို့အားလုံး ဒီမှာနေမှာလား ..”

“ဟုတ်တယ် .. အထဲမှာ သေချာ ရှင်းနိုင်းထားပါတယ် .. မပူပါ – နင် စိတ်မသန့်ရင် အထဲရောက်မှ လိုသလို ထပ်ခိုင်း …၊ ရွာထဲ အလုပ်သမားနှစ်ယောက် ခေါ်ထားတယ် .. တော်ကြာ ရောက်လာ ... ..”

ချာန်း က ကားနောက်ဖုံး ပြန်ပိတ်ပြီးမှ ကိုယ်ကို မတ်မတ်ရပ်၍ ...င်း ကို ကြည့်နိုင်၏။

“အပြင်ကကြည့်တော့ ချုံတွေ ရှိနေလို့ပါ၊ အထဲမှာ ကျယ်လည်း ...ယ်တယ်၊ လူမနေတာ ကြာတာပဲ ရှိတယ် .. ညစ်ပတ်နေတာတွေ ...း မရှိဘူး ..”

“မဟုတ်ဘူး .. ငါ အဲဒါကို ပြောမလို့ မဟုတ်ဘူး၊ ဒီအိမ်မှာလည်း ...းစုတွေနဲ့ …၊ ငါတို့က အဲဒီလူတွေနဲ့ ဘယ်လိုနေကြမှာလဲ ..”

“မဟုတ်တာ ဆောင်း ရာ ..”

ဆောင်း စိတ်တိုသွားပြီး ပြန်လှည့်ကြည့်လိုက်တော့ ...ကာ



www.burmeseclassic.com

www.burmeseclassic.com



လူတွေ မရှိတော့ပေ။ ဒါပေမယ့် ...

"ခုနကပဲ အလျှိုအလျှို ထွက်လာကြသေးတယ်၊ အိမ်ထဲမှာလည်း ထပ်ရှိဦးမလား မသိဘူး၊ ငါ သေချာမြင်လို့ ပြောတာ၊ ဒါပဲနော် .. သန့်တာ မသန့်တာက လုပ်ယူလို့ ရတယ်၊ လူစိမ်းတွေနဲ့တော့ တစ်အိမ်တည်း ငါ မနေနိုင်ဘူး .."

"နင် ဘာတွေပြောနေတာလဲ .. အိမ်ရှင်ဆိုတာတောင် သတ်သတ်မှတ်မှတ် မရှိလို့ ဒီအိမ်ကြီးကို ထိန်းသိမ်းထားတဲ့ အဘွားဆီမှာ သွား ထားရတာ .."

"ဘာ!..."

"အဘွားက ရွာထဲမှာနေတာ .. ရွာက ဒီကနေသွားရင် နှစ်နီးပါးလောက် လျှောက်ရတယ် .. လှည်းလမ်းတောင် မရှိဘူး"

"နင် .."

"ငါ မဟုတ်ဘူး .. အဲဒီလို မဟုတ်တာတွေ မြင်မြင်နေတာ နင်.."

"နင် ငါ့ကို မဟုတ်တာတွေ မြင်တယ်လို့ မပြောနဲ့နော် .."

"ဟုတ်မှုမဟုတ်တာ မဟုတ်ဘူး ပြောရမှာပေါ့၊ နှစ်ပေါင်းများ ပိတ်ထားတဲ့အိမ်ကြီးကို နင့်ကျမှ လူတွေ မြင်ရတယ်ဆိုတော့ ဒီအိမ်မှာ ကပ်တွယ်နေကြတဲ့ သရဲတွေပဲ နေမှာ.. ဟား.. ဟား.. ဟား"

"ချာန်း .."

ချာန်း က ခရီးပန်းလာတာနှင့် ပစ္စည်းတွေ သယ်ချရင်း တဖြုတ် နားချင်နေပြီဖြစ်ရာ ဆောင်း က ထပ်ဆွဲထားလိုက်တော့ မရှုည်သည့်မျက်နှာနှင့် ပြန်လှည့်လာ၏။

ပြီးတော့ ဆောင်း လှမ်းဆွဲလိုက်လို့ လက်ထဲက လွတ်ကျ သည့် သော့တွဲကြီးကို ပြန်ငုံ့ကောက်၍ ...

"ဘာလဲ .. ပြောစရာရှိရင် အထဲရောက်မှ ပြောလို့ မရဘူးလား"

အလျင်စလိုပြောမည့် စကားတွေက ချာန်း ကောက်ယူလိုက်သ





တနက်ရှစ်လေးပါသော သော့တွဲကို တအံ့တသြ ငုံ့ကြည့်ရင်း ကျက်ဆုံးသွားခဲ့၏။

"ဒီ .. ဒီသော့က .."

"ဒီအိမ်သော့လေ .."

သော့က ခုမှ ဖွင့်ရမှာလား ..၊ ဒါဆို ...

ဆောင်း ဟိုကြည့်ဒီကြည့်နှင့် မျက်နှာလေး တဖြည်းဖြည်း ငယ် သွား၏။

ချာန်း က သော့တွဲကို ဆောင်း ဂရုပြုမိသွားလို့ တအံ့တသြ ဖြစ်သွားမှန်း သိတာနှင့် မျက်နှာရှေ့မှာ တချွင်ချွင်မြည်အောင် ခါရမ်းပြရင်း ...

"မြင်ပြီလား .. ခုမှ သော့ဖွင့်ဝင်ရမယ့်အိမ်ကို လူတွေ ရှိပါတယ် နေတာ နင် ..၊ ဟွန်း .. သူက အိမ်ထဲကိုတောင် လှမ်းမြင်လိုက်သေး အဲဒါကြောင့် ပြောတာ .."

ဆောင်း မနှစ်မြို့ခဲ့သော လှောင်ပြုံးနှင့် ချာန်း က အောင်နိုင်သူလို ကြည့်လျက် ...

"သဘောမကျဘူး .. မကျဘူးနဲ့ ငါက စီးပွားဖြစ် လုပ်နေတာ နင် ချာန်ဝင်လွန်းပြီး ဂေါက်သွားဦးမယ် .."

"မဟုတ်ဘူး .. ငါ မြင်လိုက်တာ တကယ် .."

"ဟား .. ဟား .. ဟား ..."

ချာန်း က မျက်နှာမော့၍ တဟားဟား ရယ်၏။ ပြီးတော့ အိမ်ဆီ ဆေးစွာ လျှောက်သွားနေသည်။

"ချာန်း .. ငါ တကယ်မြင်တာ .. ညာပြောနေတယ် မှတ်လို့လား၊ မြင်လိုက်တာ သူတို့ အကုန်လုံးကို .."

ချာန်း ..၊

ဆောင်း အော်ဟစ်ရင်း ခေါ်င်းထောင်လိုက်မိလျှင် သူမှာ ဆိုဖာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာပါ ..။

ဘာဖြစ်သွားတာလဲ ..၊

ဆောင်း ကိုယ့်မျက်နှာကို ပြန်ကိုင်ကြည့်သည်။ ပြီးတော့ လ
လည်ပင်းကို ရောက်၏။ သူမ အိပ်ပျော်သွားတာ သေချာပါသည်

ဒါပေမယ့် မြင်နေ ပြောနေခဲ့တာတွေက အိပ်မက်မက်ခဲ့
မဟုတ်သလိုပါလား ..။

ဒီအိမ်ကြီးရှေ့ကို သူမ ရောက်သွားခဲ့သည်။ မြင်လိုက်သည့်လ
ရဲ့ ပုံပန်းသဏ္ဍာန်တွေကိုပါ သေချာ မှတ်မိနေသည်။

"နိုးပြီလား သမီး .."

"တီလေး .."

"ဟုတ်တယ် .. တီလေးဆီ လာပြီး သဘော်သီးထောင်း စ
မပြန်နိုင်ဘဲ လဲနေလို့ ဗိုက်တွေဘာတွေများ နာနေတာလားဆိုပြီး
လာလာ စမ်းကြည့်ရတာ နှစ်ခါရှိပြီ .."

"တီလေးကလည်း ဗိုက်နာရင် ငြိမ်ငြိမ်လေး လှဲနေနိုင်ပါ့မလ

"မသိဘူးလေ .. သမီးက ကွေးကွေးလေးဆိုတော့ ဗိုက်
ထားတာလား .. ဘာလားညာလား ထင်တာပေါ့ .."

ဆောင်း ကိုယ့်လည်ပင်းကိုပွတ်နေရင်း အိပ်မက်အကြောင်း
မလား .. မပြောရမလား စဉ်းစားနေမိ၏။ ပြောပြန်ရင်လည်း ပေါ
တွေ လျှောက်မက်နေတာပါလို့ပဲ တီလေး ပြောမှာပါ ..။

"ဆောင်း ပြန်တော့မယ် .."

"အေး .. အေး .. ပြန် ..၊ လွင် ဖုန်းဆက်တာလည်း နှစ်
သူ့ချွေးမကို ကျုပ်က ကြိုးတုပ်ခေါ်ထားတယ်များ မှတ်နေလာ
ဘူး၊ အဲဒီတစ်ယောက်လည်း ဒုက္ခ .."

ဆိုဖာပေါ်ကနေ ထရပ်ပြီးမှ တီလေးစကားကြောင့် အန်
ပြောဖူးတာကို ဆောင်း သတိရမိ၏။





တီလေးကတော့ တစ်သက်လုံး အဲတူနေခဲ့ကြတာမို့ ခုမှ ပိုင်ဆိုင်
ရလိုက်သည့် အန်တီလွင့် လို သမီးမှ သမီး ဖြစ်မနေတာလား ..။

ဒါပေမယ့် ဖျတ်ခနဲ အတွေးဝင်မိတာဖြစ်ကာ စိတ်က တစ်ခုခုကို
ချင်နေတာပဲ ပြင်းပြနေသဖြင့် ဈာန်း နဲ့ တွေ့ဖို့ ဒီဘက်ကို ကူးလာမိ
ည်။

"ဟော .. သမီး ပြန်လာပြီ၊ တစ်ယောက်က ပြန်လာတော့ တစ်
က်က ပြန်ထွက်သွားတယ်၊ ဒီနှစ်ယောက်တော့ ဒီနေ့ အပြင်ထွက်
ယ် မထင်ပါဘူး .. မနက်ဖြန် သွားခါနီးမှ ဟိုဟာပြေးဝယ် ..
ာပြေးဝယ် ဖြစ်ကြဦးမယ်"

ဟန်နီးမွန်းထွက်ဖို့အတွက် ဒီညနေ လိုအပ်တာလေးတွေ အတူ
ဝယ်ကြဖို့ ရှိသည်။

ဈာန်း အပြင်ထွက်သွားသဖြင့် ဆောင်း က ဟီလေးတို့အိမ်ဘက်
က်သွားတာ ဖြစ်သည်။ အခု ပြန်ရောက်လာတော့ ဈာန်း က မရှိ..။

"မနက်ဖြန် မသွားချင်သေးဘူးလို့ ပြောမလို့ အန်တီလွင် .."

"ဟင်!... ဘာဖြစ်လို့လဲ .."

"ဟို .."

"သားကတော့ သူ လိုအပ်တာတောင် ဝယ်လာပြီ ထင်တယ်၊
ဝင်လာတုန်းက အိတ်နှစ်လုံး ဆွဲလာတာ တွေ့တယ် .."

သူ လိုအပ်တာ ဟုတ်ချင်ဟုတ်မည်။ ဒါပေမယ့် ဟန်းနီးမွန်း
က်တော့ မဟုတ်နိုင်ပါ။ ဟန်းနီးမွန်းအကြောင်းပြပြီး သွားမယ့်ခရီး
ဟိုအိမ်ကြီးကို ဝင်ပြီး လိုအပ်တာ ပြင်ဆင်ထားဖို့ ဖြစ်သည်။
ဒီတစ်ခါရိုက်မှာက ရုပ်ရှင်ကားကြီးဖြစ်ကာ ထိုအရပ်မှာပဲ တစ်ကား
ပြီးအောင် ရိုက်မှာ ဖြစ်သည်။

ဒါတွေ လုပ်ရဖို့အရေးအတွက် ဈာန်း ခမျာ မိန်းမကို စည်းရုံး
ရသည်။ မအေကို တစ်မျိုးပြောရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာကြီးလွန်းလို့ တစ်ခါတစ်ခါကျတော့ ဈာန်း ကို ဆောင်... သနားလို့ စိတ်ပါလက်ပါ ကူညီခဲ့တာတွေ ရှိသည်။

တစ်ခါတစ်ခါကျတော့လည်း လွန်လွန်းသည်ထင်လာပြီး ကြည်... လို့ မရ ..။

လူကို လှောင်ရယ်ပြီး ပြက်ရယ်ပြုတာမျိုးဆို အဆိုးဆုံး ..။

ကိုယ့်အခန်းထဲကို လှည့်ဝင်လာစဉ် စားပွဲပေါ်မှာ တင်ထားသည်... အိတ်တွေကို လှမ်းမြင်လိုက်သဖြင့် သက်ပြင်းချမိ၏။

မနက်ဖြန် သွားကိုသွားမှာဆိုတာ သိလိုက်သဖြင့် တားဆီး... လည်း စိတ်မကူးတော့ပါ ..။

ဟန်းနီးမွန်း သို့မဟုတ် သူမ ခံစားလာခဲ့ရသော ခေါင်းစဉ်... ရွှေသိတ်အညွှန်း ..။





## အခန်း (၁၈)

"အိပ်ချင် အိပ်လေ ဆောင်း .. ဘာမှလည်း မစားဘူး၊ မာမီတို့ ...ည့်ပေးလိုက်တာတွေ မစားချင်ရင် ရှေ့မှာ ဆိုင်တစ်ခုခု တွေ့ရင် ...င်စားမလား .."

"မစားချင်ပါဘူးဆိုမှ .."

ဆောင်း က စံကားဝါရောင်ဆွယ်တာလေးပေါ်ကနေ နိုပြာရောင် ...ဝါးသား အပေါ်ထပ်လေး ထပ်ဝတ်ထားပြီး လက်ပိုက်လေး ငြိမ်သက် ...နေ၏။

ဈာန်း အကြာကြီး ငဲ့ကြည့်နေမိရင်း ပြုံးမိသည်။ ရန်တွေဖြစ်ဖြစ်.. ...ယ်လိုအော်ဟစ် ဒေါသထွက်နေနေ အချိန်တန်တော့လည်း သူ့ ...ကြိုက်ကိုပဲ လိုက်လျှောပေးခဲ့ရသည်။

ဆောင်း ကို သူ ကျေးဇူးတင်ပါသည်။ ပြီးတော့ ဆောင်း အတွက် ...င်ပွန်းကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားဖို့အတွက်လည်း ရှယ်ရှူး ...ထားပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မအားလပ်တာတွေ ပြီးဆုံးတဲ့အခါ သူမနဲ့ ဆွေးထွေးကြင်နာခွင့်ရှိ လည်း လိုအပ်နေသေးသည်။ ခက်နေတာက သူမနဲ့ ကြာကြာ ပြောဆို မိလာတိုင်း သူ့စိတ်ထဲမှာ ဟိုလိုလို .. ဒီလိုလို ခံစားချက်မျိုးတွေ ဖျတ်ခနဲ ရှပ်ခနဲ ရှိလာတတ်ခဲ့သည်။

သူမဘက်ကတော့ ဒီနေ့ထိ မရိုးသားခြင်းနှင့် ဆင်တူသော အကြည့်လေးတစ်ချက်လောက်တောင် ရောက်မလာခဲ့ပါ။

နှစ်ယောက်ကြားမှာ တိတ်ဆိတ်ခြင်းက မင်းမူသွားခဲ့စဉ် ဖုန်းဝင် လာသဖြင့် ဖွင့်လိုက်ပြီး ...

"နေစိုး .. ပြော .."

"... ... ... ..."

"ဟုတ်လား .. မန်နေဂျာ သွားတာလား .."

"... ... ... ..."

"ဟုတ်တယ် .. သူ့ကို တစ်ရွာလုံးက အဘွားပဲ ခေါ်ကြတာ အဘွားကိုယ်တိုင် လက်ခံလိုက်တာမို့လား .."

"... ... ... ..."

"အေး .. မင်း ယူလာတယ်ဆိုရင်လည်း ငါ့ကို စောင့်လေ .. ၁၁၅ မိုင် ဆုံမယ် ..၊ အေး .."

"... ... ... ..."

"ဟုတ်တယ် .. အရင်ဝင်ကြည့်ချင်တာနဲ့ ထွက်ခဲ့လိုက်တာ .. ဒါပဲနော် .."

သူ ဖုန်းချလိုက်တာနှင့် ဆောင်း က မျက်လုံးလေးဝိုင်းနေအောင် လှည့်ကြည့်နေခဲ့လျက် ...

"အဘွားဆိုတာ နင် ငှားထားတဲ့အိမ်ရှင်လား .."

"ဟုတ်တယ် .. အိမ်ပိုင်ရှင် မဟုတ်ဘူးလို့လည်း ပြောတယ် သူပဲ ထိန်းသိမ်းထားတယ် .. ဘာမှန်းတော့ မသိပါဘူး၊ နာမည်အေး





...ဘာ့လည်း မဖြေချင်သလို လုပ်နေတာနဲ့ သူများတွေ ခေါ်ကြသလို ...အဘွားပဲ ခေါ်ဖြစ်သွားတာ .."

"အသက်ငယ်နေလို့လား .."

"ဘယ်ကလာ ငယ်ရမှာလဲ ..၊ အသက် ခုနစ်ဆယ် ရှစ်ဆယ် ...လောက် ရှိပြီ .. ခါးလည်း ကိုင်းနေပြီ .."

"၁၁၅ မိုင်မှာ ဘယ်သူက စောင့်နေမှာလဲ .."

"နေစိုး လေ .. ငါတို့ မလာသေးဘူးမှတ်လို့ မန်နေဂျာက သူနဲ့ ...သော့ပေးခိုင်းလိုက်တယ်တဲ့ .."

ရှာန်း က ခုကျမှ စိတ်ရှည်လက်ရှည် ပြောပြနေ၏။

ဒါပေမယ့် ဒီတစ်ခါ စိတ်ကောင်းဝင်နေပါလားလို့ ဆောင်း ...အံ့ဩဖြစ်ခဲ့လေ ...။

'အဘွား'ဆိုသည့် ခေါ်သံပဲ နားထဲမှာ ထပ်တလဲလဲ ကြားနေမိ၏။

"အိမ်ရှင်ဆိုတာတောင် သတ်သတ်မှတ်မှတ် မရှိလို့ .. ဒီအိမ်ကြီး ...ကို ထိန်းသိမ်းထားတဲ့ အဘွားဆီမှာ သွားငှားရတာ .."

"အဘွားက ရွာထဲမှာ နေတာ .."

အိပ်မက်ထဲမှာ ရှာန်း ကိုယ်တိုင် ပြောပြသွားတာတွေပါ။ ခု ထပ် ...ကြားရတော့လည်း ဒါတွေပဲ ဖြစ်နေခဲ့သည်မို့ ...

"အိမ်ပိုင်ရှင်မဟုတ်ဘူးလို့လည်း ပြောတယ် .. သူပဲ ထိန်းသိမ်း ...ထားတယ် .."

"သူများတွေ ခေါ်ကြသလို အဘွားပဲ ခေါ်ဖြစ်သွားတာ .."

'မန်နေဂျာက သူနဲ့ သော့ပေးခိုင်းလိုက်တယ်'တဲ့ ..။

သော့ ..၊

သော့ ဆိုသည့် နာမတစ်ခု ပါလာပြန်ပြီ ..။

ဆောင်း ကူရှင်မှာ မျက်နှာလေးမော့ မှီရင်း မျက်လုံးတွေ မှိတ် ...လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာတွေ ဖြစ်နေတာလဲ ..၊ ဒီရက် ဒီလထဲမှာ သူမ စိတ္တ
ဝေဒနာ စွဲကပ်ခဲ့ပြီလား ..၊ စိတ္တဇ တစ်ခုခု စွဲကပ်လာရလောက်အောင်
သူမ ဘာကို ထိတ်လန့် ကြောက်ရွံ့ခဲ့ဖူးသလဲ ..။

ဘယ်လို ခံစားချက်ပေါ်မှာ စွဲလမ်း နင့်သီးခဲ့သလဲ ..၊

မဟုတ်ဘူးဆိုသည့် အဖြေသာ စောစီးစွာ ထွက်လေသည်။ သူ
ဖြတ်သန်းလာခဲ့တဲ့ နေ့ရက်တိုင်းဟာ ဘာမှ မထူးခြား မဆန်းပြား
သည့် ပုံမှန်နာရီတွေ မှန်ခဲ့လျှင် ..၊

"ဆောင်း .."

"ဟင် .."

လည်ပင်းကြားထဲကို လက်ခုံနဲ့ ထိကပ်လိုက်ရင်း ချာန်း မျက်နှာ
မှာ စိုးရိမ်ကေင်း ဖြစ်နေခဲ့လျက် ...

"နေမကောင်းဘူးလား .."

"ကောင်းပါတယ် .."

ဆောင်း က သူ့လက်ကို ဖယ်ချပစ်လျှင် ထိုလက်လေးကို ချာန်း
က ဆုပ်ကိုင်ထားလိုက်ပြီး ...

"မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ ..၊ တစ်ညလုံး ဒီလော
တောင်းပန်ထားတာတောင်မှ .."

"ဘာဖြစ်နေလို့လဲ ချာန်း ရယ် .. ငါ့ဟာငါ နေချင်လို့ .."

ပြောပြတော့ရော သူက ယုံကြည်ပေးခဲ့ဖူးလို့လား ..၊ အပြင်မှာသာ
မဟုတ်ပါ အိပ်မက်ထဲထိ သူ့ရဲ့ လှောင်ရယ်သံက ဒီအတိုင်း ..။

တွေးမိလိုက်တာနှင့် ဆောင်း မျက်နှာလေးက ပိုတင်းသွား၏
ချာန်း ကလည်း ငုံ့ကြည့်နေတာမို့ ဆောင်း နှုတ်ခမ်းလေးစေ့၍ တင်းခဲ
ဖြစ်သွားတာကို သေချာမြင်သည်။

"တစ်ခုခု မကျေနပ်နေတာ သေချာတယ် ..၊ ဘာလဲ ပြော .."

ဆောင်း ၏ စိတ်မရှည်ဖြစ်လာသည့် အကြည့်တွေ သူ့ဆီ ရောက်





သာသည်။ ချာန်း ကလည်း ဂရုမစိုက်ဘဲ နောက်ထပ် မေးဆတ်ပြခြင်း
ဖြင့် မေးခွန်းထုတ်နေသေးသည်။

"တောမှာ မနေချင်တာမို့လား .. ယန်းနီးမွန်းဆိုပြီး သာယာတဲ့
နေရာတွေ သွား၊ အကောင်းဆုံး ဟိုတယ်လ်ကြီးတွေမှာ တည်းကြတာ
ဘာမှ မဆန်းတော့ပါဘူး ဆောင်း ရာ .. ငါတို့လည်း မသွားဘူး မလာ
ဘူးတဲ့နေရာ မရှိသလောက်ပါပဲ၊ ဟိုရောက်ရင် နင့်ကို ငါ ပျော်အောင်
ထားမှာပါ၊ တကယ်ပြောတာ .. အဲဒီက တောသူတောင်သားတွေက
လည်း ဖော်ရွေကြတယ်၊ ရွာနောက်ဘက် တောတန်းထဲမှာဆို ရေတံခွန်
တွေ .. စိမ့်စမ်းတွေနဲ့ သဘာဝအတိုင်း လှနေတာ .."

"ငါ နေရမယ့်အိမ်ကြီးနဲ့တော့ နှစ်မိုင်နီးပါးလောက် ဝေးတယ်မို့
လား .."

"ဘာ!..."

ငေးကြည့် နားထောင်ရင်းကနေ ကောက်ခနဲ မေးလိုက်သဖြင့်
ချာန်း ကြောင်တောင်တောင် ဖြစ်သွားသည်။

"နင့်ကို ဘယ်သူ ပြောလို့လဲ .."

"နင် ပြောတာ .."

"ငါ .."

ချာန်း ကိုယ့်ဘာသာ ပြန်မေးမိမတတ် ဖြစ်သွားကာ မပြောမိသေး
ဘူး ထင်တယ်လို့ တွေးနေရင်း ပြောမိတာလည်း ဟုတ်မှာပါလို့ ပြန်
လျှော့ချလိုက်မိသည်။

ဆောင်း ကလည်း သူ စဉ်းစားနေတာကို စိုက်ကြည့်ကာ ဘာပြန်
မေးမှာလဲလို့ နားစွင့်ထားတာ ဖြစ်၏။ ဒါပေမယ့် ချာန်း က ဘာမှ
မမေးခဲ့ပေ ..။

"ချာန်း ၁၁၅ မိုင်တော့ နီးပါပြီ၊ ဒါပေမယ့် အပေါ်အပါးလေး
ဘာလေး လုပ်ဦးမလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း .."

"အို – ရပါတယ်ဆိုမှ .."

ဆောင်း စိတ်တိုသွားသည့်အသံကြောင့် ကားမောင်းနေသည့် ဦး[illegible] လှ က ရယ်သည်။ ဒီလောက် လမ်းဘေးဟင်းလင်းပြင်ကြီးထဲမှာ မိန်းကလေးတစ်ယောက်က ဘယ်လိုသွားမလဲ ..။

ဆောင်း ကတော့ ၁၁၅ မိုင်ကို ရောက်ဖို့ စိတ်စောနေမိ၏။ ထို့ကြောင့် မျက်နှာလေးက မကြည်သလို ဘာမေးမေး ညင်ညင်သာသာ ဖြေဖို့လည်း သတိမရ ..။

နေစိုး ဆိုတဲ့လူ ပေးလာမည့် သော့တွဲကို မြန်မြန်ကြည့်ချင်မိသည်။

သူမ အိပ်မက်ထဲမှာ မြင်ခဲ့သော အရုပ်လေးတပ်ထားသည့် သော့တွဲသာ ဖြစ်နေခဲ့လျှင် ..၊





## အခန်း (၁၉)

ဟင်!...

သစ်ကနက်ရုပ်တုလေးနှင့် သော့တွဲကို မြင်လိုက်သည်နှင့် ဆောင်း တစ်ကိုယ်လုံး ဖျင်းခနဲ ပူရှိန်းသွား၏။

ထို့ပြင် အပူငွေ့တွေ ပျံထွက်ကာ လက်ဖျားလေးတွေ အေးလာသလိုရှိလျက် .. ကိုယ့်ဘာသာ ဖိဆုပ်ထားမိရင်း ...

"ငါ့ကို ခဏပေးစမ်းပါ"

ဆောင်း က ဆွဲယူလိုက်တော့ စကားပြောလက်စ ခဏရပ်သွားပြီး ချာန်း က လှည့်ကြည့်သည်။ ပြီးတော့မှ နေစိုး ကို မှာစရာရှိတာ မှာလိုက်ပြီး လူချင်းခွဲကာ ...

"လာ .. ဟိုဘက်မှာ တွိုင်းလက် ရှိတယ်"

သော့ကို ကိုင်ကြည့်ပြီး ဆောင်း မျက်နှာပျက်နေတာ သတိထားမိပေမယ့် ဘာဖြစ်လို့လဲလို့ မမေးအားသေးဘဲ ချာန်း က စားသောက်ဖို့ ထိ သူပဲ အားလုံး ဦးဆောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း မျက်နှာလေး မသာယာတော့ပါ။ ဒါ ဘယ်လိုနည်းနဲ့ ပုံမှန်စီးမျောနေခြင်း မဟုတ်နိုင် ...။

ဒီအိမ်ကြီးရဲ့ ဓာတ်ပုံတွေကို စတင် တွေ့ရှိခဲ့သည့်ညတည်းက ထူးခြားချက်တွေ ဖြစ်နေခဲ့တာဟာ သော့ချင်းတူနေတဲ့အတိ အိပ်မက် တွေက လက်တွေ့ထဲကို ရောက်နေခဲ့သည်။

ဒါကို ပြန်ပြောရင် ဘယ်သူ ယုံမှာလဲ ...။

ကားပြန်ထွက်လာတော့ တစ်လမ်းလုံး အိပ်ပျော်နေသလို ဆောင်း မျက်လုံးတွေ မှိတ်၍ လိုက်လာခဲ့သည်။ နောက်တော့ တကယ် အိပ်ပျော် သွားခဲ့ကာ ရွာကိုရောက်မှပဲ နိုးလေသည်။

"ဆောင်း .."

"ဟင် .."

"ရောက်ပြီ .."

ရွာ၏အခြေခံသဘောတရားအရ မြို့နဲ့ အလှမ်းဝေးသောနေရာမှ မီးစက်တစ်လုံးနှင့် တစ်ရွာလုံး လင်းရတာကို စတင်မြင်တွေ့ရလေသည်။

ရောက်သွားတာကလည်း မိုးချုပ်စမို့ ရွာလယ်လမ်းလေးပေါ်မှာ ထွန်တုံး ထွန်တံနှင့် လယ်ထဲက ပြန်လာသူတွေ၊ နွားအုပ်ကြီးကို ထိန်း ကျောင်းလာတာတွေ ...၊

ငှက်ကလေးတွေ အိပ်တန်းပြန်ချိန်ကို တစ်ခါတလေ သတိတရ မော့ကြည့်ခဲ့ဖူးသည့် မြင်ကွင်းမျိုးပါ။

"မီးပေးတာတော့ စောသားပဲနော် .."

"ဟုတ်တယ် အစ်ကို .. ညလည်း မီးပိတ်တာ စောတာပဲ၊ ကိုးနာရီ ဆို တစ်ရွာလုံး မှောင်ပြီ"

"ဟုတ်လား .. ပိုက်ဆံ ဘယ်လိုပေးရသလဲ .."

"တစ်ပြေးညီတည်း သတ်မှတ်မထားဘူး အစ်ကိုရ၊ မီးပေးတဲ့ အချိန်ကစပြီး အချိန်ပြည့် မသုံးတဲ့လူတွေ ရှိသလို တီဗွီကြည့်တဲ့လူတွေ





နည်း ရှိတယ်၊ အဲဒါကြောင့် တစ်အိမ် တစ်မျိုး သတ်မှတ်တာ .."

ကားဝင်လို့ရတဲ့နေရာထိ လာကြိုသည့် ကောင်လေးက ဆောင်းဘီ လောက်ပွပွ အစုတ်လေးနှင့် ပုဆိုးကို ပခုံးမှာ လုံးတင်ပြီး စလွယ်သိုင်း ထားသည်။ မြို့မှာဆိုရင်တော့ ဒီအရွယ်ကောင်လေးတွေဆို ချစ်တမ်း ကြိုက်တမ်း ကစားတတ်နေပါပြီ ...။

"အစ်ကိုတို့က မင်းသား မင်းသမီးတွေနဲ့ လာမှာဆို .. အခု နှစ် ယောက်တည်းလား .."

"အေး .. ဒါက နေရာထိုင်ခင်း လာကြည့်တာသက်သက်လေ..၊ ပြီးမှ အစ်ကိုဇနီး သူ့ကိုလည်း ပြရင်းနဲ့ .."

"သြော် ..."

ကောင်လေးက ဆောင်း ကို သေချာပြန်ကြည့်ပြီး ဖော်ရွေသည့် မျက်နှာလေးနှင့် ရယ်ပြ၏။ ညှိသည်အတွက် ပြင်ထားသည့် အိမ်လေး ကလည်း သပ်သပ်ရပ်ရပ်ပါ၊ အထဲမှာတော့ ဝရိဘောဂ ဘာမှမရှိပေ..။

နီးကြောဖျာဆိုသည့် ဝါးနဲ့ယက်ထားသော ဖျာတွေ အပြည့်ခင်း ထားလျက် ဘုရားစင်ရှေ့မှာတော့ နှစ်ယောက်အိပ် သင်ဖြူးဖျာလေး တစ်ချပ် ရှိသည်။

ထို့ပြင် အခန်းပုံစံ ထရံလေးတစ်ချပ် ကာထားသည့်နောက်မှာ လည်း တစ်ယောက်အိပ် သင်ဖြူးလေး ထည့်ပေးထား၏။ ပရိဘောဂ ဆို၍ အပြင်ဘက် ဘုရားရဲ့ညာဘက်အတွင်းထောင့်မှာ ကြိမ်သေတ္တာ ဟောင်းလေးတစ်လုံးရှိကာ အထဲမှာ ဘာတွေရှိသည်တော့ မသိ ...။

"ဒီမှာ ခဏထိုင်နေဦးနော် ..၊ နောက်မှာ ပန်းကန်ထမ်းလာခိုင်းထား တဲ့လူတွေကို ငါ သွားကြိုလိုက်ဦးမယ် .."

"သွားလေ .."

သေချာ လှဲကျင်းထားသည့် သင်ဖြူးလေးပေါ်မှာ ဝင်ထိုင်ကာ အိမ်လေးကို မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးနဲ့လိုလို သစ်ရွက်စိမ်းနဲ့မျိုး ..၊ ဒါကို တောနဲ့လို့ ခေါ်မယ
တော့ မသိ ..။ နှာခေါင်းထဲမှာ စိမ်းသက်သော အနံ့အသက်တွေ
သိသာစွာ ခံစားမိနေ၏။

အိမ်ရဲ့ အလယ်တိုင်မှာ နှစ်ပေမီးချောင်းလေးကို မတ်တ
ကပ်တုပ်ထား၏။ ဒါကလည်း ခုမှ အပြေးအလွှား တပ်ဆင်လိုက်ရတဲ့
ပါ။ တစ်အိမ်နဲ့တစ်အိမ် ခြံတွေခတ်ထားပြီး ခြံကျယ်သလောက် အိ
လေးတွေက သေးသေးလေးတွေမို့ အလှမ်းဝေးနေသလို ထင်ရ၏။

ဒီကနေ ဟိုအိမ်ကြီးကို နှစ်မိုင်နီးပါး ထပ်သွားရမည်ဆိုတော့ ဒီ
တော့ ရှာန်း မှာ သွားဖို့ အစီအစဉ်မရှိလောက်ဘူး ထင်သည်။ ဒါ
ဟိုအသွားရော ..၊

“ဟာ .. ခြံထဲလေးဘာလေး လမ်းလျှောက်ပါလား၊ ကြိုးစ
ပုံချထားခဲ့တဲ့အတိုင်းပဲ .. ဒီနားမှာပဲ တစ်ချက်မှ မရွေ့သေးဘူး”

ရှာန်း ဝင်လာတော့ လူနှစ်ယောက် ပါလာကာ အင်ဗာ
ဖန်(န်)လေး တစ်လုံးလည်း ပါလာ၏။ ပြီးတော့ အိပ်ခင်းတွေ
ချိုင့်ကြီးချိုင့်ငယ်တွေနှင့် ..၊

“ရှာန်း .. အဲဒါ ဘာတွေလဲ ..”

အတူတူလာကြပြီး ဆောင်း ကိုယ်တိုင် ဒါတွေ ပါလာတာ
လုံးဝ မသိခဲ့ပေ။ ရှာန်း က သယ်လာသည့်ပစ္စည်းတွေကို သူပဲ ပြော
ယူ၍ နေရာချရင်း ...

“ဒီခရီးအတွက် ယူလာရမယ့် နက်ဆဲ့စရီလေ ..”

“ချိုင့်ကြီးကရော ..”

“ချိုင့်ထဲမှာ ဟင်းတွေတဲ့ အစ်မရေ .. ကျွန်တော်တို့လည်း အ
တော့ ထင်တော့ ထင်ပါတယ်၊ ဆွဲသာဆွဲလာရတယ် ကျောထဲ
ခပ်စိမ့်စိမ့်ရယ် ..”

သယ်လာသည့် ရွာသားတစ်ယောက်က ကျောကုန်းတွန့်ပြ





ရယ်ရင်း ပြောသည်။ နောက်တစ်ယောက်ကလည်း ကတုံးဆံပင်တို
လေးတွေ ထောင်နေသည့် သူ့ခေါင်းသူ ပြန်ပွတ်ရင်း ရယ်၍ ...

“ညနေစောင်းပြီဆို ကျွန်တော်တို့ရွာက တစ်အိမ်နဲ့တစ်အိမ်
ဆောင်မှ ဟင်းပေး ဟင်းယူ မလုပ်ကြဘူး၊ အဲဒါ အကျင့်ရှိတယ် ..”

“ဟုတ်လား .. ဘာဖြစ်လို့လဲဟင် ..”

“ရွာမှာက ..”

“ဪ .. ‘တစ်ရွာတစ်ပုဒ်ဆန်း .. တစ်ကျောင်း တစ်ဂါထာ’
ဆိုတာ မကြားဖူးဘူးလား ဆောင်း ရယ် ..”

ရွာသား မဖြေရသေးခင် ရှာန်း က ကြားဖြတ်အဖြေပေးကာ ...

“ကျေးဇူးပဲဗျာ .. အသွားကိုလည်း ပြောလိုက်ပါနော် ..၊ မနက်ကျ
ရင် လာတွေ့တော့မယ်လို့ ..”

အိမ်ရှင်က နှင်တော့လည်း ဧည့်သည်က ခေါင်းညိတ်ပြန်ရလေ
သည်။ ဆောင်း သိချင်တာကို သိခွင့်မရလိုက် ..။

“နင် စားဖို့ ငါ လမ်းက ဝယ်လာတာလေ ..”

“၁၁၅ မိုင်မှာလား ..”

“ဟုတ်တယ် .. သုံးရက်လောက် ထားလို့ရမယ့် အကြော်အလှော်
တွေပေါ့၊ ဒီက အစားအစာတွေကို မျိုမချနိုင်တဲ့အခါ ညည်းသံ မကြား
ချင်လို့ ..”

“ချိုင့်တွေ သယ်လာတာ ငါတောင် မသိဘူး”

“သယ်လာတာမှ မဟုတ်တာ၊ အဲဒီကပဲ အပြီးသိမ်းလာတာကို..”

“ရှာန်း ရယ် .. အဆမတန်တွေ ပေးပြီး ယူလာရမှာ ကြည့်စမ်း၊
ဒါတို နင် ဘာမှလည်း မပြောဘူး၊ တောကို လိုက်လာမှတော့ တောက
လေ့အတိုင်းပဲ နေနိုင် စားနိုင်ရမှာပေါ့၊ ငါ အဲဒီလောက်ထိ ဇိဇာ
ကြောင်ဘူး ..”

“ဟုတ်တယ်လေ .. အစက မကြောက်တတ်ပေမယ့် ငါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ပုဒ်မ တပ်ရရေးအတွက် ခင်ဗျားက အချိန်မရွေး ထကြောင်နိုင်တော့ ပြင်ဆင်လာရတာပေါ့ ."

စေတနာမရှိဘဲ လုပ်လာရသလို ပြောကာ ချာန်း မျက်နှာကတော့ ချစ်စနိုး ရယ်မြူးရိပ်များနှင့် ဖြစ်သည်။ ပြီးတော့ ဆောင်း ရဲ့ဘေးမှာ ဝင်ထိုင်လိုက်ပြီး ...

"တစ်လမ်းလုံး စူပုတ်ကောက်ချိတ် လိုက်လာတာ ဘယ်သူလဲ.."

"ဘယ်မှာ စူပုတ်လို့လဲ .."

"ဟား .. ဟား .. ဟား ..."

ချာန်း က မျက်နှာမော့ရယ်ကာ ဆောင်း လက်ဖဝါးလေးကို ဆွဲကိုင်လိုက်သည်။

"အလကား နောက်တာပါ .. မာမီတို့ကို ဖုံးကွယ်ပြီး နင့်ကိုတောကြိုအုံကြားထဲ ခေါ်လာရတာဆိုတော့ စောင်တွေ ပန်ကာတွေပါ သယ်နေတာ လူသိခံလို့ ဘယ်ဖြစ်မလဲ ..၊ အဟွန်း .. ငါ့အပြစ်နဲ့ငါပါ"

ဆောင်း က မကျေမနပ်လေး ကြည့်နေပြီးမှ ...

"အဘွားဆိုတာ ဘယ်မှာနေတာလဲ .."

"အဘွားက ရွာနောက်စပ်မှာနေတာ ..၊ ဒီအိမ်ကိုလည်း အဘွား ပိုင်တာပဲ၊ ဧည့်သည်တွေတည်းဖို့အတွက် သပ်သပ်ထားတာတဲ့ .."

"ဟင် .. ဧည့်သည်တွေက ဒီနေရာကို ဒီလောက်တောင် ဘာလာလုပ်ကြတာလဲ ..၊ နင်ပြောတော့ အဲဒီအိမ်ကြီးကို ဝေါ်တော် ခက်ခက်ခဲခဲ ရှာထားရတာဆို .. နင် ပထမဆုံး သုံးခွင့်ရတာဆို .."

ချာန်း မျက်မှောင်ကုတ်သွားကာ တစ်ချက်တော့ တွေဝေသွား၏။

"တခြားကိစ္စနဲ့ လာကြတာ ဖြစ်မှာပေါ့၊ အိမ်ကိုတော့ ငါ့ကို ပထမဆုံး သုံးခွင့်ပေးတာပဲ၊ မနက်ကျရင် အဘွားနဲ့ နင် တွေ့ရမှာပေါ့ တစ်ခု မှတ်ထားဦး .. အဘွားက စိတ်ရင်းတော့ ကောင်းပါတယ် ဒါပေမယ့် စကားအရမ်းနည်းတယ် .. မေးတိုင်းလည်း ဖြေချင်မှ ဖြေ





...၊ မေးခွန်းတွေ မေးတာလည်း သိပ်ကြိုက်ပုံ မရဘူး .."

"နင်·ဒီရွာရောက်လာတုန်းက ဘယ်နှစ်ရက် နေခဲ့လဲ ..၊ အဘွား ...ကြောင်း တော်တော် သိနေတာပဲ"

"ဒါကတော့ ကိုယ်က သူ့ဆီက အကူအညီယူရမယ့်သူလေ၊ သူ့ ...ရိုက်တာကို သိအောင် ကြိုးစားထားရတာပေါ့၊ အိုးနင်းခွက်နင်းနဲ့ ...ပြောအဆိုတွေ မှားကုန်ရင် ငြိုငြင်သွားမှာ .."

စကားဆုံးသည်နှင့် ဆောင်း ဆီက နောက်ထပ် မေးခွန်းမလာခင် ...လုံးချင်းဆုံအောင် ကြည့်လိုက်ပြီး ...

"ဆောင်း .."

"ဟင်!..."

"ငါ့ကို နင် ခေါ်ပုံပြောပုံလေး နည်းနည်းလောက် ပြင်ပေးပါလား"

ဆောင်း မျက်နှာလေး ပျက်သွားကာ သူ ကိုင်ထားသည့် လက်ကို ...ရုန်းလိုက်၏။ လင်နဲ့မယား ဖြစ်နေကာမှ နင်နဲ့ငါ ပြောနေတာ ...င့်တော်မှန်း သူမ သိသည်။

တီလေးကလည်း ဒါကိုပဲ လူတွေ့တိုင်း သတိပေးနေတာ ဖြစ်၏။ ...ပြောနေကျ အကျင့်ဖြစ်နေတာကို ဆောင်း ပြန်လည် ပြင်ဆင်ရမှာ ...နေလို့ပါ ...။

"ဒီလိုဟာ .. အများကြီး မဟုတ်ဘူး၊ နင်လို့ ပြောတာကို အရင် ...လိုက် ..၊ 'ရှင်နဲ့ ကျွန်မ' လောက်တော့ လုပ်ပါ၊ ငါက နင့်ယောကျ်ား ... – အသက်လည်း ပိုကြီးတာပဲဟာ .."

ဆောင်း က ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်တာနှင့် သူက ...ခေါ်ပြကာ ...

"ဘယ်နှစ်လပဲ ကွာတာ .. ဘယ်နှစ်ရက်ပဲ ကြီးတာ မလုပ်နဲ့၊ ...ကက ကြီးတာပဲ၊ 'ချာန်း' လို့ပဲ ခေါ်တာက အကျင့်မပျောက်သေး ...ထားလိုက်လို့ ရတယ်၊ နင် ငါဆိုတာကြီးက မမိုက်ပါဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ကြိုးစားကြည့်မယ်လေ .."

"ကြိုးစားလို့ မရဘူး .. မနက်ဖြန်ဆို လူတွေရှေ့မှာ နင်

ငါတွေနဲ့ ထပ်မပြောပါနဲ့တော့၊ နောက်ဆို ငါက ပရိဂျူဆာအားလုံး

အထက်လူကြီး .."

"ကဲပါ .. ဟုတ်ပါပြီ .. ငါ လှဲချင်ပြီ၊ အိပ်ရာခင်းတွေ ခွဲရအောင်

"ဘာ!..."

အိပ်ရာခင်းလိပ်ကို ပြိုင်တူလှမ်းကြည့်မိကြရင်း အံ့ဩသည့်

လုံးတွေပါ ဆုံသွားကြသည်။

"ဒီအိမ်လေးထဲမှာ ခွဲအိပ်ဦးမလို့လား .."

"ဟာ!... အတူတူ မအိပ်ချင်ပါဘူး .."

"ဆောင်း နော် .. လူကို မယုံသင်္ကာနဲ့ နင် .. တစ်ရပ်တစ်ရွာ

နှစ်ယောက်တည်း လာတာ၊ နင် အိပ်ရဲလို့လား .."

"အိပ်ရဲတယ် .."

"ပြီးရော .. နောက်မှ စောင်ထုပ်လေးပိုက်မလာနဲ့ .."

"ဟွန်း .."

မလာသေးဘူးလို့ ပြန်လည် စိန်ခေါ်လိုက်ချင်ပေမယ့် မှောင်မိုး

နေသည့် ပတ်ဝန်းကျင်ကို လှမ်းကြည့်မိပြီး ဆောင်း နှုတ်ခမ်းမှဲ့တာ

တောင် ကောက်ကြောင်း မထင်လိုက်ပေ ..။

"ဒီမှာ .. အင်ဗာတာလန့်(ပ်) .."

သူက မီးအိမ်လေးတစ်လုံး အခန်းထဲထိ လာချပေးသည်။

လောကလုံးမှာ ဒီမီးအိမ်လေးချည်း ရှိနေသလိုမျိုး ..၊ ညဥ့်မနက်

တည်းက တိတ်ဆိတ် မှောင်မိုက်ခြင်းက အထီးကျန်သရုပ်နှင့်

စတင်ခဲ့သည်။

ထို့ပြင် သူ ဝယ်လာသည့် ကြက်သားကြော်နှင့် ယိုးဒယား

ကင်တွေကို ထမင်းမပါ အဲဒီတိုင်း စားခဲ့သဖြင့် ဗိုက်ထဲမှာ ဟာနေသ





– နာလာသလိုလိုနှင့် နေလို့ထိုင်လို့လည်း မကောင်း ..။

ညဥ့်နက်လာတော့ ချွေးပေါက်သံတွေက ပွက်ပွက်ညံ ..။

"ကျွတ်!..."

ဆောင်း ကျောထဲက စိမ့်လာကာ အခန်းထဲ ဝင်အိပ်မိတာ မှားပြီ

လို့ စတင် တွေးမိလာ၏။ မွေ့ရာခင်းအပေါ်လေးနှင့် စောင်အထူ

ထားပေမယ့် ဟိုဘက်ဒီဘက် စောင်းလှည့်လိုက်တိုင်း တကျွိကျွိ

သွားတတ်သည့် ဝါးကြမ်းခင်းတွေကြောင့် စိတ်ညစ်သည်။

နားထောင်ကြည့်လိုက်တော့ ရျာန်း ထံမှ ဘာသံမှ မကြားရသဖြင့်

သွားပြီလားလို့ တွေးလိုက်မိကာ ငါ တစ်ယောက်တည်း ကျန်တော့

ဆိုသည့်အတွေးက တစ်ဆက်တည်း ပါ၏။ ထိုစဉ် ...

"ချွင် .."

နားထဲမှာ ထူးခြားသည့်အသံတိုးတိုးလေး တစ်ချက် ဝင်လာသဖြင့်

ထားလိုက်မိသည်။

"ဒုတ် .. ရှပ် .. ရှပ် .."

ဒါ လှေကားထစ်ပေါ် ခြေချပြီး လျှောက်ထွက်သွားတဲ့အသံ ..။

ဘာကြောင့်မှန်း မသိပေမယ့် အသံဖြစ်ပေါ်လာပုံတွေကို ဆောင်း

မှာ မြင်နေရသလိုပင် ..။

အိမ်ထဲကို ဝင်ပြီးမှ အိမ်ပေါ်တက်သည့် လှေကားထစ် ငါးထစ်ကို

ရတာ ဖြစ်သည်။ အောက်ထပ်က ကလေးတစ်ယောက် ငုတ်တုတ်

လောက်မြင့်ကာ ဘာပစ္စည်းမှ မရှိဘဲ ရှင်းနေတာ ညနေက သူမ

ခဲ့ပြီးသား ..။

စိတ်ထဲမှာ ဘယ်လိုမှ မလုံခြုံတော့သဖြင့် ငုတ်တုတ်လေး ထထိုင်

မိသည်။ ရျာန်း ခြင်ထောင်ထောင်ပေးခဲ့တာကို အမိပ္ပာယ်မဲ့

မော့ကြည့်မိကာ အပြင်က ထွန်းပေးထားသည့် မီးရောင်ခပ်

ကို လှည့်ကြည့်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိုးက ဘယ်နှစ်နာရီ ခံမှာလဲ ..၊ အိပ်မပျော်သေးခင် မှိတ်သွ
ခဲ့လျှင် ...

"ချွင် .."

နောက်ထပ် ချွင်ခနဲအသံကြောင့် ဆောင်း ကိုယ်လေး မတ်
ဖြစ်သွား၏။ ထို့ပြင် ခွေးတွေက ဟောင်နေတာ မဟုတ်တော့ဘဲ ဆွဲ
ငင်ငင် အူကြတာ သံပြိုင် ..။

ဘယ်လောက်အထိ သံပြိုင် ဝိုင်းအူကြသလဲဆိုလျှင် နားထဲ
ပူထူကာ တစ်အိမ်လုံးများ ကျွတ်ထွက် ပါမလား ထင်ရ၏။

"ခွေးတွေ ဆွဲဆွဲငင်ငင် အူပြီဆိုရင် အဲဒါ သူတို့ ခင်မင်ခဲ့တဲ့သူ
ကို တစ္ဆေဘဝနဲ့ ရုပ်ပျက်ဆင်းပျက်တွေ့ရလို့ ဝမ်းနည်းပြီး အူတာတဲ့

နားထဲမှာ ဆည်းဆာ ရဲ့စကားသံတွေကို ပြန်ကြားလာခဲ့၏။

ပြီးတော့ ချွင်ခနဲ ချွတ်ခနဲ မြည်သွားသည့်အသံဟာ သော့တွဲ
တစ်ယောက်ယောက် ကိုင်လိုက်တဲ့အသံ ..၊ ဒါမှမဟုတ် ...

အိပ်နေရင်း ဘေးမှာထားသည့် သော့တွဲကို ဈာန်း လက်နဲ့
ခတ်မိတာလား ..၊

ဒါဆို ဈာန်း ရဲ့လှုပ်ရှားသံကိုပါ ကြားရမှာ မဟုတ်ဘူးလား

ဒီအတိုင်း ထိုင်တွေးနေလို့ကတော့ ဘာမှ သိရမှာ မဟုတ်တ
ဆင်ခြင်မိလျက် ..၊ ခြင်ထောင်ဖွင့်၍ ထွက်လိုက်သည်။

"ချွပ် .."

"ဟင်!..."

ခြင်ထောင်ပြင် ရောက်တာနှင့် လက်ထောက်လိုက်မိတာက
တွဲ ..။

လက်ကို အလန့်တကြား ပြန်ရုပ်၍ ငုံ့ကြည့်လိုက်မိ၏။ သော့
ကိုပဲ မြင်လိုက်ရသဖြင့် ဘာမှ မဆန်းပြားပါ။ ဒါပေမယ့် ဆော
မျက်လုံးတွေတောင် ပြူးသွားခဲ့သည်။





ဒါ .. ဒါ မဟုတ် ..။

သော့တွဲကို ဒီနေရာမှာ ဈာန်း ချထားခဲ့တာ မဖြစ်နိုင် ..၊ ၁၁၅
တောင်းကြည့်ပြီးတည်းက ဒီသော့တွဲမှာ အကြောင်းတစ်ခုခု ပေါ်
နိုင်တာကို တွေးမိသွားပုံရှိသည့် ဈာန်း က ဆောင်း ရှေ့ကို နောက်
ထုတ်မကိုင်တော့တာ သတိထားမိသည်။

"အဘွားက သော့ပေးထားပြီးပြီ ပြောတယ် .. ဟုတ်လား'လို့
သားတစ်ယောက် မေးတုန်းက 'ဟုတ်တယ်'လို့ ဖြေကာ သော့ကို
တ်ထဲက နှိုက်ယူလိုက်သေးသည်။

ပြီးမှ ဆောင်း ကို ဖျတ်ခနဲ ကြည့်ပြီး ပြန်ထည့်လိုက်တာမို့ ဒီ
အရာကို အကဲခတ်မိခဲ့တာ ဖြစ်သည်။

ပူပူထူထူဖြစ်လာသည့် ကြောက်စိတ်ကြောင့် ဆောင်း ဖျတ်ခနဲ
လုပ်ကာ ဈာန်း အိပ်နေသည့်နေရာကို တန်းရောက်သွား၏။

အပြင်မှာ မှောင်မည်းနေသလို ဈာန်း က ခြင်ထောင်မပါဘဲ ခြင်
ဆေးဖျန်းထားပြီး အိပ်တာမို့ ဆေးနံ့တွေနဲ့ မွှန်ထူနေ၏။

"ဈာန်း .."

"ဟင်!..."

အသားလှုပ် ခေါ်လိုက်တာနှင့် စောင်ခေါင်းမြီးခြုံ အိပ်နေသည့်
ဈာန်း က တန်းနိုးသည်။

"ဘာလဲ .."

"ထပါဦး .."

"အပေါ့သွားချင်လို့လား .. နင့်ခြေရင်းမှာ ငါ လုပ်ပေးထားတယ်
.. မနက်ကျမှပဲ .."

"မဟုတ်ပါဘူး .. ထပါဆိုမှ .."

ဈာန်း က ထထိုင်လိုက်ကာ ဘေးမှာချထားသည့် ဓာတ်မီးကို
ထားလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ .."

"သော့တွဲရော .. နင် ဘယ်မှာထားသလဲ .."

"ကျွတ် .. နင် လုပ်ပြီဟာ .. ဒီမှာ ရှိတယ်"

ချာန်း က ခတ်မီးကောက်ယူကာ ခေါင်းရင်းကို တစ်ဖက်ထ ထိုးထားပြီး လက်တစ်ဖက်နဲ့ ကောက်ယူဖို့ လှမ်းလိုက်၏။

"ဘယ်ရောက်သွားတာလဲ .."

သူပြောလိုက်တာနှင့် ခွေးအူသံကြီး ရောသွားလျှင် ဆောင်း စိမ့်ခဲ အေးသွားကာ ချာန်း ရဲ့အိပ်ခင်းပေါ်မှာ တင်ပါးလွှဲလေး ထိုင်ချလိုက်မိ တဲ့အထိ ..။

"ချာန်း .. အဲဒီသော့တွဲက ငါ့ခြင်ထောင်ဘေးမှာ .."

"ဟင်!..."

ခတ်မီးရောင်အောက်မှာ ချာန်း မျက်မှောင်ကုတ်သွားတာကို ငေ နေရင်း ကိုယ် ဖြစ်နေတာကိုလည်း သိစေချင်သည်။ ဒါ တကယ် ဖြစ်နေ တယ်ဆိုတာကိုလည်း မကြားရဲ ..။

ချာန်း က ဟူးခနဲ သက်ပြင်းချလိုက်ကာ ...

"နင့်ကို ခြင်ထောင်ထောင်ပေးတုန်းက အဲဒီမှာပဲ ချထားခဲ့မိတာ ပါ၊ ငါ့ကိုယ်ငါ ဒီခေါင်းရင်းမှာပဲ ထားခဲ့တယ် ထင်တာ .."

ချာန်း က ဘာမှမဟုတ်သလို ပြောလိုက်တော့လည်း ဆောင်း တွင်တွင် ခေါင်းခါမိလျက် ...

"မဟုတ်ဘူး.. မဟုတ်ဘူးဆိုတာ ငါ သိတယ်၊ အဲ့ဒါ တစ်ယောက် ယောက် တမင် လာထားတာ .."

"ငါ သိတယ် .. နင် ဒီသော့က သစ်ကနက်နဲ့ ထုထားတဲ့ရုပ်ဇ လေးကို သေချာကြည့်နေတည်းက တစ်ခုခုပဲဆိုတာ .."

"အဲဒီတစ်ခုခုက ဘာတွေဖြစ်နိုင်သလဲဆိုတာတော့ နင် ဆက် မတွေးဘူးလား .."





"ဆောင်း ရာ .. အတွေးဆိုတာ ကြိုက်သလောက် နယ်ချဲ့လို့ ရတယ်လေ၊ နင် တစ်ခုခုကို စပြီး ခွဲခြမ်းစိတ်ဖြာလိုက်တာနဲ့ သူ့ရဲ့ နိုင်အိုဂရုပ်ဖီ .."

ပြောနေရင်း လက်ကနာရီကို ပင့်ကြည့်လိုက်လျှင် သက်ပြင်းချ လိုက်သံက 'ဟင်း ..'ခနဲ ..။

"အံမယ် .. တော်တော် စိတ်ရှုပ်သွားတယ် ထင်တယ်၊ သက်ပြင်း တွေဘာတွေ ချလို့ .."

သူက ပြုံးလိုက်ပေမယ့် ဆောင်း က နှုတ်ခမ်းလေးကို ဖိစေ့ထား ရင်း သူ့ကို မျက်ရည်တွေ ဝေ့နေကာ ...

"သက်ပြင်းချတာ ငါ မဟုတ်ဘူး"

"ဘာ!..."

ချာန်း ကိုယ်တိုင် ကြောင်တောင်တောင် ဖြစ်သွားရသည့်အဖြစ်..၊ နားမှာ ရှင်းရှင်းကြီး ကြားလိုက်ရတာကို ..၊

"ဆောင်း .."

"ငါ့ကို ရူးနေပြီလို့ ပြောချင်လား .."

"မဟုတ် .. ကဲပါဟာ .. အိပ်ရအောင် နင် ပြန်မအိပ်ရဲလို့လား၊ သွားအိပ်.. သွား၊ ငါ မအိပ်ဘူး .. ငုတ်တုတ်ငိုက်ပြီး စောင့်ပေးမယ်.."

ဘယ်လိုပြောပြော ချာန်း က တခြားလမ်းကြောင်းကို ဖောက်ထွက် သွားပေးမှာ မဟုတ်တာ သိလိုက်ရင်း ဆောင်း သက်ပြင်းချသံကြောင့် စိတ်လန့်သွားသည့်ကိုယ်ဟာ ရင်ခုန်သံတွေပါ သေးနုပ် အားနည်းသွား ဘာ ကျင်ခဲနေသလိုလို တောင့်မတ်မတ်ကြီး ဖြစ်သွားသလိုလို ..။

"သွားအိပ်လေ .."

"ငါ ဒီမှာပဲ အိပ်မယ် .."

သူ ပြောသည့်အတိုင်း ဖြစ်လာတာပဲလို့ မပြောဘဲ ပြုံးရိပ်လေး သန်းခနဲ ဖြစ်သွားပြီးမှ ချာန်း က ပျာပျာသလဲ ဘေးကပ် ရွှေ့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်လေ .. နေဦး .. ငါ ခေါင်းအုံး သွားရှေ့ပေးမယ် .."

သူ ထသွားပြီး ခေါင်းအုံးနဲ့ စောင်တွေရော မီးအိမ်ပါ သယ်လာ
သည်။ အိပ်ရာထဲမှာ ဆောင်း ခွေခွေလေး လှဲလိုက်တော့မှ ဘေးမှာ
လက်တစ်ဖက်ထောက်၍ ငုံ့မိုးကြည့်ကာ ...

"အရှမ်းကြောက်နေလား .."

သူ မေးလိုက်မှ ဆောင်း က မျက်လုံးတွေကို မှိတ်ပစ်လိုက်သည်။
သူ့ကိုယ်သူတော့ မှန်ကန်သူကြီး ဖြစ်နေခဲ့လျှင် ကိုယ်က ကြံဖန် အပြစ်
ရှာချင်လို့ ရှုးချင်ယောင်ဆောင်တယ်ပေါ့ ...။

ဒါမှမဟုတ် တကယ်ရှူးနေပြီလို့များ ထင်နေတာလား ...။

"မကြောက်နဲ့နော် .. ခွေးအူသံတွေကြောင့်ပါ၊ ပြီးတော့ နေရာ
သစ်လည်း ဖြစ်၊ တောလည်း ဖြစ်နေတော့ အိပ်လို့မရလို့ တောင်တွေး
မြောက်တွေး ဖြစ်နေတာ ငါလည်း ဖြစ်ဖူးတယ်၊ စိတ်ချလက်ချ အိပ်
ငါ ထိုင်စောင့်နေမယ် .."

သူ ဘာပြောပြော ဆောင်း ဘာမှ ပြန်မပြောတော့ပေ ...။

သူမ နားထဲမှာ သက်ပြင်းချသံကြီးကိုပဲ အထပ်ထပ် ကြားနေ
သည်။ နားထဲမှာ စွဲကျန်နေခဲ့၏။

ဒါကို သူလည်း ကြားရက်နဲ့ ဆောင်း မဟုတ်ပါဘူးဆိုတာကို
မယုံကြည် ...၊

ဒီလိုသာ သူ့အလုပ်နဲ့ပတ်သက်တာမှန်သမျှ ကိုယ် ဘာပြောပြော
လက်မခံနိုင်ဘူးဆိုလျှင် ...၊





## အခန်း (၂၀)

"ညကများ ဆူညံနေတာပဲဟယ် .."

"ဟုတ်ပ .. ဘယ်လောက်များ လမ်းသလားနေကြတယ် မသိဘူး၊
ခွေးတွေတောင် အူနေရင်းနဲ့ အမောဖောက်ပြီး ဗုန်းဗုန်းလဲနိုင်တယ်.."

ခြံစည်းရိုးနားမှာ ပေါက်နေသည့် မဲဇလီပင်ဘေးမှာ ထိုင်နေမိစဉ်
သမ်းကြားလေးထဲက ဖြတ်သွားကြသည့် အမျိုးသမီးနှစ်ယောက် ပြော
သွားတာတွေကို စိတ်ဝင်စားသွားမိသည်။

တောမလေ့အရ မိုးချုပ်ပြီဆို လူသွားလူလာ မရှိသလောက် ဖြစ်
သွားတတ်တာ သူမ သိထားသည်။ ညကလည်း နှစ်ယောက်တည်းနဲ့
အမှောကြီးဖြစ်နေသလို တိတ်ဆိတ်နေခဲ့တာပဲ ...၊

လမ်းသလားနေကြတယ် ပြောရအောင် လူသံသူသံလည်း မကြား
ခဲ့ပါ။ လျှောက်သွားကြသည့် အမျိုးသမီးနှစ်ယောက်၏ ခြေထောက်ပိုင်း
တွေကို စည်းရိုးတိုင်တွေကြားကနေ လိုက်ကြည့်မိရင်း ဆောင်း ရင်ထဲ
မှာ အတွေးတွေ ကျန်ရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ချာန်း ကတော့ မနက်စာစားဖို့ ဆောင်း အတွက် ဘူးသီးကြော်နဲ့ မုန့်ဟင်းခါး ဝယ်ပေးခဲ့ပြီး အဘွားခေါ်လို့ ထွက်သွားတာ ပြန်ရောက် မလာသေးပေ ...။

တောမုန့်ဟင်းခါး ဆိုပေမယ့် ကုလားပဲအစေ့လိုက်တွေနဲ့ ဟင်းချို လေးဖြစ်ကာ ပူပူလောင်လောင်လေးမို့ စားလို့ကောင်းပါသည်။

ဘူးသီးကြော်ကိုလည်း ကလေးလက်သန်းလောက် အချောင်း လေးတွေ သုံးလေးချောင်း ပူးကြော်ထားတာဖြစ်ကာ အေးသွားတာနှင့် ချက်ချင်း ပျော့တွဲသွား၏။ ဒါပေမယ့် ဆားနဲ့ အချိုမှုန့်လေး နည်းနည်း ထည့်ထားသဖြင့် အချဉ်ရည်မလိုဘဲ စားလို့ကောင်းသည်။

မုန့်ဟင်းခါးနဲ့လည်း လိုက်ပါသည်။ တကယ်ဆို ရွာထဲကိုလျှောက် သွားရင်း ကိုယ်တိုင် သွားစားချင်တာပါ။ ညတည်းက ချာန်း ကို စကား မပြောဘဲနေခဲ့သည့်အရှိန်နှင့် မိုးလင်းတော့လည်း မပြောမဆိုချင် ဖြစ်နေ သောကြောင့် သူပဲ ဝယ်လာပေးတာ ဖြစ်၏။

ဒီတောက ဆန်းတော့ ဆန်းပါသည်။ တခြားတောရွာတွေဆို ဧည့်သည်ကို ပျူပျူငှာငှာ ကြိုဆိုကြသည်။ သူ့ဧည့်သည် ကိုယ့်ဧည့်သည် မခွဲခြားဘဲ လိုအပ်တာ မရှိအောင် ကူညီတတ်ကြ၏။

ဆောင်း တို့ ကျောင်းတက်နေတုန်းကဆို သိပ်မရင်းနှီးပေမယ့် ခင်ခင်မင်မင် တွဲသွားတွဲလာဖြစ်ကြသည့် တောက သူငယ်ချင်းတွေ ရှိသည်။ ထို့ကြောင့် ကျောင်းပိတ်ရက်ရှိတာနှင့် တောကို လိုက်လည်ကြ စာတ်ပုံရိုက်ကြတွေ စုံအောင်ကို လုပ်ကြတာ ဖြစ်သည်။

ဒါကြောင့်လည်း ဒီတောကို လိုက်ဖို့ အလွယ်တကူပဲ ခေါင်းညိတ် ခဲ့မိသည်။ တကယ်တမ်း ရောက်လာတော့ အံ့ဩစရာပါ ...။

တစ်ယောက်နဲ့တစ်ယောက် စည်းလုံးကြပုံရှိပေမယ့် ဧည့်သည်ကို လိုလားကြပုံမပေါ် ...၊ သူ့ဧည့်သည် ကိုယ့်ဧည့်သည် ခွဲခြားတာလား ရွာကို လူစိမ်းလာတာပဲ မကြိုက်တာလား ...၊ ပျူငှာစွာ ပြုံးပြတဲ့သူ





တွေ့ချိန်ထိ မမြင်ရသေးပါ။ ထို့ပြင် မနေ့က လာကြိုကြသည့်လူတွေတောင် ဒီနေ့ ရောက်လာကြတာ မတွေ့ခဲ့ပေ။

"ဘယ်ရောက်လာမလဲ .. သေချာကြိုမှာပြီး လက်ဆောင်တွေ ဝယ်ပေးထားခဲ့လို့ လာကြိုတာ၊ သူတို့တာဝန် မရှိတော့ဘူး မှတ်မှာ ပေါ့" တဲ့ ...။

မနက်ကတော့ ချာန်း ကို ဒီမေးခွန်း မေးမိသည်။ ဖြေပုံက စိတ် ချမ်းသာဖွယ်ပါ။

"ညက ခွေးတွေ ဒီနားမှာပဲ ပတ်အူနေကြတာနော် .."

ဆောင်း ငုတ်တုတ်လေး အတွေးလွန်နေတုန်း စကားသံတွေ ကြား လိုက်ရပြန်သည်။ ဒီခြံစည်းရိုးဆောမှာ နွားလှည်းတစ်စီးစာ လမ်းကြား ဆား ရှိနေသဖြင့် သွားလာနေကြတာ ဖြစ်မည်။

ထိုင်ရာကနေ စည်းရိုးကြားထဲကို ငုံ့ကြည့်လိုက်တော့ ယောကျ်ား တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ဖြစ်ကာ တစ်ယောက်က ပုဆိုး တိုတို စွပ်ကျယ်လက်တိုချိုင်းပြတ်နှင့် အမျိုးသမီးက တောင်းတစ်လုံးကို ခေါင်းတောင်တစ်ဖက်ကွေးနှင့် ချိတ်၍ ခါးစောင်းတင်ထား၏။

တောင်းထဲမှာ အလေးအပင် ပါပုံတော့ မရှိပါ။

"ဟုတ်ပ .. ကျုပ် ထင်သားပဲ၊ ဧည့်သည်တွေမှာ ချိုင့်ကြီးချိုင့်ငယ် တွေ ပါလာတည်းက ညကျရင် ဆူတော့မှာပဲဆိုတာ .."

"အေးဟာ .. ဖိုးခွေး တို့ကလည်း မသိတဲ့လူကို ပြောဆိုမပြဘူး"

"ပြောဆိုပြလည်း ယူလာကာမှ ဘာတတ်နိုင်မှာလဲ ...၊ ပြီးတော့ အကြွင်းစားကျန်တွေ ခြံထဲ ထွက်ပစ်သလားမှ မသိတာ၊ ကံကောင်းလို့ ကိုက်ချိုးစားမသွားတာ .."

ဘုရား!...

ဆောင်း နှုတ်ခမ်းလေး ဟသွားသည်။ ဒါ .. ခွေးတွေ စားချင်နေ တာကို ပြောသွားတာတော့ မဖြစ်နိုင်။ နေရာမှ သတိတရထကာ ညက



www.burmeseclassic.com

www.burmeseclassic.com



ချာန်း အဲဒါတွေ ဘယ်မှာ ပစ်လိုက်သလဲ လိုက်ရှာကြည့်မိသည်။

တွေ့လိုက်ပါသည်။ အိမ်ခြေရင်း ခြံစပ်က သစ်ပင်ငယ်လေးတွေ ခြေရင်းမှာ စက္ကူစုတ်လေးဖြန့်၍ သေချာ ပုံချထားပုံပေါ်သည့် အရိုး အရင်းတွေက အစအနလေးတွေပဲ ကျန်သည်။

ဆောင်း ထိုဘေးမှာ ခြေစုံရပ်ရင်း ငုံ့ကြည့်နေမိသည်။

ခြံစည်းရိုးက ခွေးမပြောနှင့် ဝက်တစ်ကောင် တိုးဝင်မယ်ဆိုရင် တောင် အသာလေး ..၊ ဒါကို ခွေးတွေက မဝင်နိုင်ဘဲ ဘယ်လိုသတ္တဝါ တွေ ဝင်စားသွားတာလဲ ..။

"ဆောင်း .."

"ဟင်!..."

နောက်ကနေ ခေါ်လိုက်တော့ လန့်သွားကာ ဖျတ်ခနဲ လှည့်ကြည့် မိ၏။ ချာန်း က သူ ပုံထားခဲ့သည့် စက္ကူစုတ်နဲ့ ဆောင်း ကို ကြည့်ကာ

"ဒါ ရပ်ကြည့်ပြီး ဘာလုပ်နေတာလဲ .."

"ဘာမှ မဟုတ်ဘူး .."

"နေပါဦး .."

ဆောင်း က လှည့်ထွက်သွားတော့ ချာန်း က လက်ကို ဆွဲထား ကာ ...

"ငါ့ကို စိတ်ဆိုးနေတုန်းပဲလား .."

"မဟုတ်ပါဘူးလို့ဆို .."

"မဟုတ်ရင် မျက်နှာကြီးက ဘာဖြစ်နေတာလဲ ..၊ မနက်တည်းက စကားကောင်းကောင်းကို ပြောလို့ မရဘူး .."

ဆောင်း က လက်ကို ရုန်းသည်။ ချာန်း က လွှတ်မပေးဘဲ ဆုပ် ကိုင်ထား၏။ ထို့ကြောင့် သူ့မျက်နှာကို စူးစိုက်ကြည့်မိရင်း ...

"ငါပြောတာတွေကို နင် စိတ်မဝင်စားသလိုပဲ၊ နင် ပြောမှာတွေ လည်း ငါ စိတ်ဝင်စားမှာ မဟုတ်ဘူး ချာန်း .."





"ဟာကွာ .."

ချာန်း မျက်နှာမဲ့သွားသည်။ သူ့အကျင့်အတိုင်း ဘောင်းဘီခါးစပ် လက်မတစ်ဖက်ချိတ်လိုက်ပြီး ခြေတစ်လှမ်း ဆုတ်လိုက်၏။ ဆောင်း လိုက်ကြည့်နေရင်း ...

"နင် လုပ်စရာရှိတာတွေ ပြီးအောင် လုပ်ပါ၊ ငါ့အတွက် အချိန် ခံမနေနဲ့ .."

"ဆောင်း .."

ဆောင်း က ချာခနဲ လှည့်ကာ လက်ကိုပါ ဆောင့်ခါရုန်းပစ်၏။ ခဏ ရပ်ကျန်ခဲ့ပြီးမှ နောက်ကနေ ပြေးလိုက်သည်။ အိမ်ထဲ လိုက်မိမှ ဆောင်း လက်လေးကို ဆွဲလှည့်ပစ်လိုက်သည်။

"အို .. ဘာလုပ်တာလဲ .."

"ဘာလုပ်ရမှာလဲ .. အဲဒီလို မကျေနပ်တဲ့မျက်နှာကြီးနဲ့ ဘေးမှာ နေတာ ငါ ဘာလုပ်လို့ ရမှာလဲ .."

"မရရင် မလုပ်နဲ့ ..၊ နင့်အလုပ်ကြောင့် ငါ စိတ်ဆင်းရဲနေရတာ အမှန်ပဲ .."

"ဘာဆိုင်လို့လဲ .."

"အေး .. ဘယ်တော့မှလည်း ဆိုင်တယ်လို့ ထင်မှာ မဟုတ်ပါဘူး၊ တော့ အခု နင် ရင်းနှီးချင်တာတွေလည်း ရင်းနှီးခွင့်ရပြီ၊ ပရိဂျူဆာ တာကြီးလည်း ဖြစ်နေပြီ .."

"ဘာဖြစ်လဲ .. ဆက်ပြော .."

"နင် သွားလေရာ ငါ့ကို မခေါ်နဲ့ .."

"ခေါ်တော့ ဘာဖြစ်သွားနိုင်လို့လဲ .."

"ငါ စိတ်ဆင်းရဲလို့ပေါ့ ..၊ ဒီမှာ ချာန်း .."

"ဘာလဲ .."

"အန်တီလွင် ကို နင် ပွစရာ မလိုဘူး၊ ငါ့ဘက်က ဘာဖြစ်လို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနဲ့ဖြစ်ဖြစ် နင့်အတွက် လွတ်လပ်အောင် ပြောပေးလို့ ရတယ် အခု လက်ထပ်ပြီးတဲ့နောက်မှာ လုံးဝ ရတယ်၊ အဲဒီတော့ ..”

“ငါက ခေါ်ချင်လို့ခေါ်တာ ဆိုရင်ရော ..”

“ဘာ!...”

ဆောင်း ဒေါသထွက်သွားတာကို စိုက်ကြည့်ကာ ချာန်း ရဲ့လ တွေက သူမရဲ့ပခုံးသားလေးတွေဆီ ရောက်သွားခဲ့ပြီး ခပ်ဖိဖိဆုပ်

“ငါ အကျင့်ပါနေပြီ ဆောင်း .. ဘယ်သွားသွား နင် မပါ မဖြစ်ဘူး ..”

“အဲဒါဆိုရင်တော့ ပိုမုန်းဖို့ ကောင်းသွားပြီ ..”

ဆောင်း က သူ့လက်တွေကို ဖယ်ချသည်။ ချာန်း က အ အကျပ် ဖိဆုပ်ထားရင်း ဆောင်း မျက်နှာလေး မော့လာအောင် ကပ်ထားလိုက်ကာ ...

“နင်ပြောတဲ့ နည်းက ငါတို့ချင်း နီးစပ်မလာဘဲ ပိုဝေး ပိုစိမ်း ကြမှာပေါ့၊ ငါ့အလုပ်ကို ငါ ကြိုးစားချင်ပေမယ့် နင် အနားမှာရှိ လည်း လိုတယ်၊ ငါ့အနားမှာ နင် ရှိနေရင် ငါ့ဘက်က ဂရုမစိုက် ဘယ်နှစ်ခါ ရှိသလဲ ..”

ညတုန်းက အိပ်ခင်း လိုက်ခင်းပေး၊ ခြင်ထောင်ထောင် စားသောက်ချိန်ကအစ ခွံ့မကျွေးရုံတမယ် သူ အောက်ခြေသိမ်း ပေးသွားတာတော့ အမှန်ပါ။

နောက်ဆုံး အပေါ့အပါးသွားဖို့အထိ အဆင်ပြေအောင် သူ တင်စီစဉ်လာခဲ့တာ ဖြစ်သည်။ ကိုယ့်မှာသာ တစ်ယောက်တည်း ကျိုးရှုပ်ထွေးနေခဲ့ပြီး သူ ဘာလုပ်ပေးနေနေ ကျေးဇူးတင်ရမှန်း

ဆောင်း မျက်တောင်ဖျားလေးတွေ စိုက်ခနဲ ရှူသွားတော့ မျက်လုံးချင်းဆုံအောင် ပခုံးကို ပြန်ဆွဲလှည့်၍ ...

“ပြောလေ ဆောင်း .. ငါ နင့်အတွက် အချိန်ပေးဖို့





လောက်အောင် ဖြစ်ခဲ့တာ ရှိဖူးသလား ..”

ဆောင်း က မျက်နှာ အတင်းလွှဲထားပြီး မဖြေ..၊ အားမလိုအားမရ ဖြစ်လာရသည့် သူ့မှာသာ ..၊

“မသိသေးရင် ပြောပြမယ် ..၊ ငါ့ခေါင်းထဲမှာ ရှိထားတာ ငါ လက်ထပ်မယ့် မိန်းမက နင်ပဲ ..၊ ငါ့အတွက် အမြဲတမ်း လိုအပ်နေခဲ့တာ လည်း နင်ပဲ ..၊ အဲဒါ ချစ်တာမေတ္တာတွေ ဘာမှ မသိခင်တည်းက ခုချိန်ထိ သေချာနေခဲ့တဲ့ ငါ့ရင်ထဲက လိုလားချက် ..”

“ဟုတ်လား .. ငါ လက်ထပ်မယ့်ယောကျ်ားကတော့ ဘယ်တုန်း ကမှ နင် မဟုတ်ခဲ့ဘူး ချာန်း ..”

“ဘာ!...”

“နင့်လို အမြဲတမ်း လိုအပ်ချက်တွေနဲ့ လုံးထွေးမနေခဲ့တော့ ငါ ဘာလိုအပ်ခဲ့သလဲဆိုတာလဲ မသိဘူး၊ အဲဒါတွေကြောင့် နင် အခု ငါ့ကို လိုအပ်တယ်လို့ ကြေညာနေတာကို နားလည်မပေးနိုင်ဘူး၊ ငါ ခံစားလို့ လည်း မရဘူး .. ဖယ်ပေး ..”

လက်တွေကို အတင်း ဖြုတ်ချပစ်မိသည်။ စိတ်ထဲမှာ နာနေတာ က ကိုယ် ဘာတစ်ခုမှ အလေးအနက်ပြောကြည့်လို့ မရခဲ့သော လျှောင် ပြုံးနှင့် သူ့မျက်နှာ ...၊

ဆောင်း က ပြတ်သားစွာ ပြော၍ ရှန်းထွက်သွားပြီး ချာန်း က ခံကြိတ်၏။ ပြီးတော့ ရှေ့ကို တိုး၍ ဆောင်း ရှေ့ကနေ ပိတ်ထားလိုက် ပြီး ...

“ခံစားလို့ မရဘူးဆိုတော့ ငါတို့ အတူတူ ခံစားကြည့်မယ် ..”

“ဘာ!... ပြောတယ် ..”

ချာန်း မျက်နှာက တင်းနေသည်။ ဆောင်း ကိုယ်လေးကို ဖျတ်ခနဲ ဆွဲထွေးပစ်လိုက်ကာ ...

“ချာန်း နော် .. နင် .. လွှတ် .. လွှတ်လို့ .. ဟင့်အင်း..”



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်လေးတွေမှာ နွေးခနဲ ရှိန်းခနဲ ဖြစ်ကုန်သည်။ ထို့နောက် သူ့မျက်နှာ ကျူးကျော်ဖို့ ကြိုးစားလာတာကို ဆောင်း ဘယ်လိုမှ ခွင့်ပြု နိုင်သည်ဖြစ်ရာ ...

"ရှာန်း .."

မရမက ရှန်းထွက်ကာ ပါးတစ်ဖက်ကို အားရပါးရ လွှဲရိုက် လိုက်၏။

"ဆောင်း .. .. နင် .. .."

ရှာန်း မျက်နှာတစ်ခြမ်းလုံး ချက်ချင်း ညိုရောင်သမ်းလာ ဆံပင်တွေ မျက်နှာပေါ် အုပ်ကျသွားတာကို သိမ်းဖယ်ရင်း ထို မျက်ဝန်းထဲမှာ ရိုက်ချက်အရှိန်ကြောင့် မျက်ရည်တွေပါ ဝေ့နေတာ မြင်ရသည်။

ဒါပေမယ့် ဆောင်း ရဲ့နှလုံးသားက နည်းနည်းလေးမှ ညှို့သ နွေးထွေးသွားခဲ့ခြင်းမရှိဘဲ စိုက်ခနဲ ယိုင်သွားသည့်ကိုယ်ကို ထိန်း ရှာန်း ကို စေ့စေ့ကြည့်ကာ ...

"နင်က ကိုယ့်ဘာသာ ချစ်တဲ့စိတ်ကို မွေးမြူပြီး ရင်ခုန်သံ ကြားလာရတာနဲ့ အချိန်မရွေး ဖမ်းယူလိုက်လို့ရမှာလို့ ထင်နေတာလား"

"မသိဘူး .. အဲဒါတွေ ငါ နားမလည်ဘူး၊ ငါ သိတာ ငါတို့ လင်မယား .. ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ပတ်သက်ခွင့်ရှိတယ် .."

"မရှိဘူးဆိုတာ အခု မှတ်လိုက်တော့ .."

ဆောင်း က ရိုက်လိုက်သည့် လက်ဖဝါးတစ်ဖက်ကို ဖိဆုပ် လိုက်ရင်း မဲ့၍ ...

"နင့်လိုပဲ ပြောရရင် ငါ သိခဲ့တာက ရှာန်း ဆိုတဲ့ ငါ့ရဲ့ သူ ချင်းကောင်လေးက ငါနဲ့ထပ်တူ ရိုးသားဖွာ လက်တွဲ ရှေ့ဆက်ဖို့ တမ်း အဆင်သင့် ရှိနေတဲ့သူ .."

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ .."





"အဓိပ္ပာယ်ရှိတာတွေ ပြောရင် အရသာမှ မရှိဘဲ ..၊ ငါ့ခံစားချက် ကို နင် အလေးမထားတတ်တာ သိရပြီးတည်းက နင့် ခံစားချက်တွေ ရှုတ်ပြမနေနဲ့ အဲ့ပိုပဲ .."

"ဒါဆို ငါတို့ လက်ထပ်ခဲ့တာ ဘာလဲ .."

"နင် ကြံစည်တာလေ ..၊ နင့်ဝါသနာတွေ ရုပ်လုံးပေါ်လာဖို့ ငါက နင်နဲ့ အကြမ်းတုံးရဲ့ကြားက ဆောက်တစ်ချောင်းလား .. ဒါမှမဟုတ် တံရိုက်တုတ်လား .."

"တောက် .."

"ဒေါသတွေ ပြန်မျိုလို့မရတော့ရင် တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့် လိုက် .."

ဆောင်း က ပြတ်သားစွာဆို၍ အိမ်ပေါ်တက်သွား၏။ ပြီးတော့ လှေကားထိပ်ရောက်မှ ပြန်လှည့်ကြည့်ကာ ...

"ဒီအပြုအမူမျိုး နင် ထပ်လုပ်ရင် ငါ ထင်သလို လုပ်သွားမှာ .. မြှောမရှိနဲ့ .."

ဆောင်း ပျောက်ကွယ်သွားတဲ့အထိ ကြည့်နေမိရင်း သူ့စိတ်တွေ ဆောင် လှုပ်ရှားကျန်ရစ်တာကို မချင့်မရဲ ဖြစ်နေမိသည်။

သူမ ဘာဖြစ်လို့ ဒီလောက်ထိ မာကျောတာလဲ ..၊ ဒီလို အေးစက် ကျောသည့်စိတ်တွေ အစတည်းက ရှိနေခဲ့တာလား ..၊ သူ့အပေါ် ခု နာကျင် မျက်ရှုခဲ့တာကြောင့်လား ..။

စိတ်ထဲမှာပေါ်လာတာက သူ့အလုပ်ပေါ်မှာ ဘယ်တုန်းကမှ သဘော ကျခဲ့သည့် ဆောင်း ရဲ့မျက်ဝန်းလေးတွေနှင့် ရှုတ်ချမှုများပင်။ ထိုအခါ...

အမြဲတမ်း ရန်ဖြစ်လိုက် .. ပြန်တည့်လိုက် နှစ်ရပ်ကြားမှာ သူက အနိုင်နဲ့ပိုင်းတာတွေ များခဲ့သမျှ ဆောင်း မျက်နှာမှာ တေးမှတ် ကြည်းခဲ့တဲ့ အမုန်းအရာ လုံးဝ မရှိခဲ့ပါဘဲ သူ ဒါရိုက်တာဖြစ်ဖို့ ကြိုးစား ခြင်းက စခဲ့တာမှန်း ရေးရေးတော့ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩမိတာက ဒီလောက်တောင် ရက်စက် တင်းမာနိုင်ခဲ့သ
နာကြည်းမှု အစိုင်အခဲတွေကို ဖြစ်သည်။ ဒါကြောင့် ဒီလောက်ဖြ
ရှိလို့လား ...။

"ကျွတ်!..."

သူ စိတ်တွေ ရှုပ်ထွေးကာ အိမ်ရှေ့ ပြန်ထွက်ခဲ့သည်။ ပြီးနေ
လက်တောက်နေသည့် အညိုရောင် ဘောင်းဘီကို ညာတာရမှန်း မသိ
ဝါးကုလားထိုင်အပေါ်မှာ ထိုင်ချလိုက်၏။

ညတုန်းက မျက်ရည်တွေ ဝေ့နေသည့် ဆောင်း ရဲ့မျက်ဝန်းေ
တွေကိုပါ သတိရလိုက်တော့ ကိုယ့်မျက်နှာကို လက်ဝါးနှစ်ဖက်
ထည့်၍ ခေါင်းငိုက်စိုက်ကျလေသည်။

ခေတ်လူငယ်တစ်ယောက်ရဲ့ အသိစိတ်ထဲမှာ ဒီလို မဟုတ်
တွေ ဘာဖြစ်လို့ ဒီလောက် ထည့်နေရတာလဲ မတွေးတတ်တော့
မထင်မှတ်ဘဲ ဖြစ်လာသည့် အိမ်ထောင်ရေး အဆင်မပြေခြ
ဘာနဲ့တူနေသလဲဆိုလျှင် ခိုက်ရန်ဒေါသ .. ရန်ငြိုးရန်စ ဘာမှမရှိ
ကိုယ့်အသားပေါ်မှာ အသားလွတ်ကြီး လာရောက် လှီးဖြတ်နေသ
နာကျင်သွားခဲ့သည်။ ပြီးသွားတော့လည်း ပျောက်မသွားခဲ့ ...။

မမျှော်လင့်ဘဲ အစိမ်းဆတ်ဆတ်ကြီး ခံလိုက်ရတာမို့ မထင်
သည့်တိုက်ခိုက်မှုပေမယ့် တဆစ်ဆစ် ခံရခက်နေ၏။

ဒါပေမယ့် တစ်ခုကို သူ သေချာသိလိုက်သည်။ ဒီအိမ်ထော
ဟာ စခဲ့တဲ့အတိုင်းတော့ မဟုတ်တော့တာ သေချာသွားသည်။

ဒီနေ့မှစ၍ တစ်မျိုးတစ်မည် ပြောင်းလဲသွားခဲ့ပြီဆိုတာ ရင်
ရေရွတ်မိရင်း ...

"အဲဒါ နင့်ကြောင့်ပဲ ဆောင်း .."





## အခန်း (၂၁)

"ငါ ထမင်းသွားစားမလို့ .."

"ဘယ်မှာလဲ .."

"ရွာထဲမှာ ထမင်းဆိုင် ရှိတယ်ဆို .."

"ဘယ်ကလာ ထမင်းဆိုင်ရမှာလဲ ဆောင်း ရာ .. ထန်းရည်ဆိုင်ပဲ
ယ်၊ အဲဒီမှာ ငှက်ကြော်တို့၊ မြွေသားဟင်းတို့ ထန်းရည်နဲ့မြည်းဖို့
င်းတယ်၊ ထန်းရည်သမားတွေမှာရင် ရောင်းဖို့ ထမင်းတော့ ရှိတယ်၊
ပေမယ့် ထမင်းဆိုင် မဟုတ်ဘူး .."

ဆောင်း က ခြေလှမ်းပြင်ထားပြီးမှ ပြန်ထိုင်လိုက်ကာ ...

"ငါ နင့်ဟာတွေ မစားချင်ဘူး .."

"အေးစက်စက် ဖြစ်နေလို့မို့လား .. ငါ ပြန်ကြော်ခိုင်းထားတယ်
ကြာ လာပို့တော့မှာ၊ ဒီရွာမှာ ထမင်းဆိုင်ရှိလည်း နင် စားတော့မှာ
တ်ပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"စားတတ်တယ်၊ ရေလုံပြုတ်ဖြစ်ဖြစ် .. ငါးပိပြုတ်ဖြစ်ဖြစ် .. နေပါဦး .. ဒီတောကလူတွေ ဖော်ရွေလှချေလား၊ ဧည့်သည်ရောက်နေ တာတောင် စားရေးသောက်ရေး အဆင်ပြေရဲ့လား မေးဖော်မရဘူး .. ရွာလူကြီးရော ရှိရဲ့လား .."

"ရှိပါတယ် .."

ချာန်း က တုံ့ဆိုင်းဆိုင်း ဖြေပြီးမှ ...

"အဘွားဆီကိုလာတဲ့ ဧည့်သည်ဆိုရင် တစ်ရွာလုံးက သိပ်မကြည် ဘူး ထင်တယ် .."

"ဘယ်လို!..."

ဆောင်း ကို တလွဲ စိတ်ဝင်စားသွားမှာစိုးလို့ ဒါတွေကို မပြောချင် ပါ။ မပြောဘဲထားရင်လည်း ဘာအကြောင်းပြောပြော ဒါကိုပဲ ခလုပ် တိုက်နေမှာကို သိလို့ ...၊

"ငါလည်း သိပ်တော့မသိဘူး .. ဟိုလူတွေ ပြောပြတာ .."

"ဒါနဲ့ အဘွားက အဲဒီအိမ်ကြီးကို ထိန်းသိမ်းထားတဲ့သူဆို၊ ဒီအိမ် တစ်လုံးလုံးကိုတောင် အလကား ပစ်ထားနိုင်တယ်ဆိုပြီးတော့ .. ဘော မှာဆို ဒါက ချမ်းသာတာပဲမို့လား .."

"မသိဘူးလေ .. အဘွားက စကားပြောတော့ မကောင်းဘူး၊ အဲ လို ဆက်ဆံရေးကြောင့် ထင်တယ် .."

"နင် ငါ့ကို အဘွားဆီ ခေါ်မသွားတာ အဲဒါကြောင့်လား .."

"ဆိုပါတော့ .. ဘာမှလည်း ထူးခြားမှာ မဟုတ်လို့ပါ၊ သူ့အိမ် ငှားထားမယ့်ကာလအတွက် ပိုက်ဆံပိုပေးပြီး စာချုပ်ထားလိုက်တယ် ပေးစရာ ယူစရာတွေလည်း ပြီးပြီဆိုတော့ ထပ်တွေ့ဖို့မှ မလိုတာ .."

ဆောင်း က ဒါကို ဘာမှ ထပ်မပြောပါ။ ခေါင်းလေးညိတ်၍ နေရာမှ ထရပ်လိုက်ကာ ...

"ဒါဆို အဲဒီအိမ်ကို လမ်းလျှောက်ရင်းနဲ့ ခဏသွားမယ် .."





"ဘယ်အိမ်ကိုလဲ .."

"နင် ဟင်းတွေ နွှေးခိုင်းထားတဲ့အိမ် .."

"ဘာလဲ ဟိုမှာစားမလို့လား .. သူတို့ ချက်ပြုတ်ပြီး လာပို့မှာလေ"

"ဟင့်အင်း .. သွားချင်လို့ .."

ချာန်း က နေရာမှ ထရပ်လိုက်ပြီး ပြုံး၍ ...

"ငါ့ကို မတည့်ရာ မတည့်ကြောင်းတွေ ရှာကြံထားပုံ ရတယ်"

"ဘာဆိုင်လဲ .."

"မဆိုင်ရင် ပြီးတာပါပဲ၊ ဆိုင်နေရင်လည်း ဂရုမစိုက်ဘူးလို့ ပြော .."

"ဟွန်း .."

ဆောင်း က လှည့်မကြည့်ဘဲ မဲ့လိုက်သဖြင့် သူ ရယ်မိသည်။ ပြီးတော့ ဆောင်း လက်လေးကို ဆွဲယူလိုက်၏။ ဆောင်း က ည်း လက်ကို ရှောင်ပစ်ကာ ...

"ပြောထားပြီးသား .."

"ဘယ်တုန်းကလဲ .. မေ့သွားပြီ .."

ခေါ်သမပါသည့် အကြည့်တွေ ဆုံသွားကာ ဆောင်း က နှာခေါင်း ွန့်၍ တစ်ဖက်လှည့်၏။ ချာန်း က ရယ်သည်။ ထိုစဉ် ဟိုနေ့က ကြုံသည့်လူနှင့် အမျိုးသမီးတစ်ယောက် အတူလျှောက်လာကြတာ လိုက်ရ၏။

"ဟော .. ကိုဖိုးခွေး တို့ လာပြီ .."

ကိုဖိုးခွေး ဆိုပါလား ...၊

ရွာထဲက လူတွေ ပြောသွားတဲ့ထဲမှာ ဒီနာမည်ကို သူမ မှတ်မိနေ ည်၊ ဖိုးခွေး ဆိုတာ ဒီလူပဲ ...။

"ကျုပ်မိန်းမက မြို့သူကို အိမ်မှာပဲ ထမင်းကျွေးချင်လို့တဲ့၊ အဲဒါ မှာ အကောင်းစား ပြင်ထားပါတယ် .. လိုက်စားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ .."

ဆောင်း ကပဲ ချက်ချင်းပဲ အဆုံးအဖြတ်ပေးလိုက်ကာ ဈာန်း နဲ့ ကိုဖိုးခွေး က တစ်တွဲ၊ ဆောင်း နဲ့ မလုံးခင် ဆိုသည့် အမျိုးသမီးက နောက်မှာ အတူတူ လျှောက်ခဲ့ကြရင်း ...

"အစ်မတို့ရွာမှာ အစ်မတို့လင်မယားနဲ့ပဲ ရင်းနှီးခွင့် ရသေးတယ်၊ အဟွန်း .. အားလုံးက ဘာသိဘာသာ နေကြတာနော် .."

နည်းနည်းတော့ စပ်စုဖို့ စိတ်ကူးကာ ...

"ရွာက အိမ်ခြေလည်း များတယ် .. တခြားရွာတွေလို မိုးလင်းတာနဲ့ အလုပ်ထဲရောက်သွားကြတာလည်း မဟုတ်ဘူး၊ အိမ်မှာ လူတွေရှိနေကြသားပဲ၊ သီးသန့်ဆန်ဆန် နေတတ်တာ ထင်တယ် .. ဟုတ်လားဟင်.."

မလုံးခင် က ဆောင်း စကားပြောနေတာကို ပြုံး၍ ငေးကြည့်နေလျက် ...

"မြို့သူ စကားပြောနေတာများ ချစ်ဖို့ကောင်းလိုက်တာတော် .. မြို့သူတွေရဲ့ အသွေးအရောင်ကိုက တောသူတောင်သားတွေနဲ့ မတူတာနော် .. ဟုတ်ပ တကယ်ပါပဲ .."

တစ်ယောက်တည်း ဝေဖန် .. တစ်ယောက်တည်းပဲ ကျေနပ်နေ၏။ ဆောင်း ရယ်နေရပေမယ့် မေးတာကို မသိရသဖြင့် မအီမလည်လေး ဖြစ်သွား၏။ ပြီးတော့မှ လက်နှစ်ဖက်နဲ့ ဆံပင်ကို ဟိုဘက်ဒီဘက်ဖိသပ်ချရင်း စကားစ ပြန်ရှာရသည်။

"ဟိုလေ .. ဆောင်း က ဒီရွာကလူတွေကို အံ့ဩနေလို့ .."

"အောင်မလေး အံ့ဩမနေပါနဲ့တော် .. ဒီရွာက တခြားရွာတွေလို မညီညွတ်ကြတာ၊ ကိုယ့်အိမ်နောက်ဖေးမှာပဲ စားပင်သီးပင်စိုက်ပြီး အသားစားချင်ရင် တောထဲဝင်၊ အိမ်မှာ တိရစ္ဆာန်မွေး ဒါပဲ ..၊ အပြင်ထွက်ပြီဆိုရင်လည်း ရွာရိုးလျှောက်ပြီး ဘယ်အိမ်မှာ ဘယ်လိုပြဿနာဝင်နေလဲ ..၊ ဘာပစ္စည်းအသစ်တွေ ကိုင်နေလဲ .."





"အဲဒီလိုလား .."

"အေးပေါ့ .. ဘာမှမရှိကြဘဲနဲ့ ပြိုင်နေကြတာ ..၊ မနာလိုစိတ်တွေ ရှိကြတာကိုး .."

တောသူပီသစွာ မလုံးခင် စကားပြောပုံက တစ်လုံးတစ်ခဲကြီးရယ်...။

"အဲဒါနဲ့ပဲ ကိုယ့်အိမ်ထဲ ကိုယ်နေပြီး အထဲက ခေါင်းပြူကြည့်ဆိုတဲ့အကျင့်တွေ ဖြစ်ကုန်တာ၊ လယ်ပိုင် နွားပိုင်တွေလောက်ပဲ ချမ်းသာကြတာလေ၊ ငါ့ညီမတို့ အိမ်ငှားနေတဲ့ အဘွားကတော့ ရွာထဲမှာ ချမ်းသာဆုံးပဲ .. ဒါပေမယ့် သူက ဘယ်သူနဲ့မှလည်း မပြိုင်ဘူး.. စကားလည်း မပြောဘူး၊ မလိုအပ်ဘဲနဲ့ သူ့အိမ်ရှေ့ သွားရပ်ရင် မျက်လုံးတစ်ချက်တောင် လှန်ကြည့်တာ မဟုတ်ဘူး .."

"ဟုတ်လား .."

"အဲဒါကြောင့် တစ်ရွာလုံးက နှုတ်ခမ်းမဲ့ မုန်းတီးနေကြတာပေါ့"

"ဘာဆိုင်လို့လဲနော်.. သူ နေတတ်သလို နေတာပဲ"

"အားလုံးကတော့ ပိုက်ဆံချမ်းသာလို့ မာနကြီးနေတယ်ပဲ ထင်နေတာကိုး၊ ရွာသားတွေကလည်း ပဲညွှန့်ရူးစားပြီး အလကားနေ ပြိုင်ဆိုင်နေကြတော့ ကိုယ့်ထမင်း ကိုယ်စားတာဆိုတဲ့ မနာလိုစိတ်တွေပေါ့၊ အဲဒါကြောင့် အဘွားရဲ့ ဧည့်သည်ဆိုရင် တစ်ရွာလုံးကိုက မလိုလားကြတာ .."

"ဒါဆို အဘွားမှာ အပြစ်မရှိဘူးပဲ .."

"ကျုပ်တို့ဖွေလည်း အဲ့ဒီတိုင်းပဲ ထင်တာပါ၊ ဒါကြောင့် မြို့သားတွေ ရောက်လာတော့ ဘာကူညီရမလဲဆိုပြီး သွားမေးကြတာ၊ ကိုဖိုးခွေးနဲ့ သုံးယောက်လေ .. ပစ္စည်းသယ်ပေးတဲ့လူတော့ ဘယ်သူ ကြိမ်းမောင်းလိုက်လဲ မသိဘူး ပေါ်မလာတော့ဘူး၊ မောင်စံတုတ် တဲ့ .."

ထမင်းချိုင့်တွေနဲ့ အိပ်ရာလိပ် ထမ်းလာတဲ့လူက မောင်စံတုတ်တဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်ပေမယ့် ခေါင်းထဲတော့ ထည့်ထားလိုက်မိသည်။ သူ
တို့လေးယောက် ခပ်ဖြည်းဖြည်း လျှောက်လာကြစဉ် လမ်းမှာ တွေ့သမျှ
လူတချို့၏ အကြည့်တွေက မလုံးခင် ပြောသလိုပါပဲ။

"အစ်မ .."

"ဟင် .."

"အဘွားက ရွာထဲမှာတော့ သာမန်အိမ်လေးနဲ့ နေတာဆို .."

"ဟုတ်တယ် .. ဒီအိမ်တွေထက်တော့ ကောင်းတယ်၊ ဒါပေမယ့်
နှစ်မိုင်က အိမ်ကြီးလောက်တော့ ဘယ်ကောင်းမလဲ .. အဲဒီအိမ်ကြီးက
တအားတောင့်တာ၊ ရေနံချေးတွေ ဝပြီး ခုချိန်ထိ သစ်တစ်ချောင်း မကျိုး
သေးဘူး၊ ပိတ်ထားတာ ကြာလှပြီလေ .."

"ဘာဖြစ်လို့ ပိတ်ထားကာလဲ ..၊ အဘွားမှာ တခြားမိသားစုတွေ
ရော မရှိတော့ဘူးလား .."

"အမလေး .. လေး အဘွားနဲ့ မြို့သူ မတွေ့ရသေးဘူး ထင်တယ်
ဒီလိုမေးခွန်းတွေများ သွားမေးလို့ကတော့ အဘွားက သူ့အိမ်ထဲက
ဆွဲထုတ်ပစ်မလားဘဲ .."

ဆောင်း က အံ့ဩမသွားဘဲ အသံလေး ထွက်အောင် ရယ်လိုက်
ကာ ...

"အခု အဘွားကို မေးတာမှ မဟုတ်တာ .. အစ်မ မလုံးခင် ကို
မေးတာလေ၊ မတွေ့ဖူးပေမယ့် စိတ်ဝင်စားလို့ပါ"

"ဘာမှ မထူးခြားပါဘူး မြို့သူရယ် .. အဘွားက အသားညိုညို
အရပ်က ပုပုပဲ၊ မျက်နှာပေါက်တော့ ဆိုးတယ်၊ ကျန်တာတွေ ကျုပ်တို့
လည်း ဘာမှ မသိပါဘူး.. အဘွားက အစက ဒီရွာသူပဲ၊ ရုပ်ဆိုးလို့လား
သူကပဲ မလိုချင်တာလား မသိဘူး၊ ခုထိ ယောကျ်ားမရှိဘူး၊ အဲဒီတော့
သားသမီးမြေးမြစ် ဘယ်လိုလုပ် ရှိမှာလဲ .."

"သူက မိဘဘိုးဘွားတည်းက ချမ်းသာတာပေါ့"





"ဘယ်ကလာ ဟုတ်ရမှာလဲ .. အဲဒီအိမ်ကြီးရောက်လာတော့
ဘွားက ဆယ့်ရှစ်နှစ် နှစ်ဆယ်လောက်ပဲ ရှိသေးတာတဲ့၊ အဲဒီအိမ်မှာ
ထုပ်လုပ်ဖို့ ထွက်သွားတာ .."

"ဒါဆို အိမ်ရှင်က ဒီရွာသား မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး .."

မလုံးခင် က သိတာတွေရော .. မသိတာတွေပါ များပြားနေပုံရှိ
သော စကားများများပြောလေ ခြေလှမ်းတွေ နှေးသွားလေဖြစ်ကာ
ညှိသည်က ဘာမှမဖြစ်ဘဲ သူမပဲ ခဏ ခဏ ခလုတ်တိုက်၏။

"မလုံးခင် ရေ .. ညှိသည်ကို သေချာ တွဲခေါ်ဦးဟ .."

ယောကျ်ားဖြစ်သူက နောက်လှည့်ကြည့်ပြီး အငေါ်တူးလေသည်။
သူတို့အားလုံး ရယ်မိကြ၏။

ဒီတစ်ခါ မလုံးခင် ကပဲ ပြောလက်စ စကားကို အပြတ်မခံဘဲ
ဆက်တာမို့ ကျေးဇူးတင်ရ၏။

"အိမ်ရှင်တွေကလည်း ဒီလောက်ခေါင်တဲ့နေရာမှာ ဘာလို့ လာ
အခြေချမှန်း မသိပါဘူး၊ မိသားစုလည်း ဘယ်နှစ်ယောက်မှန်းသာ
သိတာ သိပ်တော့ မများဘူးလို့ ပြောတာပဲ၊ အဘွားက အဲဒီက ပြန်
တည်းက အိမ်ပိုင်ရှင် ဖြစ်သွားတာပဲ"

"ဟင် .. ဘယ်လိုဖြစ်တာလဲ .. အဲဒီမိသားစုတွေကရော .."

"မသိဘူး .. အဘွားနဲ့ သက်တမ်းတူတဲ့ လူကြီးတွေကတော့
နည်းပါးပါး ပိုသိမလား မသိဘူး၊ ဒါပေမယ့် သူတို့လည်း သေကုန်
ပြီ၊ တစ်ယောက်စ နှစ်ယောက်စပဲ ကျန်တော့တာ .."

"ရွာမှာ ဒီလောက်တောင် သက်ကြီးရွယ်အို ရှားသလား .."

"ခြောက်ဆယ် ခုနစ်ဆယ်တွေတော့ ရှိကြတာပေါ့၊ အဘွားက
သက်ကိုးဆယ်ပြည့်ဖို့ သိပ်မလိုတော့ဘူးထင်တယ်၊ အတိအကျတော့
သိဘူး .. အရပ်ပုလို့ အရွယ်တင်တာလို့လည်း ပြောလို့ရတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အံ့သြစရာတွေပဲနော် .."

"အဘွား သူဌေး ဖြစ်သွားတာကိုလား .."

"အစတုန်းက အဘွားမိဘတွေက ဆင်းရဲလို့လား .."

ဆောင်း က ပြန်မေးတော့ မလုံးခင် က ပြေကျလုလု သူမ၏ ဘီးဆံပတ်ကို ပြန်၍ ပတ်ထုံးလိုက်ရင်း ...

"မသိတော့ဘူး .. အခုနေတဲ့ အိမ်နေရာကတော့ သူတို့အိမ်ပဲ အိမ်က ပြုပြင်ထားသလား .. မထားဘူးလား မသိဘူး၊ သူဌေးတွေ အိမ်ကို သူ့လက်ထဲထည့်ခဲ့ပြီး ပြောင်းသွားကြတာတော့ သေချာပါတယ်"

"ဪ .."

ဆောင်း အများကြီး သိလိုက်ရသည်မို့ ထမင်းစားရဖို့တောင် ဆက်လိုက်မသွားချင်တော့ပေ။ ရွာထဲ လမ်းလျှောက်ရင်း ရွာသားတစ်ဦး တလေနဲ့ စကားစမြည်ပြောဖြစ်ချင်တာက သိချင်နေတာတွေ ရှိလို့ပါ။

ကြားရတာကတော့ သရဲတစ္ဆေအကြောင်း ဘာမှ မပါပါလား။ ဒီရွာက ထူးခြားသလို ရှိနေတာကလည်း ရွာသူရွာသားတွေရဲ့ ရိုင်းပင်း နွေးထွေးလိုစိတ် နည်းတာတွေကြောင့်ပဲ ဖြစ်သည်။

သူမ သိချင်ခဲ့သော ဒီရွာမှာ သရဲတွေ များပြား ကြီးစိုးနေသလား ဆိုသည့် မေးခွန်းအတွက်ကတော့ ...၊





## အခန်း (၂၂)

"ဘယ်လိုလဲ .. သမီး ပျော်ခဲ့ရဲ့လား..၊ မျက်နှာလေးတောင် ချောင် သွားသလိုပဲ ..၊ သားရောပဲ အသားတွေ ညစ်တစ်တစ်နဲ့ .."

"မဟုတ်ပါဘူး မာမီရာ .. တောမှာ သစ်ရိပ်ဝါးရိပ်နဲ့ ပိုတောင် အေးသေးတယ်"

"ဟုတ်လား သမီး .."

"ဘာမှ မဟုတ်ဘူး .."

"မေးပါ .. မာမီ့ချွေးမ ပြောပြလိမ့်မယ်၊ ကျွန်တော့် မကောင်း ကြောင်းတွေ .."

ဗျာန်း က ပြန်ရောက်တာနှင့် ရိုက်ကူးရေး မြန်မြန်စဖို့အတွက် နှင်းတစ်လုံးနှင့် အလုပ်ရှုပ်နေကာ ပြန်ထွက်သွားလိုက်တာ ည ကိုးနာရီ ကျော်မှ ပြန်ရောက်လာ၏။

"သမီးတော့ ပင်ပန်းလို့ အိပ်နေပြီ၊ မင့်မှာလည်း ခရီးရောက် ဆိုက် တစ်ညတော့ နားပါလား သားရယ် .. ချစ်ဖူး ချက်ချင်းရောက် လာတာတောင် မင်းကို မတွေ့လိုက်လို့ ပြောသွားသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



ချာန်း က လက်ကိုင်အိတ်ကြီးနဲ့ ဖိုင်ကို စားပွဲပေါ်မှာပဲ ခထာ ထားလိုက်ကာ ဖုန်းဆက်နေ၏။ ခုပဲ ပြန်ရောက်တာကို ဖုန်းကို တာတော့ လွန်ပြီထင်သည်။ ဒေါ်ပပလွင် မျက်နှာမကောင်း၊ အဲဒီတို ရပ်ကြည့်ရင်း စောင့်နေခဲ့၏။

ဒါကြောင့် ချစ်ဖူး ပြောသွားတာ 'ချာန်း တို့ လုပ်ငန်းတော့ နောက်ဆို အပွိုင့်မန့်(တ်) မရှိရင် တွေ့ရပါ့မလားတောင် မသိဘူး

ရယ်သလို နောက်သလို ပြောသွားတာပေမယ့် သူ့တူမလေး ခန်းထဲမှာ တစ်ယောက်တည်း အထီးကျန် အိပ်နေပြီကို သိလိုက် အနာဂတ်အတွက်ပါ ရင်လေးသွားတာ ဖြစ်နိုင်၏။

"ပြောလို့ ပြီးပြီလား .."

"ဟုတ် .. မာမီ ဘာပြောမလို့လဲ .."

ချာန်း က ချထားတာတွေကို ပြန်ကောက်ယူလိုက်ကာ ဒေါ် လွင် ရှေ့မှာ လာရပ်စောင့်၏။

"ချစ်ဖူး ပြောတာ မှန်နေတာကို တွေးမိလို့ပါ"

"မာမီကလည်း အလုပ်ကိစ္စရှိနေတာကို သူ လာနှုတ်ဆက် အထိ ထိုင်စောင့်နေရမှာလား ..၊ ကျွန်တော် ချိန်းထားခဲ့တာ သ ဆောင်တွေနဲ့ရော .. စာရေးဆရာတွေနဲ့ပါ အများကြီး ရှိနေတာ အဲဒါကြောင့်လည်း မနက်ပိုင်း ပြန်ရောက်အောင် တမင် ပြန်လာတာ

"သြော် .. ကောင်းပါတယ် ..၊ မင်းမှာပဲ အလုပ်တွေ များနေ တော့ .. မာမီတို့က အားနေတာကိုး .."

"မာမီကလည်း ကလေးကျနေတာပဲ .. ဆောင်း တောင် သ မပြောဘဲနဲ့ .."

"အံမာ .. အံမာ .."

ချာန်း တို့ ထုံးစံအတိုင်း မအေကို ပခုံးလေးဖက် ပါးလေးတို့ စကားရောဖောရော လုပ်ပြီး ရှောင်ထွက်ဖို့ ပြင်သည်။





ဒေါ်ပပလွင်က လက်ကို ပြန်ဆွဲထားကာ ...

"ဆောင်း က မင်းကို ဘယ်ပြောမလဲ ..၊ ဟွန်း .. နှစ်ယောက်ကို ကြည့်လိုက်ရင် လင်မယားနဲ့ တစ်ချက်မှမတူဘူး၊ ဟန်းနီးမွန်းထွက်ခိုင်း လိုက်တာလည်း ပြန်လာတော့ ဒီပုံစံပဲ .."

ဟင်!...

ချာန်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ မာမီက ဘယ်လို ပြန်လာဖို့များ မျှော်လင့်နေခဲ့တာလဲ ..၊

ဒေါ်ပပလွင် ကလည်း ချာန်း မျက်လုံးတွေနဲ့ ဆုံအောင် တမင် စောင့်နေတာမို့ ...

"မာမီတို့ ဘယ်လောက် မျှော်လင့်နေခဲ့ရလဲ သိရဲ့လား .."

"ဘာကိုလဲ မာမီ .."

"သားတို့နှစ်ယောက် ကြင်ကြင်နာနာ ရှိလာမယ့်နေ့ကိုပေါ့ .."

"သြော် .."

"ဒါကို မြင်ရမှ မြေးလေးတွေ ဘယ်တော့ရလာမလဲဆိုတာ .."

"ဟမ်!... ဘယ်လို .."

"တွေ့လား .. စိတ်ပျက်ဖို့ ကောင်းလိုက်တာနော် .."

ဘယ်သူ့ကိုပဲ ဒီစကား စလိုက် .. စလိုက် .. ကတုန်ကယင် ခိတ်ထိတ်ပျာပျာတွေနဲ့ မလွယ်ပါလား ...။

မာမီ့မျက်နှာကို အကဲခတ်မိမှ ချာန်း က ဟဲခနဲ ရယ်လိုက်ကာ...

"လာမှာပေါ့ မာမီကလည်း .."

ဟု ပြောကာ လှည့်ထွက်လာခဲ့တော့ မျက်နှာက ရှုံ့မှုမှု မချိုမချဉ်..၊

"နမ်းတောင် မနမ်းရသေးဘူး မာမီ့သား ပါးရိုက်ခံခဲ့ရတယ်လို့ ပြောလိုက်ရင် ရင်ဘတ်ထုသွားမလား မသိ .."

အတွေးနှင့် ပါးတစ်ဖက်တောင် ယားသွားသလိုလို ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ပင်ပန်းပေမယ့် အိပ်ရာထဲ လှဲလိုက်တာနှင့် အာရုံထဲမှာ ပေါ်...
တာက သူမ သွားကြည့်ခဲ့သည့်အိမ်ကြီး ...။

ဈာန်း ကတော့ 'ကိုယ် နေရမယ့်အခန်းထဲမှာပဲ နေ၊ တခြားနေ...
ကျေက ညစ်ပတ်တယ်၊ သန့်ရှင်းရေးလည်း လုပ်မှာ မဟုတ်ဘူး' ...
သေချာမှာသွားသည်။

ဆောင်း ကတော့ ဈာန်း ပြန်ထွက်သွားတာနှင့် တရွေ့ရွေ့ ...
နေခဲ့၏။ နှစ်ထပ်အိမ်ဆိုပေမယ့် အထဲမှာ ကြောင်လိမ်လှေကား...
ထည့်ထားသည်။

တစ်ကျော့လောက်ပဲ ပတ်လို့ရမည့် လှေကားကို သုံးခွေလော...
ပတ်ခွေထားသဖြင့် အိမ်က မြင့်ပေမယ့် လှေကားက လျှို့ဝှက်ဆန်...
ရစ်ခွေနေတာ မြွေတစ်ကောင် ခွေနေသလိုပင် ...။

ထို့ပြင် အပြင်ကကြည့်တော့ ပျဉ်ထောင်အိမ်ကြီးလို့ပဲ ပြော...
ဖြစ်လျက် ...၊ အထဲမှာ တံခါးတွေ ပရိဘောဂတွေနှင့် ပြင်ထား...
ဒီကရေးရှင်းက စတီးလုံးတွေ အများဆုံး သုံးထားသဖြင့် ပြောင်...
လက်လက် ရှိနေသည်။





ဖုန်တွေ ပင့်ကူတွေသာ တက်မနေလျှင် အားလုံးက ရှေးကျသည့် အိမ်ကြီးလို့ ပြောမရလောက်အောင် သေသေသပ်သပ်ကြီး ရှိနေတာ ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ရှစ်ဆယ်လောက်က အိမ်ကြီးပါလား ဆို့ ခံစားဖို့တောင် ခက်၏။

အပေါ်ထပ် အောက်ထပ် နှစ်ထပ်စလုံးက ရှိသမျှအခန်းတွေကို သုံးခွင့်ပေးထားပေမယ့် ကြောင်လိမ်လှေကားကြီး၏ အကွေ့ထိပ်နှစ်ခု မှာ ထိစပ်နေသည့် အလယ်နှစ်ခန်းကို လုံးဝပေးမဖွင့်ဘဲ ထားတာက သည်း စိတ်ဝင်စားဖို့ ကောင်းသည်။

လူ့စိတ်သဘောကိုက တားမြစ်ထားလျှင် ပိုလုပ်ချင်တာမျိုး ...၊ ဆို့ကြောင့် နည်းနည်းဖြစ်ဖြစ် စပ်စုကြည့်ဖို့ ဆုံးဖြတ်၍ အပေါ်ထပ်ထိ တက်ကြည့်လို့ ဆင်းလာခဲ့ပြီးမှ ဒုတိယတစ်ခါ ပြန်တက်ခဲ့သည်။

အပေါ်ထပ် အောက်ထပ် စုံသွားပြီမို့ ကျန်နေတာ ဒီနှစ်ခန်းတည်း...၊

သော့တွေခတ်ထားမှန်း သိလျက်နှင့် ရှေ့ကိုရောက်အောင် သွားမိ ပြန်သည်။ တံခါးကိုခတ်ထားသည့် ကြေးသော့ခလောက်ကြီးက အသား ဆား ပင့်ကိုင်ပြီး လက်မနဲ့ ဖိပွတ်ကြည့်လိုက်တာနှင့် ဝင်းဝင်းလက် သတ် ဖြစ်သွား၏။

တံခါးချပ်နဲ့ မထိတထိ တိုး၍ အထဲကို နားကပ်ထောင်ကြည့်မိ သည်။ ပစ္စည်းတစ်ခုခု ရွှေ့လျားသွားတာလား ...၊ စာရွက်တွေ လွင့်သွား တာလား ...။

အသံတစ်မျိုးသည် အခန်းထဲကလား ...၊ တခြားနေရာကလား ခြားရခက်လောက်အောင် ခပ်တိုးတိုး ကြားနေရ၏။ တစ်ခုရှိတာက ခေါင်းကို တံခါးနားက ပြန်ခွာ မတ်လိုက်တော့ ပတ်ဝန်းကျင်ကအသံ ပျောက်တာ သေချာသွားသည်။ ထိုစဉ် ...

"ဒေါက် ..."

ဆောင်း ခိုးကြောင်ခိုးဝှက် လုပ်ရှားမိသလို ဖြစ်နေသဖြင့် ...နက်ခန



www.burmeseclassic.com

www.burmeseclassic.com



နေအောင် လန့်သွားသည်။ ကိုယ် ရပ်နေတာက လှေကားကွေ့မှာ ကျော်နောက် လက်တစ်ကမ်းမှာ လက်ရန်းမှလွဲ၍ ဘာမှမရှိ ...။

မျက်လုံးကို အောက်ထပ်ဆီ မပို့ရသေးမီ မျက်ဝန်းထောင့်မှာ အရောင်လေးတစ်ခု စွန်းထင်သွားသဖြင့် ထိုနေရာကို ငုံ့ကြည့်လိုက်မိလျှင် ...

"ဟင်!..."

လှေကားထစ်ပေါ်မှ ပြောရလျှင် သူမခြေထောက်နားမှာပဲ ဖြစ် ဖုံတီးသည့် မျောက်ရုပ်လေး တစ်ရုပ် ...၊

ဒီလှေကားကို သူမ တစ်ခါဆင်းတက်ပြီးပြီ ဖြစ်သည်။ ဒါ ဒုတိယအခေါက်ပါ။ လှေကားထစ်ပေါ်မှာ ဘာပစ္စည်း ဘာအရုပ်မှ မရှိ ပေ ...။

စိတ်ထဲမှာ ဇဝေဇဝါနှင့် ငုံ့ကြည့်နေမိဆဲ ဖျတ်ခနဲ ရွေ့လျားမှုတစ် မျက်လုံးထဲမှာ ပေါ်သွားသဖြင့် လိုက်မော့ကြည့်မိသည်။

လှေကားအတိုင်း ပြေးတက်သွားတာလား ...၊

မဟုတ်နိုင်ပေ ...၊ အပေါ်ထပ်မှာ ဘယ်သူမှမရှိတာ သူမ သိသည် ကိုဖိုးချွေး တို့လင်မယားနှင့် ရွာထဲက ကောင်လေးက ချာန်း နဲ့အ အောက်ထပ် နောက်ဖေးက စတိုခန်းကြီးထဲမှာမို့ အိမ်ထဲမှာ သူမ ရှိသည်။

ဆောင်း ဘာမှ စဉ်းစားမနေတော့ဘဲ စိတ်စေရာနောက်ကို လူ ချက်ချင်းပါ၏။ လှေကားအတိုင်း ပြေးတက်လိုက်ခဲ့ရင်း မျက်လုံး လည်း ဟိုဒီ လိုက်ရှာမိသည်။

ကြောင်တစ်ကောင် .. ကြွက်တစ်ကောင် ဖြတ်ပြေးသည့် အရိပ် မဟုတ်။ လူရိပ်တစ်ရိပ်ပဲဆိုတာ တပ်အပ်တွက်ကာ ဟိုဒီ လိုက်ကြ ရင်း သူမ ပထမတစ်ခါ တက်ကြည့်တုန်းက မပိတ်ဘဲထားခဲ့သ ပြတင်းတစ်ချပ်၏ဘေးကို အမှတ်တမဲ့ ရောက်သွားလျှင် ...





ဘာတွေလဲ ...၊

အရိပ်သုံးခုကို လှမ်းမြင်လိုက်သဖြင့် ပြတင်းနားကပ်ကာ သေချာ ကြည့်မိသည်။ မှောင်ရီဖျိုးဖျအချိန်မို့ ခြံထဲက သစ်ပင်ချုံနွယ်တွေနှင့် ...င်း မမြင်ရပေ။

ဒါပေမယ့် ကျောခိုင်းနေကြသည့် လူသုံးယောက်၏ ပုံရိပ်တွေက ...ဝတ်ထားသည့် အဖြူရောင်အင်္ကျီတွေကြောင့် ပေါ်လွင်လာသည်။ ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ရယ် .. ပြီး ... အလယ်မှာ ခြောက်နှစ် ခုနစ်နှစ်အရွယ် ကလေးတစ်ယောက်...၊

သူတို့ ဘယ်သူတွေလဲ ...၊ ဘာရပ်လုပ်နေကြတာလဲ ...။

ရွာလေးထဲမှာ အိမ်ခြံဝင်းတွေကို သစ်ခြောက်ပင်တွေ၊ ဝါးတိုင် ... ခပ်ကျဲကျဲခက်ကြတာပေမယ့် ဒီအိမ်ကြီးကို အုတ်တံတိုင်း ခတ် ...တာပါ။

ဖျက်စီးယိုယွင်းနေပြီဆိုရင်တောင် တံတိုင်းပေါ်မှာ တက်ပေါက် ...သည့် ချုံနွယ်တွေရဲ့အမြင့်ကပဲ နည်းတာမဟုတ်ပေ။ အထူးသဖြင့် ...င်တွေလိုလိုချည်း ဖြစ်နေသည်မို့ ခြံကျော်ပြီး ဝင်နေဖို့က မလွယ်။ ...ဘာ့ ဒီလူတွေပုံစံက ခိုးချောင်ခိုးဝှက်ဝင်လာပြီး ပျာယီပျာယာဖြစ် ...မျိုး မဟုတ်ဘဲ ဒီမှာ နေနေကျ မိသားစုတွေလိုလို ...။

ဆောင်း အလင်းရောင်ကို အားမလိုအားမရ ဖြစ်လာကာ ပြတင်း ...တို ခါးလေးကိုင်းနေအောင် သေချာ ငုံ့ကြည့်မိ၏။ ထိုစဉ် ... ...စို့မပို့ ကွယ်နေသည့် သစ်ပင်ချုံနွယ်တွေက လေပြင်းတစ်ရိုက် ...ခ်နဲ့လှုပ်ရှားသွားကြပြီး ကျောခိုင်းရပ်နေကြသည့် လူသုံးယောက် ... ဒီဘက်ကို ပြိုင်တူ လှည့်လာ၏။

ဆောင်း ရင်ခုန်သံတွေ တဒိန်းဒိန်း ဆောင့်ခုန်လာရင်း စိုက်ကြည့် ...၌ ခပ်ဖြည်းဖြည်း လှည့်လာသည့် မျက်နှာတွေက ဒီက ကြည့်နေ ... သိထားကြသလိုမျိုး ...၊ သူမဆီကို တန်းခနဲ မော့လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး!..."

ကိုင်းနေသည့် ကိုယ်လေး မတ်ခနဲ ပြန်ဝင်သွားမိကာ ဆောင်း နားထင်ပါးရင်းတွေပါ ပူထူသွားသည်။ ဘာကြောင့်မှန်းမသိဘဲ ကြက် သီးတွေ ဖျန်းဖျန်းထ၏။

နောက်ထပ် မရဲတရဲ ပြန်ငုံ့ကြည့်မိလျှင် သုံးယောက်စလုံး လက်ယပ်ခေါ်နေကြ၏။

"အား!..."

ဆောင်း တအားအော်လိုက်ရင်း ခွေခနဲ လဲကျသွားတာ ကြမ်း ပေါ်မဟုတ်ဘဲ လှေကားအတိုင်း ဒလိမ့်ခေါက်ကွေး ..။

"ဆောင်း .. ဆောင်း .."

"ဟင်!..."

လှုပ်ခေါ်နေခြင်းကို သိလိုက်တာနှင့် မျက်လုံးတွေ ဖွင့်လိုက် သူ့မျက်နှာထက်မှာ-ချာန်း မျက်နှာက စိုးရိမ်တကြီး ဖြစ်နေလျ

"ဆောင်း .. ထဦး .."

"ဒေါက် .. ဒေါက် .."

"သား .. သား .. တံခါးဖွင့်စမ်း .. သမီး အော်လိုက်တာ

ညဦးနက်နက် မီးရောင်ဖွေးဖွေးအောက်မှာ ဆောင်း မျက်နှာ က သိသာစွာ ဖွေးဆုတ်နေ၏။

"သမီး .. သမီး .. ဘာဖြစ်တာလဲ ..၊ အိပ်မက် မက်နေတာ

ဒေါ်ပပလွှင် က ဆောင်း ရဲ့ဘေးမှာ ဝင်ထိုင်ရင်း အခန်းတ မှာ မွေ့ရာခင်းထားသည့် ကြမ်းပေါ်က အိပ်ရာတစ်ခုကိုပါ လှမ်း သည်။

ပြီးတော့ ချာန်း ကို မော့ကြည့်ပေမယ့် ဘာမှတော့ မ အရေးကြီးနေတာက ထိတ်လန့်နေသည့် မျက်နှာလေးနှင့် ချွေး စိုနေသော ဆောင်း ဖြစ်သည်။





"နေမှုား မကောင်းတာလား .."

ချာန်း ရေခတ်ပေးတာကို သောက်နေသည့် ဆောင်း ရဲ့နဖူးလေး ကို သပ်တင်ရင်း သူမဘာသာ သုံးသပ်ရင်း ...

"ခရီးပန်းလာတာ ဖြစ်မှာ ..၊ သားကလည်း ပြန်လာပြီး ကိုယ့် ဘာသာ ဝင်အိပ်နေရသလား .. သမီးကို နည်းနည်းပါးပါး မကြည့်ဘူး"

ထိုအခါကျမှ အိပ်ရာကို မာမီ မြင်သွားပြီမှန်း သိကာ ချာန်း မျက်နှာပူပူနှင့် ခေါင်းကုတ်မိရင်း ...

"ကြည့်ပါတယ် .. သူ နိုးသွားမှာစိုးလို့တောင် ကျွန်တော် ဟိုမှာ သွားအိပ်နေတဲ့ဥစ္စာ .."

ဒေါ်ပပလွှင် က ခပ်နွဲ့နွဲ့ ခေါင်းညိတ်သည်။ ယုတ္တိရှိအောင် ဖြီး ဖြန်းပါလို့ ပြောလိုက်ချင်ပေမယ့် ပြောရမယ့်အချိန်လည်း မဟုတ် ..။

အိပ်ရာခင်းတွေက ဒီကပစ္စည်းတွေမှ မဟုတ်တာ။ ဆောင်း ကိုယ့် အစီအစဉ်နဲ့ကိုယ် စီစဉ်ထားတာပဲ ဖြစ်မည်။

ဒါတွေ ဒီလိုရှိနိုင်တာ ရိပ်မိနေခဲ့ပေမယ့် မြင်လိုက်ရတော့ စိတ် ထဲမှာ မကောင်း ..။

ထို့ကြောင့် သက်ပြင်းငွေ့ငွေ့ ချမိရင်း ...

"သမီး .. အိပ်မက်ဆိုးတွေ မက်လို့လားဟင် .. မာမီ စိပ်နေကျ ပုတီးလေး ယူထားလေ၊ ဂုဏ်တော်ကို စိတ်နှစ်ပြီး အိပ်မပျော်မချင်း စိပ်နေပေါ့ .."

"ရပါတယ် .. ထမင်းလုံးတစ္ဆေ ခြောက်သလိုမျိုး အိပ်မက်မက် တာပါ"

"အရင်တုန်းက အိပ်နေရင်း လန့်အော်ဖူးလို့လား ..၊ မာမီဖြင့် သမီး အော်တတ်တယ်လို့ မကြားဖူးပါဘူး .. အော်လိုက်တာ စူးစူးဝါးဝါး ကြီး .."

ဒေါ်ပပလွှင် ထပ်ပြောလိုက်ကာမှ မျက်နှာသုံးခုကို သတိရကာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ဖျင်းခနဲ ထပ်ဖြစ်သွားၿ။ ထို့ကြောင့် မျက်လုံးတွေ မှိတ်[illegible] လိုက်မိရင်း ...

"လန့်သွားလို့ပါ .."

ပြီးစလွယ် ဖြေလိုက်သည်။ သူမ အိပ်ရာထဲ လှဲနေရင်း ဟိုအိမ်ကြီး အကြောင်း တွေးနေတာပါ။

တကယ်တမ်း ဟိုမှာ သူမ ဘာမှ မမြင်ခဲ့ ..။ ဘာမှလည်းမဖြစ်ခဲ့ သည့်ပြင် ဟိုလိုဒီလို တွေးမိလောက်ဖွယ်လည်း ဘာမှ မရှိခဲ့ပေ။

ဒါပေမယ့် သူမ လှေကားကြီးပေါ် နှစ်ခေါက်တက်ခဲ့တာ မှန် သည်။ အောက်က တက်လာလျှင် ပထမကွေ့မှာရှိနေသည့် အခန်းရှေ့ မှာ ရပ်ကြည့် နားစွင့်ခဲ့တာ ..၊ သော့ကို ပွတ်ခဲ့တာလည်း မှန်၏။ အပေါ်ထိ ထပ်မတက်ခဲ့ ..။

ဒါပေမယ့် ဘာအရုပ်မှလည်း မတွေ့၊ ဘာသံတွေမှ သည်း မကြား ခဲ့ပေ ..။ ပြီးတော့ အပေါ်ထပ် ပြတင်းပေါက်နားမှာလည်း ခဏရပ်ပြီး အောက်ငုံ့ကြည့်ခဲ့သေးသည်။

ပြန်ထွက်လာတော့ တံခါးကို သေချာပိတ်ခဲ့တာ မှတ်မိနေ၏။ အိမ်ကြီးကို ရောက်ခဲ့သည့် နေ့ခင်းပိုင်းကလည်း အိပ်မက်ထဲမှာတော့ ညီအစ်ကို မကွဲတကွဲအရိုန်ကြီး ..။

ဒါ ဘာတွေလဲ ..၊ သူမ ရပ်ကြည့်ခဲ့တာတွေ .. နားစွင့်ခဲ့တာတွေ အားလုံးမှာ ဒီအသံ ဒီမြင်ကွင်းတွေ တကယ် ရှိခဲ့တာလား ..၊ ရှိနေတာ ကို ကိုယ်က မမြင်ခဲ့တာလား ..။

အိပ်မက်ထဲမှာ တစ်ခေါက် ပြန်သွားမှ မြင်ရတာက ဘာလဲ ..

"ဆောင်း .."

"ဟင် .."

ခေါ်ပလွှင် ဘာတွေပြောပြီး ပြန်ထွက်သွားသည်ကို သူမ မသိ လိုက်ပေ။ အတွေးလွန်နေတာတွေ ရပ်တန့်သွားတော့ ဘေးမှာ ချာန်း





[illegible] ထိုင်နေလျက် ...

"ဘာဖြစ်တာလဲ ..၊ နင် အရမ်းလန့်သွားတာ ငါ သိတယ်၊ အိပ် [illegible]က်မက်တာကို ပြောပြလေ .."

"ချာန်း .."

"အင်းပါ .. ပြော .."

"ငါ ဘာတွေဖြစ်နေမှန်း မသိဘူး .."

"အေးလေ .. ဝိုင်းတွေးပေးရအောင်လို့ မေးနေတာပေါ့၊ ဘာဖြစ် [illegible]လဲ .."

မီးရောင်အောက်မှာဆို ချာန်း မျက်ခုံး အရောင်ဖျော့ဖျော့က ဖြူ [illegible]င်းနေသည့် မျက်နှာပေါ်မှာ ပိုထင်းကာ ကြည့်လို့ ကောင်းနေ၏။

သူ့မျက်နှာကို ငေးမိပြီးမှ ကိုယ့်မျက်နှာ ချွေးတစိစိ ဖြစ်နေမှာကို [illegible]သိရလာသည်။ မျက်နှာကို လက်ဖဝါးနဲ့ ဖိပွတ်ပစ်လိုက်တော့ ချာန်း [illegible] နေရာမှထကာ ...

"မျက်နှာကို ရေခဲပတ်နဲ့ တိုက်ပစ်လိုက် .. လန်းသွားအောင်လို့"

"မျက်နှာသစ်လိုက်တော့မယ် .."

"မသစ်နဲ့တော့ .. လုံးဝ ပြန်အိပ်မရတော့ဘဲ နေလိမ့်မယ်၊ ခုမှ [illegible]ယ့်နှစ်နာရီတောင် မထိုးသေးဘူး .."

ချာန်း က ရေစိုပြီးသား ပဝါသေးသေးလေးတစ်ထည် ယူလာပေး [illegible]သည်။ လက်ထပ်ပြီးတည်းက အစစအရာရာ ဂရုတစိုက် ရှိတတ်တာ [illegible]ကို ဆောင်း သိနေသည်။

ချာန်း ကို မုန်းနေလို့လည်း မဟုတ်ပါဘဲ ပြောသမျှ မယုံသော [illegible]ပျက်ပျက် လှောင်ပြုံးတွေကြောင့် မခံရပ်နိုင်သည့် မာနစိတ်တွေက [illegible]ခြားလာတာ ဖြစ်သည်။

"ကဲ .. ပြောတော့ ရပြီ .."

"နင် အရင်ပြောကြည့်ပါ ..၊ ငါ ဘာဖြစ်နေတယ် ထင်လဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဈာန်း က မျက်မှောင်တစ်ချက် ကုတ်သွားကာ ဆောင်း မျက်နှာ
လေးကို စိုက်ကြည့်၏။ ခဏကြာမှ ...

"ဟိုရွာကို သွားခဲ့တာနဲ့ ဆိုင်လား .."

"အဲဒီလို ဘာလို့ တွေးမိတာလဲ .."

"ဟာကွာ .. သူ့ကို မေးနေတာကို လူကိုပဲ ပြန်မေးနေတယ် .."

"နင် ပြောတာကို သိရမှ ဖြစ်မှာမို့လို့ပေါ့ .."

"ဒါဆို ငါ တွေးမိတာ သေချာသွားပြီ .. နင် ဟိုရွာက ...
ပျောက်တဲ့ညကို အိပ်မက် ပြန်မက်နေတာ .."

"ဟုတ်တယ်ဆိုရင်ရော .."

"ဟုတ်တော့ ဟုတ်တယ်ပေါ့ .. ငါက ဘာပြောရမှာလဲ ...၊ ...
ဟိုမှာတုန်းကလည်း ဒီလိုပဲ ငါ့နားကို အလန့်တကြား ရောက်နေတာ"

"အခုလို ငါ အော်လိုက်လို့လား ...၊ နင်ပြောတော့ ငါ တ...
အော်လိုက်တာဆို .."

ဈာန်း ငြိမ်သွားပြန်သည်။ ဆောင်း ဘာကိုပြောစေချင်နေတာလဲ...
စကားမှားသွားလို့ မဖြစ်ဘူးဆိုတာ စိတ်က အလိုလိုသတိပေးလာသည်။

"ငါ ပြောမယ် ဈာန်း .. ဘာမှန်းတော့ မသိပေမယ့် နင် မယုံ...
ငါ့ကို အရူးလို့ သတ်မှတ်ပြီး နားထောင် .."

ဆောင်း က နဖူးလေးကို ပွတ်ပစ်လိုက်ရင်း ထိုလက်လေး...
ဆံပင်တွေထဲထိ ရောက်သွားရင်း မျက်နှာလေးက သနားစဖွယ် ...
ချင်း ဖြစ်သွား၏။

"အဲဒီအိမ်ကြီးကို ငါ ကြောက်တယ် .."

"ဘာတွေ့ခဲ့လို့လဲ .. ပြောလေ .."

ဟိုမှာတုန်းကလည်း သူမ မျက်နှာလေးကိုပဲ သူ့မှာ တကြည့်
ကြည့်နဲ့ အကဲခတ်နေခဲ့ရသည်။ ကိုယ်သွားလေရာပါပြီး ရန်မဖြစ်ရ...
က ကိုယ့်အလုပ်အပေါ်မှာ သူမ ကျေနပ်ကြည်ဖြူနေဖို့ လိုလို့ပါ။





နှစ်ယောက်စလုံး ခဏ ငြိမ်နေကြပြီးမှ ဆောင်း က သူ့ဘက်
...န်လှည့်ကြည့်ကာ ...

"ငါ မပြောတတ်ဘူး ...၊ မပြောတတ်ဘဲပြောတော့ နင့်မျက်နှာ
...မျိုမချဉ်က ငါ့ကို လှောင်ဦးမှာ .."

"ဆောင်း .."

"မပြောနဲ့ .. ငါ နင့်ကို ယုံအောင် ပြောပြဖို့လည်း စိတ်ကူးမရှိဘူး၊
...စ်ခုတော့ ငါတို့သဘောတူညီမှု ရချင်တယ် .."

လာပြန်ပြီ နောက်တစ်မျိုး ...၊

ပထမ သဘောတူခဲ့ရတုန်းက အိမ်ထောင်သည်လူပျို ဖြစ်နေဖို့ဆို
...ာ့ ဒီတစ်ခါ ဘာဖြစ်မလဲ ...။

စိတ်ပျက်သွားတာကို သိမှာလည်းစိုးကာ နှာခေါင်းတစ်ချက်ပွတ်
...င်း ခေါင်းညိတ်လိုက်ရသည်။

"ပြော .. ဘာလဲ .."

"နင် အဲဒီမှာ ကားကြီးသွားရိုက်မှာ ငါ စိတ်ဝင်စားပါတယ် .."

ခုပဲ အိမ်ကြီးကို ကြောက်တယ်ဆိုပြီး ချက်ချင်းကြီးပါလား ...၊
...လောက် လွယ်လွယ် အဆင်ပြေသွားဘာ ပုံမှန်တော့ မဟုတ်နိုင် ...။

"တစ်ခုရှိတာက ငါ နင့်ကို တစ်ခုခု ဖွင့်ပြောပြတဲ့အခါ ဒါမှ
...ုတ် ငါက 'ဟင့်အင်း' ဆိုတဲ့နေ့ .. အဲဒီအကြောင်းအရာတွေက နင့်
...တွက် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ နင် လိုက်လျှောပေးရမယ်.."

"ဘာတွေလဲ .. ငါ မရှင်းဘူး"

"နင့်ကို ရှင်းအောင် ပြောနေရင် ငါ့ကိုယ်ငါ ဘာမှန်း မသိတာတွေ
... ထည့်ပြောရမှာလေ ...၊ မပြောနိုင်ဘူး .."

"ဟ .. မပြောလို့ ရမလား၊ ဘာလုပ်ရမယ်မှန်း မသိ၊ ငါ ခေါင်း
...က်လိုက်လို့ ဘာတွေ ဖြစ်လာမယ်မှန်း မသိနဲ့ ခုတည်းက ဘာ...
...သမ်းပြီး လိုက်လျှောရမှာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နင် ဓာတ်ကားရိုက်တဲ့နောက် ငါ လိုက်မယ်ဆို ပြီးတာပဲမို့လား"

"လိုက်ရမှာက လိုက်ရမှာပဲလေ ..၊ နင့်ကို ခေါ်မှာပဲလို့ ငါပြောပြီး သား .."

"ငါ လိုက်မှ ဖြစ်တာပါ၊ အခု နင် ဟန်းနီးမွန်းဆိုပြီး ငါ့ ဘယ်ခေါ်သွားလဲ ဖွင့်ပြောလိုက်ရင် ဘယ်လိုနေမလဲ .."

"ဆောင်း .. နင် မညစ်နဲ့နော် .."

ဆောင်း က သူ့ကို စိုက်ကြည့်ကာ ...

"အန်တီလွင် နောက်ထပ် ပြန်ဝင်မလာစေချင်ရင် နင့်အသံ ပြန်လျှော့ .."

"ကျွတ်!..."

ချာန်း ဆတ်ခနဲ ထရပ်ကာ ဆံပင်တွေကိုပဲ ရှေ့က ထိုးဖွလိုက် နောက်ကို ပြန်ဖိသပ်လိုက် ...၊

"မရဘူး .. ငါ သိရမှ ဖြစ်မယ် ...၊ ဆောင်း .. နင့်ကို ငါ အရင်က ထက် အများကြီး အလျှော့ပေးထားတာ နင် သိတယ် .."

"အဲဒါ ဘာဖြစ်လဲ .."

"လိုတာထက် ပိုမလာနဲ့လေ .. အခု ဘာဖြစ်တာလဲ ငါ ဆုံးဖြတ် လို့ ရအောင်တော့ ပြောရမှာပေါ့၊ နင် ဖွင့်ပြောမှာက ဘာလဲ၊ ဘာ 'ဟင့်အင်း' မှာမို့လို့ ငါက ဘာမှန်းသိသိ မသိသိ ခေါင်းညိတ်ရမှာလဲ .."

ဆောင်း ကလည်း လုံးဝ မပြောဖို့ ဆုံးဖြတ်ထားသည့်အကြည့် စူးစူးလေးနှင့် ...

"ဒါဆို ငါတို့ သဘောတူညီမှု မရဘူးပေါ့ .."

ပြောပြီးတာနှင့် အိပ်ရာပေါ်က ဆင်းလိုက်သည်။ ကိုယ့်အိပ်ရာမှာ ကိုယ် သွားအိပ်မလို့ ဖြစ်သည်။

သို့သော် ချာန်း က ရှေ့က ပိတ်ရပ်ထားကာ ...

"ငါတို့ ကွာရှင်းဖို့ တောင်းဆိုတာမျိုး မလုပ်ရဘူး .."



BURMESE CLASSIC .com



"ဟွန်း .."

ဆောင်း က မျက်လုံးချင်းဆုံကြည့်ပြီး မဲ့ကာ ...

"နင့်အလုပ်ကို ငါ က ခွင့်မပြုနိုင်ပါဘူးဆိုပြီး ကန့်ကွက်မှာဆို ရော .."

ချာန်း မျက်နှာ တည်သွားသည်။

ဒီတစ်ခါ သူ့ပခုံးတစ်ခြမ်းကို တိုးတိုက်ထွက်သွားပေမယ့် တစ်ခုခု ဖို့တောင် မေ့နေ၏။ လှည့်ကြည့်လိုက်တော့ ဆောင်း က သူမ ရာပေါ်မှာ စောင်ခြုံလှဲနေပြီ ဖြစ်၏။

ညဦး သူ ဝင်လာတုန်းက ကိုယ့်အိပ်ရာပေါ်မှာ အိပ်ပျော်နေတော့ ဝင်လှဲရင်း သူမ အိပ်ပျော်သွားတာမှန်း သိသည်။

ထို့ကြောင့် ဘေးမှာ ဝင်လှဲလိုက်လျှင် ပြဿနာရှာမှာ စိုးလို့ ကိုယ် သူမအိပ်ရာပေါ်မှာပဲ သွားအိပ်နေလိုက်တာ ဖြစ်သည်။

အစစအရာရာ ကိုယ့်ဘက်ကသာ အလျှော့ပေးဖို့ ဆုံးဖြတ်ထားခဲ့ ။ ဒါပေမယ့် သူမ လွန်လွန်းသည် ထင်၏။ ဒီလိုမဟုတ်ရင်လည်း ကိုယ့်ကိုယ်ကို ငုတ်တုတ်ထိုင်ဆဲနေရမလား ...၊ လိုချင်ဦးပေါ့ မိန်းမ...။

အဲဒီမိန်းမက သည်နှစ်ဆောင်း ပဲ ဖြစ်ချင်ဦး ...၊

မှတ်ထား ချာန်း ...၊ သူက မင်းအတွက် 'သည်နှစ်ဆွေ' .. ဆောင်း တော့ မအေးဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"သွားတာတော့ သိပ်မကြာသေးဘူး သမီးရဲ့ ..၊ ဒါပေမယ့် လေယာဉ်ထွက်တဲ့အထိတော့ သူ စောင့်မှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ဖြ ဆိုတော့ သူ ပြန်ရောက်လာမှ အန်တီက ရိပ်သာသွားရမှာ .."

"ဩော် .. မို့မို့ က အရင်ပြန်တာလား ..၊ ဆည်းဆာ ကျန်နေသေး လို့ တော်သေးတာပေါ့"

ဆောင်း က ဧည့်ခန်းမှာ မထိုင်တော့ဘဲ မတ်တတ်ကနေ လှည် ပြန်ဖို့စိတ်ကူးနှင့် ...

"ဆောင်း လာသွားတယ် .. တောင်းပန်သွားတယ်လို့ ပြောပေး အန်တီရယ်နော် .."

"ဘာဖြစ်လို့လဲ သမီး .."

"ဘာမှမဖြစ်ပါဘူး .. ဒါပေမယ့် သူငယ်ချင်းတွေက အဝေး ရောက်လာပြီး ဆောင်း ဆီကို တကူးတက လာလည်ကြတယ် ဆောင်း ကတော့ ဘာမှ ပြန်ပြီး ဧည့်ဝတ်မကျေနိုင်ခဲ့ဘူး၊ ခုလည်





ဆည်းဆာ မပြန်ခင်များ ဆောင်း က ခရီးထပ်သွားရဦးမလား မသိပါ ဘူး .."

ဆည်းဆာ ရဲ့ အဒေါ်ဝမ်းကွဲ ဒေါ်ရီရီ က ကိုင်လာသည့် စားပွဲတင် အလှပန်းအိုးလေးကို ဆက်တီခုံပေါ်မှာ သေချာသွားချထားလိုက်ပြီးမှ ဆောင်း ကို ပြုံးပြ၍ ...

"လူတိုင်းမှာ လှုပ်ရှားသွားလာစရာတွေ အမြဲတမ်း ရှိနေကြတာပဲ ကွယ် ..၊ လူဖြစ်လာတည်းကိုက သံသရာမှာ ကျင်လည်ဖို့၊ ဒါက ရှန်း ဘန် ကြိုးစားခြင်းပဲလေ .."

ဒေါ်ရီရီ က တရားသမားပီပီ ဘာစကားလေးပြောပြော ဘုရားသံ တရားသံလေးနဲ့သာ ..။

"ဆည်းဆာ တို့နှစ်ယောက် တိုင်ပင်ချိန်းဆိုထားတာ မဟုတ်ဘဲ ရောက်လာကြတယ်၊ အရေးတကြီးအလုပ်တွေနဲ့ မဟုတ်ပေမယ့် လုပ် ဆောင်စရာ တစ်မျိုးစီနဲ့ လာကြတာ၊ သမီးဆီကို လာလည်ကြတယ်၊ ပြန်ဖို့ စီစဉ်ရတယ်၊ အဲဒါတွေကလည်း သူတို့အကြောင်းကိစ္စတွေနဲ့ သူတို့ပါ၊ သမီးက တမင်တကာ မခေါ်ပြော မဆက်သွယ်ချင်လို့ ရှောင် နေတာမှ မဟုတ်ဘဲ .. ဘာမှ စိတ်မကောင်းမဖြစ်နဲ့ .."

"ဟုတ်တော့ ဟုတ်ပါတယ် .. ဒါပေမယ့် ဆောင်း ဧည့်ဝတ်မကျေ သိုက်သလိုကြီး ဖြစ်သွားတာတော့ စိတ်မကောင်းဘူး .."

"အေးပေါ့ .. သမီးတို့က အရမ်းကို သံယောဇဉ်ကြီးခဲ့ကြတာကိုး၊ ဆိုင်ပါဦး သမီးရယ် .. ရောက်လာမှတော့ အအေးလေးဖြစ်ဖြစ် သောက် သွားပါဦး .."

"မသောက်တော့ဘူး အန်တီ .. ဟို .."

"ဩော် .. ဒီအိမ်မှာ အန်တီတစ်ယောက်ပဲရှိလို့ သမီးကို လုပ်ကိုင် ပေးနေမှာ စိုးလို့လား၊ အအေးကို ရေခဲသေတ္တာထဲကနေ ထုတ်ပေးတာရုံ ပဲ .. ဘာမှလုပ်ရမှာ မဟုတ်ဘူး ..၊ အန်တီက အိမ်ရှင်လေ .."



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပါဦးဆိုမှတော့ မထိုင်လို့လည်း မကောင်း ..။

ဒေါ်ရီရီ က သားလူပျိုနှစ်ယောက် ရှိပေမယ့် နိုင်ငံခြားမှာမို့ အိမ်မှာတော့ သူမတစ်ယောက်တည်းပဲ နေသည်။ သားတွေ ပို့သည့်ငွေနှင့် တက္ကစီတွေ ထောင်ထားသဖြင့် တစ်ယောက်တည်းအတွက် စီးပွားရေးက ပြည့်စုံ ပိုလျှံ၏။

ဆည်းဆာ တို့အမေနဲ့ ညီအစ်မဝမ်းကွဲတွေဖြစ်ကာ နယ်ကနေ သင်တန်းတက်ဖို့၊ ကျောင်းတက်ဖို့ ဘယ်ဆွေမျိုးပဲလာလာ ဒေါ်ရီရီ့ အိမ်မှာ နေကြတာပဲ များသည်။

ဒါတွေကို ဆည်းဆာ ပြောပြခဲ့တာပါ။ ဆောင်း ကတော့ အားလုံးနဲ့ ရင်းနှီးပေမယ့် စားအိမ်သောက်အိမ်လိုမျိုးတော့ မနေခဲ့ဖူးသဖြင့် ဒေါ်ရီရီ အအေးဘူးလေး ကိုင်ထွက်လာတာကိုပဲ အားနာနာနဲ့ ထယူလိုက်ရ၏။

တကယ်ဆို ကိုယ့်ဘာသာပဲ ထယူလိုက်ရမယ့်ဟာကို ..၊

"သမီးက အိမ်ထောင်ကျသွားပြီဆိုတော့ အဆင်ပြေကြရဲ့လား.."

"အဲ .. ဟုတ် .. ပြေတော့ ပြေပါတယ်"

ဆောင်း က အအေးဘူးကို ဖွင့်လိုက်ပြီးမှ ပန်းကန်ပြားလေးပေါ် ပြန်တင်ထားလိုက်ကာ ...

"အိမ်ထောင်ရေးလို့ ပြောရင်တော့ အဆင်ပြေပါတယ် အန်တီရယ် .. ဒါပေမယ့် .."

စကားရပ်သွားပေမယ့် ဒေါ်ရီရီ က ဘာမှဝင်မမေးဘဲ တိတ်ဆိတ်စွာပဲ နားစွင့်နေ၏။

"အန်တီ .."

"ဟင် .."

"အန်တီက တရားသမားဆိုတော့ ဆောင်း မသိတာတွေကို ဖြေပေးနိုင်မလားဟင် .."





"ဟင်!..."

လူငယ်တစ်ယောက်က တရားအကြောင်း ဆွေးနွေးချင်သည့် ပုံစံမျိုး စပြောလာသဖြင့် ဒေါ်ရီရီ အံ့ဩသလို ဖြစ်ပြီးမှ ဖော်ရွေပျူငှာသည့်အပြုံးနှင့် ခေါင်းညိတ်၍ ...

"အန်တီ သိသလောက်တော့ ဖြေပေးမှာပေါ့ သမီးရဲ့.. မေးလေ.."

ဆောင်း က အားတက်သရော ဖြစ်သွားသလို ကိုယ်လေးရို့၍ ရာပြင်လိုက်သေးသည်။ ပြီးမှ ...

"သရဲတစ္ဆေဆိုတာ တကယ် ရှိသလားဟင် .."

"ဟင်!..."

မေးလာတာက မျှော်လင့်ထားသည့်မေးခွန်း မဟုတ်တော့ ဒေါ်ရီရီ တစ်ချက် ကြောင်သွား၏။ ဒါပေမယ့် ဒီမေးခွန်းနဲ့ပတ်သက်သော နောက်ဆက်တွဲ အကြောင်းတစ်စုံတရာကြောင့် ဆောင်း စိတ်ရှုပ်ထွေးနေပုံရှိတာကို အကဲခတ်မိကာ ...

"အဲဒါတွေက ဘယ်လိုပြောရမလဲ သမီးရယ် .. တန်ခိုးဗျာဒိတ်ကြီးတဲ့ပုဂ္ဂိုလ်တွေကတော့ ရှိတယ်မရှိဘူးဆိုတဲ့ အဖြေအမိန့်ကို သာမကပြီး ဟောပြနိုင်မှာပေါ့၊ ပုထုဇဉ်အတွက်ကျတော့ ယုံကြည်တဲ့လူက ရှိတယ်လို့ ပြောရင်လည်း ဘယ်မှာလဲ မေးရင် လက်တွေ့မပြနိုင်ဘာ .."

"အဲဒီတော့ ဘယ်လို သတ်မှတ်ရမှာလဲဟင် .."

"ရှိတယ်လို့ ယုံကြည်တဲ့လူက ရှိနေတဲ့အဖြစ်နောက်ကို လိုက်ချင်တယ်၊ မရှိပါဘူးလို့ ယုံတဲ့သူကလည်း မရှိတဲ့အကြောင်း လက်တွေ့သက်သေမပြနိုင်တာကို ရအောင် ပြောမှာပဲ .."

"ဆောင်း တို့ လူကြီးတွေပြောပြခဲ့ဖူးတာတော့ ဖုတ် ပြိတ္တာ သရဲတစ္ဆေတွေဆိုတာ မမြင်အပ်တဲ့နေရာတွေမှာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ရှိနေကြတယ်တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို သမီး ယုံကြည်သလား .."

"ဆောင်း က ယုံကြည်တယ်ဆိုရင် ခေတ်လူငယ်တစ်ယောက် ဒါတွေကို ယုံရသလားလို့ ကဲ့ရဲ့ကြမှာ ..၊ ဒါပေမယ့် ဆောင်း သူတို့ မြင်နေရတယ်လို့ ခံစားမိနေတယ် အန်တီ .."

ဒေါ်ရီရီ က ကဲ့ရဲ့ ပြင်းဆန်သည့် အမူအရာ လုံးဝမရှိဘဲ တည်ငြိမ် သည့် မျက်ဝန်းတို့နှင့် ဆောင်း ကို ကြည့်၍ ခေါင်းညိတ်သည်။

"ဒါဆို သမီးက ယုံကြည်တယ်ပေါ့ .."

"ယုံကြည်တဲ့အထိ ဆောင်း ကိုယ် ဆောင်း သေချာချင်လို့ ဆောင်း ရဲ့ယောက်ျားနဲ့ ဒီကိစ္စကြောင့် စပြီး သဘောထားကွဲလွဲသည် ဖြစ်နေခဲ့တာ ခုချိန်ထိပဲ .."

"ဟုတ်လား .."

"ဟုတ်တယ် အန်တီ .. အစတုန်းက ဆောင်း လည်း ဒီလိုမဟုတ် ဘူး၊ သူနဲ့ ပတ်သက်မိမှပါ .."

"ဟင်!... ဘယ်လိုမျိုးလဲ ပြောပြပါဦး .."

ဆောင်း က သူမ ကြုံတွေ့ မြင်မက်နေသမျှကို လိုအပ်သ အားလုံး ပြောပြလိုက်ကာ ...

"သူက အတုလုပ် ဖန်ဆင်းပြီး အနုပညာရိုက်ချက်နဲ့ အောင်မြင် ကြိုးစားနေတာ၊ ဒါပေမယ့် ဆောင်း က အစစ်တွေကို မြင်နေတာ

ဒါကိုလည်း ဒေါ်ရီရီ က အလေးအနက်ပဲ နားထောင်နေ ဆောင်း ကျေနပ်သွားမိကာ ...

"ဆောင်း မြင်နေတာတွေက အစစ်တွေမို့လား .. ဟင်၊ အိပ်မက် ထဲမှာ မြင်ခဲ့တာတွေကလည်း .."

ဘာဆက်ပြောရမှန်း မသိတော့သဖြင့် ဒေါ်ရီရီ ကိုပဲ ငေးကြည့် မိ၏။

"တကယ်တော့ ပရလောကဆိုတာ တကယ်ရှိတယ် သမီး.. သ





ကြားဖူးခဲ့တဲ့ လူကြီးသူမ စကားတွေက မပယ်သင့်တဲ့စကားတွေပါ၊ ဆက်ရှိသတ္တဝါတွေ သေကုန်ရင် ဘယ်ရောက်ကုန်ကြသလဲ တွေးကြည့် ... ဒီမှာ ခန္ဓာချုပ်တာနဲ့ နောက် ရှင်သန်ရမယ့် ခန္ဓာတစ်ခုမှာ ချင်း မိုတွယ်သွားနိုင်ကြသလား ..၊ ဒါတွေကို ရှင်းရမယ်ဆိုရင် တွေ့ကျတာ မပါတဲ့အတွက် တော်တော်ခက်တယ် .."

"ဟုတ်တယ် အန်တီ .. ဆောင်း စိတ်ထဲမှာ သိမြင် ခံစားနေရတာ ကို ဘာမှလည်း လက်တွေ့မပြနိုင်တော့ သူ ပြက်ရယ်ပြုသမျှ လိုမှ နေရတယ် .."

"ပြက်ရယ်ပြုတာလည်း ဘယ်ဟုတ်မလဲကွယ်.. မီးကို ရေက နိုင် ယ်၊ ရေကို လေက နိုင်တယ်မို့လား.. လောကမှာ ဖြစ်လာရင် ပျက် အပြုသဘောပါလာတာနဲ့ အဖျက်ဆိုတာ ရှိလာတာပဲ၊ ကိုယ် ယုံ ကြည်တာကို သူမှ မယုံတာ၊ ပြီးတော့ သမီးတို့က သူငယ်ချင်းချင်း ထပ်ခဲ့တာဆို .."

"ဟုတ်ကဲ့ .."

"ရင်းနှီးလွန်းရင်လည်း စကားအများဆိုတာ ရှိတတ်တယ် သမီး ..အဓိကမကျတဲ့ အကြောင်းကိစ္စတစ်ခုနဲ့တော့ ကိုယ့်အိမ်ထောင်ရေး လောက်အောင် အုံဖွဲ့မနေပါနဲ့ .."

"ဆောင်း နားတော့လည်ပါတယ် .. ဒါပေမယ့် သူ့အပြုံးတွေကို လိုက်ရင် သဘောထားကြီးလို့ မရတော့ဘူး"

ဒေါ်ရီရီ က ဆောင်း ကို ချစ်စနိုးအပြုံးနှင့် ကြည့်နေ၏။

"ဒါဆိုရင် ဆောင်း ကို တစ်ခုတော့ ပြောပြပါလားဟင် .. အစက မဖြစ်ခဲ့ဘဲနဲ့ သူ အဲ့ဒီအလုပ်တွေ လုပ်ကာမှ ဆောင်း ဒါတွေ ရတာ ဘာဖြစ်လို့လဲ ..၊ သူက လုပ်နေတာကို ဆောင်း ကမြဲ ဘာရော .. အဲဒါ ဘာဖြစ်တာလဲ .."

"သူက စီးပွားရေးတစ်ခု ဒါမှမဟုတ် ဝါသနာပါလို့ ဖြစ်မှာပါ၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာဆိုတာမှာလည်း ပရလောကကို စိတ်ဝင်စားတာ မဟုတ်ဘဲ သူများထက် ထူးခြားတာကို လုပ်ပြချင်တာမျိုးပေါ့ ..''

''ဟုတ်တယ် .. ဟုတ်တယ် .. သူက သူ့ရဲ့သရုပ်ဆောင်မှု လူသေကောင်နဲ့တူအောင် .. သရဲခြောက်မယ်ဆို တကယ် ကြောက် ကောင်းအောင် .. သူ စိတ်ဝင်စားတာ အဲ့ဒါပဲ၊ အန်တီ ပြောတာ မှန် တယ် သိလား ..၊ ဒီလောကအကြောင်းကို လုံးဝ အလေးအနက် တွေး တာ မဟုတ်ဘူး .. ဒါပေမယ့် ..''

ဆောင်း အားတက်သရော ပြောနေပြီးမှ တုံ့ဆိုင်းသွားကာ –

''ဆောင်း က ဆိုရင် ဘယ်တုန်းကမှကို စိတ်ထဲမှာတောင် မရှိ ဘူးလေ ..၊ အဲ့ဒါ ဆောင်း က ..''

''သမီးနဲ့ပဲ ပဋ္ဌာန်းဆက်ရှိကြလို့ပေါ့ ..''

''ရှင်!... အန်တီ ဘာပြောလိုက်တာလဲဟင် ..''

ထိတ်လန့်သလိုဖြစ်သွားသည့် မျက်နှာလေးကို ဒေါ်ရီရီ က ကြည့် ၍ ...

''သမီးနဲ့ သမီးမြင်နေရတဲ့သူတွေက ဘဝခြားနေပေမယ့် အတိတ်ဝေးဝေးမှာတည်းက ပဋ္ဌာန်းဆက်တွေ ရှိခဲ့ကြရင် သမီးကိုတော့ သူတို့က မြင်အောင် ပြနိုင်ကြမှာပဲလေ ..''

''အဲ့ .. အဲ့ဒါက ဘာဖြစ်လို့ ပြကြတာလဲ .. ဟင် ..၊ သရဲခြောက် တာပဲ မဟုတ်ဘူးလား ..''

''အမျိုးမျိုးရှိကြမှာပေါ့ သမီးရယ် .. တချို့ကျတော့ လူ့ဘဝ မလုပ်နိုင်ခဲ့တာ၊ မပြီးပြတ်ခဲ့တာ အဲ့ဒါတွေကို စွဲလမ်းပြီး မကျွတ်လွတ် နိုင်ကြဘူး၊ ဒါကို လုပ်ပေးစေချင်တော့ လူတွေကို အကူအညီတောင်း ကြိုးစားကြမယ်၊ သူတို့က ကြိုးစား .. လူတိုင်းက မမြင် .. မြင်လို့ ရတဲ့လူကျတော့ သရဲခြောက်တယ်ထင်ပြီး ဝေးဝေးရှောင်နေကြတယ်

''သြော် ..''





''ဒါပေမယ့် အဖြစ်အပျက်တိုင်း ဒီလိုချည်းပဲတော့ မဟုတ်ဘူး ..တယ် .. အန်တီ သိထားတဲ့အတိုင်း ပြောရရင် တချို့ဝိညာဉ်တွေ ..တော့ သူတို့ဖြစ်နေတဲ့ဘဝမှာပဲ ပျော်နေကြတယ်တဲ့၊ တချို့ကျတော့ ..န်းဆင်းရဲပြီး ကျွတ်လွတ်ချင်တော့ ခုနကလို ကြိုးစားကြတာပေါ့''

''ဒါဆိုရင် ဆောင်း မြင်ရတဲ့လူတွေက .. အဲ .. ဝိညာဉ်တွေလား ..ရဲတွေလား .. သူတို့က ဆောင်း ကို တစ်ခုခု ပြောချင်နေကြတာပေါ့.. ..တ်လား ..''

''ဖြစ်နိုင်တာတွေတော့ အန်တီ ပြောပြတာပဲလေ .. သမီး စိတ်ထဲ .. ယုံကြည်တာ မယုံကြည်တာ အသာထားပြီး အစွဲအလမ်းတစ်ခု ..လာအောင် မမွေးမြူပါနဲ့ ..၊ နောက်ထပ် ကြုံလာရရင်လည်း ကိုယ့် ..် ကစဉ့်ကလျားဖြစ်အောင် ကြောက်လန့်မသွားဖို့ ထိန်းချုပ်ပါ၊ ..တို့က လူကို ဘာမှ ဒုက္ခမပေးနိုင်ဘူးဆိုတာ ယုံကြည်ပြီး စိတ်ကို ..ချမ်းအောင် မွေးမြူဖို့ လိုတယ် ..၊ ကိုယ်က သွေးရူးသွေးတန်းဖြစ် ..တော့ သမီး ပြောတာကို ဘယ်သူက ယုံမှာလဲ ..''

မထိတ်လန့်ဖို့ဆိုတာ ပြောသလောက်တော့ မလွယ်ဘူး ထင်သည်။

''လူငယ်တွေက စွဲနေကြတာ ပထမအရွယ်မှာ ပညာရှာမယ် .. ..ယအရွယ်မှာ ဥစ္စာ ရှာမယ် .. တတိယအရွယ်ကျမှ ဘုရားသွား ..င်းတက်အရွယ်ဆိုပြီးတော့ တကယ်တော့ အနိစ္စသဘောကို နား ..ည်ကြတာ သမီးရဲ့ ..၊ ဒီအရွယ်သုံးပါးစလုံးကို ကျော်လွှားနိုင်မယ် ..ဘယ်သူ အာမခံနိုင်သလဲ ..၊ ဘုရား ကြည်ညိုတာ .. တရားဘာဝနာ ..းတာကို အရွယ်သုံးပါး ရွေးနေရမှာ မဟုတ်ဘူး ..''

ဒေါ်ရီရီ ထံမှ ဆုံးမစကားတွေ ပါလာပါပြီ။ ဒါပေမယ့် သူမကိုယ် ..ည်း အချိန်ရပုံ မပေါ်ပါ။ နာရီ တစ်ချက် မော့ကြည့်ပြီးမှ ...

''တရားထိုင်တဲ့အကျင့် .. ပုတီးစိပ်တာဖြစ်ဖြစ် .. ပေါ့ပါးတဲ့ ..န်လေးတွေကစပြီး ကျင့်ကြံကြည့်ပါ သမီးရယ် .. သမီးရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ပွလောင်မှုတွေ တစစ လျော့ပါးလာပါလိမ့်မယ်၊ ဘုရား ဟောကြားထား
တဲ့ တရားတော်ကို ယုံယုံကြည်ကြည် ကျင့်ကြံနိုင်မှ ဘုရားရှင်ကို ...
ကြည်မယ်.. ဘုရားတရားမှာ သက်ဝင်လာတာနဲ့ အခု သမီး ကြော...
နေတာတွေက ဘာမှမဟုတ်တော့ဘဲ ဖြစ်သွားလိမ့်မယ် .. လုပ်ကြည့်
လိုက်ပါ''

"ဟုတ်ကဲ့ ဆောင်း လုပ်ပါ့မယ် အန်ဇီ .."

"အဲဒီအခါမှာ သူတို့က ကြောက်စရာမဟုတ်ဘဲ သနားစရာ...
ပါလားလို့တောင် သမီး မြင်တတ်လာဦးမှာ .."

ဆောင်း မျက်နှာလေး ပြုံးကြည်သွားသည်။ ဒေါ်ရီရီ ကလည်း
နာရီတကြည့်ကြည့်နှင့် ဆည်းဆာ ကို မျှော်၏။

ဒီနေ့ ဒီအိမ်ကို ရောက်လာခဲ့ရသည့်အတွက် ဆောင်း ကျေး...
ကျေနပ်လေသည်။





## အခန်း (၂၅)

"သူတို့ ဖြစ်တော့ ဖြစ်နေသားပဲ လွင် ရယ် .."

"ဘာဖြစ်တာလဲ .."

"ဩော် .. ဘယ်တုန်းကမှ မတည့်ခဲ့ကြတာကို အခု လက်ထပ်
...ိုက်တော့လည်း အဆင်ပြေပြေ ဖြစ်နေကြတာပဲ၊ ငါတို့ကိုက လောဘ
...ကြီးနေမိတာပါ .. လက်ထပ်တာလည်း ကြာမှ မကြာသေးတာ၊ သည်းခံ
...ိုက်ပါဟာ .."

"ငါက သည်းခံနိုင်တယ် .. အခုကို ရမှ ဖြစ်မယ်လို့လည်း တောင့်
...နေတာ မဟုတ်ဘူး၊ ဒါပေမယ့် ငါတို့ မြေးချီရဖို့က ဘယ်လိုမှကို
...ော်လင့်ချက် မရှိသေးတာ နင် စဉ်းစားကြည့် ..၊ ငါ ပြောပြီးပါပကော
...တို့က ခုထိ .. ကျွတ်!..."

လူကြီးချင်းပေမယ့် ကိုယ့်အသက်အရွယ်တွေနဲ့ မပြောအပ်တဲ့
...ား ဆိုတော့လည်း ရှေ့မဆက်နိုင် ..၊ ဒေါ်ချစ်ဖူး ကလည်း နားလည်
...ည့်အကြည့်တို့နှင့် ဒေါ်ပပလွင် လက်ကို အားပေးသလို ဆုပ်ကိုင်ရှ...

"စောပါသေးတယ်ဟာ .. နင်ကလည်း၊ အခု သူတို့ ခရီးထွက်
...ကြပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ထွက်တော့ ဘာဖြစ်လဲ .."

"နှစ်ယောက်တည်းဖြစ်သွားကြရင် ပိုကြင်နာမယ်လေ .. ပြီးတော့ နီးစပ်လွယ်တယ်၊ ဆောင်း က လုံးဝ စိတ်ပင်ပန်းခံတာ မဟုတ်ဘူး .. စာကျက်နေရတုန်းကလည်း စာကျက်တာများရင် ဖျားရော .. သင်တန်း တွေ စုပြုံမတက်ဖို့လည်း အဲ့ဒါကြောင့် လိုက်တားနေရတာပေါ့၊ အ ကစားတွေ ဝါသနာပါလို့ ဟိုဝင်ပါ ဒီဝင်ပါ .. ဘယ်မှမရောက်လိုက် ထရိန်နင်အဆင့်မှာပဲ လူမမာ ဖြစ်ဖြစ်သွားလို့ နားခဲ့ရတာတွေလေ .."

ဒေါ်ချစ်ဖူး ဘာကို ပြောချင်မှန်း မသိပေမယ့် ဒေါ်ပပလွင် က ငြိမ်သက်စွာ နားထောင်နေ၏။

"ဆောင်း ကို အခု တောရွာလေးကို ခေါ်သွားတာ ငါ သိရက် မတားခဲ့တာ နင် သိလား ..၊ သူတို့နှစ်ယောက်တည်း နေကြပါစေဆို တော့ တမင် လွှတ်ပေးလိုက်တာ .."

"ဟုတ်တယ် .. ဆောင်း က သိပ်မလိုက်ချင်ဘူး၊ သွားမယ့်ည တောင် စကားများနေကြသေးတယ်၊ ဒါပေမယ့် သားက သမီး အလျှော့ပေးပါတယ် ချစ်ဖူး ရဲ့ .. ဟိုမှာလည်း အလိုလိုက်မှာပါ၊ အ ဟာက သူ့အလုပ်အတွက် သွားတာဆိုတော့ ပိုပြီးတောင် ဂရုစိုက်ဦးမှာ စိတ်ပူနေလို့လား .. ဟင် .."

"ဩော် .. မဟုတ်ပါဘူး လွင် ရယ် .. အိမ်မှာရှိနေကြရင် ဒီအိမ် မပျော်တာနဲ့ ဟိုအိမ် ပြေးလာမှာလေ၊ တစ်နယ်တစ်ကျေးမှာဆိုတော့ ရန်ဖြစ်လိုက် .. ပြန်တည့်လိုက်နဲ့ ဒီလိုနဲ့ နီးစပ်သွားကြမှာမို့လား .. ငါလည်း ကလေးတွေကို ကြင်ကြင်နာနာ ရှိစေချင်တာပါပဲဟယ် .."

"မြေး လိုချင်တဲ့စိတ်ရော .. ငါ့လောက် ရှိရဲ့လား .."

"ဘာလို့ မရှိရမှာလဲ .. ငါတို့က တစ်ဦးတည်းသော သားသမီး လေးတွေပါ လွင် ရဲ့ .. ကလေး ငယ်ငယ်နှောင်းနှောင်း ကွိစိကွစ တွေနဲ့ ဝေးခဲ့ရတာ ဘယ်လောက်ကြာပြီလဲ၊ အထီးကျန်ဆန်နေခဲ့ကြ





တွေပါပဲ၊ ငါ့အစ်မသမီးပေမယ့် ငါ့ဝမ်းနဲ့ လွယ်ရသလို တယုတယ ပိုက်ပြုစုလာခဲ့တာ နင် သိပါတယ် .."

"သိပါတယ် ချစ်ဖူး ရယ် .. ငါကိုက စိတ်တွေ များနေတာပါ၊ တစ်ခါတစ်ခါ စိတ်ကူးမိသေးတယ် .."

"ဘာလဲ .."

"သူတို့သွားတဲ့နောက် လိုက်နေပြီး နီးစပ်အောင် လုပ်ပေးချင်နေ တာ .."

"လွင် ရယ်.. မျက်စိအောက်မှာတောင် ဘာမှမတတ်နိုင်လို့ ကြည့် နေရတဲ့ဟာ .. သူတို့ချင်း မေတ္တာသက်ဝင်မှ ဖြစ်မှာ၊ ဘာလုပ်ယူလို့ ရမှာလဲ .. နှစ်ယောက်တည်း အခန်းတံခါးပိတ် ထည့်ထားလည်း ဘာမှ ထူးခြားလာမှာ မဟုတ်ဘူး .."

"လမ်းဆုံးပြီပေါ့ .."

"သူတို့ချင်း မျက်လုံးချင်းဆုံပြီး ရင်ခုန်ဖို့က ခက်မှာလေ.. သူငယ် ချင်းတွေ ဖြစ်နေတာကိုး ..၊ နှစ်ယောက်တည်းပဲရှိရှိ .. တစ်ဖွဲ့လိုက်ရှိရှိ နှစ်ယောက်စလုံး တစ်ယောက်ယောက်က မပြောင်းလဲသရွေ့ အားအား ရန်ဖြစ်နေကြမှာပဲ .."

"ချစ်ဖူး .. နင် ငါ့ကို အားပေးနေတာလား .. ဆွဲချနေတာလား.."

ဒေါ်ချစ်ဖူး က ပင့်သက်လေးရှိုက်၍ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ကာ ...

"မဟုတ်ပါဘူး .. တစ်ယောက်ကစပြီး ဖောက်ပြန်မယ်၊ မရိုးသား တာတွေ ဖြစ်လာမယ်ဆိုရင်တော့ .."

"သိပြီ .."

ဒေါ်ပပလွင် က အားပါးတရ ဖြတ်ပြောလိုက်ပြီး စိတ်ထဲမှာ ကြိတ် ခဲလိုက်သည့်မျက်နှာမျိုးနှင့် ...

"ငါ အကြံရပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ပြောဦးလေ .."

"ဒါ .. ငါ့သားက နေစိမ့်တဲ့ကိစ္စ .. သူ့ကိုပဲ ကျပ်ပေးဖို့လိုတာ"

"အေးပါ .. ဘယ်လို ကျပ်ပေးမှာလဲ .. ပြောပါဦး"

"ကိုယ့်အိမ်ထောင်ရေးကို ဒီတိုင်း ဆားမပါတဲ့ဟင်းကြီးလို ဆ... သွားနေဦးမယ်ဆိုရင် နောင်တရသွားလိမ့်မယ်လို့ ပထမ သတိပေးလို... မယ် .."

"အဲဒီနောက်ရော .."

"ငါ မြေးချီရဖို့မှ ဒီအတိုင်း မျှော်လင့်ချက်မရှိနိုင်သေးရင် ဆော... ကို ဖန်ပြွန်သန္ဓေသားယူတဲ့ နည်းနဲ့ .."

"အမလေးနော် .. ဒုက္ခပါပဲ .."

"အံမာ .. ပြောတာလေးတောင်မှ သူ့သမီးကျတော့ ကြည့် .."

"မကြည့်ပါနဲ့ ပြောလိုက်ပါ .. ပြောလိုက်ပါ .. ဟား .. ဟား .. ဟား ..."

အမေနှစ်ယောက် ခေါင်းချင်းဆိုင်၍ ရှက်ရှက်နှင့် ရယ်နေကြ... မပြီးနိုင် ..။

ဟိုနှစ်ယောက်ကတော့ ဘာမှ မသိ ..။





## အခန်း (၂၆)

"ချန်း .. ငါ ပြန်တော့မယ် .."

"အင်း .. ပြန်လေ .. ခဏနေဦး .. ငါ လိုက်ပို့မယ် .."

"နေပါစေ .. ငါ တစ်ယောက်တည်းပဲ ဖြည်းဖြည်း လျှောက်သွား...ယ် .."

ဆောင်း က ချန်း အလုပ်ရှုပ်နေတာကို ခဏ ရပ်ကြည့်ပြီး တစ်...ာက်တည်းပဲ လှည့်ထွက်သွား၏။

"ဆောင်း .. နေဦးလေ .. ဘယ်လိုဖြစ်တာလဲ .."

"ပြန်ချင်လို့ပါဆိုမှ .."

"အေးလေ .. ဆယ့်ငါးမိနစ်လောက်ပဲ စောင့်ပါဆိုတာ .. ပြန်ချင်...ာလည်း ဇွတ်ကြီး .."

"ဟုတ်တယ် .. ငါ အဲဒီလောက် လူတွေအများကြီးနဲ့ မနေချင်... .."

ဆောင်း က ရပ်မနေဘဲ အိမ်ကြီးကနေ အပြင်ကို လျှောက်ထွ...သွားသည်။ ချန်း က ဓာတ်ညွှန်းကို ကိုင်လျက်သားနှင့် ဘေး... ပါ...ာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သူငယ်ချင်းတွေ ရောက်နေလို့ပါ .. သူတို့ ပြန်သွားရင် လူတွေအတိုင်းပဲ ကျန်တော့မှာ ..၊ နောက်တစ်ဆင်းနဲ့လောက် ရိုက် အောင် စောင့်ပါဦး .. ငါက နင့်ကို စောင့်ခိုင်းချင်လို့ မဟုတ်ဘူး။ ဓာတ်လမ်းကို ကြည့်စေချင်လို့ .."

"ပြီးသွားမှ ကြည့်လည်း ရတာပဲ ရှာန်း ရယ် .. ငါ ခေါင်း နောက်လာပြီ .."

အလုပ်အပေါ်မှာ ဆောင်း စိတ်ဝင်တစား ဖြစ်လာအောင် တကူးတက စည်းရုံးနေရအောင်တော့ အချိန်မပေးနိုင်သေးပါ။ ဒါ မယ့် စိတ်ဝင်စားစေချင်သည်။

ခုချိန်ထိတော့ ဘာတစ်ခုမှ ထူးခြားမလာခဲ့သေးပေ။ တကယ် မိန်းကလေးဖြစ်တဲ့သူက သရဲတစ္ဆေတွေဆိုတာကို ပိုပြီး စိတ်ဝင်စားရမည်

ခုမှ ထုတ်လုပ်ဖြန့်ချိရေး လုပ်ကြမှာမို့ ဒီအလုပ်အပေါ်မှာ စ ချင်တာ၊ တိုးတက်ဖို့ ကြိုးစားချင်တာတွေ သူ့ထက် ပို၍ လောဘ ရှိနေရမည်။ ထို့ပြင် ...

လက်ထပ်ပြီးတာနှင့် စီးပွားရေးတစ်ခု ထူထောင်ပိုင်ဆိုင်ခွင့် လိုက်တာမှာ မိန်းမဖြစ်သည့် သူမကသာ ကိုယ့်ခြေကိုယ့်လက် ဖြစ် နေရမှာ မဟုတ်ဘူးလား ..။

ခုတော့ .. ဆောင်း ဘယ်လိုအတွေးတွေနဲ့ ဘာဖြစ်ချင်နေမှ သူ နားကို မလည်တော့ပေ။

သူ လည်ပင်းပွတ်ရင်း တစ်လှမ်းချင်း လျှောက်လာတာကို စိုက်ကြည့်နေကြသည့် မူးကင်လုံးတွေက သူ့ဆီကနေ တစ်ယောက် တစ်ယောက် ပြန်ကြည့်ပြီး နှုတ်ခမ်းတွေ တွန့် ..၊ မျက်ခုံးပင့်ကုန် လျက် ...

"ဘယ်လိုဖြစ်လာတာလဲ .. တဖားဖားနဲ့ ပြေးလိုက်သွားပြီးတော့"

"အေးလေ .. စစ်ရှုံးလာတဲ့ စစ်သူကြီးကျနေတာပဲ၊ ကြည့်ရတာ





ဆောင်း နဲ့ မင်း ဒီအလုပ်အတွက် ဘဲလန့်စ် ဖြစ်ပုံမရဘူး .."

"သူနဲ့ငါ ဘယ်နေရာမှာကို ဘဲလန့်စ် မဖြစ်ဘူး .. တကယ် ညစ် တယ် .."

သူငယ်ချင်းတစ်ယောက် လက်ထဲကို ဓာတ်ညွှန်းမိတ္တူတွေ ထိုး ည့်ပစ်ခဲ့ပြီး အထဲကို လှမ်းကြည့်ကာ ...

"နောက်တစ်ဆင်းနဲ့က အထဲမှာနော် .. မီးထိုး မှန်ထိုး ချိန်ထား ယ်၊ မင်းသမီးက ခုနက အဝတ်စားတိုင်းပဲ .."

အထဲကို အနည်းငယ် လှမ်းဝင်သွားပြီး သေချာမှ ပြန်ထွက်လာ တာ ...

"မင်းတို့က ချက်ချင်းကြီး ရောက်လာပြီး ဝန်းပြန်မှာလား ..၊ ဒီမှာ လူတွေလည်း စောင့်တယ်.. တစ်ညလောက် အိပ်လိုက်ရင် ပြီး ရော ..၊ တစ်အိမ်လုံးလည်း အကျယ်ကြီးပဲ .."

"မအိပ်တော့ပါဘူးကွာ .. မင်း ကျွေးမယ့် ရှုတင်ထမင်းဟင်းတွေ ကိုလည်း စိတ်ဝင်စားပေမယ့် အချိန်မရလို့ နောက်မှပဲ .."

"အဟွန်း .. ငါတို့က ခုပဲ ပြောနေတာ .. ကျောင်းပြီးတာလည်း ကြာပြီ၊ ငါတို့နှစ်ယောက်က ဝါသနာပါတာလေးတွေ လိုက်စားပြီး သောင်ခြောက်ဆယ် .. ခုနစ်ဆယ် .. ရှစ်ဆယ်ဖြစ်လို့ ကောင်းတုန်း၊ မင်းက ကိုယ့်ဝါသနာနဲ့ ကိုယ် စီးပွားရေးမျက်နှာစာ အကြီးကြီး ဖွင့် လိုက်နိုင်ပြီ .. အားကျတယ်ကွာ .."

"မင်း တစ်ခုတော့ အဆင်မပြေဘူးမို့လား ..၊ ဆောင်း နဲ့လေ.."

တစ်ယောက်တစ်လှည့်စီ မေးခွန်းတွေ ထွက်လာကြကာ နောက် ဆုံးကျတော့ ဆောင်း နာမည် ပါလာခဲ့၏။ ဆောင်း ကို သူငယ်ချင်းလို့ သတ်မှတ်နိုင်ပေမယ့် အတူတူ ကျောင်းတက်ခဲ့ကြတာမို့ ခင်ခင်မင်မင် တော့ ပြောဖူးဆိုဖူး ရှိခဲ့ကြ၏။

ဒါကြောင့်လည်း အကြောင်းသိ ဓာတ်သိတွေလို့ ပြောရင်မမှား



www.burmeseclassic.com

www.burmeseclassic.com



နိုင် ..။ အမေးရှိတော့လည်း အဖြေရှိရမှာမို့ ချာန်း က ခေါင်းညိတ်ကာ

"ပြောရမယ်ဆို .. ဘာမှ မဟုတ်လောက်ဘူးလို့ ထင်ခဲ့တာတွေ ကြီးကြီးမားမားတွေ ထဖြစ်လာတာကွ .."

"ဘာတွေလဲ .. မင်း ဒီစီးပွားရေး ပရော့ဂျက်ကို သူက မကြိုက် ဖြစ်နေတာလား .."

"ဒါများကွာ .. နောက်တော့လည်း .."

"နေဦး .. နေဦး .. ဒီကောင် ဒါပဲ မဟုတ်လောက်ဘူး .."

နေဗလ နဲ့ အောင်ခင်ဆင့် က သူတို့ဘာသာ အမေးအဖြေ ဖြစ်နေကြလျက် ...

"ဆောင်း က အခု ပြန်တော့မယ်ဆိုတာ ဘယ်ကို ပြန်တာလဲ ဒီမှာ မအိပ်ဘူးလား .."

"သူက ဒီနားကအိမ်မှာ .."

"ဘာ ဒီနားကအိမ်လဲ.. ရွာက ဒီနဲ့ နှစ်မိုင်လောက် ဝေးတယ်ဆို"

"အဲလောက်တော့ မဝေးပါဘူး .. သူ စိတ်ချမ်းသာအောင်လို့ပါ ကွာ .. ဒီအိမ်မှာ သူ နေရင် မကြာဘူး ကွိုင်တက်မှာ .."

"ဘာဖြစ်လို့လဲ .."

ချာန်း က ဟိုအရင် သူ့ဝါသနာကို အစပျိုးနေစဉ်ကာလကစ၍ ပြောပြလိုက်ကာ ...

"အဲဒါကွာ .. ပြီးခဲ့တဲ့အခေါက် ရွာကို ရောက်လာတုန်းကလည်း အလန့်တကြားတွေ ထဖြစ်သေးတယ် .."

"ဒါဆို .. အဲဒီရွာမှာ ပိုပြီး မနေသင့်တာ မဟုတ်ဘူးလား၊ မင်းတို့ ဟာက မဟုတ်သေးပါဘူးကွာ .."

"သူ့ အခု ဖြစ်ချင်တာက ငါ အလုပ်လုပ်နေတဲ့နေရာမှာ မနေချင် တာ ဖြစ်မှာပါ .. အဲဒါကြောင့် သူ့စိတ်တိုင်းကျ နေခိုင်းလိုက်တာ .."

"ဒါဆို မင်းကတော့ ဒီမှာပဲ အိပ်တာပေါ့ .."





"အေးလေ .. ငါတို့က အစတည်းကလည်း အတူအိပ်ကြတာမှ ဟုတ်တာ .."

"ဟာ!... သေစမ်း .."

နေဗလ မျက်နှာ ရှုံ့မဲ့သွားခြင်းဖြင့် ရေရွတ်၏။ အောင်ခင်ဆင့် က ဘာမှမပြောဘဲ ပြုံးစိစိနှင့် ...

"ဒါကြောင့်လည်း ဒီကောင် ဒါရိုက်တာဖြစ်တာ .." လို့ ဆို၏။

"ဘာမှမဆိုင်ဘူး အောင်ခင် .. အနုပညာဆိုတာ စိတ်ကူးနဲ့ ထု ဆစ်ကြတာ၊ အိမ်ထောင်ရေးဆိုတာက ဘဝ .. လက်တွေ့ကျတာ ရင် ဆိုင်ရတာကိုလည်း ဘဝလို့ ခေါ်တယ်၊ အစီပွာယ်မရှိတာကို သွားပြီး စိတ်ကူးယဉ်ဆန်နေတာ .."

နေဗလ က မတ်တတ်ကနေ ပြောဆို စနောက်ပြီး လှည့်ပြန်ကြဖို့ ဘာ ဒေါ်တွေကန်ပြီး မဲ့ရွဲ့နေ၏။

"ဆောင်း လို မိန်းကလေးမျိုးကို မင်းက ဘယ်လို အမာခံတွေ ရှိနေလို့ ရင်မခုန်တာလဲ .."

"ဟုတ်တော့ ဟုတ်တယ် .. မင်းတို့နှစ်ယောက် ချောချောလှလှ လေးတွေမို့လို့ ငါတို့ကတောင် အားကျနေကြရတာ၊ မင်းနဲ့ နီးစပ်ပြီး သား ဖြစ်နေတဲ့ ဆောင်း ကို တခြားကောင်တွေက စိတ်မကူးရဲတော့ သလို ဆောင်း နဲ့ နီးစပ်နေတဲ့ မင်းကို ကောင်မလေးတွေ အီစီကလီ မလုပ်ကြတော့တာလည်း ဆောင်း က ဘယ်သူနဲ့မှ မတူအောင် ချစ်ဖို့ ကောင်းနေလို့ပဲ ..၊ မယှဉ်နိုင်လို့ မယှဉ်ဘဲ နေကြတော့တာမျိုး၊ မိန်း ကလေးတွေ လှတယ်ဆိုတာ အလှတွေ အမျိုးမျိုးရှိတယ်ကွ .. ဆောင်း က လှတယ်ဆိုတာထက် ပိုပြီး ချစ်ဖို့ကောင်းတာ .."

"ငါ မေးပါဦးမယ် .. မင်းကရော အခု ဆောင်း ကို သူငယ်ချင်းလို တွဲခဲ့တုန်းကလည်း ဒီအချိန်ထိ လက်တွဲမဖြုတ်ခဲ့ဘူး၊ လက်ထပ်လိုက် တာလည်း မင်းပဲ ရအောင်ယူခဲ့တာ၊ ဆောင်း ကိုဆိုရင် ဘယ်လိုနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် မင်း လက်ခံနိုင်တယ်မို့လား .."

"ဟုတ်တယ် .. ငါ့ဘေးမှာ သူ မရှိရင်တောင် ဘာမှကို လုပ်
မရဘူး၊ ဒါပေမယ့် ငါ အရင်အတိုင်းဘဲ နေလိုက်ဖို့ လိုက်လျောခဲ့
လည်း ရနေတာပဲ .."

"ဘာကို ရတာလဲ .. ငါ မပြောလိုက်ချင်ဘူး .."

"ဟုတ်တယ် .. ရရ မရရ မင်း ဒီတိုင်းမနေနဲ့ .. ငတုံး၊ အစတည်
က ဆောင်း နဲ့ မတည့်ရတဲ့အထဲ ခုလည်း ဒီပုံစံ တကွဲတပြား လုပ်နေ
ကတော့ မင်းတို့ ဒီ့ထက် ဘာမှ ပိုလို့ရမှာ မဟုတ်တော့ဘူး .."

"ခေါ်ပြောနေကြတာကိုက ကြည့်ဦး .. ချာန်း တဲ့ ..၊ နင်နဲ့ငါနဲ့
လုပ်ပါလား .. တခြားစုံတွဲတွေလို ကိုယ်တွေ .. မင်းတွေနဲ့ .."

ပြောနေကြတဲ့လူတွေ ဒေါကန်နေပုံကြောင့် ချာန်း မျက်နှာ မ
မချဉ် ဖြစ်လာသည်။

"ဘာရယ်တာလဲ မင်းက .. အကျင့်ပါနေပြီ ဒီပါးစပ်ကလို့ ပြော
မလို့လား ..၊ ဒါဆိုလည်း မင်း တစ်ကိုယ်လုံး အကျင့်ပါပြီး သူငယ်ချင်း
ဘဝနဲ့ပဲ ကျန်ခဲ့လိမ့်မယ် .."

"အေးလေ .. ကွာရှင်းစာချုပ်လေးမှာ လက်မှတ်လေး ထိုး၊ မျက်
ရည်လေးဝေ့ဝေ့နဲ့ သူများတကာ ရောသမမွှေသွားတာ ငေးပြီး ငုတ်တုတ်
မေ့နေမှာ .."

"ဟား .. ဟား .. ဟား ..."

"အံမာ .. အံမာ .. ရယ်နေတဲ့ပုံက မချိသွားဖြဲကြီး .."

"အင်းလေ .. လူကြီးရှက်တော့ ရယ် .. ဆိုဘာမျိုး .."

သူတို့ စိတ်တိုနေလေ ချာန်း က ရယ်လေ ..၊

ပြီးတော့မှ အထဲက လှမ်းပြောသည့်အသံကြောင့် နောက်လှည့်
ကြည့်ပြီး ခေါင်းညိတ်လိုက်ကာ ...

"အိုခေ .. အိုခေ .. စမယ် .."





အလုပ်မအား ဖြစ်နေသည့် သူငယ်ချင်းကို နေဗလ တို့ကလည်း
လည်ပါသည်။ သူတို့လည်း ဒီလမ်းက ဖြတ်တုန်း ချာန်း နဲ့ ဖုန်းပြော
ဖြင့် လှည့်ဝင်လာကြတာ ဖြစ်သည်။

ရှေ့ဆက်သွားကြဖို့ အချိန်ကျန်သေးသည်။

"အေးပါ .. လုပ်ပါ .. မင်းအလုပ်တွေပဲ၊ ဝါသနာလေးက ရေခဲ
ခဲ ကောင်းနေတာကိုး .. အသီးအပွင့်တွေ ဝေဆာလာကာမှ ခူးမယ့်
မယ့်သူ မရှိ၊ ကြိုးစားနေတာတောင်မှ ချွေးသိပ်မယ့်သူ မရှိ .."

"တော်ပါကွာ .. မင်းတို့ဘာသာ ဖြောင့်ဖြောင့် ပြန်ကြစမ်းပါ၊
ချာန်း .."

"ဟုတ်ပါတယ် .. မင်း ချာန်း မှန်း ငါ တို့ သိတယ်၊ အဲဒါ ဘာ
လဲ .."

ချာန်း က သူ့မျက်နှာသူ လက်ညှိုးထိုးပြပြီး ရယ်နေကာ ...

"ချာန်း ဆိုတာ မမေ့ဖို့ ပြောပြတာ .. ချစ်လို့ အလျှော့ပေးတာကို
ပေးနေရှာတယ် မထင်နဲ့ ..၊ ငုတ်တုတ်မေ့ ကျန်ခဲ့ရလောက်
င် မတုံးဘူး .."

"တော်သေးတာပေါ့ .. ဟွန်း .. ပေါ်လာပြီ တွေ့လား၊ 'ချစ်လို့
လျှော့ပေးတာ'တဲ့၊ ထမင်းပွဲ ထိုင်ကြည့်ပြီး မစားရက် မသောက်ရက်
ခတ်နေရင်း ပုပ်သိုးကုန်ဦးမယ် .."

ပြောသွားလိုက်ကြတာ နားခံနိုင်စရာ မရှိ ..။ ချာန်း ကတော့
ပြုံးမပျက်ပါ ..။

သူ့အတွက် ပြဿနာကြီးမားနေတာက ဒီကိစ္စ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၇)

"ဘယ်လိုလဲ ဆောင်း .."

"ကောင်းပါတယ် .."

"ဒါပဲလား .. ငါ အရမ်းကြိုးစားထားတာ .."

အတူတူ လျှောက်လာကြရင်း ထမင်းစားခန်းကို ရောက်[...] ပြိုင်တူ ရပ်နေမိကြကာ ...

"ငါ့အထင် ပြောရရင် .. မသေခင်က ရှိထားတဲ့ ရန်ငြိုးနဲ့တ[...] ကလဲ့စားပြန်ချေတဲ့လုပ်ကွက်တွေက ပိုပြင်းထန်နေသလားလို့ .."

ဆောင်း ဝေဖန်ပြလိုက်တာကို ဈာန်း က အလေးအနက် စဉ်း[...] သွားလျက် ...

"အဲ့လို ဖြစ်နေတာလား .."

လို့ ခပ်ဆဆ ပြောသည်။ ပြီးမှ ...

"ဇာတ်ညွှန်းဆရာကတော့ တော်တော်ခိုင်တယ်လို့ ပြောတာ[...]"

"ဒီဇာတ်ကို နင် အစအဆုံး ရေးတာလား .."





"ပြော့် .. အစအဆုံးပြီးဖို့ ဘယ်နှစ်ယောက် ရေးရဦးမှာလဲ၊ အနု[...]ညာ ဖန်ဆင်းတယ်ဆိုတာ ကိုယ့်အတွေး ကိုယ့်အရေးနဲ့ သီးသန့်ခံစား[...]အောင် ရုပ်လုံးဖော်ရတာ၊ တပည့်ကို ဝိုင်းကူခိုင်းရပါတယ်၊ မိတ်ဆွေ[...]လည်း ဝိုင်းရေးကြပါတယ်ဆိုလို့ ဝတ္ထုဇာတ်ကောင်းတစ်ပုဒ် ဖြစ်[...]လား ..၊ အဲဒါ တကယ် စာမရေးဘဲ ရှဲဒိုးလုပ်စားနေကြတဲ့အထာတွေ.."

"ငါ သိပါတယ် .. အခုဟာက နင်က ရုပ်ရှင်ရိုက်ဖို့ ရေးတာလေ"

"ဘာဖြစ်ဖြစ် .. ဒါက ဇာတ်လမ်းကောင်းတစ်ပုဒ် ဖန်ဆင်းရတာ[...] ဇာတ်ညွှန်းသပ်သပ် ခွဲခိုင်းထားတည်းက ငါ ဖန်တီးလိုက်တာဟာ [...]ဇာတ်လမ်းတစ်ပုဒ် .."

"ဟုတ်ပါပြီ .. အခု ငါမေးတာကို နင်က စိတ်ဆိုးနေတာလား.."

"ပြောရင်းနဲ့ ပေါ်လာပြန်ပြီ နောက်တစ်ခု .."

"ဘာလဲ .."

"နင်တွေ ငါတွေ ပြောတာ ပြင်ပါဆိုမှ .. တနင်တည်း နင်နေ[...]ဘဲ .."

"လုပ်ပြန်ပြီ .."

"ဆောင်း ရယ် .."

သူ ဆောင်း နဲ့ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ကာ ပခုံးလေးနှစ်[...]ဘက်ကို ဆုပ်ကိုင်လိုက်ရင်း ...

"ဒါလေး ခိုင်းတာကို ဘာဖြစ်လို့ ဝန်လေးနေရတာလဲ ..၊ ဗလ[...] လာတုန်းကတောင် ငါ့ကို ဝိုင်းရယ်သွားကြတယ် .."

"သိသားပဲ .. အဲ့ဒီကောင်တွေ ဒါပဲ တတ်တယ်၊ ခုချိန်ထိ ကင်မရာ[...]ား လည်ပင်းချိတ်ပြီး လည်လို့ပတ်လို့ ကောင်းတုန်း၊ ကြီးတောင်[...]မားနဲ့ မိဘလုပ်စာ ထိုင်ဖြုန်းနေတာ .."

"ဒါဆို စီးပွားရေးတွေ ဖောက်ချလုပ်နေတဲ့ မင်းယောက်[...]ကို [...]ဘော့ အထင်မသေးတော့ဘူးပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



'မင်း'လို့ သုံးလိုက်သည့် စကားကြောင့် ဆောင်း မျက်ဝန်းလေးတွေ သူ့ဆီ ရောက်လာသည်။ မမေးပေမယ့် သူကပဲ မေးဆတ် ဝန်ခံ၍—

"ဒီနေ့ကစပြီး ကိုယ်ကတော့ ပြင်ရမှာပဲ .. မင်းပဲ လိုတော့တယ်"

"ကဲ .. ဖယ်စမ်းပါ .. ထမင်းစားမလို့ မဟုတ်ဘူးလား၊ သူများတွေ စားတုန်း စားထားမှပေါ့၊ တော်ကြာ ပြန်စမယ်ဆိုမှ မစားဖြစ်ဘဲ နေဦးမယ် .."

သူတို့ ပြောနေကြတုန်း မင်းသမီးက ဘေးကို ရောက်လာကာ—

"ကိုချာန်း .. ဒီညနေ စောစောသိမ်းပေးနော် .. ရွာထဲဘက် လျှောက်လည်ကြမလို့ .."

"ဪ ... အင်း .. အင်း .. မန်နေဂျာ ပြောထားတယ် .. လုပ်ပေးမယ်နော် .."

"သင့်ခ်ယူ .."

ကျေးဇူးတင်နေတာလည်း ရွှန်းရွှန်းစားစားကြီးပါလား ..၊ ချာန်း မျက်နှာကို စိုက်ကြည့်ရင်း ခေါင်းညိတ်လိုက်တာက မင်းသမီးပီပီ ဆွဲဆောင်မှုတွေ လွန်နေသဖြင့် ဆောင်း သတိထားမိခဲ့သည်။

နာမည်ကြီးမင်းသမီးပီပီ ဖြူနုသွယ်လျကာ ငေးကြည့်နေချင်အောင် လှ၏။ ဆံပင်တွေ အကုန်လုံးကို ထိပ်မှာ လိမ်ကျစ် သိမ်းစည်းကာ တုန်တွဲနေသည့် ဆံဖျားလေးတွေကျမှ နားသယ်စပ် ဆံစများနှင့်အတူ ယပ်တောင်လေးလို ဘေးတွဲ ပြန်ချထား၏။

ထို့ပြင် ပုလဲလုံးလေးနှင့် နားဆွဲရှည်က လွဲခါနေသဖြင့် ပြင်ဆင်ထားသမျှက ရင်သပ်ရှုမော ..၊

"ကျွန်မ လှရဲ့လား သည်နှစ်ဆောင်း .."

"ရှင်!..."

ကိုယ်က ငေးနေမိသဖြင့် ရုတ်တရက်တော့ အမ်းသွားမိသည်။ ပြီးတော့မှ ပြုံးကာ ...





"နိုင်ငံကျော် မင်းသမီးပဲ မစုစန္ဒီ ရယ် .. အရမ်းကို လှတာပေါ့၊ ...တော့ မစုစန္ဒီ က တခြားမင်းသမီးတွေနဲ့ မတူဘူးလေ .."

"ဟုတ်လား .. ဘာမတူတာလဲ .."

"ရိုက်ကွင်းမှာရော .. အပြင်မှာရော .. ဘယ်အချိန်ဖြစ်ဖြစ် လှ...တာ .."

"ဟား .. ဟား .. ဟား ... ကျေးဇူးပဲ၊ ဒါနဲ့ သည်နှစ်ဆောင်း ...ဲ့ နာမည်လေးက လှလို့ ဒီတိုင်းခေါ်လိုက်တာနော် .. စိတ်မဆိုးနဲ့"

"ရပါတယ် .."

"မင်းသမီး နောက်အခန်းအတွက် ပြင်ရဦးမှာလေ .. ထမင်းစား...ပြီလား .."

မင်းသမီး စုစန္ဒီဆွေ က နောက်ထပ် ရောက်လာသည့် သူမရဲ့ ...ကပ်ဆရာမနဲ့ .. ဇာတ်ညွှန်းဆရာကို လှည့်ကြည့်၍ ခေါင်းခါပြ...ပြီး ...

"ကော်ဖီနဲ့ မုန့် စားထားတာ ပြည့်နေလို့ မစားတော့ဘူး"

သူမက လှည့်ထွက်သွားမလို ဖြစ်သွားပြီးမှ ...

"ဒါနဲ့ ဆရာ .. အခုရိုက်မယ့် အခန်းမှာ ဝတ်မယ့်ဝတ်စုံကို သိမ်း...မှာဆို .."

"ဟုတ်တယ် .. အဲဒါက ဆင်း(န်) ဘီ စီကို အပြီးသတ်ကျမှ ...ိုက်ရမှာမို့လို့လေ၊ မင်းသားက ပြန်သွားတော့ .."

မင်းသမီးနဲ့ ချာန်း တို့ စကားပြောနေကြသဖြင့် ဆောင်း နေရာမှ ...ထွက်လာခဲ့တာ ထမင်းစားခန်းထဲကို..၊ ထမင်းစားခန်းက ဧည့်ခန်း...ကြီးနဲ့ ကပ်လျက်မှာ တစ်ခန်း ရှိသည်။

ဒီမှာက မီးဖိုနဲ့တွဲလျက်ရှိကာ စားပွဲလည်း ကျဉ်း၏။ မိသားစုထဲ...လေးတွေချည်းပဲ ဒီမှာ ခွဲစားကြတာလား ..၊ ဒါမှမဟုတ် အခြား...တွေကို ဒီမှာပဲ ကျွေးတာလား ..။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း က ခူးခပ် ပြင်ဆင်ပေးထားသည့် ထမင်းဟင်း
အုပ်ဆောင်းလေး ဖွင့်ကြည့်လိုက်ပြီး သက်ပြင်းချသည်။

ထမင်းဟင်းကျွေးတဲ့နေရာမှာ မင်းသား မင်းသမီးနဲ့ ဒါရိုက်
တွေ ဆရာပိုင်းတွေက သပ်သပ်၊ အဖွဲ့သားတွေကို တခြားဟင်း
ခွဲထား၏။

ရိုက်ကူးရေးအဖွဲ့တိုင်း၏ လုပ်ထုံးလုပ်နည်းလား ဘာလဲ
မသိ။ မန်နေဂျာက ဒီတိုင်းပဲ ကိုယ်တိုင် စီစဉ်နေတာ ဖြစ်သည်

ဆောင်း ကတော့ ထမင်းစားတိုင်း ဒါကို ခဏခဏ တွေးမိ
ဒီတစ်ဖွဲ့လုံး လှုပ်ရှားကြိုးစားကြရတာပဲ တစ်ပြေးညီတည်း စား
မဟုတ်ဘူးလား ..။

ပြောပြတုန်းက ရျာန်း က ရယ်သည်။

"အဲဒါတွေကို ဦးဆောင် လုပ်ကိုင်ဖို့ ရှုတင်မန်နေဂျာ ထား
ဆောင်း ရာ.. ဒီထိ လိုက်တွေးမနေပါနဲ့ ..၊ ကိုယ့်အလုပ်ကိုယ်
ကြရတာတောင် ပင်ပန်းနေကြတဲ့ဟာ .."

ပြောတော့လည်း ဟုတ်နေတာပဲမို့ ဘာမှ ထပ်မပြောဖြစ်
နောက်လှည့်ကြည့်လိုက်တော့ ရျာန်း တို့ကို မမြင်တော့သဖြင့်
ပြောနေပြီမှန်း သိကာ ဟင်းတွေကို ပြန်ဖွေးဖို့ ဂတ်စ်မီးဖိုလေးကို
တစ်ယောက်တည်း စီစဉ်နေလိုက်သည်။

ကြက်သားကြော်က ပြန်နွှေးဖို့ မလိုပေမယ့် မုန်လာဥချဉ်
ငါးကြင်းဆီပြန်ကတော့ အေးစက်စက်ကြီးဆို မကောင်း ..။
လေး မွှေးလာတော့ စားဖိုမှူးလုပ်သူရဲ့လက်ရာကို ကျေနပ်သွားမိ
ဒီခရီးမှာ ခုလောက်ထိ အဆင်ပြေနေလိမ့်မယ်လို့တောင် မထင်ခဲ့

ဒီအိမ်ကြီးရယ် .. ဒီရွာရယ်ကြောင့် သူမ စိတ်အနှောင့်အ
ဖြစ်ဖွယ်တွေ ကြုံရလိမ့်မည်လို့ ထင်ထားခဲ့သမျှ ဒီနေ့ထိ အား
အဆင်ပြေနေ၏။





ရျာန်း ကပဲ လိုလေသေးမရှိ ဂရုစိုက်နေလို့လားတော့ မသိပါ။
ဘာပဲဖြစ်ဖြစ် ခုလိုဆိုတော့လည်း စိတ်ထဲမှာ ချမ်းမြေ့နေခဲ့သည်မို့
လာဖြစ်ခဲ့သောခရီးစဉ်နှင့် ပတ်သက်၍ ...

"ဒုတ် .."

နောက်က လှုပ်ရှားသံကြောင့် ကျောခိုင်းထားရာကနေ လှည့်တော့
မိသည်။ ဒါပေမယ့် မျက်လုံးထောင့်မှာ လူရိပ်မြင်လိုက်တာနှင့်
မွှေးနေရာကို မျက်လုံး ပြန်ပို့၍ ...

"ငါက နင် ကြာဦးမှာလားလို့ ဟင်းနွှေးနေတာ၊ သူတို့ ပြင်ပေး
တာလည်း ကြာပြီဆိုတော့လေ.. ခဏလေးပါ၊ သုံးမိနစ်လောက်ပဲ"

ရျာန်း ဝင်လာပြီမို့ ဟင်းအိုးချနိုင်ဖို့ကို စိတ်က လောနေမိဆဲ ..၊

"ချွင် .."

"ဟောတော် .."

'ဒီလောက်တောင် ဆာနေတာလား' လို့ ပြောမလို့ လှည့်ကြည့်
သော်လည်း နောက်စကားလုံးတွေက ရပ်တန့်ကုန်၏။ ထမင်းစား
ထဲမှာ သူမမှလွဲ၍ ဘယ်သူမှ မရှိ ..။

သက်ထဲမှာ လက်နှီးခုကိုင်လျက်နှင့် ကြမ်းပေါ် ပြုတ်ကျနေသည့်
နှင်းနဲ့ ကြက်သားကြော်တုံးကို တအံ့တသြ ကြည့်နေမိသည်။ ထိုစဉ်
း က အသံကြားလို့ ဝင်လာပုံမျိုးနှင့် ...

"ဘာတွေ ဖြစ်ကုန်တာလဲလို့ကွာ .."

ခြေလှမ်းကျဲတွေနှင့် လျှောက်လာရင်း ကုလားထိုင်ကို ဆွဲဖယ်
တာ ...

"ကြက်သားကြော်မို့လို့ပေါ့ .. အဲဒီဟင်းရည်ပူတွေဆိုရင် မင်း
ပြီ ဘာလုပ်နေတာလဲ အဲဒါ .. ခိုင်းစရာလူတွေ ရှိရက်သားနဲ့ .."

ဆီစက်တွေနဲ့ ကြက်သားတုံးကို ငုံ့ကြည့်ပြီး ပြန်ထွက်သွားတာ
ဝင်လာတော့ နောက်မှာ ကောင်လေးတစ်ယောက် ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ထဲမှာ ခေါ်လာသည့် လက်တိုလက်တောင်းခိုင်းတဲ့ ချာတိ
လေး ဖြစ်၏။

"သေချာ ရှင်းစမ်း .. အဲဒါတွေ .."

"ဟုတ် .. ဆရာ .."

ပြီးတော့ ဆောင်း ရဲ့ဘေးကို လာကာ သူပဲ မီးဖိုကို ပိတ်ပစ်လိုက်
သည်။

"ဟိုမှာ ထိုင်နေ .. ကိုယ်ပဲ ခူးခပ်ထည့်ပေးမယ်"

ကိုင်ထားသည့် လက်နှီးခုကို ဆွဲယူသွား၏။ စားပွဲခုံဘေး
ရောက်သွားပေမယ့် ဆောင်း မထိုင်နိုင်ခဲ့ပေ ..။ ဘာစကားမှ မပြော
နေသည့် ရင်ထဲမှာ ရှိခဲ့ဖူးသော စိုးရွံ့သည့် သံသယစိတ်တွေ ပြန်ပေ
နိုးထလာခဲ့၏။

ငါးယောက် တစ်ဝိုင်းစာလောက်ကျယ်သည့် စားပွဲဝိုင်းအလယ်
ကြက်သားကြော်က ဆီတွေထဲမှာ နစ်နေတာ ဖြစ်သည်။

စားပွဲပေါ်မှာ ဆီစက်လည်း မကျ၊ ခက်ရင်းကလည်း ခွက်ထဲ
သပ်သပ်စိုက်ထားရာကနေ ကြက်သားနဲ့အတူတူ ရောသော ကျသွား
ဒါ ဘာဆိုင်လို့လဲ ..။

အပြင်ကနေ ဝင်လာသည့် ဈာန် ကရော .. ကိုယ်က မီးဖိုဘေး
ရပ်နေတာ မြင်သားနဲ့ ကိုယ့်လက်ထဲက လွတ်ကျတယ်လို့ ဘာဖြစ်
ထင်ရတာလဲ ..။

ပန်းကန်က စားပွဲပေါ်မှာ ရှိနေလျက်နဲ့ ဒီကြက်သား ကိုယ့်ဆီ
လွတ်ကျတာဆိုရင် ကိုယ်က ခိုးစားရင်း ပြုတ်ကျတာမျိုးလား ..

"ဆောင်း .. ထိုင်လေ .."

စားပွဲပေါ်မှာ ဟင်းပန်းကန်နှစ်ခွက်ကို ချလိုက်ကာ ဈာန်
ဆောင်း လက်လေးကို ဆွဲလှုပ်သည်။

"ဘာတွေ တွေးနေပြန်ပြီလဲ..၊ ကိုယ်က စိုးရိမ်လို့ ပြောတာ





"ဈာန် .."

"ဟင် .."

"အဲဒါ ငါလက်ထဲက လွတ်ကျတာ မဟုတ်ဘူး .."

ဈာန် အသံတိတ်သွားသည်။ ဒါပေမယ့် ချက်ချင်း ခေါင်းညိတ်
တာ ...

"ဟုတ်လား .. မသိဘူး ရုတ်တရက်ဆိုတော့ 'မ'ရင်း 'ချ'ရင်းနဲ့
ပန်းကန်ထဲက ပြုတ်ကျခဲ့တာ မှတ်လို့၊ ဒါဆိုလည်း ကြွက်ဆွဲချတာ
နေမှာပေါ့၊ အိမ်အိုအိမ်ဟောင်းတွေမှာ ကြွက်တွေ ရှိတာပဲ .."

"ကြွက်ဆွဲတာဆိုရင် စားပွဲပေါ်မှာ ဆီစက်တွေ ရှိမှာပေါ့၊ ခက်ရင်း
ကလည်း ဟိုဘူးလေးထဲမှာ စိုက်ထားတာ၊ ငါ တစ်ချောင်းမှ မယူသေး
ဘူး .."

ဈာန် မျက်မှောင်ကုတ်သွားသည်။ ဆောင်း က အားတက်သရော
ဆပ်ရှင်းပြဖို့ ပါးစပ်ပြင်လိုက်ကာမှ ...

"တစ်ခါတလေ မထင်တာတွေ တိုက်ဆိုင်တတ်ပါတယ် ဆောင်း
ရာ .. ဟိုဟိုဒီဒီ တွေးမိလာရင် ဖျောက်ပစ်လိုက်ပါ၊ ကိုယ်က မင်းစိတ်စွဲ
ပြီး ညအိပ်ရာဝင်တဲ့အထိ အိပ်မက်ဆိုးတွေ မက်မှာစိုးလို့ ပြောနေတာ၊
အတူတူရှိနေကြရင် အကြောင်းမဟုတ်ဘူး .. ကိုယ်တို့က တစ်နေရာစီ
အိပ်နေကြတာလေ .."

လူတစ်ယောက် ဝင်လာတာကို သေချာမြင်လိုက်သေးတဲ့အကြောင်း
သည်း ဆောင်း မပြောဖြစ်တော့ပါ။

ဒါလည်း တိုက်ဆိုင်တာပဲ ဖြစ်ပါစေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဒီလေ့ကားအတိုင်း ပြေးတက်လာမယ် ..၊ တံခါးချပ်အနီး ကျော်ပြီး တဆုံးထိ ကမူးရှူးထိုးပုံစံနဲ့ ပြေးမယ် .. အခန်းတွေ ဟို ပြေးလွှားထုနက်ပြီးမှ တံခါးအနီးနဲ့ အခန်းကို ပြန်ရောက်လာမှာ..၊ ဟုတ် ပြီနော် .."

ရှာန်း က မင်းသမီးကို သေချာ သင်ပေးနေသည်။ မင်းသမီးက ဇာတ်ညွှန်းကို မျက်လုံးက ဖတ်နေရင်း ခေါင်းညိတ်နေ၏။

"အထဲမှာ ကြိုးဆွဲချသေနေတဲ့သူကို တားဆီးဖို့ မှန်ကွက်က လှမ်းကြည့်လိုက် .. တံခါးကို ထုလိုက်နဲ့ အော်နေတယ်၊ လှေကားက အောက်ကို ပြေးဆင်းပြီး အကူအညီခေါ်ဖို့ စိတ်ကူးပေါ်လာတာရယ် မမီနိုင်လောက်ဘူး တွေးမိပြီး အခန်းရှေ့ကို ပြန်ပြေးလာတာရယ် အားလုံးဟာ မင်းသမီးရဲ့မျက်နှာပေါ်မှာ တင်နေမယ့် ကြောက်လန့် ချောက်ချားနေတာတွေကြောင့် ပရိသတ်ကို ရင်တဖိုဖို အသက်မရှူအား အောင် ဖမ်းစားထားနိုင်ရမယ် .."

တော်ရုံဒါရိုက်တာတွေ မသင်တော့သည့် အသေးစိတ်လေးတွေ အစ ပြောပြပြီး မင်းသမီးရင်ထဲကို ဒီဇာတ်ဝင်ခန်းအတွက် တစ်ခါတည်း မှဒ်သွင်းပေးလိုက်တာမျိုး ..၊





"အားလုံး စမယ် .. ငြိမ် ..၊ ဖိုက် .. ဖိုး .. သရီး .. တူး .. ဝမ်း.. ဘ်ရှင် .."

စိတ်ဝင်စားနေမိသဖြင့် နောက်တစ်ဆင်းနဲ ပြန်စတာနှင့် ဆောင်း ရာမှ ထသွားကာ ကင်မရာလွှတ်သည့်နေရာကနေ လက်ပိုက်လေး ကြည့်နေမိသည်။

မင်းသမီး မြင်နေရမည့်မြင်ကွင်းက တကယ်ကို ရင်ဖိုစရာ ဖြစ် ည်။ မှန်ကွက်တွေရဲ့နောက်ထဲမှာ ဂါဝန်ရှည်အဖြူနှင့် ဆံပင်ကျော ဘက် ခပ်တွန့်တွန့်တွေကို ဖားလျားချထားသည့် အရံမင်းသမီး နှင်း က ခုံပုလေးပေါ်မှာ ရပ်နေသည်။

တန်းလန်းကျနေသည့် ကြိုးကွင်းကိုကိုင်၍ ကိုယ့်ကိုယ်ကိုယ် သေ ကြောင်းကြံစည်ဖို့ ဆုံးဖြတ် လှုပ်ရှားနေပုံသည် မသေခင်တည်းက ဘဝ နေသော လူတစ်ယောက်၏ စိတ်ကျရောဂါ ခံစားနေရပုံနှင့် တစ် င်တည်း ..။

အထဲမှာ ပေးထားသည့် မီးအလင်းအမှောင်လည်း ဇာတ်ဝင်ခန်း လိုက်သည်။ အပြင်မှာ စုစန္ဒီဆွေ ပြေးလွှား အော်ဟစ်နေသော်လည်း ထဲကနေ မသိမမြင်တဲ့အတိုင်း သရုပ်ဆောင်နေကြတာက စိတ်လှုပ် ယ် ..။

"ဘယ်လိုလဲ .. မမ .. အသက်ရှူမှားနေပြီလား .."

"ဟင်!..."

ဘေးနားကို ရောက်လာသူအား လှည့်ကြည့်လိုက်တော့ ဇာတ်ပုံ မင်းမင်းထွန်း ..၊ ဒါပေမယ့် ရှေ့မှာ အာရုံရောက်နေသဖြင့် ပြုံး ပြုံးပြမိကာ .. မျက်လုံးတွေက ရှေ့ပြန်ရောက်၏။

"မမဆူး .. မမဆူး .. အဲဒီလို မလုပ်ပါနဲ့ .. မမဆူး ထင်သလို မဟုတ်ဘူး .. ညီမလေး ရှင်းပြပါမယ် ..၊ မမဆူး ဘယ်မှာ ဟင် ..၊ မမ .."



www.burmeseclassic.com

www.burmeseclassic.com



စုစန္ဒီဆွေ သည် အခန်းတွေရှိသမျှကို ပြေးလွှား ရိုက်ပုတ်… သည်။ ဟိုပြေးဒီပြေးနှင့် လှေကားထိပ်ကအခန်းကိုပဲ ပြန်ရောက်လာ…

"ဟင် .. မလုပ်နဲ့ ..၊ မမဆူး .."

"ဒုန်း .. ဒုန်း .."

"လာကြပါဦး .. ကယ်ကြပါဦး .. မမဆူး မလုပ်ပါနဲ့ ... မ… ရေ .. အဟင့် .. ဟင့် .."

တံခါးကို ထုနက်ရင်း မှန်ထဲကနေ မြင်နေရသည့် အထဲက အ… သတ်မြင်ကွင်းကြောင့် စုစန္ဒီဆွေ သည် အော်ဟစ် တားဆီးရင်း… တံခါးမှာကပ်လျက် ခွေခေါက် ပြိုကျ၏။

"အိုကေ .. ကက်တ် .."

"ကောင်းတယ် .."

ကက်တ်ပြီးသွားမှ ဆောင်း က လက်ပိုက်လေးဖြုတ်၍ ပြုံး… ပြောသည်။ မင်းမင်းထွန်း က ရယ်၍ ...

"အရမ်းကောင်းမယ့် ကားပါ"

ဆောင်း လိုပဲ ထောက်ခံသည်။ ဓာတ်ပုံဆရာပေမယ့် သူ… လူငယ်တစ်ယောက်ပဲ ဖြစ်၏။

အသက်ကတော့ ဆောင်း တို့ထက် ငယ်လိမ့်မည်။ ဒါပေမဲ့… အသားညိုညို အရုပ်အမောင်းကောင်းကောင်းမို့ ရုတ်တရက်ကြည့်… ငယ်သည်လို့တောင် မထင်ရပါ။

"ဆရာချာန်း က ခုမှ ကားကြီးစရိုက်ဖူးတာဆိုပြီး ကိုယ်တိုင်… တဲ့ ဇာတ်ကို ကိုယ်တိုင်ရိုက်နေတာ .. ဘေးမှာရှိကြတဲ့ ဆရာတွေထ… လက်စောင်းထက်တယ်နော် .."

"အင်း ပါရမီရှိနေမှာပေါ့ .. သူက ဝါသနာလည်း အရမ်းပါတာ…"

ချာန်း ကို မေတ္တာသက်သက်ဖြင့် ကူညီသင်ပြဖို့ အစစအရာ… စီစဉ် အကြံပေးနေကြသည့် ဆရာတွေလည်း ရှိသည်။ ဒီဇာတ်ကား…





ထွက်လာပြီဆိုရင်တော့ တကယ့် သည်းထိတ်ရင်ဖိုဇာတ်လမ်းကောင်း တစ်ပုဒ် ဖြစ်မှာပါ။

"မမနဲ့ ဆရာချာန်း က အနေစိမ်းကြသလိုပဲနော် .. ဝါသနာမတူကြတာလား .. ဒါမှမဟုတ် မိဘလက်ထပ်ပေးခဲ့တာလား .."

"ဟင်!..."

"ဩော် .. ဒီလိုပါ၊ ကျွန်တော်က မမတို့ လင်မယားကို ဂရုစိုက်ကြည့်မိနေတာလေ .. ရုပ်တူတန်းတူ .. နှစ်ယောက်စလုံးကလည်း ဖြူဖြူချောချောတွေမို့လား .. ဒါပေမယ့် နွေးထွေးမှု နည်းနေသလားလို့"

"ဆောင်း .."

သူမ ဘာမှမဖြေရသေးခင် ချာန်း ရဲ့ ခေါ်သံက ထွက်လာသည်။ လှည့်ကြည့်လိုက်တော့ ချာန်း ကလည်း ရှာဖွေရင်း ခေါ်နေပုံမျိုးဖြစ်ကာ လှမ်းကြည့်ကြတာချင်း မျက်လုံးချင်း ဆုံသွား၏။

"ဩော် .. စကားပြောနေတာလား .."

ပြောရင်း လျှောက်လာကာ ...

"ကိုယ့်ဖုန်း ဘယ်မှာ ထားလိုက်မိမှန်း မသိဘူး၊ အခန်းထဲမှာ သွားကြည့်ပေးစမ်းပါကွာ .."

"သွားကြည့်လိုက်မယ် .."

ဆောင်း က ခေါင်းညိတ်ပြီး ထွက်သွား၏။

"ကိုမင်း ဓာတ်ပုံတွေ အဆင်ပြေရဲ့လား .."

"စိတ်ကြိုက်တော့ မရသေးဘူး ဆရာချာန်း .. နောက်ခံဆင်းန်တွေက ရွာထဲမှာဆိုတော့ .."

"အဆင်ပြေသွားမှာပါ .. ရွာကို သေချာကြည့်ပြီးမှ ဒီမှာရိုက်ဖို့ စီစဉ်ခဲ့ကြတာပဲ၊ ရွာနောက်ခြမ်းမှာ လိုကေးရှင်းကောင်းတာတွေရှိတယ်၊ နိုက်(တ်)ဆီး(န်)တွေချည်း များတာဆိုတော့ ဒီလောက်လည်း ပူစရာမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းထွန်း ကို ကောင်းကောင်းမွန်မွန် ပြောခဲ့ပေမယ့် အခန်းထဲ
လိုက်ဝင်လာတော့မှ ...

"ဘယ်မှာလဲ .. ကျန်လည်း မကျန်ခဲ့ဘဲနဲ့ .."

"ဟုတ်တယ်လေ .. ဒီမှာ .."

ချာန်း က ကုတ်အင်္ကျီထဲက ဖုန်းကို ထုတ်ပြသည်။ ဒီဖုန်း အ
ကြီးလို့ပဲ ဖုန်းအတွက်ကြောင့် အပေါ်ထပ်အင်္ကျီတစ်ထည်ကိုတော့ အ
တမ်းလိုလို ထပ်ဝတ်ထားတတ်ခဲ့တာ အကျင့်တောင်ပါနေပါပြီ ..

ဒါကြောင့် ကိုယ်မှာ စွပ်ကျယ်ချိုင်းပြတ်လေးနဲ့ဖြစ်ဖြစ် အ
ကနေ ကုတ်အင်္ကျီအထူအပါး တစ်ထည်ထည်ကို နွေမိုးဆောင်း ဘ
ရာသီမှာဖြစ်ဖြစ် ဝတ်ထားဖို့ သူ့အတွက် ပူတာအိုက်တာလည်း မရှိ

ခုလည်း စွပ်ကျယ်အဖြူလေးတစ်ထည်နှင့် လက်စက ခါး
ကုတ်အင်္ကျီလေးရဲ့အတွင်းထဲက ဖုန်း ထွက်လာ၏။

ဆောင်း က ဖုန်းနဲ့ သူ့ကို ကြည့်၍ ချက်ချင်း ရိပ်မိသွားကာ --

"အဲ့ဒါ ဘာဖြစ်တာလဲ ..၊ ငါတို့က ရိုးရိုးသားသား စကားပြော
တာ .."

"မရိုးသားလို့မှ မရတာကွ ..၊ မင်းက ရိုးသားလည်း အဲဒီကော
က မင်းကို ချိန်နေတာ အသိသာကြီး .."

"ချာန်း .."

"ဘာလဲ ..၊ သဝန်တိုလိုက်တာဆိုပြီး ဖီးလ်မြင့်သွားတာလား--"

"ချာန်း နော် .. ရန်မဖြစ်ရတာကြာလို့ ငါ့ကို သက်သက် ရန်
နေတာလား .."

"သိဘူးလေ .. မင်းမျက်လုံးက ဒီတိုင်း ကြည့်လာတာကိုး --"

"နင့်ကို အံ့ဩလွန်းလို့ သိရဲ့လား ..၊ ကိုယ့်မှာ ဒီလောက် အလု
ရှုပ်နေတာတောင် သူများအကြောင်းပြောဖို့ အကဲခတ်နိုင်အားသေး
တယ် .."





"အကဲခတ်စရာ မလိုဘူး ဆောင်း ..၊ မင်းမင်းထွန်း ဆိုတဲ့ကောင်
င်ယ်ရှယ်ရှယ်နဲ့ နာမည်ကျော်နေတာ ဓာတ်ပုံရိုက်ချက်တွေ ကောင်း
န်းလို့လို့ မထင်နဲ့ ..၊ သူ့ပစ်လိုက်ရင် ဘယ်ပစ်မှတ်မဆို တန်းခနဲ
တာ ..၊ အဲဒါ သူ့ကင့်မရာနဲ့ ဘာမှမဆိုင်ဘူး၊ ဟွန်း .. ပြောပြန်ရင်
ကျားချင်း အတင်းပြောတယ် ဖြစ်ဦးမယ် .."

"ပြောပြီးပြီပဲဟာ .."

ဆောင်း က ဒါပဲပြောပြီး အခန်းထဲက ထွက်သည်။ ချာန်း က
ဆွဲထားကာ ...

"ပြောနေရတာ ခင်ဗျားအတွက် နားလည်ရဲ့လား ..၊ ရုပ်ရှင်ဗီဒီယို
ကမှာ မင်းမင်းထွန်း က ရုပ်လေး ခပ်ဖြောင့်ဖြောင့်နဲ့ ပျိုတာအိုတာ
ဖြစ်ဖြစ် ရှောင်တာမဟုတ်ဘူး .."

"သူ မရှောင်တိုင်း ဝင်တိုးမိရအောင် ငါက သစ်ငုတ်တိုကြီးလား.."

"ဘယ်သိနိုင်မလဲ .."

ပြောလိုက်ရင် ကြည့် ..၊

ဆောင်း သူ့ကို မျက်စောင်းထိုး၍ ကိုင်ထားသည့်လက်ကို ပြန်
သည်။

"နေပါဦး .. ကိုယ့်ယောကျ်ားအိပ်ခန်း ဒီလောက် ရှုပ်ပွနေတာ
နည်းပါးပါး ရှင်းပေးခဲ့ဖို့များ စိတ်မကူးမိဘူးလား .."

"မကူးပါဘူး .. အဲဒီလို ကရိကထတွေ လုပ်ပေးရမှာစိုးလို့ တမင်
ခြားစီ ခွဲနေတဲ့ဟာ .."

ချာန်း က ရယ်လိုက်ပြီး ရုန်းနေသည့်လက်ကို ပို၍ ဖိဆုပ်ထားကာ
လေးတစ်ဖက်ကနေ နောက်ပြန် လှည့်သွားဖြစ်အောင် တွန်းပို့ရင်း--

"လုပ်ပါ .. နည်းနည်းလောက်ပါ ..၊ လိမ္မာတယ် ချာတိတ်မ--"

"ဟွန်း .."

ဆောင်း က သူ့လက်တွေကို ဖယ်ရှပစ်ပြီး တစ်ယောက်အိပ်ခုတင်



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ ရှုံ့မဲ့မဲ့လေး သွားရပ်ကြည့်၏။

ဘောင်းဘီတွေ၊ ရေလဲတဘက်တွေက ခြေရင်းမှာ တို့လို့တွဲလောင်း နှင့် အကျီတွေကို ချိတ်နဲ့တော့ ပြန်ချိတ်ထားပြီး ပြောင်းပြန်အတိုင်း

"ချာန်း .. နင်ဟာလေ တကယ် စည်းကမ်းကို မရှိဘူး ..၊ ခုမှ အန်တီလွင့် ကို သနားမိတော့တယ်၊ နင့်ဒဏ်ကို ဘယ်လောက်တောင် ခံခဲ့ရလဲ မသိဘူး .."

"ခု မသနားနဲ့တော့ .."

"ဘာ!..."

"မာမီ့အစား ဒဏ်ခံမယ့်သူ ရှိနေပြီ .."

"လဲသေလိုက်ပါလား .. ဟွန်း..၊ တစ်ရပ်တစ်ရွာမှာ မြင်မကောင်း မှာ စိုးလို့ .."

"အဲဒီတော့ တစ်ရပ် တစ်ကျေးဆောက်မှာပေါ့ .. ရန်ကုန် မပြ တော့ဘူး ..၊ ဟိုပြောင်းဒီပြောင်း ပိုတောင် ကောင်းသေးတယ် .."

"မရဘူး .. ဒီနေ့ပဲ ..၊ နောက်နေ့ မလုပ်ပေးဘူး"

"မင်းက နောက်နေ့ ကိုယ့်မိန်းမ မဟုတ်တော့ဘူးလား .."

"အဲဒီလိုဖြစ်ချင်နေတာ ကြာပြီ .."

"ဟုတ်လား .."

"အို .. ဘာလုပ်တာလဲ ..၊ ဖယ် .."

"ကိုယ်တို့ လင်မယားဆိုတာ နောက်နေ့တွေပါ မမေ့ဖို့ လိုတယ် လေ .."

ချာန်း က ခုတင်ဘေးမှာ ထိုင်ချလိုက်ပြီး ဆောင်း လက်လေးကို သူ့ဘေးမှာ ထိုင်ကျလာအောင် ဆွဲချပစ်၍ ...

"ရန်တွေ့ကောင်းတာ ချစ်ဖို့တော့ ကောင်းပါတယ် .. ဒါပေမယ့် ကိုယ့်ကို ထိခိုက်ဖို့တွေ ပါလာရင်တော့ ကာကွယ်ထားရမှာပဲ .."

"ချာန်း နော် .. လွှတ် ..၊ နင် ဘယ်လိုဖြစ်နေတာလဲ .."





"ကိုယ်က ဖြစ်တာ မဟုတ်ဘူး ..၊ မင်း ဖြစ်နေတာ .."

ချာန်း က ဆောင်း ပခုံးလေးကို ဆွဲဖက်ကာ ရင်ခွင်ထဲမှာ မြုပ်နေ င် ပွေ့ပိုက်ပစ်၏။ ပြီးတော့ မျက်နှာချင်းကပ်၍ ...

"ခင်ဗျား ရွာထဲမှာ သွားအိပ်တာ.. အဖွဲ့ကလူတွေကတောင် ရိပ်မိ ကြပြီ နားလည်လား ..၊ ဒီည မပြန်နဲ့တော့ .."

"ငါ ဒီမှာနေရင် ဟိုပြောဒီပြော အရှုပ်စကားတွေ နင် ပြန်ကြားရ .."

"ဘာတွေကြားကြား အရှုးလို့ ကိုယ် ဘယ်နှစ်ခါ ပြောဖူးလို့လဲ"

"တစ်နေ့ အခါရှစ်ဆယ်လောက် ရန်ဖြစ်နေရမှာလည်း သေချာ .."

"ရန်မဖြစ်ရတော့ရော .. ခင်ဗျားဆီက ကြည်ကြည်သာသာ ရတာ ခဲ့လဲ ပြော .."

"ချာန်း .. နော် .. ရိုသလို ချိတ်သလိုတွေ မပြောနဲ့ .. ဖယ်ပေး.."

တကယ်တော့ ဒီအိမ်ကြီးထဲမှာ ဆောင်း နေကို မနေချင်တာ ဖြစ် ဒီရောက်လာပြီး အဆင်ပြေနေလို့သာ စိတ်ထဲမှာ အေးချမ်းနေခဲ့ ၍ အိပ်မက်တွေကို မေ့လို့ မရ ..။

"အဲဒီလို တူတူမနေတာတွေ လူသိအောင် နေပြပြီး မင်းမင်းထွန်း ာ မရိုးသား ချဉ်းကပ်လာတာကိုတော့ ကျေနပ်နေတယ်ပေါ့ .."

"ချာန်း နော် .."

"မအော်ပါနဲ့ လူကို .."

"အော်မှာပဲ .. လွှတ်ပါလား .. ဖယ် .."

"ဆရာ .."

"ခေါက် .. ခေါက် .."

အရေးကောင်းပြီဆို တံခါးခေါက်သံက တူနဲ့ ပိတ်ထုနေတဲ့ င်း ..၊



www.burmeseclassic.com

www.burmeseclassic.com



ရျာန်း က ဆောင်း ကိုယ်လေးကို လွှတ်လိုက်ပြီး ထရပ်ကာ

"အဲဒါတွေ ပြီးအောင် သိမ်းပေးသွားဦး .."

လို့ မှာပြီးမှ တံခါးသွားဖွင့်၏။

"ဘာလဲ .."

"မင်းသမီးက ခေါင်းမူးနေလို့တဲ့၊ မင်းသားနဲ့ပဲ တစ်ဆင်း ဆက်လိုက်မလား ဆရာ .."

စကားတွေပြောရင်း ထွက်သွားကြတော့ ဆောင်း တစ်ယော တည်း ကျန်ရစ်၏။ နေရာမှထကာ သိမ်းစရာရှိတာတွေ သိမ်း ကိုယ့်အိမ်ထောင်ရေးအကြောင်းက ခေါင်းထဲ ဝင်လာသည်။

ရျာန်း နဲ့သူမ ပြေလည်သင့်သည်မှန်း မသိလို့ မဟုတ်ပေ။ အ အထန် မကျေနပ် အငြိုးထားစရာကိစ္စလည်း ဘာမှမရှိခဲ့ပါ။ ဒါ မယ့် ...

ရျာန်း သာ ရိုးရိုးဒရာမာဇာတ်လမ်းတွေပဲရိုက်တဲ့ ဒါရိုက်တာ ခုလိုပြဿနာမျိုးတွေ ရှိလာပါ့မလားလို့ တွေးမိတိုင်း ဒီအိမ်ထောင် ကို မကျေနပ်ခြင်းတွေ ဆက်တွဲပါလာရခြင်း ဖြစ်သည်။

"ဟင်း .."

သက်ပြင်းရှည်ကြီး ချမိရင်း လျှော်စရာ အဝတ်တွေကို ခြင်း ထည့်ခဲ့ပြီး အပြင်ကို ထွက်လာလျှင် ...

"ကိုကြီးကို စု က ဒါလေးတစ်ခုပဲ တောင်းဆိုတာပါ .."

"အခု မဖြစ်သေးလို့ပါ စုလေး ရာ .. နားမပူပါနဲ့ .."

"အို .. မရဘူး၊ ကိုကြီးရဲ့ကားကို မေဗွန် နဲ့ ရက်ချိတ်လိုက် စု လုံးဝ မကျေနပ်ဘူး၊ တစ်ခုခု ပြန်လုပ်ပေး .."

ဆောင်း ခြေလှမ်းတွေ ရပ်တန့်ကုန်၏။ စုစန္ဒီဆွေ နဲ့ ရျာန်း ကူညီဖို့ လိုက်လာပေးသည့် ဒါရိုက်တာ အကယ်ဒမီ လေပြည် ဦးလေပြည် လို့ ခေါ်နေကြတဲ့အရွယ်ပါ။ အသက်က ငါး





ဟော့ ရှိလိမ့်မည် ထင်သည်။ ဒီလောက်ထိ သဘောကောင်း စာနာ တတ်သည့် ဦးလေပြည် ကို ဒီပုံစံ မြင်လိုက်ရတော့ အံ့သြသွားမိသည်။

ဆောင်း ဒီဘက်က မထွက်တော့ဘဲ နောက်ဖေးဘက်ကို ခြေဦး လှည့်ခဲ့မိ၏။ မျက်လုံးထဲမှာ မင်းသမီး စုစန္ဒီဆွေ ၏ ပြစ်မျိုးမဲ့မထင် သော အလှတရားတို့က ပေါ်လာနေ၏။

လောဘတရားတို့၏ အမိုက်မှောင်ဖုံးခြင်းက ကြောက်စရာပါလား၊ ညာလောဘ .. ဥစ္စာလောဘ ..၊ ပြီးတော့ ယခုကဲ့သို့သော အောင်မြင် ခြင်းကြောင့် ဖြစ်ခဲ့သော တဏှာလောဘ ..။

စိတ်ကူးတို့နှင့် လျှောက်နေမိစဉ် လက်က နံရံမှာ ပုတ်ခတ်မိသွား ဖြင့် ရေနံချေးလို ပျော့ညစ်ညစ်တွေ ပေသွား၏။

"မမ ဘယ်လဲဟင် .."

ရေချိုးခန်းဘက်ကို ဝင်လိုက်ကာမှ ထမင်းချက်အဖွဲ့ထဲက မိန်း လေးတစ်ယောက်က လှမ်းမေးသဖြင့် ပြန်ငဲ့ကြည့်မိကာ ...

"သြော် .. လက်နည်းနည်း ဆေးချင်လို့ပါ"

"အထဲမှာ ရေကုန်ပြီ မမရဲ့ .. ခဏလေးနော်၊ နောက်ဖေးက သွားသယ်ပေးမယ် .."

"ဟုတ်လား .. ရေစင်မှာ ရေမရှိတော့ဘူးလား .."

"မရှိဘူး .. မော်တာလည်း ပျက်လို့ မောင်းမရဘူး၊ အဲ့ဒါ ဆရာတို့ ညနေမှ မော်တာချိန်းမှာလို့ ပြောတယ် .."

"ရပါတယ် .. လက်ဆေးဖို့လောက်ပဲ မသယ်ခဲ့နဲ့တော့ ညီမလေး၊ တို့ လိုတယ်ဆိုမှ လုပ်ပေးလိုက် .. လုပ်စရာရှိတာ သွားလုပ်နော်.."

"ဟုတ်ကဲ့ .."

ကောင်မလေးက လှစ်ခနဲ ပြန်ထွက်သွား၏။ လူမနေတာ ကြာတဲ့ အိမ်ဆိုတော့ ရုတ်တရက် အဆင်မပြေတာတွေက အများကြီးပဲ ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်နေရင်း လိုအပ်လာမှသာ အဆင်ပြေသလို ဖြည့်စွက်[...] ဆင်သွားရတာမို့ အခက်အခဲတော့ ရှိ၏။ ဒါတောင် ခြံထဲမှာ အစီစဉ်[...] ရှိနေသဖြင့် ပင်ပန်းပေမယ့် ချိုးဖို့သုံးဖို့ အဆင်ပြေနေတာ ဖြစ်သည်[...]

ဆောင်း က ရေချိုးခန်းထဲဝင်ကာ နံရံတစ်ဖက်ခြမ်းမှာ အ[...] လိုက် ခါးစောင်းသာသာလောက်ရှိနေသည့် ကျောက်ကန်ကြီးအော[...] လက်ဆေးဖို့ ရပ်သည်။

မြို့က ရေချိုးခန်းတွေလို ခေတ်မီ အသုံးအဆောင်ပစ္စည်း[...] အဆင့်မြင့်မြင့် မဟုတ်သော်လည်း အဝတ်လှန်းဖို့၊ မျက်နှာသုတ်[...] တင်ဖို့၊ ဆပ်ပြာ .. ရေခွက် .. သူ့နေရာနဲ့သူ ထားဖို့က အထဲမှာ [...] ကျယ်ဝန်းဝန်း သေသပ်စွာ ရှိနေ၏။

စတင် တည်ဆောက်ခဲ့သည့် ကာလနောက်ကို ပြန်ကြည့်မည်[...] လျှင် ဒီလိုနေရာမျိုးမှာ ခုလို သေသပ်ပြည့်စုံအောင် စီမံတည်ဆော[...] ထားခဲ့တာ အထင်ကြီးဖို့ ကောင်းသလို သေချာ တွေးကြည့်တော့[...] တစ်မျိုးကြီးလိုလို ..။

သုံးပေ နှစ်ပေလောက်ရှိသည့် မှန်ချပ်ကြီးရှေ့မှာ ရပ်ရင်း ဆပ်[...] ဘူးကို လှမ်းယူလိုက်မိသည်။ ပြီးတော့ လက်မှာ ဘာတွေပေလဲဆို[...] သေချာငုံ့ကြည့်ရင်း အောက်ထိ ကျနေပြီဖြစ်သည့် ရေကို ရေခွက်[...] တော်တော် ခါးကုန်းအောင် ခပ်ယူရ၏။

ထိုစဉ် ကန်ရဲ့ဟိုဘက်ထိပ်ကနေ တစ်ယောက်ကလည်း ရေ[...] လိုက်သဖြင့် လက်ကို ငုံ့ကြည့်လိုက်မိသေးသည်။ ပြီးမှ ကိုယ်ကို [...] မတ်၍ သေချာ ပြန်ကြည့်ရသည်။

"ဘယ်သူများလဲလို့ မနှင်းပိုပို ခုထိ အဝတ်စား မလဲရသေး[...] လား .."

"အင်း .."

လက်ကို ဆပ်ပြာပွတ်တိုက်နေမိစဉ် 'အင်း ..'ဆိုသည့် ဖြေသံ[...]





[...]ကျောထဲမှာ စိမ့်ခနဲ အေးသွား၏။

[...]ဘယ်လိုအသံမျိုးကြီးလဲ ..။

[...]ဆောင်း ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ နှင်းပိုပို က အပြင်ကို [...]ခွမ်းချင်း လှမ်းထွက်သွား၏။ ဆံပင်တွေက ဟားလျားအတိုင်း [...]တာ ခြေသလုံးတစ်ဝက်သာသာအထိ ရှည်သည့် လက်ရှည်အင်္ကျီ [...]ရောင်ဖားဖားကြီးက ခပ်တောင့်တောင့် လျှောက်သွားပုံနှင့် ကြည့် [...]ကောင်း ..။

"မနှင်းပိုပို .."

ဆောင်း နှစ်လှမ်းလောက် လိုက်သွားပြီး ခေါ်လိုက်ပေမယ့် [...]တာ အချမ်းတက်နေတဲ့အတိုင်း ..။

[...]နှင်းပိုပို က လှည့်မကြည့်ဘဲ ချိုးကွေ့ပျောက်ကွယ်သွားပြီ ဖြစ်၏။ [...]င်း တစ်စုံတစ်ခုကို သတိရလို့ ပြန်ကြည့်လိုက်တော့ ကန်ဘောင် [...]မှာ ဘာရေခွက်မှ မရှိ ..။

[...]ထိုနည်းလိုပဲ ရေခွက်နဲ့ရေလှမ်းခပ်လိုက်တော့ သူမ သေချာမြင်သည်။ [...]ထားတဲ့အတိုင်းပဲ ရေနဲ့ရေခွက်ကတော့ ရှိနေရမှာ မဟုတ်ဘူးလား..။ [...]ဒါ .. မဟုတ်ဘူး ..။

ဆောင်း အတင်းပြေးထွက်လိုက်သွားမိလျှင် အပြင်မှာ ဘယ်သူမှ [...]။ ဆက်လိုက်ဖို့ ခြေလှမ်းပြင်လိုက်တော့ နောက်ကနေ တစ်ယောက် [...]က လှမ်းဆွဲထားလိုက်၏။

"ဆောင်း .. ဘာတွေ အမောတကော ဖြစ်နေတာလဲ .."

"ရှာန်း .."

"အင်းလေ .. ခဏနားတုန်း ခြံထဲမှာ လမ်းဆင်းလျှောက်ရအောင် [...]တာလဲ .. အစောကြီး ရှိသေးတယ် .. ပြန်ချင်ပြီလား .."

ဆောင်း က ခေါင်းခါလိုက်မိရင်း ...

"မနှင်းပိုပို ဘယ်မှာလဲဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"သူပါမယ့်အခန်း မရှိတော့လို့ အနောက်တော်လမ်းဘက် ထ
လျှောက်ထွက်သွားကြတယ်၊ ခတ်ပုံဆရာနဲ့ ဒေါ်စာဥ တို့အဖွဲ့ဝါ
သွားသေးတယ် .."

ခတ်ပုံဆရာလို့ ပြောတော့ ဈာန်း က မချိုမချဉ်ပြုံး၏။ ဆော
က မျက်လုံးပြူးလေးနှင့် စိုက်ကြည့်နေတာကို ဘာထင်ပြီး ရန်ဖြစ်ကြ
ပြင်ဆင်ထားသည် မသိ ..။

"မေးလို့ ပြောပြတာနော် ..၊ နှစ်ခါသုံးခါ ပြန်မမေးရအောင်လို့
သူကပဲ ပြန်ရှင်းပြနေသေးသည်။ ဆောင်း က ဒါကို နည်းနည်
လေးမှ ခေါင်းထဲထည့်မိခြင်း မရှိဘဲ ...

"မနှင်းပိုပို က ရှုတင်ထဲက အကိုကြီးနဲ့ လိုက်သွားတာလား

"ဟုတ်မလား ဆောင်း ရာ .. သရဲကားမို့လို့ တမင်တကာ လူ
ကောင်နဲ့တူအောင် ရှုတ်ချထားရတာကြီးကို .."

"ဟင်!..."

"သူလည်း မစု နဲ့အပြိုင်လင်းချင်တဲ့ ကြယ်တစ်ပွင့်ပဲ ..၊ ပြင်သွ
လိုက်တာမှ တစ်ကိုယ်လုံး ပြာတောက်နေတာပဲ .."

ဆောင်း မျက်နှာလေး သွေးဆုတ်ဖြူဖျော့သွားတာကို သတိမထ
မိဘဲ သေချာ ပြောနေ၏။ ပြောလို့ပြီးမှ မျက်မှောင်ကုတ်သွားကာ

"ဘာဖြစ်လို့လဲ .."

"ငါ .. ငါ .. သူ့ကို ခုပဲ တွေ့လိုက်တာ .. ဝတ်ရုံအဖြူကြီးနဲ့

"သူတို့က သွားကြတာ ကြာလှပြီလို့ ဆိုမှ .."

"မဟုတ်ဘူး .. ခုလေးတင် ငါ့ရှေ့က ထွက်သွားတာ၊ ရေချိုး
ထဲ ဝင်လာပြီး .. ဟို .."

"အိမ်မှာ လူတွေ တအားများတော့ နေရာတကာမှာ သွားလာ
ကြတာပဲ ဆောင်း ရယ် .. နင် တစ်ယောက်ယောက်ကို မြင်လိုက်
နေမှာပါ .."





"ဟင့်အင်း .. မှားတာ မဟုတ်ဘူး ဈာန်း .."

"မှားတာလို့ပဲ မြင်လိုက်ရင် မင်း ပိုပြီး မအေးချမ်းဘူးလား
ဆောင်း ..၊ လေတိုက်လို့ ..ာက်ရွက်လှုပ်တာတောင် သရဲခြောက်တာလို့
မြင်ရင် ကြောက်လာတာပဲ၊ ကြောက်လည်း မကြောက်နဲ့နော် .. ဒီအိမ်
ကြီးထဲမှာ ကိုယ်တို့အဖွဲ့တွေချည်းပဲ မနည်းဘူး" တဲ့ ..။

ပြောရင်း ဆောင်း လက်လေးကို လှမ်းဆွဲ၍ အားပေးသလို ဖျစ်
ညှစ်၏။

"အေးစက်နေတာပဲ .. ပြဿနာပဲကွာ ..၊ ယောကျ်ားလုပ်တဲ့လူက
သရဲကားတွေ ကြောက်စရာကောင်းအောင် ဖန်တီး ရိုက်ကူးနေတယ်၊
မိန်းမလုပ်တဲ့လူက ခြေကန် ကြောက်နေတယ်၊ လာပါ .. ထင်စရာတွေ
အားလုံးကို ပေါ့ပေါ့ပါးပါး မေ့ထားလိုက်တော့ .."

ပြောပြန်ပြီ ဒီသိုစကား ..၊

သူ ပခုံးလေး ဖက်ခေါ်သွားတဲ့နောက် ပါလာခဲ့ရင်း ရင်ခုန်သံတွေ
မြန်နေဆဲ ကိုယ့်ရင်ဘတ်လေးကို ပြန်ငုံ့ကြည့်မိ၏။ ပြီးတော့ ဝမ်းနည်း
ခံတ်ခြင်းတွေ တစ်ကနေ ပြန်စလာကြသည်။

နာကျင်တတ်ပြီဆိုရင် အဲဒါ ရှုံးနိမ့်ခြင်းပဲတဲ့ ..။

နာကျင်ခြင်း .. မနာကျင်ခြင်းအတွက် ရင်ဘတ်ကြီးထဲကို ဘယ်
လို ပြင်ဆင်ထားရမလဲ..။

ရှုံးနေပြီဆိုရင်လည်း မတတ်နိုင် ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၉)

"မလုံးခင်တို့ သားအမိကို ဆောင်း က အလိုက်ကမ်းဆိုး ခေါ်သိပ်နေသလို ဖြစ်နေပြီ ထင်တယ် .."

"မဖြစ်ပါဘူးတော် .. ကိုဖိုးခွေး တို့ ခုလောက်ဆို ညီမကို ကျေ တောင် တင်နေဦးမယ် .."

"ဟုတ်ရဲ့လား မလုံးခင် ရယ် .."

"သြော်.. တကယ်ပြောတာ .. ဟောဒီ အငယ်ကောင်က နေ့ ဆို အသေဆော့ ..၊ ညရောက်ပြီဆို အကြောတက်တာနဲ့ မောင်နှမ ကျုပ်ကျုပ်သိပ်သိပ် အိပ်ရတာနဲ့ .. သန်းခေါင်ကျော်တာနဲ့ ဝုန်းဒိုင်း ကန်ကျောက်ပြီး ငိုပါလေရော .."

"ဟုတ်လား .."

မလုံးခင် က ခေါင်းညိတ်၍ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီး ဖွာသည်။ မျက်နှာက သိပ်မရင့်သေးဘဲ ဆေးလိပ်ကြီးတပ်လိုက် ကြည့်ရတော့ ဆိုးသည်။ ဒါပေမယ့် ရွာသူတွေရဲ့ စရိုက်ပဲမို့ အမျိုးသ တွေ ဆေးလိပ်သောက်နေကြတာ ဒီတိုင်းပါပဲ။





ပြီးတော့ ညတိုင်း ဆောင်း အတွက် သုပ်လာပေးသည့် အသုပ် အမျိုးမျိုးက ဒီညတော့ မဲဇလီဖူးသုပ်ဖြစ်ကာ မြေပဲဆံတွေက လေးစိတ် ကွဲရှံ ..။ ကြက်သွန်နီက ဘယ်နှစ်ချက်လောက်နဲ့ လှီးချထားသည် သိ။ ပန်းကန်ထဲမှာကော့ အတုံးလိုက် အတစ်လိုက် ရှိနေကြ၏။

အသုပ်တွေယူလာတိုင်း လက်ရာက ကဗျာမဆန်ပေမယ့် ဒါတွေပဲ ချိုချမိနေကာ ဒီနေ့အဖို့တော့ အဆန်းမဟုတ်တော့သလိုပင် ..။

မလုံးခင် က ဆောင်း တစ်ခွန်းခပ်စားပြီးတိုင်း ပန်းကန်ကို ရှေ့ နည်းနည်းတိုးပေးလိုက်ရှိလျက် ..၊ စကားစလိုက်တိုင်း ဖင်ရွှေ့ထိုင်တတ် တာလည်း အကျင့်တစ်ခု ဖြစ်၏။

"အိမ်မှာက ကြမ်းခင်းလည်း ဖြစ် .. အိပ်ကြရတာလည်း ကျဉ်း တယ်လေ ..၊ ကလေးက ငါးယောက် .. လူကြီး နှစ်ယောက်ဆိုတော့ စဉ်းစားကြည့်ပေါ့"

"အင်းပေါ့ .."

"အခု ညည ထငိုတတ်တဲ့ကောင်က ဒီမှာ ပါလာတယ်၊ ဟိုက ကလေးတွေလည်း တစ်ယောက်စာ ကျယ်သွားတယ်၊ ဒီကောင်လည်း ချောင်ချောင်ချိချိ အိပ်ရတော့ ဘာသံမှ မထွက်တော့ဘူး၊ ကိုဖိုးခွေး တို့ ခိမ်ကျလို့ပေါ့ .."

ပြောပုံက မဲ့ရွဲ့နေသဖြင့် ဆောင်း က ရယ်လိုက်ရင်း ...

"ဟုတ်ရဲ့လား မသိဘူး .. ဆောင်း ကိုတော့ ဈာန်း က ကပ်ကပ် ပြောနေတာ .."

"ဘာတဲ့တုံး .."

"သူများလင်မယား ခွဲအိပ်နေရတာ တစ်ရက် .. နှစ်ရက်လည်း မကတော့ဘူး.. မင်း ဝဋ်လည်လိမ့်မယ်တဲ့၊ ပြီးတော့ ကိုဖိုးခွေး ခုလောက် ဆို တင်းနေလောက်ပြီတဲ့ .."

"အမလေးလေး .. ဘာတင်းတာတုံး .. ဘာမှ မတင်းပါဘူးတော်..



www.burmeseclassic.com

www.burmeseclassic.com



ရှက်စရာတွေ ..."

ဘယ်လိုသဘောပေါက်သွားသည် မသိဘဲ ခီးခွက် မီးရောင် အောက်မှာ မလုံးခင် မျက်နှာကြီး ရှက်ကိုးရှက်ကန်းဖြစ်လျက် .. ဆေး လိပ်တောင် လွှတ်ကျတော့မတတ် ...။

"မဟုတ်ဘူး မလုံးခင် ရဲ့ .. တင်းတယ်ဆိုတာ ဟိုဟာ .. အဲ .. ဘာကိုမှ ပြောတာ မဟုတ်ဘူး၊ စိတ်တိုတာကို 'တင်း'တယ်လို့ ပြော တာ .."

"ပေါက်ပေါက်ရှာရှာတော် ..."

"ဟုတ်တယ် .. မြို့မှာ အဲဒီလို ပေါက်ပေါက်ရှာရှာ စကားတွေ အပြောများတယ်၊ 'ဗန်းစကား'ပေါ့ .."

"ဗန်းစကား .."

"ဟုတ်တယ် .. စိတ်ညစ်တာကို 'စိတ်ပိန်'တယ် ဘာညာ ပြော တာမျိုး .."

"သြော် .."

သေချာရှင်းပြမှ ဓာတ်ရည်လည်ရှာသည်။ ဒီတော့မှ ဆေးလိပ်ဖွာ ဖို့ သတိရကာ ...

"အင်း .. ဒီလိုမျိုး ဖြစ်စရာလား ဆောင်း ရယ် .. ညီမတို့က ညလေး လာအိပ်ပေးတာအတွက် ဆီတွေပေး .. ဆန်တွေပေးနဲ့ ငါတို့ မိသားစုမှာ ဟန်ကိုကျလို့၊ ပြန်သွားမှာ စိုးတယ်လို့တောင် ကိုဖိုးခွေး က ပြောသေးတာ၊ ဟိုလိုဒီလိုငိတ်တွေလည်း မရှိပါဘူး ဆောင်း ရယ် အဲဒီအတွက်လည်း မပူပါနဲ့၊ ငါတို့ တောသူတောင်သားက လင်ရယ် မယားရယ် ဖြစ်ကြပြီဆိုတည်းက မောင်တစ်ထမ်း မယ်တစ်ရွက်နဲ့ မိသားစု ထမင်းဝဖို့အတွက်ပဲ အဓိက ဖြစ်သွားကြတာ .."

"ဟင် .. ဒီလိုကြီးဆိုရင်တော့ မကောင်းပါဘူး၊ ချစ်လို့ အတူတူ နေကြတဲ့ဟာကို .."





ဆောင်း ပြောပုံလေးကို သဘောကျပြီး မလုံးခင် က ရယ်သည်။ ပြီးတော့ ဖင်ရွှေ့ထိုင်ရင်း ဆေးလိပ်ဖွာလိုက်ပြီးမှ ...

"မြို့က သူဌေးတွေလို သားသမီးတွေအတွက် စည်းစိမ်ချမ်းသာ တွေ အမွေပေးနိုင်ကြတာမှ မဟုတ်တာအေ ..၊ လင်ယူသားမွေးဖို့ ဆုံး ဖြတ်ပြီဆို ဒီလူ ကိုယ့်အပေါ်မှာ ရိုးမြေကျ သစ္စာရှိစွာ ပေါင်းမယ့်သူ လား.. ပျင်းရိသောက်စားနေမယ့်သူလား ..၊ ဒါကို ကိုယ့်ဘာသာရွေး၊ မိဘက သင့်တော်မတော် စဉ်းစား စုံဖက်ပေး.. ဒါနဲ့ပဲ ညားကုန်ကြတာ.."

"လူတိုင်း ဒီလိုပဲတော့ မဟုတ်လောက်ပါဘူး .."

"အားလုံး မဟုတ်ပေမယ့် ရွာလယ်က သူဌေးသားသမီး တစ် ဆက်စ နှစ်ယောက်စကတော့ မိဘရဲ့ လယ်ယာကွဲနွား ရွှေတိုရွှေစနဲ့ ညားကျသွားကြတာ ရှိတာပေါ့၊ ငါတို့လိုလူတွေကတော့ ခု မြင်တဲ့ အတိုင်းပဲ .. ဘယ်သူဌေးက စာရင်းငှားခေါ်မလဲ၊ ဘယ်လယ်ပိုင်က တစ်နွေ တစ်မိုးစာ စာရင်းငှားယူမလဲ၊ ဒါလေး ထိုင်စောင့်နေရတာ.."

"စာရင်းငှားဆိုတာက .."

"စာရင်းငှားဆိုတာက ဘယ်ပိုင်အိမ်မှာ နေ့ရောညရော နေပြီး သူ့အိမ်က ပိုင်သမျှ လယ်အလုပ်၊ တိရစ္ဆာန်ထိန်းကျောင်း ကျွေးမွေးဖို့၊ အဲဒီအိမ်က ထင်းခွဲ ရေခပ်ကအစ အားလုံး လုပ်ရတာ .. ပြောရရင် ကျွန်ပါပဲအေ ..၊ အဲဒီလို ခွဲနေရတာတွေ ထုံးစံဖြစ်နေတော့ လင်မယား အတူမနေရတာတွေ၊ မိသားစုနဲ့ အတူမရှိရတာတွေ ဘာများ ဆန်းတော့ လို့လဲ .."

"ဒါဆို အဲဒီလုပ်အားခက မိသားစု စားလောက်တာပေါ့ .."

"မလောက်ငလည်း ဘာတတ်နိုင်မှာလဲ ..၊ ကိုယ့်အိမ်ခြံထဲမှာ အားပင်သီးပင်စိုက်ပြီး သီးပွင့်လာတာတွေကိုပဲ ပြုတ်သုပ် ခူးစားရတာ ပေါ့၊ ကလေး ကြီးကြီးမားမားလေးတွေရှိတဲ့ အိမ်ကတော့ ကလေးတွေ က တောထဲမှာ ဟင်းရွက်သွားခူး၊ မှိုစ်သွားချိုးနဲ့ .. တချို့ကျတော့



www.burmeseclassic.com

www.burmeseclassic.com



ငါးရှာဖားရှာကြတာလည်း ရှိတယ်၊ မအေက လယ်ရောင်းတာ အလုပ်အကိုင်ဆိုတာ အဲဒါတွေပဲ ..''

ရင်မောစရာပါလား ..၊ ရှာ သးကိုကြည့်တော့ ဒီလောက် ဆင်းရဲကြပုံ မပေါ်ပါ။ ကိုယ့်ခြံ ကိုယ့်ဝင်းထဲမှာ စားပင်သီးပင် နှံ တာလည်း အိမ်တိုင်းလိုပဲဆိုတော့ လယ်ရောင်းရတဲ့သူရော ဘယ ရမှာလဲ ..။

လူဖြစ်လာတဲ့ ဘဝတွေများစွာမှာ ဒီလိုဒေသ .. ဒီလိုဘဝမျိုး ရှိနေတာ ခုမှပဲ လက်တွေ့ မြင်တွေ့ရတော့သည်။ မတူညီကြ ဘဝတွေအကြောင်း .. ဆောင်း တွေးမိနေသလို မလုံးခင် က ဒါကိုပဲ တွေးမိသွားပုံပေါ်ကာ ...

''လူဖြစ်ပြီး ဘဝအခြေအနေတွေ ကွာခြားတာ .. ငါဖြင့် မြ လူတွေကို မြင်ရတိုင်း သံဝေဂရမိတယ်၊ ငါတို့တွေကတော့ မရှိလို့ မလှူခဲ့လို့ မွဲနေရင်း ဒီအရပ်ဒေသ၊ ဒီဘဝမျိုးမှာပဲ ပလယ်နေ ဖြစ်မှာပေါ့၊ ကြည့်လေ .. ညီမလေးတို့ဆိုင် နီရဲမှုန်အုပြီး လှလို တာမှ ထိကြည့်ရဲစရာ မရှိဘူး ..''

''ဒါက ရေမြေဒေသချင်း မတူတာလည်း ပါပါတယ် မလုံး ရယ် .. ဒါနဲ့ မြို့သူတွေ မြင်ရတိုင်းဆိုတော့ မလုံးခင် က မြို့ကို နှစ်ခေါက်လောက် ရောက်ဖူးလို့လဲဟင် ..''

''မရောက်ဖူးပါဘူး .. မြို့ကလူတွေ ဒီကိုလာကြတာ ..''

''ဟုတ်လား ..''

''လာကြတဲ့လူတွေကလည်း အဲဒီအိမ်ဟောင်းကြီးကိုလာကြတာ

''ဘာလုပ်ကြတာလဲဟင် .. ဆောင်း တို့လို ခရီးလမ်းရိုက် လူတွေပဲလား ..''

မလုံးခင် က ဆေးလိပ်တိုကြီးကို ကြမ်းကြားမှာ သေချာငြိမ်သ အောင် ချထားလိုက်မိပြီးမှ ...





''မသိလိုက်ဘူး .. ဒီအိမ်မှာ ချေ့သည်တင်လိုက်ပြီလို့ ကြားရင် မြို့က လူတွေပဲ၊ သိပ်တော့ မများပါဘူး .. နှစ်ယောက် သုံးယောက် တစ်သုတ်လောက် .. နှစ်ခါလားပဲ မြင်လိုက်တယ်၊ ပြီးတော့လည်း ပြန်သွားကြတာပဲ .. ရွာက ချေ့ဝတ်မကျေလို့ ကြာကြာမနေတာ ဖြစ် မှာပေါ့၊ ဒီမှာတည်းတဲ့လူဆိုရင် အဘွားချေ့သည် ဖြစ်နေလို့ကို ဘယ်သူ ကမှ အဖက်မလုပ်ဘဲ နေကြတာ ..''

''ဒါဖြင့် မလုံးခင် တို့ ခုလို ရောနှောနေပေးတာကိုရော သူတို့က အမြင်မစောင်းဘူးလား ..''

''စောင်းလည်း ဂရုမစိုက်ပါဘူး၊ အဲ.. ငါတို့နဲ့ ခင်သွားတဲ့လူလည်း ရှိခဲ့ဘူး ညီမလေးရဲ့ .. နင်တို့လူစုကွေပဲ ရှိသေးတာ ..၊ တခြားချေ့သည် တွေကလည်း သူတို့ကိစ္စနဲ့ပဲ လာကြတာ ထင်တယ်၊ ဘယ်ရွာသားကိုမှ နင်တို့လို ခင်ခင်မင်မင် မိတ်ဆက်ပြောဆိုနေတာ မရတွေ့ဖူးဘူး ..''

''ကြည့်ရတာ အဘွားက စိတ်ဝင်စားဖို့ကောင်းနေတာ ထင်တယ်''

မလုံးခင် က ခေါင်းညိတ်သည်။ အနည်းငယ် ညဥ့်နက်လာသဖြင့် ချွေးဟောင်သံတွေ ဆူညံစ ပြုလာပြီး လေတိုက်ပုံက ဟူးခနဲ တိုးဆောင့် သွားလိုက် .. လုံးဝ ငြိမ်ကျသွားလိုက် ..၊

ထို့ကြောင့် ရေနံ့ဆီမီးခွက်၏ မီးညွန့်ရဲရဲက ယိမ်းနွဲ့နေတာရော၊ ငြိမ်းသေလုမတတ် ဝပ်ဆင်း အားပျော့သွားတာရော အသည်းယားဖွယ် ဖြစ်နေခဲ့သည်။

မလုံးခင် က မီးတောက်ကို လက်ခုပ်တစ်ဖက်နဲ့ ကာထားရင် အိပ်မောကျနေသည့် သားဖြစ်သူကို လည်ပင်းရှည် ကြည့်သည်။ ပြီးမှ စကားဆက်၏။

''အဘွား ခုလောက် အသက်ရှည်နေတာဟောင်မှ တချို့က အဘွား က လူသက်မရှိတော့ဘူး .. ဖုတ်သက်ပဲ ရှိတော့တာတဲ့၊ တချို့ကတော့ စုန်းမ ဖြစ်နေပြီ .. အမျိုးမျိုး ပြောနေကြတာ ..''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. ဖုတ်ဝင်နေပြီ ပြောရအောင် အဘွား က အသား စိမ်း ငါးစိမ်းတွေ စားနေလို့လားဟင် .."

"ဩော် .. မြို့သူကလည်း ခက်ပါ့ .. အစိမ်းတွေ စားတဲ့အဆင့် ဆိုရင် သရဲပူးပြီပေါ့၊ ခုဟာက အသက်အရွယ်နဲ့ မလိုက်အောင် စား ကောင်းသောက်ကောင်းနဲ့ အရမ်းကျန်းမာနေလို့ ပြောကြတာ ‌နောက် ပြီး အဘွား အမိဋ္ဌာန်ဝင်နေတဲ့ရက်တွေဆိုလည်း အဘွားအိမ်မှာ အဘွား ကို မြင်နေရတယ်တဲ့ .. မီးရောင် မြင်တယ်တဲ့ .. အမျိုးမျိုးပါပဲ"

"အဘွားက အဓိဋ္ဌာန်ဝင်နေရင် ကိုယ်ပျောက်နေလို့လား ..ဟင် .."

"ဘယ်ကလာ .. အဘွား အဓိဋ္ဌာန်ဝင်ရင် ဘုန်းကြီးကျောင်း နောက်က ကျောက်ဂူလေးထဲမှာ သွားနေတာလေ၊ တစ်လ .. သုံးလ အဲဒါမျိုး ဝဇီပိတ် ဝင်တာ .."

အံ့သြစရာပါလား ..၊ လူတွေ ပါးစပ်ရှိတိုင်း လျှောက်ပြောနေကြ တာလို့ မလုံးခင် က ပြောတာပေမယ့် ဆောင်း ကတော့ ဒီလိုမထင်။ ကိုယ်တိုင် မြင်နေရတာတွေက လက်တွေ့မို့ တခြားလူတွေလည်း ကိုယ့်လို မြင်နေတာလားလို့ တွေးနေမိ၏။ ဒီရွာဟာ ဘယ်လို အရှု အဆ ထုံးစံတွေနဲ့ ဒေသမျိုးလဲ ..။

"ကဲ .. ခွေးတွေလည်း တအားဟောင်နေပြီ .. ညီမ အိပ်ချင်အိပ် တော့လေ၊ ဒီရွာအကြောင်း ပြောနေလို့ကတော့ မိုးလင်းတာတောင် ကုန်မှာ မဟုတ်ဘူး .."

"ဟုတ်လား .. ထပ်ရှိသေးလို့လား .."

"အဲဒီလို ဟိုပြောဒီပြောတွေမှ ပြောမကုန်နိုင်ပါဘူးဆို .. အထူး သဖြင့် သရဲတစ္ဆေတွေအကြောင်း လူပြောများလာတာ .. အဘွား ရွာ ပြန်နေကာမှလေ .."

"ဟုတ်တယ် .."

"ဟုတ်ပ ဒီအိမ်မှာတောင် ဧည့်သည်မရှိလည်း လူရှိပါတယ်





ပြောတဲ့ လူက ပြော ..၊ ရယ်သံတွေ ကြား.. ငိုသံတွေ ကြား .. သူတို့ပဲ အမျိုးမျိုး ကြားနေကြတယ် .."

"မလုံးခင် က မယုံလို့ မကြောက်တာလား .."

"မကြောက်ပါဘူး .. ယုံအောင် ပြောလည်း မကြောက် .."

"ဘုန်း .."

"အောင်မလေး!... ဖိုးခွေး ရဲ့ .. နွမပေးရဲ့ .. လုပ်ပါဦး .."

မလုံးခင် ကျောကော့အော်ကာ မဲဇလီဖူးပန်းကန်ပြားကြီးကို ကုန်း ကျော်သည်။ ဆောင်း ရဲ့ဘေးမှာ ဘိုင်းခနဲ ဖင်ထိုင်ချပြီးမှ တစ်ခြမ်း လာသည့် ပိတ်ထားသော တံခါးပေါက်ကို မျက်လုံးကြီး ကျွတ်ထွက် တတ် ပြူးကြည့်၏။

"တံခါး .. တံခါးကို ဘယ်သူ တွန်းလိုက်တာလဲ .."

"ဟူး .."

လေပြင်းတစ်ချက် သုတ်သွားပြန်သည်။ တိမ်းစောင်း ရုံရွဲ့နေသည့် တံခါးချပ်က တဖျန်းဖျန်း ခါနေသဖြင့် ဆောင်း နဲ့ မလုံးခင် လက်ချင်း ကိုက် ငြိမ်သက်ရင်း အသက်ရှူတွေ ရပ်မတတ် ..၊

ပြီးတော့ ငြိမ်သွားပြန်သည်။

"ဘာတွေ ဖြစ်နေတာလဲ မသိဘူး .."

သတိဝင်သွားတော့ ကိုယ်က အဖော်လုပ်ပေးနေရသည့်အဖြစ်ကို လုံးခင် ရင်ကော့ ခံယူမိသွားကာ ...

"အဟမ်း.. ငါ တံခါးသွားပြန်ပိတ်လိုက်ဦးမယ်၊ မီးခွက် ခဏပေး.."

"ရ .. ရရဲ့လားဟင် .."

အဖော်လိုက်ပေးသင့်ပေမယ့် လောကွတ်စကားလေး ပြောပေးဖို့ ဆောင် ဆောင်း မတတ်နိုင် ..၊ အပြင်က တစ်ယောက်ယောက် တွန်း ကိုက်တာဆိုရင် ဘာဖြစ်လို့ အသံလည်းမပေး၊ ဝင်လည်း မလာခဲ့တာလဲ..။

မလုံးခင် က မီးခွက်ကို ကောက်ယူကာ တံတွေး အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



မျှချ၍ လှေကားထစ်တွေကို တစ်ထစ်ချင်း နင်းဖြတ်သွားသည်။

ချွေးဟောင်းသံတွေက ကိုယ့်အိမ်ပတ်ဝန်းကျင်မှာ ပိုနီးလာသည် ဦးတော့ ဆွဲဆွဲငင်ငင်အူသံတွေ ဖြစ်လာ၏။ အပြင်မှာ လေတိုးသံ ပြ ရတိုင်း ထရံတံခါးချပ်က အပြင်ကနေ လူတွန်းနေသလို တဖြန်းဖြန်း

"အဟမ်း .."

ချောင်း ထပ်ဟန့်လိုက်တာက အပြင်မှာ တစ်ယောက်ယော နောက်နေတာလားလို့ မေးဖို့ ...၊

ဒါပေမယ့် ဘယ်သူမှမရှိသည့် ကိတ်ဆိတ်သော တုံ့ပြန်သံ မကြားရဲသဖြင့် မေးခွန်းထုတ်ဖို့ကို လက်လျှော့လိုက်ရ၏။

ဆောင်း မျက်နှာလေး ဆီးရွက်လောက်သာ ငယ်ကျ ဖြူဆုတ်နေ ကို သတိရကာ 'ငါကြောက်နေလို့ မဖြစ်ဘူး' လို့ ရဲစိတ် ထပ်တင်မိ ပြီးတော့ ...

မီးခွက်ကို တစ်ဖက်က ကိုင်ထားရင်း အထဲကို ကျုံ့ဝင်နေသည့် တံခါးရွက်ကို အပြင်ကို ပြန်ပွင့်သွားအောင် တွန်းဖွင့်လိုက်ရသည် ပြီးမှ ပြန်ဆွဲပိတ်ရပေမယ့် မီးခွက်မီးရောင်က ငြိမ်းသေလုလု ယိမ်း နေသဖြင့် တံခါးဆီ လှမ်းသည့်လက်က မီးခွက်ကို လက်နဲ့ ကာထား ခြင်းသို့ ရောက်၏။

ထိုစဉ် မီးရောင်မဲ့သွားသည့် မျက်စိရှေ့မြင်ကွင်းထဲမှာ မှောင်နဲ့ မည်းမည်းကြားက အဖြူရိပ်တစ်ရိပ်ကို အမှတ်တမဲ့ သတိထားမိလိုက် သဖြင့် ကာထားသည့်လက်ကို ဖယ်ကြည့်မိ၏။

မီးရောင်ဖြာကျသွားသည်နှင့် မြင်လိုက်ရတာက သူမနဲ့ လက်တ ကမ်းအကွာလေးမှာ တောင့်မတ်စွာ ရပ်နေသည့် မိန်းမတစ်ယောက်

"ဟင်!..."

ရုတ်တရက် အသက်ရှူရပ်ကာ လူက ကြက်သေသေသွားသည်။ အနီရောင်သမ်းနေသည့် မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်နေ





ပြူးကြောင်ကြည့်နေပြီးမှ ...

"အောင်မလေး!... သရဲ .. .."

ယ်သံပါအောင် အော်၍ မီးခွက်ကို တွေ့ကရာ ပစ်ပေါက်လိုက် ည့်ဝင်ပြေးလေသည်။

"အမလေး!..."

ဆောင်း မျက်လုံးတွေ မှိတ်ချပစ်ကာ မလုံးခင် ပြေးဖက်ထားလိုက် ရင်ခွင်ထဲမှာ မျက်နှာကိုပါ ထပ်ကွယ်ထားမိသေးသည်။

"သရဲ .. သရဲ .. မျက်လုံးမဖွင့်နဲ့နော် .. ငါ တကယ်မြင်တာ ...၊ .. အပြင်မှာ .. မကြည့်နဲ့နော် ...၊ အမလေး!... နတ်ကောင်း တ်တွေ ကယ်ပါ ...၊ ကိုဖိုးချွေး ရေ .. လုပ်ပါဦး .."

သွားချင်းရိုက်နေသည့် တဂတ်ဂတ်သံကြီး ရောစွက်ကာ မလုံးခင် ာနေခဲ့တာ ရှိသမျှ နတ်တွေအစုံ ပါ၏။

မီးခွက်က တွေ့ကရာ လွှတ်ချပစ်ခဲ့ပေမယ့် ရေနံဆီကုန်နေပြီမို့ ငြိမ်းသွားပြီး ဘယ်ကိုမှ ကူးစက်မလောင်ခဲ့ပေ ..။

တ်ဝန်းကျင်တစ်ခုလုံး ကိုယ့်လက်ချောင်းကို ပြန်မမြင်နိုင်လောက် င် မှောင်မိုက်သွားခဲ့သော်လည်း နာကျင်လာတဲ့အထိ ဖိမှိတ်ထား မျက်လုံးတွေကို ဘယ်သူမှ မဖွင့်ရဲခဲ့ပေ ..။

ဒါနဲ့တောင် နှစ်ယောက်စလုံးပဲ အားကိုးရာတွေ တမ်းတပြီး ည်တွေ ကျနေကြ၏။ ဆောင်း က ရှိုက်ငိုတော့ ချော့နေသည့် ခင် ကလည်း ရှိုက်သံနှင့် ...၊

လေက တဟူးဟူး တိုက်ခတ်လာခဲ့ပြီး လုံးဝ ပွင့်သွားပြီဖြစ်သည့် း၀မှာ လှုပ်ရှားသံတွေ ဖြစ်နေခဲ့တာ ခြေသံတွေလား ...၊ အထဲကို ာတာလား ..။

သက်ပြင်းချသံရှည်ကြီးကရော သရဲခြောက်တာလား ...၊ အိပ်နေ လေး ဟောက်သံလား ..။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း .. ဆောင်း ရဲ့အိတ် စမ်းပေးပါ .. ဖုန်းဆက်ချင်တယ်"

"ဟင်!... ဖုန်းဆက် ခေါ်တော့မှာလား ..၊ ကောင်းတယ် ရှာ
မယ် .."

မလုံးခင် က နှစ်ကိုယ့်တစ်စိတ် ဖြစ်လောက်အောင် ဖက်ထား
သည့်လက်တွေကို ခွာ၍ ကြမ်းပေါ်မှာ လျှောက်စမ်းပေးသည်။ ဆောင်း
က ဖုန်းကို ထုတ်၍ ...

"ချာန်း .. ချာန်း .. ထပါဦး ..၊ ငါ အရမ်းကြောက်နေပြီ -
လာခေါ်လှည့်ပါ"

ဖုန်းပြောရင်း အတင်းပိုချင်နေတာကို ထိန်းမရဖြစ်လာ
ဆောင်း ငိုနေတာ တက်မတတ် ချက်မတတ် ..။

"ဘာတဲ့လဲ .. လာမှာတဲလားဟင် .. ကောင်လေး အိပ်ရာက
ရဲ့လား .."

"အခု လာမယ်တဲ့ .."

တစ်ယောက်မျက်နှာကို တစ်ယောက် စမ်း၍ မျက်ရည်သုတ်
ကြောက်နေတာချင်း တူပေမယ့် မလုံးခင် ကပဲ ဆောင်း ကိုယ်လေး
ထွေးပွေ့ထားရှာသည်။

ဆောင်း ဒုက္ခရောက်မှ ဘုရားကို သတိရသည်။ ဒါပေမယ့် ဘု
စာဆိုလို့ ဂုဏ်တော်ကိုးပါးတောင်မှ အစဉ်လိုက် သေချာမဆိုတတ်

မလုံးခင် ကတော့ ရကို မရတာလား ..၊ ဘုရားကို အားကိုး
သတိမရတာလား..။ သူမ တမ်းတသမျှ ရတနာသုံးပါး တစ်ပါးမှမပါ

ညသည် ချောက်ချားဖွယ်တို့ဖြင့် ပျင်းရိလေးတွဲ့စွာ ခရီးနှင်လျှက်





## အခန်း (၃၀)

"ဟိတ် .. မနိုးသေးဘူးလား .."

နဖူးမှာ လေငွေ့နွေးတို့ လာရောက် ထိတွေ့နေသဖြင့် မျက်လုံး
ဖွင့်လိုက်မိလျှင် အိပ်ရာဘေးမှာ ချာန်း က ခုံပုလေးနဲ့ ထိုင်ကာ
နှာကို လေနဲ့ မှုတ်နှိုးနေတာ ဖြစ်သည်။

"ချာန်း .."

မျက်လုံးတွေ ဖွင့်လိုက်ပြီးမှ ပြန်မှိတ်ရသည်။ ညက အိပ်ရေးပျက်
ရော .. တအား ငိုထားတာရော စုပြုံကာ ကျိန်းစပ် နာကျင်နေ၏။

"ထတော့ .. အရမ်းအိပ်ရင် ခေါင်းကိုက်နေလိမ့်မယ်"

ဆောင်း နိုးပြီးမှန်းသိမှ.. တစ်ဝက်ဖွင့်ထားသည့် ရင်ကွဲခြင်ထောင်
သူ့ဘာသာ ထသိမ်းပစ်သည်။

"ဘယ်နှစ်နာရီ ရှိပြီလဲ .. ဟင် .."

"ကိုးနာရီ ခွဲနေပြီ .."

"ဟုတ်လား .."

ဆောင်း မျက်လုံးကိုပွတ်၍ လူးလဲ ထထိုင်သည်။ ပြီးမှ ဆံပင်တွေ
သပ်ချ၊ အကျီရှုံ့ရှဲ့နေတာကို ဆွဲဆန့် ပြုပြင်၍ ...

"ညက နှင်နဲ့ ပါလာတဲ့လူတွေကို အားနာလိုက်တာ .."

"ကိုယ့်ကိုတော့ မနာဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တာပေါ့ .. ငါတို့ သတိလစ်သွားနိုင်တယ် သိ
မလုံးခင် ရောပဲ .."

"ဟုတ်တယ် .."

ချာန်း မျက်နှာက အရင်လို ပြုံးထေ့ထေ့ ရယ်မြူးရိပ်တို့ ရှိ
ဒါပေမယ့် စိတ်ရှုပ်သွားသည့် အမူအရာတွေပဲ ပိုနေကာ ...

"မလုံးခင် ကလည်း အားကိုးရမလား မှတ်ပါတယ် ..
ကူပြီး အော်နေတယ်၊ တကယ်ပါပဲ .."

"မလုံးခင် က တွေ့တာ ချာန်း ရဲ့.. နင်က ခုထိမယုံသေးဘူး

"ယုံတယ်လေ .. မင်းတို့ သေမတတ် ငိုယို ထိတ်လန့်နေ
အားလုံး မြင်တာပဲဟာ .."

ဆောင်း ဖုန်းဆက်တာနှင့် သူ ချက်ချင်း ထလိုက်လာခဲ့တာ
အဖွဲ့ထဲက ကောင်လေးတွေ သုံးလေးယောက် ပါသည်။ နှစ်မိုင်
ကွာဝေးပေမယ့် တကယ်က တစ်မိုင်ခွဲသာသာလောက်ပဲ ရှိသည်

ခရီးက မဝေးလှဘဲ တောလမ်းကကြမ်းသည့်ပြင် မဟူရာည
မှောင်တာက ပိုဆိုး၏။

"ယုံတာ မယုံတာတွေ ပြောဖြစ်ပြီဆို နင်နဲ့ ငါ ကျိုင်တ
အဲဒါကြောင့် ဒါနဲ့ပတ်သက်တာတွေကို စကားထဲ ပါလာတိုင်း
ကို မကြိုက်တာ ..၊ ပြောကို မပြောချင်တာ .."

"ငါ သေမတတ်ဖြစ်နေတာတောင် .. ဒါကို မေ့ထားချင်တ
ဟုတ်လား .."

"ဒီမှာ .. ကိုယ်ပြောမယ် ဆောင်း .."

သူကတော့ ကိုယ်နဲ့မင်းနဲ့ ပြောတတ်နေပြီး ဆောင်း ရဲ့ပါးစ
နေ 'ရှင်နဲ့ ကျွန်မ' ပြောနိုင်ဖို့က အဆင်ပြေပြေ ပြောဖြစ်သွားတာ
မရှိခဲ့သေး ...။

ချာန်း က မျက်မှောင်ကုတ်ကြည့်နေသည့် ဆောင်း မျက်ဝန်း





စိုက်ကြည့်ပြီး အေးမှာ ဝင်ထိုင်သည်။

"အဓိက ကိုယ် မလိုချင်တာ မင်းနဲ့ ပဋိပက္ခဖြစ်နေရမှာတွေပဲ၊
ဒါကို မလိုချင်တဲ့အတွက် မင်းဖြစ်နေတဲ့ ကိုယ်မဖြစ်ခဲ့တာတွေအပေါ်
သံသယ်ချင်ဘူး .."

"နင် လုပ်နေတဲ့ အလုပ်တွေကရော .. ငါ ဘာမှ မသိခဲ့တာတွေ
လုပ်ခဲ့တာပဲ၊ နင် လက်မခံနိုင်ဘူးဆိုတာတွေကို နင်ပဲ ခေါင်းဆောင်
အားပါးတရ ညွှန်ပြနေတာလေ .."

"ဒီလို မြင်တွေ့လာရတိုင်း ပူးကပ် သက်ဝင်သွားတတ်တယ်ဆို
လည်း မင်းကျမှပဲ ကိုယ် ကြားဖူးတာ .."

"ချာန်း .."

ဆောင်း က နေရာမှ ဆတ်ခနဲ ထရပ်လိုက်လျှင် ချာန်း က မော့
ကြည့်ဘဲ ဆောင်း ရဲ့လက်လေးတစ်ဖက်ကို ပြန်ဆွဲချလိုက်၏။

ဆောင်း သူ့အေးမှာ ပြန်ထိုင်သွားကာမှ ...

"အဲဒီလို ပဋိပက္ခတွေ ကိုယ် မလိုချင်ဘူးလို့ ပြောပြီးသား..၊ ရန်
ဖို့ မဟုတ်ဘူးဆိုတာ ခေါင်းထဲ ထည့်ထားစမ်းပါ"

"ဒေါသဖြစ်စရာရှိရင်တော့ ဖြစ်မှာပဲ .. ငါ ခုလို ဖြစ်ထားတဲ့
တွက် .."

"ဟုတ်တယ် .. ကိုယ် မြင်တယ်၊ မင်းအတွက် ဘယ်လောက်
ပူသွားလဲဆိုတာရော .. ပြောပြရဦးမလား .."

"မလိုပါဘူး .."

"သိတယ် .. အဲဒီလို ကျေးဇူးတင်နေမယ်ဆိုတာ .."

"အေး .. နောက်ကို ကျေးဇူးကန်းတယ် အထင်မခံရတော့အောင်
နဲ့ပတ်သက်တဲ့ မေးခွန်းတွေ နင် ငါ့ကို ဘယ်တော့မှ မမေးနဲ့နော်
ဆုံး ငါ ကြောက်လို့ အသက်ထွက်သွားတဲ့အထိ .."

"လျှောက် ရွဲ့မနေနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ရွဲ့နေတယ်ထင်ရင် စောင့်ကြည့်လေ ချာန်း .. ငါလည်း နင့်ရဲ့ နောက်ထပ် ဒီလိုစကားမျိုးတွေနဲ့ ပတ်သက်ပြီး ကိုယ့်ဘာသာ ဘာဖြစ် နေနေ ဘယ်တော့မှ မပြောမိအောင် ကြိုးစားမယ် ..၊ အဲဒါ တဂ္ဂိ .."

"ဘာကတိလဲ ..၊ ဘယ်သူက တောင်းနေလို့ ပေးနေတာလဲ .. ဟွန်း .. ဒီမှာ .."

သူ ဘာမှ မစရသေးခင် ခပ်ဟဟ တံခါးရှေ့က အရိပ်တစ်ခုကို မြင်လိုက်ရကာ ...

"ဆရာ .. ဆရာ အထဲမှာလား .."

"ဟုတ်တယ် .. ဘယ်သူလဲ .."

"ဩော် .. ကိုချာန်း .. ကျွန်တော်တို့ပါ၊ အပြင် ခဏလောက် ထွက်ကြည့်ပေးပါဦး .. ဒီမှာ ရှော့ခ်နည်းနည်း ရှိနေလို့ .."

"လာမယ် .. လာမယ် .."

ချာန်း မျက်နှာက ချက်ချင်း တစ်မျိုးဖြစ်သွားကာ နေရာမှ ထရပ် လိုက်ရင်း ...

"တစ်ယောက်တည်း တွေးချင်ရာ တွေးမနေနဲ့ ..၊ အကျီလဲ ထား ကောင်မလေးတစ်ယောက်လာရင် ရေသွားချိုး.. ပြီးရင် ဆင်းလာခဲ့နော်"

ဆောင်း က ဘာမှမပြောဘဲ နေသဖြင့် တံခါးဝရောက်မှ ပြန်လှည့် ကြည့်ကာ ...

"တစ်ယောက်တည်း ရေသွားမချိုးနဲ့ .."

လို့ မှာသွား၏။ ဆောင်း မျက်နှာလေး မဲ့သွားကာ တစ်ဖက်လှည့် ထားလိုက်၏။ မနေ့က သေအောင် ကြောက်ခဲ့ရပြီး ဒီနေ့ ကျူးတော့ စိတ်ဆင်းရဲနေတာ သေချင်စော်နံသည်။

ဘာအသုံးကျလို့လဲ ..၊





## အခန်း (၃၁)

မှန်ရှေ့မှာ ခဏရပ်နေရင်း ငေးငိုင်နေသည့်မျက်နှာဟာ မှန်ထဲက ကိုယ့်မျက်နှာကို ကြည့်နေတာနဲ့ မတူ ..၊ အိမ်ထောင်ရေးသောက၊ စိတ်ဆင်းရဲခြင်းဝေဒနာတို့ကြောင့် အိပ်ပျက်၊ အစားပျက် ဖြစ်လာခဲ့ရ သည့်ရက်တွေအတိုင်း ချောင်ကျ ဖြူဖျော့သွားသည့် မျက်နှာဟာ တကယ်ပဲ ကိုယ် မဟုတ်တော့ဘူးလား ..။

"ဟော့ .. မှန်ရှေ့မှာ ရပ်ပြီး ဘာလုပ်နေတာလဲ ..၊ မျက်နှာက ခုထိ မသစ်ရသေးဘူး၊ မြန်မြန် လုပ် .. သွားစရာရှိပါတယ်ဆိုမှ .."

ခင်ပွန်းဖြစ်သူ၏ ငေါက်ဆတ်ဆတ်အသံ ကြားမှပဲ တံခါးကို မရောက်လိုက်သော အကြည့်တစ်ချက်နှင့် သူမမျက်နှာမှာ လှုပ်ရှား လေး ဖြစ်လာသည်။

မျက်နှာသစ် ဆပ်ပြာခရင်မ်နဲ့ ခေါင်းငုံ့သစ်နေရင်း ပြီးခဲ့ပြီ စိတ် မပါသော ပြင်ဆင်မှုတွေနှင့် ထိုသူခေါ်ရာ လိုက်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်အပြုံးတို့နှင့် လူဘုံအလယ်မှာ ဘယ်နှစ်နာရီလောက် ဖြတ်သန်းရဦးမလဲ ..။

မျက်နှာပေါ်က ရေတွေကို လက်နဲ့သပ်ချလိုက်ပြီး ကိုယ်ကို မှန်ရှေ့မှာ မတ်မတ် ပြန်ရပ်လိုက်စဉ် ...

"ဟင်!..."

မှန်ထဲမှာ ..၊

"မမ .."

အထိတ်တလန့် အော်ဟစ်ကာ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

"ဟိုး .. ကက်(တ်) .."

ဒါရိုက်တာ့အသံ ကြားလိုက်တာနှင့် သရုပ်ဆောင်နေသည့် စုစန္ဒီဆွေ ၏မျက်နှာ ရှုံ့မဲ့သွားခဲ့ပြီး ...

"မဟုတ်ပြန်ဘူးလား .."

"မရသေးဘူး .. မှန်ထဲမှာ မြင်လိုက်တဲ့ အစ်မဖြစ်သူရဲ့ပုံကို မြင်လိုက်တာနဲ့ နောက်လှည့်ကြည့်တာ ဆက်တိုက်ကြီး ဖြစ်သွားတယ် 'မမ ..'လို့ အော်သံက မပြင်းဘူး .. ဒီနေရာမှာ ခေါ်ဖို့လည်း မဟုတ်ဘူးလေ၊ အဲဒါကိုက လွဲနေတာ .."

"ကိုချာန်း ကလည်း .."

"ဟုတ်တယ် စုစန္ဒီ .. သရုပ်ဆောင်ပညာပိုင်းအရ မှန်ထဲမှာ မြင်လိုက်တဲ့ခဏမှာ အံ့အားသင့်သွားတဲ့ အမူအရာနဲ့ ပရိသတ်ကို စဉ်ကြားမျှားစွာ ဖမ်းစားရမှာ ..၊ မင်းသမီး နောက်လှည့်ကြည့်လိုက်ရင် ဘာဖြစ်သွားမလဲဆိုတာ မင်းသမီးထက် ပရိသတ်က ဘယ်လောက် သိချင်နေလဲဆိုတာ ဒီဇာတ်ဝင်ခန်းရဲ့ ဖမ်းစားမှုပဲ .."

ဒါရိုက်တာကြီးက ဝင်ရှင်းပြတော့ ဆင်ခြေပေးဖို့ ပြင်လိုက်သည့် စုစန္ဒီ အသံ တိတ်သွား၏။





ချာန်း က ဒါကို ထပ်ရှင်းပြကာ ...

"မမ .. လို့ ပထမ ခေါ်တဲ့အသံက လုံးဝ ထွက်မလာရဘူး ..၊ .. လို့ ခေါ်လိုက်သလိုလို .. ထိတ်လန့် ပွင့်ဟသွားတာလိုလို နှုတ်ခမ်းတို့ မဟတဟဖွင့်ပြီး လှုပ်လှုပ်ခတ်ခတ် ဖြစ်နေရမယ်၊ ပြီးတော့ မှ ခြေနှစ်လှမ်းလောက် တရွေ့ရွေ့ ဆုတ်မယ် ..၊ မှန်ထဲကပုံကို ကြည့်ပြီး သတိလက်လွှတ် ဆုတ်လိုက်မိတာဟာ တကယ် သရဲရှိနေတဲ့ကို ရောက်သွားပြီဆိုတာ ပရိသတ်က ရင်တဖိုဖို စောင့်ကြည့်နေ .."

စုစန္ဒီ က ဒီတော့မှ ခေါင်းညိတ်၏။

"မင်းသမီး သတိဝင်လာပြီး ဖျတ်ခနဲ လှည့်လိုက်တဲ့အခါ သရဲနဲ့ မျက်နှာချင်းဆိုင် ဖြစ်ပြီပေါ့ .. ဒါပေမယ့် အပြင်မှာ ဘာမှမရှိဘူး၊ ဒီကျမှ မှန်ထဲကို ပြန်ကြည့်မယ် .. မှန်ထဲမှာတော့ ရှိနေတုန်းပဲ .."

"'မမ ..' လို့ ခေါ်ရမှာက အဲဒီကျမှလား .."

"နောက်ထပ် ပြန်လှည့်ကြည့်ပြီး မှန်နဲ့ နောက်ကျောကို ဘေးတိုက် ရပ်လိုက်မယ်၊ ဘယ်လိုကြည့်ကြည့် အပြင်မှာ မရှိဘူး .. မှန်ထဲမှာ ရှိနေတုန်းပဲ ဖြစ်မှ 'မမ ..' လို့ ရှူးရှူးဝါးဝါးအော်ပြီး တံခါးကို လှည့်ဖွင့်တော့မှာ ..၊ မစု က ဇာတ်ညွှန်းကို သေချာဖတ်မထားဘူးပဲ၊ ဒိုင်ယာလော့ချည်းပဲ ကျက်တာ မကောင်းဘူး၊ ဇာတ်ကို တကယ် စိတ်ဝင်စားမှ ကိုယ်က ဒီထဲက ဇာတ်ကောင် တကယ်ဖြစ်သွားနိုင်ရမှာ ..၊ ဒါမှ ပြင်တဲ့ သရုပ်ဆောင်မှု ဖြစ်လာမှာပေါ့ .. မဟုတ်ဘူးလား ..၊ ဒိုင်ယာလော့ချည်းပဲ ကျက်ထားတော့ .. စာတွေ ရွတ်ပြသွားသလို ဘာလုပ်မလဲ .."

"ကိုချာန်း က စု ကို ဆူနေတာလား ..၊ စု ခုလို ခဏခဏကြီး ဘယ်မှာ မှားခဲ့လို့လဲ ..၊ သရဲကား ဆိုဟာလည်း ဒီကားကျမှ ကားကြီး ဖြစ်နေလို့ ဝင်ရိုက်တာ၊ ပြီးတော့ လက်ရှိ ရင်ဆိုင်နေကြရတဲ့ စု တို့



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုတွေ သွေးပျက်ရမယ့်ကိန်းလေ ..”

“ဘာကို သွေးပျက်နေတာလဲ မစု .. ချောင်းရေလျှံလို့ ရှုံ့နှံ တာပဲ၊ သွားလို့ရတဲ့အချိန်ထိ စောင့်လိုက်ရင် ပြီးတယ်၊ ဒီအခက်အခဲ ကြောင့် ဒီ့ထက်ဆိုးဝါးတာတွေ ဖြစ်လာလည်း ဘယ်သူမှ ဘာမှ မဖြစ် စေရဘူး၊ သတ်မှတ်တဲ့အချိန် အားလုံးကို ဘေးမသီ ရန်မခ ပြန်နိုင် အောင် ကျွန်တော် စီစဉ်ပေးမှာ ..”

“ဩော် .. ဒီလိုကြီးတော့လည်း ကိုယ့်အချင်းချင်းအပေါ် အ အရေး မယူချင်လို့ပေါ့၊ တစ်ယောက်နဲ့တစ်ယောက် မောင်နှမတွေလို

“ရတယ် .. မောင်နှမလို သဘောထားပေးတာလည်း ကျေးဇူး တင်တယ်၊ ကျွန်တော် တန်ဖိုးထား မြတ်နိုးတဲ့အလုပ်အပေါ်မှာ သေချာ အာရုံစိုက်ပေးမယ်ဆိုရင်တော့ တခြား ဘာမှမလိုဘဲ ကျေးဇူး အတိုင်းထက်အလွန် တင်မှာပါ၊ အဲဒါကြောင့် ဘာမှ မပူပင် မကြောင့် ကြဘဲ အလုပ်လုပ်နေရင် အလုပ်ပေါ်မှာ အာရုံစိုက်ပေးပါ ..”

အားလုံးကတော့ ချာန်း အပေါ်မှာ သံယောဇဉ်ထားကြပါသည် ပဋိပက္ခဖြစ်မယ်လို့ ထင်ရတာတွေလည်း ခဏနဲ့ပဲ ပြန်လည် ငြိမ်သက် ကြ၏။

နောက်မှ ရောက်လာခဲ့သည့် ဆောင်း ကပဲ ဘာပြဿနာတွေ နေကြမှန်း မသိသေးတာ ဖြစ်သည်။

ဒါကြောင့် သရဲခြောက်တဲ့ညက ဖုန်းဆက်ခေါ်တုန်းက ချာန်း တို့ ဘယ်သူမှ မအိပ်ကြရသေးဘူးဆိုသည့်စကား တစ်ခွန်းစ နှစ်ခွန်း ကြားလိုက်ရတာ ဖြစ်မည်။

ခုချိန်ထိ ဘာကြောင့် မအိပ်ကြရသေးတာလဲဆိုတာ မေးဖို့ သတိ မရသလို နောက်နေ့တွေမှာလည်း ရန်ဖြစ်ရင်းနဲ့ ...

“ကဲ .. ကဲ .. ပြန်စမယ် ..၊ မနှင်း က အဲဒီနေရာမှာပဲ ရပ်နေ နော် ..”





“ရပ်နေပါတယ် ကိုချာန်း ရယ် .. လူလည်း စာခြောက်ရုပ်ပေါက် နေပြီလားတောင် မသိပါဘူး ..”

အဖြူရောင်ဝတ်စုံဖားဖား ဆံပင်တွေပွပွ ဖားလျားနှင့် အရဲမင်းသမီး နှင်းပိုပို က လူရုပ်ပျောက်လောက်အောင် အညိုအမည်းတွေ ခြယ်ထားသည့်မျက်နှာဖြင့် ရယ်သေးသည်။

ပြီးတော့ နီ့နှစ်ရောင် မျက်ကပ်မှန်တပ်လိုက်သဖြင့် တော်တော် ကြည့်ရဆိုးသွားလေသည်။

ဒါတွေအားလုံးထိ ချာန်း ပဲ နေရာတကာ စိတ်ကြိုက်ပုံဖော်ထား တာမှန်း ဆောင်း သိသည်။ သရုပ်ဆောင်ကြတာ ဆိုပေမယ့် အတုလုပ် ရင် အစစ်နဲ့ တူရမည်။ အစစ်ဟာ အတုနဲ့တူနေမှ လက်ရာမြောက်၏။

ဒါလည်း ချာန်း ရဲ့ဒဿန တစ်ခု ..၊

ကြည့်နေရင်းနဲ့ ချာန်း အလုပ်လုပ်တာ ဘယ်လောက် ကြိုးစား ထားမှန်း သိသာနေသည်။

“မမ ..”

“ဟင် ..”

လှည့်ကြည့်လိုက်တော့ ဓာတ်ပုံဆရာပဲ ဖြစ်၏။

“ဆရာချာန်း လုပ်နေတာ ထွက်လာရင်တော့ တကယ် သည်း ထိတ်ရင်ဖိုဖြစ်မှာ သေချာတယ်နော် ..”

မင်းမင်းထွန်း က လူနားရောက်လာပြီဆို ချာန်း ကို ချီးမွမ်းရင်း နဲ့ပဲ အစချီလာတာဖြစ်ကာ ကြီးမှသာ ...

“မမ နေမကောင်းဘူးဆိုလို့ ကျွန်တော်တောင် သတင်းမေးချင် တာ ..”

“ဟင် .. မဟုတ်ပါဘူး ..”

“ဟိုညက သရဲခြောက်ခံရပြီး လန့်လာတယ်ဆို ..”

“အင်း .. ကိုယ့်ဒေသမဟုတ်တော့ အထာမသိတာမျိုးပါ”



www.burmeseclassic.com

www.burmeseclassic.com



စကား သိပ်မများချင်တာနှင့် ပြန်ဖြေရင်း မျက်လုံးတွေကိုတော့ ရှပ်ရှင်ရိုက်နေရာသို့ ပို့ထားမိ၏။

"မမကို ကိုချာန်း သွားခေါ်တဲ့ညက မင်းသမီးတို့လူစု ချောင်းရေ လျှံတဲ့နေရာမှာ ပိတ်မိပြီး ကျိုင်တက်နေကြတာလေ .."

"ဟင်!..."

"ဆရာချာန်း မှာ အဲဒီကို တစ်ညနေလုံး သွားလာပင်ပန်းပြီ လှေသမားတွေ ပြန်သွားကာစပဲ ရှိသေးတယ်၊ မမရဲ့ဖုန်း ဝင်လာတာ"

"ချောင်း ဟုတ်လား .. ဆောင်း တို့ ကားဝင်လာတဲ့ဂမ်းမှာ ချောင်း မရှိပါဘူး"

"ဟုတ်တယ် .. ချုံတွေ သစ်ပင်တွေ ကွယ်နေလို့ လမ်းက ဖြတ်နဲ့ ရုတ်တရက် မမြင်နိုင်ဘူး၊ ဒါပေမယ့် ရေတွေ အရှမ်းလျှံလာတော့ ကားလမ်းကို ဖုံးသွားရော .."

ဆောင်း ခုမှပဲ ဒါတွေကို သိရတော့သည်။

"ရေကတော့ ပြန်ကျသွားပြီ .. ဒါပေမယ့် လမ်းက လှည်းလမ်း သာသာကို ရေပြန်ကျပြီး ရွှံ့တွေ ကင်ကျန်ခဲ့တော့ နွံအိုင်ကြီးလို ဖြစ်သွား တယ် .."

"ဒါပေမယ့် ကားကတော့ .."

"သွားလို့ မရတော့ဘူး .. လမ်းဘေး က ချုံတွေက အဲဒီနွံတွေကို ပိုမြင့်တက်လာအောင် ဘောင်ခတ်ပေးထားသလို ဖြစ်နေတာလေ မြေနိမ့်နေရာဟွေမှာဆို နွံတွေ ဒူးဆစ်အောက် မြုပ်တယ်၊ ကျွန်တော်တို့ သွားကြည့်နေကြတာပါ မမရယ် .. မဖြစ်နိုင်လို့ စိတ်ညစ်နေကြတာ ပေါ့"

"ဒါပေမယ့် ရိုက်ကူးရေးမှ မပြီးသေးတာ ချာန်း က ဘာတွေ စိတ်ညစ်နေတာလဲ .."

"ဩော် .. မမကလည်း သွားရလာရ အခက်အခဲဖြစ်တာပြီး





ညီးက ဒီမှာ မပြည့်မစုံတွေ ကြုံရတော့တာပေါ့၊ ခုပဲ မီးစက်မောင်းဖို့ ဆီကို ချွေတာနေရပြီ၊ ကြာရင် ကားတွေထဲက ဆီ ထုတ်ရတော့မှာ.."

"ရွာကို လှည့်သွားရင်ရော .."

"ရွာမှာ ဘာရှိမှာလဲ မမရဲ့ .. ရေနံဆီရောင်းတဲ့အိမ် ဆိုတာတောင် ဒီအိမ်မှ နှစ်ပုလင်းလောက်ပဲရှိတာ၊ မမက ကလေးလိုပဲနော် .. အဲဒါ ကြောင့် ဆရာချာန်း သူ့ဇနီးကို ကလေးလို ဥထားတာ ဖြစ်မယ်"

တစ်ယောက်က လက်ယပ်ခေါ်လိုက်သဖြင့် ဒီစကားနဲ့ အဆုံး သတ်ပြီး မင်းမင်းထွန်း က ထွက်သွား၏။

မမက ကလေးလိုပဲ ဆိုပါလား ..။

ရုက်သွေးကြောင့် မျက်နှာမှာ ပူရှိန်းရှိန်းကြီးဖြစ်ကျန်ခဲ့တာ သေချာ သည်။ ဒါက ရှက်စရာ ဟုတ်သလား .. မဟုတ်သလား မတွေးမိခင်မှာ သိစိတ်က ရှက်တက်အောင် သတိပေးသွားသလိုမျိုး ..။

ထို့ပြင် သူ့ဇနီးကို ကလေးလို ဥထားသည်ဆိုတာက ဘာလဲ ..၊

တကယ် ဒီဟိုင်းပဲမြင်လို့ ပြောသွားတာ ဖြစ်နိုင်ရင်တောင် မဟုတ် ဆိုတာ ဆောင်း သိနေသည်။

သူ့အလုပ်နဲ့ပတ်သက်တိုင်း ဆောင်း နဲ့သူ စကားများ အငြင်းပွား ခဲ့သည်သာရှိကာ သူက တိုင်ပင်လာရင်တောင် ဆောင်း ဘက်က ဘာတွေ ကူညီပေးခဲ့သလဲ ..။

ဒါတွေကြောင့် အခု အဖြစ်အပျက်တွေကို ဘာမှ ပြောမပြခဲ့တာ ဖြစ်နိုင်ရော ဆောင်း စိတ်ဆိုးသင့်သလား ..၊ သူမစိတ်တွေ ရှုပ်ထွေးလာ ခဲ့ပြီ၏။ ထိုစဉ် ...

"အိုခေ .. ဒီနေ့ ရှုတင်သိမ်းမယ် .."

"အမလေး .. မင်္ဂလာစကားပဲ ဒါ .. တစ်နေရာရာ ပြေးထိုင်ပြီး အိပ်ဒုးကို ထုနေဦးမှ .."

နင်းပိုပို က မျက်ကပ်မှန်ကို အရင်ဖြုတ်ရင်း ဝမ်းသာအားရ ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှာန်း က ကင်မရာဆရာနှင့် ကွန်ပျူတာရှေ့မှာ ခေါင်းချင်း
နေဆဲ ဖြစ်သည်။

ပြီးတော့မှ ခေါင်းညိတ် ကျေနပ်သည့်အမူအရာတွေဖြစ်ကာ
သိမ်းသည့်အတိုင်း အများနည်းတူ ရောရောင် ပျောက်ကွယ်သွား

ဆောင်း နေရာမှာပင် ငေးကြည့်နေမိဆဲ ...၊

ဇာတ်လမ်းဇာတ်ကွက်ကိစ္စတွေ ပြောလို့မရဘူး ထင်ရင်
ဒီပြဿနာတွေ ရှိနေတာတော့ ကိုယ့်ကို ပြောမပြသင့်ဘူးလား ...

ကိုယ်ကရော ကိုယ် မသိခဲ့တာကို မသိသေးမှန်းသိအောင်
လို့ သူများကို သွားမေးခဲ့တာလဲ ...။

"ဟင်း .."

တစ်ယောက်တည်း ကျန်ခဲ့သည်ထင်ကာမှ သက်ပြင်းချသ
လိုက်ရသဖြင့် ဆောင်း လှည့်ကြည့်လိုက်မိသည်။

သို့သော် မျက်လုံးဖြတ်သွားသည့် မှန်ချပ်ကြီးထဲမှာ အဖြူ
အရိပ်တစ်ရိပ်ကို မြင်လိုက်သဖြင့် အကြည့်က ရှေ့မဆက်နိုင်ဘဲ
တစ်ကြော့ပြန်ရောက်၏။

"ဟင်!..."

ဆောင်း တစ်ကိုယ်လုံး တုန်ခါသွားသည်။ မှန်ထဲမှာ မင်း
နှင်းပိုပို ...၊

စောစောက သရုပ်ဆောင်နေတဲ့အတိုင်း အဖြူရောင် ခြေဖျား
ဝတ်ရုံပွပွ .. ဆံပင်တွေဖားလျားနှင့် ...၊

မဟုတ်ဘူး ...၊ အဲဒါ မဟုတ်ဘူး...။

မှောင်ရိပ်သည်းနေသည့်အခန်းထဲမှာ တစ်ယောက်တည်း
ခါနေမိသည်။

ဖြုန်းဒိုင်းဆို လှည့်ပြေးဖို့လဲ သတိမရ ...၊ တစ်ယောက်ယော
အော်ဟစ်ခေါ်ဖို့လဲ ပါးစပ်ထဲမှာ အာဆေးထည့်ထားသလို ဆွံ့အ





ဆောင်း တရွေ့ရွေ့ဆုတ်နေတိုင်း မှန်ထဲက တောင့်မတ်စွာ ရပ်နေ
သည့်အရိပ်က ရှေ့ကို တိုးတက်လာနေသည်။ ထို့ပြင် သူမရဲ့ လက်
တော် ဆန့်ထွက်လာ၍ ...

"ရော .."

"ဟင့်အင်း .. ဟင့်အင်း .."

ဆောင်း ထွက်ပြေးဖို့ လှည့်သည်။

"ဒေါက် .."

တစ်စုံတစ်ခု ပြုတ်ကျသွားသံသည် လူကို နောက်ကနေ တစ်ခုခုနဲ့
ပစ်လိုက်သလို နားထဲမှာ အုန်းခနဲ မြည်သွား၏။ ထို့ပြင် ...

သတိလစ်မတတ် ကြောက်လန့်နေခြင်းမှ လုံးဝ သတိလစ် မေ့မြော
သို့ ရောက်ခဲ့ရလျက် ...

တစ်ဖက်လှပ့် အာရုံတွေထဲမှာပါ သူမ ဆက်လက် အော်ဟစ်နေခဲ့
သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဆောင်း .."

ခေါ်သံကြားတော့ မျက်လုံးတွေ ဖွင့်ကြည့်လိုက်မိသည်။

သူမရဲ့ အိပ်ရာဘေးမှာ ချာန်း က ထိုင်ကာ နဖူးဆံစတို့ကို တ[illegible] တယ ပွတ်သပ်ပေးရင်း ခေါ်နေ၏။

ဒီဘက်ဘေးမှာ ဂင်မရာဆရာနဲ့ ဒါရိုက်တာကြီးတို့ ရှိနေ[illegible] ကာ ...

"အရှိန်းလန့်သွားလို့ပါ .. သူ ကောင်းသွားပါပြီ"

"အဟွန်း.. ငါ့တူမက သနဲ့ဒါရိုက်တာကတော် ဖြစ်နေပြီး အသည်[illegible] ငယ်တာကိုးကွ .."

ဆောင်း သတိရလာမှ စိတ်လက်ပေါ့ပါးစွာ သွားကြသလို စနော[illegible] ရင်း ပြန်ထွက်သွားကြသည်။ အခန်းထဲမှာ ညတိုင်း လေးပေချောင်း[illegible] လင်းနေကျက နှစ်ပေချောင်းလေး ဖြစ်သွားသဖြင့် လင်းအား သိသာ[illegible] နည်းနေတာကို သတိထားမိသည်။





ပြီးတော့ အပြင်မှာလည်း ခါတိုင်းလောက် ဆူညံစိုပြေနေခြင်း [illegible]ရှိတာကို နားစွင့်ကြည့်မိကာ မျက်လုံးတွေက နာရီဆီ ရောက်ပြန်၏။ [illegible]ဆောင်း ရဲ့မျက်လုံးတွေ အသံတိတ် ရွေ့လျားနေသည့်အတိုင်း ချာန်း [illegible] လိုက်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ..၊ ခုမှ ခုနစ်နာရီပဲ ရှိသေးတယ်"

"ငါတစ်ယောက်တည်း နေချင်လာယ် ချာန်း .."

"ဟာ!... ဘယ်လိုလုပ် ဖြစ်မှာလဲ ..၊ တစ်ယောက်တည်း ထား[illegible]ခိုက်တိုင်း တစ်ခုခု ထဖောက်တာ .."

"ငါ့စိတ်ငါ ထိန်းနိုင်အောင် ကြိုးစားမယ်"

"ဆောင်း .. မင်း ကိုယ့်ကို မရွဲ့ပါနဲ့.. အခု ဘာဖြစ်တာလဲ ပြော[illegible]မ်းပါ၊ သတိရနေတာ ကိုယ် သိတယ်၊ တမင် စကားမပြောချင်လို့ [illegible]မျက်လုံးမဖွင့်တာ .."

"ဘာဖြစ်တာလဲလို့ မမေးရင် ပြီးတာပဲ .. ငါ နေကောင်းတယ်"

"မမေးလို့ရော ရမလား ..၊ တစ်ယောက်တည်း ဖြစ်နေတာ ရှော့ခ်[illegible]ပြီး သေသွားနိုင်တယ် .."

"ချာန်း .."

ဆောင်း စိတ်တိုကာ လှဲနေရာကနေ ချက်ချင်း ထထိုင်လိုက်မိတဲ့[illegible]ထိ ..။

"ငါ ကြောက်လို့ အသက်ငင်နေတာတောင် နင့်ကို ဘာမှမပြော[illegible]ဘူးလို့ ငါ ပြောပြီးသား .."

"ခက်တော့တာပဲကွာ .."

အလုပ်လုပ်ရတာက အဆင်မပြေ ..၊ ဆောင်း က အထင်မြင်လွဲ[illegible]တာကိုလည်း ရှင်းမပြနိုင် ..။

ကိုယ့်အဖြစ်ကို ဘယ်လိုတင်ပြချက်တွေနဲ့ ဖြေရှင်းရမယ်မှန်း [illegible]ညီး မတွေးတတ်တော့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲက အခက်အခဲကို ဖြေရှင်းနိုင်ဖို့ အာရုံစိုက်လိုက်တိုင်း ဆောင်း တစ်ခုခုဖြစ်တာကို ပြန်လည် စိုးရိမ်ရသည့်သောကပဲ အမြဲတမ်း ဖုံးလွှမ်းသွားတတ်၏။

ကိုယ် စိတ်ပူပြလိုက်တာကို သူမက ပိုကြောက်သွားမှာလည်း စိုးလို့ ပေါ့ပါးစေလိုသည့် စေတနာတွေနဲ့ ပြောမိသမျှ သူမက အလေး အနက် စုဆောင်းထား၏။

"ဆောင်း .. ဒီမှာ ကိုယ် ပြောမယ်၊ အခု ရိုက်ကူးရေးအဖွဲ့မှာ လည်း အဆင်မပြေတာတွေ ဆက်တိုက်ဖြစ်နေတာကို ရှင်းမရသေးဘူး"

"အဲဒါကြောင့် ငါ့အတွက် စိတ်ရှုပ်မခံပါနဲ့ .."

"မဟုတ်ဘူး .. ကိုယ် ပြောချင်တာက အထူးသဖြင့် ယောကျ်ား သားဆိုတာ အလုပ်ထဲမှာ အဆင်မပြေရင် ဒါမှမဟုတ် ပတ်ဝန်းကျင်နဲ့ အဆင်မပြေတာရှိလာရင် အိမ်ပြန်ပြီး သားမယားနဲ့ ရန်ဖြစ်ကြတာမျိုး ပတ်ဝန်းကျင်ဆိုတာ ကိုယ့်ဘက်က မှန်တာမှားတာကို နားလည်ခွင့်လွှတ် ကြမှာ မဟုတ်ဘူးလေ၊ သားမယားကတော့ .."

"ငါကတော့ နင့်ကို နားလည်မပေးဘူးလို့ ပြောချင်တာလား .."

"နားလည်ပေးဖို့ ပြောနေတာ ..၊ နောက်ပြီး ကိုယ် ဘာတွေပဲ အဆင်မပြေဖြစ်နေနေ မင်းကို ရန်လုပ်ခြုံးတာ ဘယ်နှစ်ခါ ရှိခဲ့ဖူးလို့ လဲ ..၊ တို့နှစ်ယောက်ကြားမှာ ပေါ့ပါးစေလိုတဲ့စိတ်နဲ့ စနောက်တာတွေ ပဲ ရှိတယ်၊ အဲဒါတွေကိုလည်း အခု ထားခဲ့တော့ကွာ .."

"ထားခဲ့တယ်လေ .. ငါကရော နင့်ကို ဘယ်နှစ်ခါများ ဂျီကျခဲ့လို့ လဲ ..၊ ခုလည်း ငါတို့ ဘာမှဖြစ်ကြတာ မဟုတ်ဘူး၊ ဒါပေမယ့် ငါ ပြန်ချင်တယ် .."

"အဲဒီလမ်းကြောင့်ပဲ ဒုက္ခဖြစ်နေကြတာ .."

"တီလေးနဲ့ ဖုန်းပြောမယ် .."

"ဖုန်းတွေ တစ်လုံးမှ ပြောလို့ မရတော့ဘူး .."





"ဘာ၊..."

"မီးစက်လေးတွေ ပျက်နေတာပေါ်၊ စက်ကြီးနဲ့သွင်းကြတော့ အလုံး [illegible] အားလုံး ပျက်ကုန်ပြီ .."

"အဲဒီကိုပါဝါကြီးနဲ့ ဖုန်းအားသွင်းလို့ ရမလား ဈာန်း ရဲ့ .."

"ရမလားလို့ လုပ်ကြတာလေ၊ အားလုံး ဒီနေရာမှာ အဆက် သွယ် ပြတ်တောက်ပြီး ဒုက္ခတွေရောက်နေကြတာ ဘယ်သူက ငုတ် တုတ်ထိုင်နေချင်မှာလဲ .."

အဖြစ်တွေ ဒီလောက်ဆိုးနေတာကို ကိုယ်က တစ်မျိုးလှည့်ဆိုးနေ ပါလားလို့ အတွေးလေးတစ်ချက် ဝင်သွားသည်။

ခုလောက်ဆို ဈာန်း ရင်ထဲမှာ 'သခွတ်ပင်က မီးတကျီကျီ' လို့ သွားပြီး စိတ်မရှည်နိုင် ဖြစ်နေမှာပါ ..။

"ဆောင်း .."

"ဘာလဲ .."

စကားပြောဖော် ရလာသဖြင့် မျက်နှာလေးက မကြည်ပေမယ့် [illegible]လေးတွေကို သိင်းဖယ်ကြည့်မိကာ ...

"ဘာတွေမြင်လို့ ဒီလောက် လန့်သွားတာလဲ .. ပြောပြပါ၊ ကိုယ် [illegible]တယ် သိချင်လို့ အတည်မေးတာ .."

"ဟင့်အင်း .."

"ကိုယ့်ကို ခုထိ စိတ်ဆိုးမပြေသေးတာလား .."

"ဟင့်အင်း .."

"ဒါဆို ပြောလေ .. မင်းကို ပြေးပွေ့လိုက်တော့ တစ်ကိုယ်လုံး [illegible]တွေရွှဲပြီး နှုတ်ခမ်းလေးတွေတောင် ပြာနေတယ် .."

ပြောနေရင်း စိတ်မကောင်းဖြစ်လာမိကာ ဆောင်း ရဲ့ပခုံးလေးကို [illegible]ထားလိုက်မိသည်။

ကိုယ်မှာလည်း အလုပ်အဆင်မပြေဖြစ်နေသည့် ရှုပ်ထွေးမှုရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဆောင်း ကို ပစ်ထားမိသလို ဖြစ်ခဲ့သည့်အတွက် နောင်တရ
မိ၏။

တကယ်ဆို ဆောင်း ဒီလို ဖြစ်တတ်နေတာ တစ်ခါ နှစ်ခါ ဆေ
တော့တာ သိလျက်နှင့် အနားမှာပဲ ထားကာ အရိပ်တကြည့်ကြည့်
သင့်သည် မဟုတ်ဘူးလား ...။

"မင်း စိတ်ဆိုးမယ်ဆိုရင် ဆိုးလောက်ပါတယ်၊ ကိုယ် တ
ဂရုမစိုက်မိသလို ဖြစ်သွားတာ ဆောရီးပါ .."

"ငါကလည်း ငါပါပဲ .."

ဆောင်း မျက်နှာလေးကို ကြည့်ရင်း သူ ပြုံးလိုက်မိသည်။
ပြုံးကာကို ဆောင်း က မျက်စောင်းလေးထိုးကြည့်ကာ ဆံစတွေ
တို့ထိ ပွတ်သပ်နေသည့် သူ့လက်ကို ဖယ်ချပစ်လိုက်ပြီး ...

"ချော့နေတာလေ .. ကျေနပ်တယ်ဆိုရင် ငြိမ်ငြိမ်လေး နေ
တယ် .."

"မနေနိုင်ပါဘူး .. ဖယ် .."

"ဘာလုပ်မလို့လဲ .."

"ဟိုဘက်ခုတင်မှာ လွတ်လွတ်လပ်လပ် ခဏ သွားလှဲချင်လို့.."

ချာန်း က ဆောင်း သပ်သပ်ခွဲအိပ်ခဲ့သည့် တစ်ယောက်အိပ် ခုတင်
လေးကို လှမ်းကြည့်လိုက်ပြီး ...

"ဒီမှာ နှစ်ယောက်အိပ်ခုတင်ကြီးလောက်ပဲ ဟိုက ပိုကျယ်ဦးမ
လား ..၊ လုပ်မနေပါနဲ့ကွာ .. တစ်ယောက်တစ်ဖက်ခြမ်းစီ ကပ်အိပ်နေ
တာ အဆင်ပြေနေသားနဲ့ .."

ရန်ဖြစ်နေကြရင် အဆင်ပြေပေမယ့် ချာန်း မျက်နှာမှာ အဲဒီလို
မချိမချဉ်ပြုံးတာတွေ ဖြစ်လာပြီဆို ဆောင်း ကျော့မလုံသလို ခံစားလာ
ရသည်။ ဒါကြောင့် ...

"နင်က ညညဆို ခဏခဏ ထထွက်သွားလာပြီး ညဉ့်နက်မှ





အိပ်တာ၊ ငါ အဲဒီလို မအိပ်တတ်လို့ .."

အကြောင်းပြ၍ ဆောင်း က ခုတင်ပေါ်က ဆင်းသည်။ ချာန်း
က ပခုံးကို ဆွဲဖယ်ထားလိုက်ကာ ...

"ဒီည ငြိမ်ငြိမ်လေး အိပ်ကော့မယ် .. ဖြစ်တယ်မို့လား"

မီးရောင်အောက်မှာ မော့ကြည့်လာသည့် ဆောင်း ရဲ့မျက်နှာ နွမ်း
ဖတ်ဖတ်လေးက ပွေ့ပိုက် အကြင်နာပိုချင်ဖွယ်ပါ ...။

"မိန်းကလေးတွေ အားငယ် ကြောက်လန့်လာပြီဆိုရင် သူတို့
ကောင်လေးတွေက လူစွမ်းကောင်းလုပ်ပြီး သိပ်ကာကွယ်ပေးချင်တာ၊
ပြီးတော့ ကောင်မလေး အားအင်တွေဖြစ်အောင် .."

"မလိုဘူးလို့ ပြောပြီးပြီနော် ချာန်း .. ဖယ်ပေး .."

"အခုထိတောင်မှကွာ .."

"ဘာ!..."

"ရန်လိုနေတာကို ပြောတာ ..၊ ကိုယ့်ကို မင်းယောကျ်ားလို့ သတ်
မှတ်သင့်နေတာ ကြာပြီ"

"လင်မယားမှန်း လူတိုင်းသိတယ် .."

"လူတိုင်း သိပေမယ့် မင်းမှ မသိတာ .."

"ချာန်း .."

"ဘာလဲ .."

"ငါ့ကို နင် မတည့်ရာမတည့်ကြောင်းတွေ စမလာနဲ့ .."

"တည့်နေတော့ရော ခင်ဗျားက ဘာတွေ ကြည်ဖြူနေလို့လဲ .."

ဆောင်း အံ့ဩသွားသည်။ သူက ဘာကိုများ ကြည်ဖြူစေချင်နေ
တာလဲ ...၊

မျက်လုံးချင်း ဆုံမိသွားတော့ ချာန်း က သူပြောတာ အလေး
အနက် မဟုတ်တာလိုလို ပခုံးတွန့် မဲ့လိုက်ကာ ...

"ပြောပြတာ .. ယုံခိုင်းနေတော့လည်း ယုံတာမှ မဟုတ်ဘဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



လင်မယားဖြစ်ပြီး အဲဒီလို တခြားစီ အိပ်နေကြသမျှ ဘယ်တော့မှ ရင်းနှီးနွေးထွေးလာမှာ မဟုတ်ဘူး ..”

“နင်နဲ့ငါက ရင်းနှီးလွန်းလို့ ခက်နေတာ ချာန်း ..”

“အဲဒါက သူငယ်ချင်းတွေလို ရန်ဖြစ်ကြတာလေ ..၊ မင်းနဲ့ ကိုယ်က လင်မယား ..၊ ဒါပေမယ့် ကိုယ်က ပေါင်းပါရစေ .. ချစ်ပါရစေလို့ ပြောနေတာ မဟုတ်ပါဘူး၊ သူငယ်ချင်းလို နင်တွေငါတွေနဲ့ ရန်ဖြစ်ခဲ့ ရတဲ့အဆင့်တော့ ကျော်ချင်တယ် ..”

ခက်တာက လူတွေကွယ်ရာမှာတော့ သူ့ကို ‘ရှင်နဲ့ ကျွန်မ’ ကြီး ပြောမနေချင် ..။

“ငါ အဲဒါတွေကြောင့် စိတ်ရှုပ်တာလည်း ပါတယ် ..”

ဆောင်း က ထရပ်ဖို့ပဲ ကြိုးစားကာ ချာန်း က ပြန်ဆွဲထား လျက် ...

“ဒီညကစပြီး အတူတူ အိပ်မယ်ကွာ ..”

“ဟင့်အင်း မအိပ်ဘူး ..”

“ကိုယ် ရိုးရိုးသားသား အတူရှိနေပေးချင်တာနော် ..၊ မင်းတစ် ယောက်တည်း မထားတော့ဘူးလို့ ဆုံးဖြတ်ထားလို့ ..”

“တစ်ခန်းတည်း အတူရှိနေရင် ရပြီ.. လွှတ်နော် ချာန်း ..၊ ဒီမှာ စိတ်ညစ်နေရတဲ့အထဲ ..”

“ဘာလို့ ညစ်တာလဲ ..”

ပြော၍ ချာန်း က ဆောင်း ကိုယ်လေးကို သိမ်းဖက်ထားလိုက်၏။

ဒါက ရိုးရိုးသားသား ရှိနေပေးချင်တဲ့လူလား ..၊

စိုးရိမ်စိတ်လေးက တစ်ဆင့် ရှက်လည်းရှက်ကာ ဆောင်း က အတင်းအကျပ် ရုန်းတော့သည်။

“ကိုယ် ဘာမှလုပ်တာ မဟုတ်ဘဲနဲ့ လူကြမ်းဖြစ်အောင် ရုန်းမနေနဲ့ နော် .. အလိုလိုက်ထားတာကို အလိုလိုက်မှန်း သိ ..”





“နင် .. နင်နော် .. ပြောနေတာက တခြား၊ လက်က တစ်မျိုး.. သိဘူး ..၊ ဖယ် .. လွှတ် ..”

အတင်းအကျပ်တွေ ဖြစ်လာကာ မထိဟထိ ပွတ်တိုက် ထိခတ်မိလာသည့် ဆောင်း ရဲ့မျက်နှာလေးကို ချာန်း က အမိအရ ဖမ်းယူထားလိုက်၏။

“ဟင့်အင်း .. ချာန်း နော် ..”

ဆောင်း ဘယ်လိုမှ ငြင်းဆန်မရတော့ဘဲ သူနဲ့အတူ အိပ်ရာပေါ် ပြန်၍ လဲကျသွားခဲ့၏။

မှတ်သားလောက်သည့် ရိုးသားစွာ အတူအိပ်စက်ခြင်းပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဒါက ဘယ်ကိုလဲ .."

"အိုက်လို့ .."

"စောင် ဖယ်ပေးမယ် .. မသွားနဲ့ .."

"ဘယ်ကို သွားမှာမို့လို့လဲ .."

"ဘယ်ဖြစ်ဖြစ် မသွားရဘူး .. ညဥ့်နက်နေပြီ .."

ဆောင်း ဟိုဘက်ကူးအိပ်တော့မှာကို သိထားသဖြင့် ရျာန်း က ရင်ခွင်ထဲဆွဲသွင်း၍ ဖက်ထားသည့်လက်တွေကို နည်းနည်းလေးမှ လျှော့မပေး ..။

ပြီးတော့ ဆောင်း ရဲ့နှဖူးပြေပြေလေးကို သူ့ပါးနဲ့ ထိကပ်ထားရင်း ငုံ့နမ်းတာလည်း ရှိကာ ...

"ကိုယ့်ကို ချစ်လား .."

"အံမယ် .. သေလိုက်ပါလား .."

"ရင်ခုန်စရာကြီးကွာ .. ဖြေသံလေးက နွေးထွေးလိုက်တာ .."





ညဥ့်နက်သံမို့ ဖက်ထားရင်း ရယ်နေတာ အသံခပ်ကြိတ်ကြိတ် ...

"ကိုယ့်ကို စိတ်ဆိုးနေတာလား .."

"လူကို တမင် စနေတာလား ရျာန်း ..၊ ငါ ဟာကယ် လူသတ်ချင်စိတ် ပေါက်နေတာနော် .."

"ဝမ်းသာစရာပေါ့ .. ထိတ်လန့်ညှိုးငယ်နေမှာစိုးလို့ ဒီမှာ ဘယ်လောက် ပူနေရလဲ .."

"ဟွန်း .. ဖယ် .. အဲဒီလက်တွေ .. ငါ ကိုက်ဆွဲပစ်မှာ .."

"မလုပ်ပါနဲ့ .. မိုးလင်းရင် ကိုယ့်ဒဏ်ရာကို မြင်တာနဲ့ ဒီညကိုယ်တို့ ရင်ခုန်သံတွေကို သူတို့ တန်းသိသွားကြမှာ၊ ဗိုင်းစကြရင်း ရှက်နေမှာစိုးလို့ပါ .. အကိုက်မခံရဲလို့ မဟုတ်ပါဘူး .."

"ဟွန်း .."

ဆောင်း နှုတ်ခမ်းလေး မဲ့လိုက်တော့ သူက ထိုနှုတ်ခမ်းလေးကိုနာအောင် ဆွဲလိမ်ပစ်ကာ ...

"ကိုယ်ကတော့ မင်းကို ချစ်တယ် .."

"လိုချင်တာ ရသွားရင် ယောက်ျားတွေက ဒီလိုပဲ .."

"ဟုတ်လား .. ယောက်ျားတွေအကြောင်း တော်တော် သိတာပဲ"

"နင့်တစ်ယောက်နဲ့တင် ပညာတွေ အကုန် ရနေတာလေ .."

"တယ်တော်တဲ့ ငါပါလား .."

ပြောပြီး ရယ်နေပုံက မီးရောင်နဲ့ မြင်နေရသဖြင့် အသည်းယားစရာပင်။ ပြီးတော့ ခွာချထားသည့်စောင်ကို နှစ်ယောက်စလုံး မြုပ်သွားအောင် ပြန်ဆွဲခြုံလိုက်ကာ ...

"တကယ်ပြောတာ .. မင်းကို ကိုယ် နမ်းဖို့ ကြိုးစားမိတည်းက ရင်ခုန်သံတွေ ဖြစ်လာခဲ့တာ၊ ပါးရိုက်ခံလိုက်ရလို့လား မသိဘူး .. မိုက်ဝင်စားတယ်၊ ချစ်မိနေမှန်းလည်း သိလာတယ်၊ ကိုယ့်ကိုနည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



မှ ရင်မခုန်ဘူးလား ..."

"ခုန်တယ်.. တစ်စစ်စီ ဆုတ်ပစ်ချင်လို့ ..."

"ဟား .. ဟား .. ဟား ..."

ဒီတစ်ခါ သူ့အသံ ခပ်တိုးတိုး ထွက်လာပြီး ဆောင်း မျက်နှာ[illegible] ကို မော့ယူကာ ...

"နောက်တော့ ချစ်လာမှာပါ ..."

"ဈာန်း နော် .. သွား .."

သူ အတင်းနမ်းမလို့ မျက်နှာလေးကို ဆွဲယူနေစဉ် ...

"ဒေါက် .. ဒေါက် .."

တံခါးခေါက်သံကြောင့် ဈာန်း ဆတ်ခနဲ ဖြစ်သွားသည်။ [illegible] လှမ်းကြည့်လိုက်တော့ ညဥ့်နှစ်နာရီ ဆယ်မိနစ်တိတိ ...။

"ကိုဈာန်း .. ကိုဈာန်း .."

"နိုးပြီ ..၊ မောင်မောင် .."

သူ အသံပေးရင်း အိပ်ရာပေါ်ကနေ ဆင်းလိုက်သည်။ ဆောင်[illegible] ကမန်းကတန်း ထထိုင်ရင်း ကိုယ်ကို သေသပ်အောင် ပြုပြင်၍ နား[illegible] နေမိ၏။

ဒီအချိန် လာခေါ်တည်းက အကြောင်းကိစ္စတစ်ခုခု ရှိနေပြီမှ[illegible] တွေးမိလိုက်လို့ ဖြစ်သည်။

"သွားနှင့် .. ခုပဲ ဆင်းခဲ့မယ် .."

အရေးကြီးသည့် တီးတိုးစကားတွေကို နားစွင့်နေပေမယ့် ဆောင်း မကြားရပေ ...။

ခဏကြာတော့ ဈာန်း ပြန်လှည့်ဝင်လာသည်။ မျက်နှာမှာ စိုးရိမ် ပူပန်ဟန်များနှင့် ...

"ဆောင်း .."

"ဘာဖြစ်လို့လဲ .. ဟင် .."





"ကိစ္စအရေးကြီးနေလို့ .."

ပြောပြီး ခပ်တွန့်တွန့် ဖြစ်နေပြန်ကာ ...

"ကိုယ့် မင်းကို အထဲမှာ တစ်ယောက်တည်း မထားခဲ့ချင်ဘူး..၊ ဒါပေမယ့် ..."

"ဘာဖြစ်လို့လဲ .. ငါ အိပ်လို့မှ မရတော့တာ လိုက်ခဲ့မယ် .."

"ဒါပေမယ့် .. အောက်မှာ .."

"အောက်မှာ ဘာဖြစ်နေလို့လဲ .."

ဈာန်း က ဆောင်း ရှေ့ကို ရောက်လာကာ ဆံစလေးတွေကို သူ့ [illegible]ာက်နဲ့ ဖိသပ်ပွတ်ချ၍ သေသပ်အောင် ပြင်ပေးသည်။ ပြီးတော့ ...

ပခုံးလေး တွန့်ခေါက်နေသည့် ညဝတ်ဂါဝန်ကို သာသာလေး [illegible]ဆွဲတင်ပေးပြီးမှ လက်ဖဝါးလေးကို ဆုပ်ကိုင်၍ ...

"မကြောက်နဲ့နော် .."

ဒါပဲပြောကာ ဘာမှ ရှင်းမပြဘဲ လက်ဆွဲခေါ်သွားခဲ့၏။

ဆောင်း ရင်ခုန်သံတွေ မြန်သွားသည်။ သူမ ရင်ခုန်ခဲ့ရသမျှမှာ သူ တမ်းတသည့် ရင်ခုန်သံမျိုး မပါသေးတာတော့ သေချာ၏။

ခြေလှမ်းတွေ ရှေ့ရောက်လာလေ တဒိန်းဒိန်း ခုန်ပေါက်လာ သေ..၊

အောက်မှာ ဘာတွေ ဖြစ်နေလို့လဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ခင်ဗျားတို့က ညွှေ့သည်တွေ ဖြစ်ပြီးတော့ .."

"ဧည့်သည်ပေမယ့် ဒီတစ်အိမ်လုံး ကျွန်တော်တို့ ငှားထားတာပဲ စာချုပ်တဲ့လ မစေ့မချင်း ကျွန်တော်တို့ပိုင်နက် .."

"စာချုပ်တွေ .. ဥပဒေတွေ .. ဒီရွာမှာ မသိဘူး၊ ကျုပ်တို့ သွားလာ ရင်းနဲ့ နားရင်လည်း ဒီရှေ့မှာပဲ ..၊ အကျိုးအကြောင်းရှိတိုင်းလည်း ဒီ အစိုပ်ခိုနေကျ ..၊ ဒါက ကျုပ်တို့ရွာနဲ့ လယ်တွေရဲ့ လမ်းဘာစ်ထောက်.."

"ဘာတွေ ဖြစ်နေကြတာလဲ .."

အဖွဲ့သားတွေကလည်း မိုးဘိုးမတ်တတ်တွေ ဝိုင်းအုံနေကာ အိမ် တံခါးရှေ့မှာလည်း လူစိမ်းတွေ လေးငါးယောက်တော့ ရှိမည်ထင်သည်။

မျက်နှာချင်းဆိုင် အကြိတ်အနယ်ပြောဆိုနေကြစဉ် ချာန်း ထွက်လာတော့ အားလုံးက လှည့်ကြည့်ကြ၏။

မန်နေဂျာနဲ့ ဒရိုင်ဘာ ဦးပု က ခေါင်းဆောင်၍ ငြင်းခုံနေပုံရသော ချာန်း ရောက်လာတော့ နောက်ပြန်လှည့်လာပြီး ...





"လူသတ်ပွဲတွေတော့ ဖြစ်ကုန်တော့မယ် လူလေးရေ.. ကျက်သရေ ရှိတာတွေ လုပ်ဖို့ အတင်းလာဖြစ်နေကြတယ် .."

"ဘာဖြစ်လို့လဲ .."

ချာန်း က ခြေလှမ်းရေပ်ဘဲ ဆောင်း လက်ကို လွှတ်ခဲ့ပြီး နှစ်ဖက် မျက်နှာချင်းဆိုင်ဖြစ်နေကြသည့် နေရာထိ တိုးသွား၏။

"ဒါက ဘာတွေ ဖြစ်လာကြတာတွေလဲ .."

မျက်နှာချင်းဆိုင် တစ်ခုခု ပြောကြရတော့မည်ထင်ခဲ့သည့်ကိစ္စက ခြံပြင်မှာ ပက်လက် စန့်စန့်ကြီး ဖြစ်နေသည့် လူတစ်ယောက်ကို မြင်လိုက်ရသဖြင့် အာရုံပြောင်းသွားကာ ...

"ဒီလူက .."

"လယ်ထဲမှာ ပိုးလိလာတာ .."

ဖြေသည့်လူက ဖြေကာ မီးတုတ်ကိုင်ထားသည့်တစ်ယောက်က ဟက်လက်ကြီးရှိနေသည့်လူကို မြင်သာအောင် ပြ၏။

ပတ်ဝန်းကျင်သည် မှောင်နဲ့မည်းမည်း ဖြစ်နေလျက် ခတ်ဆီ ရှိတာရသည့်ဒုက္ခကြောင့် အလင်းရောင် အားနည်းနေတာလည်းရှိကာ ကျင်ကျင် မီးတုတ်ရောင်က လွှမ်းမိုးနေ၏။

မီးညွန့်မီးစွယ်တို့ ယိမ်းထိုးလှုပ်ခတ်နေခြင်းသည် မကောင်းဆိုးဝါး တို့ ခုန်ပေါက် မြူးထူးနေသလို ညဥ့်ယံကို အကျည်းတန်နေစေကာ စန့်ကြီး ငြိမ်သက်နေသူတစ်ယောက်နှင့် မြင်ကွင်းက ဘယ်လိုမှ ကြည့်မကောင်းနိုင် ..။

"ဘာဖြစ်လို့ ဝေဒနာသည်ကို မြေကြီးပေါ်မှာ ဒီတိုင်း ချထားကြ တာလဲ ..၊ ပြောစရာရှိတာတွေ နောက်မှ ပြောကြလို့ ရတာပဲ .."

"မလုပ်နဲ့ .. မလုပ်နဲ့ .."

ချာန်း ရောက်လာမှပဲ အခြေအနေက တစ်မျိုးဖြစ်သွားတော့မှာကို သိလိုက်ကာ မန်နေဂျာက ရှေ့ကို ပြန်ရောက်လာပြီး ချာန်း လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ဆွဲ၍ ...

"အဲဒါ .. လူသေကောင်ကြီး .."

"ဟင်!..."

"ခုပဲ အဲဒီပြဿနာ တက်နေတာ ..၊ ဒီလူသေကောင်ကို လူ... ပါလာလို့ ဒီည နားပါရစေဆိုပြီး ခြံထဲထိ ခေါ်သွင်းလာတယ်၊ ... ကောင်းလို့ .. ဆရာထွန်း က မသက်သာလို့ စစ်ကြည့်လိုက်လို့ပေါ့ .."

"မသေသေးဘူးကွ .. မင်းတို့ ဆေးဆရာက ဘာမို့လို့ သေ... ပြောရတာလဲ .."

"သူက ကျန်းမာရေးမှူးတစ်ယောက်ပဲ .."

ဈာန်း ကပဲ ဝင်ဖြေကာ ပိုးထိသူကို သေချာပြန်ငုံ့ကြည့်၏။ ကို... က ခြေရင်းဘက်မှာ ရပ်နေသလိုရှိကာ .. လှုပ်ရှားယိမ်းထိုးနေသ... မီးညွန့်၏မငြိမ်သက်မှုကြောင့် ၎င်းသူ၏မျက်လုံးတွေက ကိုယ့်... လိုက်ကြည့်နေသလိုလို ..၊ တကယ်ပဲ မှိတ်နေတာလိုလို ..။

"သူ အသက်မရှိတော့ဘူး ကိုဈာန်း ..၊ ငါ သေချာ စစ်ကြည့်ပြီး..."

သူ စူးစမ်းနေတာကို သိ၍ ဆေးမှူးက အနားရောက်လာ... ထပ်ပြောသည်။

"ကြည့်ရတာ .. သံကွင်းဆက်မြွေ ကိုက်လိုက်တဲ့ပုံပဲ၊ မျက်... တွေပဲ သိသိသာသာ မည်းလာတာ .."

ဆေးမှူး ပြောတာကို အားလုံးကြားသည်။ ဟိုဘက်ကလူ... မျက်နှာတွေပျက်ကျ၍ကာ တစ်ယောက်ကိုတစ်ယောက် မလုံ... အချက်ပြသလို ကြည့်လိုက်ကြတာကို ဈာန်း က အကဲခတ်မိ၏။

ထို့ကြောင့် ဘယ်သူ မမှန်မကန် ပြောနေလဲဆိုတာကို နားလည်... သွားပြီး ...

"လူသေကို အိမ်ဝိုင်းထဲသွင်းဖို့ မပြောနဲ့ .. ခင်ဗျားတို့ ခြံထဲ... သွင်းလာတာတောင် တော်တော် လွန်လွန်းနေပြီ .."





"အံမာကွာ .. ထွက်လာတာ တစ်လေသံတည်းပဲ ..၊ ပိုးထိတိုင်း ...ချက်ချင်း သေကြရောလား .."

"ချက်ချင်းသေတာတွေလည်း ရှိတယ် ..၊ သေနေဟာကို သေမှန်း ...မှန်း မသိလို့ လှုပ်နှိုးနေကြတဲ့လူတွေလည်း ရှိတယ်၊ အဲဒီတော့ ...ခင်ဗျားတို့လူသေကို သယ်ပြီး အေးအေး ပြန်ထွက်သွားကြပါ .."

"ဒီမှာ ဟေ့ .."

မီးတုတ်ကို ဘယ်တစ်ချောင်း ညာတစ်ချောင်း ကိုင်ထားသည့် ...ကြီးက မီးရောင်အောက်မှာ မည်းပြာသည့် အဆီပြန်ပြန်မျက်နှာကြီး ...ဖြစ်ကာ သူပဲ ရှေ့တိုးလာလျက် ...

"ဒီစုန်းအိမ်ကြီးကို ငါတို့ မီးပုံရှို့လို့ရတယ်ကွ သိလား ..၊ အဘွား ...ဘာတွေလုပ်ထားထား ငါတို့က ဂရုစိုက်နေမယ် ထင်လို့လား၊ အခု ...က ဖယ်ပေး ..၊ လူနာကို ဒီမှာထားမယ် .. မိုးမလင်းမချင်း .."

"ဟုတ်တယ် .. မနေချင်တဲ့လူ ထွက် ..၊ ဒါပဲ .."

"ခင်ဗျားတို့ ဒီလို မရိုင်းစိုင်းနဲ့လေ .."

နောက်မှာ ထိတ်လန့်စွာ ငြိမ်သက်နေကြသည့် မိန်းကလေးတွေပါ ...ခြေအနေတွေ တင်းမာကုန်တာ ဟို ကြားပြီး ရှေ့မှာ ရင်ဘောင်တန်းဖို့ ...ထွက်လာကြ၏။

"မပင်ရဘူး .. ရှင်တို့ ဖွတ်တရွတ်ဝင်လို့ကတော့ ဒီကလည်း ...နေမယ် မထင်နဲ့ .."

"ဟုတ်တယ်ဖော့ .. ငါတို့က လူလိုသူလို ပြောနေတာ .. မရရင် ...တို့လို တုံ့ပြန့်မှာပဲ၊ ဘယ်နှယ့် .. သူတို့ဟာ သူတို့ကျတော့ ရွာထဲ ...ဆောင် မသွင်းဘဲနဲ့ .. မသာကြီးကို ကျက်သရေမရှိ .."

မိန်းကလေးတွေ တစ်ယောက်တစ်ခွန်း ပြောလာကြသည့်ထဲမှာ ...ခင်းချက် ဒေါ်ထွား အသံက မာကျောခန့်ညားစွာ ထွက်လာသည့် ...ကြောင့်ပဲ ဟိုလူတွေကလည်း လက်သီးဆုပ် အံကြိတ်ဖြစ်ကုန်ကြပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က ဧည့်သည်တွေဖြစ်ပြီး ဒီလိုလား .."

"ဟဲ့ .. ဧည့်သည်ဖြစ်တိုင်းပဲ ရွာခံလူတွေကို အရှုံးပေးနေမှာလား
ငါတို့က စကားမပြောချင်လို့ အစတည်းက ငွေနဲ့ဖြန့်ခင်းပြီး အဖြ
လုပ်ခဲ့တာ ..၊ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်စရာ ဘာမှမရှိဘူး .. ဘာကို အရှုံး
ပေးရမှာလဲ .."

အချိန်သည် နည်းတော့သည့်အချိန် မဟုတ်တော့ဘဲ အိမ်နီးပါး
လည်း မရှိသဖြင့် ဟစ်အော် ရန်ဖြစ်နေကြတာက ဆူညံပွက်ထနေ

တောနက်ထဲ နီးသဖြင့် ဂယက်ရိုက်သလို ဖြစ်နေပုံကြောင့် ဂယ
သံတွေ ရပ်သွားလည်း ဆူညံသံတွေက ဆက်တိုက် ဖြစ်ပေါ်နေ၏။

ထိုအခါ သူ့အသံ ကိုယ့်အသံ တိုးလို့ပေါက်အောင် ပြောရ
ကျယ်ပြီးရင်း ကျယ်လာသလို ဖြစ်နေကြစဉ် ...

"ဟီး .."

ဘာသံကြီးမှန်း မသိလိုက်ဘဲ တုန်ဟီးသွားသဖြင့် အသံ
အားလုံး တိတ်ကျသွား၏။ သို့သော် အသံ ဘယ်ကလာမှန်း ချက်ချင်း
သိလိုက်ကြ၏။

မြေပြင်မှာ စန့်စန့်ကြီး လဲနေသူသည် လက်မထောက် အားမ
ဘဲ ဟဖြည်းဖြည်း ငုတ်တုတ်ထိုင်လာပြီး . .

"ဟီး .. ဟီး .. ဟီး ..."

ရယ်နေသလိုလို ငိုတော့မှာလို တစ်ကိုယ်လုံး တုန်ခါလျက် ..
ငုံ့နေသည့်ခေါင်း မော့လာ၏။

"အမလေး!..."

"အား!..."

မိန်းကလေးတွေ အလုအယက် နောက်ဆုတ်ပြေးကုန်ကြ
သယ်လာကြသည့် ရွာသားတွေပါ မီးတုတ်လွှတ်ချတဲ့သူ ချ ..၊ ဒီတိုင်း
ဆုတ်ပြေးတဲ့လူက ပြေး ..၊





"ဟီး .. ဟီး .. ဟီး .. ဟီး .. သွားကြ .. သွားကြစမ်း ..၊ ငါ့အိမ်
မှာ မနေနဲ့ .."

ယောကျ်ားကြီးတစ်ယောက်၏ အသံနက်ကြီးက အချမ်းတက်
သလို တုန်ခါနေသည်။ ဘယ်ဘက်ကအုပ်စုကို နှင်လွှတ်မှန်းမသိဘဲ
ဒေးကြောင်ရပ်နေမိတဲ့လူတွေလည်း ရှိကာ ...

"ဟို .. ဟိုကောင်ႉ .."

တစ်နေရာကို ဆတ်ခနဲ လက်ညှိုးထိုးလိုက်၏။ ရှိနေသူတွေ၏
အကြည့်အားလုံး ရောက်သွားကြလျှင် လက်ညှိုးထိုးခံရသူက ဆောင်း
ဖြစ်နေ၏။

"နင် .. ထွက်သွား .. ထွက်သွားစမ်း .."

ချာန်း စိတ်ပူသွားကာ ဆောင်း ဆီ လှမ်းခနဲ ရောက်သွားသည်။
ဆောင်း သည် စိတ်ညှို့ခံထားရသူကဲ့သို့ ဘယ်ကိုမှ မပြေးနိုင်ဘဲ မူလ
ရပ်နေခဲ့သည့် နေရာမှာပဲ ရှိနေကာ သူ ဆွဲဖက်လိုက်တာနှင့် ရင်ခွင်ထဲကို
လွင့်သွားခနဲ ခွေကျလာ၏။

"ပေး .. ပြန်ပေးစမ်း .."

"ဟင့်အင်း .."

"ပေး .."

ငိုထိုသူသည် တောင့်မတ်စွာ ထရပ်လိုက်လျှင် အနီးအနားကလူ
တွေ ရှဲခနဲ ပြေးကြပြန်၏။

ထိုစဉ် ထမင်းချက် ဒေါ်ထွား ရှေ့ကို ပြေးထွက်လာကာ ...

"ရော့ .. သူဌေးလေး .. ဒီ ပဌာန်းပရိတ်ရေနဲ့ ပက်ပစ်လိုက် .."

ဟု ပြောကာ ရေအပြည့်နှင့် မတ်ခွက်တစ်လုံးကို ချာန်း လက်ထဲ
ထည့်ပေးသည်။ တစ်ဆက်တည်းမှာပဲ နှစ်ဆယ့်လေးပစ္စည်း ပဌာန်း
ကို ရွတ်နေတော့သည်။

"ဟီး .. ဟီး .. ရူး ..."



www.burmeseclassic.com

www.burmeseclassic.com



ပန္နာန်းရှုတ်သံ ကြားသည်နှင့် နောက်တွန့်သွားသော ကိုယ်ခန္ဓာသည် ပရိတ်ရေနဲ့ အပက်ခံလိုက်ရသည်နှင့် အော်သံနက်ကြီးနှင့် နော… လှည့်ပြေး၏။

သို့သော် ခြေလှမ်း ငါးလှမ်းစာလောက်ပဲ ပြေးနိုင်ကာ ဘိုင်းခ… ပစ်လဲလေသည်။

"လဲသွားပြီ .. ပြန်မထတော့ဘူး .."

ဒေါ်ထွား ပန္နာန်းရှုတ်သံ တိတ်သွားပြီး ဝမ်းသာအားရ ပြော…

"တွေ့လား .. တွေ့လား .. လဲသွားတည်းက လုံးဝ မလှုပ်တော့ဘူး၊ အဲဒါ အပမှီလာတာ .. ပိုးထိတဲ့လူကို တောထဲကနေ အပမှီ… တာ .."

"ဒါဆို မသေသေးတာလား .."

"သေသေမသေသေ ပိုးထိတဲ့လူကို တောထဲမှာ ပိုးထိပါပြီ… အော်မပြောရဘူး .. ပြောလိုက်တာနဲ့ မကောင်းဆိုးဝါးက ဘန်းကပ်… အခု ကြည့်ပါလား .. လူသေကောင်ကို မှီလာတော့ အပထွက်သွား… နဲ့ လူသေကောင်ကြီး ဒီတိုင်း ကျန်ခဲ့ပြီ .."

ပြောပြသည့်လူလည်း မေးရိုက်သံထွက်နေပြီဖြစ်ကာ ယောက်… မာနှင့် လူသေကောင်နားကို တရွေ့ရွေ့ တိုးကပ်သွားနေကြသ… ယောကျ်ားသားတွေအားလုံးလည်း ပုဆိုးဖဲ ဘောင်းဘီထဲမှာ… ဒူးတုန်နေကြပြီမှန်း အချင်းချင်း သိနေကြ၏။

မြို့မှာ ဒါမျိုးတွေဟာ မကြုံဖူး၊ မကြားဘူးသည့်အဖြစ်တွေ… သရဲကား လာရိုက်ကာမှ တကယ့်သရဲနဲ့ ပက်ပင်းတိုးနေရသည့်အ… ကလည်း မယုံနိုင်ဖွယ် ..။

ဒါ တောကြိုအုံကြားမှာ သရဲကားလာရိုက်ခဲ့မိသည့်အဖြစ်အ… ဒဏ်ခတ်ခံရခြင်းလား ..၊ ဒါမှမဟုတ် 'သရဲဆိုတာ ဒါပဲ' လို့ ဗဟုသ… တိုးပွားအောင် လက်တွေ့ လာပြတာလား ..။





အတွေးတွေ တူညီစွာဖြင့် မန်နေဂျာနဲ့ ဒါရိုက်တာကြီး တံတွေး… တွေ မြိုင်တူ မျိုမိကြ၏။

ဗဟုသုတ မတိုးပွားရင်လည်း ရှိပါစေ၊ ဒီလို လက်တွေ့မျိုးကို… တော့ မလိုချင်ပေ ..။

ခွေးအူသံတွေရယ် .. ရွာသားတွေ ပစ်ချခဲ့ကြသည့် မီးတုတ်များမှ… အားကောင်းနေဆဲ ယိမ်းထိုးရုန်းကြွနေသည့် မီးအလင်းရောင် နီနီရယ်..၊

ပတ်ဝန်းကျင်၏ အကျည်းတန်လွန်းသည့် ပုံပိုးမှုတွေက မှောက်ခုံ… ငြိမ်သက်နေသော လူသေကောင်ကြီးနှင့် ပူးပေါင်းကာ ညဥ့်ယံဟာ… သွပ်စေလောက်သည့် ချောက်ချားမှုများနှင့် ပြည့်နှက်နေ၏။

"ဒါကြီးကို ဘယ်လိုလုပ်ကြမလဲ .."

"မသိဘူး .."

တုန်ယင်သည့်အသံတွေကို ထိန်းချုပ်မရကြသလို ပြန်ကုန်းထ… ဘမလား စိုးရွံ့စွာဖြင့် လူသေကောင်ဆီမှာပဲ မျက်လုံးတွေက မခွာ..။

သူတို့အဖြစ်က လူသေကောင်ကြီးမှန်း သိသိနှင့် ဆွဲ 'မ' ပြီး ခြုံပြင်… ဆက်အောင် ထုတ်ပစ်ဖို့လည်း မတတ်နိုင် ..၊ ထားခဲ့ပြီး အထဲမှာ… အားဆေးပြန်ဝင်နေပါလားဆိုတော့လည်း ကျောမလုံတော့ပေ ..။

ဒီတိုင်းပဲ ငုတ်တုတ်ထိုင်ကြည့်ရင်း မိုးလင်းရတော့မှာလား ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"အဲဒီသရဲက သူဌေးကတော်ကိုမှ ဘာဖြစ်လို့ လက်ညှိုးထိုး
လဲ .. ဟင် .."

"ဟုတ်တယ်နော် .. ပုံစံကြီးက ခြံထဲကျုမှ ငေါက်ခနဲ ထထိုင်
ဆိုတော့ ဒီကျုမှ ပူးတာ ..၊ တောထဲက ပူးလာတာ မဖြစ်နိုင်ဘူး

"မဆောင်း က ခဏခဏ လန့်လန့်အော်နေတာဆိုတော့

တစ်ယောက်တစ်ခွန်း ပြောသံတွေအဆုံးမှာ မင်းသမီး စုစန္ဒီ
ယူဆချက်တစ်ခုက အဆုံးမသတ်ဘဲ ရပ်၏။ မျက်လုံးများစွာတို့
လည်း ဆောင်း မျက်နှာလေးပေါ်မှာ စူးစိုက်လာခဲ့ကြသည်။

ဆောင်း နဲ့ မျက်လုံးချင်းဆုံတာကတော့ ဈာန်း ပဲ ဖြစ်သ
ညကလည်း ပြဿနာတွေဖြစ်ပြီးတည်းက အားလုံးကို ဖြေရှင်းမပေ
တော့ဘဲ ဈာန်း သူမဘေးမှာပဲ တစ်ချိန်လုံးထိုင်စောင့်နေခဲ့ရတာ မိုးလ
သွားတဲ့အထိ ..။

နေ့လယ်ခင်းချိန်ထိ တစ်မှေးမှ မမှေးရသေးသည့် ဈာန်း မျက်
တွေက အိပ်ရေးပျက်ထားမှန်း သိသာစွာ မျက်လုံးထောင့်စပ်တွေ
နီနေရှာသည်။





ဈာန်း အတွက် သူမ တစ်ခုခုကို ဆုံးဖြတ်ရပါမည်။ ဒီအလုပ် တစ်ခုလုံး အဆုံးသတ်ဖို့တောင်မှ အခက်အခဲတွေ အများကြီး ဖြစ်နေခဲ့တာမှာ ခုလို ထိတ်လန့်စရာတွေ ကြုံလာတော့ မင်းသမီးတွေနဲ့ အဖွဲ့က ငြူစူလာကြပြီ ဖြစ်သည်။

ကိုယ်ကသာ ဒီစရောက်တည်းက ဤသို့ မြင်ခဲ့ရသည်။ ဒီလို ကြုံခဲ့ဖူးပါသည်လို့ ပြောချလိုက်လျှင် အားလုံး လုပ်လက်စတွေကို ပစ်ချ၍ ကိုယ်လွတ်ရုန်းသွားကြတော့မှာ ကျိန်းသေ ..၊ ထိုစဉ် ...

"စု အစတည်းက စိတ်ထင့်နေတာ ..၊ မဆောင်း က ဒီရောက်တည်းက လန့်လန့်ဖျန့်ဖျန့်နဲ့လေ .. အလုပ်လုပ်ရတာလည်း ဘာမှ အဆင်ပြေတယ် မရှိဘူး၊ ခုဆို ဘယ်မှ သွားလာမရ၊ စားရကျပ် နေရကျပ် ဖြစ်လာပြီ .."

"ဟုတ်တယ် .. ဒီအိမ်ကြီးက တစ်ခုခုပဲ .."

"ညကအဖြစ်မှာ ရှင်းသွားတာပဲလေ .. ကိုဈာန်း စဉ်းစားကြည့်..၊ အဘွားဆိုတဲ့ အိမ်ပိုင်ရှင်ကလည်း တစ်ရွာလုံးက မလိုလားတဲ့သူလို့ ကြားထားတာ အခု အသိသာကြီး၊ တကယ်တမ်း ပြဿနာရှိလာရင် သူ ကျွန်တော်တို့ဘက်က ရပ်တည်နိုင်ဖို့ မလွယ်ဘူးနော် .."

"ဟုတ်တယ် .. ညကကိစ္စကို ရွာသားတွေ ကျေနပ်ကြမှာ မဟုတ်ဘူး .."

"မကျေနပ်စရာဖြစ်ရမှာက ငါတို့ပါကွာ ..၊ သူတို့ကသာ တောင်းပန်ရမှာ .."

ဈာန်း ရဲ့ဒရိုင်ဘာ ဦးပု က စကားဝိုင်းထဲ ဝင်လာသည်။ သူက အသက်အကြီးဆုံး ဖြစ်နေသည်မို့ ဒရိုင်ဘာပေမယ့် အားလုံးက လူကြီး နေရာမှာ ထား၍ လေးစားကြသည်ဖြစ်ရာ ...

"ဟုတ်တော့ ဟုတ်တယ်"

ဟု ကင်မရာသမားက ထောက်ခံ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာ မဟုတ်ဘူး .. ဟုတ်ကို ဟုတ်နေတာ၊ သူတို့က ရ
သေကောင်ကို မသေသေးဘူးလို့ ညာပြီး ဒီမှာ ညသိပ်ဖို့ ကြိုးစား
တာ .. ခုတော့ ပေါ်ပြီလေ ..၊ ရွာထဲက မီးစက်သူဌေးရဲ့သမက်မို့
သူ့အလုပ်သမားတွေက မျက်နှာလိုမျက်နှာရ ပြန်သယ်ဖို့ လုပ်ကြ
တကယ်ဆို နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် ဒါမျိုးကို ရွာထဲ ပြန်သယ်လို့ရ
မဟုတ်ဘူး .."

"ကျွန်မ ညတုန်းက ပြောခဲ့တာ အဲဒါပေါ့၊ အစိမ်းသေကို ရွာ
အဝင်ခံရတာ မဟုတ်ဘူး၊ အလောင်းကိုတောင်မှ မီးရှို့ပစ်ရတာ
ကျွန်မက တောသူစစ်စစ်ပေါ့ .. တောဓလေ့တွေကို သိတာပေါ့"

"ဟုတ်ပါတယ် .. ညက အခေါ် ဝင်ကယ်လို့ပေါ့၊ ဒါတောင်
မနှင်း ဖျားနေပြီ .."

စု က ပြောပြပြီး မျက်နှာလေး ရှုံ့မဲ့နေသည်။ ခုချိန်မှာ
အားလုံး ညီညွတ်နေကြကာ မင်းသားနဲ့ မင်းသမီး၊ ဒါရိုက်တာ
ဖြစ်ဖြစ် တခမ်းတနား မနေကြတော့ပေ ..။ ဧည့်ခန်းကျယ်ကြီးထဲမှာ
အဖွဲ့သားတွေ အားလုံး စုပြုံ ဆွေးနွေးဖြစ်ကြရင်း ...

"အခု လူမမာ နှစ်ယောက် ဖြစ်သွားပြီနော်..၊ မဆောင်း နဲ့ မနှင်း"

စုစန္ဒီ က ဒီအဖြစ်ကိုပဲ ရောက်အောင် ပြန်ဆွဲယူ၏။ ဆောင်း
က ခေါင်းခါ၍ ...

"ဆောင်း က ဘာမှမဖြစ်ပါဘူး .. ငယ်ငယ်တည်းက နှလုံးအ
သိပ်မကောင်းတဲ့ရောဂါရှိတော့ မကြာခဏ ဖြစ်တတ်တာ .."

စု က အားလုံးထဲမှာ မယုံကြည်သည့် မျက်လုံးတွေနှင့် ရှိနေ
ဒီအဖြစ်နဲ့ ဆောင်း လန့်နေခဲ့သည့်အဖြစ်ကို ဆက်စပ်နိုင်ဖို့သာ ကြိုး
နေသော အဓိပ္ပာယ်တွေ အပြည့်နှင့် ...

"ဟုတ်လား .. စု ကတော့ မဆောင်း ကို ကျန်းမာရေးကောင်း
သူလို့ပဲ မြင်တာ၊ ဟိုတစ်ည ရွာမှာလည်း အကြီးအကျယ် လန့်ခဲ့တာ





လ၊ ရွာထဲက အမျိုးသမီးလည်း ပြောတာပဲ.. သရဲခြောက်တာတဲ့ .."

"သူ အဲဒီလို ပြောသလား .."

ဆောင်း က မှသားသုံးဖို့ ဆုံးဖြတ်ချက်နှင့် ခေါင်းခါပစ်လိုက်ကာ...

"အဲ့ဩတယ် .. အဲဒီညတုန်းက ဆောင်း သရဲခြောက်ခံရတယ်
င်ပြီး မေးနေတုန်းကတော့ ခေါင်းရင်းခြံက အမျိုးသမီး ဒီဘက်ခြံထဲ
မှာ ထင်းခြောက် လာကောက်တာတဲ့၊ လူမနေတဲ့အိမ်ဆိုတော့ အရင်
တည်းက ဒီလိုပဲ ခိုးနေကျတဲ့ .."

အားလုံး သိပြီးသားကြီးကို မဟုတ်ကြောင်း သက်သေပြလာတော့
ဆိတ်ဆိတ်ငြိမ် နားစွင့်နေကြ၏။

"အဲဒီညက တကယ်သာ ထင်တဲ့အတိုင်း ဖြစ်ပျက်နေခဲ့ရင် ချာန်း
ရောက်လာတဲ့အထိဆို ဆောင်း အသက်တောင် ထွက်နေနိုင်တယ်.."

ပြောတော့လည်း အားလုံးရဲ့ မျက်ဝန်းတွေမှာ ဟုတ်နိုးနိုးတွေ
ဖြစ်ကုန်ကြ၏။

"ဟုတ်လောက်ပါတယ် .. ရွာသူတွေကိုက ချဲ့ကားပြောတတ်
ကြတာ.."

တစ်ယောက်က ဝင်ထောက်ခံသည်။ မင်းသားက ထိုင်ရာကနေ
ဆရပ်လိုက်ကာ ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်၍ ...

"ဘာတွေဖြစ်ဖြစ် ကျွန်တော်ကတော့ စိတ်ဝင်စားတယ်ဗျာ ..၊
ဒီဇာတ်က မင်းသမီးဇာတ်ဖြစ်နေလို့ သွေးအေးလှုပ်ရှားနေရတာ၊ ခုတော့
သွေးပူရကြောင်း ဖန်လာပြီပေါ့ .. ပျော်စရာကြီး .."

ရယ်ရယ်မောမောနှင့် ထွက်သွား၏။ ထောက်ခံသည့်လူဖြစ်ဖြစ်..
စိတ်မဝင်စားတဲ့လူဖြစ်ဖြစ် စုစန္ဒီဆွေ က ဘယ်သူ့ကိုမဆို မကြည်ကြည်
နှင့် ကြည့်သည်ပဲဖြစ်ကာ ...

"ကိုချာန်း ကို မပြောချင်ပေမယ့် ဒီနေ့တော့ ပြောမှ ဖြစ်မယ်ထင်
တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ .. ဘာလဲ .."

"အခု ရိုက်ကူးရေးလည်း ရပ်ထားရမလို ဖြစ်နေပြီဆိုတော့ ဘာမှ မထူးဘူးလေ..၊ စု တို့ကို ပြန်ဖို့ စိတ်မပေးချင်ဘူးလား .. ဒီကားအတွက် နောက်ထပ် လိုကေးရှင်းနဲ့ .."

"မဖြစ်ဘူး .."

ဈာန်း က ပြတ်သားစွာ ပြော၍ နေရာမှ ထရပ်လိုက်သည်။

"နောက်ထပ် ဘယ်လောက်မှလည်း မကျန်တော့ဘူး မစု၊ မစု တို့ နေထိုင်ရတာ အဆင်မပြေသလို .. ကျွန်တော် ဘယ်လောက်ထိ ကြိုးစား ရင်းနှီးထားခဲ့ရတယ်ဆိုတာ အားလုံး သိကြတယ် .."

"အရင်းအနှီးဆိုတာ သိန်းပေါင်း ထောင်သောင်းချီနေလို့လား.. ကိုဈာန်း အတွက် ဒီလောက်က မုန့်ဖိုးပါ .."

"ငွေကြေးနဲ့ဖြစ်ဖြစ် .. ဝါသနာ အနစ်နာနဲ့ပဲဖြစ်ဖြစ် ဘာကိုမှ ကျွန်တော် ဆုံးရှုံးမခံနိုင်လို့ အားလုံးကို မေတ္တာရပ်ခံခဲ့တာပါ၊ အဲဒါကြောင့် မစု ကိုလည်း ကျေးဇူးပြုပြီး ဒီမှာ ပြီးမှဖြစ်မယ့် ဆင်းနိအားလုံး စုံအောင် ရိုက်ပေးပါ .."

မုစန္ဒီ က ကျွတ်ခနဲ ရှုံ့မဲ့သွားသည်။

"ဒီမှာ အချိန် ထပ်ပုတ်သွားခဲ့ရင် ဒါမှမဟုတ် ဒီက အနုပညာရှင် အားလုံး ဒုက္ခခံပေးခဲ့ရတဲ့အတွက် ကျွန်တော်က ထိုက်ထိုက်တန်တန် ကျေးဇူးပြုပေးမှာပါ၊ အနုပညာကြေးသဘောနဲ့ ကျေနပ်လောက်အောင် ထပ်ပေးပါ့မယ်.. ကျွန်တော့်အတွက် အဓိကက ဒီဇာတ်ကား ပြီးမြောက်ဖို့ ဖြစ်နေတာ နားလည်ပေးဖို့ပါပဲ .."

အားလုံး၏အကြည့်တွေက ရိုက်ဘုတ်ခ်မှာ ရေးထားသည့် ဇာတ်ကားနာမည်ဆီ ဝေ့ဝဲရောက်သွားကြ၏။

'ရွှေသိတ်အညွှန်း'





## အခန်း (၃၆)

"မင်းကို ကျေးဇူးတင်တယ် .."

"မလိုပါဘူး .. နင့်အလုပ်ကိုသာ လက်စသတ်နိုင်အောင် မြန်မြန် ...ပ် ..၊ နင်နဲ့ငါ လင်မယား တော်နေတဲ့အတွက် ငါက ပါးစပ်ပိတ်ပေး ...ရုံပဲ .. ဘာမှ မပင်ပန်းဘူး .."

ဈာန်း က စိတ်ညစ်နေသည့်မျက်နှာကို ပွတ်ပစ်လိုက်ရင်း ထို ...က်က ဆံပင်တွေဆီ ဆက်တိုက် တိုးဝင် ဖိသပ်ခြင်းဖြစ်လျက် ...

"အပန်းမကြီးတဲ့ စကားပါ၊ မှန်ပါတယ် .. ဒါပေမယ့် အဆင်းမှာ ...တပ်ပေးတာမျိုး ..၊ ကျားကို အတောင်ပံတပ်လိုက်သလိုပေါ့၊ အဲဒီလို ...တွန်းစကားတွေက အရမ်းကို အရေးပါတယ် .. မင်း ကိုယ့်ကို ဘယ် ...ပဲ ဆိုးခဲ့ဆိုးခဲ့ .. ကိုယ့်ဘက်က ဆိုးတယ်ထင်ခဲ့တာမျိုးပေါ့နော် ..၊ ...နေရာမှာ အားလုံးကို နားလည်သွားတယ် .."

"ဘာလဲ .."

"မင်း ကိုယ့်ဘက်က ရှိနေခဲ့တာကိုလေ .."



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း က လှဲနေရာကနေ ထထိုင်လိုက်ကာ ...

"အဲဒါ နင်နဲ့ငါ လင်မယားဖြစ်နေကြလို့လို့ ပြောပြီးပြီလေ ... အဲဒီအတွက်ကြောင့် ငါ အခု ဘာဖြစ်နေနေ ကျောက်ရုပ်လို နေပြ တော့မယ် ...၊ ငါ ဘယ်လိုမှ ကြည့်မရခဲ့တဲ့ နင့်အလုပ်ကြီးအတွက် ထောက်ခံချက်တွေ ပေးနေရတယ် .."

"အဲ့ဒါ ဘာဖြစ်သွားနိုင်လို့လဲ ဆောင်း ရယ် .. ကိုယ် ဆောင်ခြင်း လာရင်လည်း ဒါ ကိုယ်ဘို့အိမ်ထောင်ရေးအတွက် စီးပွားရေးလုပ်ငန်း တစ်ခုပဲ .. မဟုတ်ဘူးလား .."

"နင့်လုပ်ငန်းကို နင် လုပ်နေရင်လည်း တော်သေးတယ်လေ ... အခု ဒီအလုပ်လုပ်ပြီး ငါ့ကို သွားလေရာ ပါအောင် ခေါ်တယ်၊ နင် ဝါသနာပါတာကို လုပ်ခွင့်ရနေသလောက် ငါကတော့ ဘာအခွင့်အရေး မှ မရခဲ့ဘူး .."

"ရမှာပါ .. ကိုယ် မင်းအတွက် နားလည်ပေးဖို့ စဉ်းစားပြီးသား ဒါပေမယ့် ကိုယ် ငါးကားလောက်တော့ ရိုက်ပါရစေ .. အဲဒီအချိန်အထဲ အတွင်း ကိုယ့်အနားမှာ မင်းရှိမှ ဖြစ်မယ် .."

"အဲဒါက ဘာလဲ ...၊ နင့်အလုပ်ကို ငါက ဘာတွေ ဝိုင်းကူနေနိုင် လို့လဲ ...၊ အဓိပ္ပာယ်ကို မရှိဘူး .."

"မတိတ်နိုင်ဘူး ဆောင်း ...၊ ကိုယ့်ရဲ့အဓိပ္ပာယ်ကတော့ ကိုယ်တို့ နှစ်ယောက် အမြဲ အတူတူ လက်တွဲခဲ့ကြတာ ဒီနေ့ထိ .. ဒါပဲ၊ မင်း ဒေါသထွက်နေနေ .. ပုတ်ခတ်စော်ကားနေပစေ .. စိတ်ဆိုးလို့မရသလို နှောင့်ယှက်နေတယ်လို့လည်း မထင်ဘူး၊ ကိုယ် တစ်ယောက်တည်း အလုပ်လုပ်နေရပေမယ့် မင်းနဲ့အတူတူလို့ပဲ ခံစားလို့ ရတယ်"

ဆောင်း က မျက်နှာလေးမဲ့၍ စောင်ကို ခွာချပစ်သည်။ အိပ်ရာ ပေါ်က ဆင်းဖို့ ပြင်လိုက်တော့ ဈာန်း က ဘေးမှာထိုင်ချလိုက်ပြီး လက်ခုံလေးတစ်ဖက်ကို ဆုပ်ကိုင်ထား၍ ...





"ကိုယ့်ကို ခဏလေး ဆက်ပြီး နားလည်ပေးပါဦး ...၊ အဲဒါ ပြော ချင်လို့ .."

"နင် အဲ့ဒါတွေ ငါ့ကို မပြောနဲ့ ဈာန်း ...၊ ငါ သေလောက်အောင် ကျေနပ်နေရင်လည်း နင်ရှိတဲ့နေရာမှာ ငါ ရှိနေရမှာပဲ မဟုတ်ဘူးလား၊ အခြားလူတွေ နားလည်ပေးကြမှ နင့်အလုပ် ပြီးဆုံးအောင် ဆက်လုပ် နိုင်မှာ .."

"ဟုတ်တယ် .. ဒါပေမယ့် အားလုံးကို ငါ စည်းရုံးနိုင်တယ်"

"မလွယ်ဘူးလို့ ငါ ပြောရဲတယ် .."

ဆောင်း က လက်ကို ရုန်းထွက်ပြီး နေရာမှ ထရပ်လိုက်၏။ ပြီးတော့ ပြတင်းတံခါးကနေ အပြင်ဘက်က မှုန်ပျပျ နေညိုချိန်ကို ငေးကြည့်သည်။

အလင်းရောင်ယဲ့ယဲ့လေးကို အားအင်ချိနဲ့နေသည့်ကြားက ဖွဲ့ချေ ရစ်ရင်း ညနေခင်းနေရောင်ခြည်က နှုတ်ဆက် လက်ပြနေပြီဖြစ်သည်။

ဒီည ဘာတွေ ဖြစ်ဦးမလဲ ...၊

ညကို ကြောက်တတ်နေပြီဖြစ်သည့် ဒီအိမ်ကြီးထဲက အမျိုးသမီး စုထဲမှာ သူမလည်း ပါသည်။ ဒါပေမယ့် မပါသလိုပဲ နေရတော့မှာ ၏။ လွယ်တာ မလွယ်တာကိုတော့ မသိပါ ...။

"ဆောင်း .."

ဈာန်း က ဆောင်း ရဲ့ဘေးမှာ လာရပ်ကာ သူ့မျက်နှာက သူမ၏ နားလေးမှာ ထိကပ်မတတ် ငုံ့လာကာ ...

"ကိုယ့်ကို တစ်ခုတော့ ဖွင့်ပြောပြစမ်းပါ .."

ဆောင်း က မော့ကြည့်လိုက်တော့ မျက်နှာချင်းက နီးကပ်စွာ နေလျက် ...

"ဘာကိုလဲ .."

"မင်း .."



www.burmeseclassic.com

www.burmeseclassic.com



သူ မေးဖို့ မေးခွန်းရှိနေသည်။ ဒါပေမယ့် ကိုယ် နားလည်နေသလို သူမ နားလည်စွာ ပြန်ဖြေတတ်အောင် ဘယ်လိုမေးရမှန်း မသိ ...

"ဟိုကွာ .. မင်း အရမ်းလန့်နေခဲ့တာတွေ .. အဲဒါတွေကို သူများတွေ သိကြတဲ့ အကြိမ်ရေထက် ကိုယ်က ပိုသိနေတယ်၊ ဟိုညက ဖြစ်ခဲ့တဲ့ ပြဿနာရောပဲ .. အဲဒီအဖြစ်အပျက်တွေမှာ မင်း ဘယ်လို ခံစားရသလဲ .."

"ငါ မရှင်းဘူး ...၊ နင် ဘာကို သိချင်တာလဲ .."

"ဒီလို ...၊ အဲဒီခြောက်လှန့်မှုက တကယ် ခြောက်လှန့်မှုလား ..၊ ကြောက်လန့်နေမိတာ သက်သက်လား .. ဒါမှမဟုတ် တခြားလူတွေ ပြောသလို ဒီအိမ်နဲ့ဖြစ်ဖြစ် .. ကိုယ်တို့အားလုံး နေထိုင်ကြတာကိုဖြစ်ဖြစ် .. အဲဒါနဲ့ သက်ဆိုင်နေသလား၊ တစ်စုံတစ်ယောက်ကိုပဲ ရည်ရွယ်နေတာလား .."

"ငါ့ကို ရည်ရွယ်နေတယ်လို့ ထင်တာလား ...၊ စုစန္ဒီခွေ မေးသလိုပဲ မေးစမ်းပါ .."

"သူ မင်းကို အဲဒီလောက်ထိ မမေးဘူးမို့လား ...၊ ကိုယ်က လင်မယားချင်းမို့ အရှင်းဆုံး သိထားချင်လို့ပါ .."

"ဟွန်း .. ငါ လန့်ဖျန့် အော်ဟစ်နေတာတွေကို ရယ်ချင်စိတ်တွေ မဖြစ်တော့ဘူးပေါ့ .."

"အားလုံးက မင်း အထင်လွဲနေတာတွေက များတယ် ဆောင်း..၊ နေရာတကာပဲ မင်းကို လှောင်ရယ်နေတယ်လို့ မင်း ထင်နေတာ .."

"မဟုတ်ဘူးလား .."

"ထောင်တန်တဲ့စကား ရှင်ရှင်ပေါ့တယ် ဆိုပေမယ့် မင်း ပြောတာတွေကို ကိုယ်က လေးနက်ပေးလိုက်လို့ ဖြစ်မလား ...၊ ဒါက ထောင်တန်တဲ့စကားတွေမှ မဟုတ်တာ .."

"သိတယ် .."





ဆောင်း က သူ့ဘက်ကို ဖျတ်ခနဲ ရင်ဆိုင်လှည့်လိုက်ကာ ...

"ငါ့ရဲ့ခံစားချက် .. ငါ့ရဲ့ ပက်ပက်စက်စက် ထိတ်လန့် ချောက်ချားမှုတွေ .. ဒါတွေက နင့်အတွက် အဖိုးတန်ဒိုင်ယာလော့တွေ ဖြစ်မှာဘူး ...၊ ငါ အစောကြီးတည်းက သိနေတာပါ"

"ဟား!..."

ချာန်း က သူ့နဖူးသူ လက်ဖနောင့်နဲ့ ထိကပ်ပစ်လိုက်ပြီး ရှုံ့မဲ့ ...လျက် ...

"သေပြီကွာ .. လွဲပြန်ပြီ .."

ဟု ညည်းညူရင်း ...

"အဲဒါ မင်းအတွက်ပဲ ဆောင်း ...၊ မင်း ပိုခံစားရမှာစိုးလို့ အမှန်းခံ ...ရန်ဖြစ်လိုက်၊ ပြက်ရယ်ပြုလိုက်နဲ့ လုပ်ခဲ့ရတာ .. အခု မင်း ကိုယ့်ကို ...ဘာလို့ ဘယ်သူ့ကို သွားပြောမှာလဲ ...၊ အားလုံးထဲမှာ မင်းကစပြီး ...ကြီးအကျယ် ထိတ်လန့်မှုတွေ ဖြစ်လာတာ၊ အပြင်က ပယောဂဝင် ...ပြီးတော့လည်း မင်းကိုပဲ လက်ညှိုးထိုးသွားတယ်၊ စုစန္ဒီ က အဲဒါ ...ကို အများတကာ သတိထားမိအောင် စုစည်း တင်ပြဖို့ ကြိုးစားနေ ... မင်း သိလား .."

"အဲဒီတော့ .. လူမသိခင် ရှင်က ကျွန်မကို ကပ်မေးထားပြီး ...တ်လမ်းကောင်းတစ်ပုဒ် ဖြစ်အောင် လျှို့ဝှက်ထားချင်တာလား .."

"ဆောင်း .."

"အို .. ဖယ်ပေး .. လွှတ် .."

သူ ဆောင့်ခါပစ်လိုက်သည့် ပခုံးနှစ်ဖက်ကနေ ဆောင်း က သူ့ ...တ်တွေကို တွန်းခါချပစ်၏။

"ဟုတ်တာပြောတော့ နာတယ် ဟုတ်လား .."

"မဟုတ်တာပြောတော့ ဆဲသလိုပဲကွ ...၊ ငါ မင်းကို ဘယ်လောက် ...ချိမ်နေရသလဲ မင်း သိလား .."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး .."

"မသိနဲ့ ရတယ် .. ဒါပေမယ့် မစော်ကားနဲ့၊ မင်း ဖြစ်နေတာ
သူများထက် ငါ ပိုသိချင်တယ်၊ မင်းဘေးမှာ အနီးဆုံးရှိနေတဲ့အ
မင်းမှာ ဘယ်လိုအန္တရာယ်တွေ ရှိနေသလဲဆိုတာ ငါ ကြိုသိမထား
ဘူးလား .."

"ဘာအန္တရာယ်မှ မရှိဘူး .. ရှိလာရင်လည်း နင့်ကို ပြောပြီး
ရှိရှိသေသေ .."

"မင်း တော်တော် ခေါင်းမာပါလား ဆောင်း .. ဟင် ..၊ တ
ကွာ .. လုံးဝကို မထင်ရဘူး .."

ဈာန်း ဆံပင်တွေ ဖွလိုက်၊ လက်ခါလိုက်နှင့် ထိုလက်
ဆောင်းဘီအိတ်ထဲလည်း ရောက်နေတတ်ကာ ...

"နောက်သုံးရက်ဆိုရင် ဒီမှာရိုက်ဖို့ရှိတာတွေ ပြီးပြီ၊ ဒါပေမယ့်

"ဒါပေမယ့် ဒီရွာက တကယ့်သရဲကို တွေ့ပြီး နင် တ
စိတ်ဝင်စားသွားပြီမို့လား ..၊ အဲဒါနဲ့ပတ်သက်နေတဲ့ ငါ လန့်ဖျန့်နေ
တွေကိုရော .."

"ဆောင်း .. ငါ စိတ်ဝင်စားတယ်ဆိုရင်လည်း အလုပ်နဲ့ မသ
ဆိုင်ဘူးနော် ..၊ အဲဒါ မင်းကို စိတ်ပူလို့ .."

"မပူနဲ့ .. နင် မပြီးဆုံးခင် ဘာမှထပ်မဖြစ်ပါစေနဲ့လို့ပဲ
တောင်း ..၊ ငါ့ဘက်က တစ်ခု ကတိပေးနိုင်တယ်၊ နင့်ကို ဘာတစ်
အနှောင့်အယှက်မပေးမိအောင် နေမယ် .."

"မင်းက နေလည်း ငါကမှ မနေနိုင်ဘဲ .."

"ဒီတစ်ခါ နေနိုင်အောင် နေလိုက် .."

ပြောနေရင်း ဆောင်း မျက်ရည်ဝေ့၏။ တကယ်တမ်း ရင်ဆိုင်
လာရတော့ ဒီရင်ခွင်ထဲမှာပဲ ပြိုလဲခဲ့ရတာပါ ..။ ဒါကြောင့် ဒီအရပ်
မနေချင် ..၊ ဒီအလုပ်တွေ လုပ်တာကိုက စမှားခဲ့တာ ဖြစ်သည်။





မမှားခင်တည်းက တားဆီးခဲ့တာတွေကိုရော သင်းက နားထောင်
လား ..၊ ခုကျမှ စိတ်ဝင်စားနေပါပြီဆိုတာ ဖြစ်လာသည်။ ဒါလည်း
အလုပ်နဲ့ ဆက်စပ်မှုရှိနေလို့ပဲ ဖြစ်လိမ့်မည်။

တကယ်တမ်းကျတော့ ကိုယ့်ကိုယ်ကိုယ် သိနေသည့် ရင်ထဲမှာ
စက္ကန့်နဲ့အမျှ ထိတ်လန့်နေရသည်။

တွာကောက်ကောက် လိုက်နှေသည့် မိန်းမတစ်ယောက်၏ပုံရိပ်
ထွက်သွားဖို့ နှင်ထုတ်ခဲ့သည့် ယောက်ျားတစ်ယောက်၏ အော်သံ
ကြီး ..။

ထိုနှစ်ဖက်စလုံး၏ ရည်ရွယ်ရင်းဟာ ကိုယ်တစ်ယောက်တည်း
ပဲ ဖြစ်နေခဲ့ဘာ ဘာမှန်းမသိ ..။

ပြီးတော့ တစ်ယောက်က တစ်စုံတစ်ခုကို ပေးနေခဲ့လျက် .. တစ်
ယောက်က ပြန်တောင်းခဲ့သည်။

ကိုယ် ဘာယူခဲ့မိပါသနည်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

ရိုက်ကူးရေးတစ်ဖွဲ့လုံး အောက်ထပ်မှာ အလုပ်ရှုပ်နေကြစဉ် ဆော
က အတွေးများနဲ့ ချာချာလည်နေဆဲ ဖြစ်၏။ အာရုံထဲမှာ ခံ့ပင်ရေ
ဖားလျားနှင့် ညိုမည်းနေသော မျက်ကွင်းတစ်စုံပဲ စွဲနေသည်။

ပြီးတော့ 'ပြန်ပေးစမ်း'လို့ တောင်းနေသည့် လူသွားကြီးရဲ့အ
နက်ကြီး ..။

ဒါ ဆက်စပ်မှုရှိနေပြီမှန်း သိသည်။ ဒါပေမယ့် အစရှာလို့လည်
မရ ..။

"ရော့ .."လို့ သူမ လှမ်းပေးလိုက်တာနှင့် ဆောင်း အတင်းဖျ
ပြေးခဲ့သည်။ ထို့ကြောင့် ဘာကို ပေးနေတာမှန်း မသိခဲ့ပေ ..။

ပြီးတော့ 'ဒေါက် ..'ဆိုသည့် အသံတစ်သံ ..၊

ဒီအသံဟာ ကိုယ့်ဆီကလား ..၊ ဘယ်ကလဲ ကိုယ်ကတော့ တ
တစ်ခုနှင့် ပစ်ပေါက်လိုက်ပြီးဆိုသည့်အသိနှင့် သတိပါ လစ်သွားခဲ့
သည်။

"ဆရာကတော် .."

"ဟင်!..."





ဖြန်းခနဲ ခေါ်လိုက်သဖြင့် နည်းနည်းတော့ လန့်သွား၏။ မင်းသား မင်းသမီးတွေနဲ့ လူကြီးပိုင်းလောက်ကလွဲလျှင် အဖွဲ့ထဲက အားလုံးနီးပါးက 'သူဌေးကတော်' .. 'ဆရာကတော်'တွေပဲ ခေါ်နေကြတာ ..၊ မခေါ်ပါနဲ့ဆိုလည်း မရပေ။

ဆောင်း လန့်သွားမှန်းသိမှ ကိုတင်စိုး ဆိုသူက တောင်းပန်သလို ရယ်ကာ ..၊ အပေါ်ထပ် ဧည့်ခန်းရှေ့မှာပဲ ရပ်သွားပြီး ...

"ဆရာချာန်း က ခုနက ဖုန်းယူလာပေးပါလို့ ပြောခဲ့တာ ယူလာခဲ့သလားတဲ့ .."

"သြော် .. ချာန်း ကတော့ တကယ်ပါပဲ .."

သူ ထိုင်နေသည့်ဘေးက ကုတ်အင်္ကျီထဲ ထည့်ပြီး 'ဒီမှာ ထည့်ခဲ့ပြီ'လို့တောင် ပြောခဲ့သေးသည်မို့ စိတ်က မရှည်ချင်..။ ထထွက်လာတတည်းက အကြောင်းတစ်မျိုးမျိုးပြပြီး ပြန်ဆင်းလာအောင် ခေါ်တော့မယ်ဆိုတာ တွေးတော့ တွေးမိသားပါ ..။

"သူ့ကုတ်အင်္ကျီထဲမှာ ထည့်ပေးခဲ့တယ်လို့ ပြောလိုက်ပါ၊ တကယ်ပဲ .. အပေါ်နဲ့အောက် ဆင်းတက်နေရတာတွေ လွယ်တယ် မှတ်နေလားမသိဘူး ..၊ ကိုတင်စိုး သေချာ ပြောလိုက်နော် .."

"ဟုတ်ကဲ့ပါ .. ပြောလိုက်ပါ့မယ်၊ အဟဲ .. ဆရာချာန်း ကြည့်ရတာ ယောက်မခါးကြားထိုးပြီး ရှာနေတာ ထင်တယ် .."

ရယ်ကျဲကျဲနှင့် ပြောသွား၏။ ဆောင်း တကယ်ကို စိတ်ပျက်စွာ ခေါင်းခါမိတော့သည်။

'မင်းမရှိရင် မဖြစ်ဘူး'လို့ ပြောပြောနေတတ်တာ အပိုပြောတာ ဟုတ်မှန်းတော့ နားလည်လာပါပြီ။ ဒါပေမယ့် 'အဲ့ဒါ မင်းကို ချစ်လို့'လို့ ပြောရင်တော့ ယုံနိုင်ဖို့ မလွယ်ပေ ..။

ချာန်း နဲ့ သူမကြားမှာ ဒီလောက်ထိ စွဲလမ်း ယစ်မူးလောက်အောင် ရောနှောတွယ်ခဲ့တာ ဘာမှမရှိခဲ့ဘဲနှင့် ..၊



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် .."

ဆောင်း ညှော့ခန်းထဲကယွက်ကာ နောက်ဘက် ဝရန်တာကို မျှော်လှည့်လိုက်ပြီးမှ နောက်က လူရိပ်နှင့်အတူ ရယ်သံ ဒိုလို စကားပြော ပါးစပ်ပြင်တာမျိုးလား ..။

ခွဲခြားရခက်သည့် အသံတစ်မျိုး ကြားလိုက်ရပြီး တစ်ဆော တည်း ..၊

"ဘယ်မှာလဲ .."

"ဩော် .. အကျီြဘေးအိတ်ထဲမှာပါ ဆိုမှ .."

ဒါကိုပဲ တွေးနေတုန်းမို့ ဆောင်း က လွှတ်ခနဲ ဖြေသည်။ ပြီးမှ

"ဟင်!..."

ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားသည်။

ဒီအသံကြီးပဲ ..၊

အသိစိတ်က သတိပေးပေမယ့် နောက်ကျသွား၏။ ကိုယ့်ဆီ ပြေးပြီး ခုန်အုပ်လိုက်သလို မည်းခနဲ ပြေးကပ်လာတာ သိလိုက် ကမန်းကတန်း လှည့်ကြည့်မိသည်။ ဒါပေမယ့် ...

သူမနောက်မှာ ဘာမှ မရှိ ..။

ယောက်ျားကြီးတစ်ယောက်အသံကို သေချာ ကြားလိုက်ရပြီး လူသူ တစ်စုံတစ်ယောက်မှ မရှိတော့ခြင်းကြောင့် ..၊

ဆောင်း တစ်ကိုယ်လုံး ပတ်ဝန်းကျင်ကို လိုက်ရှာဖွေရင်း ချာလ ပတ်ရမ်းသွား၏။

ဟိုညကလောက် မဆိုးသော်လည်း ဒီလို ခပ်ဆင်ဆင် အက်ရှ သည့်အသံမျိုးကြီးပဲ ဖြစ်သည်။ ခြေဖျား လက်ဖျားတွေ ခဏအတွင်း အေးစက်လာ၏။ လည်ချောင်းတွေပါ ခြောက်သွေ့လာကြသည်။

ထိုစဉ် အခန်းတစ်ခုထဲကို ဝင်သွားသလိုလို လူရိပ် မြင်လိုက် သဖြင့် ဆောင်း ချက်ချင်း ပြေးလိုက်၏။ အချိန်က နေဝင်ရီတရောပဲ





ဖြစ်ကာ ဖြစ်လိုက်တိုင်း ရိုက်ကူးရေးနဲ့ အဖွဲ့တွေ အလုပ်ရှုပ်နေကြ သည့်အချိန်ပဲ ဖြစ်နေတတ်တာ ဘာလဲ ..။

ဆောင်း ကိုမှ တစ်ယောက်တည်း ခွဲထုတ် ခြွေးချယ်နေတာလား၊ ဒါမှမဟုတ် ဆောင်း ချည်းပဲ ကံဆိုးနေတာလား ..။

လူဝင်သွားသည်ထင်ရသော အခန်းရှေ့မှာ ခြေစုံရပ်မိပြီးမှ ခြောက် သွေ့နေသည့် လည်ချောင်းကို တံတွေးကိုမျိုချရင်း ရဲဆေးတင်နေ ရသည်။

တံခါးခေါက်ရမလား ..၊ ခေါ်ကြည့်ရမလား စဉ်းစားရင်း အောက် ထပ်က တစ်ယောက်ယောက် တက်လာပါစေလို့လည်း ဆုတောင်းမိပြန် သည်။

ခက်တာက ဆောင်း တစ်ယောက်တည်း ရှိနေတုန်းမှာပဲ ဒီအခြေ အနေတွေ ဖြစ်လာတာမို့ သိချင်လျှင် ရှေ့ဆက်တိုးရုံအပြင် ဘာမှမရှိ..။

မှောင်ရိပ်သမ်းနေသည့် အဆောက်အအုံအတွင်းပိုင်းဆီ တစ်ချက် ပြန်ကြည့်၍ ကြောက်စိတ်ကို မရမက ချိုးနှိမ်နေရစဉ် ...

"ကျွီ .."

"အမေ့!..."

လက်ဖဝါးနဲ့ကပ်ထားသည့် တံခါးချပ်က ကျွီခနဲ မြည်သံနှင့်အတူ အလိုလို ပွင့်သွား၏။ ဆောင်း နှုတ်ခမ်းလေး ဟသွားကာ ရင်ခုန်သံတွေ တဒိန်းဒိန်း ဆောင့်ခုန်လာသည်။

"အထဲ .. အထဲမှာ ဘယ်သူရှိလဲ .."

ဆောင်း အသံတွေ တုန်နေကာ မေးသံက ငိုသံနှင့် တူနေ၏။ ဘာမသိညာမသိ နောင့်ယှက်ခံနေရခြင်းကို သည်းမခံနိုင်လို့ အံတုဖို့ ကြိုးစားခြင်းက ဒူးတုပ်လည်စင်းပေးနေတာနှင့် တူနေပြီမှန်းလည်း ကိုယ့်ကိုယ်ကိုယ် သိသည်။

သို့သော် တုံ့ပြန်သည့်စကားသံအစား အထဲက ချိုးချိုးချွတ်ချွတ်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားသံသဲ့သဲ့ကိုပဲ ကြားနေရခြင်းကြောင့် ...

"ဘယ်သူလဲဟင် .. အထဲက ဘယ်သူလဲ .."

တစ်ဝက်လောက် ပွင့်နေသည့်တံခါးကို တအား တွန်းဖွင့်ပစ်လိုက်ကာ အထဲကို အလင်းရောင်ဝင်သွားအောင် ကြိုးစားလိုက်သည်။ မြင်လိုက်ရသည့် ပစ္စည်းဟောင်းတွေက ဒီတိုင်းပဲဖြစ်ကာ တခြားမှောင်ရိပ်ကျနေသည့်ဘက်က လှုပ်ရှားသံတွေကို ကြားနေရသေးသည်။

ဆောင်း ခြေလှမ်းစရွှေ့သည်။ ဒါက သံရဲဆိုလျှင်လည်း လူတို့ဂုတ်ချိုးသတ်ခံရလောက်အောင် သူမ ဘုန်းကံမနိမ့်ဘူးဆိုတာ ယုံကြည်၍ ...

"အဟမ်း .."

အထဲကို တိုးဝင်ခဲ့ရင်း ချောင်းဟန့် အသံပေးလိုက်၏။ ထိုစဉ်–

"ဂျိမ်း .."

"ဟင်!..."

တံခါးက လေပြင်းတိုက်ခံရသကဲ့သို့ ဂျိမ်းခနဲ ဆောင့်ပိတ်သွား၏။ ဆောင်း တံခါးဆီ ချက်ချင်း ပြန်လှည့်ကာ ...

"ဒုန်း .. ဒုန်း .."

ဆွဲလိုက် .. တွန်းလိုက်နှင့် ဘယ်လိုမှ ပြန်ဖွင့်လို့ မရတော့လျှင်–

"လာကြပါဦး .. အပြင်မှာ ဘယ်သူရှိလဲ .. လာကြပါဦး .."

ကိုယ့်ပတ်ဝန်းကျင်ဟာ ဘယ်ကိုကြည့်ကြည့် မှောင်နဲ့မည်းမည်းဖြစ်နေကာ မျက်လုံး ကျင့်သားရတဲ့အထိလည်း မကြည့်နိုင် ..။

တံခါးဖွင့်မရလေ ကြောက်လန့်ခြင်းက ကြီးမားလာလေနှင့် ...

"ဒုန်း .. ဒုန်း .."

"ချာန်း ရေ .. ချာန်း .. ငါ ဒီမှာ လာဖွင့်ပေးပါ၊ အပြင်မှာ ဘယ်သူရှိလဲ ..၊ တံခါးဖွင့်ပေးကြပါ .."

ဆောင်း အသံကုန် အော်ဟစ်နေမိ၏။





ထိုစဉ် နောက်ကျောမလုံသလိုကြီး ဖြစ်လာသဖြင့် လှည့်ကြည့်လိုက်မိလျှင် သူမနောက်မှာ မားမားကြီး ရပ်နေသည့် ယောကျ်ားကြီးတစ်ယောက် ..၊

"သော့ .. ပေး .."

"ဟင်!..."

"ပေး .. ပြန်ပေးစမ်း .."

"ဟင့်အင်း .. ဟင့်အင်း မသိဘူး ..၊ ဘာသော့လဲ .. ဘာကိုပြောနေတာလဲ .."

"ဝါး .. ဟီး .. ဟီး .."

အသံနက်ကြီးတစ်ချက် စူးရှစွာ ထွက်ပေါ်လာကာ လူကြီး၏ လက်ကြီးနှစ်ဖက် ကိုယ့်ယို့ကားယား မြောက်တက်လာလျှင် ...

"အား!..."

ကျောနောက်မှာ တံခါးအပြင် ထပ်ဆုတ်စရာမရှိတော့သည်ဖြစ်ရာ မျက်နှာကို လက်နှစ်ဖက်နဲ့ ကာကွယ် အော်ဟစ်ရင်း ဆောင်း ကိုယ်လေး ခွေခေါက် ပုံကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

ရိုက်ကူးရေးအဖွဲ့တွေအားလုံး ညှိခန်းထဲမှာ လူစုံတက်စုံ ရှိနေ
သည်။ ဒါပေမယ့် ဘယ်သူကမှ အားတက်သရော ပြောဆိုနေတာ
သောကြောင့် တစ်ခန်းလုံးမှာ စကားသံတွေ တိတ်ဆိတ်နေခဲ့၏။

အပြင်တံခါးဘက်မှာ မတ်တတ်ရပ်နေသူ ဈာန်း တစ်ယော
ရှိကာ ဒါရိုက်တာကြီးက ပြောစရာတွေရှိလာပြီဆိုမှ လည်ချောင်းတ
ချက်ရှင်း၍ နေရာမှ ထသည်။

ပြီးတော့ ဈာန်း ရှိရာကို လျှောက်သွားရင်း ...

"အခြေအနေတွေက ဘာမှန်းမသိဘဲ ဘယ်ကို ဦးတည်းမှန်း
ရောက်ချင်ရာ ရောက်သွားမယ့်ပုံပဲ၊ ငါတို့ ဒီတိုင်းနေလို့တော့ မဖြစ်
ဈာန်း .."

"ကျွန်တော်ကလည်း ဒါပဲ စဉ်းစားနေတာပါ၊ ဒီညနေ ဒီမှာ ပြီ
မယ့် ဆင်းန်အားလုံး စုံပြီ .. ပြန်ဖို့က အဆင်မပြေသေးဘူး၊ အဆင်
အောင် စောင့်ဖို့လည်း ကျွန်တော်တို့မှာ ရိက္ခာကုန်နေပြီ .."

"အဲဒါ ပြောတာပဲ ကိုဈာန်း .."





စုစန္ဒီ ကလည်း ထိုင်ရာကနေ လှမ်းပြောသည်။ ပြီးတော့ နှစ်
ဆက်တွဲ ကြိမ်ကုလားထိုင်ပေါ်မှာ ပခုံးထိ စောင်ခြုံ၍ ပုစွန်တုပ်လို
ကွေးနေသော အဖွဲ့ထဲက မိန်းကလေးဆီ လှမ်းကြည့်သည်။

သူမရဲ့ ခြေရင်းဘက်မှာတော့ ဒေါ်ထွား က အနွေးထည်အထူကြီး
နဲ့ ရှူးဘူးလေး ကိုင်ထားပေမယ့် ရှူတာလည်း မဟုတ် ..။

"အားလုံးပဲ လန့်ဖျန့် ဖျားနာနေကြပြီ၊ ဆေးဝါးကလည်း ကြိုတင်
ဆောင်းလာတာတွေက ဘယ်လိုလုပ် ပြည့်စုံမှာလဲ .."

"ဒါကတော့ မင်းသမီးရယ် .. သူ့ဒွေးကတော် လန့်သွားကတည်း
က ကျန်တဲ့ငယ်သားတွေထဲမှာလည်း ကျိုးတိုကြောင်တိတွေ ဖြစ်ကုန်
ကြတာပဲ၊ ဒါမျိုးက အတွေးမှား .. အမြင်မှား ဆိုတာ ရှိတယ်.."

"မဟုတ်ဘူး ..၊ ကျွန်မ မှားတာ လုံးဝ မဟုတ်ဘူး .."

ဈာန်း ရဲ့ဒရိုင်ဘာက ကြားဝင်ဖြေရှင်းဖို့ စကားစလိုက်တာနှင့်
စောင်ခြုံထဲမှာ ကွေးနေသည့် မိန်းကလေးက ခေါင်းလေးတခါခါနှင့်
ငြင်းဆိုင်လိုက်ကာ ...

"ဟိုနေ့ညက ပိုးထိလို့ သေသွားတဲ့လူကြီးပဲ၊ နောက်ဖေးက
ပန်းပင်တွေကြားထဲမှာ မတ်တတ်ရပ်နေတာ .."

ပြောပြီးမှ ကြောက်လာသလို စောင်ကို ပိုတင်းအောင် ဆွဲခြုံကာ...

"ကျွန်မက မီးထိုးဆရာမှတ်လို့ သေချာကြည့်နေတာ၊ ကြည့်နေ
တုန်းနဲ့ အဲဒီအရပ်ကြီးက ရှည်ရှည်ထွက်လာပြီး .. ဟို .. ဟိုမှာ .."

"ဟင် .. ဘယ်မှာလဲ .."

"လုပ်ကြပါဦး ..၊ ဟဲ့ .. ဟဲ့ .. မေးပါဦး .. ဘယ်မှာလဲ .."

ကောင်မလေး ဘာမြင်ပြီး လက်ညှိုးထိုးနေသည် မသိ။ ရှိသမျှ
လူတွေ ထခုန်တဲ့လူက ထ၊ ကျော်ခွပြေးဖို့ ပြင်တဲ့သူ ပြင် ..။

"မေမျိုး .. မေမျိုး .. သတိလစ်သွားပြီ .."

မေမျိုး ဆိုသည့် ကောင်မလေး စောင်ခြုံလေး ပြေကျသွားကာ



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ပေါ်မှာပဲ ခေါက်ခနဲ ပြန်လဲ၏။ မေမျိုး ဆီ ပြေးကပ်တဲ့လူ နှင့် လက်ညှိုးထိုးသွားသည့် ပြတင်းပေါက်ကို ရှာဖွေနေကြဆဲ အားလုံး ရှုပ်ကုန်၏။

ရျာန်း က နောက်ထပ် နှစ်ပေချောင်း တစ်ချောင်းကို ထပ်ဖွင့်လိုက် လျှင် အလင်းရောင်အားနည်းနေသည့် အခန်းထဲမှာ လင်းသွား၏။

ဧည့်ခန်းကြီးက ကျယ်ကာ နှစ်ပေချောင်းလင်းအားလောက်နဲ့ ရေ မီးချောင်း ထပ်ထိုးလိုက်မှပဲ ချောင်ကြိုချောင်ကြားတွေအားလုံး လင်း လင်းချင်းချင်း ဖြစ်သွားခဲ့သည်။

မေမျိုး အနားမှာ လှုပ်ခေါ် နှာနှပ်နေကြစဉ် ရျာန်း က တစ်ကိုယ် ကောင်းဆန်စွာ အိပ်ခန်းထဲ ပြေးဝင်ခဲ့ရ၏။ ဆောင်း ကို အောက်ထပ် အိပ်ခန်းထဲမှာ ပြောင်းထားခဲ့ပေမယ့် စိတ်မချနိုင် ..။

ဒီမှာ စီခနဲဆို ဆောင်း ကို ပူပန်သည့်စိတ်က တစ်ကိုယ်ကောင်း ဆန်မိအောင် တွန်းပို့နေသလိုပင် ..။

ဆောင်း အိပ်ပျော်နေတာ မြင်တာတောင် အိပ်နေတာလား၊ သတိ တွေဘာတွေ လစ်နေတာလားဆိုတာ သေချာအောင် နှဖူးလေးစမ်း နှုတ်ခမ်းလေးထိကြည့်နှင့် သူမ နည်းနည်းလောက် လှုပ်သွားမှ စိတ်ချ သည်။

သူ အပြင်ပြန်ထွက်လာတော့ မန်နေဂျာက ခပ်သုတ်သုတ်လိုက် တာနှင့် တိုးကာ ...

"ကိုရျာန်း ရေ .. အဲခြေအနေကတော့ မကောင်းတော့ဘူး ကောင်မလေး ကယောင်ကတမ်းတွေ လျှောက်ပြောနေတာနဲ့ အားလုံး လန့်ကုန်ပြီ .."

"အခု သတိရနေပြီလား .."

"အေး .. သတိရမှ ပိုဆိုးလာတာ၊ သူ လက်ညှိုးထိုးနေပေမယ့် ဘယ်သူမှလည်း ဘာမှ မတွေ့ဘူး .."





မန်နေဂျာက ပြောနေရင်း သက်ပြင်းချကာ ...

"မစားမနားပြောရရင် ရိုက်ကူးထားတာတွေ လွှင့်ပစ်ပြီး ဒီအဖြစ် တွေကိုပဲ အမှီအရ ရိုက်ယူရတော့မလို ဖြစ်နေပြီ၊ တကယ့်သဘာဝကြီး တ လှည့်စားနေတာကို ဘယ်လို ဖြေရှင်းကြမလဲ ..၊ ဘယ်ဦးနှောက်နဲ့မှ တို လိုက်မမီတော့ဘူး .."

ဧည့်ခန်းကို လှမ်းမြင်နေရသဖြင့် ရျာန်း စိတ်ညစ်သွား၏။

"တကယ်ပြောနေတာ .. တကယ် ရှိသေးတယ် .."

"မေမျိုး ပြောတာ နားထောင်ဦး .. ဒီမှာ .. ဒီမှာကြည့် .."

"ဟိုမှာ သရဲကြီးက ကြည့်နေပြီ၊ သူ နားထောင်နေတာ .. သူ့ကို ပြောလိုက်၊ အဟင့် .. ဟီး .. ဟီး ..၊ ကျွန်မ ပြန်မယ် .. ပြန်ပို့ပေးကြပါ.. တယ်ကြပါ .. ဟီး .. ဟီး .."

လူတွေ ပတ်လည်ဝိုင်းနေသည့်ထဲမှာ မေမျိုး က မိန်းမချင်းကြား ထဲ အတင်းခေါင်းတိုးဝင်နေတာ ဖင်ပူးတောင်းထောင်နေသလား ထင် ရသည်။

သူမကို ဝိုင်းဝန်းချော့မော့ကာ ဘာမှမဟုတ်ပါဘူး ကြည့်ပါလို့ ရှင်းပြ နှစ်သိမ့်ရအောင်ကလည်း အချိန်က ရှိနေသည့် မီးရောင်မှအပ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နက်ချိတ်နေသော ညဥ့်တစ်နာရီ အချိန် ..။

ဆောင်း အတွက် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည့်လူ တွေ ချွေးမသိပ်နိုင်သေးခင် မေမျိုး က ငယ်သံပါအောင် ထအော်သည်။ အစတည်းက ဖျားနေပါသည်ဆိုသော ဒေါ်ထွား က တစ်မျိုး ..။

"အိမ်ကြီးလာရင် အနှောင့်အယှက်တွေ ရှိတာပဲ၊ မျိုးရိုးစဉ်ဆက် မကျွတ်နိုင်တဲ့ ဒီအိမ်က ဆွေစဉ်မျိုးဆက်တွေ ရှိရင် ရှိမယ်၊ တခြားဒေသ ရောက်လာပြီး ကပ်တွယ်နေတာဆိုလည်း သူတို့ လွှတ်လွှတ်လပ်လပ် နေတဲ့နေရာ၊ လူတွေ ဝင်ထွက်လာတော့ သူတို့ နေစရာမရှိတော့ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် အမျိုးမျိုး နှောင့်ယှက်ကြတာ .. ကံနိမ့်တဲ့လူတွေ ခံရတာ ပေါ့ ..''

တရားစကားလိုလို သရဲတစ္ဆေတွေအကြောင်းပဲ အဟုတ်ကြီး ထောက်ခံနေသလိုလို ...။

ချာန်း ဘက်က ခက်နေတာက ကိုယ်ကလည်း ဒီလိုအကြောင်း ရင်းတွေကိုမှ စိတ်ဝင်စား လှုပ်ရှားနေခဲ့သည့် ဒါရိုက်တာ ဖြစ်နေခြင်း ပင် ...။

ဒါပေမယ့် ကိုယ်က အတုကို အစစ်နဲ့ ခွဲမရအောင် ဖန်တီးရတာ ဝါသနာတစ်ခုတည်းသာ ...၊ ဒီ့ထက်ပို၍ လက်တွေ့ဆန်တာတွေအပေါ် မှာ စိတ်ဝင်စားတာ မဟုတ် ...။

''ရှေ့ဆက် ဘာလုပ်ရမလဲ ..''

''ဘာမှ လုပ်လို့မရတော့တာကြောင့် စိုးရိမ်စရာ ဖြစ်လာတာ ကိုချာန်း ..''

''ဟုတ်တယ် ဂျာကြီး .. ဖုန်းတွေလည်း သုံးလို့ မရဘူး၊ မနေ့ နေ့လည်က ကျွန်တော်နဲ့ ဆရာထွန်း တို့ ရွာထဲဘက်ကို သွားကြသေး တယ်၊ တစ်ရွာလုံးပဲဗျာ .. ဘယ်လိုပြောရမှန်းတောင် မသိဘူး ..''

''ဆရာထွန်း ပြန်ပြောပါတယ် .. ကျတ်ကုန်းရောက်သွားသလိုပဲ တဲ့၊ လူကို လှမ်းကြည့်ဖော်သာရပြီး စကားမပြောတတ်ကြသလိုပဲဆို..''

''ဟုတ်တယ် .. ကိုဖိုးခွေး တို့လင်မယားကလည်း လယ်စောင့်ဇွား တဲ့နောက် လိုက်ပြီး မိသားစုလိုက် အိပ်ကြတာတဲ့၊ တစ်အိမ်လုံး မရှိဘူး..''

''ဒါဆို ငါတို့ အဲဒီလူတွေနောက် လိုက်မေးကြရင် မကောင်းဘူး လား၊ ဒီရွာက ဘယ်လိုဖြစ်နေတာလဲ ...၊ အဲဒီအိမ်ကြီးက ဘာလဲဆိုတာ သူတို့ နည်းနည်းပါးပါး ပြောနိုင်မှာပါ''

ချာန်း က ခေါင်းခါလိုက်ရင်း ...

''သူတို့သိသမျှ ပြောဖူးပါတယ်၊ ခုဖြစ်နေတဲ့ အခြေအနေတွေ





သာဖို့ထိ အကြောင်းအရာ သိပ်မပါဘူး ဂျာကြီး ..''

''ငါ့စိတ်ထင်နေတာလားတော့ မသိဘူး၊ ချောင်းရေလျှံတတ်တာ ဘာဝပေမယ့် အဲဒီချောင်းရေလျှံတာ ရွှံ့နှစ်တွေ နုန်းတင်အမှိုက်တွေ ကြောင့် လူရောကားရော သွားလို့မရတာ၊ ဒါတွေရော ရိုးသားပါ့မလား ..''

''ဒါကိုတော့ သဘာဝလို့ပဲ ထားလိုက်ပါ''

''ထ ..သင့်ပေမယ့် မင့်စဉ်းစားကြည့်ဦးလေ ...၊ ချောင်းရေကျူး ခဲ့ထုံးစံက ရေကျတိုင်း ဒီလိုပဲ ဖြစ်ကျန်ခဲ့တာ ဟုတ်မဟုတ် သက်သေ ရှင်းပြမယ့်ရွာသား ရှိလို့လား ...၊ ငါတို့နိုင်းဖို့ ခေါ်ထားတဲ့ ရွာသား တွေကို ရွာထဲက အုပ်စုတွေက တစ်နည်းနည်းနဲ့ ပြန်ခေါ်ထုတ်သွားတာ ည်းပဲ၊ အရေးထဲမှာ အဘွားက ဝစီပိတ်အဓိဋ္ဌာန် ဝင်နေသေးတယ်၊ လုံး အပိတ်ဗေယာချည်းပဲ .. ပွင့်တာ ဘာမှ မရှိဘူး၊ ဘယ်မှာလဲ တို့ လှုပ်ရှားစရာအကွက် ..''

စိတ်ညစ်စရာတွေချည်း ထွက်လာကာ ချာန်း နောက်ဖေးဘက်ကို ည့်ထွက်လာခဲ့မိ၏။ နောက်ဖေး အဆင်းအတက်နားမှာ မီးလုံး ါလေးက အားအင်ချိနဲ့စွာ ရှိနေလျက် တိတ်ဆိတ်နေသည့် ညဥ့်ယံ အမှောင်ထုကသာ အရာအားလုံးကို ဝါးမျိုဖို့ ကြိုးစားနေခဲ့၏။

မန်နေဂျာကလည်း ချာန်း နဲ့အတူတူ ပါလာခဲ့လျက် ...

''ငါတို့ ဆီ လုံးဝ ကုန်သွားရင် ဘယ်လိုလုပ်မလဲ ကိုချာန်း ...၊ မ်းကောင်းသွားရင်တောင် ကားတွေ မောင်းသွားလို့မရတော့ရင် ာလုပ်ရမှာ မဟုတ်ဘူး ..''

''အဲဒါကြောင့် ကျွန်တော် ရွာထဲသွားတော့ ကိုယ့်အလုပ်လည်း ပြီ၊ သူတို့လည်း တခြားက လူစိမ်းကို လက်မခံချင်ကြဘူးဆိုရင် န်တော်တို့ ပြန်ဖို့အတွက် သူတို့ စိတ်ဝင်စားမလားလို့၊ ခု ပုံစံကြည့်ရ ာ ကျောင်းမှန်းကန်မှန်းသိအောင် နေကြစမ်း ဆိုတဲ့ အချိုးမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့မျက်နှာတွေက ကျွန်တော်တို့ကို ဖယ်ကြဉ်ထားကြတာမျိုး –"

"ခက်တာပဲ .. ဆီကုန်သွားရင် မီးလင်းဖို့ ခက်မယ်၊ ပြန်ဖို့ မလွယ်တော့ဘူး၊ မြို့နဲ့ဝေးနေတော့ ငါတို့က မဆက်သွယ်တဲ့ ရုတ်တရက် အကူအညီရောက်လာဖို့လည်း လွယ်မှာ မဟုတ်ဘူး .."

"ကျွန်တော့်ဆီ ခဏဝင်လာပြီး ပြန်သွားကြတဲ့ နှစ်ယောက် ဂျာကြီး မှတ်မိလား ..၊ နေဗလ နဲ့ အောင်ခင်ဆင့် .."

"အေး .. နာမည်တွေတော့ မင်း ပြောမှ ပြန်မှတ်မိတယ်၊ ခပ်ထွားထွား လူငယ်နှစ်ယောက်ကို သိတာပေါ့"

"သူတို့ကတော့ ပြန်လာဦးမယ်လို့ ပြောတယ် .. နေရာကိုလည်း သေချာသိသွားတယ်လေ၊ ခက်နေတာက ကျွန်တော်တို့မှာ အကူအညီ လာမှာကို စောင့်ဖို့အတွက် တောင့်ခံထားနိုင်မယ့် အင်အားပဲ .."

ညဦးလေပြည်က အေးနေပေမယ့် ကျက်သရေမဲ့စွာ ခပ်စိမ့်စိမ့် စိုထိုင်းနေသလိုပင် ..၊

နောက်ဖေးထွက်လာပြီး စကားပြောတာက မမြင်မစမ်း မှောင်နေ မည်းမည်းကြီးကိုပဲ ကြည့်နေရကာ ...

"လူတွေ ကျန်းမာရေးကောင်းနေရင်လည်း တစ်မျိုး စိတ်ချမ်းသာ ရသေးတယ်၊ အခုက အကုန်လုံး အအိပ်ပျက် အစားပျက် ဖြစ်ကုန်ကြ တာ၊ ရှေ့ဆက် ကျန်းမာဖို့က မလွယ်ဘူး .."

"အင်း .. ခက်တယ်ကွ .."

"ကျွန်တော် တစ်ခု စဉ်းစားမိတယ် .."

"ဘာလဲ .."

"ရွာသားတွေ ကိုင်ကြတဲ့ မီးတုတ်မျိုး လုပ်ကြည့်ရင်ရော –"

"ရေနံချေးနဲ့လား .."

"မီးလောင်နေဖို့အတွက် ရေနံချေးရှိမှဖြစ်တာ မဟုတ်ပါဘူး၊ ဒီ ဘက်ခြမ်းမှာ တောအုပ်ရှိတယ်၊ ကျွန်တော်တို့ နှစ်ယောက်သုံးယောက်





တောထဲ ဝင်မွှေကြည့်မယ်၊ မီးလောင်တဲ့ သဘာဝ သစ်မြစ်၊ သစ်စေး မျိုး ကျွန်တော် ကြားဖူးနားဝ ရှိပါတယ် .."

"ယင်းရှူးဆီ ရှာဖို့များလားကွာ .. ဒီလိုနေရာမှာတော့ .."

"မရှိနိုင်ဘူးလို့လည်း မပြောနဲ့ဦးလေ.. ရှာကြည့်ရမှာပေါ့၊ နောက်ပြီး ရှားစောင်းနဲ့တူတဲ့ အပင်တစ်ပင် ရှိတယ်၊ အဲဒီအပင်က ရေနီးတဲ့ နေရာတွေမှာ ရှိတတ်တာ၊ အဆီရအောင် ဘယ်လိုထုတ်ရသလဲဆိုတာ ကျွန်တော်ရှ သိပါတယ် .."

"အေး .. အဲဒါလည်း ကောင်းသားပဲ၊ ငါကတော့ လိုက်မှာပါ၊ တခြား ဘယ်သူလိုက်မလဲ .."

"လိုက်ချင်တဲ့သူ မရှိရင်လည်း ကျွန်တော်တို့ပဲ သွားမယ်လေ.. သိပ်မှမဝေးတာ၊ တစ်ခုတော့ ရှိတယ် .. အဲဒီထဲက ထွက်လာပြီး ပိုးထိ လို့ သေတဲ့လူရှိတော့ ကျွန်တော်တို့ ဒီထဲဝင်ရင် တော်တော် သတိထား ရမှာ .."

စိတ်ကူးကောင်း ရသည်နှင့် မေးကြည့်လိုက်တော့ တက်ကြွစွာ လိုက်ပါကြမည့်ယောက်ျား လေးယောက်တောင် ထွက်လာသည်။ သို့ သော် ...

"ကျွန်တော်ကတော့ ဒီမှာ ဖြစ်ပျက်နေတာတွေရော .. နောက်ထပ် ဖြစ်လာမှာတွေရော ဘာကိုမှ စိတ်ဝင်စားလို့ မရတော့ဘူး၊ အခြေအနေ တွေ ဒီလောက်ရှုပ်ထွေးနေတာ ပြန်နိုင်ကြရင် အားလုံး ပြီးပြီ မဟုတ်ဘူး လား"

မင်းသား လွှမ်းအောင်ချစ် က အားလုံးနဲ့ အတိုက်အခံလုပ်တော့ မှို ဆုံးဖြတ်ထားသည့်မျက်နှာနှင့် ...

"ဒီမှာ ဘာလုပ်နေနေ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး၊ ဘာဖြစ်လဲ ရွံ့တွေနုန်းတွေရှိတော့ရော လူသေနိုင်တဲ့ နွံအိုင်ကြီးမှ မဟုတ်တာ၊ ရင်ဆို့လောက်ပဲရှိနေနေ မရရအောင် တူးပြီး ပြန်မှာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မဲဆွယ်သလို အားလုံးကို ဝေ့ပတ်ကြည့်၏။ တခြားလူတွေကတော့ သူ ဘာပြောမလဲ ..၊ ငါ ဘာပြောမလဲနှင့် ဟိုဒီ မျက်လုံးကစားရုံနဲ့ တိတ်ဆိတ်နေကြကာ စုစန္ဒီ က နေရာမှ ထရပ်လိုက်ပြီး—

"အဲဒါကတော့ လက်တွေ့ကျတာ အမှန်ပဲ၊ စု သဘောကျတယ်။ ဘာဖြစ်ဖြစ် စမ်းကြည့်တာ မမှားဘူးမို့လား .."

"ကျွန်မလည်း လိုက်မယ် .."

အမြဲတမ်း စောင်ခြုံထဲက မထွက်သည့် မေမျိုး က မနက်ခင်း နေရောင်ခြည် မြင်ရပြီမို့ ဝမ်းသာအားရ ထ၍ စောင်ကိုပါ ခွာချသည်။

ပြီးတော့ မိန်းကလေးနှစ်ယောက် ထပ်ထွက်လာကာ ယောကျ်ား တစ်ယောက်လည်း ပါ၏။ ထိုအခါ ဒီနေရာကနေ ထွက်ခွာကြမည့် အုပ်စုက သပ်သပ်ကွဲသွားလေသည်။

ညတုန်းက စီစဉ်ထားသည့် အစီအစဉ်အတွက် ဈာန်း တို့ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားကြ၏။ အပြင်ထွက်တဲ့လူက နှစ်စု ဖြစ်သွားခဲ့လျှင် ကျန်ခဲ့မည့် လူနည်းစုလေးအတွက် ဘယ်လို စိတ်ချမလဲ..။

အထူးသဖြင့် ဆောင်း ကို စောင့်ရှောက်ဖို့အတွက် မိန်းကလေး အဖော်တွေ လိုအပ်နေသည်မို့ စိတ်တွေ နောက်ကျိသွားခဲ့၏။

သွားကြမည့်လူစုက အင်အားတောင့်တင်းလာသည်နှင့် ချက်ချင်း ပြင်ဆင်ကြ၏။ မင်းသားက သူ့ကားထဲကို ဆီပြောင်းထည့်ဖို့ ကြိုးစားလျှင် ဈာန်း ဘယ်လိုမှ မထင်မှတ်ခဲ့သော ဆောင်း က ထွက်လာကာ—

"ကိုလွှမ်းအောင်ချစ် က စက်ထဲကဆီတွေကို ပြန်ထုတ်နေတာလား ..၊ ကျန်ခဲ့မယ့်လူတွေအတွက်လည်း ပြန်ကြည့်ဦးလေ .."

"ကျန်ခဲ့မယ့်လူတွေကို ကျွန်တော်က ချန်ခဲ့တာမှ မဟုတ်ဘဲ၊ ပြီးတော့ သူများကိုငဲ့ရင် ကိုယ် နာမှာပဲ၊ နှစ်ခုထဲက တစ်ခုကို ရွေးဖို့ဖြစ်လာရင် ကိုယ့်အတွက် ကိုယ်ကြည့်ရမှာပဲ မဆောင်း ..၊ စိတ်တော့ မရှိပါနဲ့ဗျာ .. ဒီစကားတွေ မပြောချင်လို့ ပိုကောင်းလာမယ့် အခြေအနေ





တို့ ကျွန်တော် စောင့်ခဲ့ပါသေးတယ် .."

ဈာန်း က ဆောင်း တစ်ခုခု ထပ်မပြောခင် ရှေ့တိုးလာကာ ...

"ယူသွားပါစေ .. တစ်ရက်စာလောက် ကျန်ခဲ့မယ်ဆိုရင် ရပါပြီ၊ ဆီက နှစ်ဖက်စလုံးအတွက် လိုအပ်နေတာပဲ .."

အားနာပေမယ့် သေချာ အဓိပ္ပာယ်ဖြစ်စေသည်က အောင်နိုင်သည့်အပြုံးပဲဖြစ်ကာ မင်းသားမျက်နှာမှာ အပြုံးတစ်ခုက မပြီးနိုင် ..။

ဆောင်း က ဆံပင်လေး တစ်ချက်သပ်လိုက်ပြီး ခေါင်းညိတ်၍...

"'အများကောင်းကျိုး ကိုယ့်ခါးကျိုး'ဆိုတာ ရှောင်ထွက်လိုသူတွေ ပါးစပ်ထဲမှာ ကောက်ခါငင်ခါဖြစ်လာခဲ့တဲ့ စကားပါ၊ ဒါက ဆိုရိုးစကားတစ်ခု မဟုတ်ပါဘူး၊ သူတော်ကောင်းတို့ကျင့်ထုံးကတော့ 'အများအကျိုးဆောင် ကိုယ့်အကျိုးအောင်'၊ 'မေတ္တာရှေ့ထား အကျိုးများ၏'တဲ့ .."

"ဘုရားရှင်ကိုယ်တိုင် ဟောခဲ့တဲ့ 'သတ္တဝါတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်သာ အချစ်ဆုံး' ဆိုတာကိုလည်း မမေ့နဲ့လေ .."

ရယ်ကျဲကျဲ ပြန်ပြောသည့်မျက်နှာကိုပဲ ဆောင်း က စိုက်ကြည့်၍ ပြုံးလိုက်ကာ ...

"လူကစပြီး ဘယ်လိုသတ္တဝါပဲဖြစ်ဖြစ် သင်းကွဲအဖြစ် စပြီး ခွဲထွက်သွားတဲ့မျက်နှာစာဟာ အဆင်ဆိုးပါတယ်၊ ကိုလွှမ်းအောင်ချစ် လုပ်ကြည့်လေ .. အဆင်ပြေသွားမယ်ဆိုရင် ဝမ်းသာပါတယ် .."

ဆောင်း ဘာကိုပြောလိုက်တာမှန်း ရိပ်မိကြပေမယ့် မရှင်းလင်းကြပေ။ ဒါပေမယ့် အားလုံးပဲ ဒီတိုင်း ကျန်ရစ်ကာ ဆောင်း က လှည့်ထွက်သွားခဲ့၏။

"ဆောင်း .."

ဈာန်း က ဆောင်း နောက်ကိုလိုက်ခဲ့ပြီး ပခုံးလေးကို ဆွဲလှည့်၍—

"နေကောင်းရဲ့လား.. မျက်နှာက တအားကို ချောင်ကျသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မမေးပါနဲ့ .. အခု ဖြစ်နေတာကို နင် ဘယ်လိုဖြေရှင်းမှာ လဲ ..၊ ဒီအလုပ်က နင့်အလုပ် .. ဒီလူတွေအားလုံးရဲ့ တာဝန်က နင့် ခေါင်းပေါ်မှာနော်၊ ထွက်သွားကြပြီဆိုပြီး သူ့တို့လူတွေအတွက် စိတ် အေးရပြီလို့ နင် ထင်နေလား .."

ချာန်း က ခေါင်းခါ၏။ ပခုံးမှာတင်ထားသည့် လက်တွေကို ပြေကျသွားခဲ့ပြီး ...

"ကိုယ် သိတယ် .. ဒါပေမယ့် တားဆီးနေတဲ့ကြားက ထွက်သွား မှာကို ဘယ်လိုလုပ်ရမလဲ ..၊ ကျန်ခဲ့တဲ့လူတွေ အဆင်ပြေဖို့ ခေါင်းဆောင် ထည့်ရုံအပြင် မတတ်နိုင်တော့ဘူး .."

ဆောင်း မျက်နှာလေး မဲ့သွားသည်။ ခေါင်းထဲက တရိပ်ရိပ် မှုနေ လာခြင်းကြောင့် ဖြစ်သည်။ ကိုယ်သာမကဘဲ တခြားလူတွေပါ တိုင်းပြည် ဒီမြင် ဖြစ်လာပြီမို့ ကိုယ့်ကိစ္စကို အဓိကမထားဘဲ ထွက်လာခဲ့ရသော လူက သိပ်မဟန်ချင်တော့ပေ ..။

"မင်းကိုယ်မင်းပဲ ဂရုစိုက်ပါ၊ ငါ လုပ်ခဲ့တဲ့အလုပ်အတွက် အခက် အခဲရှိလာတာတွေ ငါ့ဘာသာ ဖြေရှင်းမယ် .."

"ငါ့ဘာသာလို့ မပြောနဲ့လေ ..၊ လူမနီး သူမနီးမှာ စုပြုံပြီး ဒုက္ခ ရောက်နေကြတာ၊ အားလုံးက နင့်ကိုပဲ ဝိုင်းပြီး လက်ညှိုးထိုးကြမှာ နင့်ဘက်က ကျောချင်းကပ်ပြီး ဖြေရှင်းပေးမယ့်သူ ဘယ်သူရှိသေးလို့လဲ"

ဆောင်း ရဲ့ နွေးထွေးသည့် အကြင်နာစကားကြောင့် ကြည်နူးစိတ် တွေနှင့်အတူ ခွန်အားသစ်တို့ကိုပါ ဖြစ်သွားခဲ့၏။

"ကျေးဇူးပဲ ဆောင်း ရာ .."

သူ ဆောင်း ကိုယ်လေးကို မြတ်နိုးစွာ ပွေ့ပိုက်ထားမိရင်း ...

"တကယ် ကျေးဇူးပါ .. မင်းကို လေပြင်းတစ်ရိုက်တောင် မထိစေ ရဘူး ဆောင်း၊ ဘယ်သူတွေ မလိုလား မုန်းတီးကြပါစေ အဲဒါတွေက ကိုယ့်ကြောင့်ပါ .."





သူ တတွတ်တွတ်ပြောရင်း ဆောင်း ရဲ့ဆံစလေးတွေကို နမ်းမိ သည်။ ထိုစဉ် ...

"ကိုချာန်း ရော .."

မန်နေဂျာကြီးအသံကို ခပ်လှမ်းလှမ်းမှ ကြားလိုက်ရကာ ...

"ဘယ်ရောက်နေလဲ .. ခဏ ထွက်ခဲ့ပါဦး၊ ဒီမှာ သူတို့ သွားကြ တော့မလို့ .."

ဆောင်း ကို အိပ်ခန်းထဲထိ တွန်းပို့ခဲ့ပြီးမှ သူ ပြန်ထွက်လာခဲ့ သည်။

ဒါပေမယ့် အင်အားမဲ့သည့် ခြေလှမ်းတွေနဲ့ ဖြစ်သည်။

သွားမယ်ဆိုမှတော့ ဘာတတ်နိုင်မှာမို့လို့လဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

လွမ်းအောင်ချစ် က စပို့ရှပ်အဖြူအနီစင်းကျားနှင့် ဘောင်းဘီ
အဖြူကို ဝတ်ထား၏။ စုစန္ဒီ က ဗေဒါနုရောင်ဝတ်စုံလေးနှင့်ဖြစ်
ကျောမရောက်တရောက် ဆံပင်တွန့်တွန့်လေးတွေကို ပဝါပါးနှင့်
ကနေ သိမ်း၍ လည်ဂုတ်နားမှာ စုပတ်ချည်ထား၏။

ကျန်သည့်လူငါးယောက်ကတော့ သူလိုငါလိုပဲ ထိုင်နေသည်
အတိုင်းကနေ ထထွက်လာကြတာ ဖြစ်၏။ မင်းသားနဲ့ မင်းသမီး
ကားပေါ်မှာ ဝင်းထိန်တောက်ပနေကာ ကျယ်ပြန့်သည့် ရွှံ့နွံအိုင်ကြီး
မြင်တော့ ငေးမော ငိုင်ကျသွားကြ၏။

ဇမမျိုး က ဒီအရပ်ဒေသကနေ အမြန်နှုန်းနှင့် ထွက်ခွာချင်သူ
နောက်ခန်းထဲကနေ လည်ပင်းရှည်တကြည့်ကြည့်နှင့် မနေနိုင်သည့်
အဆုံးမှာ ...

"ဟို ရွှံ့ .. ရွှံ့တွေ ဘယ်လောက်များလဲ ..၊ ကားနဲ့ ဖြတ်ကူးကြည့်
အောင်လေ .."

မရဲတရဲ ပြောသည်။ မင်းသား အသံတိတ်နေကာမှ ...

"အစ်ကို လွမ်းအောင် ပြောသလို ကားဆက်ကူးလို့ မရ
ဆင်းလျှောက်သွားလည်း ရတာပဲ .."





သူမ အကြံပေးသံကြောင့် လွမ်းအောင်ချစ် နဲ့ စုစန္ဒီ ကိုယ့်ပုံစံတွေ
ကို မသိမသာ ပြန်ငုံ့ကြည့်ကြ၏။

နှင်းပိုပို ကလည်း ထောက်ခံလာသည်။

"ဟုတ်တယ်.. တော်ကြာ စဉ်းစားနေရင်းနဲ့ နေညိုသွားရင် ရှေ့တိုး
ရေ နောက်ဆုတ်မရ ဖြစ်ကုန်မှာနော် .."

"ဟာ!... မနှင်း ကလည်း .."

စုစန္ဒီ က ဖျတ်ခနဲ နောက်လှည့်ကာ ...

"ရွှံ့တွေ ဘယ်လောက်နစ်မလဲ မစဉ်းစားလို့တော့ ဘယ်ရမလဲ..၊
ဖြတ်ကူးရမယ့် ဧရိယာကိုလည်း ကြည့်ဦး .."

"ဟုတ်တော့ ဟုတ်တယ် .. ဒီလောက် ကျယ်ပြန့်နေလိမ့်မယ်လို့
သုံး၀ မထင်ခဲ့မိဘူး၊ ကြည့်ပါဦး .. ချောင်းနဲ့ သိပ်လည်းနီးတာ မဟုတ်
ဘဲနဲ့များ ဒီလောက်ထိ လျှံတက်လာရတယ်လို့ .."

အစတည်းက ဒီနေရာဟာ ပေါင်းပေါင်းကြီး ရှိခဲ့တာမို့ အောက်
မှာ မြောင်းသဘောမျိုး ချိုင့်ဝှမ်းကြီးတစ်ခု ရှိထားခဲ့သည်။

ပေါင်းက ဘာကြောင့်မရှိတော့မှန်း မသိပေမယ့် နှုတ်ခမ်းတွေ
ဆပ်ထပ်ပြီး ပြိုကျလျက် ချိုင့်ဝှမ်းက ကျယ်ပြန့်လာရင်း ခုလိုအချိန်မှာ
ဒုက္ခပေးတော့တာ ဖြစ်သည်။

သူတို့ အလာတည်းက ဒါကို သတိထားမိသည့်လူတွေက ပြော
ကြသလို လမ်းတစ်လျှောက်လုံးမှာ ဘယ်လိုပုံစံ၊ ဘယ်နေရာ အက်
ကြောင်းမှန်း ဘာမှမသိတဲ့လူတွေလည်း များ၏။

လွမ်းအောင်ချစ် ကတော့ မသိခဲ့တာအမှန်ပင်။ ထို့ကြောင့် စုစန္ဒီ
တွေးနေသလို သူက တွေးတာ မဟုတ် ..။

ရှာန်း တို့ရှေ့မှာ အဆုံးစွန်ထိ ပြော၍ ထွက်လာခဲ့ပြီးမှ အဆင်
မပြေလို့ ပြန်လှည့်သွားရတာမျိုး သူ အဖြစ်ခံနိုင်မလား .. မခံနိုင်ဘူး
သား ..။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ဖို့အတွက် တွေဝေနေဦးမှာလား ..၊ ပြောခဲ့သလို မြေ ဖြစ်တဲ့နည်းနဲ့ ဟိုဘက်ရောက်အောင် ကူးသွားမလား ..။

"ဘယ်လိုလုပ်မလဲ ကိုလွမ်း .."

တွေဝေနေဆဲမှာ စုစန္ဒီ က မေးခွန်းထုတ်လာ၏။ စတီယာရင်မှာ လက်တင်ရင်း လွမ်းအောင်ချစ် က လှည့်ကြည့်ကာ ...

"မစု တို့ ဘယ်လိုလုပ်ချင်လဲ ပြောလေ .. ကျွန်တော်က ယောကျ်ား လေး .."

"ဟုတ်ကဲ့ .. ကျွန်တော်တို့ကလည်း မင်းသား ပြောသလိုလိုက် လိုက်လာကြတာ၊ ဘာဖြစ်ဖြစ် ရှေ့ဆက်တိုးမှာပဲ .."

တစ်ယောက်က ထောက်ခံ အားပေးလာ၏။ ကားထဲမှာ လူတွေ က များကာ ပြွတ်သပ်ညပ်အောင် နေနေရသဖြင့် အခြေအနေတစ်ခု ပြောင်းလဲဖို့အတွက်ပဲ မျှော်လင့်နေကြလေသည်။

"ကြည့်ကြည့်လေ .. ဒါက လမ်းပဲဟာ ..၊ နှင်း တို့လည်း ဖြတ် လာခဲ့ကြတာပဲ .. ဘယ်လောက်ထိ နစ်နိုင်မှာလဲ .."

"သေချာကြည့်ပါဦး .. နှံ့လည်း မဟုတ်ပါဘူး ရွှံ့တွေပါ၊ ကား ရုန်းမရလောက်အောင် မဖြစ်နိုင်ပါဘူး .."

ဘယ်သူမှ သတိမထားမိသည့်အချက်ဖြစ်သော ကားပေါ်မှာ လူ တွေ အရမ်းများနေသည့်အလေးချိန်ကို လွမ်းအောင်ချစ် က ချိန်ဆ နေတာ ဖြစ်သည်။

သို့သော် ကိုယ်ပဲ ခေါင်းဆောင်ထွက်ခဲ့ပြီးမှ ဒီ့ထက် တွန့်ဆုတ် တွေဝေနေဖို့ မသင့်တော့မှန်း တွေးမိသဖြင့် လီဗာကို ဖိနင်းပစ်လိုက် သည်။

ကားက တစ်ယောက်ယောက် တွန်းလွှတ်လိုက်သလို ဝေါခနဲ ဆောင့်ထွက်သွား၏။ ရွှံ့အိုင်ထဲကို ကား၏ဘီးနှစ်ဖက်စလုံး စတင် ခြေချမိသည်နှင့် ...





"ဒုတ် .."

"အမလေး!..."

ကားဘီးသည် ဘုလုံးကြီးကြီးတစ်ခုပေါ်ကနေ ချောင်ကျသွား သကဲ့သို့ ရွှံ့တွေကြောင့် အသံကျယ်ကျယ် သိပ်မထွက်ပေမယ့် ညာ ဘက်တစ်ခြမ်းလုံး တိမ်းစောင်းသွားသည်။

"ဒုက္ခပါပဲ.. ဘယ်လိုဖြစ်တာလဲ..၊ ဆင်းတောင် မဆင်းရသေးဘူး"

"လမ်းတွေက အစတည်းက ကောင်းမှမကောင်းတာ၊ မမြင်မစမ်း နဲ့ရတာကို .."

ကားထဲမှာ ကျပ်ညပ်နေသည့်လူတွေ ပုံဆိုးပန်းဆိုး ဖြစ်ကုန်ကြ ၏၊ စုစန္ဒီ က လွမ်းအောင်ချစ် ဘေးမှာမို့ အခြေအနေကို အနီးစပ်ဆုံး မြင်နေကာ သတိလစ်မတတ် ထိတ်လန့်နေလျက် ...

"ကိုလွမ်း .. ဘာ!... ဘာဖြစ်သွားတာလဲ ..၊ ဘယ်လိုလုပ်ကြမလဲ ဟင် .."

လွမ်းအောင်ချစ် က ကားကို မရမက ရုန်းတက်ဖို့ ကြိုးစားနေရင်း ကားမပြန်နိုင် ..၊ ထိုစဉ် ...

"ဒုန်း .. ဒုန်း .."

"အား!..."

"အမလေး .."

ကားသည် လွှားခနဲ ခုန်ထသည့်သတ္တဝါတစ်ကောင်လို တဒုန်း ဒုန်း ဆောင့်ခုန်၍ ရှေ့ကို တိုးတိုက်ထွက်သွား၏။ သို့သော် ဟိုဘက် ကမ်းစပ်ထိ ရောက်မသွားဘဲ ရွှံ့အိုင်ကြီး၏အလယ်တည့်တည့်မှာ ထိုးရပ် သွားပြန်သည်။

"တောက် .."

ဒီတစ်ခါ လွမ်းအောင်ချစ် ၏ တက်ခေါက်သံက ဒေါသတကြီး နှင့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ .. ကဲ ..."

"ပူး .. ဒုန်း .."

ကားကို ထင်သလို ဝှန်းဒိုင်းကျဲပစ်ကာ စိတ်ရှိလက်ရှိ ဆွဲလှည့် ဆောင့်ခါ၍ ...

"တောက် .."

ဒေါသကြောင့် ဆဲရေးခြင်းတွေပါ ပါလာခဲ့ပြီး ...

"ကားစုတ် ကားဝဲစား .. သူကပဲ လူကို လှည့်စားနေသေးတယ်"

"အဲဒီလို မဆဲပါနဲ့ လွမ်း ရယ် .. ကားကလည်း စက်ပစ္စည်း မယ့် အချော့ကြိုက်ပဲ၊ အောက်မှာလည်း ငုံ့ကြည့်ပါဦး၊ သူ ရုန်းနေရ နည်းတဲ့ ရွှံ့တွေလား၊ ဘီးတစ်ဝက်ကျော်ကျော် နစ်နေတာ ကားဝမ် ထိတော့မယ် .."

"ဟုတ်တယ် .. အလယ်ရောက်နေလို့လား မသိဘူး၊ တော် ကြီး နစ်နေတာ .."

နှင်းပိုပို က မှန်ကျနေသည့် တံခါးကနေ ငုံ့ကြည့်၍ အထိ တလန့် ပြော၏။ သူမက ဟိုဘက်ဘေးစွန်းမှာဖြစ်ကာ တင်ထားသည် မှန်က သူ့အလိုလို ပြန်ကျနေတာကို သတိမထားမိဘဲ ကားဘီး နစ်နေတာကို ကြည့်၍ အလန့်တကြား ဖြစ်နေသည်။

"ဒုန်း .. ဒုန်း .. ပူး .."

လွမ်းအောင်ချစ် က ဘယ်သူ့ကိုမှ စကားမပြန် ..၊ ဘယ်သူ တာမှလည်း နားထောင်မနေတော့ဘဲ ကားနဲ့ နစ်ကိုယ်တည်း စစ်တိုက် သလို ရွှံ့ထဲက ရုန်းထွက်ဖို့ အသည်းအသန် ကြိုးစားနေ၏။

ကားတစ်စီးလုံးက ကြွတက်မလာဘဲ လူကို နတ်ပူးသလို တ ဒုန်း တုန်ခါနေကာ အထဲမှာရှိသည့်လူတွေမှာ အလူးလူး အလိမ့်လိ နှင့် ...

"နေဦး ငါတို့ဆင်းမှ ဖြစ်တော့မယ်ကွ .."





နောက်က ယောကျ်ားနှစ်ယောက်က အပြင်ထွက်ဖို့ ပြင်ဆင်ကြ သွင် စုစန္ဒီ က လွမ်းအောင်ချစ် ပခုံးကို ကိုင်၍ နောက်လှည့်ကြည့်ကာ...

"ဆင်းမယ်ဆိုလည်း ဒီတိုင်း ဘောင်းဘီတွေ လိပ်တင်ပြီး ဆင်း ကြတော့၊ ပုဆိုးတွေဘာတွေ လဲမနေနဲ့ .."

"မလဲလို့ ဖြစ်မလား မင်းသမီးရယ် .. ပေကျံကုန်တာတွေ ရေ ဆေးချလို့ ရမှာမှ မဟုတ်တာကို .."

"ငါတော့ ဆင်းပြီ .."

အဝတ်စားလဲဖို့ ကြိုးစားသူနဲ့ ချက်ချင်း တံခါးဖွင့်ထွက်တဲ့သူတွေ ရှုပ်ကုန်သည်။

"ဟော .. မမနှင်း တောင် ဆင်းသွားပြီ .."

"ဟုတ်ပ .. မိန်းကလေးတောင် ဖျိုးဖျိုးဖျတ်ဖျတ် ဆင်းသွားပြီ"

"ဟုတ်လို့လား .. မနှင်း ဆင်းသွားပြီလား .."

"ဟိုမှာ ဆင်းသွားပြီလေ .."

ဘေးအစွန်းမှာ လူတစ်ယောက် လျော့သွားတာလည်း မသိသာ အဖြင့် မင်းသားနဲ့ ကပ်ထိုင်နေသည့် စုစန္ဒီ က နှင်းပိုပို နေရာကို န်းကြည့်ကာ 'ငါ ဒီတိုင်း ထိုင်နေလို့ရော ကောင်းပါ့မလား' လို့ တွေး ဆိုက်မိတာ မလုံမလဲ ...။

"ငါတို့တွေ ဝိုင်းတွန်းကြမယ်၊ ကိုလွမ်းအောင်ချစ် ရအောင် တက် သတော့ .."

"နောက်ထပ် ချိုင့်တစ်ခု ထပ်မကျပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

စကားသံတွေနဲ့အတူ အလျှိုအလျှို ဆင်းကုန်ကြသည့်ထဲမှာ မိန်း ကလေးတစ်ယောက်လည်း ပါသွား၏။ ကြောက်တတ်လွန်းသော မျိုး ကတော့ သူမ လိုက်ဆင်းချင်ပေမယ့် အပေါ်ကနေ ခေါင်းပေး တစ်ဘဝနဲ့ပဲ ဟိုကြည့်ဒီကြည့် ထိုင်ရာမထ ရှိနေကာ ...

"ဟင် .. မမနှင်း က ရွှံ့တွေတောင် ပေလို့ .. တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းတွန်းနေတာလား ..”

“ဘယ်မှာလဲ မနှင်း ..”

“ဟုတ်သားပဲ .. မင်းသမီး မနှင်းပိုပို ဆင်းသွားတယ်ဆို –”

“ဟိုမှာလေ ..”

မေမျိုး က အားမလိုအားမရနှင့် လက်ညှိုးထိုးပြနေသည်။ ထို
မှာ ဖေကံ ဆိုသည့် ပစ္စည်းထမ်းက ရယ်ကာ ...

“ဟိုမှာ .. ဟိုဘက်ကူးသွားပြီ .. ကျွန်တော်လည်း မင်းသမီး
ကနေ သွားဝိုင်းတွန်းမယ်၊ ကိုသီဟ တို့ ဒီဘက်မှာ မှူနေလိုက် –”

“အေး .. သွား .. သွား .. ငါတို့အဖြစ်ကလည်း မင်းသမီး
ကားဆင်းတွန်းခိုင်းရတယ်လို့ ..၊ ရန်ကုန်ပြန်ရောက်ရင်တော့ နာ
ပျက်ပါပြီ ..”

“ဘာဖြစ်လဲ .. ငါတို့က ခိုင်းတာမှ မဟုတ်တာ ..”

နှင်းပိုပို ကားမြီးနောက်ကနေ ကူးသွားသည့်ဘက်ကို ဖေကံ
တစ္စပ်စွပ်နှင့် ခြေကားယား လက်ကားယား လျှောက်လိုက်သွားသည်

“ဖေကံ .. မင်းက မိန်းကလေးတစ်ယောက်နဲ့ဆိုတော့ အားနည်
လိမ့်မယ်၊ ငါပါ လာမယ် ..”

အားလုံး တက်ညီလက်ညီနှင့် လှုပ်ရှားနေကြလျှင် ...

“ကဲ .. ဖေကံ .. ရယ်ဒီ လုပ်ထားမယ်နော် .. ငါ ဝမ်း တူး သ
အော်မယ်၊ ပြိုင်တူ တွန်းရအောင် ..”

“နေဦး ..”

ကားကို အားကြိုးမာန်တက် ကိုင်တွယ် မောင်းတင်ထားပြီး
ဖေကံ တို့ဘက်က အသံထွက်လာ၏။

“ကဲ .. နှိုးရတော့မှာလား ..”

“ဟာ!... နေဦး .. မင်းသား ..”

ဖေကံ တို့ပြန်သည့်အသံကြီးက ထိတ်လန့်သံ ပါလာသဖြင့်





ပေါ်ကလူတွေ ခေါင်းပြူလာကြသည်။ ဟိုဘက်က တွန်းဖို့ အားပြုထား
ကြသည့် ရွှံ့ထဲကလူတွေပါ ထိတ်လန့်စိတ်နှင့် ခေါင်းထောင်ကုန်၏။

“ဘာလဲ .. ဘာဖြစ်လို့လဲ ..”

“ဒီမှာ .. ဒီမှာဗျ .. မင်းသမီး ..”

“မနှင်း လား .. ဘာဖြစ်လို့လဲ ..”

ဟိုဘက်ရွှံ့ထဲကလူတွေ တစ္စပ်စွပ်နင်းခွ၍ ဒီဘက်ရောက်လာလျှင်...

“ဟာ!...”

“အမလေး!...”

ကားထဲက ခေါင်းပြူသည့်လူတွေ အလန့်တကြား အော်ဟစ်ကုန်
ကြကာ ...

“ဘုန်း ..”

အထဲက တိုးကြိတ်ကြည့်ကြသည့်အရှိန်နှင့် နောက်တံခါးတစ်
ဖက် ပွင့်ကာ မေမျိုး ထွက်ကျသွားတာ ဘုန်းခနဲ ..။

“မေ .. မျိုး ..”

“ဟာ!.. လုပ်ကြပါဦး ..”

ဟိုဘက်မှာ ဘာတွေဖြစ်ကုန်မှန်း လွှမ်းအောင်ချစ် နေရာက ဘာမှ
မမြင်ရပေ။ ထို့ကြောင့် ဘယ်လိုမှ စိတ်မရှည်နိုင်တော့ဘဲ ဘောင်းဘီ
အဖြူကို ညှာတာရမှန်း မသိ ..။

တံခါးဖွင့်၍ ရွှံ့တွေထဲကို စွပ်ခနဲ ခုန်ချလိုက်သည်။ ကားရှေ့က
ပတ်သွားပြီး ကြည့်လိုက်မှ ...

“ဟင်!...”

မြင်ကွင်းကြောင့် လူတစ်ကိုယ်လုံး အကြောဆွဲသွားသလို ဘွန့်ခါ
သွား၏။ ကားဘီးအောက်မှာ ခေါင်းပြားနေပုံပေါ်သော နှင်းပိုပို သည်
ရွှံ့ပေါ်မှာ ထောင်နေသည့် ဒူးနှစ်လုံးသာ ပေါ်တော့သည်။

“ဒါ .. ဒါ .. ဘယ်လိုဖြစ်တာလဲ ..”



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုမှ မယုံနိုင် ..။ ရွှံ့နွံတွေ စုပ်ဆွဲထားသလို ရုန်းကြွ ခက်ခဲသည့် ခြေထောက်တွေကို အလွယ်တကူ ပြန်ဆုတ်မရပေမယ့် လူက ကားဘော်ဒီမှာ ဒုတ်ခနဲ ဘေးတိုက်ကပ်ကျ၏။

"မနှင်း .. မမနှင်း .. အမလေး!... ဟီး .. ဟီး .. ဟီး .. သေတော့ ပြီ .. သေကုန်ကြပြီ .."

"မဟုတ်ပါဘူး .. ကျွန်တော်ကိုယ်တိုင် မနှင်း ဒီဘက်ထွက်သွား တာ မြင်လိုက်တာကို .."

"ဟုတ်တယ် .. အဲဒါ သရဲ ..၊ သရဲကို ကျွန်မလည်း မြင်တယ် လေ၊ ကိုယ်မှာ ရွှံ့တွေနဲ့ .. ဟီး .. ဟီး .."

မေမျိုး အဖြစ်ဆိုးသွားသည်။ ငိုလိုက်ရယ်လိုက်ဖြစ်ကာ သူမ မျက် နှာတစ်ခြမ်းနှင့် တစ်ကိုယ်လုံးမှာ ပေသမျှ ရွှံ့တွေကို လက်နဲ့ သပ်ချ၍ ပထမ ရောက်တတ်ရာရာ ခါချနေသည်။

နောက်တော့ လက်လှမ်းမှီသမျှ လူကို သုတ်ပစ်၏။ လူတွေ စိတ်နဲ့ကိုယ် မကပ်သေးမီ သူမလက်က ရွှံ့တွေကို လန့်ဖျန့်ရှောင်ကြ ရင်း ရွှံ့တွေထဲ အယပ်လိုက် လဲတဲ့သူ လဲ..၊ ပက်လက် ပစ်စလက်ခတ်ကြီး နစ်တဲ့သူကလည်း နစ်၊ အားလုံး ဝရုန်းသုန်းကား ဖြစ်ကုန်လေသည်။

ကြောက်ရွံ့မှုကြောင့် အားအင်တွေ ဆုတ်ခန်းကုန်တာလား ..၊ တစ်စုံတရာ ပြုစားခံလိုက်ရတာမျိုးလား ..၊

ဘာဆိုတာ တွေးချိန်မရလိုက်ပေမယ့် လဲသွားသူတိုင်း အလွယ် တကူ ပြန်ထလို့ မရကြပေ ..။

ရွှံ့တို့သည် ပျစ်ချွဲစေးထန်းနေကာ ရစ်ပတ် ဆွဲချုပ်ထားသလို သည်အိုင်ကြီးရဲ့အလယ်မှာသာ ..၊





## အခန်း (၄၀)

"သည်နှစ်ဆောင်း .."

"ဟင်!..."

"သည်နှစ်ဆောင်း .. သည်နှစ်ဆောင်း .."

"လာပြီ .."

ဆောင်း အသံပြန်ပေးနေလည်း တံခါးရှေ့ကနေ သံပြိုင်ခေါ်နေ ကြသည့်အသံတွေက ဆူညံနေ၏။

"ဒုန်း .. ဒုန်း .. ဒုန်း .. ဘုန်း ..."

တံခါးကို ထုနက်နေကြသဖြင့် တံခါးက တုန်ခါနေသည်။

"သည်နှစ်ဆောင်း .. ထပါ .. ငါတို့ကို ကယ်ပါဦး ..၊ သည်နှစ် ဆောင်း .. သည်နှစ်ဆောင်း .."

"ထပါပြီ .. လာပြီ ..၊ အခု လာပြီ .."

ဆောင်း ထိတ်လန့်လာကာ အသံကုန် ပြန်၍အော်ရင်း တံခါးဆီ ပြေးလာခဲ့၏။ သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြေးသွားတာမဟုတ်ဘဲ ကုလားထိုင်ပေါ်ကနေ လျှောဆင်းလိုက်သလို ကြမ်းပေါ်ကို ငုတ်တုတ်လေး ပုံကျသွားတာ ဖြစ်၏။

ထို့ပြင် တကယ် အော်ဟစ်ပြေးလွှားထားခဲ့သလို လူက မောဟိုက်နေလျက် …၊ ရင်တွေ တဒိန်းဒိန်း ဆောင့်ခုန်နေတာ စည်တီးနေသလိုပင်

ပိတ်ထားသည့် အခန်းတံခါးက လုံးဝ ငြိမ်သက်နေလျက် — နာရီကြည့်လိုက်တော့ ညနေ ငါးနာရီ …၊

သူမ တစ်နာရီလောက်တောင် အိပ်ပျော်သွားခဲ့သည်ပဲ။ အိပ်ပျော်ခဲ့သည့်ညတွေဟာ ခုတင်ပေါ်မှာသာဖြစ်ကာ တစ်နေရာရာမှာ ခဏတစ်ဖြုတ် ငိုက်လိုက်မိပြီဆို မေးခနဲ မေ့ခနဲတော့ ပျော်သွားတတ်၏

ဒါပေမယ့် အိပ်ပျော်သွားတာနဲ့မတူဘဲ ယခုကဲ့သို့ တစ်စုံတစ်ရာကို အမြဲတမ်း မြင်မက် ကြားယောင်ကာ …

"သည်နှစ်ဆောင်း .."

"ဟင်!…"

ခေါ်သံကြောင့် ဆောင်း ကိုယ်လေး ဆတ်ခနဲ တွန့်သွား၏။

ဒီခေါ်သံ …၊

ဒီအသံမျိုး မကြားဘူးပါ။ 'သည်နှစ်ဆောင်း' လို့ရော ဘယ်သူခေါ်ရဲလို့လဲ …။

"သည်နှစ်ဆောင်း .."

ဟင်!…

ဆောင်း ချက်ချင်း နေရာမှထရပ်လိုက်သည်။ ပွဲတင်သံလို တစ်ချက်ချင်း ပြတ်သားသောခေါ်သံက အဝေးကလိုလို အနီးအနားကလိုလို

ဒါ အိပ်မက် မဟုတ်ဘူး …၊ ဟုတ်တယ် .. ငါ အိပ်မက်မက်နေတာ မဟုတ်ဘူး …။

ဆောင်း မျက်နှာတွေ မှိတ်၍ နှုတ်ခမ်းကို နာကျင်လာအောင် ဖိကိုက်ပစ်လိုက်သည်။ မချိမဆန့် နာကျင်သွားခြင်းနှင့်အတူ လျှာဆ





မှာ ငန်ကျိကျိအရသာကိုပါ ခံစားမိလာ၏။ သွေးထွက်အောင် နာကျင်မှုဟာ ဘယ်လိုမှ အိပ်မက်မဟုတ် …။

မကြောက်နဲ့ ဆောင်း …၊ နှင့်စိတ်ကို တင်းထား …၊ ဟုတ်ပြီ .. ထပ်ခေါ်စမ်း …။

ဆောင်း မျက်လုံးတွေကို လုံးဝ မဖွင့်တော့ဘဲ အသက်တစ်ဝကြီး ရှိုက်သွင်း၍ ခပ်မှုင်းမှုင်း ပြန်ထုတ်ရင်း ခေါ်သံကို ထပ်စောင့်သည်။

ကြောက်နေရုံနဲ့ ပြီးမှာမဟုတ်ဘူး…၊ နင် ဒါကိုရှင်းရမယ်၊ ဘယ်သူက ဘာလုပ်ချင်တာလဲ …၊ ဘာတွေဖြစ်လာမှာလဲ .. ဒါကို သိရအောင် မကြောက်မှ ဖြစ်မယ် …။

"သည်နှစ်ဆောင်း .."

ဆောင်း မျက်လုံးတွေ ဖျတ်ခနဲ ဖွင့်လိုက်ကာ အသံကြားသည့်နေရာကို ချက်ချင်း ပြေးကပ်၏။ ပြတင်းပေါက်က ခပ်ဟဟ ဖွင့်ထားတာမို့ ကိုယ်နဲ့ပါ ဖိတိုက်၍ ဖွင့်ပစ်လိုက်၏။

တွေ့ပြီ …၊

ဆောင်း ကိုယ်လေး နောက်ကို ပြန်ကန်ထွက်လာသလို မတ်ခနဲ ခန့်သွား၏။ ပြတင်းပေါက်နှင့် အောက်တည့်တည့်မှာ မိန်းမနှစ်ယောက်နှင့် ကလေးတစ်ယောက်၊ ပြီးတော့ အင်္ကျီဗလာနှင့် လူတစ်ယောက်…၊

ညနေခင်းမှာ အလင်းရောင်ရှိသေးပေမယ့် သူတို့မျက်နှာတွေက မှောင်နေသည်။ ဆံပင်တွေ ဖရိုဖရဲနှင့် မော့ကြည့်နေကြပုံက လူတွေ မဟုတ်ဘူးဆိုတာ သိသာစေလျက် …။

"ဘုရား .. ဘုရား .."

ဆောင်း တစ်ကိုယ်လုံးကို ကိုင်ပေါက်ခံလိုက်ရသလို ကျိန်းစပ်နာကျင်လာသည် ထင်ရသည်။ ပြီးတော့ ကိုယ်က နံရံမှာကပ်မှီသွားကာ သူတို့ မမြင်ရအောင် ပုန်းလိုက်မိ၏။

"သည်နှစ်ဆောင်း .."



www.burmeseclassic.com

www.burmeseclassic.com



"အမလေး!..."

ခေါ်သံသည် အခန်းရှေ့က ဖြစ်လာသဖြင့် ဒီတစ်ခါ ပြေးဖွင့်ကြည့်လိုက်တာနှင့် မျက်နှာချင်းဆိုင်ဖြစ်တော့မှာကို တွေးမိကာ ...

"ချာန်း .. ချာန်း ရေ .. ချာန်း လာပါဦး .."

ဆောင်း တအားအော်သည်။ အသံထွက်တာ မထွက်တာ မသိ။ ဒါပေမယ့် သူမ တစ်ကိုယ်လုံး ငုတ်တုတ်လေးဖြစ်သွားပြီး တရှိုက်ရှိုက် ငိုနေစဉ် ချာန်း ပြေးလွှားရောက်လာ၏။

"ဆောင်း .. ဆောင်း ဘာဖြစ်တာလဲ ..၊ ဘာဖြစ်လို့ တစ်ယောက်တည်း အပေါ်ထပ် တက်နေရတာလဲ .."

တံခါးက ဝုန်းခနဲ ပွင့်သွားကာ ချာန်း ပြေးဝင်လာသည်။ ရင်ခွင်ထဲမှာ ဆောင်း ကိုယ်လေး တဆတ်ဆတ် တုန်လျက် ...

"ချာန်း တွေ့ .. တွေ့ခဲ့လားဟင် .. အဲဒီ အပြင်မှာလေ .."

"ဘာလဲ .. ဘာမှမရှိပါဘူး .. မကြောက်နဲ့တော့ .. လာ .. အောက်ဆင်းရအောင် .."

"ဟင့်အင်း .. ဟင့်အင်း .. အဲဒီမှာ သူတို့ ဆောင်း ကို စောင့်နေကြတာ .."

ဆောင်း ကြောက်နေတာလေးကို သနားကြင်နာစွာ ပွေ့ပိုက်ချော့မော့၍ အောက်ထပ်ကို ပါအောင် ခေါ်လာရသည်။

ရှိသမျှ လူအနည်းစုလေးက ညှော်ခန်းမှာပဲ စုပြုံနေကြသဖြင့် ဆောင်း အပေါ်တက်အိပ်နေသည်ဆိုတာကို အံ့သြနေကြလျက် ...

"ဒီမှာ လူအင်အားနည်းနေကာမှ ခွဲထွက်နေရလား သူဌေးကတော်လေးရယ် .. ကိုယ်လည်း နေကောင်းတာ မဟုတ်ဘဲနဲ့ ..၊ နောက်ပြီး ဒါတွေက .."

သူမက စဖြစ်ခဲ့တာ မဟုတ်ဘူးလား ..၊

မပြောသင့်လို့ ပါးစပ်ပြန်ပိတ်ထားရပေမယ့် စိတ်ထဲမှာတော့





...က်ပြောလိုက်မိ၏။ ဒေါ်ထွား မျက်နှာကြီးက ကိုယ်တိုင် နေမကောင်း...ည့်ပြင် ပြောချင်တာကို မျိုသိပ်ထားလိုက်ရသဖြင့် ခပ်မှဲ့မှဲ့ဖြစ်လျက်...

"လူအများရှိတဲ့နေရာမှာ နေမှ အန္တရာယ်ကင်းမှာပေါ့ .."

"ကိုချာန်း ရေ .. မဆိုးဘူး .. မဆိုးဘူး .. ဒီမှာ လာကြည့် .."

တောထဲ ခဏမြေးဝင်ပြီး ကံကို ပုံ၍ ဆူးချုံနင်းကြည့်ခဲ့တာပါ။

မီးထွန်းလို့ရမယ့် နည်းလမ်း ရှာကြံရင်း ချာန်း က ယောက်ျားချင်း...ခေါင်းချင်းရိုက်ကာ အကြိတ်အနယ် ကြိုးစားနေလျက်ရှိစဉ် ...

"သူဌေးလည်း သနားပါတယ် .. ထွက်သွားတဲ့လူတွေကိုလည်း ...နိုင်၊ မီးရှာရတာတောင် သူ့ခမျာ သူဌေးကတော်ကို စိတ်မချလို့ ပြေး...ွား ပြေးပြန် လုပ်ရရှာတာ .."

"ဟုတ်တယ် .. ပြန်ရောက်တာနဲ့ ဒီမှာ ကြိုးစားနေကြတုန်း မမ...ဆောင်း ပျောက်နေတယ်ဆိုပြီး ပြေးတက်သွားတာ အမောတကော.."

တစ်ယောက်တစ်ခွန်း ချီးမွမ်းနေကြတာ မှန်ပေမယ့် ချာန်း ကို...ည်ပြီး ဒုက္ခမပေးသင့်ကြောင်း ဝက်ဝှက်တွေနဲ့ သတိပေးနေကြတာမှန်း...ဆောင်း သိသည်။

ကိုယ့်အော်သံကြားလို့ ချာန်း ရောက်လာတာ မဟုတ်မှန်းလည်း...မှ သိရကာ ပို၍ ကျေးဇူးတင်သွားမိသည်။ ချာန်း သာ အချိန်မီရောက်...လာလျှင် သူမ နောက်ထပ် သတိလစ်ကာ လူသိရှင်ကြား ဖြစ်ရဦးမှာ...သချာ၏။

"တွေ့လား .. မီးတော့ ရတယ် .. သိပ်အားမကောင်းဘူး၊ ငါတို့...ုပ်တာ တစ်ခုခု လိုနေလို့ ဖြစ်မယ် .."

မီးပန်းလိုမျိုး တဖျစ်ဖျစ် မီးတောက်လေးက အင်အားမပါစွာ...ိုယိမ်းဒီယိမ်းနှင့် မကြာခင် ငြိမ်း၏။ ဒါကို ပြန်ရှိုကြည့်လိုက် သေ...ွားလိုက် ဖြစ်နေကြရင်း မိုးချုပ်စသို့ ရောက်လာခဲ့သည်။

"နှစ်ပေချောင်းတော့ ထွန်းလို့ ရပါသေးတယ်၊ အပေါ့အပေါ့သွား



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူက အဖော်ခေါ်ပြီး တုတ်ကိုင်သွားရမှာ ..”

မန်နေဂျာက အားလုံး အကြောက်ပြေအောင် ရယ်ရယ်မောမော ပြောလိုက်ပြီး မီးပျိုးခြင်းအလုပ်ကို ဝိုင်းကူနေသည်။

“ဒီနေ့ ခဏလေး ပြေးရှာလိုက်ရလို့ပါ၊ မနက်ဖြန် တောထဲ သေချာဝင်ပြီး ..”

ချာန်း ရဲ့စကားမဆုံးခင် ဟစ်နေရာကို ကြည့်၍ ရပ်တန့်သွားသည်။ အားလုံး ချာန်း လှမ်းကြည့်လိုက်သည့် အိမ်ရှေ့ဆီကို မျက်လုံးတွေ ရောက်သွားကြ၏။

“နှင်းပိုပို ပြန်ပြေးလာတယ် .. ကြည့်စမ်း ..”

“အေးဟဲ့.. ကိုယ်မှာ ရွှံ့တွေနဲ့၊ ဒုက္ခရောက်ကုန်ကြပြီ ထင်တယ်”

ထိုင်နေသည့် ဒေါ်ထွားတို့ရော အားလုံး မတ်တတ်ထ ရပ်လိုက်ကြသည်။ ဒါပေမယ့် နှင်းပိုပို က သူတို့ဆီကို လာတာနဲ့မတူ..၊ ဆံပင်တွေ ဖရိုဖရဲနှင့် သူမပုံစံက ကမန်းကတန်းကြီး ဖြစ်နေလျက် ..၊ တံခါးဝမှာ ခဏပဲ ရပ်သည်။

ပြီးတော့ တဖားဖား ပြေးလာကာ အားလုံး ရှေ့ကနေ အိမ်ထဲသို့ တောက်လျှောက် ပြေးဝင်သွား၏။

“မနှင်း .. နေဦးလေ .. ဘာတွေ ဖြစ်လာတာလဲ ..”

ဒေါ်ထွား က လှမ်းခေါ်ရင်း နှာတစ်ချက်ချေ၏။ ပြီးတော့ နောက်ကနေ ဝင်လိုက်သွား၏။ ယောကျ်ားချင်း တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြကာ ဘာမှလည်း မပြောဖြစ်ကြ ..။

ဆောင်း က ဒေါ်ထွား လိုက်ဝင်သွားတာကိုကြည့်ကာ ...

“အထဲမှာ မမြင်ရလောက်တော့ဘူး .. ဆောင်း လိုက်သွားလိုက်မယ် ..”

မလိုက်စေချင်သည့်စိတ်က လှမ်းဆွဲမိမလိုတောင် ဖြစ်သွားခဲ့သည်။ ဒါပေမယ့် လက်ကို အသာပြန်ချ၍ ကြည့်နေလိုက်ရသည်။





ဒါပေမယ့် ချာန်း မျက်လုံးတွေက ဆောင်း ထွက်သွားတဲ့အတိုင်း ဝင်ပါသွားခဲ့ပြီး ...

“သူတို့ တစ်ခုခုကော့ ဖြစ်လာကြတာ သေချာတယ် ..”

“တစ်ခုခုဖြစ်ရင် တစ်ယောက်တည်း ပြန်လာပါ့မလား ..၊ အကူညီလိုလို့ ပြေးလာပြောတာများလား ..”

“ဩော် .. အဲဒါရော ဘာများ ထူးလို့လဲ ..၊ တစ်ခုခု ဖြစ်နေတာတော့ သေချာတာပဲဥစ္စာ .. ခုဟာက ပြောစရာပါလာရင်လည်း ပြောပါ၊ ဘာဖြစ်လို့ ပြေးဝင်သွားရတာလဲ ..”

“အေးလေ ..”

တစ်ယောက်တစ်ခွန်း ပြောကြသံတို့သည် နှင်းပိုပို ပြန်လာရခြင်း အကြောင်းတွေပဲ ဖြစ်လျက် ..၊ ချာန်း စိတ်ဝင်စားနေတာက ထွက်သွားကြသည့်လူတွေ ဘာဖြစ်နေကြသလဲဆိုတာ ဖြစ်သည်။ ထို့ကြောင့်...

“ကျွန်တော်တို့ မင်းသားတို့အဖွဲ့နောက်ကို လိုက်သွားရမယ် ဗျာကြီး ..”

“သိတယ် .. မင်း ပြောတော့မယ်ဆိုတာ ..”

မန်နေဂျာက စိတ်မသက်သာသလို ပြောကာ ...

“တော်ကြာ ဘာမှန်းမသိဘဲ လိုက်သွားမိကာမှ စော်ကားခံနေရမယ် ..”

“စော်ကားခံရရင်လည်း ခံရဖို့ ဖြစ်လာတယ်လို့ မှတ်ရမှာပဲ ..၊ သူတို့အတွက် ကျွန်တော့်မှာ တာဝန်ရှိတယ် ဗျာကြီး၊ ကျေးဇူးပြုပြီး လိုက်သွားပေးကြပါ၊ ဒီမှာ ကျွန်တော် ..”

“အား!...”

“ဝုန်း ..”

အထဲက ဒေါ်ထွား ရဲ့အော်သံကြီးနှင့်အတူ လဲပြိုသံတွေ ထွက်လာ၏။ ချာန်း ဘာမှ ဆက်မပြောနိုင်တော့ ချာခနဲ လှည့်ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာနှင့် ဒရိုင်ဘာ ဦးပု တို့ပါ ပြေးလွှားပါလာကာ ...

"ဒေါ်ထွား .. ဒေါ်ထွား ဘယ်မှာလဲ .."

"ဒုန်း .."

"အား!..."

"ဟာ!... ဆောင်း ... .."

အပေါ်ထပ်က ဒုန်းခနဲ အသံကြောင့် ဈာန်း က လှေကားကြီးနဲ့ ငါးထစ်လောက်ကို လွှားခနဲ ကျော်တက်၏။ ဘာတွေဖြစ်ကုန်တာလဲ။

ရင်ခုန်သံတွေ ကြမ်းတမ်းနေပုံက ကိုယ်ခန္ဓာထဲက သွေးတွေ ပွက်ပွက်ဆူနေပြီလားတောင် ဆင်ရ၏။ ဆောင်း အတွက် စိုးရိမ်မှုတွေ တစ်ရက်ထက်တစ်ရက် ပိုဂဲနေခဲ့တာဟာ လင်နဲ့မယား နှစ်ယောက် တည်း အနီးကပ်နေခွင့်မရတော့ ပိုဆိုးသည်။

သူ့မိန်းမကိုပဲ အရိပ်ကြည့် ဂရုစိုက်နေပါသည်လို့ လက်ညှိုးထိုး မရအောင် ဆင်ခြင်နေရ၏။ ဘာဖြစ်လို့လဲဆိုလျှင် ကိုယ်က လူအများ အပေါ်မှာ ကွပ်ကဲ အုပ်ချုပ်နေရသည့်သူ ..၊

ထိုအခါကျမှ ဆောင်း ကို မရမက ခေါ်လာခဲ့ခြင်းကို နောင်တရ သည်။ သူမ ကြောက်တတ်လာခြင်းအပေါ်မှာ ဂရုမစိုက်ဘဲ နေခဲ့မိသည့် အတွက် သနားနေမိသည်။ ခုတော့ သူသာလျှင် အရှုံးမီးဝိုင်းခံရသလို ..

"ဆောင်း .. ဆောင်း ဘယ်မှာလဲ .."

အပေါ်ထပ်ရောက်လာတော့ အပြေးမရပ်နိုင်ဘဲ အော်ခေါ်မိသည်။

"ဈာန်း .."

"ဆောင်း .."

လူကို မမြင်ရသေးဘဲ အသံပြန်ပေး၍ ဈာန်း ချက်ချင်း ပြေးသည်။ ဆောင်း က ဝရန်တာတံခါးတစ်ချပ် လပ်နေသည့် ဒီဘက်မှာ ...

"ဆောင်း ဘာလုပ်နေတာလဲ ..၊ ဘာဖြစ်တာလဲ .."

"ဈာန်း .. ဟို .. ဟိုပေါ်ကနေ နှင်းပိုပို ခုန်ချသွားပြီ .."





ခမှောင်မိုက်နေသည့် နံရံကွယ်လေးကနေ သူ့ရင်ခွင်ထဲ ပြေးဝင် လာကာ ...

"ခုန်ချသွားပြီ .. သွားကြည့်ပေးပါဦး ..၊ သူ့ကို တစ်ယောက် ယောက် တွန်းချလိုက်တာ .. ငါ မြင်လိုက်တယ် .."

ဆောင်း က ဝရန်တာကို လက်ညှိုးထိုးကာ အသံတွေ တုန်နေတာ လည်း မေးချင်းရိုက်နေသည့်အတွိုင်း ..။

ဈာန်း စိုးရိမ်သွားကာ ဆောင်း လက်လေးကိုလည်း မလွှတ်ဘဲ ဝရန်တာထိပ်ဆီ ပြေးကြည့်လိုက်မိသည်။

ဝရန်တာသည် သိပ်မကျယ်ပေမယ့် ပန်းပွတ်တိုင်ကြီးတွေနှင့် ကာထားသည့်တန်းတို့က ခါးစောင်းလောက်ထိ ရှိနေသည်။ ရှေ့ကို ကျော်ငုံ့ကြည့်ဖို့ အားပြုလိုက်တာနှင့် တန်းတစ်ခုက ပြုတ်ထွက်သွား၏။

ဒါကို ကျော်တက်လိုက်မှသာ အောက်ကို ခုန်ချဖို့ ဖြစ်နိုင်မှာမို့ ပြုတ်ထွက်လာသည့်တန်းကို ကိုင်ထားရင်း ဈာန်း ကြောင်တောင် တောင် ဖြစ်သွားသည်။

ဆောင်း ကတော့ ရှေ့ကို ကြံဖန် တိုးကြည့်ကာ ...

"ဟင်!..."

"ဂျွတ်!..."

"ဆောင်း .."

သတိလက်လွှတ် ငေးငိုင်သွားသဖြင့် ဆောင်း ကိုင်ထားသည့်တန်း က ကျိုးထွက်သွား၏။ ဈာန်း ထိတ်ခနဲ ဖြစ်သွားကာ ဆောင်း လက် တစ်ဖက်ကို ဆောင့်ဆွဲလိုက်လျှင် နှစ်ယောက်စလုံး နောက်ပြန် လဲကျ သွားကြ၏။

ဒါတောင် သူမ ပြုတ်ကျသေသွားနိုင်တာကို ဆောင်း က တွေးမိ ပုံမပေါ်ဘဲ သူ့ရင်ဘတ်အကျီစကို သိမ်းကျုံး ဆုပ်ဆွဲထားကာ ...

"ဘာမှ မရှိဘူး .. အောက်မှာ ဘာမှ မရှိဘူး ဈာန်း .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ဟုတ်မှာပေါ့ .."

"ဘာဖြစ်လို့ ဟုတ်ရမှာလဲ .. သူ ခုန်ချလိုက်တာ ဆောင်း မြင်တယ် ..၊ ဟို .. ဟိုလူကြီး တစ်ခုခု လုပ်လိုက်လို့ .."

"ကဲပါကွာ .. ထပါဦး၊ ကိုယ့်အင်္ကျီ လွှတ် .."

လွှတ် .. ဆိုတာလည်း မလွှတ်ပေ။ သူ့ပဲ မတ်တတ်ပြန်ရပ်နိုင်အောင် ကြိုးစားကာ ဆောင်း ကိုယ်လေးကို ပွေ့ထူ ဖက်ထား၍ ..

"အောက်မှာ သူတို့သိလို့ ပြေးထူသွားတာ ဖြစ်မှာပေါ့ ..၊ လာ အောက်ကို မြန်မြန်ဆင်းရအောင် .."

ဆောင်း ပုံစံက ဝရန်တာကနေ ထပ်ငုံ့ကြည့်ချင်နေပုံ ဖြစ်သည်။ ထို့ကြောင့် ချာန်း အတင်းပြန်ဆွဲခေါ်လာခဲ့ရင်း ...

"ဒီနားမှာ .. ဒီနားကနေ ဟိုလူကြီး .."

ကြောင်လိမ်လှေကားကြီး၏ တစ်ဆစ်ချိုးရောက်တော့ ကြေးသော့ခလောက်ကြီးနှင့် ခတ်ထားသည့် အခန်းရှေ့မှာ ဆောင်း လက်ညှိုးထိုးပြန်သည်။

ချာန်း က ဘာမှ ထပ်အပြောမခံတော့ဘဲ လက်ညှိုးထိုးဖို့ ပြင်လိုက်သမျှ သူမလက်လေးတွေကို အမိအရ ပြန်ဆွဲချုပ်၍ အောက်ထပ်ကိုပဲ တောက်လျှောက် ဆင်းလာခဲ့၏။

"ကိုချာန်း .."

"ဆရာ .. မမဆောင်း က ဘာဖြစ်တာလဲ .."

"ဒီမှာ ဒေါ်ထွား ကိုလည်း မနည်း ပိုင်းချော့နေရတယ် .."

အောက်က လူစုစုမှာလည်း ပြဿနာနှင့်ဖြစ်နေကာ သူ့ကိုမြင်တာနှင့် တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြ၏။ ဘယ်သူပြောတာကို နားထောင်ရမှန်း မသိ ..၊ ဒေါ်ထွား က ဘာဖြစ်တာမှန်းလည်း မသိရ ..၊

မီးထွန်းဖို့ ကြိုးစားတဲ့လူလည်း မရှိသဖြင့် အပြင်က မှုန်ပျပျ အလင်းရောင်လေးပဲရှိတော့ကာ ဧည့်ခန်းကြီးတစ်ခုလုံး မှောင်ရိပ်ကျ





နေပြီ ဖြစ်သည်။

ဆောင်း လက်ကိုလည်း မလွှတ်ရဲဘဲ ချာန်း က နှစ်ပေမီးချောင်းထွန်း သွားဖွင့်လိုက်မှ ...

"အမလေး သူဌေးလေးရဲ့ .. ဟီး .. ဟီး .."

ချာန်း ကို ခုမှ သဲသဲကွဲကွဲ မြင်သွားကာ ဒေါ်ထွား ရင်ဘတ်ထုငိုလေသည်။ ပြီးတော့ ဆောင်း ကိုလည်း ကြည့်ကာ ...

"သူဌေးကတော်လေးက အပေါ်ထပ်ကို ဘယ်လို ရောက်သွားတာလဲ .."

"ဆောင်း .."

ဆောင်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးသလိုလေး ပြောပြီးမှ ...

"ဆောင်း က ဒေါ်ထွား နောက်ကို လိုက်လာတာ၊ အဲ့ဒါ မနှင်းပိုပို အပေါ်တက်ပြေးသွားတာ မြင်လိုက်လို့ .."

"ဘယ်ကလာ ဟုတ်ရမှာလဲ သူဌေးကတော်ရယ် .. နှင်းပိုပို လေ.. ရေချိုးခန်းထဲကို တန်းဝင်ပြေးတာ၊ အဲ့ဒါ .. အဲဒါကို ကျွန်မက မိန်းကလေးမို့ ရေချိုးခန်းထဲ ပြေးငိုတော့မယ် မှတ်တာ .."

ပြောနေရင်း ဒေါ်ထွား တစ်ကိုယ်လုံး နတ်ပူးသလို တဆတ်ဆတ်တုန်ယင်လာပြီး ...

"ဟို .. ဟိုဟာကြီး .."

"ဘယ်ဟာကြီးလဲဟင် .. ဆောင်း လိုပဲ မြင်တာလား .."

နှစ်ယောက်သား ဘယ်သူမှ နားမလည်နိုင်သည့် ဘာသာစကားနှင့် ပြောနေကြသလို မျက်ရည်တွေ ပြိုင်တူကျ၊ ခေါင်းတွေညိတ်ကြ၊ ခေါင်းခါလိုက်ကြနှင့် ..၊

"မျက် .. မျက်စိရှေ့တင် ရေချိုးခန်းထဲ ဝင်သွားပြီး အထဲမှာ ဘယ်သူမှ မရှိဘူး .."

"ကဲ .. တော်ပါတော့ ဒေါ်ထွား ရာ ..၊ အားလုံး ယုန်ထင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ထင် ဖြစ်နေကြကာမှ ခင်ဗျားက တစ်မျိုး၊ ဝင်သွားတာမြင်ပြီး ပြ
ထွက်သွားတာ မမြင်လိုက်တာ နေမှာပေါ့ ..”

ထိုစဉ် နှင်းပိုပို ကို ပတ်ရှာနေကြသူ နှစ်ယောက် ပြန်ရော
လာကာ ...

“မတွေ့ဘူး .. ခေါ်တာလည်း အသံမပြုဘူး ..”

လူတွေရှိသမျှ မျက်လုံးအပြူးသားနှင့် တိတ်ကျသွားကြလျက်

“အောင်မယ်လေး .. အဲဒါ တောခြောက်နေတာ၊ တောထဲ
ရှိနေလို့ ဒီအိမ်ကြီးက ခြောက်နေတာ၊ မြန်မြန်ပြန်နိုင်အောင် လုပ်ကြ
တော့ .. ဟီး .. ဟီး .. ဟီး ...”

“ကျွတ်!...”

မျက်စိရှေ့တင် လူလုံးပျောက်သွားတာမျိုး မဖြစ်နိုင်လို့လား

ဒေါ်ထွား ငိုလိုက်ကာမှ စိတ်မရှည်သည့်မျက်နှာတွေနှင့် လှမ်း
ကြည့်ရင်း ရှုံ့မဲ့ကုန်ကြကာ ...

“ကဲ .. ထင်ယောင်ထင်မှားတွေ ထားလိုက်ပါဗျာ .. ကိုချာန်း
ဘယ်လိုထင်လဲ ..”

ဓာတ်ပုံဆရာ မင်းမင်းထွန်း က ချာန်း ကို လှမ်းမေး၏။ ထိုအခါ
ကျမှ မလွှတ်တမ်း ဆုပ်ကိုင်ထားခဲ့သည့် ဆောင်း ရဲ့လက်လေးကို
အသာလွှတ်၍ ...

“အကုန်လုံး ရှုပ်ထွေးနေတာ ဘာထင်ရမှန်းကို မသိဘူး ..”

“အဲ့ဒါ ဟိုလူတွေ ခွဲထွက်သွားကြလို့ဖြစ်တာ ..၊ တားနေတဲ့ကြား
က ထွက်သွားသေးတယ်၊ စည်းစည်းလုံးလုံးနေပြီး တိုင်ပင်ကြရင် ဖြစ်
နေတဲ့ဟာကို ..”

ချာန်း က ခေါင်းခါနေလျက် ...

“မဟုတ်သေးဘူး .. အခု မင်းသမီးကို ရှာကြမှဖြစ်မယ်၊ သူ
ဘာဖြစ်လို့ ပြန်ပြေးလာပြီး ဘာမှမပြောဘဲ ဝင်ပုန်းနေရတာလဲ ..”





“ဪ.. ကျွန်မ ပြောတာကို ယုံစမ်းပါ သူဌေးလေးရယ် .. အဲဒါ
နှင်းပိုပို ဘယ်လိုမှ မဟုတ်နိုင်ပါဘူး၊ ပြောရင်းနဲ့တောင် အချမ်းတက်
လာပြန်ပြီ .. ရုပ်ဆိုးအောင် ရွံ့တွေလူးလာတယ်ပေါ့ ..”

“အေးလေ .. သရဲက နွံအိုင်ထဲမှာလူးပြီး ..”

အလျှော့အဖွပ်လိုက်လာသည့် မအေးစန်း က တစ်ချိန်လုံး ဘာမှ
မပြောခဲ့ဘဲ နေခဲ့ပြီးမှ ပြောလိုက်တော့လည်း သူမစကားကြောင့် တစ်စုံ
တစ်ရာကို ညွှန်ပြလိုက်သလို ဖြစ်သွားလျက် ...

“ရွှံ့တွေ ပေလာတာနော် ..”

သူမကပဲ ထပ်ပြော၍ အားလုံးကို လိုက်ကြည့်သည်။ ချာန်း လည်း
တစ်စုံတစ်ခုကို သတိရသွားခဲ့ပြီး ...

“သူတို့ ရွံ့နွံတွေနား ရောက်နေကြပြီ ထင်တယ်..”

“ဟုတ်တယ် .. ဟုတ်တယ် ..၊ ဟိုမှာ ဒုက္ခ တအားရောက်ပြီး
နှင်းပိုပို ဒီကို စိတ်တမ်းလို့ ဖြစ်မယ် ..”

ယောကျ်ားကြီးတန်မဲ့ တစ်ဖွဲ့တစ်နွဲ့ ပြောလိုက်သဖြင့် ပြောသည့်
သူကို ဒေါ်ထွား က မသိမသာ မျက်စောင်းရှယ်၏။ ပြီးတော့ ကြောက်
နေတာကိုလည်း ထိန်းလို့မရဘဲ ...

“စိတ်တမ်းလို့ ရောက်လာတာကြီးက အားလုံးပဲ မြင်လိုက်တာ
နော် .. အံ့သြစရာပဲ ..”

ကြောက်တာပေမယ့် ရွှံ့ပြောလိုက်တာမှန်း သိသာနေလျက်
ဓာတ်ပုံ မင်းမင်းထွန်း ကလည်း ဒါကိုသိကာ ...

“ခင်ဗျား ပြောချင်တာက .. သရဲမှ သရဲ ဟုတ်လား ..”

“ဟုတ်မဟုတ် သိချင်ရင် ရှာကြလေ..၊ တွေ့ရင် ကျုပ်ကို သတ်..”

ငြင်းခုံနေကြရင်း ညက သက်တမ်းရင့်လာသည်။ ခုချိန်ထိ နေ့
မှ မလှုပ်ရဲကြဘဲရှိရာ စားသောက်ကြဖို့လည်း ဘယ်သူမှ သတိမရကြ။

“ဟုတ်တယ် .. ခုလောက်ဆိုရင်တော့ ထွက်လာပြီး အကျိုး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြောဖို့ သင့်နေပြီ ..''

ဒါရိုက်တာကြီးက တွေးတွေးဆဆ ပြောလာ၏။ မန်နေဂျာ ခေါင်းညိတ်၍ ချာန်း ကို ကြည့်ကာ ...

''ငါတို့ ထပ်ရှာမှ ထင်တယ် .. ဘယ်လိုလဲ ..''

''မရှာနဲ့တော့ ဂျာကြီး .. ဒီမှာ ထားခဲ့ရမယ့်လူတွေကလည်း ရှိ သေးတယ်၊ ရှေ့တိုးသွားတုန်း နောက်ကို စိတ်မချရရင် ဘာမှ လုပ်ရ ရမှာ မဟုတ်ဘူး ..''

ချာန်း ဘာကို စိတ်မချတာလဲဆိုတာ အားလုံး နားလည်နေပြီ သဖြင့် အကြည့်တွေက ဆောင်း ဆီ ရောက်ကာ ငြိမ်သွားကြ၏။ ချာန်း ကပဲ ဆက်၍ ...

''အကျိုးအကြောင်းရှိလို့ ပြန်လှည့်လာတာမှန်ရင် သူ ပြန်ထွက် လာမှာပါ''

''ကိုချာန်း က ဘယ်လိုထင်လို့လဲ ..၊ မင်းသားနဲ့ ဒါမှမဟုတ် အဲဒီကလူတွေနဲ့ နှင်းပိုပို အဆင်မပြေဖြစ်ပြီး စိတ်ဆိုးပြန်လာတယ် ထင်လို့လား ..''

''အဲဒီလိုဆိုရင်လည်း စိတ်ဆိုးလာလို့ အခန်းတစ်ခုခုထဲ ဝင်ပုန်း ရင် ဒါမှမဟုတ် ဝင်ခွေနေရင် ပြီးတာပဲ၊ လိုက်ရှာတဲ့လူတွေ မတွေ့ အောင် ပုန်းနေဖို့ လိုလို့လား ..''

ဒေါ်ထွား ဝင်ပြောလိုက်ပြီဆို အကြောင်းအရာက ဒီနေရာမှာ ပတ်ခွေနေခဲ့သည်ဖြစ်ရာ ...

''ပြီးတော့ တစ်အိမ်လုံး ဘယ်မှာမှ မီးမရှိဘဲနဲ့ ..''

ပြောနေရင်း ဒေါ်ထွား က ချာန်း နဲ့ ဒါရိုက်တာကြီးရဲ့ နှစ်ယောက် ကြားထဲ သိသိသာသာ တိုးဝင်၏။ သူများတွေ ကြောက်နေတုန်း တော့ သူပဲ တရားစာတွေ ရွတ်၊ ပရိတ်ရေတွေပေးနှင့် တကယ့်အုပ်ထိန်း သူ လူကြီးလိုလို ခန့်ခန့်ညားညား ..။





ခုဂျာတော့လည်း သူငယ်ပြန်နေသည့် အဘွားအိုတစ်ယောက်နှင့် တူနေပြန်၏။ အားလုံး၏စိတ်တွေ ဒေါ်ထွား ၏ လှုပ်ရှားမှုများနှင့် ပြောစကားတွေအပေါ်မှာ စိတ်ဝင်စားစ ပြုလာခဲ့ပြီး ...

''တစ်ခုခု ဖြစ်နေပြီဆိုတာတော့ သေချာတယ် ..''

ချာန်း ရဲ့ ဒရိုင်ဘာ ဦးပု က မှတ်ချက်ချ၏။ ချာန်း က ချက်ချင်း ခေါင်းညိတ်၍ ...

''ဒါပေမယ့် ခုချိန်ကျမှတော့ မိုးလင်းအောင် ပြန်စောင့်ရုံအပြင် ဘာမှ မတတ်နိုင်တော့ဘူး''

''ကိုချာန်း ရေ ..''

''ဆရာချာန်း .. တံခါးဖွင့်ပါဦး ..''

''ဒုန်း .. ဒုန်း ..''

ပြောလို့မှ မဆုံးသေးခင် တံခါးထုသံတွေရော ခေါ်သံတွေပါ ထွက် လာလျှင် ...

''လာပြီ .. လာကြပြီ .. အောင်မယ်လေး!... ဒီတစ်ခါ တစ်ကောင် တည်း မဟုတ်ဘူး .. လုပ်ကြပါဦး''

ဒေါ်ထွား ဘယ်ရင်ခွင်ထဲမှလည်း မဝင်ရဲဘဲ တွေ့ကရာ စောင်ပိုင်း လေးကို ဆွဲ၍ ခေါင်းမှာ ပတ်ခြုံကာ စားပွဲခုံအောက် အတင်းတိုးဝင်၏။

''ချာန်း .. နေဦး ..''

ချာန်း ခြေလှမ်းပြင်တာနှင့် ဆောင်း က လက်ချင်းချိတ်ထားကာ...

''တန်းသွားမဖွင့်နဲ့လေ ..''

''မင်းကလည်းကွာ .. ခေါ်နေကြတာ ကြားရဲ့သားနဲ့ ..''

''မဟုတ်ဘူး .. အဲဒါ သရဲတွေ ..၊ အုပ်စုနဲ့ လာကြတာ ..''

ဒေါ်ထွား ကလည်း ခုံအောက်ကနေ သူမအသံ တိုးပေါက်အောင် အကျယ်ကြီး အော်ပြော၏။

''ကိုချာန်း .. တံခါးလာဖွင့်ပေးပါ၊ ကျွန်တော်တို့ကား ခွနစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဗွက်လယ်ခေါင်မှာ ဒုက္ခတွေရောက်ကုန်ကြပြီ ..''

ပြောသည့်အသံကို ဘယ်သူ့အသံမှန်း သိလိုက်ကာ ချာန်း တို့ တံခါးဆီ ပြေးသွားပြီး ဖွင့်လိုက်၏။

''ကိုချာန်း ..''

''မစု ..''

အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ စုစန္ဒီ သည် ဒူးဆစ်အထက်နားလောက်ကစ၍ ထဘီတစ်ပိုင်းလုံးမှာ ရွှံ့တွေချည်းဖဲ ဖြစ်ကာ အပေါ်ပိုင်းမှာလည်း ရွှံ့တွေ ပေပေကျံကျံနှင့် လူက တုန်နေ၏။

ပြီးတော့ ချာန်း ကို မျက်ရည်တွေနဲ့ မော့ကြည့်ပြီး ရင်ခွင်ထဲ ပြေးဝင်၍ ငိုတော့သည်။ သူမပခုံးလေးကို ပြန်ကိုင်မိလိုက်တာနှင့် ဘယ်လောက်ထိ ကြောက်ရွံ့နေမှန်း သိသာနေကာ ...

''မစု ..''

''မစု .. ဘာဖြစ်လာတာလဲဟင် ..''

ဆောင်း ကပါ ဘေးကနေ ပခုံးလေးဝင်ဖက်ရင်း ဘာမှမသိရ သေးဘဲ မျက်ရည်တွေ တသောသော ကျလာခဲ့လျက် ...

''မစု ပြောပါဦး .. ဟိုမှာ ဘာ .. ဘာတွေ ဖြစ်နေလို့လဲဟင် - မနှင်း ရော ..''

ဒီအချိန်မှာ ကိုယ့်ယောကျ်ားရင်ခွင်ထဲကို မှီတွယ်ငိုရသလားလို့ မတွေးမိသည့်ပြင် သူမကပါ ငိုင်းငိုနေသဖြင့် အားလုံး၏ရင်ထဲမှာလည်း သနားစိတ်တွေသာ ဖိစီးနေခဲ့ကြ၏။

စုစန္ဒီ သည် ချာန်း ကို ဖက်၍ အားပါးတရ ငို၏။ ဘေးမှာပါလာသည့် ယောကျ်ားအဖော်ကလည်း ခေါင်းငိုက်စိုက်နှင့် ရှိရင်း ...

''မစု ဘာမှဖြေနိုင်မှာ မဟုတ်ဘူး ကိုချာန်း ..၊ ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရတာ ဘဝပျက်မတတ်ပဲ ..''

''ဘာတွေဖြစ်ကြလို့လဲ .. မနှင်း နဲ့ မေမျိုး ရော ..''





ဒီကို မနှင်း ရောက်လာခဲ့သည်လို့ မပြောဘဲ ဒီတိုင်း မေးလိုက်တာနှင့် ဖေကံ့ မျက်နှာကြီး အကျည်းတန်စွာပျက်ကျသွားခဲ့ပြီး ကိုယ်အောက်ပိုင်းမှာ ပေကျံနေသည့် ရွှံ့တွေဆီ မျက်လုံးတွေကို ငေးစိုက်လျက် ...

''ရွှံ့ထဲ ပြုတ်ကျပြီး ..''

''ဟင်!...''

''သူ ဘာတွေဖြစ်နေပြီလဲ .. အခု လူနာကို ထားခဲ့ရတာလား..''

''သူ သေသွားပြီ ..''

''ဒုန်း ..''

အားလုံး၏နောက်မှ လဲပြိုသံကြောင့် လှည့်ကြည့်လိုက်မိကြလျှင် ဘယ်အချိန်က ခုံအောက်က ပြန်ထွက်ပြီး ရပ်ကြည့်နေသည်မသိဘဲ ဒေါ်ထွား မတ်တတ်ကနေ သတိလစ် ပုံကျသွားခြင်း ဖြစ်၏။

''ဒေါ်ထွား ..''

လူတွေမှာ ဟိုပြေးဒီပြေး ဖြစ်ရပြန်ကာ နှင်းပိုပို သေသွားပြီဆိုသည့်အဖြစ်ကြောင့် အားလုံး ထိတ်လန့်ကုန်တာ သတိလစ်မတတ်..၊

''ကျွန်တော်တို့ အဲဒီရွှံ့တွေထဲ စနင်းမိတည်းက ကားက ဒုက္ခပေးတာ ကိုချာန်း ..''

ဖေကံ့ က ဖြစ်သမျှကို ပြောပြနေရင်း ငိုလည်း ငို၏။ ပြီးတော့...

''ကိုလွမ်း က ကားကို မရမက အကြမ်းပတမ်း ဆောင့်နှိုးပြီး အတင်းခိုင်းနေလို့ ထင်တယ်၊ ကားကလည်း ဖြစ်ချင်တိုင်းဖြစ်ပြီး မှန်တွေကျ .. တံခါးလော့ခ်တွေ ပြုတ်ထွက်နဲ့ မနှင်း ပြုတ်ကျသွားတာ..''

''အဲ့ဒါ .. အဲ့ဒါကြီးတောင် မင်းတို့ မသိကြဘူးလား ..''

ချာန်း စိတ်လှုပ်ရှားလွန်းကာ မျက်ရည်တွေပါ လည်၏။ ထို့ပြင် ဖေကံ့ ပခုံးတစ်ဖက်ကို ခပ်ကြမ်းကြမ်းလှုပ်၍ ...

''လူတစ်ယောက်လုံး သေရတဲ့အထိ မင်းတို့ ..''

''မသိပါဘူး ဆရာချာန်း ရယ် .. သူနဲ့အတူတူ ထိကပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မစု တောင် မသိပါဘူး .. မေးကြည့်ပါ ..”

မေးကြည့်ဖို့မလိုဘဲ စုစန္ဒီ ကတုန်ကယင် ငိုနေပုံက ကြာ... ဆိုးလေ ...၊

“မစု .. မစု စိတ်ကို ထိန်းပါဦး ..”

သတိတွေဘာတွေ ချွတ်ယွင်းသွားမှာစိုးကာ ဆောင်း ကပဲ ... ထားပြီး သတိပေးရ၏။

“ကားက ရုန်းမရဖြစ်နေတော့ ကားမောင်းနေတဲ့လူဆီမှာပဲ အ... တွေရှိကြတာ .. ဆင်းတွန်းကြမယ်ဆိုမှ သူ မရှိမှန်း သိပေမယ့် အ... ဆင်းသွားတယ်လို့ ထင်ကြပြန်ရော၊ သူ .. သူ တကယ်တော့ ပြုတ်... သွားတာနဲ့ ခေါင်းစိုက်ဆင်းသွားတာဖြစ်မှာ ...၊ ကားက ခုန်လှုပ်နေ... တစ်ခါတည်း ကားအောက်ရောက်ပြီး ..”

ဖေကံ က ယောက်ျားကြီးမတန်မဲ့ ငိုရှာသည်။

“ဒေါ်ထွား ကို ဘာမှ မသိစေနဲ့တော့ ...၊ သူ့ရှေ့မှာ ဘာမှ မေ... ကြနဲ့ ..”

ချာန်း ကိုယ့်စိတ်ကိုထိန်း၍ အခြေအနေကို ထိန်းသိမ်းနိုင်ဖို့ ကြိုး... စားသည်။ ပြန်လာသည့်လူတွေကို အဝတ်လဲစေပြီးမှ ...

“မေမျိုး ရော ..”

ဖေကံ ကို တိတ်တိတ်ကြိတ် မေးလျှင် ...

“သူလည်း ဘာမှမေးလို့ မရတော့ဘူး ...၊ ရွှံ့ထဲပြုတ်ကျပြီး ထင်... တွေ စွတ်အော်နေတာ ..”

“သူတို့ ဘယ်လိုကျန်ခဲ့ကြလဲ ...၊ မင်းသားကရော ..”

“ဒါ သူ့အပြစ်ပဲလို့ ပြောနေတယ်၊ သူလည်း တော်တော်ခံ... ခတ်ကျနေတာပါ၊ လူသေကောင်ကို ကမ်းပေါ်ဆွဲတင်ပြီး ဒီတိုင်း ထား... ခဲ့ရတယ်၊ မေမျိုး က ထင်ရာပြောနေပေမယ့် ကားပေါ်မှာ ပုဝင်... အော်နေတာ ဆင်းခိုင်းလို့ကို မရဘူး ..”





“ကျွတ်!...”

သူ စိုးရိမ်နေခဲ့တဲ့ အခြေအနေတွေပါ ...။

ချာန်း မျက်နှာတစ်ပြင်လုံး နီရဲကာ မေးကြောနှစ်ဖက်စလုံး တင်းခနဲ ဖျင်းခနဲ လှုပ်ခတ်နေ၏။

“သီဟ တို့အုပ်စုနဲ့ သူ ဒီတိုင်း ကျန်ခဲ့တာပေါ့”

“ဟုတ်တယ် ..”

ဒီအချိန်ကြီး ရွှံ့ဗွက်ကြီးရဲ့အလယ်ခေါင်မှာ ဒုက္ခတွေများနေကြတာကို ဘယ်လို ကယ်တင်ရမလဲ ...။

သူ့အဖြစ်က ရှေ့ကို တစ်လှမ်းတိုးလို့ ရပေမယ့် ကျန်ရစ်သည့် ခြေတစ်ဖက်က နွယ်နဲ့ ငြိနေ၏။

ထိုင်စောင့်မနေနိုင်ပေမယ့်လည်း ရှေ့တိုးသွားဖို့က မဖြစ်နိုင် ...။

မိုးမြန်မြန်လင်းဖို့ကိုသာ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

တစ်ယောက်တည်း ထွက်လာခဲ့တာပေမယ့် ကိုယ့်ဓားနဲ့ကိုယ် ဖြစ်နေသဖြင့် ခြေလှမ်းတွေက သွက်နေ၏။ ထို့ပြင် နုသစ်သော နံနက်ခင်း နေရောင်ခြည်က ခွန်အားတို့ကို ဖြစ်စေကာ ညတုန်းက သွေးပျက်ထိတ်လန့်ခဲ့ရသမျှတို့ကို အနည်းငယ် လျော့ပါးစေခဲ့၏။

ဒီအဖြစ်တွေ ဘယ်လိုမြစ်ဖျားခံလာခဲ့သည်ကို သိချင်လို့ ထွက်လာခဲ့တာ ဖြစ်သည်။ ဒါတွေကို သိရဖို့အတွက် အဘွားနဲ့တွေ့ဖို့ လိုသည်။ ထို့ကြောင့် ...

လွမ်းအောင်ချစ် တို့ဆီကို ဈာန်း တို့ သွားနေတုန်း သူမ ကိုဖိုးခွေး တို့လင်မယားဆီ သွားသည့်အကြောင်း ဒေါ်ထွား ကို မှာခဲ့ပြီး ထွက်လာခဲ့တာ ဖြစ်၏။

ရွာထိပ်က ဘုန်းကြီးကျောင်းဆိုပေမယ့် တော်တော်သွားနေရသဖြင့် ကိုဖိုးခွေး တို့ဆီသာ ဈာန်း လိုက်သွားခဲ့လျှင် သူမကို မတွေ့တာနှင့် စိတ်ပူတော့မည်မှန်း အချိန်ကို တွက်နေမိ၏။





လမ်းက တောလမ်းနဲ့ ပိုတူလာသည်။ ခြေတစ်ပြားစာ သွားသာရုံဘေးနှစ်ဖက်မှာ တောအသွင် လုံးဝ ပြောင်းလဲသွား၏။

တောနှင့် တိတ်ဆိတ်ငြိမ်သက်နေခြင်းသည် နံနက်ခင်း၏အလှကို အကျည်းတန်နေစေကာ ပေါ့ပါးသည့်စိတ်မှာ စိုးရိမ်စိတ်တွေ ခေါင်းပြူလာကြ၏။

ရှေ့မှာ ဘုန်းကြီးကျောင်းပဲ ...၊

မြင်လိုက်ရတာက တိုက်ခံပျဉ်ထောင် မျက်နှာစာအပြားနှင့် အဆောက်အအုံကြီးဖြစ်ကာ လက်ရာမြောက်သော မုခ်ဝတစ်ခုမှလွဲလျှင် အဆောက်အအုံက ပျက်စီးနေပြီ-ဖြစ်သည်။

ဘုန်းကြီးကျောင်းပုံစံက လူမနေတာ နှစ်ကြာခဲ့ပြီမှန်း သိသာ၏။ ဒါဆို ဘုန်းကြီးကျောင်းပျက်ကြီးလို့ ဘာဖြစ်လို့ မပြောခဲ့တာလဲ ...၊ အဘွားကရော ဒီထဲမှာပဲ အမိဋ္ဌာန်ဝင်နေတာ တကယ်လား...။

စိတ်က တွေးနေသော်လည်း ခြေသောက်တွေက ရှေ့သို့စိမ်းတွေနှင့် စိုထိုင်းနေသော အုတ်လှေကားထစ်တွေကို နင်းဖြတ်လာခဲ့ပြီဖြစ်သည်။

အထဲမှာ အဘွားရှိနိုင်ဖို့က ရာနှုန်းပြည့် မသေချာဘဲ သူမ ဘာဖြစ်လို့ ရှေ့ဆက်တိုးလာခဲ့တာလဲ ...။

လှေကားထိပ်မှာ ခြေစုံရပ်မိရင်း ပိတ်ထားသည့် တံခါးတွေကို ငေးကြည့် တွေဝေနေဆဲ ...

"ကျွိ .. အီ .. အီ .."

တံခါးပွင့်သွားသည့်အသံကြောင့် ဆောင်း ကိုယ်လေး တောင့်ခနဲဖြစ်သွားသည်။ မနက်ခင်းပေမယ့် အထဲကို ဘာမှမမြင်ရပေ။ ဒါပေမယ့် သစ်စုံတစ်ယောက်ရပ်နေသည့် အရိပ်သဏ္ဌာန်ကိုတော့ မြင်နေရပြီဖြစ်၏။

"အထဲရောက်အောင် ဝင်ခဲ့ပါ"

စကားသံ ထွက်လာတော့ မိန်းမသံ ခပ်တုန်တုန် ...၊

အဘွားက အသက် ကိုးဆယ်ရှိပြီမို့လို့ ခေါင်းတုန် အသံတုန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလား ..။

ကိုယ့်ကိုယ်ကိုယ် ကြောက်စိတ်ဖြေကာ အဘွားကို တွေ့ပြီလို့ သတ်မှတ်လိုက်ပြီး ရဲရဲတင်းတင်း ရှေ့တိုးခဲ့မိ၏။

အထဲမှာ ပရိဘောဂ ဘာမှမရှိဘဲ ဖုန်တက်နေသည့် ကြမ်းခင်း ကျယ်ကြီးနှင့် အဘွား ထိုင်လိုက်သည့် ဖျာချောလေးတစ်ချပ်ပဲ ရှိသည်။

အဆောက်အအုံက ဘုန်းကြီးကျောင်းအင်္ဂါရပ်တွေအတိုင်း တိုင်လုံးကြီးတွေနှင့် ကျယ်ကျယ်ဝန်းဝန်းရှိနေလျက် မြင်နေရသည့်အခန်းတိုင်းကတော့ ပိတ်လျက်သား ဖြစ်၏။

"အဘွားက .."

"ထိုင်ပါ .."

မေးခွန်းတွေကို ကြိုက်တတ်ပုံမရသည့် အဘွားမျက်နှာသည် ပိန်လှီသည့်အပြင် ပါးရေတွေ လိပ်တွန့်နေတာ ကြည့်ရဆိုး၏။ ဟိုတုန်းတည်းက သိပ်မလှဘူးလို့ သိခဲ့ရပေမယ့် အသားလတ်ပုံလည်း ပေါ်သည်။ မျက်လုံးတွေလည်း လက်နေသေး၏။

လူကို ငေးကြည့်ရင်း ထိုင်လိုက်ပုံကို ကြည့်ကာ အဘွားက ဘာဆိုနားလည်သွားသည် မသိ ..။

"ငါက ညည်းသိတဲ့အဘွား မဟုတ်ဘူး .."

"ဟင်!..."

"သူ့ရဲ့အစ်မ ဒေါ်နုယဉ် .."

အဘွားရဲ့နာမည်ကိုတော့ မသိခဲ့ရဘဲ အဘွားရဲ့အစ်မနဲ့မှ လာဆုံနေရသည်။ ဒါဆို အဘွားက ဘယ်မှာလဲ ..။

"သူ သေသွားပြီ .."

"ရှင်!..."

"ညည်းတို့ကို အိမ်ငှားခဲ့တာ ငါပဲ ..၊ အဘွား မဟုတ်ဘူး .."

"ဒါ .. ဒါဆို အဘွားက အိမ်ငှားပြီးမှ သေသွားတာလား၊ အဘွား





နာမည်ဘယ်သူလဲ .. ပြောပြနိုင်မလားဟင် .."

"ညည်း ငါ့အကြောင်းမေးဖို့ လာတာလား..၊ ဟိုအိမ်ကြီးအကြောင်း သိချင်လို့လား .."

ဆောင်း ထိတ်ခနဲ ဖြစ်သွားသည်။ အဘွားမဟုတ်ဘူး ဆိုပေမယ့် ဒေါ်နုယဉ် ကိုလည်း အဘွားလို့ပဲ ခေါ်ဖို့ ဆုံးဖြတ်လိုက်တာ ...

"ဟုတ်ပါတယ် .. ရောက်ကတည်းက ထိတ်လန့်စရာတွေ အမျိုးမျိုး ကြုံနေခဲ့ရတာ၊ မနေ့ညတုန်းက အားလုံး သွေးပျက်မတတ်ဘဲ၊ အိမ်အကြောင်း အဘွား သိမှာပဲဆိုတာ ကျွန်မ သိတယ်၊ ဖြစ်နိုင်ရင် ပြောပြပါ အဘွားရယ် .. အဲဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ .. ဟင် ..၊ ကျွန်မတို့ ဘာတွေ ဆက်ဖြစ်ကြဦးမှာလဲ .."

"ဘာမှမဖြစ်ချင်ရင်တော့ မစပ်စုဘဲ နေလိုက်တော့ .."

"ဆောင်း က .. ဘာစပ်စုမိလို့လဲ အဘွား ..၊ ဆောင်း ဘာမှ မသိတာတွေကိုသာ မြင်လာ ကြားလာရတာ .."

"မြင်လာ ကြားလာရသမျှ ဘာတွေလဲလို့ ညည်း သိချင်နေတာမို့လား .."

မျက်တွင်းချက်ချက်ထဲက လက်နေသည့် မျက်လုံးတွေကို ငေးကြည့်ရင်း ဆောင်း နားမလည်နိုင် ..။

"ညည်းက ဆောင်း ဆိုတာလား .."

"ရှင်!..."

အံ့ဩသွားပြီးမှ ကိုယ့်နာမည်ကို ထည့်ပြောလိုက်မိတာ သတိရသည်။ ဒါပေမယ့် အဘွားက ကြိုသိနေသလို မေးလိုက်တာကို နားမလည်..။

"ဒီနာမည်ကို ငါ့အိပ်မက်ထဲမှာ သူ လာလာပြောတာ ကြာပြီ.."

ဒေါ်နုယဉ် က ဆောင်း သိချင်တာကို ဖြေတာမျိုးမဟုတ်ဘဲ မျက်နှာတစ်ပြင်လုံးသည် စိုးရိမ်ထိတ်လန့်မှုတွေလား ..၊ ကြေကွဲသွားတာလား .. ဘာမှန်းမသိဘဲ ခဏ ငုံ့ကျ ငြိမ်သက်သွားခဲ့၏။ ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ လုပ်လို့မရတဲ့ ပြဿနာတွေရှိတယ်၊ အဲဒီအိမ်ကြီးထဲကို လုံး မဝင်ရဲခဲ့တဲ့အကြောင်းတွေလည်း ရှိခဲ့တယ်၊ အဲဒါကြောင့် ဖြေရှင်း နိုင်မယ့်လူကို အလိုရှိခဲ့တာ .."

ဒေါ်နုယဉ် က တစ်ယောက်တည်း ရေရွတ်နေပြီးမှ ဆောင်း ကို စိုက်ကြည့်ကာ ...

"ငါ့ညီမက စုယဉ် .. ဒါပေမယ့် သူငယ်ငယ်တည်းက အကျင့် တန်လို့ 'အဘွား' လို့ပဲ နောက်ပြောင်ခေါ်ခဲ့ကြတာ၊ ဒါကို သူ အရှက် ခံစားနေခဲ့ရမှန်းလည်း မသိခဲ့ကြပါဘူး၊ အဲဒီအိမ်ကြီး လာဆောက်ပြီး သူဌေးတွေအိမ်မှာ လုံးလုံးလျားလျား အလုပ်လုပ်ဖို့ ထွက်သွားပြီး ပြန် မလာတော့မှ နားလည်ခဲ့ကြတာ .."

"အဲ့ဒီသူဌေးတွေက ဘယ်က ဘယ်လို .."

"ညည်း ဘာမှ ပြန်မမေးနဲ့ ဆောင်း ..၊ ညည်းနဲ့ငါ လိုအပ် သလောက် ညည်း သိအောင် ပြောပြမယ်၊ ပါးစပ်ပိတ်ပြီး နားထောင်"

ဆောင်း သူ ပြောသလိုပဲ ခေါင်းလေးညိတ်လိုက်ရ၏။

"ညည်းရဲ့အိပ်မက်ထဲမှာ လာလာပြီး ခြောက်လှန့်နေတဲ့လူကြီး အဲဒီလူကြီးက သူဌေးဆိုတဲ့ ဦးဓာတ်ရှင် ပဲ .."

"ဦးဓာတ်ရှင် .."

"ဟုတ်တယ် .. သူက အရမ်းချမ်းသာတယ်၊ ငါတို့တော့ နား မလည်ပေမယ့် သူ့ကို သုတေသနပညာရှင်လိုလို ပြောကြသေးတယ် သူက အဲဒီအိမ်ကြီးအောက်က မြေအောက်လိုဏ်ခေါင်းကြီးကို သဘော ကျပြီး အပေါ်မှာ အိမ်လာဆောက်တာ .."

"အောက်မှာ မြေအောက်လိုဏ်ဂူ ရှိတယ် .. ဟုတ်လား အဘွား"

"ရှိတယ် .. ဟိုးအရင် တော်လှန်ရေးခေတ်တွေတုန်းကဆို ဒီနေရာ ဟာ ဂျပန်တွေ ရာနဲ့ချီပြီး အတုံးအရုံး သေခဲ့ကြတဲ့ တစ်စပြင်ပဲ၊ နောက် တော့ ကျတ်ကုန်းလိုလို .. သချိုင်းမြေလိုလို .. နောက်တော့ လူဌေး





ရောက်လာတယ်၊ ဘယ်လို ရေခဲမြေခံမို့လို့လဲ မသိဘူး .. ရောက်လာတဲ့ လူတွေတိုင်းက ဗုဒ္ဓဘာသာ မဟုတ်ကြဘူး၊ ကိုယ် ယုံကြည်တာ ကိုး ကွယ်ပြီး တစ်ယောက်နဲ့တစ်ယောက် မရောထွေးဘူး၊ ပြိုင်ဆိုင်နေတာ မျိုးလည်း မဟုတ်ဘဲနဲ့ ဘယ်သူ ဘာတွေဖြစ်ဖြစ် မဆိုင်သလိုလို နေ ထတ်ကြတာ၊ ဒီကျောင်းကြီးကိုတော့ ဘယ်ဗုဒ္ဓဘာသာက ဆောက်ခဲ့ မှန်း မသိဘူး .. ဘယ်သူမှလည်း မသိကြပါဘူး .."

"ရှေးခေတ် မင်းတစ်ပါးပါးက ဒီအရပ်ကို ကြွလာရင်းနဲ့ ကောင်းမှု ကုသိုလ်ပြုသွားတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ..."

ကျောက်စာကမှည်းမတင်၊ ခမ်းနားမှုမရှိခဲ့ဘဲ ဒီပုံစံကတော့ သိပ် မဖြစ်နိုင်သဖြင့် ဆောင်း သေချာတော့ မပြောရဲပေ။ ဒေါ်နုယဉ် ကလည်း သူမ ပြောတာကို သိပ်စိတ်မဝင်စားပါ။

"ဒီမှာ ဘာသာရေးက မရှိသလောက် ဆိုးခဲ့တာ ..၊ ဖြစ်လာခဲ့တဲ့ အဖြစ်ဆိုးတွေက အဲဒါ အဓိကပဲ၊ အိမ်ကြီးကို ဆောက်တာ သိပ်မကြာ ဘူး ဖြစ်လာတဲ့ဆိုးကျိုးတွေကတော့ ဘယ်တော့မှ ပြီးဆုံးမလဲဆိုတာ မသိနိုင်ဘူး .."

"အဲဒါကို ဘာလုပ်ရမှာလဲ ပြောပြပါ အဘွားရယ် .. အခု ဆောင်း တို့လူစုထဲမှာ သေတဲ့လူ သေ .. ရူးတဲ့လူက ရူးကုန်ပြီ၊ မကောင်းဆိုးဝါး ကြောင့်လို့ ပြောရပေမယ့် .."

"ပြောလို့ရတာပေါ့ .. အဲဒါကြောင့်ဖြစ်တာ ..၊ သူ လုပ်နေတာ.."

"ဟင်!..."

"ဦးဓာတ်ရှင် ပဲ .. လူ့ဘဝတုန်းက စည်းကမ်းကြီး၊ ဒေါသကြီး တတ်သလောက် အငြိုးထားလွန်းတာ အမျှဝေတာတောင် သာဓု မခေါ် ဘဲလူ .."

"ဒီလူကြီးက ဘယ်လောက်ထိ လုပ်နိုင်လို့လဲ .. ဟင် ..၊ အခု သေရတာတွေက .."



www.burmeseclassic.com

www.burmeseclassic.com



"သူ့လက်နဲ့ မဟုတ်ပေမယ့် သေကြေပျက်စီးကုန်တဲ့အထိ တတ်နိုင်တဲ့ဘက်က တွန်းပို့တာပေါ့၊ အကြောက်အားကြီးလွန် သေနိုင် .. ရူးနိုင်တာပဲ၊ လူတွေဟာ သရဲက ငါတို့ကို ဘာမှမလုပ် ဘူးဆိုတာ သိကြတယ်၊ ဒါပေမယ့် ရင်ဆိုင်တွေ့လိုက်ရရင် ကိုး ရာခိုင်နှုန်းကတော့ ကြောက်လန့်သွားကြတာပဲ၊ သေလောက် ကြောက်တတ်တဲ့သူဆိုရင် ဒါ သူ နိုင်သွားတာပေါ့ .."

ဒေါ်နုယဉ် က ဦးဓာတ်ရှင် ကို တော်တော် ကြောက်နေပုံ ရှိလျက် ..၊ နာကျည်းမှုကြောင့် တုန်အက်အက်အသံကတောင် မ နေခဲ့၏။

"သူ့အကြောင်း ရွာထဲက ပြောကြသမျှ ခန့်မှန်းချေတွေပဲ .. မှ မှန်တာ မရှိဘူး၊ အဲဒီတော့ ငါပြောတာကို နားထောင် .. ပြန်မ

ကြားရတာ နားမချမ်းသာစရာတွေပါ။ ဦးဓာတ်ရှင် တို့က ထောင်သက် ရလာတဲ့အထိ ကလေးက မရှိခဲ့ဘဲ မိသားစုဘဝကို လို နေသည့်ဆန္ဒကြောင့် အိမ်အလုပ်သမားတွေ တစ်ပြုံတစ်မကြီး ခန့် ပြီး သိုက်ဝန်းမှုကို ဖန်တီးခဲ့သည်။

တစ်နေ့နေ့ ကလေးရလာမှာပဲဆိုသည့်ဆန္ဒနှင့် မြို့ပြတွေမှာ ရှာ အပြိုင်အဆိုင်တွေနဲ့ မောပန်းမနေချင်တော့ဘဲ အေးချမ်းသည့် နေရာမှာ အခြေချခဲ့၏။ သူ့ ချမ်းသာသမျှ ဘာလုပ်လုပ် ဖြစ်နေခဲ့တို ရည်ရွယ်ချက်အားလုံးက သားသမီး ရရှိရေးပင် ..၊

ဦးဓာတ်ရှင် ဆန္ဒပြင်းပြနေတုန်းမှာပဲ ဇနီးမှာ ကလေးရှိလာခဲ့

ဒီကာလမှာ ကံမကောင်းခြင်း လက်ဆောင်ထုပ်ကြီး ဝေ့ဝဲလာ ဒီအိမ်ကြီးပေါ်မှာ ဘုတ်ခနဲ ပစ်ကျလာတာမျိုး ..၊ အဖြစ်တွေက ဆန်လွန်း၏။

ဇနီး၏ကိုယ်ဝန်ကို ဖူးဖူးမှုတ် ယုယနေခဲ့လျက် ..၊ တစ်ဖက် အိမ်ထောင်ရှိသည့် ကိုယ့်အိမ်က အကူမိန်းကလေးတစ်ယောက်နဲ့ ဦးဓာ





ရှင် မှားယွင်းခဲ့သည်။

မိန်းကလေးကို စိန်ရွှေရတနာတွေ ပုံပေး၍ ဒီအဖြစ်ကို ဖုံးဖိစေခဲ့ သော်လည်း ထိုမယ့် သားလေးတစ်ယောက်နှင့် ခင်ပွန်းသည်လည်း ရှိနေပြီးသား မိန်းကလေးက ကြာရှည် ဖုံးကွယ်မထားခဲ့မေ ..။

ထိုအခါ ခင်ပွန်းသည်က ခြံစောင့် သစ်ပင်စိုက်သမားမို့ ချက်ချင်း ဓားကောက်ကိုင်ပြီး သောင်းကျန်းလေသည်။

"ခင်ဗျားကြီးက ကိုယ့်မိန်းမကိုယ်ဝန်ကိုတော့ လက်သပ်မွေးထား ပြီး သူများသားမယားကိုတော့ စော်ကားတယ်ပေါ့၊ ခင်ဗျား ငွေရှိတိုင်း အင်သလို ကြံလို့ရမယ် ထင်နေသလား၊ ခင်ဗျားတောင် မမြင်ရသေးတဲ့ သားသမီးကို ဒီလောက်ချစ်၊ မိန်းမကို ဒီလောက်တုန်နေတာ၊ ကျုပ် ရင်ထဲကို ဝင်ကြည့်စမ်းပါ .. ကျုပ်သားက ခြောက်နှစ်ကျော်နေပြီဗျ၊ အင်းရဲတဲ့လူတွေလည်း သူတို့သားမယားကို ချစ်တတ်ကြတာပဲ၊ ခင်ဗျား ကြီးကို လက်စားချေပြမယ် .. ကြည့် .."

အမျိုးမျိုးသော ဆူပူမှုများနှင့် ကြိမ်းဝါးခဲ့သည်။ အဆိုးဆုံးသည် သူဌေးကတော်၏ကိုယ်ဝန်ကို ကြိမ်းဝါးခဲ့ခြင်းပဲ ဖြစ်၏။

"သူများမိသားစုကို တန်ဖိုးထားရမှန်းမသိတဲ့လူကြီး .. ခင်ဗျား မိန်းမရဲ့ဗိုက်ကို သံကွန်ချာနဲ့အုပ်ထားလိုက်..၊ ကျုပ်ဆိုတဲ့ကောင် မရမက သတ်ပြမယ် .."

ဒေါ်နုယဉ် က ဒီထိ သေချာပြောပြနေကာ ...

"ဦးဓာတ်ရှင် က အဲဒီအချိန်မှာ ခုခံယယ တောင်းပန်နေသေး တယ်၊ နောက်ထပ် ရတနာတွေ ပုံပေးဖို့လည်း ကြိုးစားတယ်၊ ဒါပေ မယ့် သူဌေးကတော်ကတော့ သေသွားခဲ့တာပဲ .."

"ဟင်!..."

ဒီလို လက်တုံ့ပြန်တာမျိုးတော့ တရားမဲ့လွန်းပါသည်။ ကျူးလွန် ခဲ့တဲ့သူက အမှားဖြစ်ပေမယ့် တုံ့ပြန်တာကျတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ တုံ့ပြန်တာ မဟုတ်ဘူး .."

"ဟင်!... ဘယ်လို .."

"တိုက်ဆိုင်ခဲ့တာတွေကတော့ ကံကြမ္မာပဲ ..၊ သူတို့ အချင်းများ နေတာကို သူ့မြေးကတော်ကိုယ်တိုင် ကြားသွားပြီး သူ့ကိုယ်သူ ကြိုးဆွဲ သေသွားတာ .."

ဘုရား!... ဘုရား ...၊

ဆောင်း အာရုံထဲမှာ ဖျတ်ခနဲ ပေါ်လာသည်။ နှင်းပိုပို ကြိုးဆွဲ သေရမည့် ဓာတ်ဝင်ခန်းရိုက်ကူးတဲ့ညနေက မြင်ကွင်းသည် သူမ ထင် ယောင်ထင်မှား ဖြစ်ခဲ့တာမှ မဟုတ်ဘဲ ..၊

ကြိုးဆွဲချ သေဆုံးနေသော ဆံပင်ဖားလျားနှင့် လေထဲမှာ ရဲ လောင်းလွဲနေသည့် အမျိုးသမီး ..၊

"ဒါ .. ဒါဆို .. ကိုယ်ဝန်ကြီးနဲ့ .."

"ဟုတ်တယ် .. ဒီမိန်းမကိုက ဝဋ်ကြွေးမကြောက်တာ .. ဗိုက်ထဲ မှာ ကလေးနဲ့ ကိုယ့်ကိုယ်ကိုယ်လည်း သတ်ခဲ့တယ်၊ အဲဒါကို ဟို လင် မယား လုပ်လိုက်တယ်လို့ တစ်ထစ်ချတွက်ပြီး ဒေါသတကြီး ပေါက်ကွဲ ခဲ့တဲ့ ဦးဓာတ်ရှင် ဟာ အရူးကြီးလိုပဲတဲ့ .."

'တဲ့ ..'ဆိုသည့်စကား ပါလာသဖြင့် ဒါတွေကို အဘွား ဒေါ်စုယဉ် က သေချာပြန်ပြောပြခဲ့တာ ဖြစ်မည်မှန်း တွေးမိလိုက်သည်။ ဒေါ်နယ် က ဆက်၍ ...

"သူ့အိမ်က အလုပ်သမားတွေအားလုံးကို မနည်းမနော ပံ့ပေးပြီး သွားချင်ရာ သွားကြဖို့ နှင်လွှတ်တယ် ..၊ မိစု ကိုတော့ အနီးအနား ရှာသူဖြစ်လို့ .. နောက်ပြီးတော့ စကားမပြောတတ်တဲ့ ကျောက်ရုပ် နေတယ်၊ အလုပ်လုပ်တာ မြန်ဆန်သေချာတဲ့အတွက် မစု ကို လွှ မလွှတ်ဘူး၊ ဒါကြောင့်လည်း ငါ့ညီမ ကံဆိုးမိုးမှောင်ကျခဲ့တာ .."

နောက်ထပ် စော်ကားခံလိုက်ရတာလားလို့ တွေးမိပေမယ့် မ





ဘဲ နေ့ ...က်သည်။ ဒါပေမယ့် သူမ ထင်သလို မဟုတ် ...။

"သူ ဘယ်သူမှ မသိအောင် ကျူးလွန်ခဲ့သမျှ မိစု က အားလုံး ခရေစေ့တွင်းကျ သိနေတယ်၊ သူကလည်း မိစု သိတာမသိတာကို လုံးဝ ဂရုမစိုက်ဘူး၊ သူ့ကိုယ်သူ သတ်သေပြီး အောက်လမ်းနည်းတွေနဲ့ ထိန်း ချုပ်စီရင်ဖို့ အားလုံး စီစဉ်ပြီးမှ မိစု ကိုပဲ တစ်အိမ်လုံးကို အပ်တယ်၊ သူ့ရဲ့လျှို့ဝှက်ချက်တွေရောပေါ့ ..၊ ဘုရားနည်းနဲ့ သစ္စာရေသောက် ကျိန်နိုင်းတယ်၊ အောက်လမ်းနည်းနဲ့ စီရင်ပြီး ခြိမ်းခြောက်တယ်၊ အဲဒီ အချိန်မှာ ငါတို့မိသားစုတွေက ဘာသာတရားရဲ့ အစစ်အမှန် အေးချမ်း မှုကို နားလည်နေကြပြီ .."

တကယ်တမ်းကျတော့ သရဲတစ္ဆေဆိုတာတွေက သူတို့ရဲ့ အချစ် အမုန်းတွေကို လူတွေသိအောင် ပြောချင် သိစေချင်ကြတာ ဖြစ်သည်။

ဦးဓာတ်ရှင် သေဆုံးခဲ့သည့်နောက်မှာ သူ့ရဲ့လျှို့ဝှက်မှုတွေကို သူ ကိုယ်တိုင် ထိန်းချုပ်နိုင်ခဲ့သည်။ ဒေါ်စုယဉ် ကိုတော့ ခြောက်လှန့်သည့် နည်းနဲ့သာ သူ တတ်နိုင်ခဲ့၏။

ပထမတော့ စည်းစိမ်ချမ်းသာတွေ အားလုံးကို ရသည့်ပြင် ဒီ မိသားစုကို သံယောဇဉ်ရှိနေပြီမို့ ကတိတစ်ခုကို လွှယ်လွှယ်ပေးရန် ကျမ်းကျိန် သစ္စာပြုခဲ့သည်။

နောက်ကျမှ ဒါဟာ ကူညီရာမရောက်မှန်း ပိုပို နားလည်လာသည့် ပြင် လူတွေ သေကြေပျက်စီးမှု ပိုဖြစ်လာတာကို ဒေါ်စုယဉ် ထိတ်လန့် လာခဲ့၏။ ဒါပေမယ့် ကတိတွေ သစ္စာတွေနဲ့ လွန်ကျူးခဲ့ပြီ ဖြစ်၏။

"အလုပ်လုပ်ဖို့ ရောက်လာတဲ့လူတစ်စု ရှိသေးတယ်၊ နောက်ပြီး မိသားစု သုံးယောက်ရယ် .. အခု ညည်းတို့လူစုရယ်ပေါ့၊ ရှေ့က လူတွေ လည်း သေတဲ့လူ သေ၊ ရူးတဲ့လူ ရူးသွားတာပဲ .."

"ဒါနဲ့ ဒီအိမ်ကို ဘယ်သူမှ မငှားဖူးဘူးဆို .. အဲဒီလူတွေက ဘာတွေဖြစ်ကြလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုယဉ် က စိတ်မရှည်သလို ဖျတ်ခနဲ ကြည့်လိုက်ပြီးမှ မျက်နှာ ခပ်လွှဲလွှဲ ဖြစ်သွားကာ ...

"သူက မနေစေချင်လို့လေ .. အမျိုးမျိုး ခြောက်လှန့်တယ်၊ ရုပ်ပုတ် မထုထောင်းနိုင်ပေမယ့် သူ အများကြီး တတ်နိုင်တယ်၊ အရှိန်စွမ်းအားကြီးတယ်၊ အဲဒီလိုဖြစ်အောင်လည်း သူ့အသက်ပေးပြီး အပြင်းတကြီး ကြံစည်သွားတာပဲလေ၊ စာတွေ အရမ်းဖတ်ပြီး မသိတာလည်း ဘာမှမရှိဘူး၊ ပရလောကအကြောင်း အဲဒီလောကသားတွေထက်တောင် သူ ပိုသိနေသလိုပဲတဲ့ ..၊ ဒါကြောင့် သူ့ကိုယ်သူ ဘယ်လို စီရင်ရမယ်ဆိုတာ သူ နားလည်နေတာ .."

"တစ်ခုတော့ မေးခွင့်ပြုပါ အဘွားရယ် .. သူက ဘာကို ငြိုငြင်နေသေးတာလဲ ..၊ အားလုံးကို နှင်လွှတ်လိုက်တာ သူ့ကိုယ်သူ ဖြေနိုင်အောင် မဟုတ်ဘူးလား .."

"နှင်လွှတ်လိုက်တဲ့အထဲမှာ ဟိုမိသားစု သုံးယောက်မှ မပါတာ ဒါကို လျှို့ဝှက်ထားနိုင်အောင် နှင်လွှတ်တာလေ .."

"ဟင်!..."

"အဲဒီသုံးယောက်ကို မြေအောက်ခန်းထဲ ထည့်ပိတ်ပြီး မီးရှို့သတ်ပစ်လိုက်တာ .."

"အမလေး!..."

အော်ဟစ်လိုက်တာ မဟုတ်ဘဲ ကိုယ့်ရင်ဘတ် ကိုယ်ဖိ၍ ရေရွတ်လိုက်မိတာ ဖြစ်သည်။ သူမ သေချာမြင်ခဲ့သည်။ ဒီလူသုံးယောက်စလုံးကို ခြံထဲမှာ ရှင်းရှင်းကြီးကို မြင်ခဲ့တာပါ။

ထို့ပြင် ကလေးကစားစရာ ရုပ်လေးတောင် လှေကားထစ်အပေါ်မှာ တွေ့ခဲ့ဖူးသေးသည်။ အတုံ့အလှည့် ကလှဲ့စားတွေက ကြောက်စရာကောင်းလှချေလား ...။

သူမတို့အားလုံး ဒီလောက် ဆိုးဝါးတဲ့မြေပေါ်မှာမှ ရည်ရွယ်ချက်





ကြီးကြီးနဲ့ လာခဲ့မိကြသည်။

"သူက ဒီမိသားစု သုံးယောက်ကို မီးရှို့သတ်တဲ့အပြင် ဝိညာဉ်တွေကိုပါ မလွတ်မြောက်စေချင်တာ၊ ဒါကြောင့် သူ့တို့ကို ဒုက္ခပေးချင်လို့ကိုပဲ သူ့ကိုယ်သူ သေချာစီရင်ပြီး ကြံစည်ခဲ့တာပေါ့၊ ဒါပေမယ့် ဘုရားရှိ တရားမသိတဲ့အရပ်မှာ လုပ်ချင်တိုင်း လုပ်လို့ရမယ်၊ တကယ်ဘာသာရေး ကိုင်းရှိုင်းတဲ့လူတွေကို သူ ဒုက္ခမပေးနိုင်ဘူး၊ နောက်ပြီး ဒီလူသုံးယောက် လွတ်မြောက်သွားမှာစိုးတဲ့အတွက် ဒီအိမ်မှာ ရေစက်ချမှာ .. အမျှဝေမှာမျိုး သူ အဖြစ်ခံမှာ မဟုတ်ဘူး .."

"တကယ်လုပ်မယ်ဆိုရင် သူ ဘာတတ်နိုင်မှာလဲ အဘွား .."

"တတ်နိုင်တဲ့ဘက်က အခု နှောင့်ယှက်နေတာလေ၊ ညည်း အခု ဒီအကြောင်းတွေကို သိသွားရင် ဘာလုပ်မလဲ .."

"သူ မလုပ်စေချင်တာ အားလုံး လုပ်မယ် ..၊ သူက နာနာဘာဝဆောင်း တို့ကလူပဲ၊ အစက ဘာဖြစ်နေမှန်း မသိခဲ့ဘူး၊ အခု သိနေကာမှ ဘယ်သင့်တဲ့သူတွေကို ကယ်ရမှာပဲ .."

ဒေါ်နုယဉ် က ဘာမှမပြောဘဲ စိုက်ကြည့်နေ၏။ ခဏကြာမှ...

"ဒါကြောင့် 'ဆောင်း'ဆိုတဲ့နာမည်ကို ငါ ကြိုသိနေတာ၊ အိပ်မက်ထဲမှာ မိစု နဲ့တွေ့တယ်၊ ဦးစာတ်ရှင် ကလည်း ခုတစ်လော အပြင်ထွက်ဝံ့လောက်အောင် ခြောက်လှန့်လာတယ် .."

"အဘွားတို့မှာ အဘွားစု တင်မကဘဲ အဘွားနု ကပါ ကြောက်နေရတာ ဘာဖြစ်လို့လဲဟင် .. အဘွားတို့က ဘာသာရေးဘက်ကို ကူးနိုင်ခဲ့တယ်ဆို .."

"အဲဒါကြောင့်လေ .. သူက နားမလည်ပေမယ့် ဒါကို နိုင်ကွက်နင်းပြီး မိစု ကို သစ္စာရေတိုက်ခဲ့တာ .."

"ဘယ်လို ချုပ်ကိုင်ပြီးတော့လဲဟင် .."

"သူ့ရဲ့စည်းစိမ်ဥစ္စာအားလုံးကို မိစု လက်ထဲ အပ်လိုက်တာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတဲ့လူက လောဘမရှိဘဲ နေပါ့မလား၊ သူ့ပစ္စည်းတွေကို စားသုံးပြီး နေထိုင်ခဲ့တဲ့ ကျေးဇူးနဲ့အမျှ သူ့အပေါ် ပြုခဲ့တဲ့ ကတိသစ္စာကို တည်ပါ့မယ်လို့ ကတိကဝတ်ပြုရတယ်၊ ကတိကို မတည်ဘဲ ဒီအိမ်ကို ပေါင်နှံ ရောင်းချ ငွေရမ်းခဲ့ရင်.. သူ့လျှို့ဝှက်ချက်ကို ဖော်ပြီး သူ ဒုက္ခရောက်အောင် လုပ်ခဲ့ရင် မိသားစု ဆွေစဉ်မျိုးဆက် အသေဆိုးနဲ့ သေပါစေဆိုပြီး .."

"သူ ဒုက္ခရောက်အောင်ဆိုတာ ဘာလဲ အဘွား ..၊ သေသွားတဲ့လူတွေ မကျွတ်လွတ်တာကမှ ဒုက္ခကြီးတာ မဟုတ်ဘူးလား၊ သူ မသေခင်က ဘာတွေ အပြုံးကြီးခဲ့ပါစေ .. အခုဆိုရင် .."

"ပိုတောင် ဆိုးဝါးလာသေးတယ် .. မိစု လည်း ရေတွင်းပျက်ထဲ ကျပြီး အသေဆိုးနဲ့ သေခဲ့ရတယ်၊ ငါလည်း အမိဋ္ဌာန်ထွက်လိုက်တာနဲ့ တစ်ခုခုဖြစ်တော့မယ်ဆိုတာ ခံစားမိနေတယ်၊ တို့တွေအားလုံးက သူ့ပစ္စည်းဥစ္စာတွေပေါ်မှာ စားသောက် သုံးစွဲခဲ့ကြတာကိုး .."

"ဘာသာရေးနဲ့ကြည့်ရင် သူလည်း သေသွားပြီပဲ အဘွား၊ ဒါတို ကျိန်စာတစ်ခုလိုမျိုး .."

"သူ သေတဲ့အခါ ဒီကျိန်စာတည်အောင် တမင် စီရင်ခဲ့တာပဲလေ.. သူ သေပြီး တိုက်ရိုက်ချုပ်ကိုင်ချင်လို့ သူ့ဘဝကို သူ အစီအရင်တွေ လုပ်ပြီး အဆုံးသတ်သွားတာ ..၊ ဟိုသုံးယောက် ဘယ်လိုမှ ထွက်မပြေးနိုင်အောင် သူ အဲဒီပေါ်မှာ အစီအရင်တွေ လုပ်ခဲ့တယ် .."

"ဒါကို ဘယ်သူမှ မကယ်နိုင်ဘူးလို့ အဘွားက ပြောတာလား.."

"လူမလုပ်နိုင်တာ ဘာမှမရှိဘူး မိန်းကလေး .. ဒီထဲမှာ ကိုယ့်ကိုယ်ကိုယ် ကျိန်စာမိသလို ခံစားနေရတဲ့ ငါတို့ကလွဲရင်ပေါ့၊ ဒီအိမ်ကို စပြီး ငွေဖို့လုပ်လိုက်တာနဲ့ မိစု သေသွားတယ်၊ အဲဒီမှာပဲ ငါ့မိဘတွေကို အဝေးကို ပို့လိုက်ရတာ .. အခု မရှိကြတော့ပါဘူး၊ ငါကတော့ သစ္စာဖောက် မခံနိုင်လို့ .."





ဘာဖြစ်လဲ ..၊ အားလုံး ဒါကြီးကို ထားခဲ့ပြီး ထွက်သွားလို့ မရဘူးလား ..။ ကျန်ခဲ့တဲ့အိမ် ဘယ်သူ ဘာလုပ်လုပ် ဒီလောက်ထိ ကြောက်ဖို့လိုသလား ..။

စိတ်ထဲမှာ ဖြစ်လာတာတွေကို မမေးဖြစ်ပါ။ လူတိုင်းဟာ တစ်မျိုးစီ ရူးနေကြတာပဲ ..၊ အတ္တတွေကိုယ်စီ ရှိနေကြတာကိုလည်း မဝေဖန်ချင် ..။ အဓိကက ကိုယ် ဘာလုပ်ရတော့မှာလဲဆိုတာ အဖြေရှာနိုင်ဖို့ အချိန်တန်ပြီ ဖြစ်၏။

"ဒါဟာ ပဋ္ဌာန်းဆက်တွေပါပဲ .."

တွေ့ကာစက ဒေါ်သ မာနတွေနဲ့ ဒေါ်နုယဉ် မျက်နှာသည် ခုတော့ နွမ်းလျ ဖျော့ကျနေခဲ့လျက် ...

"ဆောင်း ဆိုတဲ့ နာမည်ကိုတော့ ငါ သိနေတယ်..၊ ညည်း ရောက်လာတော့ သေချာသွားတယ်၊ ညည်းတို့တွေ ရောက်လာမယ့်အရေးမှာ ဦးဓာတ်ရှင် ပိုပြီး လှုပ်ရှားမှုတွေ ပြင်းထန်လာတာ ..၊ သူ့ကို ဒုက္ခပေးနိုင်မယ့်သူ ရောက်လာတော့မယ်ဆိုတာ သူလည်း သိနေတယ် .."

ပြောပုံက ကိုယ်ကပဲ တန်ခိုးရှင်လိုလိုပါလား ..၊ ဆောင်း ထိတ်လန့်သလိုတော့ ဖြစ်သွားမိသည်။

"ငါတို့ရဲ့ဘုရားဟာ နိဗ္ဗာန်ရောက်ကြောင်းတရားကို ကျင့်ကြံအားထုတ်နိုင်ခဲ့တာတောင် ကျွတ်ထိုက်သူကို ချွတ်နိုင်ဖို့အတွက် အရမ်းကို အပင်ပန်းခံသွားခဲ့ရှာတာ၊ ငါတို့မှာတော့ ကောင်းမှုထဲကနေ မကောင်းမှုကို လက်မြှောက်အရှုံးပေးနေခဲ့ရတယ်၊ တကယ်တော့ တရားသိပေမယ့် ကိုယ်မှာရှိဖို့တော့ မလွယ်ပါဘူး၊ ကိုယ့်အတွက် အားကိုးရှိနေကာတောင် ဒါကို ထိတ်လန့် ကြောက်ရွံ့နေတာ ငါတို့ကိုယ်မှာ တရားမရှိသေးလို့ ထင်တယ် .."

"ဒီလိုလည်း မဟုတ်ပါဘူး .. ဟိုအစမှာတည်းက ရေမျှား ရေနိုင် မီးမျှား မီးနိုင် ဖြစ်ခဲ့ရလို့ပါ၊ စွဲလမ်းခဲ့တဲ့ အယူသည်းမှုတစ်ခုကို ဖျောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လည်း ခက်ပါတယ်၊ ဘုရားရှေ့မှာ သစ္စာဆိုခဲ့ရတာရယ် .. သူ့ရဲ့ပိုင်ဆိုင်မှုတွေပေါ်မှာ စားသုံးနေခဲ့မိတာရယ် .. နောက်ပြီး သူ ကြိမ်းဝါးသလို ဆိုးကျိုးတွေ ဖြစ်လာတာကိုလည်း အဘွားတို့ လက်တွေ့ ခံစားခဲ့ရတာကိုး၊ ဒါတွေက ဖိစီးနေခဲ့တာ .."

"ဟုတ်တယ် .. ခုတော့ မကျွတ်လွတ်သူတွေကို ကယ်ဖို့ ငါ ဆုံးဖြတ်ပြီးပြီ၊ ငါ့ဆီကို တစ်ယောက်ယောက် ရောက်လာပါစေလို့ ဆုတောင်းရင်း နားထဲမှာကြားနေရတဲ့ နာမည်ခပ်ဝါးဝါးရဲ့ပိုင်ရှင်ပဲ ရောက်လာပါစေလို့လည်း ဆုတောင်းခဲ့တယ်၊ ငါ့ဆုတောင်း ပြည့်သွားပြီ – ညည်းမှာလည်း ဒီလိုဆန္ဒရှိနေတာ သိရတော့ ဝမ်းသာတယ်၊ မိစု ပြောပြခဲ့တာ အားလုံးစုံပေမယ့် ငါ တစ်ခါမှ မဝင်ဘူးတဲ့အတွက် ဘာမှတော့ သေချာမပြောနိုင်ဘူး၊ မြေအောက်ခန်းကို ဖွင့်နိုင်အောင် ကြိုးစားပါ၊ သူတို့အတွက် ကောင်းမှုဒါနလေး လုပ်ပေးပြီး ဒီအရပ်ဒေသကို အလင်းရောင် ပေးပေးပါ၊ ဒီလိုတွေ လုပ်လိုက်ပြီမို့လို့ ငါကတော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ဖြစ်ဆိုတဲ့ အဆုံးစွန်စိတ်ကို မွေးထားပြီးသား .."

အဘွားဆီကနေ ဆောင်း ပြန်လာတော့ နေမြင့်လှပြီ ဖြစ်သည်၊ ရျာန်း တို့လူစု အလုပ်ရှုပ်နေကြဆဲပင် ...။

"ကိုဖိုးခွေး တို့ဆီသွားတာ တစ်ယောက်တည်း သွားရလား" လို့ ခဏပဲ လှည့်ပြောနိုင်ကာ .. ဆောင်း ကိုတောင် ကြာကြာ စကားမပြောနိုင် ...။

နှင်းပိုပို ရဲ့အလောင်းကို ကားနဲ့အတူ နွံအိုင်စပ်မှာပဲ သေချာပြုပြင်ထားခဲ့ကာ ...၊ သွက်သွက်ခါအောင် အော်ဟစ်နေသည့် မေမျိုး ကို ဘယ်လိုထိန်းကြမလဲဆိုတာ ဝိုင်းစဉ်းစားကြ၏။

ဆောင်း ကတော့ စဉ်းစားနေတာ သူတို့လို မဟုတ်ခဲ့ဘဲ ...၊





## အခန်း (၄၂)

"သစ်ပင်တွေ ခုတ်ဖြတ်ချပြီး လမ်းခင်းဖို့လည်း နွံတွေက အရမ်း ထူနေတာ .."

"ဒါကြီးပေါ်မှာ လမ်းဖြစ်အောင် သစ်ပင်ခုတ်မယ်ဆိုရင် တောတစ်ဝက်လောက် ခုတ်လှဲမှ ရမှာ၊ ငါတို့ထဲမှာ သစ်ပင်လှဲနိုင်လောက်တဲ့ လူကြမ်း ပါလို့လား .."

"ရှိသမျှ ဆီတွေလည်း ဟိုကားထဲမှာ အကုန်နီးပါး ပါသွားတာ ဒီမှာ မီးထွန်းဖို့တောင် ခက်နေပြီ .."

"မြို့ကလူတွေ မလာရင်တော့ ငါတို့ သေဖွယ်ရာပဲ .."

တစ်ယောက်တစ်ခွန်း ပြောနေကြတာ စိတ်ချမ်းသာစရာစကား မပါပေ။ ရျာန်း က အားလုံးကို လက်ကာပြ၍ ...

"မဖြစ်နိုင်တာတွေချည်း တွေးနေရင်တော့ လမ်းတောင် ထွက်လျှောက်ချင်တော့မှာ မဟုတ်ဘူး၊ အဲဒီတော့ ဒီမှာ လူအများကြီး ရှိကြတာပဲ .. ဝိုင်းစဉ်းစားကြတာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ် .. ဒါပေမယ့်ဗျာ .. ကိုရျာန်း ကိုတော့ လက်လန်တယ်"

"ဘာဖြစ်လို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



အားပေးမလို့ ခေါင်းဆောင်ပြောမိကာမှ လက်ညှိုးထိုးလာသဖြင့် ချာန်း က တည်တည်ငြိမ်ငြိမ် ပြန်မေး၏။ အရုံမင်းသား၏မျက်နှာထားလည်း ပြောရမှာ အားနာပေမယ့် ပြောကို ပြောချင်နေတာမျိုး ...။

"ဒီလိုနေရာမျိုးကိုမှ မျက်စိကျလို့လေ .. ပြောရမယ်ဆိုရင် ဒီမှာရှိနေကြတဲ့ တစ်အုပ်စုလုံးရဲ့အသက်အိုးအိမ်စည်းစိမ်က ကိုချာန်း လက်ထဲမှာနော် .."

"မင်းသားတို့ အဲဒီလို လွှဲချနေရုံနဲ့ ကျေနပ်နေမှာလား .."

ချာန်း ရဲ့ဒရိုင်ဘာက သူ ဝင်ပါရပြီဆိုတည်းက ချာန်း နဲ့ ခေါင်းတို့ကို ကိုယ့်သားသမီးလို ကာကွယ် စောင့်ရှောက်သွားဖို့ ဆုံးဖြတ်ပြီးသား။ ထို့ကြောင့် ...

"ချာန်း အပေါ်မှာပဲ တာဝန်ရှိတယ်ဆိုရင် ဘယ်သူမှ ပူပန်စကားတွေ မပြောဘဲ ချာန်း ဘာလုပ်မလဲဆိုတာပဲ စောင့်ကြည့်နေကြပါ။ ဘာမှမလုပ်ချင်ရင် ဘာမှမပြောဘဲ နေရမှာတော့ စည်းကမ်းနော် .."

"ဦးပု က ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ .."

ဒရိုင်ဘာက ဒီစကားပြောလာတော့ မင်းသား ဂုဏ်ရောင် ထမျက်နှာကြီးတင်းလျက် နေရာမှ ထလျှောက်လာ၏။

"အခု မနှင်း သေသွားပြီ .. မမျိုး က ရူးနေလို့ အခန်းထဲ ထည့်ထားရတယ် .."

"အဲဒါ ချာန်း က သေစေ ရူးစေလို့ ကြံစည်လုပ်ခဲ့တာမှ မဟုတ်ဘဲ .. ဒီကလူအားလုံး ကိုယ့်စီးပွားရေးအတွက် .. ကိုယ့်တွက်ကိန်းနဲ့ ကိုယ် ကျေကျေနပ်နပ် လိုက်ခဲ့ကြတာ၊ ဘယ်သူ ဘယ်လို သေရသလဲ ရူးရသလဲဆိုတာ အရှင်းကြီး .."

"တော်ပါပြီ ...၊ ဦးပု လည်း တော်တော့ .."

ချာန်း က နေရာမှ ထလာပြီး ဦးပု ရှေ့မှာ ကျောခိုင်း၍ ဂုဏ်ရောင်နဲ့ မျက်နှာချင်းဆိုင်ရပ်ကာ ...





"ဒီညနေ တစ်ခုခု အခြေအနေပြောင်းလဲအောင် ကိုယ် စီစဉ်ပေးမယ်.. ဟုတ်ပြီလား၊ ဦးပု ပြောသွားတာတွေ မှန်ပေမယ့် ဒီလမ်းကြောင်းကို ကိုယ် ထွင်ခဲ့တာ မှန်တယ်၊ အဲဒါကြောင့် မင်းသား ပြောသလို ကိုယ် ရှင်းပေးမယ် .."

"ကျွန်တော်က ကိုချာန်း ကို ရှုံ့ချနေတာ မဟုတ်ပါဘူး၊ စိတ်ထဲမှာ တကယ် အံ့ဩလို့ ထုတ်ပြောမိတာပါ၊ မြန်မာစီဒီယို ရုပ်ရှင်တွေဆို ရွာဖြစ်ဖြစ် အိမ်ဖြစ်ဖြစ် သရဲကားဆိုရင် ပြင်ဦးလွင်မှာ ထပ်နေတာပဲလေ၊ ဘယ်ကားဖြစ်ဖြစ် လိုကေးရှင်းက သိပ်မှမဆန်းတာ၊ ဒီလိုနေရာကို ကိုချာန်း ရှာဖွေလာတာ အစက ချီးကျူးနေတာပါ၊ အခုကျတော့ နည်းနည်းတော့ တင်းတာပေါ့"

လှူငယ်ဆန်ဆန် ပြောလာတော့ ချာန်း က ပြုံးလိုက်ကာ ဂုဏ်ရောင့် ပခုံးကို ဆုပ်ကိုင်၍ ...

"အားလုံးအတွက် အဆင်ပြေအောင် ကိုယ် ကြိုးစားပါ့မယ် - အိုခေ နော် .."

"အိုခေ .."

ဦးပု ကိုတော့ မကျေမနပ် တစ်ချက် ဝေ့ကြည့်သေးသည်။ ဦးပုကလည်း ဒီမင်းသား အလေးအနက်ကြီး ပုတ်ခတ်ပြောချလိုက်တာ မဟုတ်မှန်း သိပါသည်။

ဒါပေမယ့် လွှမ်းအောင်ချစ် တို့လူစု လုပ်သွားတာမျိုး ...၊ ပြီးတော့ ဒီမှာ မကြားတကြား ပြောကြတာတွေ အားလုံး ...၊

ဒီပါးစပ်တွေ နောက်ထပ် ဒီလိုမပြောရမှန်းသိဖို့ သတိပေးထားဖို့တော့ လိုသည်မို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

"ကိုဈာန်း ရွာလူကြီးနဲ့ မာတ်ဆီ အပေးအယူကိစ္စ ပြောနေတာ အဆင်ပြေတယ် .."

လူက ပြန်မလာသေးခင် သတင်း အရင်ရောက်လာ၏။ သေတဲ့လူ၊ ရှူးတဲ့လူအတွက်သာမကဘဲ မီးမှောင်ချနေရတော့မည့် ပြဿနာတို ရင်မဆိုင်ရဲကြသဖြင့် ဒီသတင်းကြောင့် အားလုံး ပျော်သွားကြသည်။

"လူကြီးနဲ့ စကားပြောနေတာ အဆင်ပြေလို့ပဲ တခြား လိုအပ်တာ တွေပါ ကူညီမယ် ထင်တယ် .."

"ကူညီမှာပါ .. ဆရာဈာန်း ပုံပေးထားရတာလည်း ငွေတွေ မတန် မဆဉ်စွာ .."

ဈာန်း တို့ မိုးမချုပ်ခင် ရောက်လာဖို့ မျှော်နေကြသလို ဆောင်း က ဘာကိုမှ အာရုံမထားနိုင်ပေ။ ဒီလူစုအတွက် စိတ်ရောကိုယ်ပါ ရှုပ်ထွေး ပင်ပန်းနေမည့် ဈာန်း ကို မသေချာသေးသည့်အဖြစ်အကြောင်း ပြောပြပြီး စိတ်ရှုပ်စရာ ထပ်မပေးချင် ..။





ရန်ထပ်ဖြစ်ရဖို့လည်း ရှိနေသဖြင့် ဆောင်း ဈာန်း ကိုလည်း မကူညီ နိုင် ..၊ ဘာမှလည်း ဖွင့်မပြောဖြစ်ဘဲ ...

"ဒီတံခါးဖွင့်တဲ့သော့ ပါမလား .. သော့တွဲ ဘယ်သူ့ဆီမှာလဲ.."

"ကျွန်တော်တို့ဆီမှာ မရှိဘူး .. ကိုဈာန်း ပဲ ကိုင်ထားတာ၊ မမ ဆီမှာ မထားဘူးလား .."

ဟုတ်သည် ..၊

ဆောင်း သတိရပြီး အိပ်ရာထဲ ပြန်ဝင်၍ သော့ကို ရှာ၏။ ခုဆို ဒီရွာက လူကြီးနဲ့ ဈာန်း နဲ့ ပြောဆို အဆင်ပြေတော့မည်။ ဒီအရပ် ဒီ ဒေသမှာ ဘာသာရေးဆိုတာ ယုံကြည်ကိုးကွယ်ရာပါသားလို့ နားလည် သွားအောင် စွမ်းဆောင်နိုင်ဖို့ပဲ လို၏။

ဒီအိမ်ကြီးထဲက ဒုက္ခတွေ ရှိနေသမျှ ဒီကို ရောက်လာ၊ ဖြတ်သန်း သွားသူတွေ ဘယ်လိုမှ မသာယာနိုင် ..၊ ဒါကြောင့် အလုပ်သင့်ဆုံး အလုပ်ကို သူမ လုပ်ရမည်။

အကျီအိတ် တစ်အိတ်ထဲမှာ သော့တွဲကြီးကို တွေ့လိုက်ရသည်။

"ပေးလေ .. မမဆောင်း ဘာလုပ်မလို့လဲ ..၊ အဘွားက ဒီထဲမှာ ပိတ်ထားတဲ့အခန်းတွေကိုတော့ ဖွင့်ဖို့ မကြိုးစားပါနဲ့လို့ မှာလိုက်တာ.."

သူမကို ဝိုင်းကူကြဖို့တော့ ရောက်လာကြသည်။ ဒါပေမယ့် ကြောင်လိမ်လှေကား၏အချိုးကွေ့က တံခါးကို ဖွင့်ရမည့်သော့က မပါ..။

"မအိပ်သေးဘူးလား ဆောင်း ..၊ မျက်နှာလည်း အရမ်း ပိန်ကျ နေပြီ .. တစ်ရေးတမောတော့ အိပ်လိုက်ပါကွာ၊ တော်ကြာ ကိုယ် အောက်ဆင်းပြီး စောင့်ပေးရတော့မှာ၊ ကိုယ် ရှိနေတုန်း ကိုယ့်ရင်ခွင် ထဲမှာ အိပ်ရေးဝဝ အိပ်လိုက် .."

ဆောင်း ကို သူ အိပ်ရာထဲမှာ မထားခဲ့ရဲပေ။ ထို့ကြောင့် အပြင် ထွက်သွားတာနှင့် လက်ဆွဲခေါ်သွားပြီး ဧည့်ခန်းထဲက လူစုထဲမှာ ထည့် ပေးထားခဲ့မှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ စားပွဲတင်နာရီ၏ အဖျော့မြူမှိုင်းပွင့်လေးတွေ လင်းအ သည့်အားပဲ ရှိသည်မို့ တစ်ယောက်နဲ့တစ်ယောက် အရိပ်လောက်သာ မြင်ရသည်။

ချာန်း က ဆောင်း ရဲ့ခါးလေးကို ဆွဲပွေ့ကာ ရင်ခွင်ထဲမှာ ထည့် ဖက်ထားလိုက်၏။

"ဒီအချိန်မှာ ဒီ့ထက်ပိုပြီး ကိုယ် ဂရုမစိုက်နိုင်တာ တောင်းပန် ပါတယ်၊ မင်းကို ခေါ်ခဲ့မိတာလည်း တောင်းပန်ပါတယ်၊ အားလုံး အဘွက်ကွာ .. ဆောရီးပါ"

ဆောင်း မျက်နှာလေးကို မော့ယူကာ ဆံပင်တွေကို သိမ်းဖယ်၍ မြတ်နိုးစွာ နမ်းသည်။ ပြီးတော့ နက်ရှိုင်းသည့်ချစ်ခြင်းတို့နှင့် နွေးထွေး၍ ဖြန့်ခင်းလာခဲ့သည့် အနမ်းတို့ကြောင့် ...

"နင်လည်း အနားယူရမှာပဲ ချာန်း ရယ် .."

ဆောင်း သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်သည်။ ချာန်း က အတင်း ပြန်ဖက်ထားကာ ...

"ကိုယ့်ကို စိတ်ဆိုးနေတာလား .."

"မဆိုးပါဘူး .. နင် တကယ်ပင်ပန်းနေတာ သိလို့ ပြောတာ ကမ်းစပ်က အလောင်းကို ရွာသားတွေက တစ်ညလုံး စောင့်ပေးကြမှာ လား .."

အနမ်းတွေနဲ့ ခရီးမဆက်နိုင်အောင် ဆောင်း က အတင်းလွှဲသည်။ ချာန်း က ဆောင်း ရဲ့ဆံစလေးတွေကို တယုတယ တို့ထိ ပွတ်သပ် ရင်း ...

"ဟုတ်တယ် .. ကိုယ်တို့ ဒီကထွက်လို့ရတဲ့အထိ ကူညီချင်တ အောင်လည်း ကြိုးစားရမှာပဲ၊ နှင်းမိုမို ရဲ့အလောင်းကို မဖြစ်မနေ မြှု ပစ်ရတဲ့အခြေအနေ မရောက်ခင် မြို့နဲ့ဆက်သွယ်နိုင်မှ ဖြစ်မှာ၊ သူ့ဆွေ ဆွေမျိုးတွေကို အကြောင်းကြားရမှာလေ .."





ပြောနေရင်း သက်ပြင်းချကာ ...

"အဲဒါတွေကို ဖြေရှင်းမပေးနိုင်သေးတာ စိတ်အပျက်ဆုံးပဲကွာ.. စိတ်လည်း မကောင်းဘူး ..၊ အဲဒါတွေက ကိုယ့်ကြောင့်လို့ ခံစားမိနေ တော့ .."

"ဒီအလုပ်ကို ငါ ပြောခဲ့သားပဲ .."

"အလုပ်နဲ့ မဆိုင်ဘူး ဆောင်း ..၊ ခြေလှမ်းမှားခဲ့တာက ဒီခရီးကိုမှ ရွေးခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ .."

သြော် .. သြော် ...၊ ခုချိန်ထိ သူ့ဝါသနာက မှန်နေတုန်းကိုး ..၊

ဆောင်း စိတ်တိုသွားသည်။ ဒါရိုက်တာဖြစ်ချင်တဲ့ ဝါသနာကို ချန်လှပ်၍ ဒီလို ဇာတ်လမ်းတွေကိုမှ စိတ်ဝင်စားနေခဲ့တာတစ်ခုပဲ ပြုပြင် စေချင်တာပါ။ ခုတော့ သူက ဒါမှ ဒါ ..။

"ခုန်း .."

"ကိုချာန်း .. ကိုချာန်း .."

"ဟင်!... လာပြီ .."

ချာန်း ဆတ်ခနဲ ထထွက်သွားပြီး တံခါးဖွင့်လိုက်လျှင် ညွှန်ခန်း က အလင်းရောင်ဖြာနေသဖြင့် အခန်းရှေ့မှာ ရပ်နေကြသော ဖေကံ တို့လူရိပ်တွေကို မြင်လိုက်ရ၏။

"မေမျိုး ဘာဖြစ်မှန်း မသိဘူး ..၊ အော်ဟစ်ထုနက်နေတာ ဆူနေ တာပဲ .."

"ငါ ကြားတယ် ..၊ တံခါးသော့ခတ်ထားတယ်မို့လား .."

"ဒေါ်ထွား လည်း ကိုယ်ပူတွေကြီးပြီး နှင်းမိုမို လာပြီချည်းပဲ ယောင်ကတမ်း ပြောနေတယ်၊ ခဏ လိုက်ခဲ့ပါဦး ..၊ ဆရာထွန်း လည်း ဆေးကုန်လို့ ဒီတိုင်း ထိုင်ကြည့်နေရတယ် .."

"ငါ လိုက်ခဲ့မယ် .. ဆောင်း လိုက်ခဲ့မလား .."

"လိုက်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ထလိုက်လာတာ မြင်တာနှင့် ဈာန်း က လှည့်မ
တော့ဘဲ ထွက်သွား၏။ ထိုစဉ် ...

"ခေါက် .."

အခန်းထဲမှာ တစ်စုံတစ်ခု ပြုတ်ကျသွားသည့်အသံကို ကြား
ရကာ ဆောင်း ခြေလှမ်းတုံ့သွား၏။ ဘာမှ မမြင်ရပေမယ့် အထဲ
တစ်ခုခု ရှိနေပြီလို့ ခံစားလိုက်ရပြီး ကြက်သီးတွေ ဖျင်းခနဲ ထ

"ဟင့် .. ဟင့် .."

ကျောနောက်က ကပ်ရှိုက်လိုက်သည့် ငိုသံ ...၊

ဆောင်း ချာခနဲ လှည့်ကြည့်လိုက်မိသည်။ ဆံပင်ဖားလျား
အရိပ် ...၊

"ဘုရား!..."

ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသဖြင့် မျက်လုံးတွေကို မှိတ်
လိုက်မိသည်။ ထိုစဉ် ...

"ချွင် .. ခေါက် .."

"ဖလူး .. ဖလပ် .. ဖလပ် .."

တစ်ခုခု ပြုတ်ကျသွားသလား ...၊

ကိုယ်မှာ စိမ့်ခနဲ လေဝှေ့သွားသလိုဖြစ်လျက် ...၊ ပြေးလွှားထွက်
သွားသည့် လှုပ်ရှားသံမျိုးကို ကြားလိုက်ရသည်။

ထို့ကြောင့် ဒီအသံမျိုး သူမ ကြားဖူးခဲ့သလားဆိုသည့်အတွေး
ဝင်လာခဲ့၏။

ဟုတ်သည်။ 'ရှော့ ..' ဆိုသည့်အသံနှင့်အတူ သူမ လန့်အော်
လိုက်မိတဲ့အချိန်မှာ တစ်စုံတစ်ခု ပြုတ်ကျသွားသည့်အသံမျိုး ကြား
လိုက်ရတာ ခေါက်ခနဲ ...။

ခုလည်း ဒီတိုင်း ကြားရပြန်ပြီ။ ဒါ ဘာလဲ ...၊ ဘာတွေ လာပေး
နေတာလဲ ...။





ပူပူထူထူနှင့် တွေးနေမိဆဲမှာ အာရုံထဲမှာ သော့တစ်ချောင်း၏
ပုံသဏ္ဌာန် ပေါ်လာခဲ့၏။

"သော့ .."

သော့ ဆိုရင် ဟိုအခန်းကို ဖွင့်စေချင်တဲ့သူက ဒါကိုပဲ လာပေးနေ
ခဲ့ပြီး .. မဖွင့်စေချင်တဲ့သူက တားလိမ့်မည် ...။

ဆောင်း မျက်လုံးတွေဖွင့်၍ လှည့်ပတ်ရှာမိလျှင် ဘယ်လိုအရိပ်မှ
ရှိမနေတော့ရာ စားပွဲတင်နာရီလေး ပြေးယူကာ အသံကြားသည့် ကြမ်း
ခင်းပေါ်ကို လိုက်ထိုးကြည့်မိ၏။

လုံးဝ သေချာပါသည်။ သူမကို လာပေးနေခဲ့တာ သော့ပဲ ဖြစ်
သိမ့်မည်။ ဒါပေမယ့် ဘာမှလည်း မတွေ့ရပေ ...။

ဆောင်း နေရာမှ ပြန်ထကာ အရေးပေါ်သုံးဖို့ဆိုပြီး သိမ်းပေးထား
သည့် မီးမကိုင် ဓာတ်မီးသေးသေးလေးကို ထုတ်ယူလိုက်၏။ ကြောက်
တတ်ပေမယ့် 'ငါက ကယ်တင်နိုင်တဲ့သူ' ဆိုသည့် ရဲစိတ်ကို တင်သည်။

ပထမဆုံး ဒီအသံကို ကြားခဲ့ရသည့် ရေချိုးခန်းဆီ ပြန်သွားဖို့
တစ်ယောက်တည်း စွန့်စားရဲပါ့မလား ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိ၏။

ဈာန်း ကို ပြောသင့်ပေမယ့် ရှုပ်ထွေးနေကြတုန်းမှာ သူ့ဘက်က
အရင်လို စကားတွေနဲ့ ပြောမှားဆိုမှားရှိလာရင် ကိုယ် ခံနိုင်မလား..၊
ဒါက မသေချာသည့်ကိစ္စမို့ မပြောတော့ဖို့ပဲ ဆုံးဖြတ်လိုက်ရသည်။

အဖော်ခေါ်ဖို့ စိတ်ကူးကိုလည်း ဖျက်၍ နောက်ဆုံးမှာ သူမ သတ္တိ
ရှိဖို့ ဆုံးဖြတ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၄)

မှောင်မည်းနေသည့် ရေချိုးခန်းထဲမှာ ရှိနေသမျှ အရာဝတ္ထုပစ္စည်းကြီးငယ် အားလုံးဟာ သက်ရှိသတ္တဝါတစ်ခုခု၏ပုံရိပ်တွေလို ဖြစ်နေ၏။ ထိုအရိပ်တွေက လှုပ်ရှား ထကြွလာတော့မလိုလို ..၊ လှုပ်ရှားနေ လိုလို ..၊

အင်္ကျီအဝတ်စားနှင့် တဘက်တွေ တိုးလိုးတွဲလောင်းက ရိုးတိုး ရိပ်တိပ်ပေါ်နေတော့ ဘာတွေနဲ့တူနေမှန်း မသိ ..။

ဆောင်း ဘယ်အရာကိုမှ သေချာမကြည့်မိအောင် စိတ်ကိုတင်းကာ မာတ်မီးကို ဖွင့်ထားလျက်အတိုင်း ကိုင်ထား၍ ရေ့တိုးသည်။ အထဲကို ခြေလှမ်းကူးမိပြီဆိုတည်းက မမေ့မလျော့ ယူလာခဲ့သည့် သံ သားခုံပုလေးကို တံခါးကြားထဲမှာ ချထားလိုက်၏။

ရုတ်တရက် တံခါးပိတ်မသွားအောင် ဖြစ်သည်။ ဒီသော့ကို ရှာ မတွေ့အောင် ဒါမှမဟုတ် ရှာတွေ့ခဲ့လျှင် ဦးခာတ်ရှင် တစ်ခုခု ဒုက္ခပေး နိုင်သည်။ ဘယ်လိုဒုက္ခမျိုး ဖြစ်နိုင်မလဲ ..။





ဘာဖြစ်ဖြစ် မကြောက်နဲ့ ..၊ သူက သရဲ .. နင်က လူပဲ ဆောင်း..။

ကိုယ့်ရင်ခုန်သံတွေကို စိုးရိမ်စိတ် ဖြစ်လာသဖြင့် တတ်သမျှ မှတ်သမျှ ဘုရားစာတွေကို အားကိုးတကြီး ရွတ်နေမိ၏။ မှန်တာမှားတာ.. အစီအစဉ်ကျတာ မကျတာ မသိ ..။

ရင်ထဲမှာ အားကိုးရှိသွားသလိုမျိုး နေသာထိုင်သာ ရှိသွားတာ အမှန်ပင် ..။

"ဟိုမှာ .."

မှန်ထဲကို မကြည့်မိအောင် ထိန်းချုပ်ရင်း ကြမ်းခင်း သံမံတလင်းကိုပဲ အာရုံစိုက်နေခဲ့သဖြင့် ရေကန်နဲ့ ကြမ်းခင်းရဲ့ကြားထောင့်မှာ ညပ်နေသည့် အဝါရောင်လက်လက်လေးကို မြင်လိုက်သည်။

တကယ် လက်တွေ့ကြီး မြင်လိုက်ကာ အဘွား ပြောလိုက်တာတွေ မှန်နေပြီဆိုတာ သိလိုက်ရ၏။ ဆောင်း ဝမ်းသာအားရ ငုံ့ကောက်လိုက်မိ၏။

သော့တော့ သော့ပဲဖြစ်ကာ သံချောင်းလေးနဲ့ ပိုတူသည်။ ထိပ်ဖျားလေးမှာပဲ လွှလို အထစ်လေးနှစ်ထပ် ပါနေတာကို ထိကိုင်ကြည့်ကာ လက်ထဲမှာ ပျောက်ကွယ်မတတ် ဖိဆုပ်လိုက်သည်။

ရပြီ ..၊ နင် အောင်မြင်နေပြီ ဆောင်း ..၊ ပြေးစမ်း ..။

ဒါကို လက်ဝယ်ပိုင်နိုင်စွာ ဆုပ်ကိုင်မိတာမှ အနှောင့်အယှက် ရှိနေတာကို သတိရ၏။ ထို့ကြောင့် နေရာမှ ချက်ချင်း ပြန်လှည့်လိုက်လျှင် ...

"အမလေး!..."

တံခါးဝမှာ မားမားကြီးရပ်နေသည့်အရိပ်က ဆံပင်တွေ ဖရိုဖရဲနှင့် ...

"နင်က .. နင်ကလား .. ဟီး .. ဟီး .."

ထွက်လာတော့ ယောက်ျားသံကြီး ...၊



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာကို ဆောင်း ဓာတ်မီးနဲ့ ဖျတ်ခနဲ ဖမ်းထိုးလိုက်၏။

"ဟင်!... မေမျိုး .."

ဆောင်း ပါးစပ်အဟောင်းသားနှင့် နောက်ကို တရွေ့ရွေ့ ဆုတ်သည်။ မေမျိုး ကို အခန်းထဲ ထည့်ပိတ်ထားသည်ဆိုပြီး ဘယ်လို ထွက်လာတာလဲ ..။

မေမျိုး ဖြစ်နေပြီး .. ယောက်ျားသံကြီး ဖြစ်နေတာ ဘာလဲ ..

"နင့်ကို သတ်မယ် .. ကောင်မ .. ငါ့ကို ဒုက္ခပေးတဲ့ ကောင်မ.."

"မေမျိုး .. မေမျိုး .. ငါလေ .. ဆောင်း လေ .. ကိုချာန်း ရဲ့ မိန်းမပါ .."

"ငါ သတ်ရမယ့်သူက နင်ပဲ ..၊ နင့်ကိုသတ်ပြီး တစ်အိမ်လုံးကို သတ်မယ် .."

"ဟင့်အင်း .."

ဆောင်း ခေါင်းခါနေရင်း ဆုတ်နေရင်းနှင့် ရေကန်မှာ ကျောကပ်မိသွားသည်။ မေမျိုး သည် မျက်နှာကြီးချည်းပဲ ရှေ့ထွက်လာသလိုရှိကာ မေးဖျားက တဆတ်ဆတ် ရွဲ့နေ၏။

စကားပြောဟိုင်း သွားဖြီးနေတာကလည်း တိရစ္ဆာန်တစ်ကောင်နဲ့ တူနေသည်။ ဓာတ်မီးနဲ့ထိုးထားပေမယ့် မျက်တောင်တစ်ချက်မှ မခတ်..

"မေမျိုး သတိထားပါဦး .. ငါရယ်ပါ .. ဆောင်း ပါ ..၊ ဖယ်ပေးပါ .."

တောင်းပန်ရင်း ငိုသံပါလာသည်။ မေမျိုး က မရပ်သည့်ပြင် သူမရှေ့ထိ ရောက်လာပြီး ဓာတ်မီးကို ရိုက်ချပစ်လိုက်၏။

"ဖောင်း .. ဒုတ် .."

"အား!..."

ဓာတ်မီး လွင့်ထွက်သွားသည်နှင့် ဆောင်း လန့်ဖျပ်အော်ကာ နားနှစ်ဖက်ကို ပိတ်ပစ်လိုက်၏။ ပြီးတော့ စိတ်သည် ကြောက်ကန်ကန်





ဘာမျိုး လွတ်ထွက်သွားကာ မေမျိုး ကိုယ်ကို အတင်းဆောင့်တွန်းပစ်၍ အမှုးရှူးထိုး ပြေးထွက်သည်။ သို့သော် ...

"မပြေးနဲ့ .."

ဝမ်းခေါင်းသံကြီးနဲ့အော်ကာ သော့ကို ကျစ်နေအောင် ဆုပ်ထားသည့် ဆောင်း ရဲ့လက်ကောက်ဝတ်လေးကို မိမိရရ ဖမ်းဆွဲလိုက်၏။

"အား!..."

ဆောင်း ကိုယ်လေး ယိမ်းယိုင်ပါသွားခဲ့ပြီး ...

"လွှတ် .. မေမျိုး မလုပ်ပါနဲ့ .."

"ဆောင်း .."

တံခါးက ရုတ်တရက် အစွမ်းကုန် ဆောင့်ပွင့်သွားကာ ချာန်း ရောက်လာ၏။ ဆောင်း ကိုယ်လေးကို ကိုင်မပေါက်တော့မလို အင်အားနှင့် ဆွဲမြှောက်လိုက်ပြီးမှ လူရောက်လာလျှင် လှုပ်ရှားမှုတွေ ရပ်တန့်သွန်၏။

"မေမျိုး ဘာလုပ်တာလဲ .."

ချာန်း စိုးရိမ်တကြီး ပြေးဝင်လာလျှင် မေမျိုး သည် ဆောင်း ကိုယ်လေးကို 'မ'ကိုင်ထားရင်းမှ နေရာမှာတင် အရုပ်ကြိုးပြတ် လဲကျသွားခဲ့သည်။

"ဆောင်း .. .."

သံမံတလင်းပေါ် ပစ်စလက်ခတ် ရောပါမသွားအောင် ဆောင်း တစ်ကိုယ်လုံးကို ချာန်း က ပွေ့ယူဆွဲလိုက်၏။

"ဘာတွေ ဖြစ်ကုန်တာလဲ .."

"ဒီထဲ ဘယ်လိုလုပ် ရောက်နေကြတာလဲ .."

မန်နေဂျာနှင့် ဦးပု တို့လည်း အပြေးအလွှား ရောက်လာကြသည်။ အခန်းထောင့်မှာ ဓာတ်မီးက မီးပွင့်လျက်သားရှိနေသဖြင့် အထဲမြင်ကွင်းကို သူတို့လည်း မြင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း သည် ဈာန်း ကို ကျူးဖက်ထားကာ ငိုသံမထွက်ဘဲ မျက်ရည်တွေ တလဟော ကျဆင်း၏။ ပြီးတော့ အသားလေးတွေပါ တုန်လျက် ...

"သူ .. သူ မေမျိုး မဟုတ်ဘူး .. အဲ့ဒါ ဟိုလူကြီး .."

ပြောဖို့ စိတ်ကူးထားတာမဟုတ်ဘဲ အကြောက်လွန်ပြီး ဘာတွေ ပြောမိမှန်း မသိ ..။

"သော့ကို လာလုတာ သူ ..၊ ပိတ်ထားတဲ့ အခန်းသော့ကို ဆောင်းဆီက လာလုတာ ..၊ သ .. သရဲ .."

'ဒီလူကြီးက အရမ်း အစွမ်းထက်နေပြီ' ဆိုသည့် စကားကိုပဲ သတိရကာ ဆောင်း စိတ်ထဲရှိတာတွေ အကုန် ပြောနေမိတာ စာကျက်ထားတဲ့အတိုင်း ..၊

"မေမျိုး .. မေမျိုး .."

"ဟင်!..."

သတိရလာသည့် မေမျိုး သည် သူမအေးကလူတွေနှင့် အခန်းကို နားမလည်သလို လိုက်မော့ကြည့်လျက် ...

"ရေမချိုးချင်ပါဘူး .."

"မေမျိုး .."

"ဟာ!... ဒီထဲမှာ မအိပ်ဘူးဆိုမှ .."

ခံပင်တွေ စုတ်ဖွားဖွားနှင့် မေမျိုး က ဝိုင်းထူပေးသည့်လက်တွေကို ပုတ်ထုတ်ခါချပြီး သူမဖာသာ ထွက်သွား၏။

"ဘာတွေဖြစ်ကုန်တာလဲ ကိုဈာန်း ..၊ ဆောင်း ဘာဖြစ်သွားသေးလဲ .."

မေမျိုး ကို ဦးပု တို့ ပြန်ခေါ်သွားကြလျှင် မန်နေဂျာနဲ့ ဆရာတွန်းတို့က ဆောင်း မျက်နှာလေးကို အကဲခတ်၍ စိုးရိမ်သွားကြ၏။ ဈာန်း ကိုယ်တိုင် ဘာဖြေရမှန်းမသိဘဲ ခေါင်းခါမိကာ ...





"မနက်ကျမှပဲ ပြောရအောင် ဂျာကြီးရာ .. သူ ပင်ပန်းနေပြီ"

တစ်ခုခု အကြောင်းရှိလို့ ဆောင်း ဒီထဲရောက်နေတယ်ဆိုတာ သူ တွေးမိသည်။ ဘာဖြစ်လို့ ဒီလိုအခြေအနေတွေ ရှုပ်နေတဲ့ကြားထဲမှာ တစ်ယောက်တည်း ဒီထဲ ဝင်နေရတာလဲလို့ မေးချလိုက်လျှင် ရန်ဖြစ်ရတော့မှာဖြစ်လည်း သေချာ၏။

ချစ်လို့စမှန်းလည်း မသိ ..၊ ကရုဏာဒေါသဆိုတာကိုလည်း နားမလည် ..၊

သူ ဒီလောက်ထိ စိတ်မချနိုင်လွန်းလို့ သွားလေရာ လက်ဆွဲခေါ်သွားနေခဲ့သည့်ကြားက ဘာမှ မပြောမဆို အသိမပေးဘဲ ထွက်သွားပစ်လိုက်တာ ကြည့် ..၊

"ဒီရင်ထဲမှာ ဘယ်လောက်စိုးရိမ်ပြီး မီးတောက်တွေ ဘယ်လောက်ကြီးသွားလဲ မင်း သိလား ဆောင်း .."

အိပ်ခန်းထဲ ပြန်ရောက်တာနှင့် မဖြစ်မိအောင် ထိန်းဖို့ သတိထားနေရင်း ပြောမိသွားခဲ့၏။ ဆောင်း ကလည်း ကိုယ့်အမှန်တရားနဲ့ကိုယ် ဘယ်တုန်းကမှ သည်းမခံခဲ့သော စိတ်ရင်းနှင့် ...

"စိုးရိမ်တယ်လို့ ရှေ့ကခံပြီး လူကို ပြောချင်တိုင်း ပြောမနေနဲ့၊ နောက်ဆို ငါ ဘာဖြစ်ဖြစ် မရှာနဲ့ ..၊ ပူလည်း မပူနဲ့ .."

"အဲဒီလို စိတ်ထားတတ်ရင် မြတ်တာပေါ့ကွ ..၊ ငါက .. ကျွတ်!..."

မာတ်မီးက မှန်ကွဲကာ မီးလုံးလေးချည်းပဲ ရှိတော့သည်။ ထို့ကြောင့် စားပွဲပေါ်မှာ ဒီတိုင်း ချထားတာကို လှမ်းကြည့်မိပေမယ့် ပိတ်ဖို့လည်း စိတ်မကူးတော့ပေ ..။

ဆောင်း နဲ့သူ ဒါကြောင့်ပဲ ညှိနှိုင်းမရခဲ့တာ ..၊ ခုချိန်ထိလည်း ဒါကြောင့် ဖြစ်နေရတုန်း ..။

"တောင်းပန်ပါတယ် ဆောင်း ရာ .. မင်း ငါ့နားမှာပဲ နေစမ်းပါ၊ စိုးရိမ်နဲ့ပေါ့လို့ မပြောနဲ့ .. မရဘူး၊ ပြဿနာတွေ ဒီလောက် တစ်ခုပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု တတ်နေတာကို .."

"ဒီပြဿနာတွေ ဘယ်လို စဖြစ်လာတာလဲဆိုတာရော နင် စိတ်မဝင်စားသေးဘူးလား ဈာန်း ..၊ ငါ ပြောတိုင်း ဘာဖြစ်လို့ အရှုးစကားတွေလို့ပဲ ထင်နေတာလဲ ..၊ အခု ငါ့လက်ထဲမှာ သော့ရှိတယ် .."

ဆောင်း က လက်သီးဆုပ်လိုက်လေး ထောင်ပြပေမယ့် သော့ကို သေချာမပြဘဲ လက်ပြန်ချကာ ...

"အဲ့ဒါ ပိတ်ထားတဲ့အခန်းကို ဖွင့်မလို့ ရှာမရခဲ့တဲ့ သော့ ..၊ ဒီသော့နဲ့ ပတ်သက်ပြီး .."

"အဲဒါကို ငါ နားထောင်ပေးနိုင်တယ် .. စိတ်လည်း ဝင်စားတယ်၊ ပြောစရာတွေ ရှိတာကို အစက မပြောဘဲ ဘာဖြစ်လို့ ခုမှ ပြောရတာလဲ၊ မေမျိုး က ရှုးနေပြီ .. ခုနတုန်းက ငါသာ အချိန်မီရောက်မလာနိုင်ရင် မင်း ဘာဖြစ်သွားမလဲ သိလား .."

"မေမျိုး က ရှုးနေပေမယ့် လူသတ်ဖို့ ကြိုးစားမှာ မဟုတ်ဘူး အဲဒါ မေမျိုး မဟုတ်လို့ ငါ့ကို သတ်တာ ..၊ သူ့ကိုယ်ထဲကို ..."

"အဓိပ္ပာယ်မရှိတာ ဆောင်း ရာ .. ပြဿနာပဲ .."

"အဓိပ္ပာယ်မရှိဘူးထင်ရင် ထားလိုက်တော့ သွား ..၊ ငါ့ဟာငါ ဘာဖြစ်ဖြစ်လို့ ပြောပြီးပြီ .."

ရင်နာခြင်းကို ဘယ်လိုဖော်ပြရမှန်း မသိ ..၊ မခန့်နိုင်သည့် မျက်ရည်တို့သည် နောက်ထပ် တာတမံကျိုးရပြန်ကာ ဆောင်း အံ့လေးကြိတ်၍ မော့ကြည့်သည်။

"ငါ မှားတာပါ ..၊ မပြောတော့ဘူးလို့ နေပြီးမှ ပြောလိုက်မိတာကိုက ငါ မှားသွားတာ ..၊ တကယ်တော့ နင်က .."

"ငါ တွေးနေသမျှ မင်းအတွက်ချည်းပဲ ဆောင်း..၊ အဲဒါကို မင်း နားမလည်တာ .. အလုပ်ကို ငါ အာရုံစိုက်နေခဲ့တဲ့ အချိန်တိုင်းမှာလည်း မင်းကို ဂရုမစိုက်မိသလိုဖြစ်နေမှာ ..၊ မင်းတစ်ယောက်တည်း အထီး





ကျန် ဖြစ်နေမှာ၊ မင်းနဲ့ ပဋိပက္ခစကားတွေ ပြောရမှာ ..၊ အဲဒါတွေနဲ့ပဲ ငါ လုံးထွေး ရစ်ပတ်နေခဲ့တာ .."

"မရစ်ပတ်နဲ့တော့ .. အခုကစပြီး မပတ်နဲ့၊ ဒီနေရာမှာ အနီးဆုံး နင်ပဲ ရှိနေလို့ ဈာန်း ရေ .. လို့ အော်ခေါ်လိုက်မိရင်တောင် မကြားသလို နေပေး၊ ငါ မနေနိုင်မှန်းသိလို့ ဒီမိန်းမ ဒါတွေပဲ ပြောနေတယ်ထင်ရင် ကြည့်နေလိုက် ဈာန်း ..၊ ငါ နင့်ကို ဘယ်တော့မှ မတမ်းတမိအောင် နေမယ် .."

"အဲဒီလို မရဘူးလေ .. မင်း တော်တော် ခက်ပါလား ဆောင်း ရာ .."

ဈာန်း တကယ်ငိုချင်စိတ်တွေပါ ဖြစ်သွားမိသည်။ မီးအလင်းရောင်အားက နည်းနေပြီဖြစ်ကာ ညသည် ညှို့ထဲကို တိုးဝင်၍ ရင့်ကျက်ဖို့ ကြိုးစားနေပြီ ဖြစ်သည်။

လင်မယား စကားများတာ တိတ်တိတ်ဆိတ်ဆိတ် ကြိတ်များလို့လည်း မရတော့ ခုလောက်ဆို အပြင်ကလူတွေလည်း သိနေလောက်ပါပြီ ...။

"ကိုယ်တို့တွေ ရွာသားတွေရဲ့အကူအညီ ရတော့မှာ၊ ဒါဆို ဒီရွာက ပြန်နိုင်ပြီ၊ မင်း ကိုယ်နဲ့အတူတူ အဲဒါအတွက် ကြိုးပမ်းပေးသင့်တာ ဆောင်း ..၊ အများသူငါနဲ့ စကားပြောတဲ့နေရာမှာ မိန်းမသားက ယောကျာ်းတွေထက် လျှာစောင်းထက်ပါတယ်၊ အခု ကိုယ့်ဘက်မှာ ဘယ်သူမှ မရှိဘူး .. မင်းသမီးနဲ့ တခြားမိန်းကလေးတွေကို ကိုယ် အားကိုးရမှာလား၊ သူတို့က ကိုယ့်ပြဿနာအတွက် ကျောချင်းကပ် ဖြေရှင်းပေးကြမယ့်လူတွေလား .."

ဆောင်း ဘာမှ မပြောနိုင်ဘဲ မျက်နှာလွှဲနေ၏။ ဈာန်း က ဆောင်းရဲ့ဘေးမှာ ဝင်ထိုင်လိုက်ကာ ...

"အဲဒီလိုလည်း ကိုယ့်အတွက် ကူညီပါလို့ ကိုယ် မတောင်းဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မင်း စိတ်ချမ်းသာတဲ့ မျက်နှာလေးနဲ့ နေစမ်းပါ၊ ကိုယ် ဘယ်လောက် မောနေနေ မင်းမျက်နှာလေးကို ပြန်ကြည့်ပြီး အမောပြေပါရစေ .."

"ဟင့်အင်း .."

ဆောင်း သူ့လက်ကို ပခုံးပေါ်ကနေ တွန်းချပစ်သည်။ 'မကူညီရင်နေ မနှောင့်ယှက်ပါနဲ့' ဆိုတဲ့စကားကို ကြားလို့ကောင်းအောင်ပြောပြီး ချစ်ဟန်ဆောင်နေတာ ..၊

သူ့စကားတွေဟာ ရင်ထဲမှာ ကြည်နူးခြင်းကို ဖြစ်ရမည့်အစား နာကျင်မှုတွေသာ ဖြစ်စေခဲ့လျက် ...

"နင် သွားပါတော့ .. ငါ တစ်ယောက်တည်းပဲ နေပါရစေ .."

"တစ်ယောက်တည်းကို မထားနိုင်တော့တာ .. လုံးဝ မနေရဘူး အခု အိပ်မှာလား .. အပြင်ကို လိုက်မလား .."

"နင်နဲ့အတူတူ မနေချင်တာ .."

"အဟွန်း .."

စိတ်ပန်းလူပန်း ဖြစ်နေသည့်ထဲကနေ ဆောင်း ကလေးဆန်ဆန်ပြောတာလေးကို သဘောကျ၍ ရယ်မိသည်။ ပြီးတော့ ...

"ဈာန်း နော် .. သွားလို့ ပြောနေတယ် .."

"ဘာလဲကွာ .. မျက်ရည်သုတ်ပေးမလို့ .."

"မပေးနဲ့ .. ငါ တကယ်စိတ်တိုနေတာနော် .."

"စိတ်တိုရင် မျက်လုံးမှိတ်နေလိုက် .."

ဈာန်း က ဆောင်း လက်လေးတွေကို သိမ်းချုပ်၍ အတင်းအကျပ်လိုက်နမ်းနေ၏။ နာကျင်နေသည့်ရင်ထဲမှာ ရင်ခုန်သံတွေက ခါးသီးမှုများနဲ့သာ ဖြစ်လျက် ...

"ဖယ်လို့ ပြောနေတယ် .. နင် .."

"ခွပ် .."





တမင်လုပ်လိုက်တာတော့ မဟုတ်ပါ။ ဒါပေမယ့် အကြမ်းပတမ်း ရုန်းပစ်လိုက်သဖြင့် ဈာန်း ရဲ့မေးဖျားကို ပင့်ရိုက်ပစ်လိုက်သလို ဖြစ်သွားကာ ဈာန်း မျက်နှာ ဆတ်ခနဲ လည်ထွက်သွားသည်။

မကြာခင် ခံတွင်းထဲမှာ ငန်ကျိကျိအရာတွေကို ခံစားမိလိုက်ပြီး ဘယ်လိုမှ မယုံကြည်နိုင်သော မျက်လုံးများဖြင့် ...

"ဆောင်း .. မင်း .. မင်း ကိုယ့်ကို အဲဒီလောက်တောင်မုန်းလား.."

ဆောင်း ရုတ်တရက် ကြောင်သွားသည်။ သူ့နှုတ်ခမ်းကို လက်ခုံတစ်ဖက်နဲ့ ကပ်၍ ပြန်ကြည့်လိုက်တာ မြင်တည်းက သွေးထွက်သွားပြီဆို မမြင်ရဘဲနဲ့ သိလိုက်၏။ သို့သော် ...

"ဟုတ်တယ် .. ငါက အဲဒီလိုမိန်းမပဲ၊ လှည့်မကြည့်စတမ်း ထွက်သွားလိုက်တော့ .."

"တောက်!..."

ဈာန်း တက်ခေါက်ကာ အခန်းအပြင်ဘက်ကို ချာခနဲ လှည့်ထွက်သွား၏။ အခန်းရှေ့ရောက်တော့ ရပ်တန့်သွားကာ ...

"သီဟ .. သီဟ .. ရှိလား .. ခဏ .."

သိပ်မစောင့်လိုက်ရဘဲ သီဟ ရောက်လာ၏။

"ငါ ခဏ အိပ်ဦးမယ် .. ဂျာကြီး တို့ကို ပြောလိုက်ဦးနော်၊ ငါ ပြောထားတဲ့အတိုင်း ဂျူတီချိန်းမယ်လို့ .."

"ဟုတ်ကဲ့ .. မေမျိုး ကတော့ အိပ်နေပြီ ဆရာ .. စိတ်ချရပြီ"

သီဟ က သတင်းပေးပြီး ထွက်သွားသည်။ ဈာန်း က အထဲပြန်ဝင်လာကာ ဆောင်း ထိုင်နေသည့်ဘေးမှာ ဝင်လှဲလိုက်ပြီး ...

"ဘယ်မှ ထမသွားနဲ့နော် .. သွားချင်ရင် ငါ့ကို ခေါ် .."

ပြောပြီးတော့ ဆောင်း ရဲ့ခါးလေးကို လှမ်းဖက်ထားလိုက်၏။ မကြာခင် သူ အိပ်ပျော်သွားပြီဆိုတာ ခါးမှာ ဖက်ထားသည့်လက်က ပေါင်ပေါ်ကို ပြေကျသွားတာကြောင့် ဆောင်း သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကျတော့လည်း ငုတ်တုတ်ထိုင်နေရင်းကနေ သူ့ကို ပြန်ကြည့်မိရင်း စိတ်မကောင်း ဖြစ်သွားမိသည်။ အရမ်းပင်ပန်းနေသည်ဆိုတာ မသိလို့ မဟုတ် ...။

ဒါပေမယ့် ကိုယ်ကလည်း သူ့ကို တမင်တကာ အလုပ်ရှုပ်အောင် လုပ်ချင်ပါ့မလား .. ဒီအခြေအနေမှာတောင် ဆောင်း ဒီလို ဖြစ်နေတာ တစ်ခုခုများလားလို့ နည်းနည်းမှ ယည့်မတွေး ...။

လက်ရှိဖြစ်နေတာတွေအပေါ်မှာ အကြောင်းရင်းကို သုံးသပ်ရင်းတောင်မှ ဆက်စပ် တွေးကြည့်စရာတွေ သူ မမြင်ဘူးလား ...။

အမှောင်အားကောင်းနေသည့် အိပ်ခန်းထဲမှာ မီးရောင်က မှုန်ဝါးဝါး မပီပြင်ပေ။ ဆောင်း ဒီတိုင်း ထိုင်နေရင်းနှင့် စိတ်တွေက သော့နဲ့ မြေအောက်ခန်းထဲကလူစုကို ထပ်တလဲလဲ တွေးနေမိခဲ့၏။

ဒီတိုင်းဆို ရျာန်း ကို ဖွင့်မပြောဘဲ သူမ တစ်ယောက်တည်း ဒါကို စွမ်းဆောင်နိုင်ဖို့ လွယ်ပါ့မလား ...၊ ပြောပြဖို့ ကြိုးစားတာလည်း ရျာန်း က လက်မခံ ...။

ကိုယ်ပြောတာကို ယုံကြည်ဖို့ထက် ကိုယ့်စိတ် ကယောက်ကယက် ဖြစ်နေတာကို ငြိမ်သက်အောင် အားပေးရင်း အရိပ်မိုးတစ်ခုအဖြစ် သူ ရပ်တည် ကာကွယ်ပေးဖို့သာ ကြိုးစားချင်သူ ...၊

ကြောက်ကြောက်လန့်လန့်တွေ ထင်ရာပြောနေရအောင် ကိုယ်က အရူးမှ မဟုတ်တာ ...။

"ကျွိ .."

ဟင်!...

ဆောင်း ခါးလေး တောင့်သွားသည်။ တံခါးဟသွားခြင်းနှင့်အတူ တိုးဝင်လိုက်သည့် လူရိပ်ကိုလည်း မြင်နေရ၏။

မေမျိုး ...၊

မေမျိုး ပဲဆိုတာ သိလိုက်သည်နှင့် သူမ မေမျိုး အဖြစ်နဲ့ ဝင်လာ





တာလား ...၊ ဟိုလူကြီး ခွစီးပြီး ပါလာပြီလားဆိုတာ အပြေးအလွှား စဉ်းစားသည်။

ရျာန်း ကို နှိုးလိုက်ဖို့က မေမျိုး ပဲ ဖြစ်နေပြီး ခုနကလို လူတွေ့ကာမှ ဘာမှမဟုတ်သလို စကားစမြည်တွေ ပြောနေလျှင် သူ မရှုံးဘဲ ကိုယ်သာ အရှုံးဖြစ်ရလိမ့်မည်။

ထို့ကြောင့် ဆုပ်ကိုင်ထားမိသဲ သော့ကို ဖိဆုပ်ထားရင်း လက်တစ်ဖက်နဲ့ ပေါင်ပေါ်က ရျာန်း ရဲ့လက်ကို အသာလေး ဖယ်ချလိုက်၏။

သူ ကောင်းကောင်းဆို ကိုယ် ကောင်းကောင်း ပြန်ပြောမည်။ မဟုတ်လျှင် ရင်ဆိုင်ကြရုံအပြင် တခြားမရှိတော့ ...။

ဆုံးဖြတ်ချက်နဲ့အတူ နေရာမှ တဖြည်းဖြည်း ထရပ်ရင်း အသက်ဝဝရှူ၍ စောင့်နေလိုက်၏။

"ပေး .. ငါ့ကို ပြန်ပေး .."

အက်ရှ၍ လိုဏ်သံပါနေသည့် ယောက်ျားသံကြီး ...၊

ဆောင်း သော့ကိုင်ထားသည့်လက်ကို နောက်ပစ်ထားလိုက်ရင်း ဒီသော့ကို မိုးလင်းတဲ့အထိမှ ထိန်းသိမ်းထားနိုင်ပါ့မလားဆိုသည့် စိုးရိမ်စိတ်က တစ်ဆက်တည်း ဝင်၏။

ထို့ကြောင့် သော့ကို ပို၍ ကျစ်အောင် ဆုပ်ထားကာ ...

"မပေးဘူး .. ရှင် လုပ်ထားတာတွေကို ကျွန်မ ဖော်ထုတ်မယ်၊ ပိတ်မိထားတဲ့ဝိညာဉ်တွေကိုလည်း အကုန်လုံး လွှတ်ပေးမယ်၊ အဲဒီတော့ ဘာလုပ်ချင်လဲ .."

ရျာန်း နိုးသွားအောင် ဒီအဖြစ် ဒီအသံတွေကို ကြားပြီး အားလုံး သိသွားအောင် ဖန်တီးလိုသဖြင့် အခြေအနေကို နှိုးဆွပေးလိုက်၏။ သို့သော် ...

"ဖြန်း .."

"အား!..."



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ရဲ့နားအုံတစ်ဖက် ပူထူသွားကာ စားပွဲဘက်ကို ခွေခွေလဲကျသွား၏။ ထို့ပြင် လူပေါ်ကို ခုန်အုပ်လိုက်တာ မည်းခနဲ ..။

"ပေး .. ပေးစမ်း .."

"ချွင် .."

ရှန်းကန်နေရင်း သော့က တစ်နေရာကို လွင့်သွား၏။ ဆောင်း ကြမ်းပေါ်မှာ လုံးထွေးနေရင်း သော့ကို လက်နဲ့ လိုက်ဖမ်းလျှင် —

"ဟား .. ဟား .. ဟား ..."

"အား .. အစ် .."

"သေစမ်း .. သေစမ်း .."

"ဟိတ် .."

ဆောင်း ကို ခွစီးကာ လည်ပင်းညှစ်ရင်း အကျအန ကြိမ်းဝါးနေကာမှ နောက်ကျောက ရုတ်တရက် ရောက်လာသော ဈာန်း ၏ခြိုင်းချက်ကြောင့် မေမျိုး ပက်ခနဲ လန်ကျသွား၏။

သို့သော် ချက်ချင်း ရုတ်ခနဲ ခုန်ထကာ ပါးစပ်ကလည်း ဟားတိုက်ရယ်သည်။

"သေစမ်း .. သေကြစမ်း .. ဟီး .. ဟီး .. ဟား .. ဟား .."

"ကိုဈာန်း .."

"ဟယ်!..."

"မေမျိုး က ဘာသံကြီးလဲ .."

အခန်းတံခါးဝမှာ လူတွေ စုပြုံ ဝိုင်းအုံ ရောက်လာကြသည်။

"မကပ်နဲ့ .. အကုန်လုံး မကပ်နဲ့ ..၊ ဟား .. ဟား ..."

ရယ်သံကြီးကို နားမခံနိုင်သဖြင့် ကြောက်ရွံ့ထိတ်လန့်ကုန်ကြသည့် ဒေါ်ထွား တို့ .. စုစန္ဒီ တို့ မိန်းမသားတွေ နားတွေ ပိတ်၊ မျက်စိတွေ မှိတ်ကာ နောက်ပြန်ဆုတ်ပြေးကြ၏။

မေမျိုး သည် ဈာန်း တို့ အလွယ်တကူ ချက်ပြုတ်စားသောက်ရန်





ယူလာခဲ့သည့် ခရီးဆောင်ဂတ်စ်မီးဖိုလေးကို လက်တစ်ဖက်နဲ့ ဆွဲယူလိုက်၏။

"ဟာ!..."

"မေမျိုး .. ဟိတ်လူကြီး မလုပ်နဲ့ .."

"ဟား .. ဟား .. ဟား ..."

မေမျိုး သည် တံခါးဝနဲ့ ဈာန်း ကို တစ်လှည့်စီကြည့်၍ သဘောတွေ ကျနေလျက် ..၊ ဝမ်းခေါင်းသံကြီးနဲ့ ရယ်နေတာ အိမ်ခေါင်မိုးကြီး ခွင့်ထွက်မလား ထင်ရ၏။

"သေကြတော့မယ် .. အားလုံးကို သေခိုင်းမယ်၊ ပြီးရင် ဒီအောက်ထဲမှာ ထည့်ပိတ်ထားမယ်၊ ငါ့ကို ဒုက္ခပေးချင်တဲ့ဟာတွေ ..၊ ဘာကောင်တိုမှ ချမ်းသာမပေးဘူး .."

မီးဖိုထဲက ဂတ်စ်ဘူးကို ဖြုတ်ယူလိုက်ပြီး မီးခြစ်တစ်ဖက်ကိုင်၍ ကြမ်းပေါ်မှာ သတိမရတစ်ချက် ရတစ်ချက်နှင့် ဆောင်း ကို ငုံ့ကြည့်သည်။

ဈာန်း ထိတ်လန့်သွား၏။ ဆောင်း က လည်ပင်းကို ကိုင်ရင်း သုံးလွန့်နေတာ မျက်လုံးမဖွင့်နိုင်သေး ..။

"အားလုံး ဝေးဝေးထွက်သွားကြ .."

အရေးပေါ် လှမ်းသတိပေး၍ မေမျိုး ဆီ ဈာန်း က ရိပ်ခနဲ ပြေးအပ်သည်။ မေမျိုး က အကပ်မခံပေ။ ဈာန်း မြန်သလောက် သူကသည်း ရှောင်ပြီးသားဖြစ်ကာ ...

"သတ်မယ်.. အကုန်လုံးကို သတ်မယ်..၊ ဟား.. ဟား.. ဟား..."

"မလုပ်နဲ့ .. မလုပ်နဲ့ မေမျိုး .."

မေမျိုး လို့ ခေါ်မိပေမယ့် ခုန်ပျံလူပ်ရှားနေပုံနှင့် ယောကျ်ားသံကြီး ထွက်နေတာကြောင့် ဆောင်း ပြောသလို ဖြစ်နေပြီမှန်း ဈာန်း နားလည်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဂတ်စ်ဘူးကို ဖွင့်ချလိုက်လျှင် ...၊ အခန်းထဲမှာ ရှိသမျှ ဘယ်သူမှ လွယ်မှာမဟုတ် ...။

သူ သိနေသော်လည်း ...

"ဟာ!... ဟိတ် .. လူကြီး .."

"ဖြောင်း .. ဒုတ် .."

"ရှူး ..."

ဂတ်စ်ဘူးက ပွင့်သွားပြီဖြစ်ကာ ဈာန်း ရိုက်ထုတ်လိုက်သည့် မီးခြစ်ဆီ မေမျိုး နဲ့ သူ နှစ်ယောက်စလုံး၏အကြည့်တွေ ရောက်သွား သည်။

မရတော့ဘူးဆိုတာ ဈာန်း သိလိုက်သည်။ မီးခြစ်က သူမ ရဲ့ ထောက်နားမှာမို့ သူ ဘယ်လိုမှ လက်ဦးမှုမရနိုင်တော့ပေ။ ထို့ကြောင့်

ဂတ်စ်ငွေ့တွေ မွှန်ထွန်ထွက်လာသည်နှင့် ဆောင်း ကိုယ်လေး သေလုမြောပါး ပြေးပွေ့လိုက်သည်။

"ဒုတ် .."

"အား!..."

မေမျိုး ဘာနဲ့ကောက်ပေါက်လိုက်သည် မသိဘဲ နားထင်တစ် မှာ ပူခနဲ ဖြစ်၏။ တစ်ခုခု ထိခိုက်မိလိုက်ပြီကို သိပေမယ့် သွေး ပူနွေးစွာ စီးကျလာတာလည်း ဂရုမစိုက်နိုင် ..။

ဒီတိုင်းနဲ့ပဲ ဆောင်း ကို ပွေ့၍ အတင်းပြေးထွက်လိုက်သည် ထိုစဉ် ...

"ချောက် .. ဝုန်း ..."

"အမလေး!... မီးတွေ လောင်ကုန်ပြီ .."

ဂတ်စ်ဘူးလေးပေမယ့် ဝုန်းခနဲ မီးတောက်ပေါက်ကွဲသံကြီး သွားကာ တစ်ထပ်လုံး မီးတောက်တွေ ဖွဲလေသည်။

"ဆောင်း .. သတိထားစမ်း ...၊ ဟိုမှာ မီးတွေ လောင်နေပြီ -





"ကိုဈာန်း .. မြန်မြန်ထွက်ခဲ့ .. ဒီဘက်ကို လာ .."

ဖေကာ် တို့က ပြေးလာဖော်ရကြကာ အနီးအနားမှာ ရပ်ပစ်လိုက် သည့် ဈာန်း ကို ဝေးဝေး ဆွဲထွက်ကြ၏။

"ရော့ .. ဆောင်း ကို အပြင်ခေါ်ထုတ် သွား ...၊ အထဲမှာ မေမျိုး သေသွားလိမ့်မယ် .."

"ကျွန်တော်ပါ လိုက်မယ် .."

"ဆောင်း ရေ .. လာ .. လာ .. ဒီကို .."

မီးရောင် အားနည်းနေခဲ့သော ပတ်ဝန်းကျင်သည် နီရဲသော အလျှံ တငြီးငြီး မီးညွန့်မီးစွယ်များကြောင့် အလင်းရောင် ထိန်ထိန်ညီးသွား၏။

ပြေးလွှား အော်ဟစ်သံများနှင့် ပျက်စီးဆုံးရှုံးမှုတို့၏ကြားတွင်...၊

သော့ မလိုတော့ဘဲ ပွင့်တော့ ပွင့်သွားခဲ့သည်။ ဒါပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

"သမီးတို့ကို ချောင်းကူးပြီး ပြန်လို့ရအောင် ရွာကလူကြီးနဲ့ တခြားလူတချို့ ဝိုင်းကူညီလိုက်တာ၊ ချောင်းရေလျှံတိုင်း ဒီလိုပဲတဲ့ .. အဲဒီရွာရဲ့ တစ်ဖက်မှာ အမြဲစိမ်းတောတွေ ရှိတယ် .. ချောင်းညာဘ အဲဒီကတဲ့၊ ရေကျပြီဆိုရင် နွံအရမ်းတင်တာတဲ့၊ မြေကျွံချိုင့်ကြီးကိုအ ရှောင်နေကျဆိုတော့ တစ်ခါတလေ သုံးလလောက်ထိ နွံမခြောက်တတ် ဘူးတဲ့ .."

တီလေး က ဆောင်း ကို ခေါင်းဖြီးပေးရင်း သေချာရှင်းပြနေသည်။

"သမီးက ကျန်းမာရေးချို့တဲ့နေတုန်း မီးတွေက လောင်၊ ထိတ် လန့်စရာတွေလည်း ဖြစ်ထားတော့ .. ဒီကြားထဲ ပြေးရင်းလွှားရင်း ခေါင်းကိုလည်း ထိထားသေးတယ်၊ တီလေးတို့ဖြင့် သတိတွေဘာတွေ ချွတ်ယွင်းသွားမှာ စိုးရိမ်လိုက်ကြတာ .. နေ့တိုင်းကို အိပ်မရပါဘူး သမီးရယ် ..၊ သတိလစ်နေလိုက်တာလည်း နှစ်ရက် .. သုံးရက် .."

ဆောင်း ကယောင်ကတမ်းတွေ ပြောလိုက် ..၊ ပြန်မေ့သွားလိုက် နှင့် နှစ်ရက် .. သုံးရက် လူမှန်းမသိအောင် ဖြစ်နေသည်တဲ့ ..။





သတိ လုံးလုံးရလာသည့်အချိန်မှာ ဈာန်း ကို အသံတောင် မကြား ချင်ပါဘူး ထဖြစ်ခဲ့ခြင်း ဖြစ်၏။

"တကယ်ဆို ဈာန်း က သမီးရဲ့ အသက်သခင် ကျေးဇူးရှင် .."

ဆောင်း တွေးနေတုန်းပဲ တီလေး က ဈာန်း အကြောင်း စလာ၏။

"သူ အားလုံး ပြောပြပြီး ကြားလိုက်တယ်ပေါ့ .."

"ဘယ်ကလာ သမီးရယ် .. ဈာန်း က အားလုံးရဲ့ ပြဿနာတွေကို သူချည်းပဲ ဖြေရှင်းနေရတာ၊ တီလေးတို့နဲ့ စကားကို ကောင်းကောင်း မပြောနိုင်ဘူး .. မမျိုး လည်း ကောင်းနေပြီလေ၊ ဒီလောက် ဒုက္ခပေးနေ တဲ့သူကို ဈာန်း က အသက်စွန့်ပြီး ပြန်ကယ်လာလို့၊ အဖွဲ့သားအားလုံး က ချီးကျူး ထောက်ခံနေကြတာ ..၊ အဲဒါကြောင့်လည်း ဈာန်း ကို အပြစ်တင်တဲ့သူ .. ဘယ်သူမှ မရှိဘူး၊ သမီးကလွဲရင် .."

ဆောင်းက ဆတ်ခနဲ လှည့်ကြည့်ကာ ဖွဖွသာသာလေး ခေါင်းဖြီး ပေးနေသည့် တီလေး လက်ကို ဖယ်ချပစ်၏။

"မဟုတ်ဘူးလေ .. သမီးတို့ကတော့ လင်မယားချင်းကိုး .."

ဒေါ်ချစ်ဖူး က ကပျာကယာ ဖြေရှင်းချက် ပေးလိုက်ရင်း ...

"နှင်းပိုပို ရဲ့ နာရေးအတွက်လည်း ဒီလူတွေအားလုံးက အဖြစ်မှန် ကို ထောက်ခံကြတော့ ဘာပြဿနာမှ မရှိဘူး .. အားလုံး ဠအေးဆေးပဲ၊ ဟိုရက်ပိုင်းတုန်းက လွင် လည်း ဒီမှာ အချိန်ပြည့် နေနေတာပါ၊ သမီး ကလည်း အတွေ့မခံ .. နောက်ပိုင်းမှာလည်း ပြဿနာရှင်းနေရတော့ ခုချိန်မှာ ဝတ္တရားမကျေနိုင်တာတွေ .."

"တော်ပါပြီ တီလေးရာ .. ဘာဝတ္တရားမှ ဆောင်း မလိုချင်ဘူး၊ အစတည်းက ပြောသားပဲ သူငယ်ချင်းဆိုတာ လင်မယားလို ပေါင်း သင်းဖို့ မလွယ်ပါဘူးလို့၊ သူနဲ့ ဆောင်း ချစ်ကြတာမှ မဟုတ်တာ .."

"ဈာန်း ကတော့ ချစ်ရှာပါတယ် သမီးရယ် .. အဲဒါ သူ ပြောတာ မဟုတ်ဘူး .. အတူသွားကြတဲ့ ရုပ်ရှင်အဖွဲ့သားတွေပဲ ပြောကြတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ဈာန်း က သမီးကို အရိပ်လို ကြည့်နေတာဆို ..”

“ဆောင်း မကျေနပ်ရင် နောက်ထပ် သူ လုပ်ချင်ရာလုပ်ခွင့် မရှိ တော့မှာ စိုးလို့လေ ..”

ဆောင်း ဘာပြောပြော သူ လက်ခံခဲ့လို့လား ..၊ သရဲကားတွေကို ရိုက်ချင်တာက သူ ..၊

သရဲတစ္ဆေတွေ ဒီလိုရှိပါသည် ပြောတာကျတော့ ဆောင်း ကို လှောင်ရယ်ခဲ့တာ ပြဿနာပေါင်းစုံတက်လာခဲ့တဲ့အထိ မယုံကြည်ခဲ့ပေ။

သူ ပြောတဲ့ ချစ်တယ်ဆိုတာတွေကို ဘယ်သူတွေ ယုံယုံမယုံယုံ ဆောင်း မယုံနိုင် ..။

“သမီးရယ် .. ထင်ပေါ်လို့ စင်တော်ကောက်ခံရတဲ့ အနုပညာ သမားတွေကိုပဲ ကြည့်ပါဦး ..၊ ‘ငါ အရမ်းတော်တဲ့လူ’လို့ ကိုယ့်ကိုယ် ကိုယ် ကြွားဝါသတ်မှတ်လို့ မရပါဘူး၊ ပရိသတ်ကသာ ဆုံးဖြတ် အမှတ် ပေးနိုင်တာ၊ ကာယကံရှင်က ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လို့ မရဘူး လေ၊ ‘ငါ မကောင်းဘူး’လို့ ညည်းတွားပြီး ကိုယ့်ကိုယ်ကိုယ် သွေးထွက် အောင် ရိုက်နှက်ဆုံးမနေတဲ့လူလည်း မရှိပါဘူးကွယ်၊ ကိုယ်တော်တာ ကိုယ်ညံ့တာ သေးသူရဲ့ ဝေဖန်စကားလည်း လိုတယ်မို့လား ..”

“ဈာန်း ကိုချည်း ကောင်းတယ်လို့ အမှတ်ပေးနေရင်တော့ တီးသေ ကိုယ့်တူမကို ကိုယ် သွေးထွက်အောင် ရိုက်နှက်ဆုံးမဖို့ လိုပြီထင်တယ်”

“ဩော် ... ကဲ ...”

ဒေါ်ချစ်ဖူး စိတ်ညစ်သွားခဲ့ရင်း သက်ပြင်းရှည်ကြီးပါ ချမိလေသည်။ သရဲခြောက်သည်ဆိုသော အိမ်ကြီးလည်း ပြာပုံဘဝ ရောက်သွားပါပြီ။

ဒါကို မကျေနပ်မည့် အိမ်ရှင်လည်း မရှိ။ ဒေါသထွက်တဲ့ ရွာသား လည်း မရှိ၊ အဆိုးထဲက အကောင်းကျန် တစ်ခုဟာ ဈာန်း ရိုက်ကူးထား တာတွေအားလုံး အဖွဲ့သားတွေ ကောင်းမှုကြောင့် ဘာမှ မပျက်မစီး ပြန်ရသည်။





လူတွေ အထိအခိုက်နည်းပါးစွာ ကင်းလွတ်ကြ၏။ နှင်းပိုပို တစ် ယောက်သာ အဖြစ်ဆိုးခဲ့ပြီး မေမျိုး တောင်မှ လူကောင်းပကတိ ပြန်ဖြစ် ခဲ့သည်။ ဒေါ်ချစ်ဖူး တို့တွေ သိကြရတာ ဒါပဲ ဖြစ်သည်။ နောက်ထပ် ဘာတွေရှိသေးလို့ ဆောင်း က နာကြည်း အုံဖွဲ့နေတာလဲ ..၊

“အခု ပြောနေတာက ဈာန်း ကို မုန်းတယ်မှားတယ်လို့ သစ်ထင် ထုတ်နုတ်ပြောပြနေတာ မဟုတ်ဘူး ဆောင်း ..၊ သမီးတို့ရဲ့ အိမ်ထောင် ရေး ပဋိပက္ခမဖြစ်ရအောင်လို့ အကျိုးအကြောင်းရှိနေတာကို ပြောတာ ဘာ၊ ဈာန်း ကို သရဲကားတွေ ရိုက်ရလားဆိုပြီး သမီး မေတ္တာမပျက်စေနဲ့ အခု ဈာန်း ခေါ်လို့ ပါသွားရတယ် .. အားလုံး ဒုက္ခရောက်တယ်။ ဒါတွေနဲ့ပတ်သက်ပြီး သမီးက ဈာန်း ကို ဘယ်လိုမှ မကြည်လင်နိုင်ဘူး ဖြစ်နေတာ ..”

“ဆောင်း သူ့ကို တခြားအကြောင်းအရာတစ်ခုခု ပြောဖို့ ကြိုးစား သေးတယ်၊ ဆောင်း ကို သူ ယုံကြည်ရင် ဒါတွေ ဒီလောက်ထိ ဖြစ်စရာ သည်း မရှိဘူး ..”

“ယောက်ျားလေးကတော့ ယောက်ျားလေးဇာတိ ပြမှာပဲပေါ့ ဆောင်း ရယ် .. မိန်းကလေးတွေ ကြောက်နေတိုင်း သူတို့ပါ လန့်ဖျန့် အော်နေရင် ကြောက်ပါတယ်ဆိုတဲ့လူက သေရုံပဲရှိတော့တာပေါ့၊ ခြေ ရာပြကြောင်းပြောပြနေတာကို သမီးက လှောင်တယ်ချည်းပဲ ထင်နေ တာရော မဖြစ်နိုင်ဘူးလား ..”

ဘာမှ ပြောချိန်မရပေမယ့် သူ့ဘက်က တရားမျှတခြင်းတွေကို တော့ စုံစုံစေ့စေ့ ပြောပြခဲ့တာပဲ ..။

ဆောင်း နှုတ်ခမ်းလေးမဲ့၍ မျှော့ရာပေါ်ကနေ ထရပ်သည်။ ဘယ် ဘက်နားထင်အထက်နား ဆံပင်တွေထဲက ဒဏ်ရာကို လက်နဲ့စမ်းကိုင် ရင်း ပြတင်းပေါက်ကို မျက်နှာမူ လျှောက်ခဲ့၏။

လှမ်းမြင်နေရသည့်မြင်ကွင်းတွေဟာ နှင်းဆီရောင်စုံနှင့် ဝိုင်းတက်



www.burmeseclassic.com

www.burmeseclassic.com



ပင်တွေ၊ ခရေပင်ရိပ်တွေကြောင့် အေးမြစိုပြေနေကာ ခြံရှေ့ သံပင်း ကနေ လှမ်းမြင်နေရတာက ကားလမ်း ...။

ချောက်ချားဖွယ် သစ်ပင်ချုံနွယ်တွေ ဘာမှမဟုတ်ပါလား။ အိမ်ကြီး၏ သုံးပုံနှစ်ပုံလောက်ကို မီးဝါးသွားခဲ့သည်ဆိုလျှင် သော့ဖွင့်ရန် မလိုဘဲ အားလုံး သူ့အလိုလို ပျက်စီး ပွင့်ထွက်သွားခဲ့ပြီပေါ့ ...။

ဒါပေမယ့် ရေစက်ချ အမွေပေးပြီး အလှူမပေးဘဲနဲ့ သူတို့ ကျွတ်လွတ်ပါ့မလား ...၊ ထို့ပြင် ပိတ်လှောင်ခံထားရတဲ့ ဝိညာဉ်တွေက အိမ်ကြီးထဲမှာ မဟုတ် ...။

"မမကြီး .. ဖုန်းလာနေပါတယ် .."

"အေး .. လာပြီ .."

ဒေါ်ချစ်ဖူး က စကားမပြတ်သေးသဖြင့် ဆောင်း ကို ခဏ လှမ်းကြည့်လိုက်ပြီးမှ ထွက်သွားသည်။ ဆောင်း က ဒေါ်ချစ်ဖူး ထွက်သွားသည်နှင့် သူမ အပြင်ထွက်လိုက်လာကာ ...

"ဘယ်သူ့ဖုန်းလဲ တီလေး .."

"ဟင် .. ရျာန်း ဆီကပါ .."

ဒေါ်ချစ်ဖူး က စိတ်မသက်သာသလို လှမ်းဖြေကာ ဖုန်းပြောနေတာကိုလည်း ဆက်၍ ...

"ဩော် .. ဟို ..."

"... ... ... ..."

"အင်း .. နေတော့ ကောင်းပါပြီ၊ သူ့ဟာသူတောင် သွားလာနေပြီ .."

"... ... ... ..."

"ဟိုလေ .. သားရဲ့ .. သူက ..."

"သမီး ပြောမယ် အန်တီလေး .."

"ဟင်!..."





ဆောင်း မပြောဘူးထင်ကာ လိုးလွှဲနေပြီးမှ ကြိုးစားနေရသည့် ဒေါ်ချစ်ဖူး မျက်လုံးပြူးခဲ့ ဖြစ်သွားသည်။ ပြီးတော့ ဝမ်းသာအားရနှင့် —

"အနားမှာ ရှိတယ် သား ..၊ ခဏနော် — သမီးက ပြောမယ်တဲ့"

ဖုန်းကို ဆောင်း လက်ထဲ ထည့်ခဲ့ပြီး ဒေါ်ချစ်ဖူး ဝမ်းသာအားရကြီး ထွက်သွားပေးရှာ၏။ ဆောင်း ကတော့ သတိတရ လွမ်းဆွတ်တာတွေကို ပြောဖို့မဟုတ်ဘဲ ဖုန်းကိုင်လိုက်တာနှင့် —

"အိမ်ကြီးမီးလောင်သွားတယ်ဆိုတာ ဘယ်အခြေအနေထိလဲ —"

"ဟာ!... ဆောင်း .."

"မေးတာကိုပဲ ဖြေ .. ငါ နင်နဲ့ စကားပြောချင်လို့ ဆက်တာ မဟုတ်ဘူး .."

"ကျွတ်!..."

"အဘွားက အိမ်မီးလောင်တဲ့ကိစ္စ ဘာပြောလဲ ..၊ ငါ့ကို ဘာမှာသေးလဲ .."

"ဆောင်း .. ကိုယ် နေလို့မရအောင် စိတ်ပူနေတာ မင်းကိုနော် —"

"အေး .. စိတ်ပူခံနေရမှာစိုးလို့ နေကောင်းကောင်း မကောင်းကောင်း အခု ဆေးရုံက ဆင်းလာခဲ့ပြီဆိုတော့ မလိုတော့ဘူး၊ ငါ မေးတာကိုပဲ ဖြေစမ်းပါ .."

ရျာန်း အကြာကြီး အသံတိတ်နေသဖြင့် ဆောင်း က ဂွက်ခနဲ ချပစ်လိုက်သည်။ ချလိုက်ကာမှ ချက်ချင်း ပြန်မြည်လာတော့ ဆောင်း ခတိုင်တော့ပေ ...။

"ဟဲ့ .. သမီးရယ် .. ဒီလောက် ဆူညံနေတာ ကိုင်လိုက်ပါကွယ်"

"ဒီတစ်ခါ လုပ်ဖို့ရင် လုပ်ကြည့် .."

ဖုန်းကို ကြိမ်းဝါးပြီးမှ ကိုင်သည်။ ဘာတွေ လုပ်လိုက်လို့ စိတ်ကဆိုးရပြန်ပြီလဲ ..၊ ခုပဲ အကောင်း ...။

ဒေါ်ချစ်ဖူး ရင်လေးပေမယ့် ပြန်လှည့်ထွက်ခဲ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း .. ငါက အကောင်းပြောနေတာ၊ ဒီအချိန်မှာ မင်းကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်စမ်းပါ၊ ရွာမှာ ပြဿနာနည်းနည်းတော့ ရှိခဲ့တယ်၊ နောက်ထပ်ရှိဖို့တွေလည်း ဖြစ်ခဲ့တာပဲ၊ ဒါပေမယ့် အခု ဘာမှ ပူစရာမရှိတော့ဘူး .. ကိုယ့်ကြောင့် ဖြစ်ရတဲ့ပြဿနာတွေမို့လို့ မင်းအပေါ်မှာ ဒီအပူတောင် မဟပ်စေရဘူးဆိုပြီး ငါ တစ်ယောက်တည်း ဖြေရှင်းနေတာ .."

"ငါ့ကို အရှူးဆိုပြီး ချောင်ထိုးသွားတာ ..၊ ငါက ကြည်နူးပီတိ ဖြစ်နေရမယ်ပေါ့၊ ငါကိုယ်တိုင် ခံစားခဲ့ .. မြင်တွေ့ခဲ့ရတာကိုတောင်မှ ဘယ်အခြေအနေဆိုတာ နင် ပြောမပြချင်ဘူး .."

"ဟာ!... မဟုတ်ဘူး .. အဲ့ဒါ .."

"နင်နဲ့ငါ လင်မယားဆိုတဲ့ ဂုဏ်ထူးကြီးနဲ့ တွဲလျက်ကြီး သွားခဲ့တဲ့ ခရီး ..၊ နင်က ခေါင်းဆောင်ကြီးလို ဖြေရှင်းလို့ .. ငါကတော့ လူမှာ သတင်း လာမေးရင်း ဘာဖြစ်ကြတာလဲ ..၊ အခု ဘယ်လိုဖြစ်သွားပြီလဲ မေးလာကြရင်တောင် ဖြေစရာ မရှိဘူး .."

"ဘာလို့ မရှိရမှာလဲ ..၊ အခု ကျန်းမာရေး ဂရုစိုက်ဖို့ပဲ ကိုယ်ပြောတာ၊ ဖုန်းချရင် ကိုယ် လာခဲ့မယ်၊ မင်း သိချင်တာတွေ အားလုံးကို-"

"မလာနဲ့ .."

ဖုန်းချရုံမကဘဲ ပလပ်ပါ ဖြုတ်ပစ်လိုက်သဖြင့် ဒီတစ်ခါ မြည်သံ ထွက်မလာတော့ပေ။ ဒီအချိန်ထိတောင် ကလေးလို နေပါလားဆိုတာမျိုး ပြောရက်လွန်းသည်။ ကျန်းမာရေး ဂရုစိုက်ပါဆိုတာရော ဘာလဲ.. ကျန်းမာနေလို့ပဲ ဖုန်းပြောနေကာမှ ..၊

တစ်ယောက်တည်း အံကြိတ်ရင်း မျက်ရည်ကျလာတာကို ဘယ်ပြန်ညာပြန် ပွတ်ဆွဲသုတ်မိသည်။

ပြီးတော့ ပါးရိုးလေးတွေပေါ် ကျနေသည့် ဆံပင်တွေကို ဟိုဘက် ဒီဘက် သိမ်းညှပ်ပစ်မိရင်း ...





"သေသွားတော့ ဘာဖြစ်လဲ ..၊ ငါ လုပ်စရာရှိတာတွေ မပြီးသေးဘူး၊ နင် မသိလည်း ဖြစ်တယ် .. နင် မရှိလည်း ဖြစ်တယ်၊ လုပ်မယ်.. ငါ့အလုပ် ငါ ပြီးအောင် လုပ်မှာ .."

ဆောင်း တစ်ယောက်တည်း ပြောနေရင်း ခေါင်းက ဒဏ်ရာကို ထပ်စမ်းကြည့်မိပြန်သည်။ ပြီးတော့ ဘယ်ဘက်လက်ပြင်မှာ မီးပူဟပ်မိထားသည့် ဒဏ်ရာ ..။

"ကျွတ်!... ကျွတ်!..."

စိတ်က ဆောင်နေပေမယ့် လူက မလိုက်နိုင် ..။

"သည်နှစ်ဆောင်း ရေ .. ညည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူးနော် .. ကြည့်လုပ် .."

ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသထွက်၏။ သွားဖို့လာဖို့ ချက်ချင်း ဆုံးဖြတ်ပြီး ဗီရိုဆွဲဖွင့်ပြီး လက်ဆွဲအိတ်လေး ဆွဲချရုံရှိသေးသည်။

ခေါင်းတွေ တရိပ်ရိပ် မူးဝေလာကာ ဒူးတွေ ညောင်းလာသလိုလို ခါးဆစ်ထဲက အောင့်လာသလိုလို ..။ ထို့နောက် မွေ့ရာအစပ်မှာ ပြန်ထိုင်လိုက်ရခြင်းသို့ ရောက်လျက် ...

"သွားမှာ ..၊ ငါ သွားမှ ဖြစ်မှာ .."

စိတ်ကို တင်းနေရင်း အိပ်ရာထက်မှာ သက်သောင့်သက်သာ လဲလျောင်းနေလိုသည့်ဝေဒနာက အပြင်းအထန် နှိပ်စက်လာရာ ..၊

ချာန်း ကို မုန်းတယ် ..၊

တစ်ကိုယ်လုံး မလှုပ်ချင်အောင် နာကျင်နေတာကြီးကို မုန်းတယ်။

ရှုံ့မဲ့မဲ့လေးနှင့် ရေရွတ်ရင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၆)

BURMESE CLASSIC .com

"ဗျာ!... ခတ်ပုံ မင်းမင်းထွန်း နဲ့ ဟုတ်လား .."

"မင်းအသံကြီးကလည်း ချာန်း ရာ .. ငါတို့က သူ့ကို အရို မလိုက်တော့ အလိုလိုက်တဲ့သူဆီ သွားတာပေါ့၊ ဒါပေမယ့် မင်းမင်း နဲ့ အတူသွားတာ မဟုတ်ပါဘူး၊ မင်းမင်း က .."

"သိပြီ .. သူ့အစ်မဝမ်းကွဲဆိုတဲ့ မိတ်ကပ်ဆရာမနဲ့ တွဲပေးလိုက်တာ .."

"ဟုတ်တယ်.. ဟိုမှာ ပြဿနာတွေ သိပ်မရှိဘူးဆိုတော့ မယ်စစ်ရွ တွေက သွားချင်ကြတယ်လေ၊ ရွှံ့အိုင်ကြီးကို ရှောင်ပြီး သွားလို့ရတဲ့ လမ်းကိုလည်း သူတို့က သိပြီးသားဆိုတော့ .."

"ကျွတ်!... တော်တော်ခက်တဲ့ မိန်းမ .."

ဖုန်းထဲက သူ့အသံကို ကြားပြီး ဒါရိုက်တာကြီး သက်ပြင်းချ သည်။





"ငါတို့က မင်းနဲ့ အချေအတင်တွေဖြစ်ပြီးလို့ သူ့ဟာသူ ထွက် လာတယ်လို့ ထင်တာ၊ ရှုတင်မန်နေဂျာကိုတောင် ငါပဲ လှမ်းတားလိုက် တာ၊ စိတ်လိုက်မာန်ပါ လုပ်နေကြတာဖြစ်မှာ .. လိုက်ပို့မပေးနဲ့လို့.."

"မပြောပါဘူး ဆရာရယ် .. ပြန်လာပြီး ဆေးရုံတင်လိုက်ရတည်း က သတိလစ်နေတုန်းပဲ အနားကပ်ခွင့် ရလိုက်တယ်၊ သတိရလာတည်း က ကပ်လို့လည်း မရဘူး၊ ဘာမှလည်း မပြောဖြစ်ဘူး၊ သူ့အန်တီတောင် လုံးဝကို မသိလိုက်တာ၊ ကျွန်တော့်ဆီ လာသလားလို့ ဖုန်းဆက်မေးမှပဲ မရှိဘူးဆိုတာ အားလုံး သိကုန်တာ .."

ဖုန်းပြောရင်း ချာန်း က နာရီကို ပင့်ကြည့်သည်။

"နေပါဦး .. ဆောင်း က ဒီခရီးကို မလိုက်ချင်ဘဲ လိုက်ခဲ့ရတာ မို့လား ..၊ အခု ထပ်သွားချင်နေတာ ဘာဖြစ်လို့လဲ ..၊ မင်းကို ဘာမှ မပြောဘဲ ထွက်သွားရလောက်အောင် .."

"အဲဒါတွေ နောက်မှပဲ ပြောတော့မယ် ဆရာရေ ..၊ မီနိုင်သရွေ့ အုပ်မိအောင်တော့ လိုက်ကြည့်ဦးမယ် .."

"ဟ .. အဖော်တွေနဲ့ သွားတာပဲ ချာန်း ရ .. ငါတို့လည်း သွားဖို့ အိစ္စ မပြတ်သေးတာတွေ ရှိသေးတယ်လေ၊ အဲဒါတွေကို အစီအစဉ် အတိုင်း ပြီးအောင် လုပ်ပြီးမှ သွားကြတာပေါ့၊ သူတို့က တစ်ရက်စော ထယ်၊ တို့ တစ်ရက် နောက်ကျမယ် .. ဘာကွာလို့လဲ .."

"မဖြစ်ဘူး ဆရာ .. ဆောင်း က နေကောင်းသေးတာ မဟုတ်ဘူး၊ နောက်ပြီး အဲဒီကို လောလောဆယ် ထပ်မသွားစေချင်လို့ပါ၊ ဒါပဲနော်— ဆရာ .."

သူ ဖုန်းချပြီး ဒီဘက်လှည့်လိုက်တော့ ဒေါ်ပပလွင် က နောက် ခပ်လှမ်းလှမ်းမှာ ရပ်ကြည့်နေတာ ဖြစ်ကာ ...

"သား မီလောက်ပါသေးတယ် .. မာမီ ဖုန်းဆက်ပြီးပြီ၊ မိတ်ကပ် ဆရာမနော် က ရှုတင်တစ်ခုကနေ လိုက်သွားမှာတဲ့၊ အဲဒါပြီးအောင် သူ



www.burmeseclassic.com

www.burmeseclassic.com



ဝင်စောင့်နေမှာပါ၊ အေးနော် ပါမှ တခြားနှစ်ယောက် ထပ်ပါပြီး အစွဲ တောင့်မှာကို ..”

“ဟုတ်လား .. ဒါဆို မအေးနော် မှုတင်ရှိတဲ့နေရာ ကျွန်တော် သိတယ် ..”

“သား ..”

ဒေါ်ပပလွင် က ဈာန်း ရဲ့လက်ကို ဆွဲသားလိုက်ပြီး စိတ်မရှင် လန်းသော သက်ပြင်းချသံနှင့် ...

“သားတို့ ဟိုမှာ ဘာတွေဖြစ်ခဲ့တာ ..၊ အခု ဘာတွေ မညီမညွတ် ဖြစ်နေကြတာ မာမီတို့ ဘာမှ သေချာမသိသေးဘူး၊ ဒါပေမယ့် ဒီရုပ်ရှင် ရိုက်တဲ့အလုပ်နဲ့ ပတ်သက်နေကာ သေချာရင်တော့ ဘဝအတွက် အရေးကြီးဆုံးကိုပဲ ရွေးချယ်ပါ သားရယ် .. မင်းအရွယ် လူငယ်ပေါက် လေးလည်း မဟုတ်တော့ဘူး၊ စဉ်းစားချင့်ချိန်တတ်တဲ့အရွယ်ပါ၊ နောင် ပြီး ဆောင်း ကို သား ချစ်တယ်မို့လား ..”

ဈာန်း က ဘောင်းဘီအိတ်ထဲ လက်တွေထည့်၍ ခေါင်းငုံ့ထားရင်း ငြိမ်နေ၏။

“မာမီတို့မှာ .. သူ့မှာလည်း သမီးတစ်ယောက် .. မာမ့်မှာလည်း သားတစ်ယောက်ပဲ ရှိတာ၊ နှမ်ဖက် စည်းစိမ်ချမ်းသာတွေကို တင် တကာ သုံးဖြုန်းသွန်ကြဲပစ်တာ မဟုတ်ဘူးဆိုရင် သားတို့ ဆယ်သက် စာလောက် ထိုင်စားနေလို့ ရတယ်၊ ဒီစကားတွေလည်း မာမီ ပြောချင် တယ် သားရယ် .. မာမီတို့ကျမှ တစ်ဦးတည်းသော သားသမီးတွေ မွေးခဲ့ကြလို့ မျိုးဆက်မတွန်းကားမှာလည်း ကြောက်နေရသေးတယ် အခု သားတို့ အိမ်ထောင်ရေးက တောင်စောင်းထိပ်မှာ ခဲလုံး ခုထား ထားတဲ့ ဘောလုံးတစ်လုံးနဲ့ တူနေပြီ ..”

“အဲဒီလို မဖြစ်စေရပါဘူး မာမီ ..”

ဈာန်း က ဒေါ်ပပလွင် ကို ပခုံးနှစ်ဖက်ကနေ ခပ်ဖွဖွ ဆုပ်ကိုင်၍





“မာမီ စိတ်မဆင်းရဲစေရပါဘူး .. မာမီ လက်ထပ်မပေးလည်း ကျွန်တော့်ဘဝမှာ ဆောင်း မရှိရင် မပြည့်စုံဘူးဆိုတာ သေချာပြီးသား မို့လို့ လက်ထပ်နိုင်အောင် ကြိုးစားယူမှာပဲ၊ ဆောင်း နဲ့ ကျွန်တော် အိမ်ထောင်ရေးကို ပြိုကွဲမခံပါဘူး .. မာမီ စိတ်ချပါ..”

ဒေါ်ပပလွင် မျက်နှာ ပြုံးသွားသည်။

ဒီလိုကိစ္စမျိုးဟာ ကာယကံရှင်တွေရဲ့ စိတ်ရင်းနဲ့သာ ဆုံးဖြတ်နိုင် မှာ မဟုတ်ဘူးလား ..။

ဝေါခန် မောင်းထွက်သွားသည့်ကားကို လှမ်းကြည့်ရင်း ဆောင်း အသာတကြည် ပြန်ပါလာပါစေလို့သာ ဆုတောင်းနေမိတော့သည်။ ပြီးတော့ ဒေါ်ချစ်ဖူး ဆီကို ဖုန်းခေါ်၍ အားပေးရသေး၏။

“ကဲပါဟယ် .. ငါပဲ ကူးလာခဲ့တော့မယ်၊ မျက်ရည်လေး တစမ်း စမ်းနဲ့ ဖြစ်နေပြီမို့လား ..၊ မပူပါနဲ့ ပြန်ပါလာမှာပါဆိုမှ ..”

လူကြီးတွေ အပိုင်တွက်နေကြသလောက် စိုးရိမ် စိတ်ထင့်နေရသူ က ဈာန်း ပဲ ဖြစ်၏။

ဆောင်း ခေါင်းမာတာကို သူ လန့်နေသည်။ ပြီးတော့ မမိလိုက်မှာ လည်း စိုး၏။

“ကိုတိုးနိုင် .. မအေးနော် ရော ..၊ မအေးနော် တို့အုပ်စု ထွက်သွား ကြပြီလား ..”

“အေး .. သွားပြီကွ ..”

“ဟာ!... ကျွတ်!...”

ဈာန်း မျက်လုံးတွေ မှိတ်ကာ ကိုယ့်နဖူးကိုယ် ရိုက်မိတော့သည်။ ထို့စဉ် ...

“မန်နေဂျာ ဘယ်ရောက်သွားလဲ ..၊ ဒီမှာ သည်နှစ်ဆောင်း မူးလဲ သွား ..”

ဟင်!...



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ ရှုတင်အိမ်ထဲကနေ မအေးနော် ပျာယိပျာယာ ထွက်လာ အော်မှ ...

"မအေးနော် .."

"ဟင်!... ကိုချာန်း ...၊ အမလေး!... အတော်ပဲ၊ လာပါ .. ဒီမှာဆောင်း ဘာဖြစ်မှန်း မသိလို့ .."

ရှုတင်အိမ်ထဲ ဝင်ထိုင်နေရင်း နေမကောင်းသည့်အရှိန်ကြောင့်ဆောင်း ချွေးတွေ ရွှဲနစ်နေအောင် ပြန်ကာ သတိလစ်မတတ် ဖြစ်နေ၏။

ဒါနဲ့တောင် ခရီးဆေးကြီးကို တစ်ယောက်တည်း ထွက်ဖို့ လုပ်သေးသည်။

ချာန်း ကရုဏာဒေါသတွေနှင့် မျက်နှာကြီး သုန်မှုန်ကာ ဆောင်းကိုယ်လေးကို ပွေ့ယူလိုက်တာ ဓွေ့ခနဲ ...။





အခန်း (၄၇)

မျက်လုံးတွေ ပွင့်လာသည်နှင့် သူမ ကားပေါ်မှာ မဟုတ်ဘူးဆိုတာ သိလိုက်ကာ ပန်းနုရောင် နုအိနေသော ကိုယ်ပေါ်က စောင်နှင့်ပန်းရင့်ရောင် မွေ့ရာခင်းကို အလန့်တကြား ဆုပ်ကိုင်မိသည်။

ဒါ ဘယ်သူ့အိပ်ရာလဲ ...၊

နွမ်းနေတာတွေ .. ပမ်းနေတာတွေကို မေ့ပျောက်ကုန်ကာ ပက်လက်လေးကနေ ဆောင်း ဆတ်ခနဲ ထထိုင်လိုက်၏။

ကြည့်လိုက်တော့ သူမဘေးမှာ ခေါင်းအုံးတွေကို ဆင့်ခံ၍ ခပ်လျောလျောထိုင်ကာ စီးကရက်သောက်နေသည့် ချာန်း ...၊

"နင် .. .."

"ဟုတ်တယ် .. ဘယ်ထပြေးချင်သေးလို့လဲ .."

ချာန်း ရဲ့အိမ်ထဲ ရောက်နေမှန်း သိလိုက်တာနှင့် ရှုတင်အိမ်မှာ မအေးနော် တို့ကို စောင့်ရင်း သူမ မူးနောက်ပြာဝေလာတာကို သတိရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်က ထွက်လာတည်းက အချိန်မီ မထွက်နိုင်လျှင် ချာန်း လိုက်လာမှာပဲဆိုတာ သူမ သိသည်။ တစ်ယောက်တည်း သွားလို့လည်း မလွယ်တော့ လိုက်မယ့်လူကို စောင့်နေခဲ့ရသည်။

ခုတော့ သူမအဖြစ်က ချည်တိုင်က နွားလိုပါလား ...၊ ဘယ်နှစ်ပတ် ပြေးနေနေ ဒီနေရာက မခွာနိုင် ...။ တကယ်တမ်း ထွက်သွားပြီးမှ လမ်းမှာ သူမ ဒီလိုဖြစ်ရင် သွားပြီဆိုတာလည်း တွေးမိသည်။

ထို့ကြောင့် သူမသည်သာ ဘာမှလုပ်ခွင့်မရှိသည့်လူမှန်း နားလည်လာကာ မျက်ရည်စက်တွေ တလိမ့်လိမ့် ကျလာကြ၏။

ပြီးတော့ စောင်ကို ခွာချလိုက်လျှင် ချာန်း က စောင်နဲ့လက်ကိုရောဆုပ်ထားလိုက်ပြီး ...

"ဘယ်ကိုလဲ ...၊ ဟာ!... ငိုနေတာလား .."

"ဟင့်အင်း .. ဖယ် .."

"ဘာဖြစ်လို့ ငိုရတာလဲ ...၊ ရွာကို မသွားရလို့လား .. နေကောင်းရင် ကိုယ် လိုက်ပို့ပါ့မယ်၊ ဘာဖြစ်လို့ ထင်ရာ လျှောက်လုပ်ရတာလဲ ဆောင်း ရယ် .."

ထိုင်စောင့်နေတာက သူမကို အပြစ်တွေတင်ပြီးမှ အပိုင်စည်းရုံးပြီး ပြန်ပေါင်းထုပ်ကြဖို့ ...၊ တကယ် ဖြစ်လာတော့ သူပဲ သေလုမြောပါး ချော့ရဖို့ကိန်း ရှိလျက် ...

"တိတ်နော် .. တိတ် ...၊ မင်း နေကောင်းရင် ကြိုက်တာလုပ်ကွာ .."

ကြားထဲက ဖက်လုံးကို တွေ့ကရာ ဆွဲလွှင့်ပစ်လိုက်ပြီး ဆောင်းကိုယ်လေးကို ဖက်ထားလိုက်သည်။

ပြီးတော့ မျက်ရည်တွေကို သုတ်ပေးကာ ...

"ကိုယ့်အိမ်ထဲ ခေါ်ထည့်ထားလိုက်တာကိုလည်း အထင်မလွဲနဲ့ဦး ...၊ တော်ကြာ တီလေးဆီမှာဆိုရင် မင်း သတိရတာနဲ့ ကိုယ့်ကို





မလာနဲ့ .. မသွားနဲ့ဆိုပြီး တံခါးပိတ်ထားဦးမှာ .."

"ချာန်း .."

"ဘာလဲ ပြော ...၊ ပြောစရာရှိတာတွေကို မပြောဘဲ မာနတွေကြီးနေတာက ခင်ဗျားနော် .. ကျွန်တော် မဟုတ်ဘူး .."

"ခုမှ လူကို အပြစ်တင်ချင်တာလား နင်က ...၊ ငါ ဘာပြောပြောနင်ပဲ .."

စကားတောင် ဆုံးအောင်မပြောနိုင်ဘဲ ဆောင်း က ငိုသည်။ ချာန်း က မျက်ရည်တွေကို တွင်တွင်သုတ်ပေး၍ ချော့ရင်း ...

"မဟုတ်ပါဘူး ဆောင်း ရယ် .. ဟိုအရင်က ဟုတ်တယ် .. အဲဒါကလည်း တကယ်တော့ မဟုတ်ဘူး .."

"ဘာတွေ လာပြောနေတာလဲ ...၊ ဖယ် .. သွား .."

"မဟုတ်ဘူးဆိုတာတွေကို ရှင်းပြမယ်လေ .. မင်း ပြောသလို မယုံသလို ဂရုမစိုက်သလို တမင် လုပ်ခဲ့တာတွေလည်း ရှိခဲ့တယ် .. တကယ်ပြောတာပါ .. ဘာဖြစ်လို့လဲဆိုတော့ ကိုယ် အရမ်းဝါသနာပါတဲ့ အလုပ်အပေါ်မှာ မနှစ်မြို့စိတ်တွေ တစ်နေ့တခြား များများလာမှာစိုးလို့၊ မင်းစိတ်ထဲမှာ ဖြစ်လာတာတွေက ကိုယ့်ကို ဖီလာဆန့်ကျင်မှုတွေ .."

"ဟုတ်တယ် .. အခု အလုပ်တင်မကဘူး .. နင့်ကိုလည်း .."

"ဒီလို လွယ်လွယ်နဲ့ ရမလား .."

ရုန်းနေသည့်ကိုယ်လေးကို ခါးလေးကနေ အတင်းအကျပ် ဖက်ထားလိုက်ရင်း ...

"ဒီမှာ မင်းကို ကိုယ် ဘယ်လောက်ချစ်လဲ .. သိလား .."

"မသိချင်ဘူး .."

"မသိချင်လည်း မပြောဘူး၊ တကယ် မကြားချင်တာဆိုရင် ဒီလောက်ချစ်တာတွေ မပြောမိအောင် နေ .."



www.burmeseclassic.com

"ဘာပြောတယ် .."

"မုန်းတာတွေချည်းပြောပြီး ဘာဖြစ်ဖြစ် လက်မခံဘူးပဲ ဖြစ်နေရင် ဒီက ချစ်တာတွေပဲ ပြောပြီး ဘာဖြစ်ဖြစ် မရမကပဲ .."

"ချာန်း နော် .. နင်နဲ့ငါ အဲဒီလောက် ပေါ့ပျက်တဲ့စကားတွေ ပြောဖို့ မရှိဘူး .."

"ဘာလို့ မရှိရမှာလဲ ..၊ ချစ်တဲ့စကားလောက် လေးနက်ချိုမြိန်တာ မရှိဘူး၊ လက်ထပ်ပြီးတည်းက ကိုယ်တို့ တစ်ခါမှ ငြိမ်းချမ်းခဲ့တာ မရှိဘူး ဆောင်း ရာ ..၊ ခုကစပြီး ရန်မဖြစ်ချင်တော့ဘူး .."

ဆောင်း မျက်နှာလေးကို နမ်းဖို့ ငုံ့လိုက်တိုင်း မအောင်မြင်ပေမယ့် ချာန်း က အလျှော့ပေး ချော့မေးရင်း ...

"အစက ဒီတစ်ရက် နှစ်ရက်မှာ ရွာကို သွားဖို့ စီစဉ်ထားကြတာ၊ ဟိုမှာ နှင်းပိုပို အတွက် လုပ်ပေးဖို့တွေရော .. တခြား ဆောင်ရွက်ပေးရမှာတွေလည်း ရှိသေးတယ်၊ အဲဒါတွေထဲမှာ မင်း မပါတာက မင်းရဲ့ ကျန်းမာရေးကြောင့် .. အခု မင်း ကျန်းမာတဲ့အထိ စောင့်မယ်၊ မဖြစ်မနေ သွားရမယ့်ကိစ္စတွေအတွက် ဂျာကြီး တို့ကိုပဲ ပြန်လွှတ်လိုက်တော့မယ် .."

ဆောင်း မျက်ဝန်းလေးတွေ လွဲ၍ ငြိမ်သွားသည်။

"အဘွားနဲ့ ကိုယ် သွားတွေ့တယ် .. ဘယ်သူမှ မပါဘူး၊ ကိုယ် တစ်ယောက်တည်း သွားတာ .."

ဆောင်း မျက်နှာလေး ဖျတ်ခနဲ မော့လာ၏။ ဖြူဖျော့ဖျော့ မျက်နှာလေးထက်မှာ ဝေ့ဝဲနေသည့် ဆံစလေးတွေကို သိမ်းဖယ်၍ ချာန်း က စူးစိုက်ကြည့်သည်။

"ကိုယ် အားလုံး သိပြီးပြီ .. အဲဒါတွေကြောင့် မင်းကို အရမ်း သနားတယ်၊ ကိုယ့်အယူအဆနဲ့ကိုယ် နေခဲ့မိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ခွင့်မလွှတ်ချင်ဘူး .."





"အဘွားက ဘာတွေ ပြောလိုက်လဲဟင် .."

ဆောင်း ရဲ့လေသံတွေ ပြောင်းသွားပြီကို သတိထားမိကာ ချာန်း မျက်နှာ ပြုံးသွား၏။

"မင်းကို ပြောပြခဲ့တာတွေပေါ့ ..၊ အခု မင်း ကျွမ်းနေအောင် ဆုပ်ကိုင်ထားခဲ့တဲ့ သော့နဲ့ ဖွင့်မှ ဝင်လို့ရတဲ့အခန်း မဟုတ်တော့ဘူး အဲဒီအခန်းကို မီးလောင်သွားတော့ အခန်းက မြေအောက်ခန်းကို ဆင်းတဲ့ လှေကားပေါက်ကို ရှာတွေ့တယ် .."

"ဟုတ်တယ် .."

"အင်း .. ဒါပေမယ့် အဘွားက သူတို့ကို မင်းကိုယ်တိုင် ရေစက်ချ အမျှဝေစေချင်တာ၊ သူကိုယ်တိုင် မင်း ရေစက်ချတာကို သာဓုခေါ်သွား ချင်တယ်တဲ့ .."

"ဘယ်လို!... ချာန်း ..၊ ဘာပြောတယ် .."

"အဘွားက ဆုံးသွားပြီ .."

ဆောင်း မျက်လုံးလေး ဝိုင်းသွားသည်။ ဘယ်လိုမှ ထင်မထားခဲ့သည့်ကိစ္စ ..၊

"မင်းနဲ့ တွေ့ပြီးတဲ့ ညမှာပဲ တောထဲက ငှက်ရှူးလာတာတဲ့၊ စကား ကောင်းကောင်း မပြောနိုင်ဘူး .."

အသံသြသြကြီးနှင့် မမြင်ဘူးခဲ့သော လူကြီးတစ်ယောက်၏ ပုံရိပ်က ဆောင်း မျက်လုံးထဲမှာ ထင်လာသည်။

"ငါတောင် ဒီကျိန်စာ သင့်မှာစိုးလို့ အမြဲ့ဒွါန် မပြတ်ဝင်နေခဲ့တယ် .."လို့ အဘွား ပြောခဲ့၏။ သို့ဆိုလျှင် ...

"ဆောင်း .."

ချာန်း က ငေးကြောင်သွားသည့် ဆောင်း ရဲ့ခေါင်းလေးကို ဆွဲလှုပ်ခေါ်ကာ ...

"လျှောက်တွေးမနေနဲ့တော့ကွာ .. ကိုယ်တို့နှစ်ယောက် ရှာကြ



www.burmeseclassic.com

www.burmeseclassic.com



အတူသွားပြီး ကောင်းမှုကုသိုလ် ပြုမယ်၊ ရေစက်ချ အမျှဝေမယ်၊ မင်းကိုပဲ သိစေချင်လို့ တကပ်ကပ် အကူအညီတောင်းနေကြတဲ့ မိသားစုတွေရော .. တခြား မကျွတ်လွတ်တဲ့သူတွေပါ သာဓုခေါ်နိုင်ကြမှာပါ.."

ဆောင်း မျက်ရည်တွေ လည်လာတော့ ချာန်း က ဆောင်း ကိုယ်လေးကို ပွေ့ဖက်ကာ အိပ်ရာထဲမှာ အတူတူ လှဲလိုက်ရင်း ...

"တော်ပြီကွာ .. ကိုယ်တို့ ဒီလောက် ဒုက္ခများခဲ့ရတာ၊ သရဲကားတွေ နောက်ထပ်မရိုက်တော့ဘူး .."

ဟင်!...

ဒါလည်း ဘယ်လိုမှ မထင်ခဲ့သည့် ကတိစကားပါလား ..။

ရင်ခွင်ထဲကနေ မျက်လွှာလေးပင့်ကြည့်တော့ ချာန်း က ဖျတ်ခနဲ ခိုးနမ်းလိုက်ပြီး ရယ်သည်။

"မယုံဘူးလား .. တကယ်ပြောတာ၊ အဲဒီ ဆုံးဖြတ်ချက်ကို ဘယ်လို စဉ်းစား စဉ်းစား ချဖြစ်ခဲ့တာ မဟုတ်ဘူး ..၊ အခု မင်းရဲ့မျက်ရည်တွေကို မြင်လိုက်တာနဲ့ ချက်ချင်းကြီး စိတ်ကုန်သွားလို့ .."

"ငါ့ကို .."

"ဟာ!... မိန်းမကို စိတ်ကုန်စရာလား .."

"အား .. ချာန်း နော် .. ဖယ် .. လွှတ် .."

"ဘာဖြစ်လို့ သံသယတွေက မပြီးနိုင်ရတာလဲ ..၊ နောက်ဆိုရင် မိန်းမ ဘာပြောပြော နားထဲမှာ ခဲဆွဲပြီး လေးလေးနက်နက် နားထောင်မယ် .."

"ဘာပြောတယ် .."

"နောက်နေတာ မဟုတ်ဘူး .. အတည် .."

"တည်နေတဲ့မျက်နှာကြီးက ရယ်ချင်ပက်ကျိနဲ့ .."

"ဟုတ်လား .. လုပ်ပြပါဦး .. ရယ်ချင်ပက်ကျိမျက်နှာ .."

"ချာန်း နော် .."





ဆောင်း ရဲ့စိတ်တွေ ပြောင်းလဲ ပေါ့ပါးသွားအောင်ပါ။ တကယ်ပဲ ဆောင်း မျက်နှာလေးမှာ ရယ်မြူးရိပ်လေးတွေ ဖြစ်လာခဲ့ပြီး ...

"တကယ် .. အဲဒါ မလုပ်တော့ဘူးလား .."

"တကယ် ..၊ ဒါပေမယ့် အချစ်ကားတွေရိုက်တဲ့အခါ မော်ဒယ်တွေ .. မင်းသမီးတွေနဲ့ ရင်းနှီးလှချေလားဆိုပြီး နောက်ထပ် ပြဿနာရှာဖို့တော့ မကြိုးစားနဲ့ပေါ့ .."

"ကဲ .."

"အောင်မယ်လေးဗျာ .. သေပြီ .."

ခါးစပ်ကို လိမ်ဆွဲလိုက်သဖြင့် ဆောင်း လက်လေးပေါ်ကနေ ထပ်အုပ်ကိုင်ကာ ချာန်း အသံဗြဲကြီးနဲ့ အော်သည်။

နေ့လယ်ခင်းကြီးမို့ အပြင်မှာ အန်တီလွင် ရှိနေမှာကို ပူကာ ဆောင်း လက်ကို ပြန်ရုတ်၍ ...

"ရှူပ် .. ကြိုက်သလောက် ရှူပ် ..၊ အဲဒါကိုလည်း ဘာနဲ့ အာမခံလို့မှ ယုံစရာ မရှိဘူး .. ရုပ်ကြီးက .."

"ဟား .. ဟား .. ဟား ..."

"တွေ့လား .. ပါးစပ်ကြီး ပြဲသလောက် .."

"ဒီပါးစပ်လား ပြဲတာ ..၊ နီမြန်းမြန်း ထောင့်ချိုးလေးတွေ ညီလို့တဲ့ .."

"မျက်စိမမြင်တဲ့ အဘွားကြီးကလား .."

"ဟား .. ဟား .. ဟား ..."

ဆောင်း နဲ့ ငြိမ်းချမ်းရေးဖြစ်သွားသဖြင့် ပျော်နေသည့် ချာန်း မျက်နှာကြီးက ရယ်နေတာ မပြီးနိုင် ..။

"တကယ်ပါ .. မိန်းမ ပြောသမျှ နားထောင်မယ်၊ မလုပ်နဲ့ဆိုတာကို လုံးဝ မလုပ်ဘူး၊ အနားမကပ်ရဘူးလို့ အမိန့်ပေးတာကလွဲရင်.."

ဆောင်း တစ်ဖက်လှည့် ပြုံးသည်။ ပြီးတော့ ရယ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကတိတွေပေးပြီး ဒီဖလာက်ကောင် လိမ္မာသွားတဲ့ကောင်ကို တစ်ခုခု ပြန်မပေးချင်ဘူးလား .."

"ဘာလို့ ပေးရမှာလဲ .. စောင့်ကြည့်ရဦးမယ် .."

"မာမီကလည်း ပြောတယ်ကွ .. စောင့်နေရတာ ကြာလှပြီတဲ့.."

"ဟင်!... ဘာကိုလဲ .."

"မြေးလိုချင်လို့တဲ့ .."

"ဟာ!... မသိဘူး .. သွား ..."

"သိလိုက်ပါကွာ .. အဲဒါ ကိုယ်တို့တာဝန်လေ .."

"တွေ့လား .. အရမ်းပြောင်တာ အဲဒီမျက်နှာကြီး .."

ဆောင်း ရဲ့ လက်သီးဆုပ်လေးကို ဖမ်းကိုင်ထားပြီး ချာန်း တာ ရယ်နေသည်။

ပြီးတော့ အနမ်းတို့ဖြင့် ရယ်သံတွေကို တိတ်ဆိတ်သွားစေခဲ့ပြီး—

"တကယ်ပါ .. မင်းကို သိပ်ချစ်တယ် .."

လရောင်ကျူးရင့်



BURMESE CLASSIC .com

www.burmeseclassic.com